ဟာဇရည် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်

မြန်မာဘာသာပြန်

အစောင် ၂

အာယသ်တော် ၂၈:၄၅ မှ ၃၄:၃၀ အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၁]
စူရာဟ်အန်ကဗူသ်
ပင့်ကူကောင်ကဏ္ဍ

၂၉ း ၄၅

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂

၃။ အံ့ဖန်ဆင်းခံများအား ပြုပြင်ရန်ညွှန်ကြားချက် ၃

၄။ နမာဇ်သည် အလုံးစုံသော ပြစ်မှု ဒုစရိုက်တို့အား တားဆီးပိတ်ပင်ထားခြင်း၏ အလိုသဘော ၄

၅။ ဒွိဟတစ်ရပ်နှင့် အဖြေ ၆

၂၉ း ၄၆ မှ ၂၉ း ၅၅ အထိ

၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀

၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅

၈။ ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ လက်ရှိ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီလ်' ကျမ်း၏ စာစဉ်အကြောင်းအရာများကို ထောက်ခံရန် အမိန့်ပေးထားပါ၏လော။ ၁၆

၉။ လက်ရှိ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းကို လုံး၀ ငြင်းဆိုမှု မပြုရသကဲ့သို့ လုံး၀ ထောက်ခံမှုကိုလည်း မပြုရမည့်အကြောင်း ၁၇

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၀။ တမန်တော်မြတ် ﷺ "အွမ်မီ"(မရေးတတ်၊ မဖတ်တတ်သူဖြစ်ခြင်း) သည် တမန်တော်မြတ် ﷺ အဖို့ အလွန် ဂုဏ်ကျေးဇူး ကြီးမားခြင်းနှင့် ကြီးကျယ်သော "မုအ်ဂျေဇာဟ်" တန်ခိုးတော်ဖြစ်ခြင်း ၁၈

၂၉ း ၅၆ မှ ၂၉ း ၆၃ အထိ

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁

၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄

၁၃။ "ဟိဂျ်ရသ်" ပြုခြင်း၏အမိန့်လမ်းစဉ်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည်ဖြစ်သော သံသယများအား ဖြေရှင်းမှု ၂၄

၁၄။ "ဟိဂျ်ရသ်" ပြုခြင်းသည် မည်သည့်အချိန်၌ "ဖွရဇ်" သို့မဟုတ် "ဝါဂျိဗ်" ဖြစ်ပေသနည်း။ ၂၈

၂၉ း ၆၄ မှ ၂၉ း ၆၉ အထိ

၁၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၂

၁၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅

၁၇။ မိမိသိရှိသည့်အပေါ် ကျင့်ကြံခြင်းဖြင့် ထပ်မံ၍ အသိပညာကို တိုးမြှင့် ချီးမြှင့်ပေးခြင်းခံရသည့်အကြောင်း ၃၉

စူရာဟ်ရူမ်
ရောမနိုင်ငံကဏ္ဍ

၃၀ း ၁ မှ ၃၀ း ၇ အထိ

၁၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁

၁၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၃

၂၀။ စူရာဟ်တော် ကျရောက်လာခြင်းသည် ရောမနိုင်ငံသားနှင့် ပါရှားန်နိုင်ငံသားတို့ စစ်ဖြစ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ၄၃

၂၁။ လောင်းကစားခြင်းဆိုင်ရာ ဓမ္မသတ်များ ၄၆

၂၂။ လောကီဘဝ၏ ဝမ်းရေးရှာဖွေခြင်းဆိုင်ရာ အလုပ်အကိုင်များသည် အကယ်၍ နောင်တမလွန် "အာခိရသ်" အား မေ့လျော့စွာနှင့် အတူ ရရှိပါက ၎င်းသည် အသိဉာဏ်ရှိခြင်း၏ အချက်တစ်စုံတစ်ရာမဟုတ်ကြောင်း ၄၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၃၀ း ၈ မှ ၃၀ း ၁၀ အထိ

၂၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၁
၂၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၃

၃၀ း ၁၁ မှ ၃၀ း ၁၉ အထိ

၂၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၇
၂၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၉
၂၇။ ကြီးကျယ်သော အကျိုးထူး ၆၂

၃၀ း ၂၀ မှ ၃၀ း ၂၇ အထိ

၂၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၅
၂၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၇
၃၀။ ပထမတန်ခိုး သက်သေလက္ခဏာတော် ၆၈
၃၁။ ဒုတိယတန်ခိုးသက်သေလက္ခဏာတော် ၆၉
၃၂။ အိမ်ထောင်သက်တမ်း၏ ရည်ရွယ်ချက်သည် တည်ငြိမ်းအေးချမ်းခြင်းဖြစ်ခြင်း၊ အကြင် သက်တမ်းအတွက် ဇနီးမောင်နှံကြား အချစ်မေတ္တာနှင့် ကရုဏာသည် အရေးကြီးသောအချက် ဖြစ်ခြင်းအကြောင်း ၇၀
၃၃။ တတိယတန်ခိုးလက္ခတော် ၇၂
၃၄။ စတုတ္ထတန်ခိုးတော်လက္ခဏာ ၇၃
၃၅။ အိပ်စက်ခြင်းနှင့် ရှာဖွေခြင်းသည် 'ဇိုဟ်ဒ်'(လောကီရေးရာကို မခင်တွယ်ခြင်း) နှင့် 'သဝလ်ကွလ်'(အလ္လာဟ်အသျှင်မြတ်အား အပေါ်ယံယုံကြည်ကိုးစားခြင်း) နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသော အချက်မဟုတ်ခြင်းအကြောင်း ၇၄
၃၆။ ပဉ္စမတန်ခိုးသက်သေလက္ခဏာတော် ၇၅
၃၇။ ဆဋ္ဌမတန်ခိုးသက်သေလက္ခဏာတော် ၇၆

၃၀ း ၂၈ မှ ၃၀ း ၄၀ အထိ

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၁
၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၇

စဉ်	အကြောင်းအရာ	စာမျက်နှာ

၅၀။ 'ဖသ္သရသ်'၏ အလိုသဘောသည် မည်သို့နည်း ၈၈
၅၁။ လမ်းများသောသူတို့၏ထိုင်ဝိုင်းနှင့် များယွင်းသောအသိုင်းအဝိုင်းတို့မှ သီးခြားစွာ နေရန် 'ဖွရဇ်' ဖြစ်ခြင်းအကြောင်း ၉၂

၁၀ း ၄၁ မှ ၁၀ း ၄၅ အထိ

၅၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၈
၅၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၀
၅၄။ ကမ္ဘာလောက၌ ရင်ဆိုင်တွေ့ကြုံနေရသော ဘေးဥပါဒ်များသည် လူသားတို့၏ ပြစ်မှုဒုစရိုက်များကို အခြေခံ၍ ဖြစ်ပေါ်နေရခြင်းအကြောင်း ၁၀၂
၅၅။ စောဒကတစ်ရပ်နှင့် ၎င်း၏အဖြေ ၁၀၂
၅၆။ ဘေးဒုက္ခဆိုက်ရောက်ချိန်၌ စမ်းစစ်၊ စမ်းသပ်ခြင်းလော့။ သို့မဟုတ် ပြစ်ဒဏ်ခတ်ခြင်းလော့။ ယင်းအချက်နှစ်ချက်ကြား ကွဲပြားခြားနားမှု ၁၀၇

၁၀ း ၄၆ မှ ၁၀ း ၅၃ အထိ

၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၀
၅၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၃

၁၀ း ၅၄ မှ ၁၀ း ၆၀ အထိ

၅၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆
၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၉
၆၁။ 'ဟရှရ်' ကွင်းပြင်၌ တစ်ဦးတစ်ယောက်မှ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မုသားစကားကို ပြောဆိုနိုင်ပါမည်လော။ ၁၂၄
၆၂။ 'ကဗရ်'အတွင်း၌လည်း မည်သူမျှ မုသားစကားကို မဆိုဝံ့ခြင်းအကြောင်း ၁၂၅

စူရာယူနုစ်
လွှတ်ကိမာန်သုစမိန်အကြောင်း ကဏ္ဍ

၁၁ း ၁ မှ ၁၁ း ၉ အထိ

၆၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၉
၃၅။	တီးမှုတ်၊ သီဆို၊ ကခုန်ခြင်းနှင့် ယင်းအရာတို့နှင့် စပ်လျဉ်းသော တန်ဆာပလာ ကိရိယာတို့နှင့် ပတ်သက်၍ သာသနာ့ပညတ်ချက်များ	၁၃၃
၃၆။	အကျိုးမဲ့ကာ စက်ဆုပ်ဖွယ်ကောင်းသည့် ဝတ္ထု၊ ကာတွန်း သို့မဟုတ်ရှက်ဖွယ် လိလိ လင်္ကာကဗျာများနှင့်လမ်းမှားသူတို့၏စာအုပ်များကိုကြည့်ခြင်း၊ ဖတ်ရှုခြင်း မပိုင်ကြောင်း	၁၃၆
၃၇။	ကစားစရာများ ရောင်းဝယ်ဖောက်ကားမှုပြုခြင်း	၁၃၆
၃၈။	ပြုပိုင်ခွင့်ရှိသော စော့ကစားမှု	၁၃၆
၃၉။	အချို့စော့ကစားမှုများသည် ရှင်းလင်းစွာဖြင့်တားမြစ်ထားခြင်းခံရခြင်းကဏ္ဍ...	၁၃၈
၄၀။	တေးသီချင်းနှင့် တီးမှုတ်သည့် ကိရိယာတန်ဆာပလာများ၏ အမိန့်	၁၃၉
၄၁။	အရေးကြီးသော သတိပေးချက်	၁၄၁
၄၂။	ကိရိယာတန်ဆာပလာမပါဘဲ ကောင်းသောအသံဖြင့် အကျိုးပြုသော လင်္ကာ ကဗျာများကို ရွတ်ဆိုခြင်းသည် တားမြစ်ခြင်း မခံထားရခြင်းအကြောင်း	၁၄၁
	၃၁ း ၁၀ မှ ၃၁ း ၁၁ အထိ	
၄၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၃
၄၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၄
၄၅။	မေးခွန်းတစ်ရပ်နှင့် အဖြေ	၁၄၅
	၃၁ း ၁၂ မှ ၃၁ း ၁၉ အထိ	
၄၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၈
၄၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၃
၄၈။	လွတ်ကမာန် ﷺ သခင်သည် နှောင်းပိုင်းခေတ်အိုလမာပညာရှင်အများစုထံ၌ နဗီမဟုတ်။ သို့သာမက ဝလီသူတော်စင်နှင့် အမြော်အမြင်ရှိသောသူသာဖြစ်ခြင်း	၁၅၃
၄၉။	ဟဇရတ်လွတ်ကမာန် ﷺ သခင်ကြီးအား ချီးမြှင့်ပေးခြင်းခံရသော အမြော် အမြင်တော်၏ အလိုသဘောသည် မည်သို့နည်း။	၁၅၆
၅၀။	မိဘများ၏ကျေးဇူးတရားသိခြင်းနှင့် အမိန့်နာခံခြင်းသည် 'ဖွရ်ဇ်' ဖြစ်ကြောင်း၊ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေပါက နာခံခြင်း မပိုင်ကြောင်း	၁၅၈

စဉ်	အကြောင်းအရာ	စာမျက်နှာ

၇၁။ အစ္စလာမ်သာသနာ၏ အနိုင်းမဲ့ မျှတမှု၏ ဥပဒေ ၁၅၉
၇၂။ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်းသော ဟဇရတ်လွတ်ကိ်မားန် عليه السلام သခင်ကြီး၏ ဒုတိယမှာတမ်းချက် ၁၆၀
၇၃။ ကျင့်ကြံဆောက်တည်မှုပိုင်းဆိုင်ရာနှင့် စပ်လျဉ်းသော သခင်ကြီး၏ တတိယ မှာတမ်းချက် ၁၆၀
၇၄။ လူမှုရေးစာရိတ္တပိုင်းဆိုင်ရာ ပြုပြင်ခြင်းနှင့် စပ်လျဉ်းသော လွတ်ကိ်မားန် عليه السلام သခင်ကြီး၏ စတုတ္ထဆုံးမစကား ၁၆၁
၇၅။ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာနှင့် စပ်လျဉ်းသော ယဉ်ကျေးမှု၏ ပဥ္စမမြောက် ဆုံးမစကား ၁၆၂

၃၁ း ၂၀ မှ ၃၁ း ၃၂ အထိ

၇၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၇
၇၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၅

၃၁ း ၃၃ မှ ၃၁ း ၃၄ အထိ

၇၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၁
၇၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၂
၈၀။ 'အိလ်မေ့ဂိုက်ဗ်' (အကွယ်၌ရှိသော 'အိလ်မ်'အသိပညာ) ၏ ဓမ္မသတ် ၁၈၆
၈၁။ စောဒကတစ်ရပ်နှင့်အဖြေ ၁၈၈
၈၂။ 'အိလ်မေ့ဂိုက်ဗ်' နှင့် စပ်လျဉ်း၍ အရေးပါသော အကျိုးထူးတစ်ရပ် ၁၈၉
၈၃။ အာယသ်တော်၏ စာလုံးများနှင့်ဆက်နွယ်လျက်ရှိသော အကျိုးထူးများ ၁၉၁

စူရေဟ်စဂ်ျဒဟ်
ပျပ်ဝပ်ဦးချခြင်းကဏ္ဍ

၃၂ း ၁ မှ ၃၂ း ၃ အထိ

၈၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၄
၈၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃၂း၄ မှ ၃၂း၉ အထိ	
၈၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၉
၈၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	
၈၈။	'ကေယာမသ်' နေ့၏ ရှည်လျားမှု	၂၀၀
၈၉။	ကမ္ဘာလောကဌ်ရှိသော အရာများအားလုံးသည် ၄င်းတို့၏ 'ဇားသ်'(ပင်ကိုယ်)ဌ် အားလုံးကောင်းမွန်ကာ ထိုအရာအား မှားယွင်းစွာအသုံးပြုခြင်းဖြင့် မကောင်းမှု ပေါ်ပေါက်လာခြင်းအကြောင်း	၂၀၁
	၃၂း၁၀ မှ ၃၂း၂၂ အထိ	
၉၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၆
၉၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၁
၉၂။	'ရှုးဟ်' (ဝိညာဉ်) နှုတ်သိမ်းခြင်းနှင့် သေမင်းတမန်နှင့် စပ်လျဉ်းသော အချို့ သိမှတ်ဖွယ်ရာ အကျယ်ချဲ့ ရှင်းလင်းချက်များ	၂၁၂
၉၃။	တိရစ္ဆာန်များ၏ အသက်ဇီဝိန်ကိုလည်း 'မလ်ကုလ်မောက်သ်' (သေမင်းတမန်) သည်ပင်လျှင် နှုတ်သိမ်းပါ၏လော။	၂၁၃
၉၄။	'သဟဂျ်ဂျုးဒ်နမာဇ်'	၂၁၅
၉၅။	လောကီရေးရာဒုက္ခတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ပြန် အာရုံ ပြုသောသူတို့အဖို့ ကရုဏာတော်ဖြစ်ကြောင်း	၂၁၈
၉၆။	အချို့သော ပြစ်မှုများ၏ အစားကို နောင်တမလွန်၏ အလျင် ကမ္ဘာလောကဌ် မှာပင် ရရှိမည်ဖြစ်ကြောင်း	၂၁၈
	၃၂း၂၃ မှ ၃၂း၃၀ အထိ	
၉၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၁
၉၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၄
၉၉။	မျိုးနွယ်အုပ်စုတစ်အုပ်စု၏ အကြီးအကဲခေါင်းဆောင်ဖြစ်ရန်အတွက် စည်းကမ်း ချက် (၂) ရပ်	၂၂၅
၁၀၀။	မြေပြင်လယ်ယာသို့ ရေသွင်းပေးခြင်း၏ အမြော်အမြင်နှင့်ပြည့်စုံတော်မူလှသော စီမံကိန်းတစ်ရပ်	၂၂၇

စူဠာယာဟ်အယာဟ်ဓာမ်
မယာဗိတ်များကဏ္ဍ

၃၃ း ၁ မှ ၃၃ း ၃ အထိ

၁၀၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၉
၁၀၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၀
၁၀၃။ စူဠာယာဟ်တော်ကျရောက်လာခြင်း၏ ကျော်ထောက်နောက်ခံသမိုင်း.................. ၂၃၁

၃၃ း ၄ မှ ၃၃ း ၅ အထိ

၁၀၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၈
၁၀၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၈

၃၃ း ၆

၁၀၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၂
၁၀၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၄

၃၃ း ၇ မှ ၃၃ း ၈ အထိ

၁၀၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၉
၁၀၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၉
၁၁၀။ နဗီတမန်တော်များ၏ ပဋိညာဉ် ၂၅၀

၃၃ း ၉ မှ ၃၃ း ၂၇ အထိ

၁၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၇
၁၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၇
၁၁၃။ 'အဟ်ဇာဗ်' စစ်ပွဲ၏ ဖြစ်အင် ၂၆၈
၁၁၄။ စိုးမိုးအုပ်ချုပ်မှုကို အမြစ်ပြတ်ချေမှုန်းရာ၌ လိမ်လည်မှုသားသည် တစ်စုံတစ်ရာ အသစ်အဆန်း ဖြစ်သည့်အရာ မဟုတ်ခြင်းအကြောင်း ၂၇၀
၁၁၅။ အလ္လာဟ်အသျှင်မြတ်၏ သည်းခံမှု၊ ရက်ရောမှု၏ အံ့သြဖွယ်ကောင်းသော အခြေအနေ၊ အကြောင်းအရာ ၂၇၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁၆။	မဒီနာရွှေမြို့တော်အပေါ် အကြီးမားဆုံးသော တိုက်ခိုက်မှု	၂၇၁
၁၁၇။	မွတ်စ္စလင်မ်တို့၏ စစ်ရေးစစ်ရာ ပြင်ဆင်မှုများ	၂၇၁
၁၁၈။	ကတုတ်ကျင်းအား တူးဖော်ခြင်း	၂၇၂
၁၁၉။	အစ္စလာမ့်စစ်တပ်၏ တပ်သားများ၏ အရေအတွက်	၂၇၃
၁၂၀။	အရှယ်ရောက်ခြင်းအား (၁၅) နှစ်၌ သတ်မှတ်ထားခြင်းအကြောင်း	၂၇၃
၁၂၁။	ဆွေစဉ်မျိုးနွယ်အုပ်စုများ ကွဲပြားမှုကြောင့် အသွင်မတူစွာ စီမံခန့်ခွဲမှုပေးရခြင်းသည် အစ္စလာမ်သာသနာရေးရာနှင့် စပ်လျဉ်း၍ တစ်သွေးတစ်သားတည်းဖြစ်နေခြင်းနှင့် အစ္စလာမ့်ညီနောင် ဖြစ်ခြင်းအား အဟာန့်အတားမဖြစ်ရှိခြင်းအကြောင်း	၂၇၄
၁၂၂။	ကတုတ်ကျင်းတူးဖော်ရန် တာဝန်ကို တစ်တပ်လုံးရှိသူများအပေါ် ခွဲဝေပေးထားခြင်းအကြောင်း	၂၇၄
၁၂၃။	အသုံးဝင် အကျိုးပြုသော ကိစ္စရပ် လုပ်ငန်းတွင် နိုင်ငံသား၊ နိုင်ငံခြားသား ပြည်တွင်းသား၊ ပြည်ပသားတို့အား ခွဲခြားမှု	၂၇၅
၁၂၄။	ကြီးမားသော 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) တစ်ရပ်	၂၇၅
၁၂၅။	တန်ခိုးတော်အသျှင်မြတ်၏ သတိပေးချက်များ	၂၇၅
၁၂၆။	မုနာဖစ်ကိတို့၏ စောင်းချိတ်ကဲ့ရဲ့ ပြစ်တင်မှုနှင့် မွတ်စ္စလင်မ်တို့၏ အနိုင်းမဲ့ အီမာန်ရေးဆိုင်ရာ ယုံကြည်ချက်	၂၇၇
၁၂၇။	တင်ပြပါဖြစ်အင်အတွင်း၌ အွမ္မသ် (နောက်လိုက်ထု) တို့အဖို့ ကြီးရင့်သူများသည် ငယ်ရွယ်သူတို့၏ အခက်အခဲဒုက္ခတိုင်းတွင် ပါဝင်သင့်ကြောင်းဟူသော အထူး လမ်းညွှန်ချက်	၂၇၉
၁၂၈။	ခက်ခဲမှုများအပေါ် ကျော်ဖြတ်ရန် လမ်းညွှန်တစ်ရပ်	၂၇၉
၁၂၉။	ဆွဟာဗာကြီးများ၏ ကိုယ်ကျိုးချန်ကာ ရက်ရောစွာ ပေးကမ်း လှူဒါန်းမှုနှင့် အချင်းချင်း ယိုင်းပင်းကူညီမှု	၂၈၀
၁၃၀။	(၃) မိုင်ခွဲရှည်သော ကတုတ်ကျင်းသည် (၆) ရက်နှင့်ပြီးဆုံးသွားခြင်းအကြောင်း	၂၈၀
	ဟဇရသ်ဂျာဗိရ်သခင်ကြီး၏ 'ဒအ်ဝသ်' (ဖိတ်ခေါ် ကျွေးမွေးဧည့်ခံခြင်း) ၌ ထင်ရှားလှစွာသော 'မုအ်ဂျေဇာဟ်' တန်ခိုးတော်တစ်ရပ်	၂၈၀
၁၃၁။	ယဟူဒီဗနူကုရိုက်ဇာမျိုးနွယ်များ ပဋိညာဉ်ကို ချိုးဖောက်ခြင်းနှင့် 'အဟ်ဇာဗ်' (ရန်သူ့စစ်တပ်) များနှင့်အတူ ရောယှက်ပါဝင်လာခြင်းအကြောင်း	၂၈၁

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၃၂။ တမန်တော်မြတ် ﷺ ၏ စစ်ပရိယာယ်တစ်ရပ် ၂၈၄

၁၃၃။ ဟဇရတ်စအဒ်သခင်ကြီး၏ အီမာန်၏ ဖွဲ့စိတ်၊ ဖွဲ့မာန်ထက်ကြွမှုနှင့် ခိုင်မာ ပြတ်သားသော ယတိပြတ် ဆုံးဖြတ်ချက် ၂၈၅

၁၃၄။ ဟဇရတ်စအဒ်ဗင်နုမအားဇ်သခင်ကြီး ဒဏ်ရာရရှိသွားခြင်းနှင့် ၎င်း၏ဒိုအာ ၂၈၆

၁၃၅။ တမန်တော်မြတ် ﷺ သည် ထိုစစ်ပွဲ၌ နမာဇ် (၄) ကြိမ် 'ကဇာ' ဖြစ်သွားခြင်း ၂၈၈

၁၃၆။ တမန်တော်မြတ် ﷺ ၏ ဒိုအာ ၂၈၈

၁၃၇။ အောင်နိုင်မှု၏ အကြောင်းခံများ၏အစ ၂၈၈

၁၃၈။ ဟဇရတ်ဟုဇိုက်ဖားသခင်ကြီးသည်ရန်သူ့စစ်တပ်အတွင်းသို့သွားရောက်ခြင်းနှင့် သတင်းရယူလာခြင်း ၂၉၁

၁၃၉။ နောင်လာမည့် ကာလ၌လည်း ကာဖိရ်များ၏ သတ္တိ၊ ဝီရိယ၊ ဖွဲ့များ ကျဆင်း သွားမည်ဖြစ်ကြောင်း၏ သတင်းကောင်း ၂၉၄

၁၄၀။ ဗနူကုရိုက်ဇာစစ်ပွဲ ၂၉၅

၁၄၁။ ထိုထွင်းကြံဆသော အာလင်မ်ပညာရှင်များ၏ အကွဲအလွဲအချက်များအပေါ် မည်သည့်အဖွဲ့ကိုမှ ပြစ်တင်ရှုတ်ချရလောက်အောင် ပြစ်မှုဒုစရိုက် သို့မဟုတ် သာသနာနှင့် ဆန့်ကျင်သည်ဟူ၍ မဆိုနိုင်ကြောင်း ၂၉၆

၁၄၂။ ဗနူကုရိုက်ဇာမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ကအ်ဗ်၏ မိန့်ခွန်း ၂၉၆

၁၄၃။ ကျေးဇူးတရားအား တုန့်ပြန်ကျေးဇူးဆပ်ခြင်းနှင့် မျိုးချစ်စိတ်ဓါတ် ရှိခြင်း၏ အံ့ဖွယ်ကောင်းသော စံနမူနာတစ်ရပ် ၂၉၈

၃၃ း ၂၈ မှ ၃၃ း ၃၀ အထိ

၁၄၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၀၄

၁၄၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀၅

၁၄၆။ ကြင်ရာတော်များ၏ ဂုဏ်ထူးဝိသေသတစ်ရပ်နှင့် ထိုဝိသေသအကျိုးထူးကြောင့် ၎င်းသူမတို့အပေါ် ပြင်းထန်စွာ ကြပ်မတ်ထားခြင်းအကြောင်း ၃၀၈

၁၄၇။ ကောင်းမှုကျင့်ကြံ ပြုမူဆောင်ရွက်သော အာလင်မ်ပညာရှင်၏ အကျိုးစဝါးဗ် သည်လည်း အခြားသောသူများထက် သာပိုများပြားစွာ ရရှိခြင်းအကြောင်းနှင့် ၎င်း၏ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်သည်လည်း သာပို၍ ခံစားရမည်ဖြစ်ကြောင်း ၃၁၂

ပါရာ [၂၁]

စူရာဟ်အန်ကဗူသ်

ပင့်ကူကောင်ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اُتۡلُ مَاۤ اُوۡحِىَ اِلَيۡكَ مِنَ الۡكِتٰبِ وَاَقِمِ الصَّلٰوةَ ؕ
اِنَّ الصَّلٰوةَ تَنۡهٰى عَنِ الۡفَحۡشَآءِ وَالۡمُنۡكَرِ ؕ وَلَذِكۡرُ اللّٰهِ اَكۡبَرُ ؕ
وَاللّٰهُ يَعۡلَمُ مَا تَصۡنَعُوۡنَ ﴿۴۵﴾

၂၉ : ၄၅ ။ ။ (အို, နဗီတမန်တော်) အသင်သည် မိမိထံသို့ (ဝဟီ) ထုတ်ပြန်ခြင်းခံရလေသော (ကုရ်အာန်) ကျမ်းတော်မြတ်ကို ဖတ်ရွတ်ပါလေ။ ထို့ပြင် အသင်သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ ကေန်မလွဲ 'ဆွလားသ်' ဝတ်ပြုမှုသည် အလွန်စက်ဆုပ်ရွံရှာဖွယ် အမှုကိစ္စတို့နှင့် မဖွယ်မရာသော အမှုကိစ္စ (ဖြစ်သော ပြစ်မှု) တို့မှ အမှန်ပင် ပိတ်ပင်တားဆီးလေ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းသည် အကြီးအကျယ် (အမွန်မြတ်) ဆုံးပင် ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုသမျှတို့ကို ကောင်းစွာ သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို, နဗီတမန်တော်) အသင်သည် (ရစူလ်တမန်တော်ဖြစ်သည့်အတွက်ကြောင့်) မိမိထံသို့ (ဝဟီ) ထုတ်ပြန်ခြင်းခံရလေသော (ကုရ်အာန်) ကျမ်းတော်မြတ်ကို (ဖြန့်ဖြူးမှု ပြုရန်အတွက် လူတို့၏ ရှေ့မှောက်ဝယ်) ဖတ်ရွတ်ပါလေ။ (နှုတ်အားဖြင့် ဖြန့်ဖြူးပြောဆိုခြင်းနှင့်အတူ ဒီန်သာသနာ၏ အမှုကိစ္စတို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်၍လည်း ပြသပါလေ။ အထူးသဖြင့်) ထို့ပြင် အသင်သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ (အဘာယ်ကြောင့်ဆိုသော် ကျင့်ဝတ်များအားလုံး၌ နမာဇ်သည် အကြီးကျယ်

ဆုံးသော ခဝပ်ကိုးကွယ်မှုဖြစ်သည်။ ထိုနမာဇ်၏ အကျိုးဆက်တရားများသည်လည်း အလွန်ကျယ်ပြန့်လှပေသည်။) ကေန်မလွဲ 'ဆွလားသ်'ဝတ်ပြုမှုသည် (၎င်း၏ မူရင်းအစ သတ်မှတ်ခြင်းကို ထောက်ရှု၍) အလွန်စက်ဆုပ်ဖွယ် အမှုကိစ္စတို့နှင့် မဖွယ်မရာသော အမှုကိစ္စ (ဖြစ်သော ပြစ်မှု) တို့မှ အမှန်ပင် ပိတ်ပင်တားဆီးလေ၏။ (ဆိုလိုသည်မှာ မိမိ၏ အသိစိတ်က 'အကြင်ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်မြတ်အား အရှိအသေပေးလျက် ရှိနေသည်။ ထိုအသျှင်မြတ်၏ အမိန့်ကို နာခံရန် ခံဝန်ကတိပြုလျက်ရှိသည်။ တစ်ဖန် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမှုကိစ္စနှင့် မဖွယ်မရာသော အမှုကိစ္စအတွင်း၌ နစ်မွန်းနေခြင်းသည် ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်ကို အရှိအသေကင်းမဲ့အောင် ပြုခြင်း ဖြစ်သည်' ဟု ပြောဆိုနေပေသည်။) စင်စစ် (ဤသို့ပင် နမာဇ်၏အပြင် အခြားသော ကောင်းမှုကုသိုလ်များလည်း ရှိပေသည်။ အားလုံးသည် ဆောက်တည်ထိုက်ဖွယ် ကောင်းသော အရာများ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကောင်းမှုများအားလုံးသည် နှုတ်လျှာအရသော်လည်းကောင်း၊ ကိုယ်ခန္ဓာအရသော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်အား တသခြင်းဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းသည် အကြီးအကျယ် (အမွန်မြတ်) ဆုံးပင် ဖြစ်ပေသည်။ စင်စစ် (အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ မေ့လျော့နေမူ ဤသည့်အချက်ကို အသင်တို့ နားထောင်ကြကုန်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ပြုသမျှတို့ကို ကောင်းစွာ သိရှိတော်မူပေသည်။ (မိမိတို့ ပြုမူဆောင်ရွက်ချက်နှင့်အညီ ကြောင်းကျိုး၊ ကောင်းဆိုး ပြစ်ဒဏ်ကို ခံရပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اُتۡلُ مَاۤ اُوۡحِىَ اِلَيۡكَ

အို့၊ နဗီတမန်တော်၊ အသင်သည် မိမိထံသို့ 'ဝဟီ'ထုတ်ပြန်ခြင်းခံရလေသော ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ပါလေ။ *[၂၉ း ၄၅]*

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ အချို့သော နဗီတမန်တော်များနှင့် ၎င်းတို့၏ 'အွမ္မသ်' (နောက်လိုက်ထု) တို့၏ အကြောင်းကို တင်ပြထားပေသည်။ အကြင်ဖြစ်အင်များအတွင်း အချို့ အလွန်ဆိုးသွမ်းသော ကာဖိရ်များနှင့် ၎င်းတို့အပေါ် ကျရောက်ခဲ့သော ပြစ်ဒဏ်အမျိုးမျိုးအကြောင်းကို တင်ပြထားပေသည်။ ထိုအကြောင်းအချက်များအတွင်း၌ တမန်တော်မြတ် ﷺ နှင့် မုအ်မင်န် 'အွမ္မသ်' (နောက်လိုက်ထု) တို့အဖို့ 'အတိတ်ခေတ်နဗီတမန်တော်များသည် ဆန့်ကျင်ဘက်ပြုသော သူတို့၏ဘက်မှ ပေးသော ဒုက္ခတရားကို မည်ကဲ့သို့ သည်းခံတော်မူခဲ့ကြောင်း' တို့အား တင်ပြ၍ ဖြေသိမ့်မှုပေးထားပေသည်။ 'သာသနာပြုခြင်းဆိုင်ရာ ကိစ္စရပ်တွင် မည်သည့်အခြေအနေ၌မှာမဆို ဖွဲ၊ လုံ့လဝီရိယတို့ကို မလျော့ရန်'လည်း လမ်းညွှန်ထားပေသည်။

အဖန်ဆင်းခံများအား ပြုပြင်ရန်ညွှန်ကြားချက်

ယခု တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်မှုပြုရန် လိုရင်း၊ တိုရှင်း ညွှန်ကြားချက်တစ်ရပ်ကို ပြဆိုထားပေသည်။ အကြင်အချက်အပေါ် ပြုမူဆောင်ရွက်ခြင်းဖြင့် သာသနာတစ်ရပ်လုံး၏ အချက်များအပေါ် လိုက်နာရန် လမ်းစများ ပွင့်သွားပေသည်။ ထိုသို့ ဖိတ်ခေါ်သော လမ်းစဉ်၌ အတားအဆီး၊ အဟန့်အတားများ ရှိတတ်ပေရာ ထိုအချက်များသည်လည်း ဝေးကွာပပျောက်သွားပေမည်။ ထိုတန်ဖိုးအနဂ္ဃထိုက်တန်သော ညွှန်တမ်း၌ အစိတ်အပိုင်းနှစ်ရပ် ရှိပေသည်။ ပထမတစ်ရပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်းနှင့် ဒုတိယအချက်မှာ နမာဇ်ကို စွဲမြဲစွာ ရွတ်ဖတ်ဆောက်တည်ခြင်း ဖြစ်သည်။ ဤနေရာ၌ အဓိက ရည်ရွယ်ချက်မှာ 'ထိုအချက်နှစ်ရပ်စလုံးကို စွဲမြဲစွာ ကျင့်ဆောက်တည်ရန်' သာလျှင် ဖြစ်ပေသည်။ သို့ရာတွင် တိုက်တွန်းနှိုးဆော်မှုနှင့် လေးနက်စေရန်အတွက် ထိုအချက်နှစ်ရပ်စလုံးအား ဆောက်တည်ရန် ဦးစွာပထမ တမန်တော်မြတ် ﷺ အား အမိန့်ပေးထားတော်မူပေသည်။ သို့မှသာ 'အွမ္မသ်' (နောက်လိုက်ထု) တစ်ရပ်လုံး ထိုအချက်နှစ်ရပ်အပေါ် လိုက်နာရန် သာပိုတပ်မက်မှု ထားရှိမည်ဖြစ်ပြီး တမန်တော်မြတ် ﷺ လက်တွေ့ ညွှန်ကြားပြသသည့်အတွက်ကြောင့် ၄င်းတို့အဖို့ ကိုယ်တိုင် ကျင့်ကြံပြုမူဆောင်ရွက်ရန်လည်း လွယ်ကူသွားပေမည်။

ထိုအချက်နှစ်ရပ်အတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ်အား ရွတ်ဖတ်ခြင်းသည် ကိစ္စရပ်အားလုံးတို့၏ ဝိညာဉ်နှင့် အဓိကမဏ္ဍိုင်ဖြစ်သည်။ ထို့နောက် ဒုတိယအချက်မှာ နမာဇ်အား စွဲမြဲစွာ ဆောက်တည်ခြင်းဖြစ်သည်။ အကြင်နမာဇ်ကို အခြားကျန်ရှိသော 'ဖွရဇ်'တာဝန်ဖြစ်သည့် ပြုမူဆောင်ရွက်ချက်များမှ သီးခြားစွာ ရွေးချယ်ဖော်ထုတ်ရခြင်း၏ အမြော်အမြင်တစ်ခုမှာ နမာဇ်သည် မိမိ၏ ပင်ကိုယ်အတွင်း၌မှာပင် အလွန်အရေးကြီး အရေးပါသော ခဝပ်ကိုးကွယ်မှုတစ်ရပ်နှင့် သာသနာတော်၏ အုတ်မြစ်မဏ္ဍိုင်ဖြစ်သည်။ ထိုအချက်နှင့်အတူ 'အကြင်သူသည် နမာဇ်ကို စွဲမြဲစွာ ဆောက်တည်မည်ဆိုလျှင် ထိုနမာဇ်သည် ၄င်းအား စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမှုကိစ္စနှင့် မဖွယ်မရာသော အမှုကိစ္စများမှ တားမြစ်ထားစေခြင်း'၏ အကျိုးလည်း ရှိပေသည်'ဟူသော အမြော်အမြင်တော်ကိုပါ တင်ပြထားပေသည်။ فحشاء 'ဖဟ်ရှားအ်' (စက်ဆုပ်ရွံရှာဖွယ် ကောင်းသော ကိစ္စများ) ဆိုသည်မှာ ဤကဲ့သို့သော မကောင်းသည့် လုပ်ရပ်နှင့် အပြောအဆိုကို ခေါ်ဆိုသည်။ ၄င်း၏ မကောင်းမှုသည် အသိဉာဏ်ရှိသူတိုင်း (မွတ်စ္စလင်မ်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ) အားလုံးထံ၌ ပေါ်လွင်ထင်ရှား၍ မကောင်းသောအရာအဖြစ် သတ်မှတ်ကြသော လုပ်ရပ်ပြောဆိုမှုမျိုးကို ခေါ်ဆိုသည်။ ဥပမာ- 'ဇေနာ' (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်ခြင်း၊ မတရားသဖြင့် သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ ဓါးပြတိုက် လုယက်ခြင်း အစရှိသည်တို့ ဖြစ်သည်။ منكر 'မွန်ကရ်' (မဖွယ်မရာသော အမှုကိစ္စ) ဆိုသည်မှာ 'သာသနာဝင် အာလင်မ်များ တစ်ညီတစ်ညွတ်တည်း မပိုင်ကြောင်း၊ 'ဟရာမ်'ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချထားသော ပြောဆိုမှု၊ လုပ်ရပ်တိုင်း'ကို ခေါ်ဆိုပေသည်။

'ဖဟ်ရှာအ်' (စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမှုကိစ္စများ) နှင့် 'မွန်ကရ်' (မဖွယ်မရာသော အမှုကိစ္စများ) ဟူသော စကားလုံးနှစ်လုံးအတွင်း၌ အတွင်း၊ အပြင် အလုံးစုံသော ပြစ်မှုဒုစရိုက်များ ထိုပြစ်မှုများသည် ကိုယ်တိုင်လည်း ပျက်စီးရာပျက်စီးကြောင်းကို ဖန်တီးကာ ကုသိုလ်ကောင်းမှုကို ကျင့်ကြံရာ၌လည်း အကြီးကျယ်ဆုံးသော အဟန့်အတားအဖြစ် ပါဝင်သွားပေသည်။

နမာဇ်သည် အလုံးစုံသော ပြစ်မှုဒုစရိုက်တို့အား တားဆီးပိတ်ပင်ထားခြင်း၏ အလိုသဘော

များစွာသော ခိုင်လုံတိကျသည့် ဟဒီးစ်တော်၏ ရှုထောင့်ဖြင့် ၎င်း၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ 'နမာဇ် ဝတ်ပြုရုံ သက်သက်မဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ်လာ စကားလုံးတော်များနှင့်အညီ တည်တံ့မြဲမြံစွာ ဆောက်တည်မည်ဆိုပါက ၎င်း၏ထံမှ ပြစ်မှုဒုစရိုက်များ ကင်းလွတ်နေမည်ဖြစ်ကြောင်း' ဟူသော သီးသန့် စူးရှသော အကျိုးထူးများရှိပေသည်။ 'အေကာမသ်'၏ လုံးချင်းကောက်အဓိပ္ပာယ်သည် ဖြောင့်မတ်စွာ ရပ်ခြင်းဟူ၍ ရရှိ၏။ အကြင်ကဲ့သို့ ရပ်တည်ရာ၌ မည်သည့်ဘက်တစ်ဘက်ကိုမျှ မယိမ်းညွတ်ရပေ။ ထို့ကြောင့် 'အေကာမသ်သေ့ဆွလားသ်'၏ အဓိပ္ပာယ်သည် 'နမာဇ်၏ အတွင်း၊ အပြင် စည်းကမ်းနည်းစနစ်တို့ကို တမန်တော်မြတ် ﷺ လက်တွေ့ပြသသွားခဲ့သည့် ပုံစံမျိုးဖြင့် ဖတ်ရပေမည်' ဟူ၍ ဖြစ်၏။ ကိုယ်ခန္ဓာ၊ အဝတ်နှင့် နမာဇ်ဝတ်ပြုမည့်နေရာကို ပြည့်ဝစွာ သန့်ရှင်းမှုဖြင့် ထားရန်၊ 'ဂျမာအသ်' (အစုအရုံး) ဖြင့် စုပေါင်းဝတ်ပြုရန်ကို လေးနက်စွာ ဂရုမူရန်နှင့် နမာဇ်အတွင်းရှိ ဆောင်ရွက်ရမည့် ကိစ္စရပ်အလုံးစုံကို စွန္နသ်တော်နှင့်အညီ ပြုမူရန်' ဟူ၍ သက်တမ်းတစ်လျှောက်လုံး မှာတမ်းမှုပြုထားခြင်းသည် နမာဇ်၏ အပြင်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနည်းစနစ်များ ဖြစ်ပေသည်။ အတွင်းပိုင်းယဉ်ကျေးမှုနည်းစနစ်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး လျှောက်ထားပန်ကြားနေသည့်ပမာ' ပြည့်ဝသော ကျိုးနွံမှုမျိုးဖြင့် ရပ်ကာ ဖတ်ရပေမည်။ ဤသို့ တည်တံ့မြဲမြံစွာ ဆောက်တည်ကျင့်ကြံသောသူကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အလိုအလျောက် ကောင်းမှုကုသိုလ်ပြုလုပ်နိုင်သည့် စွမ်းအားနှင့် အမျိုးမျိုးသော ပြစ်မှုဒုစရိုက်များမှ ရှောင်ရှားနိုင်သည့် စွမ်းအားများ ရရှိပေမည်။

အကြင်သူသည် နမာဇ်ဝတ်ပြုနေသည့် ကြားကတည်းကပင် ပြစ်မှုဒုစရိုက်များမှ မရှောင်ရှားနိုင်သေးပါက ၎င်း၏ နမာဇ်၌ ချွင်းချက်ရှိနေသည်ဟူ၍ မှတ်ယူရပေလိမ့်မည်။ ပမာဆိုရသော် ဟဇရသ်အင်မ်ရာန်ဗင်န်ဟုဆွိုင်းသခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ အား

اِنَّ الصَّلٰوةَ تَنۡهٰى عَنِ الۡفَحۡشَآءِ وَالۡمُنۡكَرِ

ဧကန်မလွဲ 'ဆွလားသ်'ဝတ်ပြုမှုသည် အလွန်စက်ဆုပ်ရွံရှာဖွယ် အမှုကိစ္စတို့နှင့် မဖွယ်မရာသော အမှုကိစ္စတို့မှ အမှန်ပင် တားဆီးလေ၏။ [၂၉ : ၄၅]

ဟူသော အာယသ်တော်၏ အလိုသဘောအား လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က

من لم تنهه صلو ته عن الفحشاء والمنكر فلاصلوة له

'အကြင်သူအား ၎င်း၏ နမာဇ်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမှုကိစ္စနှင့် မဖွယ်မရာသော အမှုကိစ္စတို့မှ မတားမြစ်ထားပါက ၎င်း၏ နမာဇ်သည် နမာဇ်ပင် မဟုတ်ပေ။ (ဝါ) တစ်စုံတစ်ရာ မည်သို့မျှ မဟုတ်ပေ'ဟူ၍ ပြန်လည်ဖြေကြား မိန့်မြွက်တော်မူလိုက်ပေသည်။ *[အိဗ်နေအာဘီဟာသင်မ်၊ သွဗ်ရာနီး]*

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။

لاصلوة لمن لم يطع الصلوة

မိမိ နမာဇ်၏ အမိန့်ကို မနာခံသော သူ၏ နမာဇ်သည် နမာဇ်ပင် မဟုတ်ပေ။ နမာဇ်၏ အမိန့်မှာ 'စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမှုကိစ္စနှင့် မဖွယ်မရာသော ကိစ္စတို့မှ ရှောင်ရှားရပ်ဆိုင်းနေခြင်း' သာလျှင် ဖြစ်သည်။ *[အိဗ်နေဂျရီးရ်]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးသည် အထက်ဖော်ပြပါအာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုလျက် မိန့်တော်မူသည်မှာ 'အကြင်သူတစ်ဦးတစ်ယောက်၏ နမာဇ်သည် ၎င်းအား ကောင်းမြတ်သော အကျင့်သီလအပေါ် ကျင့်ကြံရန်နှင့် ပိတ်ပင်တားဆီးထားသော အချက်များမှ ရှောင်ရှားစေရန် နိုးဆော်မှု မပြုပါမူ ၎င်းနမာဇ်သည် ထိုသူအား အလ္လာဟ်အသျှင်မြတ်နှင့် သာပို၍ ဝေးကွာအောင် ပြုပေးလိုက်သည်' ဟူ၍ ဖြစ်သည်။

အိဗ်နေ့ကစီးရ်သခင်ကြီးသည် ထိုဆင့်ပြန်ချက် (၃) ရပ်စလုံးကို 'ဤဟဒီးစ်တော်များသည် တမန်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက်လာရှိထားသော ဟဒီးစ်မိန့်မြွက်ချက်များ မဟုတ်ပေ။ ၎င်းမှာ ဟဇရသ်အင်မ်ရားန် ဗင်န်ဟုစ္စိုင်း ﵁၊ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﵁ သခင်နှင့် အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးတို့၏ အဆိုများဖြစ်သည်။ အကြင်အဆိုများကို ၎င်းတို့သည် ထိုအာယသ်တော်ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ မိန့်တော် မူထားခြင်းဖြစ်ကြောင်း'ဟူသော အချက်ကိုသာ အသာပေးထားပေသည်။

ဟဇရသ်အဗူဟူရိုင်ရာဟ် ﵁ သခင်ကြီး၏ ဆင့်ပြန်ချက်မှာ 'တစ်ဦးတစ်ယောက်သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'မည်သူမည်ဝါသည် ညဉ့်အချိန်၌ 'သဟဂျ်ဂျုဒ်နမာဇ်'ကို ဝတ်ပြုကာ နံနက်မိုးသောက်ချိန် ရောက်ရှိသည်ဆိုလျှင် ခိုးယူမှုကို ပြုသည်' ဟူ၍ လျှောက်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'မျှားမကြာမီ နမာဇ်သည် ၎င်းအား ခိုးယူခြင်းမှ တားမြစ်ပေလိမ့်မည်'ဟူ၍ မိန့်မြွက်တော်မူလိုက်ပေသည်။ *[အိဗ်နေကစီးရ်]*

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ တမန်တော်မြတ် ﷺ ၏ ယင်းမိန့်မြွက်ချက်၏ နောက် ၎င်းသည် မိမိ၏ ပြစ်မှုဒုစရိုက်များမှ အမှားဝန်ခံလိုက်ကြောင်း လာရှိထားပေသည်။

ဒွိဟတစ်ရပ်နှင့် အဖြေ

ဤနေရာ၌ အချို့သူတို့သည် 'ကျွန်ုပ်တို့သည် များစွာသော သူများကို နမာဇ်ကို စွဲမြဲစွာ ဆောက်တည်နေသည့် ကြားကပင် ပြစ်မှုဒုစရိုက်ကြီးများအတွင်း၌ နစ်မွန်းနေပေသည်။ အကြင်သို့ နစ်မွန်းနေခြင်းသည် ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် ဤအထက်တင်ပြပါ အာယသ်တော်၏ အဓိပ္ပါယ်နှင့် ဆန့်ကျင်နေပေသည်' ဟူသော သံသယဖြစ်နေပေသည်။

ထိုသံသယအချက်အား ဖြေကြားရာ၌ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ဤသို့ မိန့်မြွက်ထားကြပေသည်။ အာယသ်တော်မြတ်မှ 'နမာဇ်သည် နမာဇ်ဝတ်ပြုသောသူကို ပြစ်မှုဒုစရိုက်များမှ တားဆီးပိတ်ပင်ကြောင်း' ကိုသာ သိရှိရပေသည်။ သို့ရာတွင် အကြင်သူ တစ်ဦးတစ်ယောက်ကို ကိစ္စရပ် တစ်စုံတစ်ရာအား တားမြစ်ထားရာ ၎င်းသည် ယင်းကိစ္စရပ်ကို ရပ်တန့်၊ ရှောင်ရှားရန်သည် အရေးကြီး ပါ၏လော့။ နောက်ဆုံးအနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များသည် လူသားအားလုံးအား အပြစ်ဒုစရိုက် ကျူးလွန်ခြင်းများမှ တားမြစ်ထားသည်။ သို့ပါသော်လည်း အားလုံးသောသူတို့သည် ထို တားဆီး ပိတ်ပင်ထားခြင်းဘက်သို့ အာရုံစူးစိုက်မှုမရှိကာ ပြစ်မှုဒုစရိုက်များ ကျူးလွန်နေခြင်းမှ ရပ်တန့်၍ မနေပေ။ စကားပြေအကျဉ်းချုပ်၌ ဤအဆိုကိုသာလျှင် အသာပေး တင်ပြထားပေသည်။

သို့ရာတွင် များစွာသော အဖွင့်ရှင်များက ဤသို့ အဓိပ္ပါယ်ရှိထားကြပေသည်။ နမာဇ်က တားဆီးပိတ်ပင် ခြင်း၏ အလိုသဘောသည် တားမြစ်အမိန့်ပေးသည် မဟုတ်။ 'နမာဇ်ဝတ်ပြုသော သူသည် ပြစ်မှုဒုစရိုက် များမှ ရှောင်ရှားနိုင်စွမ်း ရရှိသည်ဟူသော စူးရှသက်ရောက်မှု ရှိထားခြင်းကို ဆိုလိုသည်ဟူ၍ ဖြစ်သည်။ အကြင်သူသည် ယင်းစွမ်းအားကို မရရှိပါက ၎င်း၏နမာဇ်၌ ချွင်းချက်တစ်စုံတစ်ရာရှိကြောင်းနှင့် တည်တံ့ မြဲမြံစွာ ဆောက်တည်ခြင်း၏ ဝတ္တရားကို မကျေပွန်ကြောင်း စဉ်းစားတွေးခေါ်ခြင်းဖြင့် အတည်ပြုနိုင် ပေသည်' ဟူသော သီးသန့်စူးရှမှု အကျိုးတရားများ ရှိပေသည်။ အထက်၌ တင်ပြထားလျက်ရှိသော ဟဒီးစ် တော်များသည် ထိုအကြောင်းအရာဘက်သို့ စောင်းပေး မိန့်မြွက်ထားပေသည်။

وَلَذِكْرُ اللّٰهِ اَكْبَرُ وَاللّٰهُ يَعْلَمُ مَا تَصْنَعُوْنَ

စင်စစ် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းသည် အကြီးအကျယ် အမွန်မြတ်ဆုံးပင် ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ပြုသမျှတို့ကို ကောင်းစွာ သိရှိတော်မူပေသည်။

[၂၉ ፡ ၄၅]

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၏ အလိုသဘောသည် 'ကျေးကျွန်လူသား သည် နမာဇ်အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ မည်သည့်အချိန်နေရာမျိုး၌မဆို တသ သတိရခြင်းသည် အကြီးအကျယ် အမွန်မြတ်ဆုံးဖြစ်ကြောင်း' ဟူ၍ ဖြစ်နိုင်ပေသည်။ 'ကျေးကျွန်လူသားသည် အလ္လာဟ်အသျှင် မြတ်အား သတိရတသပါက 'ထိုအလ္လာဟ်အသျှင်မြတ်သည် မိမိအား တိရတမ်းတသော ကျေးကျွန်များ၏

အကြောင်းကို ကောင်းကင်တမန်တော်များ၏ ကြားဝယ် ပြန်လည်မိန့်မြွက်တော်မူကြောင်း' ကို ကတိပြုထားတော်မူသော' အဓိပ္ပာယ်မျိုးလည်း ဖြစ်နိုင်ပေသည်။

فَاذْكُرُوْنِيْٓ اَذْكُرْكُمْ

သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်အား အောက်မေ့တသ သတိရက ငါအသျှင်မြတ်သည်လည်း အသင်တို့အား သတိရတော်မူမည်။ [၂၉ : ၁၅၂]

ဤခဝပ်ကိုးကွယ်မှုကို ပြုသော ကျေးကျွန်များအား အလ္လာဟ်အသျှင်မြတ်က သတိရတသခြင်းသည် အကြီးအကျယ်ဆုံးသော 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်သည်။ များစွာသော ဆွဟာဗာများနှင့် သာဗေ့အီးန်သခင်ကြီးများထံမှ ဤနေရာ၌ ဤဒုတိယအလိုသဘောအား ဆင့်ပြန်ထားပေသည်။ အိဗ်နေ့ကစီးရ်သခင်ကြီးနှင့် အိဗ်နေဂျရီးရ်သခင်ကြီးသည် ထိုအချက်ကို အသာပေးထားပေသည်။ ထိုအလိုသဘောကို ကောက်ယူထောက်ရှုခြင်း၌ ဤအောက်ဖော်ပြပါအချက်၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ နမာဇ်ဖတ်ရွတ်ခြင်းဖြင့် ပြစ်မှုဒုစရိုက်များမှ ရှောင်ရှားနိုင်စွမ်းရှိခြင်း၏ အဓိကအကြောင်းအရင်းမှာ 'အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်သည် ၎င်း၏ဘက်သို့ ကရုဏာတော်ဖြင့် အာရုံစူးစိုက်ကာ ၎င်း၏အကြောင်းကို ကောင်းကင်တမန်တော်များကြားဝယ် မိန့်မြွက်တော်မူပေသည်။ ထို 'ဗရ်ကသ်'(မင်္ဂလာတော်) ကြောင့် ၎င်းသည် ပြစ်မှုဒုစရိုက်များမှ လွတ်မြောက်မှုကို ရရှိပေသည်' ဟူ၍ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَا تُجَادِلُوْٓا اَهْلَ الْكِتٰبِ اِلَّا
بِالَّتِيْ هِيَ اَحْسَنُ ۖ اِلَّا الَّذِيْنَ ظَلَمُوْا مِنْهُمْ وَقُوْلُوْٓا اٰمَنَّا
بِالَّذِيْٓ اُنْزِلَ اِلَيْنَا وَاُنْزِلَ اِلَيْكُمْ وَاِلٰهُنَا وَاِلٰهُكُمْ وَاحِدٌ
وَّنَحْنُ لَهٗ مُسْلِمُوْنَ ﴿٤٦﴾

၂၉ : ၄၆ ။ ။ ၎င်းပြင် အသင်တို့သည် (ရှေး) ကျမ်းဂန် ရရှိခဲ့ကြသော သူတို့နှင့် အခြေအတင် ပြောဆိုရာ၌ ကောင်းမွန် (ယဉ်ကျေး သိမ်မွေ့) လှသော နည်းဖြင့်သာလျှင် ပြောဆိုကြလေကုန်။ 'သို့ရာတွင် ၎င်းတို့အနက် တရားလွန်ပြုမူ (ပြောဆိုလာ) သော သူတို့နှင့်မူ ပြတ်သားစွာ အခြေအတင် ပြောဆိုနိုင်ခွင့် ရှိ၏။ သို့တစေလည်း အသင့်မြတ်ဆုံးမှာ သိမ်မွေ့သောနည်းပင် ဖြစ်၏။ ထို့ပြင် အသင်တို့သည် (ဤသို့) ပြောကြားကြလေကုန်။ 'ကျွန်ုပ်တို့သည် မိမိတို့ထံ ကျရောက်ခဲ့သည့် (ကျမ်းမြတ်) ကို ယုံကြည်ကြသည့်အပြင် အသင်တို့ထံတွင် ကျရောက်ခဲ့သည့် (ကျမ်းဂန်) တို့ကိုလည်း ယုံကြည်

ကြကုန်၏။ စင်စစ် ကျွန်ုပ်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်နှင့် အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသာ ဖြစ်တော်မူ၏။ ၎င်းပြင် ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်၏ အမိန့်တော်ကိုသာလျှင် လိုက်နာသူများ ဖြစ်ကြပေသည်။'

وَكَذَٰلِكَ أَنزَلْنَا إِلَيْكَ الْكِتَابَ ۚ فَالَّذِينَ
آتَيْنَاهُمُ الْكِتَابَ يُؤْمِنُونَ بِهِ ۖ وَمِنْ هَٰؤُلَاءِ مَن يُؤْمِنُ بِهِ ۚ وَ
مَا يَجْحَدُ بِآيَاتِنَا إِلَّا الْكَافِرُونَ ﴿٤٧﴾

၂၉ : ၄၇ ။ ။ စင်စစ် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင် (မိုဟမ္မဒ်) ထံသို့ ကျမ်းဂန် (ကုရ်အာန်) ကို ချပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ် (ရှေး) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သော သူတို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြကုန်၏။ ထို့ပြင် ဤ (မက္ကာဟ်မြို့သား ဖြစ်သော) သူတို့အနက်မှလည်း ယင်း (ကုရ်အာန်ကျမ်းမြတ်) ကို ယုံကြည်ကြသူများ ရှိကြ၏။ စင်စစ် ငါအသျှင်မြတ်၏ အာယသ်တော်များကို ကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့သည်သာလျှင် ငြင်းပယ်ကြကုန်၏။

وَمَا كُنتَ تَتْلُو مِن قَبْلِهِ
مِن كِتَابٍ وَلَا تَخُطُّهُ بِيَمِينِكَ ۖ إِذًا لَّارْتَابَ الْمُبْطِلُونَ ﴿٤٨﴾

၂၉ : ၄၈ ။ ။ အမှန်စင်စစ် (အို၊ နဗီတမန်တော်) အသင်သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) အလျှင် မည်သည့် ကျမ်းကိုမျှပင် ဖတ်ရွတ်လျက် ရှိခဲ့သည်လည်း မဟုတ်ပေ။ မည်သည့်ကျမ်းကိုမျှပင် မိမိ၏ လက်ယာလက်ဖြင့် ရေးသားခဲ့သည် လည်း မဟုတ်ပေ။ သို့ဖြစ်ခဲ့ပါလျှင် အမှားကို လိုက်စားကြသော သူတို့သည် အမှန်ပင် သံသယဖြစ်ကြပေမည်။ (တမန်တော် မြတ်သည် 'အွမ်မီ' ဖြစ်၍၊ အကယ်၍ စာရေးစာဖတ်တတ်ခဲ့လျှင် အတိတ်ခေတ်ရှိ ကျမ်းစာများကို ရွတ်ဖတ်မှတ်သားခဲ့ဟန် ရှိ၍ ၎င်းအား မိမိ၏ အသုံးအနှုန်းဖြင့် ပြောင်းလွဲဟောကြားနေဟန် ရှိသည်ဟု သံသယဖြစ်ပေလိမ့်မည်။)

بَلْ هُوَ آيَاتٌ بَيِّنَاتٌ فِي صُدُورِ الَّذِينَ أُوتُوا الْعِلْمَ ۚ وَمَا يَجْحَدُ
بِآيَاتِنَا إِلَّا الظَّالِمُونَ ﴿٤٩﴾

၂၉ : ၄၉ ။ ။ ထိုသို့ အလျှင်းမဟုတ်ပေ။ အမှန်စင်စစ် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် အသိပညာကို ချီးမြှင့် ပေးသနားတော်မူခြင်း ခံခဲ့ကြရသော (ဟာဖိဇ်၊ အာလင်မ် အစရှိသော) သူတို့၏ စိတ်နှလုံးများတွင် (ထိန်းသိမ်းထားသည်မှာ) လွန်စွာ ထင်ရှားလှသည့် သက်သေလက္ခဏာများပင် ဖြစ်ပေသည်။ စင်စစ် မတရားသော သူတို့သည်သာလျှင် ငါအသျှင်မြတ် ၏ အာယသ်တော်များကို ငြင်းပယ်ကြကုန်သည်။

وَقَالُوا لَوْلَا أُنزِلَ عَلَيْهِ آيَاتٌ مِّن رَّبِّهِ ۖ قُلْ
إِنَّمَا الْآيَاتُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ ﴿٥٠﴾

၂၉ : ၅၀ ။ ။ ထို့ပြင် ၎င်းတို့က 'အဘယ်ကြောင့် ဤသူ (တမန်တော်မြတ်) ၏ အပေါ်၌ (၎င်း၏ အသျှင်မြတ်ထံတော်မှ) သက်သေလက္ခဏာ (တန်ခိုးတော်) များသည် ကျရောက်လာခြင်း မရှိပါသနည်း' ဟု ပြောဆိုကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ အချင်းတို့) 'သက်သေလက္ခဏာများသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်း၌သာ ရှိကုန်၏။ စင်စစ် ငါသည် ထင်ရှားစွာ သတိပေးနိုးဆော်သူတစ်ဦးမျှသာလျှင် ဖြစ်ပေသည်' ဟု ပြောကြားပါလေ။

أَوَلَمْ يَكْفِهِمْ أَنَّا أَنزَلْنَا عَلَيْكَ الْكِتَابَ
يُتْلَىٰ عَلَيْهِمْ ۚ إِنَّ فِي ذَٰلِكَ لَرَحْمَةً وَذِكْرَىٰ لِقَوْمٍ يُؤْمِنُونَ ﴿٥١﴾

၂၉ : ၅၁ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့၏ရှေ့ဝယ် ဖတ်ကြားခြင်းခံရလျက် ရှိသော (ကုရ်အာန်) ကျမ်းမြတ်ကို အသင့်အပေါ်၌ ချပေးသနားတော်မူခဲ့ခြင်းသည်ပင်လျှင် ၎င်းတို့အဖို့ (သက်သေလက္ခဏာအဖြစ်) လုံလောက်ပြီ မဟုတ်ပါလော။ စင်စစ် ဤသည် (ကျမ်းမြတ်) ၌ အီမာန်သက်ဝင်ယုံကြည်သူတို့အဖို့ ကရုဏာတော်လည်းကောင်း၊ အဆုံးအမသည်လည်းကောင်း အမှန်ပင် ရှိပေသည်။

قُلْ كَفَىٰ بِاللَّهِ بَيْنِي وَبَيْنَكُمْ شَهِيدًا ۖ يَعْلَمُ مَا فِي السَّمَاوَاتِ
وَالْأَرْضِ ۗ وَالَّذِينَ آمَنُوا بِالْبَاطِلِ وَكَفَرُوا بِاللَّهِ أُولَٰئِكَ هُمُ الْخَاسِرُونَ ﴿٥٢﴾

၂၉ : ၅၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အလ္လာဟ်အသျှင်မြတ်သည်ပင် ငါနှင့် အသင်တို့၏ စပ်ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူ၏။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိရှိသမျှ (အလုံးစုံ) တို့ကို ကောင်းစွာ သိရှိတော်မူ၏။ သို့ရာတွင် အမှားကို ယုံကြည်လက်ခံ၍ အလ္လာဟ်အသျှင်မြတ်အား ငြင်းပယ်သော သူတို့သည်သာလျှင် ဆုံးရှုံးပျက်စီးသူများ ဖြစ်ကြပေသည်။

وَيَسْتَعْجِلُونَكَ بِالْعَذَابِ ۚ وَلَوْلَا أَجَلٌ مُّسَمًّى لَّجَاءَهُمُ الْعَذَابُ
وَلَيَأْتِيَنَّهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ ﴿٥٣﴾

၂၉ : ၅၃ ။ ။ (အို၊ နဗီတမန်တော်) ကေန်စင်စစ် ၎င်းတို့သည် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အသင့်ထံတွင် အလျင်စလို တောင်းဆိုကြကုန်၏။ သို့ရာတွင် အကယ်၍သာ ကာလအပိုင်းအခြားတစ်ခုသည် (ပြစ်ဒဏ်နှင့် စပ်လျဉ်း၍) သတ်မှတ်ပြီး မဖြစ်ခဲ့ပါလျှင် ပြစ်ဒဏ်သည် ၎င်းတို့ထံ မုချ ဆိုက်ရောက်ခဲ့ပြီး ဖြစ်ပေမည်။ စင်စစ် ထိုပြစ်ဒဏ်သည် ၎င်းတို့ထံ ရုတ်တရက် မုချ ဆိုက်ရောက်လာမည် ဖြစ်၏။ ၎င်းတို့သည် (အလျဉ်း) သိရှိလိုက်ကြမည်ပင် မဟုတ်ပေ။

يَسْتَعْجِلُونَكَ بِالْعَذَابِ ۖ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ ﴿٥٤﴾

၂၉ : ၅၄ ॥ ॥ ၎င်းတို့သည် အသင့်ထံတွင် ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေကြကုန်၏။ ကေန်မလွဲ 'ဂျဟန္နမ်' ငရဲဘုံသည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား ဝန်းရံလျက်ပင် ရှိပေသည်။

يَوْمَ يَغْشَاهُمُ الْعَذَابُ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِمْ وَيَقُولُ ذُوقُوا مَا كُنتُمْ تَعْمَلُونَ ﴿٥٥﴾

၂၉ : ၅၅ ॥ ॥ အကြင်နေ့တွင် 'ပြစ်ဒဏ်သည် ထိုသူတို့အား၊ ထိုသူတို့၏ အထက်မှလည်းကောင်း၊ ထိုသူတို့၏ ခြေများအောက်မှလည်းကောင်း၊ (အဖက်ဖက်မှ) ဖုံးလွှမ်းဝန်းရံလျက် ရှိချေမည်။ ၎င်းပြင် ထိုအသျှင်မြတ်က (၎င်းတို့အား) အသင်တို့သည် မိမိတို့ ကျင့်မူပြုလုပ်လျက် ရှိခဲ့ကြသည့် (ပြစ်မှုဒုစရိုက်) များ၏ အရသာကို မြည်းစမ်းကြကုန်လော'ဟု မိန့်ကြားတော်မူပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် (တမန်တော်မြတ် ﷺ) ရစူလ်ဖြစ်ကြောင်းကို အတည်ဖြစ်ပြီးဖြစ်ရာ၊ အို့, မွတ်စ္စလင်မ် အပေါင်းတို့၊ အသင်တို့အား ငါအသျှင်မြတ်သည် ကျမ်းရပုဂ္ဂိုလ်များထဲမှ တမန်တော်မြတ် ﷺ အား ရစူလ်ဖြစ်ကြောင်း ငြင်းဆိုသောသူတို့ဖြင့် ပြောဆိုနည်းကို မိန့်မြွက်မည်ဖြစ်ပေသည်။ ဤသို့ ကျမ်းရပုဂ္ဂိုလ်များဟူ၍ အထူးပြု၍ သုံးနှုန်းရခြင်းအကြောင်းမှာ ပထမအချက်မှု ၎င်းတို့သည် အသိပညာရှင်များဖြစ်သည့်အတွက်ကြောင့် တင်ပြပြောဆိုသည့် စကားရပ်ကို နားထောင်ကြပေသည်။ မုရှိရစ်က်တို့သည်မူ စကားကို နားမထောင်မီအလျင်ကပင် ဒုက္ခကို ဆက်တိုက်ပေးကြပေသည်။ ဒုတိယအချက်မှာ အသိပညာရှင်များ အီမာန်ရယူခြင်းသည် အခြား သာမန်လူတန်းစားတို့ အီမာန်ရယူလာရန် ပိုမို မျှော်လင့်ချက်ရှိသောကြောင့် ဖြစ်သည်။ ထိုပြောဆိုနည်းမှာ ဤသို့တည်း။ အသင်တို့သည် (ရှေး) ကျမ်းဂန် ရရှိခဲ့ကြသော သူတို့နှင့် အခြေအတင် ပြောဆိုရာ၌ ကောင်းမွန် (ယဉ်ကျေးသိမ်မွေ့) လှသော နည်းဖြင့်သာလျှင် ပြောဆိုကြလေကုန်။ သို့ရာတွင် ၎င်းတို့အနက် တရားလွန်ပြုမူ (ပြောဆိုလာ) သော သူတို့နှင့်မူ (ပြတ်သားစွာ အခြေအတင် ပြောဆိုနိုင်ခွင့်ရှိသည့် ပုံစံမျိုးဖြင့် ပြောဆိုခြင်းသည် အကြောင်းမဟုတ်ပေ။ လှပသော နည်းသာလျှင် အကောင်းဆုံး ဖြစ်နေလင့်ကစား) သို့တစေလည်း အသင့်မြတ်ဆုံးမှာ သိမ်မွေ့သောနည်းပင် ဖြစ်၏။) ထို့ပြင် (ထိုသိမ်မွေ့သော နည်းစနစ်မှာ ဤသို့ ဖြစ်သည်။ ဥပမာ- ၎င်းတို့အား) အသင်တို့သည် (ဤသို့) ပြောကြားပါလေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ် ချပေးခဲ့သော ကျမ်းဂန်အပေါ်လည်း အီမာန်ယူပါ၏။ ၎င်းနောက် အသင်တို့ထံတွင် ကျရောက်ခဲ့သည့် (ကျမ်းဂန်) တို့ကိုလည်း ယုံကြည်ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် အီမာန်၏ အဓိကအခြေခံမူတည်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ကျရောက်

လာခြင်းအပေါ် ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်တို့၏ ကျမ်းစာအုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ကျရောက်လာကြောင်း အသင်တို့၏ ကျမ်းဂန်များကလည်း အတည်ပြုထားပေသည်။ တစ်ဖန် အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်ရယူရန် သင့်ပေသည်။)

စင်စစ် (ဤအချက်ကိုလည်း အသင်တို့သည် လက်ခံထားကြပေသည်။) ကျွန်ုပ်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်နှင့် အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသာ ဖြစ်တော်မူ၏။ (ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် မိန့်မြွက်ထားတော်မူပေသည်။)

إِلَىٰ كَلِمَةٍ سَوَاءٍ بَيْنَنَا

'အသင်တို့သည် ကျွန်ုပ်တို့နှင့် အသင်တို့ကြား၌ အားလုံး လက်ခံထားသည့် တူညီသော စကားဘက်သို့ လာကြလေကုန်။' [၃ : ၆၂]

'တောင်ဟီးဒ်' ဟု ခေါ်တွင်သော တစ်ပါးတည်း တည်ရှိခြင်းတရားသည် အားလုံးလက်ခံထားကြသော အချက်ဖြစ်ရာ မိမိတို့၏ အာလင်မ်များနှင့် အကြီးအကဲတို့၏ အမိန့်ကို နာခံနေကြသည့်အတွက်ကြောင့် နောက်ဆုံး နဗီအပေါ် အီမာန်မယူခြင်းသည် 'တောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သို့ရှိရာ အသင်တို့သည် ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ်အပေါ် အီမာန်ရယူရန် သင့်ပေသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် မိန့်မြွက်ထားတော်မူပေသည်။

وَلَا يَتَّخِذَ بَعْضُنَا

'ငါတို့သည် တစ်စုံတစ်ခုသော မည်သည့်အရာကိုမျှ ထိုအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်၍ မပြုခြင်း၊ ငါတို့အနက် အချို့သည် အလ္လာဟ်အသျှင်မြတ်ကို ဖယ်ကြဉ်၍၊ အချို့သောသူများကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်များဟူ၍ မပြုလုပ်ခြင်းပင် ဖြစ်၏။' [၃ : ၆၄]

၄င်းပြင် (ထိုပြောဆိုမှုနှင့်အတူ မိမိတို့ မွတ်စလင်မ်ဖြစ်ကြောင်း သတိပေးရန်အတွက် ပြောကြားလေကုန်။) ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်၏ အမိန့်တော်ကိုသာလျှင် လိုက်နာသူများ ဖြစ်ကြပေသည်။ (ထိုနာခံမှု၌ ယုံကြည်ချက်များနှင့် ဆောင်ရွက်ချက်များအားလုံး ပါဝင်သွားပေသည်။ ဆိုလိုသည်မှာ အသင်တို့သည်လည်း ဤသို့ ပြုသင့်ပေသည်။ ၄င်းအချက်အပေါ် တောင်းဆိုချက်လည်း တည်ရှိနေသည်ဖြစ်၍ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်မြွက်ထားတော်မူပေသည်။

فَإِنْ تَوَلَّوْا فَقُولُوا اشْهَدُوا بِأَنَّا مُسْلِمُونَ

'အကယ်၍ ထိုသူတို့သည် သွေဖည်လွဲရှောင် ကျောခိုင်းသွားကြပါမူ 'အို၊ မွတ်စလင်မ်အပေါင်းတို့၊ အသင်တို့က (ထိုသူတို့အား အချင်းတို့) 'ကျွန်ုပ်တို့သည် (အလ္လာဟ်အသျှင်မြတ်၏) အမိန့်တော်များကို မုချ နာခံသော မွတ်စလင်မ်များပင်ဖြစ်ကြောင်း အသင်တို့ကိုယ်တိုင်ပင် သက်သေခံကြကုန်လော' ဟု ပြောဆိုကြလေကုန်။ [၃ : ၆၄]

စင်စစ် (ငါအသျှင်မြတ်သည် အတိတ်ခေတ် နဗီတမန်တော်များအပေါ် ကျမ်းစာအုပ်များ ချပေးထားသကဲ့သို့) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင် (မိုဟမ္မဒ်) ထံသို့ ကျမ်းဂန် (ကုရ်အာန်) ကို ချပေးသနားတော်မူခဲ့၏။ (အကြင်ကျမ်းကို အခြေခံမူတည်၍ သင့်မြတ်သိမ်မွေ့သော နည်းစနစ်ကို ညွှန်ကြားထားပေသည်။) သို့ဖြစ်ပေရာ ငါအသျှင်မြတ် (သည် ရှေး) ကျမ်းဂန် (များအပေါ် အပြည့်အဝ နားလည်သိရှိနိုင်စွမ်း) ချီးမြှင့်ပေးသနားတော်မူခဲ့သော သူတို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြကုန်၏။ (၎င်းတို့ဖြင့် အခြေအတင် ပြောဆိုရေးကိစ္စသည် ရှားပါးလှပေ၏။) ထို့ပြင် ဤ (မက္ကာဟ်မြို့သား မုရှ်ရစ်က်တို့) အနက်မှလည်း (တရားမျှတကာ သမာသမတ်ရှိသော သူတို့သည် ကိုယ်တိုင် သဘောပေါက်၍သော်လည်းကောင်း၊ သာသနာ့ပညာရှင်များ အီမာန်ရယူထားကြသည်ကို အထောက်အထားဖြင့် ရယူ၍ သော်လည်းကောင်း) ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြသူများ ရှိကြ၏။ စင်စစ် (ရှင်းလင်းလှစွာသော အထောက်အထားများကို ပြသပြီးနောက်လည်း) ငါအသျှင်မြတ်၏ (ကျမ်းတော်မြတ်၏) အာယသ်တော်များကို (မျက်ကန်းမျိုးချစ်ပမာ တည်ရှိကြကုန်သော) ကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့သည်သာလျှင် ငြင်းပယ်ကြကုန်၏။

(အထက်၌ အခြေအတင် ပြောဆိုသောအချက်နှင့် စပ်လျဉ်း၍ တရားတော်လာ အထောက်အထားကို တင်ပြခဲ့သည်။ အကြင်တင်ပြချက်သည် သာသနာ့ပညာရှင်များကို သီးသန့် မိန့်မြွက်ထားခြင်းဖြစ်သည်။ ရှေ့၌ ဦးနှောက်အတိုင်းအတာဖြင့် စဉ်းစားဆင်ခြင် သုံးသပ်၍ ရရှိသော အထောက်အထားကို တင်ပြထားသည်။ အကြင်အချက်သည် အားလုံးကို မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ) အမှန်စင်စစ် (အကြင်သူတို့သည် အသင့်အား နဗီဖြစ်ကြောင်းကို ငြင်းဆိုကြပေသည်။ ၎င်းတို့ထံ၌ သံသယဖြစ်ဖွယ် အချက်လည်း တစ်ချက်မျှပင် မရှိပေ။ အဘယ်ကြောင့်ဆိုသော် အို၊ နဗီတမန်တော်) အသင်သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) အလျှင်၊ မည်သည့်ကျမ်းကိုမျှပင် ဖတ်ရွတ်လျက် ရှိခဲ့သည်လည်း မဟုတ်ပေ။ မည်သည့်ကျမ်းကိုမျှပင် မိမိ၏ လက်ယာလက်ဖြင့် ရေးသားခဲ့သည်လည်း မဟုတ်ပေ။ သို့ဖြစ်ခဲ့ပါလျှင် အမှားကို လိုက်စားကြသော သူတို့သည် အမှန်ပင် သံသယပွားခဲ့ကြသည်။ (အကြောင်းမှာ ရေးတတ်၊ ဖတ်တတ်သူ ဖြစ်မည်ဆိုလျှင် မိုးကောင်းကင်ကျ ကျမ်းဂန်များကို ကြည့်ရှုကာ ထိုကျမ်းများ၏ အမှီသဟဲ အကူအညီဖြင့် စာစဉ်အကြောင်း အရာများကို စဉ်းစားကာ အားလပ်ချိန်၌ ထိုင်ကာ ရေးသားလိုက်မည် ဖြစ်သည်။ ထို့နောက် ကျက်မှတ်ကာ ကျွန်ုပ်တို့အား ဖတ်ပြပေမည်။ ဆိုလိုသည်မှာ အကယ်၍ ဤသို့ဖြစ်မူ သံသယရှိသူတို့သည် မှားနေလင့်ကစား အနည်းနှင့်အများမဆို ဒွိဟသံသယ ဖြစ်ရှိနေပေမည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့မခန်းတန်ခိုးတော်သည် တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်း အထောက်အထားအဖြစ် ပြသရန် လုံလောက်ပေသည်။ သို့ရာတွင် ယခုမူ ဤရွေ့ဤမျှခန့်လောက် သံသယပင် မရှိပေ။ ထို့ကြောင့် ဤကျမ်းမြတ်သည် သံသယအဖြစ် တည်ရှိရမည့် ကျမ်းစာအုပ် မဟုတ်ပေ။)

ထိုသို့ အလျှဉ်းမဟုတ်ပေ။ အမှန်စင်စစ် ဤ (ကုရ်အာန်) ကျမ်းမြတ်သည် (တစ်အုပ်တည်းအဖြစ် တည်ရှိနေသည့် ကြားကတည်းကပင် အံ့ဖွယ်ကောင်းသော ကဏ္ဍများစွာ ပါဝင်သည့်အတွက်ကြောင့် ပြောရ

မည်ဆိုသော်) အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော (ဟာဖိဇ်၊ အလင်မ် အစရှိသော) သူတို့၏ စိတ်နှလုံးများတွင်း (ထိန်းသိမ်းထားသည်မှာ) လွန်စွာ ထင်ရှားလှသည့် သက်သေလက္ခဏာများပင် ဖြစ်ပေသည်။ စင်စစ် (အံ့ဖွယ်တန်ခိုးများ ပေါ်ပေါက်နေသည့် ကြားကတည်းကပင်) မတရားသောသူတို့သည်သာလျှင် ငါအသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ကြကုန်သည်။ (သို့တည်းမဟုတ်ပါက သမာသမတ်ရှိသောသူသည် အနည်းငယ်မျှပင် သံသယဖြစ်ရှိနေရန် မသင့်ပေ။)

ထို့ပြင် ၎င်းတို့ (သည် ကုရ်အာန်ကျမ်းတော်မြတ်၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို ချီးမြှင့်ခြင်းခံထားရသည့် ကြားကတည်းကပင် ရန်ငြိုး၊ မုန်းတီးမှုထားသော အသွင်ရှိသော သူတို့) က 'အဘယ်ကြောင့် ဤသူ (တမန်တော်မြတ် ﷺ) ၏အပေါ်၌ (၎င်း၏ အသျှင်မြတ်ထံမှ ကျွန်ုပ်တို့ လိုလားတောင်းခံသော) သက်သေလက္ခဏာ (တန်ခိုးတော်) များသည် ကျရောက်လာခြင်း မရှိပါသနည်း' ဟု ပြောဆိုကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ အချင်းတို့) သက်သေလက္ခဏာများသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်း (စွမ်းဆောင်နိုင်တော်မူခြင်း) ၏ အတွင်း၌သာ ရှိကုန်၏။ စင်စစ် (ကျွန်ုပ်၏ ချယ်လှယ်ပိုင်ဆိုင်မှုအတွင်း၌ မရှိ) ငါသည် (အသျှင်မြတ်၏ ပြစ်ဒဏ်တော်အား) ထင်ရှားစွာ သတိပေးနှိုးဆော်သူ (ရစူလ်) တစ်ပါးမျှသာလျှင် ဖြစ်ပေသည်။ (ရစူလ်ဖြစ်ခြင်းအပေါ် မှန်ကန်သော အထောက်အထားများ လားရှိပေသည်။ အကြင်အထောက်အထားများအတွင်း အကြီးကျယ်ဆုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်ပေသည်။ သို့ဆိုလျှင် သီးသန့်မည်သည့်အထောက်အထားကို လိုအပ်၍ နေပေသနည်း။ အထူးသဖြင့် ထိုသီးသန့်အထောက်အထား မဖြစ်ပေါ်လာခြင်းအတွင်း၌လည်း အမြော်အမြင်တော် ရှိပေသည်။ ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ်သည် အကြီးကျယ်ဆုံးသော အထောက်အထားဖြစ်ကြောင်းကို မိန့်တော်မူထားပေသည်။)

(နဗီဖြစ်ခြင်းကို အထောက်အထားပြဆိုရာ၌) ငါအသျှင်မြတ်သည် ၎င်းတို့ရှေ့ဝယ် (အမြဲတစေ) ဖတ်ကြားခြင်းခံရလျက်ရှိသော အံ့ဖွယ် (ကုရ်အာန်) ကျမ်းမြတ်ကို အသင့်အပေါ်၌ ချပေးသနားတော်မူခဲ့ခြင်းသည်ပင်လျှင် ၎င်းတို့အဖို့ (သက်သေလက္ခဏာအဖြစ်) လုံလောက်ပြီမဟုတ်ပါလော။ (အကယ်၍ တစ်ကြိမ်တစ်ခါ နားထောင်ခြင်းဖြင့် အံ့ဖွယ်အချက် မပေါ်ထွက်မူ ဒုတိယအကြိမ် နားထောင်ရာ၌ ပေါ်ထက်လာပေမည်။ သို့မဟုတ် ထိုအကြိမ်၏ နောက် ပေါ်ထွက်လာပေမည်။ အခြားသော 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များ၌ ဤအချက်သည် မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုတန်ခိုးတော်များ သဘာဝလွန်ဖြစ်ရပ်ဆန်းဖြစ်ခြင်းသည် အမြဲအစဉ်အတွက် မဟုတ်ကြောင်းမှာ ထင်ရှားလှပေသည်။ ထိုကျမ်းမြတ် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ဖြစ်ခြင်း၌ အသာပေးထားသော ဤအချက်တစ်ရပ်လည်း ရှိနေပေသေးသည်။) စင်စစ် ဤသည် (ကျမ်းမြတ်) ၌ ('မုအ်ဂျေဇာဟ်' တန်ခိုးတော်ဖြစ်ခြင်းနှင့်အတူ) အီမာန်သက်ဝင်ယုံကြည်သူတို့အဖို့ ကရုဏာတော်သည်လည်းကောင်း၊ အဆုံးအမသည်လည်းကောင်း အမှန်ပင် ရှိပေသည်။ (ကရုဏာတော်မှာ အကျိုးတရားချည်းသက်သက်သာ သက်ရောက်စေသော ပညတ်ချက်များအား ညွှန်ကြားထားခြင်းဖြစ်၍ အဆုံးအမမှာ ခြိမ်းခြောက်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်းတို့ကြောင့် ဖြစ်ပေသည်။) ဤအချက်သည် အခြားသော

'မုအ်ဂျေဇာဟ်' တန်ခိုးတော်များအတွင်း၌ အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ ထိုအသာပေးမှုတို့ကြောင့် ထိုကျမ်းမြတ်ကို တန်ဖိုးထားရမည့်အချက်ဟူ၍ မှတ်ယူကာ အီမာန်ရယူရပေမည်။)

(အကယ်၍ ထိုကဲ့သို့ ရှင်းလင်းလှစွာသော အထောက်အထားများကို ပြဆိုပြီးနောက်၌လည်း အီမာန်မရယူပါက နောက်ဆုံးအဖြေသဘောမျိုးဖြင့် အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊ အသင်တို့ မယုံကြည်ကြလည်း) အလ္လာဟ်အသျှင်မြတ်သည်ပင် (ငါနှင့် အသင်တို့၏ စပ်ကြားဝယ် (ငါကိုယ်တော် ရစူလ်ဖြစ်ကြောင်း) သက်သေအဖြစ် လုံလောက်တော်မူ၏။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိရှိသမျှ (အလုံးစုံ) တို့ကို ကောင်းစွာ သိရှိတော်မူ၏။ သို့ရာတွင် (ငါကိုယ်တော်ရစူလ်ဖြစ်ကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' အသိတော်သည် အရာရာကို လွှမ်းခြုံတော်မူကြောင်း အတည်ပြု၍ ရရှိပြီးဖြစ်သည့်နောက်) အမှားကို ယုံကြည်လက်ခံ၍ အလ္လာဟ်အသျှင်မြတ် (၏ အခိုအမိန့်များ) အား ငြင်းပယ်သောသူတို့သည်သာလျှင် (အကြင်ငြင်းပယ်မှုအတွင်း၌ ရစူလ်ဖြစ်ကြောင်းလည်း ပါဝင်ပေသည်) ဆုံးရှုံးပျက်စီးသူများ ဖြစ်ကြပေသည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်မှုကြောင့် ငါကိုယ်တော် ရစူလ်ဖြစ်ကြောင်း အတည်ပြု၍ ရရှိမှု ယင်းအချက်အား ငြင်းဆိုခြင်းသည် အလ္လာဟ်အသျှင်မြတ်အား ငြင်းဆိုခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) တော်သည် အရာရာတိုင်းအပေါ် လွှမ်းခြုံလျက်ရှိရာ ထိုအသျှင်မြတ်သည် ယင်းကဲ့သို့ ငြင်းဆိုမှုပြုသည်ကိုလည်း သိရှိတော်မူပေသည်။ အလ္လာဟ်အသျှင်မြတ်သည် သွေဖည်ငြင်းဆိုမှုအပေါ် ဆုံးရှုံးပျက်စီးစေခြင်း၏ ပြစ်ဒဏ်ကို ချမှတ်တော်မူပေသည်။ သို့ရှိရာ ဧကန်မုချ ဤကဲ့သို့သော သူတို့သည် ပျက်စီးဆုံးရှုံးမည့်သူများ ဖြစ်ပေသည်။)

(အို၊ နဗီတမန်တော်) ဧကန်စင်စစ် ၎င်းတို့သည် ပြစ်ဒဏ် (သက်ရောက်ခြင်း) နှင့် စပ်လျဉ်း၍ အသင့်ထံတွင် အလျင်စလို တောင်းဆိုကြကုန်၏။ (ချက်ချင်း ပြစ်ဒဏ်မကျရောက်လာသည့်အပေါ် အသင်၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းအပေါ် ၎င်းတို့သည် ဒွိဟသံသယနှင့် ငြင်းဆိုမှုကို ပြုကြကုန်၏။) သို့ရာတွင် အကယ်၍သာ (အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိတော်) အတွင်း၌ ပြစ်ဒဏ်ကျရောက်လာရန်အတွက်) ကာလအပိုင်းအခြားတစ်ခုသည် (ပြစ်ဒဏ်နှင့် စပ်လျဉ်း၍) သတ်မှတ်ပြီးမဖြစ်ခဲ့ပါလျှင် (၎င်းတို့၏ လိုလားတောင်းဆိုမှုနှင့်အညီ) ပြစ်ဒဏ်သည် ၎င်းတို့ထံ မုချ ဆိုက်ရောက်ခဲ့ပြီးဖြစ်ပေမည်။ စင်စစ် (သတ်မှတ်ချက်ထားရှိပြီးချိန် ရောက်ရှိလာသည်ဆိုလျှင်) ထိုပြစ်ဒဏ်သည် ၎င်းတို့ထံ ရုတ်တရက် မုချ ဆိုက်ရောက်လာမည်ဖြစ်၏။ ၎င်းတို့သည် (အလျဉ်း) သိရှိလိုက်ကြမည်ပင် မဟုတ်ပေ။

(ရှေ့၌ ယင်းသူတို့၏ အသိဉာဏ်အလိမ္မာကင်းမဲ့မှုကို ထုတ်ဖော်ရန်အတွက် ၎င်းတို့၏ အလျင်စလိုပြုမှုမှုကို အကြိမ်ကြိမ် တင်ပြကာ ပြစ်ဒဏ်သက်ရောက်မည့်အချိန်ကို သတ်မှတ်ပြီးစီးခြင်းနှင့် ထိုအချိန်အတွင်း၌ ရင်ဆိုင်လာနေမည့် ပြစ်ဒဏ်တော်အကြောင်းကို တင်ပြထားပေသည်။) ၎င်းတို့သည် အသင့်ထံတွင် ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေကြကုန်၏။ (ပြစ်ဒဏ်၏ ပုံပန်းသဏ္ဍာန်မှာ) ဧကန်မလွဲ 'ဂျဟန္နမ်'ငရဲဘုံသည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့အား (လေးဘက်လေးရံမှ) ဝန်းရံလျက်ပင် ရှိပေသည်။

အကြင်နေ့တွင် ပြစ်ဒဏ်သည် ထိုသူတို့အား ထိုသူတို့၏ အထက်မှလည်းကောင်း၊ ထိုသူတို့၏ ခြေအောက်များမှလည်းကောင်း (အဘက်ဘက်မှ) ဖုံးလွှမ်းဝန်းရံလျက် ရှိချေမည်။ ၎င်းပြင် (ထိုသူတို့အား) အသျှင်မြတ်က အသင်တို့သည် (ကမ္ဘာလောက၌) မိမိတို့ ကျင့်မူပြုလုပ်လျက်ရှိခဲ့ကြသည့် (ပြစ်မှုဒုစရိုက်) များ၏ အရသာကို (ယခုမူ) မြည်းစမ်းကြကုန်လော့'ဟု မိန့်ကြားတော်မူပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَلَا تُجَادِلُوْا اَهْلَ الْكِتٰبِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ اِلَّا الَّذِيْنَ ظَلَمُوْا

ဆိုလိုသည်မှာ ကျမ်းရသူများဖြင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံလာရသော အချိန်အခါမျိုးဝယ် သာပို ကောင်းမွန်သော ပုံပန်းသဏ္ဌာန်မျိုးဖြင့် ရင်ဆိုင်ရပေမည်။ ဥပမာ- ရုတ်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းကို နူးညံ့သိမ်မွေ့စွာဖြင့် တုန့်ပြန်ရမည်ဖြစ်ကြောင်း၊ ဒေါသကို သည်းခံခွင့်လွှတ်မှုဖြင့် တုန့်ပြန်ရမည်ဖြစ်ကြောင်း၊ အသိဉာဏ်အလိမ္မာကင်းမဲ့စွာ ဟစ်အော်ဆူညံမှုကို တုန့်ပြန်ရာ၌ တည်ငြိမ်အေးချမ်းသော စကားရပ်မျိုးဖြင့် ပြန်လည်ဖြေကြားရမည် ဖြစ်သည်။

اِلَّا الَّذِيْنَ ظَلَمُوْا

(သို့ရာတွင် ၎င်းတို့အနက် တရားလွန်ပြုမူပြောဆိုလာသော သူတို့နှင့်မူ။) *[၂၉ း ၄၆]*

အသင်၏ ငြိမ်းချမ်းသော တရားကား၊ နူးညံ့သိမ်မွေ့သော စကားရပ်နှင့် ရှင်းလင်းလှစွာသော အထောက်အထားများ တင်ပြနိုင်းယှဉ်မှုကို ပြုလာချိန်ဝယ် ၎င်းတို့သည် မျက်ကန်းမျိုးချစ်ပမာ ဖွတ်အတင်း ပုံစံမျိုးကို အသုံးပြုလာသည်ဆိုလျှင် ထိုကျေးဇူးတရားနှင့် ထိုက်တန်တော့မည်မဟုတ်ပေ။ သို့သာမက ဤကဲ့သို့သော သူများအား အဖြေပေးလျှင် ပိုင်ပေသည်။ ၎င်းတို့၏ မကောင်းလိုလားမှုကို မကောင်းမှု၏ အသွင်သဏ္ဌာန်ဖြင့်လည်းကောင်း၊ မတရားမှုကို မတရားမှုဖြင့် မပေးရန်သည် ဤအထက်ဖော်ပြပါ အချိန်၌ လည်း သာပို၍သာ ကောင်းမွန်နေပေသည်။ သို့သာမက ရုတ်ရင်းကြမ်းတန်းမှုကို ပြေလည်ကျစ်လစ်စွာ ဖြင့်လည်းကောင်း၊ မတရားသမှုကို တုန့်ပြန်ဖြေကြားရာ၌ တရားမျှတမှုကို ထုတ်ဖော်ပြသရပေမည်။ ပမာ ဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်တစ်ပုဒ်အတွင်း၌ ယင်းအချက်အား ရှင်းလင်းစွာဖြင့် မိန့်မြွက်ထားပေသည်။

وَاِنْ عَاقَبْتُمْ فَعَاقِبُوْا بِمِثْلِ مَا عُوْقِبْتُمْ بِهٖ وَلَئِنْ صَبَرْتُمْ لَهُوَ خَيْرٌ لِّلصّٰبِرِيْنَ

၎င်းပြင် အကယ်၍ အသင်တို့သည် တုန့်ပြန်လက်စားချေလိုခဲ့ကြသည်ရှိသော် မိမိတို့အား ဒုက္ခပေး ခြင်း ခံကြရသည်နှင့် ညီတူညီမျှပင် တုန့်ပြန်လက်စားချေကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် သည်းခံခဲ့ကြပါလျှင် ဧကန်မလွဲ ယင်းသည်းခံမှုသည် သည်းခံခြင်းတရား ထားရှိကြသူတို့အဖို့ အကောင်းဆုံး ပင် ဖြစ်၏။ *[၁၆ း ၁၂၆]*

ဤအာယသ်တော်အတွင်း၌ ကျမ်းရသူများနှင့် အခြေအတင်ပြောဆိုရာ၌ မွန်ရည်စွာဖြင့် ပြန်လည်တုန့်ပြန်ရန် နည်းလမ်းကို ညွှန်ပြထားပေသည်။ ဤအချက်သည်ပင်လျှင် 'စူရာဟ်နဟလ်' (ပျားပိတုန်းကောင်) ကဏ္ဍ၌ မုရှ်ရစ်က် (တုဖက်နိုင်းယှဉ်သူများ) နှင့် စပ်လျဉ်း၍ လာရှိထားပေသည်။ ဤနေရာ၌ ကျမ်းရပုဂ္ဂိုလ်များအား အထူးပြုကာ သုံးနှုန်းထားရခြင်းအကြောင်းမှာ နောက်၌ လာလျက်ရှိသော ၎င်းတို့ပြောဆိုသည့် စကားရပ်ကြောင့် ဖြစ်ပေသည်။ အကြောင်းမှာ 'ကျွန်ုပ်တို့နှင့် အသင်တို့၏ သာသနာကြားဝယ် များစွာသော အချက်များသည် ပူးတွဲဖက်စပ်ကာ ပါဝင်လျက်ရှိနေပေသည်။ အသင်တို့ သေချာကျနစွာ စဉ်းစားတွေးခေါ်ကြည့်ရှုမည်ဆိုလျှင် အီမာန်နှင့် အစ္စလာမ်ကို လက်ခံရာ၌ အသင်တို့အဖို့ တားဆီး၊ ပိတ်ပင်ချက်တစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။' ပမာဆိုရသော် မိန့်မြွက်ချက် လာရှိထားသည်မှာ-

قُوْلُوْآ اٰمَنَّا بِالَّذِىْ اُنْزِلَ اِلَيْنَا وَاُنْزِلَ اِلَيْكُمْ

ထို့ပြင် အသင်တို့သည် ဤသို့ ပြောကြားကြလေကုန်။ ကျွန်ုပ်တို့သည် မိမိတို့ထံ ကျရောက်ခဲ့သည့် ကျမ်းမြတ်ကို ယုံကြည်ကြသည့်အပြင် အသင်တို့ထံတွင် ကျရောက်ခဲ့သည့် ကျမ်းဂန်တို့ကိုလည်း ယုံကြည်ကြကုန်၏။ [၂၉ : ၄၆]

ဆိုလိုသည်မှာ အသင်တို့သည် ကျမ်းရသူများအား အခြေအတင်ဆွေးနွေးသော အချိန်၌ ၎င်းတို့ကို မိမိတို့အနီး ရောက်ရှိစေရန်အတွက် ဤသို့ ပြောကြားကြလေကုန်။ ကျွန်ုပ်တို့ မွတ်စ္စလင်မ်များသည်မူ 'မိမိတို့ထံသို့ ကျွန်ုပ်တို့၏ ရစူလ်တမန်တော်၏ အကြောင်းခံဖြင့် ကျရောက်လာသော 'ဝဟီ'(ဗျာဒိတ်တော်) ကိုလည်း အီမာန်ယူပါ၏။ အသင်တို့၏ နဗီတမန်တော်များ၏ အကြောင်းခံများဖြင့် ကျရောက်လာသော 'ဝဟီ' (ဗျာဒိတ်တော်) များကိုလည်း အီမာန်ရယူပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်မှ ဆန့်ကျင်မှုပြုခြင်း၏ အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။'

ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ လက်ရှိ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီလ်' ကျမ်း၏ စာစဉ်အကြောင်းအရာများကို ထောက်ခံရန် အမိန့်ပေးထားပါ၏လော၊

ကျမ်းရသူများထံသို့ ထုတ်ပြန်ပို့ချထားသော 'သောင်ရားသ်'ကျမ်းနှင့် 'အင်န်ဂျီလ်'ကျမ်းအပေါ် မွတ်စ္စလင်မ်များ အီမာန်ယူရမည့်အကြောင်းကို 'အကြင်အချက်အလက် အကြောင်းအရာများကို အလ္လာဟ် အသျှင်မြတ်သည် ထိုကျမ်းများအတွင်း၌ ထုတ်ပြန်ပို့ချထားပေသည်။ ထိုအချက်အလက်များအပေါ် ကျွန်ုပ်တို့သည် အီမာန်ရယူကြပါသည်' ဟူသော အကျဉ်းချုပ် အီမာန်ရယူသည့် အသွင်မျိုးဆောင်သော ခေါင်းစဉ်းဖြင့် တင်ပြထားပေသည်။ ယင်းသို့ အီမာန် ရယူလိုက်ရာ လက်ရှိ 'သောင်ရားသ်'၊ 'အင်န်ဂျီလ်'ကျမ်းများရှိ အကြောင်းအရာအားလုံးအပေါ် အီမာန်ယူခြင်းသဘော မကျရောက်ပေ။ အကြင်လက်ရှိ ကျမ်းများနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော လက်ထက်တော်မှစ၍ များစွာသော ကပြောင်းကပြန်ပြုသည့်အချက်များ ရှိခဲ့ပေသည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိတိုင် ထိုကျမ်းများအတွင်း၌ ကပြောင်း

ကပြန်ပြုခြင်း၏ ကွင်းဆက်သည် ရှိလာခဲ့ပေသည်။ အီမာန်ရယူခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီစာ عليه السلام ၏အပေါ်သို့ ကျရောက်လာသော 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်း၏ စာစဉ်အကြောင်းအရာများအပေါ်၌သာ ဖြစ်သည်။ ကပြောင်းကပြန်ပြုခြင်း ခံထားရသော စာစဉ်အကြောင်းအရာများ မပါဝင်ပေ။

လက်ရှိ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းကို လုံးဝ ငြင်းဆိုမှု မပြုရသကဲ့သို့ လုံးဝ ထောက်ခံမှုကိုလည်း မပြုရမည့်အကြောင်း

ဆွဟီးဟ်ဘိုခါရီကျမ်းအတွင်း၌ ဟဇရသ်အဗူဟုရိုင်ရာဟ် رضي الله عنه သခင်ကြီးထံမှ ဤသို့ ဆင့်ပြန်ချက်လာရှိထားပေသည်။ ကျမ်းရသူများသည် 'သောင်ရားသ်'ကျမ်းနှင့် 'အင်န်ဂျီးလ်'ကျမ်းကို ၎င်းတို့၏ မူရင်းဘာသာစကား 'အိဗ်ရာနီ'စာပေစားဖြင့် ရွတ်ဖတ်လေ့ ရှိကြပေသည်။ မွတ်စ္စလင်မ်တို့အား အာရဗီဘာသာပြန်ကာ ရွတ်ဖတ်ပြကြပေသည်။ တမန်တော်မြတ် ﷺ သည် ယင်းအချက်နှင့်စပ်လျဉ်း၍ မွတ်စ္စလင်မ်တို့အား 'အသင်တို့သည် ကျမ်းရသူများအား ထောက်ခံမှုကိုလည်း မပြုလေနှင့်။ ငြင်းဆိုမှုကိုလည်း မပြုလေနှင့်။ သို့သာမက ဤသို့ အောက်ဖော်ပြပါအတိုင်း ပြောဆိုကြကုန်' ဟူ၍ ညွှန်ကြားထားပေသည်။

آمَنَّا بِالَّذِي أُنزِلَ إِلَيْنَا وَأُنزِلَ إِلَيْكُمْ

ဆိုလိုသည်မှာ 'ကျွနုပ်တို့သည် အသင်တို့၏ နဗီတမန်တော်များအပေါ် ကျရောက်ခဲ့သော 'ဝဟီ' ဗျာဒိတ်တော်များအပေါ် အကျဉ်းအားဖြင့် အီမာန်ရယူမည်ဖြစ်ကာ အသင်တို့ တင်ပြကြသော အကျယ်ချဲ့အချက်ကိုမူ ယုံကြည်ထိုက်ဖွယ် မရှိပေ။ ဤအတွက်ကြောင့် ကျွနုပ်တို့သည် ထိုသို့ ထောက်ခံငြင်းဆိုမှုတို့မှ ရှောင်လွှဲ၍ နေကြမည်ဖြစ်သည်'ဟူ၍ ဖြစ်သည်။

အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းများအတွင်း၌ အဖွင့်ရှင်များသည် ကျမ်းရပုဂ္ဂိုလ်များ၏ ဆင့်ပြန်ချက်များကို ဆင့်ပြန်ထားပေသည်။ ထိုဆင့်ပြန်ချက်များ၏ အဆင့်သည်လည်း ဤအဆင့်အတိုင်းသာလျှင် ဖြစ်ပေသည်။ ဆင့်ပြန်ရခြင်း၏ အခြေခံရည်ရွယ်ချက်သည်လည်း ထိုဖြစ်အင်၏ ရာဇဝင်သမိုင်းအရေးကိုသာ ထောက်ရှု၍ တင်ပြထားခြင်း ဖြစ်ပေသည်။ ထိုဖြစ်အင်ဆင့်ပြန်ချက်များမှ ပိုင်၏၊ မပိုင်၏ ဟူသော ပညတ်ချက်များကို မကောက်နုတ်၊ မထုတ်ယူထားပေ။ ထုတ်ယူ၍လည်း မရနိုင်ပေ။

مَا كُنتَ تَتْلُوا مِن قَبْلِهِ مِن كِتَابٍ وَلَا تَخُطُّهُ بِيَمِينِكَ إِذًا لَّارْتَابَ الْمُبْطِلُونَ

ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီအလျှင် အသင်သည် မည်သည့်ကျမ်းဂန်တစ်စုံတစ်ရာကိုမျှ မဖတ်ဖူးထားသကဲ့သို့ မရေးလည်း မရေးသားထားပေ။ သို့သာမက အသင်သည် အွမ်မီ (မရေးတတ်၊ မဖတ်တတ်သူ) တစ်ဦးမျှသာ ဖြစ်ပေသည်။ အကယ်၍ ဤသို့မဟုတ်ဘဲ အသင်သည် ရေးတတ်၊ ဖတ်တတ်သူ တစ်ဦးဖြစ်မူ လမ်းမှားနေသူတို့အဖို့ 'အသင်သည် အတိတ်ခေတ်ကျမ်းဂန်များဖြစ်သော

'သောင်ရားသ်'ကျမ်း၊ 'ဇဗူးရ်'ကျမ်း၊ 'အင်န်ဂျီးလ်'ကျမ်းတို့ကို ဖတ်ကာ ဆင့်ပြန်ထားကြောင်း ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ပြောကြားမိန့်မြွက်သော အရာများသည် အတိတ်ခေတ်ကျမ်းဂန်များမှ ကောက်နုတ်တင်ပြထားရာ 'ဝဟီ'ဗျာဒိတ်တော်' (နဗီဖြစ်ခြင်း) နှင့် ရစူလ်ဖြစ်ခြင်းသည် တစ်စုံတစ်ရာမျှမဟုတ်ကြောင်း ဟူသော စွပ်စွဲမှုတို့အား စွပ်စွဲရန် သံသယများ ပေါ်ပေါက်လာစေရန် အခွင့်အလမ်းများ ရှိလာပေမည်။

တမန်တော်မြတ် ﷺ 'အွမ်မီ'(မရေးတတ်၊ မဖတ်တတ်သူဖြစ်ခြင်း)သည် တမန်တော်မြတ် ﷺ အဖို့ အလွန် ဂုဏ်ကျေးဇူးကြီးမားခြင်းနှင့် ကြီးကျယ်သော 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ဖြစ်ခြင်း

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား နဗီနှင့် ရစူလ်တမန်တော်အဖြစ် ချီးမြှင့်လိုက်သည့်အပေါ် များစွာသော ရှင်းလင်းလှသည့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များကို ပေါ်ပေါက်စေတော်မူလိုက်ပေသည်။ ထိုတန်ခိုးတော်များထဲမှ တန်ခိုးတော်တစ်ရပ်မှာ အစကတည်းက တမန်တော်မြတ် ﷺ ကို အွမ်မီ (မရေးတတ်၊ မဖတ်တတ်သူ) အဖြစ် ထားရှိထားတော်မူခြင်းပင် ဖြစ်ပေသည်။ ကိုယ်တော်တိုင် မရေးတတ်၊ မဖတ်တတ်နိုင်သောသူ ဖြစ်ပေသည်။ ထိုအခြေအနေမျိုးဖြင့် နှစ်ပေါင်း (၄၀) မက္ကာဟ်မြို့သူ၊ မြို့သားတို့၏ ရှေ့မှောက်၌ နေထိုင်လာတော်မူပေသည်။ ကျမ်းရသူများထဲမှ တစ္စေတစောင်း နားထောင်ရလောက်အောင် မည်သည့်အခါမျှ ၄င်းတို့နှင့် ရောထွေးမှုလည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် မက္ကာဟ်မြို့၌ ကျမ်းရပုဂ္ဂိုလ်များ တစ်ဦးတစ်ယောက်မျှ မရှိပေ။ နှစ်ပေါင်း (၄၀) ပြည့်သည်နှင့် တစ်ပြိုင်နက် တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော ရွှေနှုတ်တော်မှ ဤကဲ့သို့သော မုက္ခပါဌ်တော်များကို ရွတ်ဆိုပြသလေတော့သည်။ အကြင်မုက္ခပါဌ်တော်များသည် မိမိ၏ စာစဉ်အကြောင်းအရာများနှင့် အဓိပ္ပာယ်တို့ကို ထောက်ရှု၍လည်း 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ပင် ဖြစ်ပေသည်။ စကားလုံးအရ ကာရံနဘော ပြောင်မြောက်မှုကို ထောက်ရှု၍လည်း 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ပင် ဖြစ်ပေသည်။

'တမန်တော်မြတ် ﷺ ၏ အွမ်မီး (မရေးတတ်၊ မဖတ်တတ်သူ) ဖြစ်ခြင်းသည် ကနဦးကာလက ဖြစ်၍ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ကို ရေးခြင်း၊ ဖတ်ခြင်းကို သင်ကြားပေးတော်မူလိုက်ကြောင်း'ကို အချို့သော အာလင်မ်ပညာရှင်များက အတည်ပြုပေးရန် လိုလားနေကြပေသည်။ ဟိုဒိုက်ဗီယာဖြစ်အင်၏ ဟဒီးစ်တော်တစ်ရပ်ကို အထောက်အထားဖြင့် ဆင့်ပြန် တင်ပြထားပေသည်။ အကြင်ဟဒီးစ်တော်အတွင်း၌ ဤကဲ့သို့ လာရှိထားပေသည်။

ငြိမ်းချမ်းရေးပဋိညာဉ်စာချုပ် ချုပ်ဆိုသောအခါ ထိုစာချုပ်အတွင်း၌

مِنْ مُحَمَّدٍ عَبْدِ اللّٰهِ وَرَسُوْلِه

(မင်းမ်းမိုဟမ္မဒ်ဒီးန်အဗ်ဒစ်လ်လားဟိဝရစူးလိဟ်) ဟူ၍ ဦးစွာပထမ ရေးသားထားပေသည်။ ထိုရေးသားချက်အပေါ် မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကီများက 'ကျွန်ုပ်တို့သည် အသင့်အား ရစူလ်အဖြစ် ယုံကြည်

လက်ခံမှု ဤပြဿနာသည် မည်သို့ ဖြစ်အံ့နည်း။ ထို့ကြောင့် အသင်၏ အမည်နာမနှင့်အတူ 'ရစူလ်လွလ္လာဟ်' ဟူသော စကားလုံးကို ကျွန်ုပ်တို့သည် လက်မခံကြပေ' ဟူ၍ စောဒကတက်ကြပေသည်။ ရေးသားသောသူသည် ဟဇရတ်အလီ ؓ သခင်ကြီး ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား ထိုစကားလုံးကို ဖျက်ဆီးပစ်ရန် အမိန့်ပေးလိုက်ပေသည်။ ဟဇရတ်အလီ ؓ သခင်သည် ရိုသေမှုကြောင့် အကြပ်ရိုက်ကာ ဤသို့ပြုခြင်းမှ ငြင်းဆိုလိုက်ရာ တမန်တော်မြတ် ﷺ သည် စာရွက်ကို ကိုယ်တော်တိုင် မိမိလက်တော်ဖြင့် ယူ၍ ဖျက်ရမည့်စကားလုံးကို ဖျက်ကာ مِنْ مُحَمَّدِ عَبْدِ اللهِ 'မင်းမ်မုဟမ်မဒစ်ဗ်နေအဗ်ဒစ်လ်လာဟ်' ဟူသော စကားလုံးတော်များကို ရေးသားတော်မူလိုက်ပေသည်။

အထက်ဖော်ပြပါ ဆင့်ပြန်ချက်၌ ရေးသားခြင်းသည် တမန်တော်မြတ် ﷺ ၏ဘက်သို့ ဆက်နွယ်ကာ ပါရှိထားပေသည်။ အကြင်ကဲ့သို့ ဆက်နွယ်မှုကြောင့် အချို့သော ပညာရှင်များသည် 'တမန်တော်မြတ် ﷺ ရေးတတ်တော်မူကြောင်း' ကို အထောက်အထားအဖြစ် ရယူထားကြပေသည်။ သို့ရာတွင် မှန်ကန်သော အချက်မှာ ဤသို့ပင် ဖြစ်သည်။ အခြားတစ်ဦးတစ်ယောက်ကို ရေးခိုင်းခြင်းကိုလည်း အများသုံးနှုန်းသော ဝေါဟာရ၌ ကာယကံရှင်ကိုယ်တိုင် ရေးသည်ဟူ၍ပင် ယူဆကြပေသည်။ ထို့ပြင် 'ယင်းဖြစ်အင်၌ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ပုံစံဖြင့် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား နာမတော်ကို ရေးသားတော်မူခိုင်းခြင်း'လည်း ဖြစ်နိုင်ပေသည်။ တစ်ဖန် မိမိအမည်၏ စကားလုံးအချို့ကို ရေးသားခြင်းဖြင့် တစ်ဦးတစ်ယောက်ကို ရေးတတ်၊ ဖတ်တတ်သည်ဟူ၍ မပြောဆိုနိုင်ပေ။ ၎င်းအား မရေးတတ်၊ မဖတ်တတ်သူဟူ၍သာ ခေါ်ဆိုကြပေသည်။ ရေးလေ့ရေးထမရှိဘဲ အထောက်အထားမဲ့ တမန်တော်မြတ် ﷺ ရေးသားတော်မူခြင်း၏ဘက်သို့ ဆက်နွယ်ခြင်းသည် တမန်တော်မြတ် ﷺ မွန်မြတ်ခြင်းကို အတည်ပြု၍ မရရှိပေ။ သေချာဂနစွာ စဉ်းစားတွေးခေါ်ကြည့်ရှုမည်ဆိုလျှင် ကြီးမားသော ဂုဏ်သရေ မြင့်မားမှုသည် 'မရေးတတ်၊ မဖတ်တတ်သောသူ' အဖြစ်နှင့် တည်ရှိခြင်း၌ ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يٰعِبَادِيَ الَّذِيْنَ اٰمَنُوْٓا اِنَّ اَرْضِيْ وَاسِعَةٌ فَاِيَّايَ فَاعْبُدُوْنِ ﴿٥٦﴾

၂၉ : ၅၆ ။ ။ အို, မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော ငါအသျှင်မြတ်၏ ကျွန်အပေါင်းတို့၊ ငါအသျှင်မြတ်၏ ကမ္ဘာမြေသည် လွန်စွာ ကျယ်ဝန်းလှပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ۗ ثُمَّ اِلَيْنَا تُرْجَعُوْنَ ﴿٥٧﴾

၂၉ : ၅၇ ။ ။ သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်သာ (ဖြစ်၏။) ထို့နောက် အသင်တို့သည် ငါအသျှင်မြတ်ထံတော်သို့ပင် ပြန်လည် ပို့ဆောင်ခြင်းကို ခံကြရပေမည်။

وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُبَوِّئَنَّهُم مِّنَ الْجَنَّةِ غُرَفًا تَجْرِي مِن
تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ نِعْمَ أَجْرُ الْعَامِلِينَ ﴿٥٨﴾

၂၉ : ၅၈ ။ ။ သို့ရာတွင် အီမာန်သက်ဝင် ယုံကြည်ကြပြီး ကောင်းမြတ်သည့် အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော အကြင်သူတို့မှာမူ အမှန်ပင် ငါအသျှင်မြတ်သည် ထိုသူတို့အား 'ဂျန္နသ်' သုခဘုံ၌ မြင့်စွင့်လှစွာသော အဆောင်များတွင် နေရာချပေးတော်မူမည်။ ယင်းအဆောင်များ၏ အောက်၌ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ (၄င်းတို့သည်) ယင်းအဆောင်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြပေမည်။ (ပင်ပန်းကြီးစွာ) လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော သူ(တော်ကောင်း) တို့၏ အကျိုးသည် လွန်စွာ ကောင်းမြတ်လှပေသည်။

الَّذِينَ صَبَرُوا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٥٩﴾

၂၉ : ၅၉ ။ ။ အကြင် (ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော) သူတို့သည် (မုရှ်ရစ်က်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်း၊ ဟီဂျ်ရသ်ပြု ပြောင်းရွှေ့ခြင်း အစရှိသည့် အခက်အခဲ၊ ဘေးအန္တရာယ်ပေါင်းစုံတို့အပေါ်၌) သည်းခံတရား ထားရှိခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ်၌ ယုံပုံလွှဲအပ်ကြကုန်၏။

وَكَأَيِّن مِّن دَابَّةٍ لَّا تَحْمِلُ
رِزْقَهَا اللَّهُ يَرْزُقُهَا وَإِيَّاكُمْ ۚ وَهُوَ السَّمِيعُ الْعَلِيمُ ﴿٦٠﴾

၂၉ : ၆၀ ။ ။ စင်စစ် မြောက်မြားစွာသော တိရစ္ဆာန်တို့မှာ မိမိတို့၏ စားနပ်ရိက္ခာကို သယ်ပိုးထားကြသည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ၄င်း (တိရစ္ဆာန်) တို့ကိုလည်းကောင်း၊ အသင်တို့ကိုလည်းကောင်း စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် အလုံးစုံတို့ကို အကြွင်းမဲ့ ကြားတော်မူသော၊ အလုံးစုံတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَسَخَّرَ الشَّمْسَ وَالْقَمَرَ
لَيَقُولُنَّ اللَّهُ ۖ فَأَنَّىٰ يُؤْفَكُونَ ﴿٦١﴾

၂၉ : ၆၁ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ထိုသူတို့အား 'မည်သူသည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်း၍ ထိုနည်းတူစွာ 'နေ'၊ 'လ' တို့ကိုလည်း မည်သူသည် ပိုင်နိုင်စွာ ခိုင်းစေသနည်း' ဟု မေးမြန်းခဲ့ပါလျှင် ၄င်းတို့က 'အလ္လာဟ်အသျှင်မြတ်' ဟူ၍ပင် ဧကန်မလွဲ ပြောဆိုကြပေမည်။ သို့ပါလျက် ၄င်းတို့သည် (အလ္လာဟ်အသျှင်မြတ် တစ်ဆူတည်း ဖြစ်တော်မူကြောင်းကို ယုံကြည်လက်ခံခြင်း မပြုဘဲ) အဘယ်သို့ လှည့်သွားကြကုန်သနည်း။

اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ لَهٗ ۭ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿٦٢﴾

၂၉ : ၆၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား တိုင်းထွာ၍ ပေးတော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَئِنْ سَاَلْتَهُمْ مَّنْ نَّزَّلَ مِنَ السَّمَآءِ مَآءً فَاَحْيَا بِهِ الْاَرْضَ مِنْۢ بَعْدِ مَوْتِهَا لَيَقُوْلُنَّ اللّٰهُ ۭ قُلِ الْحَمْدُ لِلّٰهِ ۭ بَلْ اَكْثَرُهُمْ لَا يَعْقِلُوْنَ ﴿٦٣﴾

၂၉ : ၆၃ ။ ။ ထိုနည်းတူစွာ (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ၎င်းတို့အား (အချင်းတို့) 'မည်သူသည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေသနည်း။ တစ်ဖန် သေပြီးသော (တစ်နည်း) ခြောက်သွေ့လျက်ရှိပြီးနောက် ပထဝီမြေကို ထိုမိုးရေဖြင့် မည်သူရှင်စေခဲ့သနည်း။ (တစ်နည်း) စိမ်းလန်းစိုပြေခဲ့သနည်း' ဟု မေးမြန်းခဲ့ပါလျှင်လည်း ၎င်းတို့သည် 'အလ္လာဟ်အသျှင်မြတ်' ဟူ၍ ဧကန်မလွဲ ပြောဆိုကြပေမည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ချီးမွမ်းထောမနာအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။' သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မှာမူ အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ မုအ်မင်န်သက်ဝင်ယုံကြည်ကြကုန်သော ငါအသျှင်မြတ်၏ ကျွန်အပေါင်းတို့၊ (ဤသူတို့သည် အဆုံးစွန်သော ရန်ငြိုး၊ ရန်စွယ်ထားမှုကြောင့် အသင်တို့အား သာသနာတော် တည်ထောင်ခြင်းနှင့် ရွေးချယ်ခြင်းအပေါ် ဒုက္ခပေးလျက် ရှိနေကြရာ ဤနေရာ၌ နေထိုင်ရန် အဘယ်ကြောင့် အရေးကြီးနေသနည်း။) ငါအသျှင်မြတ်၏ ကမ္ဘာမြေသည် လွန်စွာ ကျယ်ဝန်းလှပေသည်။ သို့ဖြစ်ပေရာ (အကယ်၍ ဤနေရာ၌ နေထိုင်ကာ ခဝပ်ကိုးကွယ်မှုကို မပြုနိုင်ပါမူ အခြားတစ်နေရာသို့ ပြောင်းရွှေ့ကြကုန်။ ထိုနေရာသို့ ပြောင်းရွှေ့ကာ) အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။ (အကြောင်းမှာ ဤအရပ်ဒေသ၌ မုရှ်ရစ်က်တို့၏ အင်အားသည် ကောင်းနေပေသည်။ သို့ဆိုလျှင် သီးသန့် 'သောင်ဟီးဒ်' တရားနှင့် 'ရှရစ်က်' (တုဖက်နိူင်းယှဉ်ခြင်း) မှ ကင်းလွတ်စေသော ခဝပ်ကိုးကွယ်မှုကို ဤအရပ်ဒေသ၌ ပြုကျင့်ရန် ခဲယဉ်းလှပေသည်။ သို့သာမက အလ္လာဟ်အသျှင်မြတ်နှင့်အတူ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ခဝပ်ကိုးကွယ်ရန်သည် ဖြစ်နိုင်ပေသည်။ သို့ရာတွင် ထိုကဲ့သို့ ခဝပ်ကိုးကွယ်ခြင်းသည် ခဝပ်ကိုးကွယ်ခြင်း၏ အရာပင် မရောက်ပေ။ အကယ်၍ အသင်တို့သည် 'ဟီဂျ်ရသ်' ပြု ပြောင်းရွှေ့ရာ၌

မိတ်ဆွေများနှင့် မွေးရပ်ဌာနေတို့ကို စွန့်ခွာရန် ခက်ခဲမှုဟူ၍ မှတ်ယူထားကြမှု တစ်ရက်မဟုတ်၊ တစ်ရက် ဤသို့ ခွဲခွာမှု ဖြစ်လာပေမည်ကို နားလည်သတိပြုပါ။ အဘယ်ကြောင့်ဆိုသော်) သက်ရှိသတ္တဝါတိုင်းသည် (ကေန်မုချ) သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်သာ (ဖြစ်၏။ နောက်ဆုံး ထိုအချိန်တွင် အားလုံးသော အရာများအား စွန့်လွှတ်လိုက်ရပေမည်။) ထို့နောက် အသင်တို့သည် ငါအသျှင်မြတ်ထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်း ကို ခံကြရပေမည်။ (ဖီဆန်မှုပြုထားသော အဖြစ်မျိုးနှင့် လာရောက်သည်ဆိုလျှင် ပြစ်ဒဏ်ခံထိုက်ဖွယ်ရာ စိုးရိမ်မှုမျိုး ရှိပေသည်။

သို့ရာတွင် (ဤသို့ ခွဲခွာမှုသည် အကယ်၍ ငါအသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက်ဖြစ်မူ ငါအသျှင်မြတ်ထံတော်ပါးသို့ ရောက်ရှိပြီးနောက် ဤဖော်ပြပါကတိနှင့် ထိုက်တန်သောသူ ဖြစ်ရှိသွားပေမည်။ ထိုကတိစကားမှာ ဤသို့ပင် ဖြစ်သည်။) အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော အကြင်သူတို့မှာမူ (အချို့သော အချိန်အခါမျိုး၌ ကောင်းမြတ်သော အကျင့်သီလတို့သည် 'ဟီဂ်ျရသ်' (ပြောင်းရွှေ့ခြင်း) အပေါ် မူတည်နေပေသည်။ သို့ရှိရာ ဤကဲ့သို့သော အချိန်အခါမျိုး၌ 'ဟီဂ်ျရသ်'(ပြောင်းရွှေ့မှု) ကိုလည်း ပြုကြပေသည်။) အမှန်ပင် ငါအသျှင်မြတ်သည် ထိုသူတို့အား 'ဂျန္နသ်'သုခဘုံ၌ မြင့်စွင့်လှစွာသော အဆောင်များတွင် နေရာချပေးတော်မူမည်။ ယင်းအဆောင်များ၏ အောက်၌ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ (၎င်းတို့သည်) ယင်းအဆောင်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြပေမည်။ (ပင်ပန်းကြီးစွာ) လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသောသူ (တော်ကောင်း) တို့၏ (ကုသိုလ်) အကျိုးသည် လွန်စွာ ကောင်းမြတ်လှပေသည်။

အကြင် (ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော) သူတို့သည် (မုရှ်ရစ်က်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်း၊ 'ဟီဂ်ျရသ်'ပြု ပြောင်းရွှေ့ခြင်း အစရှိသည့် အခက်အခဲ၊ ဘေးအန္တရာယ်ပေါင်းစုံတို့အပေါ်၌) သည်းခံတရား ထားရှိခဲ့ကြကုန်၏။ ထို့ပြင် (အခြားသော တိုင်းပြည်၊ မြို့ရွာများသို့ ပြောင်းရွှေ့ချိန်၌ ဒုက္ခခက်ခဲမှုတို့နှင့် ရင်ဆိုင်ရကိန်း ရှိတတ်ပေသည်။ အကြင်အမှုကိစ္စများနှင့် စပ်လျဉ်း၍လည်း) ၎င်းတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ်၌ ယုံပုံလွှဲအပ်ကြကုန်၏။

စင်စစ် (အကယ်၍ ဟီဂ်ျရသ်ပြု ပြောင်းရွှေ့ရာ၌ အသင်တို့သည် 'တိုင်းတစ်ပါး၌ စားသုံးရန် မည်သည့်နေရာမှ ရရှိပေမည်နည်း'ဟူ၍ သို့လောသို့လော စိတ်များ ပေါ်ပေါက်လာမည်ဆိုလျှင် ဤသို့မှတ်ယူကြကုန်။) မြောက်မြားစွာသော တိရစ္ဆာန်တို့မှာ မိမိတို့၏ စားနပ်ရိက္ခာကို သယ်ပိုးထားကြသည် မဟုတ်ပေ။ ဆိုလိုသည်မှာ အချို့အခြားသော တိရစ္ဆာန်များသည် စုဆောင်းထားနေလင့်ကစား များစွာသော တိရစ္ဆာန်များသည် မစုဆောင်းထားကြပေ။) အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ၎င်း (တိရစ္ဆာန်) တို့ကိုလည်းကောင်း၊ (အသင်တို့ မည်သည့်အရပ်ဒေသ၌မဆို ရှိနေစေကာမူ) အသင်တို့ကိုလည်းကောင်း (သတ်မှတ်ထားပြီးဖြစ်သော) စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ (သို့ဆိုလျှင် ဤကဲ့သို့သော သို့လော၊ သို့လော စိတ်များကို မတွေးနေလေနှင့်။ သို့သာမက စိတ်ဓါတ်ကို ကြံ့ခိုင်စွာထားကာ အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားကိုးမှုကို ပြုကြကုန်။) စင်စစ် (ထိုအသျှင်မြတ်သည် ယုံပုံအပ်နှင်းခြင်းခံရခြင်းနှင့် ထိုက်တန်

တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် အလုံးစုံတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အလုံးစုံတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ဤကဲ့သို့ပင် အခြားသော ဂုဏ်တော်များနှင့် ပြီးပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ အကြင်အသျှင်မြတ်သည် ဤကဲ့သို့ ဂုဏ်တော်များနှင့် ပြီးပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်သည်ဆိုလျှင် မုချ ယုံပုံအပ်နှင်း၊ အားကိုးထိုက်တော်မူသော အသျှင်မြတ်ပင် ဖြစ်ပေမည်။

(ခဝပ်ကိုးကွယ်ခြင်းခံထိုက်ရာ၌ တစ်ပါးတည်းဖြစ်တော်မူခြင်း၏ အခြေခံမူတည်ချက်ဖြစ်သော (တစ်နည်း) ဖန်ဆင်းမွေးမြူတော်မူရာ၌ တစ်ပါးတည်းဖြစ်တော်မူသော အချက်သည် ၎င်းတို့ထံ၌လည်း လက်ခံထားပြီးဖြစ်သော အချက် ဖြစ်ပေသည်။) စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ထိုသူတို့အား 'မည်သူသည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်း၍ ထိုနည်းတူစွာ နေ၊ လတို့ကိုလည်း မည်သူသည် ပိုင်နိုင်စွာ ခိုင်းစေသနည်း'ဟု မေးမြန်းခဲ့လျှင် ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ်'ဟူ၍ပင် ဧကန်မလွဲ ပြောဆိုကြပေမည်။ သို့ပါလျက် (ဖန်ဆင်းမွေးမြူရာ၌ တစ်ပါးတည်းဖြစ်တော်မူသော အချက်ကို လက်ခံပါလျက် ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ၌ တစ်ပါးတည်း ဖြစ်ခြင်းအချက်နှင့် စပ်လျဉ်း၍) ၎င်းတို့သည် မည်သို့ လှည့်သွားကြကုန်သနည်း။

(ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသကဲ့သို့ စားနပ်ရိက္ခာ ကျွေးမွေးတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ဖြစ်တော်မူ၏။) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား တိုင်းထွာ၍ ပေးတော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ကြောင်းကျိုးတရားကို ထောက်ရှု၍ လိုက်လျောညီထွေစွာ ချီးမြှင့်ပေးသနားတော်မူပေသည်။ အချုပ်မှာ စားနပ်ရိက္ခာချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်ပင် ဖြစ်တော်မူသည့် အတွက်ကြောင့် 'ဟီဂျ်ရသ်'ကြောင့် စားနပ်ရိက္ခာ၏ ပူပန်ချက်သည် အဟန့်အတားမဖြစ်သင့်ပေ။)

ထိုနည်းတူစွာ (စကြဝဠာကြီးအား ဖန်ဆင်းရာ၌ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းဖြစ်ကြောင်းကို ၎င်းတို့ လက်ခံထားသကဲ့သို့ စကြဝဠာကြီးအား ဆက်လက်တည်တံ့စေခြင်းနှင့် စီမံကိန်းကို ရေးဆွဲရာ၌လည်း တစ်ပါးတည်းဖြစ်ကြောင်းကိုလည်း ယုံကြည်လက်ခံကြပေသည်။ သို့ရှိရာ အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ၎င်းတို့အား (အချင်းတို့) မည်သူသည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေသနည်း။ တစ်ဖန် သေပြီးသော (တစ်နည်း) ခြောက်သွေ့လျက် (ရှိပြီးနောက် သစ်ပင်ပန်းမံများ ပေါက်ရောက်ရှင်သန်နိုင်စွမ်း မရှိသည့် မြေ) ကို ထိုမိုးရေဖြင့် မည်သူရှင်စေခဲ့သနည်း။ (ရှင်သန်ပေါက်ရောက်နိုင်စွမ်းရှိသော မြေ၊ တစ်နည်း) စိမ်းလန်းစိုပြေစေခဲ့သနည်း'ဟု မေးမြန်းခဲ့ပါလျှင်လည်း ၎င်းတို့သည် 'အလ္လာဟ်အသျှင်မြတ်ဟူ၍ ဧကန်မလွဲပြောဆိုကြပေမည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ချီးမွမ်းထောပနာအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်

မူ၏။ (ဤမျှခန့် အချက်ကိုမူ ဝန်ခံကြပေသည်။ အကြင်ခံဝန်ချက်မှ ခဝပ်ကိုးကွယ်ခြင်းခံထိုက်မှု၌ တစ်ပါးတည်း တည်ရှိကြောင်းအပေါ် အထောက်အထားဖြင့် ရယူရာ၌လည်း ရိုးရှင်းလှပေသည်။ သို့ရာတွင် ဤသူတို့သည် ယုံကြည်သောသူများ မဟုတ်ကြပေ။) သို့သာမက (ထို့ထက်သာပို၍) ၎င်းတို့အနက် အများဆုံးသောသူတို့မှာမူ အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြသည်မဟုတ်ပေ။ (အသိဉာဏ်မရှိခြင်း မဟုတ်ဘဲ အသိဉာဏ်ကို စဉ်းစားဆင်ခြင်ကာ အသုံးမချခြင်း ဖြစ်သည်။ ထို့ကြောင့် ရိုးရှင်းသော အချက်သည်လည်း တိမ်မြုပ်နေပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်အစမှ ယခုနေရာအထိတိုင် မွတ်စ္စလင်မ်များအား ကာဖိရ်များ၏ ဘက်မှ ရန်ငြိုးရန်စွယ်ထားခြင်း၊ 'သောင်ဟီးဒ်'(တစ်ပါးတည်း တည်ရှိခြင်း) နှင့် 'ရိစာလသ်' (တမန်တော်မြတ် ﷺ ရစူလ်ဖြစ်ခြင်းကို စဉ်တိုက်ဆက်တိုက် ငြင်းဆိုမှု၊ အမှန်တရားနှင့် အမှန်သမားတို့၏ လမ်းစဉ်၌ အမျိုးမျိုးသော အဟန့်အတား၊ အနှောင့်အယှက်များ ရှိခြင်းအကြောင်းကို တင်ပြထားပေသည်။ ယခု တင်ပြလျက်ရှိသော အာယသ်တော်များအတွင်း၌ မွတ်စ္စလင်မ်များအဖို့ ၎င်းတို့၏ ဆိုးသွမ်းမှုမှ ရှောင်ရှားရန်၊ အမှန်တရားကို ဖြန့်ဖြူးရန်နှင့် အမှန်တရားနှင့် တရားမျှတမှုကို ကမ္ဘာလောက၌ တည်တံ့စေရန် စီမံချက်တစ်ရပ်၏ အကြောင်းကို တင်ပြထားပေသည်။ အကြင်စီမံချက်၏ သာသနာရေးဆိုင်ရာ အသုံးအနှုန်းဝေါဟာရ၏ အမည်မှ 'ဟီဂျ်ရသ်'ဖြစ်ပေသည်။ ဆိုလိုသည်မှာ မွေးရပ်နှင့် တိုင်းပြည်ကို စွန့်လွှတ်ထွက်ခွာခြင်း ဖြစ်ပေသည်။ အကြင်ကဲ့သို့ စွန့်လွှတ်ထွက်ခွာသွားရာ၌ လူသားသည် အမှန်တရားနှင့် ဆန့်ကျင်စွာ ပြောဆိုပြုမူခြင်းအပေါ် ကြပ်မတ်ပြုမူခြင်းကို ခံရပေသည်။

'ဟီဂျ်ရသ်' ပြုခြင်း၏ အမိန့်လမ်းစဉ်နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည်ဖြစ်သော သံသယများအား ဖြေရှင်းမှု

اِنَّ اَرْضِىْ وَاسِعَةٌ فَاِيَّاىَ فَاعْبُدُوْنِ

ငါအသျှင်မြတ်၏ ကမ္ဘာမြေသည် လွန်စွာ ကျယ်ဝန်းလှပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ဆည်းကပ် ကိုးကွယ်ကြလေကုန်။ *[၂၉ : ၅၆]*

ထို့ကြောင့် တစ်ဦးတစ်ယောက်၏ 'မည်သည့်မြို့၊ မည်သည့်တိုင်းပြည်၌ ကာဖိရ်များ လွှမ်းမိုးလျက်ရှိနေခြင်းကြောင့် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်း၊ 'သောင်ဟီးဒ်'တရားနှင့် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန် အကြပ်ကိုင်ခြင်းခံရလျက် ရှိနေသည်'ဟူသော အကြောင်းပြချက်သည် ကြားနာထိုက်ဖွယ် မဟုတ်ပေ။ ၎င်းသည် ထို 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုခြင်း) နှင့် ပြစ်မှုဒုစရိုက်များ

ပြည့်နှက်နေသော မြေအရပ်ကို အလ္လာဟ်အသျှင်မြတ်အတွက် စွန့်လွှတ်သင့်ပေသည်။ ထို့နောက် လွတ်လပ်စွာဖြင့် အလ္လာဟ်အသျှင်မြတ်အား ကိုယ်တိုင်လည်း ခဝပ်ကိုးကွယ်မှုပြုကာ အခြားသူတို့အားလည်း ညွှန်ပြနိုင်သော အရပ်ဒေသကို ရှာဖွေသင့်ပေသည်။ ထိုအချက်အကြောင်းအရာ၏ အမည်ပင် 'ဟီဂျ်ရသ်' ဖြစ်ပေသည်။

မွေးရပ်ဌာနေမှ ပြောင်းရွှေ့ကာ အခြားတစ်နေရာသို့ သွားရောက်ရာ၌ နှစ်မျိုးနှစ်စားသော ပူပန်ချက်ကို ဓလေ့သဘာဝအရ လူသားတို့အဖို့ ရင်ဆိုင်ရတတ်ပေသည်။ အကြင်အချက်သည် ၎င်းအား 'ဟီဂျ်ရသ်' ပြုခြင်းမှ တားမြစ်ထားပေသည်။ ပထမစိုးရိမ်ဖွယ်အချက်မှာ အသက်အန္တရာယ်ဖြစ်ပေသည်။ မွေးရပ်ဌာနေကို စွန့်လွှတ်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားသော အခါဝယ် ဌာနေ၌ ကျန်ရစ်ခဲ့သော ကာဖိရ်များနှင့် ဆိုးသွမ်းသူများသည် လမ်း၌ အဟန့်အတား အတားအဆီးသဖွယ် ဖြစ်ပေလိမ့်မည်။ တိုက်ခိုက်၊ သတ်ဖြတ်ရန်အတွက် အသင့်ပြုလုပ်ကြပေလိမ့်မည်။ ထို့အပြင် လမ်း၌ အခြားသော ကာဖိရ်များနှင့်လည်း တွေ့ရှိကာ တိုက်ခိုက်ကောင်း တိုက်ခိုက်ကြပေလိမ့်မည်။ အကြင်ကဲ့သို့ တိုက်ခိုက်ရာ၌ အသက်အန္တရာယ်ရှိတတ်ပေသည်။ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေကို ရှေ့အာယသ်တော်၌ ဤသို့ ပေးထားပေသည်။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ

သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်သာ ဖြစ်၏။

[၂၉ ፡ ၅၇]

အကြင်သေခြင်းတရားမှ မည်သူတစ်ဦးတစ်ယောက်အဖို့ မည်သည့်နေရာ၊ မည်သည့်အခြေအနေ၌ မဆို ရှောင်ပြေး၍ မရပေ။ ထို့ကြောင့် သေခြင်းတရားအား ကြောက်ရွံ့ခြင်းသည် မုအ်မင်န်တို့၏ အလုပ်မဖြစ်သင့်ပေ။ ထိုသေခြင်းတရားသည်မူ လူတိုင်းထံ အခြေအနေတိုင်း၌ ရောက်ရှိလာပေလိမ့်မည်။ မိမိနေရာ၌ အဘယ်မျှခန့်ပင် ကာကွယ်ရန် အချက်အလက်များကို ပြုမူထားနေလင့်ကစား ရောက်ရှိလာပေလိမ့်မည်။ မုအ်မင်န်တို့သည် 'အလ္လာဟ်အသျှင်မြတ် သက်မှတ်ထားသော အချိန်ထက်အလျင် သေခြင်းတရားမဆိုက်ရောက်နိုင်ကြောင်း' ဟူ၍လည်း ယုံကြည်ချက် ထားရှိကြပေသည်။ ထို့ကြောင့် မိမိတို့၏ အရပ်ဒေသ၌ နေထိုင်သည်ဖြစ်စေ၊ သို့မဟုတ် ပြောင်းရွှေ့ကာ အခြားဒေသသို့ သွားရောက်သည်ဖြစ်စေ၊ သေခြင်းတရားအား ကြောက်ရွံ့ခြင်းသည် အဟန့်အတားမဖြစ်တန်ကောင်းရာ။ အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံလျက် သေခြင်းတရား ဆိုက်ရောက်လာခြင်းသည် ၎င်း 'အာခေရသ်' ၌ ထာဝစဉ် သက်တောင့်သက်သာရေးများနှင့် စည်းစိမ်တော်များ ရရှိခြင်း၏ အကြောင်းခံ ဖြစ်ပေလိမ့်မည်။ ၎င်းစည်းစိမ်များ အကြောင်းကို ၎င်း၏နောက် အာယသ်တော်နှစ်ပိုဒ်၌ တင်ပြထားပေသည်။

'ဟီဂျ်ရသ်' ပြုခြင်းလမ်းစဉ်၌ ဒုတိယရင်ဆိုင်ရမည်ဖြစ်သော ပူပန်ဖွယ်အချက်မှာ အခြားဌာနေနှင့် အခြားတိုင်းပြည်၌ သွားရောက်ကာ စားနပ်ရိက္ခာကိစ္စကို မည်သို့ ပြုရပေမည်နည်း။ မိမိတို့နေထိုင်ရာ အရပ်ဒေသ၌မူ ဘိုးဘွားဘီဘင်တို့၏ အမွေပစ္စည်းအချို့ဖြင့်သော်လည်းကောင်း၊ မိမိကိုယ်ပိုင် ရှာဖွေခြင်း

ဖြင့်သော်လည်းကောင်း လူသားသည် မြေပိုင်ယာပိုင်အချို့ သို့မဟုတ် လက်မှုအတတ်ပညာနှင့် ရောင်းဝယ်ဖောက်ကားခြင်း အစရှိသည်တို့ဖြင့် စီမံမှုပြုနိုင်ပေသည်။ ဟီဂျ်ရယ်ပြုပြောင်းရွှေ့ချိန်၌ ဤအရာများအားလုံးကို ဤနေရာ၌မှာပင် ချန်ထားရစ်ခဲ့ရပေသည်။ ရှေ့ခရီး၌ ဝမ်းစာရှာဖွေရေးကို မည်သို့ ပြုရပေမည်နည်း။ ထိုအချက်နှင့် စပ်လျဉ်းသော အဖြေကို နောက်ပိုင်းအာယသ်တော် (၃) ပိုဒ်၌ ဤသို့ ပေးထားပေသည်။

'အသင်တို့သည် ထိုရရှိပြီးဖြစ်သော ပစ္စည်းဥစ္စာများကို စားနပ်ရိက္ခာ၏ အကြောင်းခံနှင့် လုံလောက်သော အမှီသဟဲဖြင့် သတ်မှတ်ထားခြင်းသည် အသင်တို့၏ မေ့လျော့မှုပင်ဖြစ်သည်။ စားနပ်ရိက္ခာ ချီးမြှင့်တော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်ပေရာ၊ ထိုအသျှင်မြတ်သည် လိုလားတော်မူသည်ဆိုလျှင် ပြင်ပအကြောင်းခံတစ်စုံတစ်ရာမျှ မပါဘဲ စားနပ်ရိက္ခာကို ချီးမြှင့်နိုင်စွမ်း ရှိပေသည်။ ထိုအသျှင်မြတ် အလိုရှိတော်မူပါက အကြောင်းခံများအားလုံး တည်ရှိနေရင်းပင် စားနပ်ရိက္ခာအား လက်မဲ့ဖြစ်အောင်ပြုနိုင်စွမ်းရှိပေသည်။' ထိုအချက်များအား တင်ပြရန်အတွက် ဦးစွာပထမမှု ဤသို့ မိန့်တော်မူထားပေသည်။

وَكَاَيِّنۡ مِّنۡ دَآ بَّةٍ لَّا تَحۡمِلُ رِزۡقَهَا اَللّٰهُ يَرۡزُقُهَا وَاِيَّاكُمۡ

ဆိုလိုသည်မှာ အောက်ဖော်ပြပါအချက်ကို စဉ်းစားတွေးခေါ်ကြကုန်။ မြေပထဝီပေါ်၌ လျှောက်လှမ်းသွားလာကြကုန်သည့် ထောင်ပေါင်းများစွာသော တိရစ္ဆာန်များသည် မိမိတို့၏ စားနပ်ရိက္ခာကို စုဆောင်းထားရှိရန် စီမံမှုကို တစ်စုံတစ်ရာမျှ မပြုကြပေ။ စားနပ်ရိက္ခာရရှိရန် အကြောင်းခံများအား စုဆောင်းထားရှိရန် သောကကိုလည်း တစ်စုံတစ်ရာမျှ မပြုကြပေ။ သို့ရာတွင် အလ္လာဟ်အသျှင့်မြတ်သည် နေ့စဉ်နေ့တိုင်း ၎င်းတို့အား မိမိ၏ အသနားတော်ဖြင့် စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ အာလင်မ်သာသနာ့ပညာရှင်များက အမိန့်ရှိထားသည်မှာ များစွာသော သတ္တဝါများမှာ ဤအတိုင်းသာ ဖြစ်ပေသည်။ ထိုတိရစ္ဆာန်များအတွင်း၌ ပုရွက်ဆိတ်နှင့် ကြွက်တို့သည်သာလျှင် မိမိတို့၏ စားနပ်ရိက္ခာကို တွင်းများအတွင်း၌ စုဆောင်းထားရန် သောကကို ထားရှိထားပေသည်။ ပုရွက်ဆိတ်သည် ဆောင်းရာသီ၌ အပြင်သို့ မထွက်ပေ။ ထို့ကြောင့် နွေရာသီ၌ စားစရာအရာများကို မိမိ၏ တွင်းများအတွင်း၌ စုဆောင်းထားပေသည်။ ကျော်ကြားသော အဆိုတစ်ရပ် ရှိသည်မှာ ပျံသန်းသော သတ္တဝါများအတွင်း၌ ကျီးကန်းသည်လည်း မိမိ၏ အစားအစာကို မိမိ၏ အသိုက်အတွင်း၌ စုဆောင်းထားပေသည်။ သို့ရာတွင် ထိုငှက်သည် ထားရှိကာ ပြန်လည်၍ မေ့လျော့သွားပေသည်။ သို့ရှိရာ ကမ္ဘာလောကအတွင်း၌ လူသားတို့ရေတွက်ရန်ပင် ခက်ခဲသော တိရစ္ဆာန်အမျိုးမျိုး သတ္တဝါအဖုံဖုံအနက် များစွာသော တိရစ္ဆာန်များသည် မိမိတို့၏ ယနေ့အဖို့ အစားအစာကို ရရှိပြီးနောက် နံနက်ဖြန်အတွက် အစားအစာကိုသော်လည်းကောင်း၊ ရရှိရန် အကြောင်းခံကိုသော်လည်းကောင်း သောကဖြစ်ကာ မထားရှိထားပေ။

ဟဒီးစ်တော်အတွင်း၌ ဤသို့ လာရှိထားပေသည်။ ပျံသန်းသော သတ္တဝါများသည် နံနက်အချိန်အခါ၌ မိမိတို့၏ အသိုက်များအတွင်းမှ ဆာလောင်စွာ ထွက်လာကြပေသည်။ ညနေအချိန်အခါ၌ ဝမ်းပြည့်ကာ

ပြန်လည်၍ လာကြပေသည်။ စားနပ်ရိက္ခာရရှိအောင် ၎င်းတို့ထံ၌ လယ်ယာကိုင်းကျွန်း၊ လယ်ယာမြေ၊ ဥစ္စာပစ္စည်း၊ စက်ရုံအလုပ်ရုံ၊ ရုံးဌာန၏ အမှုထမ်းများလည်း မဟုတ်ကြပေ။ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားတော်မူသော ကျယ်ပြန့်သော မြေပထဝီပေါ်ဝယ် ထွက်လာကြကာ အားလုံးဝမ်းဝစွာ စားနပ်ရိက္ခာကို ရရှိကြပေသည်။ ဤသည် တစ်နေ့ကိစ္စ မဟုတ်ပေ။ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ဤကွင်းဆက် တရားသည် တည်ရှိနေပေသည်။

ထို့နောက်ပိုင်း၌ လာရှိသော အာယသ်တော်များအတွင်း၌ စားနပ်ရိက္ခာရရှိခြင်း၏ မူရင်းအကြောင်းခံသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်မှုဖြစ်ကြောင်းကို ပြဆိုထားပေသည်။ မိန့်တော်မူထားသည်မှာ 'ထိုငြင်းဆိုသော သူများ၊ ကာဖိရ်များကိုယ်တိုင်ကို မေးမြန်းကြကုန်။ မိုးကောင်းကင်နှင့် မြေပထဝီကို မည်သူ ဖန်ဆင်းထားပေသနည်း။ နေမင်းနှင့် လမင်းသည် မည်သူ၏ လက်အောက်ခံဘဝအဖြစ် လှုပ်ရှားသွားလာလျက် ရှိကြပေသနည်း။ မိုးကို မည်သူရွာသွန်းစေထားပါသနည်း။ တစ်ဖန် ထိုမိုးရေကို အကြောင်းပြု၍ မြေကြီးအတွင်းမှ စိမ်းလန်းစိုပြေသော အပင်များကို မည်သူက ပေါက်ရောက်စေထားပေသနည်း။' သို့ဆိုလျှင် မုရှ်ရစ်က်တို့သည်လည်း 'ဤအထက်ဖော်ပြပါ အချက်များအားလုံးကို ပြုနိုင်စွမ်းရှိတော်မူသော အသျှင်မှာ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်ကြောင်း' ဖွင့်ဟဝန်ခံကြပေလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့အား ဆက်လက်၍ ပြောဆိုကြကုန်။ 'တစ်ဖန် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများကို ခဝပ်ကိုးကွယ်ခြင်းနှင့် ၎င်းအရာများကို မိမိတို့အဖို့ ပြုနိုင်စွမ်းပေးတော်မူသော အရာများဟူ၍ အဘယ်ကြောင့် မှတ်ယူထားပေသနည်း။ တင်ပြလျက်ရှိသော အာယသ်တော်များဖြစ်သည့်

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ

ဟူသော အာယသ်တော်မှ ရုကူအ်အဆုံးထိတိုင် အာယသ်တော်များသည် ထိုအချက်အကြောင်းအရာများကိုသာ တင်ပြထားပေသည်။

အချုပ်သဘောတရားမှ ဤသို့တည်း။ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ခြင်းအား တားမြစ်ထားသော ဒုတိယအဟန့်အတားမှာ ဝမ်းစာရှာဖွေခြင်း၏ သောကဖြစ်သည်။ ယင်းအချက်သည်လည်း လူသားတို့ မေ့လျော့လျက်ရှိသော အချက်ပင် ဖြစ်သည်။ ရှာဖွေရန် အသင့်ပြုခြင်းသည် ၎င်းနှင့် ၎င်းစုဆောင်းထားသော ပစ္စည်းအရင်းအနှီးများသည် ၎င်းပိုင်ဆိုင်မှုအတွင်း၌ မရှိပေ။ ထိုအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ တိုက်ရိုက်ချီးမြှင့်ထားသော အရာများ ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည်ပင် ၎င်း၏ မွေးရပ်ဌာန၌ ဤပစ္စည်းအဝဝကို စုဆောင်းပေးထားကာ ထိုအသျှင်မြတ်သည် ဒုတိယအခြားနေရာ၌လည်း ဝမ်းရေး၏ ပစ္စည်းအရင်းအနှီးများကို ပေးကမ်းနိုင်ပေသည်။ ဥစ္စာအရင်းအနှီး မရှိဘဲနှင့်လည်း ဝမ်းရေး၏ လိုအပ်ချက်များကို စီမံမှုကို ပြုပေးနိုင်ပေသည်။ ထို့ကြောင့် ဤဒုတိယစိုးရိမ်ဖွယ်အချက်သည်လည်း ဟီဂျ်ရသ် ပြုပြောင်းရွှေ့ခြင်းမှ အဟန့်အတားဖြစ်စေသော အချက်မဖြစ်သင့်ပေ။

'ဟီဂျ်ရသ်' ပြုခြင်းသည် မည်သည့်အချိန်၌ 'ဖွရ်' သို့မဟုတ် 'ဝါဂျိဗ်' ဖြစ်ပေသနည်း။

'ဟီဂျ်ရသ်'၏ အဓိပ္ပာယ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကျိုးကျေးဇူးနှင့် 'ဗရ်ကသ်'တော်များကို 'စူရာဟ်နေဆားအ်'၏ အာယသ်တော် (၉၇) မှ (၁၀၀) အထိတွင်း၌သော်လည်းကောင်း၊ သာသာရေးဆိုင်ရာ ပညတ်ချက်များအတွင်း၌ ပြောင်းလွဲမှုကို ထိုစူရာဟ်တော်၏ အာယသ်တော်နံပါတ် (၈၉) ၏ အောက်တွင် မအာရိဖွလ်ကုရ်အာန်ကျမ်း အတွဲ (၂)၊ စာမျက်နှာ (၅၁၀) ၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ထိုနေရာ၌ အကြောင်း အရာတစ်ရပ်ကို တင်ပြရန် ကျန်ခဲ့ပေသည်။ ဤနေရာ၌ ရေးသားဖော်ပြအံ့။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ခဲ့ သည်။'ဟီဂျ်ရသ်' ပြုနိုင်စွမ်းရှိသော မွတ်စ္စလင်မ်များအားလုံးအိုဟီဂျ်ရသ်'ပြုရန် အမိန့်ပေးခဲ့ရာ ထိုအချိန်၌ မက္ကာဟ်ရွှေမြို့တော်မှ မဒီနာရွှေမြို့တော်သို့ ပြောင်းရွှေ့ခြင်းသည် 'ဖွရပ်ဖေအိုင်းန်'ဖြစ်ပေသည်။ 'ဟီဂျ်ရသ်' ပြုရန် မစွမ်းနိုင်သောသူတို့မှအပ မည်သည့်ယောက်ျား၊ မိန်းမတစ်ဦးတို့အဖို့မဆို ချွင်းချက်အဖြစ် မတည်ရှိပေ။

ထိုခေတ်ကာလ၌ 'ဟီဂျ်ရသ်'ပြုလုပ်ခြင်းသည် 'ဖွရဒ်'ဖြစ်ရုံသာမက မွတ်စ္စလင်မ်ဖြစ်ခြင်း၏ လက္ခဏာစည်းကမ်းချက်ပင် ဖြစ်ပေသည်။ အကြင်သူသည် တတ်စွမ်းနိုင်ပါလျက် 'ဟီဂျ်ရသ်'မပြုပါက ၎င်းကို မွတ်စ္စလင်မ်ဟူ၍ပင် မမှတ်ယူထားပေ။ ၎င်းအား ကာဖိရ်တို့ဖြင့် ဆက်ဆံသည့်နည်းတူ ဆက်ဆံပေ သည်။ အကြင်အချက်အလက်အကြောင်း 'စူရာဟ်နေဆားအ်'၏ အာယသ်တော်နံပါတ် (၈၉) ၌ လာရှိ ထားပြီးဖြစ်သည်။

حَتّٰى يُهَاجِرُوْا فِىْ سَبِيْلِ اللّٰهِ

(သို့ဖြစ်ပေရာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ရွှေ့ပြောင်းထွက်ခွာသွားခြင်း မပြုသမျှကာလပတ်လုံး) *[၄ : ၈၉]*

ဟူ၍ ဖြစ်သည်။ ထိုအချိန်၌ အစ္စလာမ်သာသနာတွင် 'ဟီဂျ်ရသ်'၏ အဆင့်သည် 'ကလေမာဟ် ရှဟာဒသ်' (လာအိလားဟ) ၏ အဆင့်ကဲ့သို့ပင် ဖြစ်သည်။ ဤ 'ကလေမာဟ်'တော်သည် ကိုယ်တိုင် ဖတ်ရွတ်ရန်လည်း 'ဖွရဒ်'ဖြစ်သကဲ့သို့ မွတ်စ္စလင်မ်ဖြစ်ခြင်း၏ စည်းကမ်းချက်နှင့် လက္ခဏာလည်း ဖြစ်ပေ သည်။ အကြင်သူတစ်ဦးတစ်ယောက်သည် စိတ်နှလုံးသားအတွင်းမှ ယုံကြည်ထောက်ခံနေလင့်ကစား နှုတ်လျှာ ဖြင့် 'ကလေမာဟ်'တော်ကို ရွတ်ဖတ်ဝန်မခံပါက ၎င်းအား မွတ်စ္စလင်မ်ဖြစ်သည်ဟူ၍ မမှတ်ယူရပေ။ ဖတ်နိုင်ရန် မစွမ်းသောသူအဖို့ ချွင်းချက်ရှိပေသည်။ ဤကဲ့သို့ပင် 'ဟီဂျ်ရသ်'ပြုရန် မစွမ်းနိုင်သော သူတို့ အဖို့ ချွင်းချက်အဖြစ် မှတ်ယူထားရပေမည်။ အကြင်အချက်၏အကြောင်း 'စူရာဟ်နေဆားအ်'၏ အာယသ် တော် (၉၈) ၌ اِلَّا الْمُسْتَضْعَفِيْنَ (သို့ရာတွင် အားအင်ချည့်နဲ့ မစွမ်းမသန်သောသူများ) ဟူ၍ လာရှိ ထားပေသည်။

အကြင်သူတို့သည် တတ်စွမ်းနိုင်ပါလျက် မက္ကာဟ်ရွှေမြို့တော်၌မှာပင် ဆက်လက်နေထိုင်ပါက ၎င်းတို့အဖို့ 'ဂျဟန္နမ်'၏ ပြင်းထန်လှစွာသော ခြိမ်းခြောက်မှုကို အာယသ်တော်နံပါတ် (၉၇) ၌

اِنَّ الَّذِيْنَ تَوَ فّٰهُمُ الْمَلَا ئِكَةُ ﴿الى﴾ فَاُولٰئِكَ مَاْوٰهُمْ جَهَنَّمُ

(ဧကန်မုချ မိမိတို့ကိုယ်ကို မိမိတို့ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသူတို့၏ အသက်ကို ကောင်းကင်တမန်တော်များက နှုတ်ယူခဲ့ကြစဉ် 'အသင်တို့သည် မည်သည့်ကိစ္စမျိုး၌ ပါဝင်ဆောင်ရွက်ခဲ့ကြသနည်း။ အသင်တို့သည် မည်သည့်အဖြစ်မျိုး၌ ရှိခဲ့ကြသနည်း'ဟု ပြောဆိုမေးမြန်းကြ၏။ ထိုသူတို့က 'ကျွန်တော်မျိုးသည် ဤတိုင်းပြည်၌ ဖိနှိပ်ချုပ်ချယ်မှုကို ခံရသူများ ဖြစ်ခဲ့ကြပါသည်'ဟု ပြောဆိုဖြေကြားခဲ့ကြ၏။ တစ်ဖန် ကောင်းကင်တမန်များက အသင်တို့ ရွှေ့ပြောင်းနေထိုင်၍ တရားတော်အရ ကျင့်သုံးနိုင်ရန် အလ္လာဟ်အသျှင်မြတ်၏ ကမ္ဘာမြေပထဝီကြီးသည် ကျယ်ဝန်းစွာ ရှိခဲ့သည် မဟုတ်ပါလော။ အသင်တို့သည် ကမ္ဘာမြေကြီး၌ သင့်တော်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည်' ဟု ပြောကြား၏။ ထိုသို့ ရွှေ့ပြောင်းနေထိုင်ကြပါလျက် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုကြသည့်အတွက်ကြောင့် ထိုကဲ့သို့သော သူတို့၏ ဌာနေသည် ငရဲဘုံသာလျှင် ဖြစ်ချေသည်။ အမှန်စင်စစ် ယင်းငရဲဘုံသည် လွန်စွာ ဆိုးရွားလှသော နေထိုင်ခင်းပင် ဖြစ်၏) ဟူ၍ လာရှိထားပေသည်။

မက္ကာဟ်မြို့တော်ကို အောင်နိုင်သွားသောအခါဝယ် ဤ 'ဟီဂျ်ရသ်' အမိန့်သည်လည်း ဖျက်သိမ်းခြင်းခံရပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ မက္ကာဟ်မြို့တော်ကိုယ်တိုင်သည် သာသနာ၏ ဌာနအဖြစ် ဖြစ်ရှိသွားခဲ့ပြီ။ တမန်တော်မြတ် ﷺ သည် ထိုအချိန်၌ ဤသို့ မိန့်တော်မူလိုက်သည်။ لا هجرة بعد الفتح

(မက္ကာဟ်မြို့တော်အား အောင်နိုင်ပြီးနောက် မက္ကာဟ်မြို့တော်မှ 'ဟီဂျ်ရသ်'ပြုရန် လိုအပ်ချက်မရှိနေပေ) မက္ကာဟ်ရွှေမြို့တော်မှ 'ဟီဂျ်ရသ်'ပြုခြင်း 'ဖွရဒ်'ဖြစ်ကြောင်း၊ တစ်ဖန် ယင်းအမိန့် ဖျက်သိမ်းခြင်းခံရသည့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ 'နုစူးစ်' (အဓိကလိုရင်းသဘောကို ပြသရန် ယူဆောင်လာသော ဝါကျ) တို့ဖြင့် အတည်ပြုပြီးဖြစ်ပေသည်။ အကြင်ကဲ့သို့ 'ဟီဂျ်ရသ်'ပြုလုပ်ခြင်းသည် ဖြစ်အင်၏ အစိတ်အပိုင်းတစ်ရပ်မျှသာ ဖြစ်သည်။ အွမ္မသ်၏ ဖေကာဟ်မဗ္ဗသတ်ပညာရှင်များသည် ယင်းဖြစ်အင်မှ ဤအောက် ဖော်ပြပါမဗ္ဗသတ်များကို ကောက်နှုတ် တင်ပြပေးထားပေသည်။

မဗ္ဗသတ် ။ ။ အကြင်မြို့ရွာ သို့မဟုတ် တိုင်းပြည်၌ လူသားသည် မိမိ၏ ဒီန်းသာသနာအပေါ် ရပ်တည်ရန် မလွယ်ကူလှပေ။ ၎င်းတို့သည် 'ကုဖွရ်'(သွေဖည်ငြင်းဆိုမှု)၊ 'ရှရစ်က်' (တုဖက်နိုင်းယှဉ်မှု) သို့မဟုတ် သာသနာ၏ ပညတ်ချက်များအပေါ် ဖီလာဆန့်ကျင်မှုပြုရန် အကျပ်ကိုင်နေပါက ထိုနေရာမှ ပြောင်းရွှေ့ကာ သာသနာအပေါ် ကျင့်ဆောက်တည်ရန် လွတ်လပ်သော အခြားမြို့ရွာ သို့မဟုတ် တိုင်းပြည် သို့ အကယ်၍ သွားနိုင်စွမ်းရှိပါက 'ဝါဂျိဗ်'ဖြစ်သည်။ သို့သာမက အကြင်သူအဖို့ ခရီးသွားနိုင်စွမ်း မရှိ၍သော်လည်းကောင်း၊

သို့မဟုတ် လွတ်လပ်စွာဖြင့် သာသနာ့ပညတ်ချက်များအပေါ် ကျင့်ဆောက်တည်ရန် အရပ်ဒေသမရှိပါက ၄င်းသည် သာသနာအရ ချွင်းချက်ရှိသောသူ ဖြစ်သည်။

ဓမ္မသတ် ။ ။ အကြင်ကာဖိရ်တိုင်းပြည်နိုင်ငံ၌ များစွာသော သာသနာရေးရာဆိုင်ရာ အမှုကိစ္စကို ပြုနိုင်ရန် ခွင့်ပေးထားသည်ဆိုပါက ထိုနေရာဌာနမှ 'ဟီဂျ်ရယ်'ပြုလုပ်ခြင်းသည် 'ဝါဂျိဗ်'၊ 'ဖွရ်ဇ်'မဟုတ်ပေ။ သို့ရာတွင် မည်သည့်အခြေအနေ၌တွင်မဆို 'မွတ်စ်သဟာဗ်' ဖြစ်နေပေမည်။ ယင်းသို့ 'ဟီဂျ်ရယ်'ပြုရန် 'မွတ်စ်သဟာဗ်'ဖြစ်ခြင်းသည် ကာဖိရ်တိုင်းပြည်နိုင်ငံဖြစ်ခြင်းဟူသည် အရေးမကြီးပေ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို ပေါ်လွင်ထင်ရှားစွာ ဆန့်ကျင်မှု ပြုနေသော ဒုစရိုက်လောက မြို့ရွာ၊ တိုင်းပြည်နိုင်ငံနှင့် စပ်လျဉ်း၍လည်း ဤအမိန့်သာလျှင် ဖြစ်သည်။ အကယ်၍ ယင်းအရပ်ဒေသ၌ရှိသော အုပ်ချုပ်ရေးမှူးတို့သည် မွတ်စ္စလင်မ်ဖြစ်ကာ ယင်းအရပ်ဒေသကို အစ္စလာမ်နိုင်ငံဟူ၍ ခေါ်တွင်နေလင့်ကစား ဤအမိန့်အတိုင်း ဖြစ်ပေသည်။

ဤအထက်တင်ပြပါ အကျယ်ချဲ့တင်ပြချက်ကို ဟာဖိဇ်အိဗ်နေဟာဂျရ် ﵀ သခင်ကြီးသည် ဖသ်ဟုလ်ဗာရီကျမ်း၌ ရေးသားတင်ပြထားပေသည်။ ဟနဖီဓမ္မသတ်ရေးဆိုင်ရာ မည်သည့်အချက်တစ်ချက်ချက်သည် ယင်းတင်ပြပါအချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟူ၍ မရှိပေ။ (ဟဇရသ်ဇုဗိုင်းရ်ဗင်န်အောင်ဝါးမ်သခင်ကြီးက သူကောင်းပြုထားသော) အဗူယဟ်ယား ﵁ သခင်ကြီးထံမှ မွစ်နဒ်အဟ်မဒ်ကျမ်းတွင် လာရှိထားသော ဆင့်ပြန်ချက်သည်လည်း ယင်းအချက်အား သက်သေပေးလျက် ရှိနေပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသော ဟဒီးစ်တော်မှာ ဤသို့ဖြစ်သည်။

البلاد بلا د اللهِ والعبا د عباد اللهِ حيثما اصبت خيرا فاقم

မြို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ မြို့များသာဖြစ်သည်။ ဗန္ဒာဟ်ကျေးကျွန်အပေါင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်များသာ ဖြစ်သည်။ ထို့ကြောင့် အသင်တို့အဖို့ ကောင်းသောအကြောင်းခံများ စုဆောင်းတည်ရှိထားရာ နေရာ တွေ့မြင်သည်ဆိုပါက ထိုနေရာ၌ နေထိုင်ကြကုန်။

[အိဗ်နေကာစီးရ်ကျမ်း]

အိဗ်နေဂျရီးရ်သခင်ကြီးသည် မိမိ၏ 'စနဒ်' (ဆင့်ကဲဆင့်ပြန်မှု) နှင့်အတူ ဟဇရသ်စအီးဒ်အိဗ်နေဂျိုဗိုင်းရ်ထံမှ ဆင့်ပြန်သည်။ သခင်ကြီးက 'အကြင်မြို့၌ ပြစ်မှုဒုစရိုက်နှင့် ရှက်ဖွယ်လိလိဖြစ်သော အမှုကိစ္စများ များပြားလာပါက ထိုမြို့ကို စွန့်လွှတ်ကုန်' ဟူ၍ မိန့်ဆိုထားပေသည်။ သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော ဟဇရသ်အသွားသခင်ကြီးသည် 'အကြင်အခါဝယ် အသင်တို့အား မြို့တစ်မြို့အတွင်း၌ ပြစ်မှုဒုစရိုက် ကျူးလွန်ရန်အတွက် အကြပ်ကိုင်လျက်ရှိပါက ထိုမြို့မှ ပြေးကာ စွန့်ခွာကြကုန်' ဟူ၍ မိန့်တော်မူထားပေသည်။

[အိဗ်နေဂျရီးရ်သွာဗ်ရီ]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا هٰذِهِ الْحَيٰوةُ الدُّنْيَآ اِلَّا لَهْوٌ وَّلَعِبٌ ۗ وَاِنَّ الدَّارَ الْاٰخِرَةَ
لَهِيَ الْحَيَوَانُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ﴿٦٤﴾

၂၉ : ၆၄ ။ ။ စင်စစ် ဤမျက်မှောက်လောကီဘဝသည် ပျော်ရွှင်ဖွယ်ရာနှင့် ကစားခုန်စားဖွယ်ရာမှအပ အခြားမဟုတ်ပြီ။ (သခါရမျှသာ ဖြစ်သည်။) အမှန်စင်စစ် နောင်တမလွန်ဘဝသည်သာလျှင် စစ်မှန်သော အစဉ်ထာဝရ ရှင်ခြင်းပင် ဖြစ်ပေသည်။ (ဤသည်ကို) ၎င်းတို့ သိရှိကြပါလျှင် ကောင်းလေစွ။

فَاِذَا رَكِبُوْا فِى الْفُلْكِ دَعَوُا
اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى الْبَرِّ اِذَا هُمْ يُشْرِكُوْنَ ﴿٦٥﴾

၂၉ : ၆၅ ။ ။ စင်စစ် ၎င်းတို့သည် သင်္ဘောပေါ်သို့ စီးနင်း (လိုက်ပါ၍ ခိုကိုးရာမဲ့ ဖြစ်) ကြလေသောအခါ၊ အလ္လာဟ် အသျှင်မြတ်ကိုသာလျှင် စေတနာကြည်ဖြူစွာနှင့် ယုံကြည် (အားထား) ၍ ဟစ်ခေါ်တသကြကုန်၏။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ကယ်တင်၍ ကုန်းမြေသို့ ဆောင်ကြဉ်း (ကယ်တင်) တော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင်လျှင် (အခြားအရာများကို ထိုအသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြကုန်၏။

لِيَكْفُرُوْا بِمَآ اٰتَيْنٰهُمْ ۚ وَلِيَتَمَتَّعُوْا ۗ فَسَوْفَ يَعْلَمُوْنَ ﴿٦٦﴾

၂၉ : ၆၆ ။ ။ ၎င်းတို့သည် ငါအသျှင်မြတ်မှ ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များကို ငြင်းပယ်ကျေးဇူးကန်းကြရန်အလို့ငှာ (တွဲဖက်ကိုးကွယ်မှုကို ပြုလုပ်ကြကုန်၏။) သို့ဖြစ်ပေရာ ၎င်းတို့သည် ခေတ္တခဏ အကျိုးခံစားကြပါစေ။ ထို့နောက်တွင်မူ မကြာမီပင် ၎င်းတို့သည် သိရှိကြပေလိမ့်မည်။

اَوَلَمْ يَرَوْا اَنَّا جَعَلْنَا حَرَمًا اٰمِنًا وَّيُتَخَطَّفُ النَّاسُ
مِنْ حَوْلِهِمْ ۗ اَفَبِالْبَاطِلِ يُؤْمِنُوْنَ وَبِنِعْمَةِ اللّٰهِ يَكْفُرُوْنَ ﴿٦٧﴾

၂၉ : ၆၇ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် (၎င်းတို့ နေထိုင်လျက်ရှိကြသော မက္ကာဟ်မြို့တော်အား) ဘေးရန်ကင်းငြိမ်းသော 'ဟရာမ်' (ဌာနတစ်ခု) ပြုလုပ်တော်မူခဲ့သည်ကို ၎င်းတို့သည် မတွေ့မမြင်ခဲ့ကြလေသလော။ အမှန်စင်စစ် ၎င်းတို့၏ ပတ်ဝန်းကျင်၌ လူတို့သည် လုယက်တိုက်ခိုက် (သတ်ဖြတ်) ခြင်းကို ခံနေခဲ့ကြရကုန်၏။ သို့ပါလျက် ၎င်းတို့သည် အမှားကို ယုံကြည် (လက်ခံ) ကြ၍ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်၍ ကျေးဇူးကန်းကြလေသလော။

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِالْحَقِّ
لَمَّا جَاءَهُ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِلْكَافِرِينَ ﴿٦٨﴾

၂၉ : ၆၈ ။ ။ အလ္လာဟ်အသျှင်မြတ်အပေါ်၌ ကြံဖန်လီဆယ်၍ မုသားပြောဆို စွပ်စွဲသောသူ၊ သို့မဟုတ် မိမိထံ အမှန်တရား ရောက်ရှိလာသောအခါ ယင်းအမှန်တရားကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သော သူထက် သာလွန် မတရားသော သူသည် မည်သူရှိသနည်း။ (ယင်းကဲ့သို့သော) ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ နေထိုင်ရာဌာနသည် 'ဂျဟန္နမ်' ငရဲဘုံ၌ပင် ရှိမည်မဟုတ်ပါလော။

وَالَّذِينَ جَاهَدُوا فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا ۚ وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ ﴿٦٩﴾

၂၉ : ၆၉ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြကုန်သော သူတို့မှာမူ ကေန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ (ထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန်) လမ်းများကို ပြသတော်မူမည်။ ထို့ပြင် ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် သူတော်ကောင်းတို့နှင့် အတူတကွ အမှန်ပင် ရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (မစဉ်းစားမဆင်ခြင်ခြင်း၏ အကြောင်းခံမှာ လောကီရေးရာလုပ်ငန်းဆောင်တာများအတွင်း၌ နစ်မွန်းနေခြင်းကြောင့် ဖြစ်သည်။ ကေန်အမှန်) ဤမျက်မှောက်လောကီဘဝသည် (အကြင်ဘဝ၏ အမှုကိစ္စရပ်အားလုံးတို့သည်) ပျော်ရွှင်ဖွယ်ရာနှင့် ကစားခုန်စားဖွယ်ရာမှအပ အခြားမဟုတ်ပြီ။ (သင်္ခါရမျှသာ ဖြစ်သည်။) အမှန်စင်စစ် နောင်မတမလွန်ဘဝသည်သာလျှင် စစ်မှန်သော အစဉ်ထာဝရ ရှင်ခြင်းပင် ဖြစ်ပေသည်။ (လောကီရေးရာ ပျက်သုဉ်းခြင်းနှင့် တမလွန်ရေးရာ တည်မြဲခြင်းဟူသော အကြောင်းအရာနှစ်ရပ်သည် ထင်ရှားလှပေသည်။ သို့ဆိုလျှင် ပျက်စီးပျက်သုန်းသွားမည့် အရာ၌ နောင်တမလွန်ကို မေ့လျော့မှု အတွင်းသို့ ထည့်လိုက်ကာ ယင်းတမလွန်ရေးရာ၏ ကောင်းချီးတို့မှ လက်မဲ့မှုဖြစ်နေသည့်အတိုင်းထိတိုင် နစ်မွန်းနေသော ယင်းအချက်သည် ဦးနှောက်အသိဉာဏ်ကင်းမဲ့ခြင်း၏ အချက်ဖြစ်သည်။ ဤသည်ကို) ၎င်းတို့ (လုံလောက်စွာ) သိရှိကြပါလျှင် ကောင်းလေစွ။ (လုံလောက်စွာ သိရှိကြမည်ဆိုလျှင် ဤသို့ ပြုမည်မဟုတ်ပေ။ ပျက်သုဉ်းမှုအတွင်း နစ်မွန်းကာ တမလွန်ကို မေ့လျော့၍ ထိုလောကတမလွန်အတွက် ကုသိုလ်အကျိုးကို မစုဆောင်းခြင်းကို ပြုမည်မဟုတ်။ သို့သာမက ဤသူတို့သည် အထောက်အထားများ အတွင်း၌ စဉ်းစားဆင်ခြင်တွေးတောကာ အီမာန်ကို လက်ခံရယူလာကြလျှင် ကောင်းလေစွ။ ပမာဆိုရသော် ၎င်းတို့ကိုယ်တိုင် စကြဝဠာအပေါင်းကို ဖန်ဆင်းခြင်းနှင့် တည်တံ့မြဲမြံစွာ ထားရှိရာ၌ ထိုအသျှင်မြတ်နှင့် ဖက်စပ်သူ တစ်စုံတစ်ရာမျှ မရှိပေ'ဟူသော အချက်ကို ကိုယ်တိုင် ဝန်ခံထားကြပေသည်။)

စင်စစ် (ပမာဆိုရသော် ၎င်းတို့၏ ယင်းခံဝန်ကတိ၏ လိုလားချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အသျှင်မြတ်ဖြစ်ခြင်းနှင့် ယင်းအသျှင်မြတ် ခဝပ်ကိုးကွယ်ခြင်းခံထိုက်ရာ၌ တစ်ဆူတည်းဟူ၍ ယုံကြည် လက်ခံရပေမည်။ ယင်းအချက်ကိုလည်း တစ်ကြိမ်တစ်ခါ ထုတ်ဖော်ဝန်ခံထားခဲ့ပါ၏လော။ သို့ရှိရာ) ၎င်းတို့ သည် သင်္ဘောပေါ်သို့ စီးနင်း (လိုက်ပါ၍ သင်္ဘောမှောက်ကာ နိုက်ကိုးရာမဲ့ဖြစ်) ကြလေသောအခါ အလ္လာဟ် အသျှင်မြတ်ကိုသာလျှင် စေတနာကြည်ဖြူစွာနှင့် ယုံကြည် (အားထား) ၍ ဟစ်ခေါ်တသကြကုန်၏။

لَئِنْ اَنْجَيْتَنَا لَنَكُوْ نَنَّ مِنَ الشَّا كِرِيْنَ

အကယ်၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဘေးအန္တရာယ်မှ လွတ်မြောက်စေတော်မူ ပါလျှင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကို သိတတ်ကြသောသူတို့တွင် (တစ်ပါးတည်း တည်ရှိခြင်းကို ယုံကြည်လက်ခံသောသူတို့တွင်) အပါအဝင် ဖြစ်ကြပါမည်။ [၁၀ : ၂၂]

အကြင်ကဲ့သို့ ပြောဆိုရာ၌ 'အလ္လာဟ်အသျှင်မြတ်၏ ချယ်လှယ်နိုင်စွမ်းရှိခြင်းများနှင့် ခဝပ်ကိုးကွယ် ခြင်းနှင့် စပ်လျဉ်း၍လည်း တစ်ပါးတည်း တည်ရှိကြောင်းကို ဖွင့်ဟဝန်ခံခြင်းပင် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ ဤအခြေအနေသည် လောကီရေးရာကိစ္စများအတွင်း၌ နစ်မွန်းနေခြင်းကြောင့် ကြာရှည်မခံကာ ရှိနေပေသည်။ သို့ရှိရာ ယင်းအချိန်၌မူ ၎င်းတို့၏ ပြောဆိုဝန်ခံခြင်းအားလုံးသည်မူ တစ်ပါးတည်းတည်ရှိ ခြင်းအတွက် ပြောဆိုဝန်ခံပြီးဖြစ်ပေသည်။ သို့ရာတွင်) ထိုအသျှင်မြတ်သည် ၎င်းတို့အား (ယင်းဒုက္ခမှ) ကယ်တင်၍ ကုန်းမြေသို့ ဆောင်ကြဉ်း (ကယ်တင်) တော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်း ပင်လျှင် (အခြားအရာများကို ထိုအသျှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြကုန်၏။

၎င်းတို့သည် ငါအသျှင်မြတ်မှ ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော (လွတ်မြောက် ကယ်တင်ပေးစေခြင်း၏) ကျေးဇူးတော်များကို ငြင်းပယ်ကျေးဇူးကန်းကြရန်အလို့ငှာ (တွဲဖက်ကိုးကွယ်မှု ကို ပြုလုပ်ကြကုန်၏။) သို့ဖြစ်ပေရာ ၎င်းတို့သည် (ရှုရစ်ကိဖြစ်စေသော ခံယူချက်မူဝါဒများနှင့် အကုသိုလ် အရေးကိစ္စတို့၌ စိတ်ရိုင်း၏ အလိုကို လိုက်ကာ) ခေတ္တခဏ အကျိုးခံစားကြပါစေ။ ထို့နောက်တွင်မူ မကြာမီပင် ၎င်းတို့သည် သိရှိကြပေလိမ့်မည်။ (ထို့နောက် ယခု ဤလောကီရေးရာ အမှုကိစ္စတို့၌ နစ်မွန်း နေသည့်အတွက်ကြောင့် တစ်စုံတစ်ရာကိုမျှ မမြင်တွေ့တော့ပေ။ သို့ရှိရာ ၎င်းတို့အား 'သောင်ဟီးဒ်' (တစ်ပါး တည်း တည်ရှိခြင်းတရား) မှ အဟန့်အတားဖြစ်စေသော အချက်တစ်ချက်မှာ လောကီရေးရာ လုပ်ငန်း ဆောင်တာများအတွင်း၌ နစ်မွန်းနေခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့် အဓိပ္ပာယ်မရှိသော ဉာဏ်နီ ဉာဏ်နက်၏ အကြောင်းခံတစ်ရပ်ကို ပြဆိုထားပေသည်။ ၎င်းတို့က

اِنْ نَتَّبِعِ الْهُدٰى مَعَكَ نُتَخَطَّفْ مِنْ اَرْضِنَا

အကယ်၍ ကျွန်ုပ်တို့ (မွတ်စ္စလင်မ်ဖြစ်သွားမူ အာရဗ်နိုင်ငံသားတို့သည် ကျွန်ုပ်တို့အား သတ်ကြ လိမ့်မည်'ဟူ၍ ဆိုကြလေသည်။ အမှန်စင်စစ် လက်တွေ့မြင်နေရခြင်းမှ ၎င်းတို့အဖို့ ကိုယ်တိုင်လည်း ယင်းအချက်ကို အကျိုးမဲ့ဖြစ်သည်ဟု မှတ်ယူနိုင်ပေသည်။)

ကေန်မလွဲ ငါအသျှင်မြတ်သည် (၎င်းတို့နေထိုင်လျက်ရှိကြသော မက္ကာဟ်မြို့တော်အား) ဘေးရန်ကင်းငြိမ်းသော 'ဟရာမ်' (ဌာနတစ်ခု) ပြုလုပ်တော်မူခဲ့သည်ကို ၎င်းတို့သည် မတွေ့မမြင်ခဲ့ကြလေသလော။ အမှန်စင်စစ် ၎င်းတို့၏ ('ဟရာမ်'ပရဝုဏ်၏ ပြင်ပ) ပတ်ဝန်းကျင် (အရပ်ဒေသများ) ၌ လူတို့သည် လုယက်တိုက်ခိုက် (သတ်ဖြတ်ခြင်းကို ခံရကာ အိမ်များမှ နှင်ထုတ်) ခြင်းကို ခံနေခဲ့ကြရကုန်၏။ (ငြိမ်းချမ်းစွာဖြင့် နေထိုင်ရမည်ဖြစ်ခြင်းနှင့် ဆန့်ကျင်ဘက်ကို ပြုကြကုန်၏။ ဤအချက်သည် ကိုယ်တိုင် ခံစားသိမြင်ခြင်းအတွင်း၌ ပါဝင်ပေသည်။ သို့ဆိုလျှင် ရိုးရှင်းသော အချက်များအတွင်းမှ ကျော်လွန်ကာ ခံစားသိမြင်နိုင်သော အချက်များအတွင်း၌မှာပင် ဆန့်ကျင်မှုကို ပြုကြကာ ပျက်စီးဆုံးရှုံးခြင်း၏ စိုးရိမ်ဖွယ်အချက်ကို အီမာန်ရယူခြင်းနှင့် စပ်လျဉ်း၍ အဟန့်အတားဖြစ်စေသော အကြောင်းပြချက်ဟူ၍ ပြဆိုကြပေသည်။ ထို့နောက်) သို့ပါလျက် (အမှန်တရားသည် ရှင်းလင်း ပေါ်ထွက်သွားပြီးသည့်နောက် ထိုသို့ အသိဉာဏ်ကင်းမဲ့မှုနှင့် ဖွတ်တရွတ်ပြုခြင်း) ၏ နေရာဌာနသည် မည်သို့သောနေရာ ဖြစ်ပေမည်နည်း။) ၎င်းတို့သည် အမှားကို ယုံကြည် (လက်ခံ) ကြ၍ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်၍ (ရှုရစ်ကိပြုခြင်းဖြင့်) ကျေးဇူးကန်းကြလေသလော။ (အကြင်အရာများအပေါ် အီမာန်ရယူရန် လိုလားချက်တစ်စုံတစ်ရာမျှ မရှိပေ။ အဟန့်အတားအချက်များသည် များစွာ ရှိနေပေသည်။ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူရန် များစွာသော လိုလားချက်များနှင့် မှန်ကန်သော အထောက်အထားများလည်း ရှိပေသည်။ 'ရှုရစ်ကိ' (တုဖက်နိူင်းယှဉ်ခြင်း) ထက် သာပို၍ ကျေးဇူးကန်းသောအချက် မရှိပေ။ အကြောင်းမှာ 'နေ့အ်မသ်' (စည်းစိမ်တော်များ) ကို ဖန်ဆင်းပေးခြင်း၊ စားနပ်ရိက္ခာများကို ဖန်ဆင်းပေးခြင်းနှင့် စားနပ်ရိက္ခာများ ဆက်လက်ရှင်သန် တည်ရှိနေစေရန် အကြံဉာဏ်၊ နည်းလမ်းများ အစရှိခြင်းကိုမူ ထိုအလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူ၍ ထို 'နေ့အ်မသ်'စည်းစိမ်တော်များအား အသုံးပြုခြင်းအပေါ် ကျေးဇူးတရား ဆပ်ရာရောက်သည့် ခဝပ်ကိုးကွယ်မှုကိုမူ အခြားသော အရာများအတွက် စီမံဆောင်ရွက်ထားပေသည်။)

(အထောက်အထားမဲ့) အလ္လာဟ်အသျှင်မြတ်အပေါ် ကြံဖန်လီဆယ်၍ မုသားပြောဆို စွပ်စွဲသောသူ (ဖက်စပ် ခဝပ်ကိုးကွယ်သူ) သို့မဟုတ် မိမိထံ (အထောက်အထားနှင့်အတူ) အမှန်တရား ရောက်ရှိလာသောအခါ ယင်းအမှန်တရားကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သောသူ (အထောက်အထားမရှိသော အချက်ကို ယုံကြည်လက်ခံ၍ အထောက်အထားရှိသော အချက်ကို ငြင်းဆိုမှုပြုခြင်းသည် တရားမျှတမှုမရှိကြောင်းမှာ ထင်ရှားလှပေသည်။ (ယင်းကဲ့သို့ ဤမျှခန့် တရားမျှတမှုမရှိသော) ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ နေထိုင်ရာဌာနသည် 'ဂျဟန္နမ်'ငရဲဘုံ၌မှာပင် ရှိမည်မဟုတ်ပါလော။ (ဆိုလိုသည်မှာ မုချ ထိုဌာနသို့ ဆိုက်ရောက်မည်ဖြစ်ပေသည်။ (ဤအထက်ဖော်ပြပါ အခြေအနေပိုင်ရှင်တို့သည် ကာဖိရ်များနှင့် မိမိတို့၏ 'နဖ်စ်'စိတ်ရိုင်းကို ခဝပ်ကိုးကွယ်သောသူတို့၏ အခြေအနေအကြောင်းများ ဖြစ်ပေသည်)

သို့ရာတွင် (ယခု အထက်ဖော်ပြပါသူတို့နှင့် ဆန့်ကျင်ဘက် မူဝါဒအသွင်ရှိသော သူတို့၏ အကြောင်းကို တင်ပြပေမည်။) ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြကုန်သော သူတို့မှာမူ

ကေန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ (ထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန်) လမ်းများကို ပြသတော်မူမည်။ (အကြင်လမ်းစဉ်များကြောင့် မုချ ၎င်းတို့သည် 'ဂျန္နသ်'ဥယျာဉ်ဘုံနန်းသို့ ရောက်ရှိကြပေလိမ့်မည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ် မိန့်မြွက်တော်မူထားသည်မှာ-

وَقَالُوا الْحَمْدُ لِلّٰهِ الَّذِىْ هَدَانَا

ထို့ပြင် ၎င်းတို့သည် ပြောဆိုကြလိမ့်မည်။ ကျွန်တော်မျိုးတို့အား ဤနေရာသို့ ပို့ဆောင်တော်မူခဲ့သော အသျှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်း ခံထိုက်ပေသည်။ [၇ ; ၄၃]

ထို့ပြင် ဧကန်မုချ အလ္လာဟ်အသျှင်မြတ်၏ (သဘောတူနှစ်မြို့မှုနှင့် ကရုဏာတော်) သည် (နှစ်လောကစလုံး၌ စိတ်စေတနာဖြူစင်သော) သူတော်ကောင်းတို့နှင့် အတူတကွ အမှန်ပင် ရှိတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထမပိုင်းအာယသ်တော်များအတွင်း၌ ကာဖိရ်များနှင့် မုရှ်ရစ်က်တို့၏ မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းမှု၊ နေလတို့၏ လည်ပတ်လျက်ရှိနေသော စီမံကိန်းအခြေအနေ၊ မိုးရွာသွန်းခြင်းနှင့် ယင်းမိုးရေကို အကြောင်းခံ၍ သစ်ပင်ပေါက်ပင်များနှင့် ရှင်သန်ဖွံ့ဖြိုးလာခြင်း၏ စီမံကိန်းအလုံးစုံသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တော်အတွင်း၌မှာပင် ရှိကြောင်းနှင့် ယင်းအမှုကိစ္စရပ်အလုံးစုံ၌ မည်သည့်ရုပ်တု၊ စဉ်းတုတစ်စုံတစ်ရာမျှ ပါဝင်ပတ်သက်ခြင်းကို မယုံကြည်ကြကြောင်း အခြေအနေကို တင်ပြထားပေသည်။ သို့တစေငြားလည်း ၎င်းတို့သည် ခဝပ်ကိုးကွယ်ခြင်းကိစ္စရပ်၌ ရုပ်တု၊ စဉ်းတုများကို ဖက်စပ်ခဝပ်ကိုးကွယ်ကြပေသည်။ ထိုသို့ ပြုကြခြင်းအကြောင်းမှာ

اَكْثَرُهُمْ لَا يَعْقِلُوْنَ

၎င်းတို့အနက် အများဆုံးသော သူတို့မှာမူ သိနားလည်ခြင်း မရှိကြချေ။ [၂၉ ; ၆၃]

'ဤသူတို့သည် သူရူးများ မဟုတ်ကြပေ။ အသိသတိနှင့် လိမ္မာပါးနပ်သောသူများ ဖြစ်ကြပေသည်။ ကမ္ဘာလောက၌ရှိသော အလုပ်ကြီးအကိုင်ကြီးများကို ကောင်းစွာ လုပ်ဆောင်နိုင်ကြပေသည်။ တစ်ဖန် ၎င်းတို့ သိနားလည်ခြင်းမရှိခြင်း၏ အကြောင်းမှာ မည်သို့နည်း' ဟူ၍ ဤနေရာ၌ မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။ အဖြေကို တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ ပထမအာယသ်တော်အတွင်း၌ '၎င်းတို့အား ကမ္ဘာလောကနှင့် ထိုလောက၏ ဒြပ်ဝတ္ထုပစ္စည်းနှင့် ပျက်သုဉ်းသွားမည်ဖြစ်သော ချိမ့်မှုအရသာနှင့် တပ်မက်မှုများ၏ နှစ်မြို့မှုများသည် နောင်တမလွန် 'အာခိရသ်'နှင့် အချုပ်သဘောတရားကို စဉ်းစားဆင်ခြင်တွေးခေါ်ခြင်းမှ မျက်ကန်းပမာနှင့် အသိဉာဏ်မရှိသူပမာအဖြစ် ပြုထားပေသည်။ အမှန်စင်စစ်

ဤလောကီသက်တမ်းသည် ပျော်ရွှင်ဖွယ်ရာနှင့် ကစားခုန်စားဖွယ်ရာအပ အခြားမဟုတ်။ စစ်မှန်သော သက်တမ်းသည် ထာဝစဉ်၊ ထာဝရ နေထိုင်ရမည်ဖြစ်သော နောင်တမလွန်၏ သက်တမ်းဖြစ်သည်။

وَمَا هٰذِهِ الْحَيٰوةُ الدُّنْيَا اِلَّا لَهْوٌ وَّلَعِبٌ وَّاِنَّ الدَّارَ الْاٰخِرَةَ لَهِىَ الْحَيَوَانُ

စင်စစ် ဤမျက်မှောက်လောကီဘဝသည် ပျော်ရွှင်ဖွယ်ရာနှင့် ကစားခုန်စားဖွယ်ရာမှအပ အခြား မဟုတ်ပြီ။ သခ်ါရမ္မသာ ဖြစ်သည်။ အမှန်စင်စစ် နောင်တမလွန်ဘဝသည်သာလျှင် စစ်မှန်သော အစဉ် ထာဝရနေ့င်ခြင်းပင် ဖြစ်ပေသည်။ *[၂၉ : ၆၄]*

ဟူသော အာယသ်တော်အတွင်း၌ 'ဟယဝါန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'ထာဝရ ရှင်သန်ခြင်း' ၏ အနက်ကို ဟော၏။ *[ကုရ်သုဗီး]*

ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ လောကီရေးရာ သက်တမ်းကို 'ခုန်ပေါက်ကစား ခြင်းဖြစ်သော သက်တမ်း' ဟူ၍ မိန့်တော်မူထားပေသည်။ အလိုသဘောမှာ ခုန်ပေါက်ဆော့ကစားခြင်းမှ တည်တံ့တည်ငြိမ်မှု တစ်စုံတစ်ရာနှင့် ကြီးမားသော ရည်ရွယ်ချက် တစ်စုံတစ်ရာကို ဖြေရှင်းအောင် မပြု နိုင်ပေ။ အနည်းငယ် အချိန်ကြာမြင့်ပြီးသည့်နောက် အလုံးစုံသော ဆော့ကစားမှုတို့သည် အဆုံးသတ်သွား ပေမည်။ ဤကမ္ဘာလောက၏ အခြေအနေသည်လည်း ဤအတိုင်းသာလျှင် ဖြစ်ပေသည်။

ထိုအာယသ်တော်၏ နောက်၌ လာရှိသော အာယသ်တော်အတွင်း၌ မုရှ်ရစ်က်တို့၏ အခြားသော အခြေအနေဆိုးတစ်ရပ်ကို တင်ပြထားပြန်ပေသည်။ ဤသူတို့သည် ခပ်သိမ်းသော စကြဝဠာကို ဖန်ဆင်း ရာ၌ အလ္လာဟ်အသျှင်မြတ်ကို တစ်ပါးတည်း တည်ရှိကြောင်း လက်ခံသည့် ကြားကပင် ရုပ်တုစဉ်းတု များကို ခဝပ်ကိုးကွယ်ခြင်း၌ ဖက်စပ်ပါဝင်နေသည်ဟူသော အချက်ကို ပြဆိုခြင်း' ၏ မသိမိုက်မဲခြင်း၏ သားကောင်ဘဝသို့ ရောက်ရှိနေပေသည်။ ထို့ထက်သာပို၍ အံ့ဖွယ်ကောင်းသော အချက်မှာ ၎င်းတို့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်လာပါမူ ထိုအချိန်၌ 'မည်သည့်ရုပ်တုစဉ်းတု တစ်စုံတစ်ရာမဆို ၎င်းတို့ အား အကူအညီမပေးနိုင်' ဟူ၍လည်း ယုံကြည်လက်ခံထားကြပေသည်။ ဘေးဒုက္ခမှ ကင်းလွတ်ခွင့်ကို အလ္လာဟ်အသျှင်မြတ်တစ်ပါးသာ ပြုစွမ်းနိုင်ကြောင်း ယုံကြည်လက်ခံထားကြပေသည်။ ထိုအချက်အား ပုံဆောင်ပြသရန်အတွက် ဤသို့ မိန့်တော်မူထားပေသည်။ ဤသူတို့သည် မြစ်ပင်လယ်အတွင်း ခရီးထွက်ရာ နစ်မြုပ်ရန် ဘေးသို့ ဆိုက်ကပ်လာချိန်ဝယ် ထိုဘေးမှ ရှောင်ရှားကယ်တင်မှုကို ရယူရန်အတွက် မည်သည့် ရုပ်တု၊ စဉ်းတုတစ်စုံတစ်ရာကို တမ်းတရမည့်အစား အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဟာစ်ခေါ်တမ်းတ ကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နေမထိ၊ ထိုင်မသာဖြစ်နေခြင်းနှင့် ခေတ္တခဏ အလျောက် လောကီရေးရာ၏ အကြောင်းခံများအားလုံး ပြတ်တောက်သွားခြင်းကို မူတည်၍ ၎င်းတို့၏ တောင်းဆုမွန် ကို လက်ခံကာ ၎င်းတို့အား ကမ္ဘာလောက၏ ပျက်စီးနစ်မွန်းစေခြင်းမှ လွတ်ကင်းမှုကို ချီးမြှင့်လိုက်ပေသည်။ သို့ရာတွင် ဤမသမာသော သူတို့သည် ကုန်းမြေသို့ ရောက်ရှိ၍ တည်ငြိမ်အေးချမ်းမှုကို ရရှိသောအခါ

တစ်ဖန် ရုပ်တု၊ စဉ်းတုများကို အလ္လာဟ်အသျှင်မြတ်နှင့်အတူ ခဝပ်ကိုးကွယ်ခွင့်ခံထိုက်သောသူများဟူ၍ ပြောဆိုကြလေတော့သည်။

فَاِذَا رَكِبُوْا فِى الْفُلْكِ

ဟူသော အာယသ်တော်၏ အလိုသဘောသည်လည်း ဤသို့သာလျှင် ဖြစ်သည်။

အကျိုးထူး ။ ။ ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'ကာဖိရ်သည်လည်း မိမိကိုယ်ကို မိမိ အားကိုးအားထားရာ မရှိဟူ၍ သိနားလည်ကာ အလ္လာဟ်အသျှင်မြတ်မှအပ ကျွန်ုပ်အား ထိုဒုက္ခမှ မည်သူ တစ်ဦးတစ်ယောက်မျှ လွတ်မြောက်မှု မပေးနိုင်ဟူ၍ ယုံကြည်လက်ခံသော အချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ တောင်းဆုဒိုအာကို လက်ခံတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် ခိုကိုးရာမဲ့ ဖြစ်နေသောကြောင့် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ခိုကိုးရာမဲ့ဖြစ်သော သူတို့၏ ဒိုအာကို လက်ခံတော်မူကြောင်း ကတိပြုထားတော်မူပေသည်' ဟူသော အချက်ကို သိရှိရပေသည်။ *[ကုရ်သုဗီး]*

အခြားသော အာယသ်တော်၌ လာရှိသည်မှာ-

وَمَا دُعَاءُ الْكٰفِرِيْنَ اِلَّا فِىْ ضَلٰلٍ

အလိုသဘောမှာ ကာဖိရ်တို့၏ တောင်းဆုမွန်သည် လက်ခံခြင်းခံရမည်မဟုတ်ပေ။ *[၄၀ : ၅၀]*

ဤအခြေအနေသည် နောင်တမလွန် 'အာခေရသ်' နှင့် သက်ဆိုင်ပေသည်။ ထို 'အာခေရသ်' ၏ လောက၌ ကာဖိရ်တို့သည် ပြစ်ဒဏ်မှ လွတ်ကင်းရန် တောင်းဆုဒိုအာပြုကြပေမည်။ သို့ဆိုလျှင် လက်ခံခြင်း ခံရလိမ့်မည်မဟုတ်။

اَوَلَمْ يَرَوْا اَنَّا جَعَلْنَا حَرَمًا اٰمِنًا

ကေန်မလွဲ ငါအသျှင်မြတ်သည် ၄င်းတို့ နေထိုင်လျက် ရှိကြသော မက္ကာဟ်မြို့တော်အား ဘေးရန်ကင်းငြိမ်းသော 'ဟရာမ်' ဌာနေတစ်ခု ပြုလုပ်တော်မူခဲ့သည်။ *[၂၉ : ၆၇]*

တင်ပြခဲ့ပြီးဖြစ်သော အာယသ်တော်များအတွင်း၌ မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကမ်များ၏ အသိဉာဏ်ခေါင်းပါးသော လုပ်ရှားမှုများ၏ အကြောင်းကို တင်ပြထားပေသည်။ အရာအားလုံးကို ဖန်ဆင်း၊ စိုးပိုင်တော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ဖြစ်သည်ဟူ၍ ယုံကြည်မှုထားရှိနေသည့် ကြားကတည်းကပင် ကိုယ်တိုင်ဖောက်ထွင်းပြုလုပ်သော ရုပ်တု၊ စဉ်းတုများကို အလ္လာဟ်အသျှင်မြတ်နှင့် ဆက်စပ်ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ ပြခိုထားကြပေသည်။ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အသျှင်ကို အလ္လာဟ်အသျှင်မြတ်ဖြစ်ခြင်းနှင့် ထိုအသျှင်မြတ်သည်သာလျှင် စိုးပိုင်တော်မူသော အသျှင်ဖြစ်ကြောင်းကို ယုံကြည်လက်ခံရုံသာမက ဘေးဒုက္ခဆိုက်ရောက်ချိန် ယင်းဥပါဒ်မှ လွတ်မြောက်မှုပေးခြင်းကိုလည်း ထိုအသျှင်မြတ်၏ လက်ဝယ်တော်အတွင်း၌သာ ရှိကြောင်းကို ယုံကြည်ကာ သိနားလည်ကြပေသည်။

သို့ရာတွင် ယင်းသို့ လွတ်မြောက်မှုပေးပြီးနောက်၌လည်း တစ်ဖန် ဖက်စပ် ခဝပ်ကိုးကွယ်မှုအတွင်း၌ ပြန်လည် နစ်မွန်းသွားကြပြန်ပေသည်။

၄င်းတို့ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှုပြုခြင်း) နှင့် 'ရှရစ်က်' (တုဖက်နိူင်းယှဉ်မှု ပြုခြင်း) ၏ ချွင်းချက်တစ်ရပ်ကို အချို့သော မက္ကာဟ်မြို့နေ မုရှိရစ်က်များဘက်မှ ဤသို့ တင်ပြလာကြပေသည်။ 'ကျွန်ုပ်တို့သည် အသင်တို့၏ 'ဒီးန်'သာသနာကိုမူ မှန်ကန်သောသာသနာဟူ၍ ယုံကြည်လက်ခံကြပေသည်။ သို့ရာတွင် ထိုသာသနာအား နောက်လိုက်သမှုပြုခြင်းနှင့် မွတ်စ္စလင်မ်သာသနာဝင် ဖြစ်သွားခြင်းအပေါ် ကျွန်ုပ်တို့သည် မိမိတို့၏ အသက်အန္တရာယ်ကို စိုးရိမ်မကင်း ဖြစ်မိပေသည်။ အဘယ်ကြောင့်ဆိုသော် အာရဗ်တစ်နိုင်ငံလုံးသည် အစ္စလာမ်သာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ အကယ်၍ ကျွန်ုပ်တို့ မွတ်စ္စလင်မ်ဖြစ်သွားမည်ဆိုလျှင် ကျန်ရှိသော အာရဗ်လူမျိုးတို့သည် ကျွန်ုပ်တို့အား တိုက်ခိုက်ချေမှုန်းကာ သတ်ဖြတ်ပစ်ကြပေမည်။ *[ရှူးဟ်]*

ယင်းအချက်နှင့် စပ်လျဉ်း၍ အဖြေကို အလ္လာဟ်အသျှင်မြတ်သည် ဤသို့ တုန့်ပြန် မိန့်မြွက်ထားပေသည်။ ၄င်းတို့ဘက်မှ တင်ပြလာသော ဤချွင်းချက်သည် အလဟဿဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မက္ကာဟ်မြို့သားတို့ကို အလ္လာဟ်အသျှင်မြတ်သည် 'ကအ်ဗာဟ်'ကျောင်းတော်၏ အကြောင်းခံကြောင့် ကမ္ဘာလောက၌ အခြားမည်သည့်လူတို့မှ မရရှိသော မွန်မြတ်မှုကို ချီးမြှင့်ထားပေသည်။ ငါအသျှင်မြတ်သည် မက္ကာဟ်မြို့၏ မြေပထဝီပရဝုဏ်တစ်ခုလုံးကို မွန်မြတ်သော နေရာဌာနအဖြစ် ချီးမြှင့်ပေးသနား သတ်မှတ်ထားတော်မူပေသည်။ အာရဗ်လူမျိုးတို့သည် မုအ်မင်န်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ အားလုံးသောသူတို့သည် မွန်မြတ်သော နယ်မြေပရဝုဏ်အား ရိုသေလေးစားကြပေသည်။ ထိုပရဝုဏ်အတွင်း၌ သတ်ဖြတ်ခြင်းကို 'ဟရာမ်'ပြစ်မှုဟူ၍ မှတ်ယူထားကြပေသည်။ 'ဟရာမ်'နယ်မြေပရဝုဏ်အတွင်း၌ လူသားတို့ မဆို ထားဘိဦး ထိုပရဝုဏ်အတွင်း၌ရှိသော သားကောင်ကို သတ်ဖြတ်ခြင်းနှင့် သစ်ပင်များကို ခုတ်ထစ်ဖြတ်တောက်ခြင်းကိုလည်း မပိုင်သော အချက်ဟူ၍ မှတ်ယူထားကြပေသည်။ ပြင်ပအရပ်ဒေသမှ တစ်ဦးတစ်ယောက်သည် 'ဟရာမ်'ပရဝုဏ်အတွင်းသို့ ဝင်ရောက်လာသည်ဆိုလျှင်လည်း ၄င်းသည် သတ်ဖြတ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိသွားပေသည်။ သို့ဆိုလျှင် မက္ကာဟ်မြို့သားတို့အဖို့ အစ္စလာမ်သာသနာကို လက်ခံလိုက်ခြင်းဖြင့် မိမိတို့၏ အသက်အန္တရာယ်အား စိုးရိမ်မကင်း ဖြစ်နေခြင်းသည်လည်း မခိုင်လုံသော အကြောင်းပြချက်တစ်ရပ် ဖြစ်ပေသည်။

وَالَّذِيْنَ جَاهَدُوْا فِيْنَا لَنَهْدِيَنَّهُمْ سُبُلَنَا

သို့ရာတွင် ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြကုန်သော သူတို့မှာမူ ဧကန်မလွဲ ငါအသျှင်မြတ်သည် ၄င်းတို့အား မိမိ၏ လမ်းများကို ပြသတော်မူမည်။ ထို့ပြင် ဧကန်မုချ အသျှင်မြတ်သည် သူတော်ကောင်းတို့နှင့်တကွ အမှန်ပင် ရှိတော်မူပေသည်။ *[၂၉ : ၆၉]*

'ဂိုဟားဒ်'၏ မူရင်းအဓိပ္ပာယ်မှာ ဒီးန်သာသနာအတွင်းသို့ ဝင်ရောက်လာသော အဟန့်အတား အနှောင့်အယှက်များကို မိမိစွမ်းအင်အလုံးစုံကို အသုံးပြု၍ ဝေးကွာအောင် ပြုခြင်းမည်၏။ ထိုအဟန့်အတား အနှောင့်အယှက်များအတွင်း၌ ကာဖိရ်များဘက်မှ ရောက်ရှိလာသော အချက်များလည်း ပါဝင်ပေသည်။ ကာဖိရ်များနှင့် စစ်ယှဉ်တိုးခြင်းသည် ထို 'ဂိုဟားဒ်'၏ အမြင့်မားဆုံးသော အမျိုးအစားတစ်ရပ် ဖြစ်ပေသည်။ မိမိ၏ 'နဖ်စ်'(စိတ်ရိုင်း) နှင့် ရှိုက်သွာန်၏ဘက်မှ ရောက်ရှိလာသော အဟန့်အတားအနှောင့်အယှက်လည်း ပါဝင်ပေသည်။

'ဂိုဟားဒ်'၏ ထိုအမျိုးအစားနှစ်ရပ်စလုံးနှင့် စပ်လျဉ်း၍ တင်ပြပါအာယသ်တော်အတွင်း၌ 'ငါအသျှင်မြတ်သည် 'ဂိုဟားဒ်'ပြုလုပ်သောသူများကို မိမိထံသို့ ရောက်ရှိမည့်လမ်းစဉ် လမ်းကြောင်းများအား ပြသပေးမည်ဟူ၍ အတိပြုထားတော်မူပေသည်။ ဆိုလိုသည်မှာ ကောင်းခြင်းနှင့် မကောင်းခြင်း၊ အမှန်နှင့် အမှား ကောင်းကျိုးနှင့် ဆိုးကျိုးတို့ ယှဉ်ပြိုင်ကာ ဒွန်တွဲလာသော အချိန်၌ အသိဉာဏ်ရှိသောသူသည် မည်သည့်လမ်းစဉ်ကို ရွေးချယ်ရမည်နည်းဟူ၍ စဉ်းစားရပေမည်။ ဤသို့သော အချိန်အခါမျိုး၌ အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ လမ်းစဉ်၌ 'ဂိုဟားဒ်'ပြုသော သူများကို အန္တရာယ်ကင်း၊ ဘေးကင်းကာ မှန်ကန်ဖြောင့်မတ်သော လမ်းစဉ်ကို ပြသပေးပေသည်။ ဆိုလိုသည်မှာ ၄င်းတို့၏ နှလုံးသားများကို ၄င်းတို့အဖို့ ကောင်းမြတ်သော 'ဗရ်ကသ်'(မင်္ဂလာ) ရှိသော အရာများဘက်သို့ လှည့်ပေးတော်မူပေသည်။

မိမိ သိရှိသည့်အပေါ် ကျင့်ကြံခြင်းပြင့် ထပ်မံ၍ အသိပညာကို တိုးမြှင့် ချီးမြှင့်ပေးခြင်း ခံရသည့်အကြောင်း

ဟဇရသ်အဗုဒ်ဒရ်ဒါး ﷺ သခင်ကြီးသည် ဤအထက်ဖော်ပြပါ အာယသ်တော်ကို အကျယ်ချဲ့ဖွင့်ဆိုရင်း ဤသို့ အမိန့်ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အကြင်အသိပညာကို လူသားတို့အား ချီးမြှင့် ပေးသနားထားတော်မူပေသည်။ အကြင်သူတို့သည် မိမိသိရှိသည့်အပေါ် ဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံ ကျင့်ကြံမည်ဆိုလျှင် ငါအသျှင်မြတ်သည် ၄င်းတို့အား ၄င်းတို့ ယခုထိတိုင် မသိရှိသေးသော အခြားသော ပညာရပ်များကိုလည်း ချီးမြှင့်ပေးသနားတော်မူပေမည်။ ဟဇရသ်ဖုသွိုင်းလ်ဗင်န်အိယားဒ်း (ရဟ) သခင်ကြီးက 'အကြင်သူတို့သည် 'အိလ်မ်' (အသိပညာ) ကို ရှာဖွေရာ၌ ကြိုးပမ်းမှုပြုမည်ဆိုလျှင် ငါအသျှင်မြတ်သည် ၄င်းသူတို့အဖို့ ကျင့်ဆောက်တည်မှု ပြုရန်ကိုလည်း လွယ်ကူစေတော်မူပေမည်'ဟူ၍ မိန့်ဆိုထားတော်မူပေသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။

[မဇ္ဇဟရီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ရူမ်

ရောမနိုင်ငံကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓ ۚ ①

၃၀ : ၁ ။ ။ အလစ်ဖ်၊ လာ…မ်၊ မီ…မ်။

غُلِبَتِ الرُّوۡمُ ۙ ②

၃၀ : ၂ ။ ။ ရောမနိုင်ငံသားတို့သည် (စစ်ရေး) ရှုံးနိမ့်ကြရချေပြီ။

فِىۡۤ اَدۡنَى الۡاَرۡضِ وَهُمۡ مِّنۡۢ بَعۡدِ غَلَبِهِمۡ سَيَغۡلِبُوۡنَ ۙ ③

၃၀ : ၃ ။ ။ (အာရေဗျနိုင်ငံနှင့်) နီးကပ်ဆက်စပ်လျက်ရှိသော တိုင်းပြည်တွင် (စစ်ရေးရှုံးနိမ့်ကြရပြီ။) သို့ရာတွင် ၎င်းတို့ ယခု (စစ်ရေး) ရှုံးနိမ့်ကြရပြီးနောက် မကြာမီပင် ၎င်းတို့သည် အောင်နိုင်ကြပေမည်။

فِىۡ بِضۡعِ سِنِيۡنَ ؕ لِلّٰهِ الۡاَمۡرُ مِنۡ
قَبۡلُ وَمِنۡۢ بَعۡدُ ؕ وَيَوۡمَٮِٕذٍ يَّفۡرَحُ الۡمُؤۡمِنُوۡنَ ۙ ④

၃၀ : ၄ ။ ။ နှစ်ကာလအနည်းငယ်တွင် (အောင်နိုင်ကြပေမည်။) အမိန့်အာဏာဟူသည် ယခင်ကလည်း အလ္လာဟ်အသျှင်မြတ်၌သာ ရှိခဲ့ပေသည်။ နောင်တွင်လည်း (ထိုအသျှင်မြတ်၌သာ) ရှိနေပေမည်။ ထိုနေ့တွင် မုအ်မင်န်သက်ဝင် ယုံကြည်သော သူတို့သည် ဝမ်းမြောက်ပျော်ရွှင်ကြပေမည်။

بِنَصْرِ اللَّهِ ۚ يَنصُرُ مَن يَشَاءُ ۖ وَهُوَ الْعَزِيزُ الرَّحِيمُ ﴿٥﴾

၃၀ : ၅ ။ ။ (ထိုနေ့တွင် မုအ်မင်န်တို့သည်) အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုကြောင့် (ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြပေမည်။) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား အောင်နိုင်စေတော်မူမည်။ စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَعْدَ اللَّهِ ۖ لَا يُخْلِفُ اللَّهُ وَعْدَهُ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٦﴾

၃၀ : ၆ ။ ။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် မိမိထားရှိတော်မူသော ကတိတော်ကို (လုံးဝ) ဖောက်ဖျက်တော်မူသည် မဟုတ်ပေ။ သို့ရာတွင် မြောက်မြားစွာသော သူတို့မှာမူ မသိကြပေ။

يَعْلَمُونَ ظَاهِرًا مِّنَ الْحَيَاةِ الدُّنْيَا وَهُمْ عَنِ الْآخِرَةِ هُمْ غَافِلُونَ ﴿٧﴾

၃၀ : ၇ ။ ။ ၄င်းတို့သည် လောကီဘဝ၏ အပေါ်ယံ ပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကိုမူ ၄င်းတို့သည် (လုံးဝ) မသိကြသူများသာလျှင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အလစ်ဖ်လာမ်မီးမ်' (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် သိရှိတော်မူပေသည်။)

ရောမနိုင်ငံသားတို့သည် (စစ်ရေး) ရှုံးနိမ့်ကြရချေပြီ။ (အာရေဗျနိုင်ငံနှင့်) နီးကပ် ဆက်စပ်လျက်ရှိသော (အလိုသဘောမှာ ဆီးရီးယားနိုင်ငံ၌ ရှိသော မြို့နှစ်မြို့ဖြစ်သော 'အဇ်ရေအားသ်'မြို့နှင့် 'ဗဆွ်ရာ' မြို့တို့ ဖြစ်သည်။ ကာမူးစ်ကျမ်း၌ ဤအတိုင်း ရေးသားထားပေသည်။ ရောမအစိုးရ၏ လက်အောက်ခံ၌ နေထိုင်ကြသောကြောင့် ရောမမြေအတွင်း၌ ပါဝင်ခြင်းဖြစ်ပေသည်။ ထိုနေရာ၌ ရောမနိုင်ငံသားတို့သည် ပါးရှားန်နိုင်ငံသားတို့နှင့် ယှဉ်ပြိုင်ရာ၌) ထို (နေရာ) တိုင်းပြည်တွင် (စစ်ရေးရှုံးနိမ့်ကြရပြီ။ အကြင်ကဲ့သို့ ရှုံးနိမ့်သွားရခြင်းကြောင့် 'မုရှ်ရစ်က်'တို့သည် ဝမ်းသာလျက် ရှိကြကုန်၏။) သို့ရာတွင် ၄င်း (ရောမနိုင်ငံသား) တို့ (သည်) ယခု (စစ်ရေး) ရှုံးနိမ့်ကြရပြီးနောက် မကြာမီပင် ၄င်းတို့သည် အောင်နိုင်ကြပေမည်။ (ပါးရှားန်နိုင်ငံသားတို့ဖြင့် ဒုတိယအကြိမ် ယှဉ်ပြိုင်ရာ၌) နှစ်ကာလ အနည်းငယ်တွင် (၃) နှစ်မှ (၉) နှစ်အတွင်းတွင် အောင်နိုင်ကြပေမည်။ အောင်နိုင်ခြင်း၊ ရှုံးနိမ့်ခြင်းအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရှုံးနိမ့်သွားခြင်းဖြစ်သော) အမိန့်အာဏာဟူသည် ယခင်ကလည်း အလ္လာဟ်အသျှင်မြတ်၌သာ ရှိခဲ့ပေသည်။ (အကြင်အသျှင်မြတ်၏ အမိန့်အာဏာတော်ဖြင့်

ရှုံးနိမ့်စေလိုက်ပေသည်။ (ရှုံးနိမ့်ခဲ့ပြီးနောက်) နောင်တွင်လည်း (ထိုအသျှင်မြတ်၌သာ) ရှိပေသည်။ (အကြင် အမိန့်အာဏာတော်ဖြင့် အောင်နိုင်စေလိုက်ပေသည်။) ထို (ရောမသားများ အောင်နိုင်သော နေ့) တွင် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့သည် ဝမ်းမြောက်ပျော်ရွှင်ကြပေမည်။

(ထိုနေ့တွင် မုအ်မင်န်တို့သည်) အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုကြောင့် (ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြပေမည်။ ယင်းကူညီမှု၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအား ၎င်းတို့၏ ကြိုတင် တင်ပြချက်နှင့်အညီ မှန်ကန်၊ အောင်မြင်မှုကို ချီးမြှင့်ပေးလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကြိုတင်ဟောကိန်းကို မွတ်စ္စလင်မ်တို့သည် ကာဖိရ်များအပေါ် ပြောပြရာ ၎င်းကာဖိရ်တို့က ငြင်းဆို ကြပေသည်။ သို့ဆိုလျှင် မွတ်စ္စလင်မ်များ ပြောဆိုထားသကဲ့သို့ ဖြစ်ပေါ်တည်ရှိလာသောကြောင့် မွတ်စ္စလင်မ် များ အောင်နိုင်မှုကို ရရှိခဲ့ပေသည်'ဟူ၍လည်း ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ်က ဤသို့ မွတ်စ္စလင်မ်များ အား ယှဉ်ပြိုင်မှု၌လည်း လွှမ်းမိုးအောင်နိုင်မှုကို ချီးမြှင့်ပေလိမ့်မည်။ သို့ရှိရာ ယင်းအချိန်သည် 'ဗဒရ်' စစ်မြေပြင်၌ ချိန်းဆိုထားသောအချိန် ဖြစ်သည်' ဟုလည်း အလိုသဘောမျိုး ဖြစ်နိုင်ပေသည်။ အခြေအနေ တိုင်း၌ ကူညီပေးခြင်းခံရသော သူတို့မှာ မွတ်စ္စလင်မ်တို့သာလျှင် ဖြစ်ပေသည်။ မွတ်စ္စလင်မ်တို့၏ အပေါ်ယံ အရေးနိမ့်ခြင်းကို ကြည့်ရှုကာ 'ဤသို့ အရေးနိမ့်လျက် ရှိနေသော မွတ်စ္စလင်မ်တို့သည် ယှဉ်ပြိုင်ချိန်၌ ကာဖိရ်များအပေါ် မည်သို့ အောင်နိုင်မည်နည်း'ဟူသော အချက်သည် ခဲယဉ်းပေသည်'ဟူ၍ မမှတ်ယူ ထားရပေ။ အဘယ်ကြောင့်ဆိုသော် ကူညီစောင်မတော်မူခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ် အတွင်း၌သာ ရှိပေသည်။) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား အောင်နိုင်စေတော်မူမည်။ စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင် (အလိုရှိတော်မူသော အချိန် ကာဖိရ် များအား အပြောနှင့်လုပ်ရပ် နှစ်ရပ်စလုံးကို ချေမှုန်းစေတော်မူသော အသျှင်) အလွန်တရာ သနားကြင်နာ တော်မူသော အသျှင်မြတ် (အလိုရှိတော်မူသော အချိန်၌ မွတ်စ္စလင်မ်များအား လွှမ်းမိုးအောင်နိုင်မှုကို ချီးမြှင့် ပေးသနားတော်မူသော အသျှင်မြတ်) ပင် ဖြစ်တော်မူ၏။

(ဤသည်) အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် မိမိထား ရှိတော်မူသော ကတိတော်ကို (လုံး၀) ဖောက်ဖျက်တော်မူသည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ဤကြိုတင်ဟောကိန်း ထွက်ထားခြင်းအချက်သည် မုချ ပေါ်ပေါက်လာမည့် အရာဖြစ်ပေသည်။) သို့ရာတွင် မြောက်မြားစွာသော သူတို့မှာမူ (အလ္လာဟ်အသျှင်မြတ် ချယ်လှယ်နိုင်စွမ်းများ ရှိကြောင်း) ကို မသိကြပေ။ (အပေါ်ယံအကြောင်းခံ ကိစ္စရပ်များကို ကြည့်ရှုကာ အမိန့်ကို ထုတ်ပြန်ကြပေသည်။ ထို့ကြောင့် ယင်းကြိုတင် ဟောကိန်းအချက်ကို ဖြစ်ပေါ်ရန် ဝေးကွာလှသည်ဟူ၍ မှတ်ယူထားကြပေသည်။ အမှန်စင်စစ် အကြောင်းခံ အချက်များအပေါ် ကြောင်းကျိုးတရား သက်ရောက်စေတော်မူသော အသျှင်မြတ်နှင့် အကြောင်းခံများကို စိုးပိုင်တော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ် ၏ ထံတော်ပါး၌ အကြောင်းခံများကို ပြောင်းလွဲမှုပြုရန်လည်း အချက်သည်လည်း လွယ်ကူလှပေသည်။ အကြောင်းခံများနှင့် ဆန့်ကျင်ဘက် ကြောင်းကျိုးတရား သက်ရောက်စေခြင်းသည်လည်း လွယ်ကူလှ

ပေသည်။ ကြိုတင်ဟောကိန်း မဖြစ်ပေါ်မီအလျင် အပေါ်ယံ အကြောင်းခံများမရှိသည့်အတွက်ကြောင့် ယင်းအချက်အား ငြင်းဆိုသလို ဟောကိန်းပြည့်ဝစွာ ဖြစ်ပေါ်သွားပြီးနောက်၌လည်း တိုက်ဆိုင်သော အချက်ဟူ၍ ဆိုကြပြန်လေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ဖြစ်ပေါ် တည်ရှိလာသည်ဟူ၍ မမှတ်ယူထားကြပေ။ ထို့ကြောင့် لَا يَعْلَمُونَ (လားယအ်လမူးန) ဟူသော စကားလုံး၌ ယင်းအချက်နှစ်ချက်စလုံး အကျုံးဝင်သွားပေသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ အား နဗီအဖြစ် လက်ခံခြင်းမှ မေ့လျော့ကာ မသိခြင်း၏ အကြောင်းခံမှာ) ၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံ ပုံပန်း (အခြေအနေ) ကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကိုမူ ၎င်းတို့သည် (လုံးဝ) မသိကြသူများသာလျှင် ဖြစ်ကြကုန်သည်။ (ထိုလောက၌ မည်သို့ ဖြစ်ရှိမည်နည်း။ ထို့ကြောင့် ၎င်းတို့သည် ကမ္ဘာလောက၌ ပြစ်ဒဏ်ဖြစ်စေသော အကြောင်းခံများမှ ရှောင်ရှားရန် သောကမထားသကဲ့သို့ လွတ်မြောက်ရန် အကြောင်းခံဖြစ်သော အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလများကို ရှာဖွေရန်လည်း သောကမထားကြတော့ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

စူရာဟ်တော်ကျရောက်လာခြင်းသည် ရောမနိုင်ငံသားနှင့် ပါရှားန်နိုင်ငံသားတို့ စစ်ဖြစ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်း

'စူရာဟ်အန်ကဗူးသ်' (ပင့်ကူကောင်ကဏ္ဍ) သည် 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း 'ဂျီဟားဒ်'ပြုလုပ်သော သူတို့အဖို့ မိမိထံသို့ ရောက်ရှိနိုင်ရန် လမ်းကြောင်းများ ဖွင့်ပေးခြင်းနှင့် ၎င်းတို့အဖို့ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ အောင်မြင်မှုရရှိခြင်း၏ သတင်းကောင်းပေးခြင်း' ဟူသော အာယသ်တော်ဖြင့် အဆုံးသတ်ထားပေသည်။ ဤ 'စူရာဟ်ရူးမ်'၏ အစပိုင်းဖြစ်အင်သည်လည်း ထိုအလ္လာဟ်အသျှင်မြတ်၏ အကူအညီတော် ရရှိလာခြင်းကို ထုတ်ဖော်ပြဆိုထားခြင်း ဖြစ်ပေသည်။ ဤစူရာဟ်တော်အတွင်း၌ ရောမနိုင်ငံသားများနှင့် ပါရှားန်နိုင်ငံသားများ စစ်ဖြစ်ခြင်းအကြောင်း တင်ပြထားပေသည်။ ဤအဖွဲ့နှစ်ဖွဲ့စလုံးသည် ကာဖိရ်ချည်းသာ ဖြစ်ကြပေသည်။ ယင်းအဖွဲ့နှစ်ဖွဲ့မှ တစ်ဖွဲ့သည် အောင်နိုင်၍ တစ်ဖွဲ့ရှုံးနိမ့်ခြင်းသည် ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် အစ္စလာမ်သာသနာနှင့် မွတ်စ္စလင်မ်များအဖို့ စိတ်ဝင်စားဖွယ်ရာ တစ်စုံတစ်ရာမျှ မရှိပေ။ သို့ရာတွင် ထိုကာဖိရ်အဖွဲ့နှစ်ဖွဲ့အတွင်း၌ ပါရှားန်သား မုရှ်ရစ်က်တို့သည် မီးကိုးကွယ်သောသူများ ဖြစ်ကြပေသည်။ ရောမသားတို့သည် ကျမ်းရ နစ္စရာနီများဖြစ်ကြပေသည်။ ထိုနှစ်မျိုးစလုံးသော ကာဖိရ်အုပ်စုများ၌ ကျမ်းရသူများသည် မွတ်စ္စလင်မ်တို့ဖြင့် ဆက်စပ်မှုအရ နီးစပ်သောသူများ ဖြစ်ကြပေသည်။ အဘာယ်ကြောင့်ဆိုသော် များစွာသော သာသနာ၏ အခြေခံအချက်များဖြစ်သည့် နောင်တမလွန် 'အာခေရသ်'အပေါ် အီမာန်ယုံကြည်ခြင်း၊ ရစူလ်တမန်တော်

၏ ရှုလ်ဖြစ်ခြင်းနှင့် 'ဝဟီ'အမိန့်အပေါ် အီမာန်ရယူခြင်း စသော အချက်များသည် ၎င်းတို့နှင့်အတူ အနည်းငယ်ဖက်စပ်ကာ တူညီသည့် သဘောမျိုး ရှိပေသည်။ ယင်းသို့ ဖက်စပ်မှု မူဝါဒပိုင်းဆိုင်ရာကဏ္ဍများ ရှိနေခြင်းကြောင့် တမန်တော်မြတ် ﷺ သည် ရောမနိုင်ငံ ဘုရင်ခံထံသို့ အစ္စလာမ်သာသနာ၏ ဘက်သို့ ဖိတ်ခေါ်ခြင်း၏ သဝဏ်လွှာကို ပေးပို့ခဲ့သည်မှာ-

تَعَالَوْا اِلٰى كَلِمَةٍ سَوَآءٍ بَيْنَنَا وَبَيْنَكُمْ

(အသင်တို့သည် ကျွန်ုပ်တို့နှင့် အသင်တို့ကြား၌ အားလုံး လက်ခံထားသည့် တူညီသော စကားဘက်သို့သာ လာကြလေကုန်။) *[၃ : ၆၄]*

ကျမ်းရသူများနှင့်အတူ မွတ်စ္စလင်မ်များအဖို့ နီးကပ်ခြင်း၏ ရှုထောင့်တစ်ရပ်မှာ တမန်တော်မြတ် ﷺ မက္ကာဟ်ရွှေမြို့တော်၌ သီးတင်းသုံးနေထိုင်တော်မူစဉ် ပါရှားန်နိုင်ငံသားတို့သည် ရောမသားတို့အား ဝင်ရောက်တိုက်ခိုက်ခြင်း၏ အကြောင်းခံတစ်ရပ်လည်း ပါဝင်ပေသည်။ ဟာဖိဇ်အိဗ်နေ့ဟာဂျရ် အစရှိသော ပညာရှင်ကြီးများ၏ တင်ပြချက်နှင့်အညီ ၎င်းတို့၏ ဤစစ်ပွဲသည် ဆီရီးယားနိုင်ငံ၏ 'အဇ်ရေအားသ်'နှင့် 'ဗဆွ်ရာ' မြို့ကြား၌ ဖြစ်ပေါ်ခဲ့သည်။ ယင်းစစ်ပွဲဖြစ်ပွားနေစဉ် ကြားကာလ၌ မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် ပါရှားန်နိုင်ငံသားများကို အနိုင်ရစေလိုကြပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်လည်း ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် ရုပ်တု၊ စဉ်းတုများကို ခဝပ်ကိုးကွယ်ရာ၌လည်းကောင်း (မက္ကာဟ်မြို့ရှိ 'မုရှ်ရစ်က်' ကဲ့သို့ ဖြစ်ကြပေသည်။ ထို့ပြင်တစ မွတ်စ္စလင်မ်တို့သည် ရောမနိုင်ငံသားများကို အနိုင်ရစေလိုကြပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းရောမသားတို့သည် ဘာသာ၊ သာသနာရေးရာကို ထောက်ရှု၍ အစ္စလာမ်သာသနာနှင့် နီးစပ်ပေသည်။ သို့သော် ထိုအချိန်၌ ပါရှားန်နိုင်ငံသားတို့သည် ရောမနိုင်ငံသားများအပေါ် လွှမ်းမိုးမှု ရရှိသွားပေသည်။ ၎င်းပါရှားန်တို့သည် ကုစ်သူန်သွိနီယားအရပ်ဒေသထိတိုင် အောင်နိုင်မှု ရရှိသွားပေသည်။ ထိုအရပ်ဒေသ၌ မိမိတို့ ခဝပ်ကိုးကွယ်မှု ပြုရန်အတွက် မီးကိုးကွယ်ဆောင်တစ်ဆောင်ကိုလည်း ဆောက်လုပ်လိုက်ပေသည်။ ဤအောင်မြင်မှုသည် ဒီဠ်ကစ်ရာဘုရင်အဖို့ နောက်ဆုံးအောင်မြင်မှုပင် ဖြစ်သည်။ ထို့နောက်ပိုင်း၌ ၎င်း၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါ ကျဆင်းမှုသည် စတင်လာပေသည်။ တစ်ဖန် မွတ်စ္စလင်မ်တို့၏ လက်ဝယ် အတွင်းဝယ် ၎င်း၏ ဇာတ်လမ်း အဆုံးသတ်သွားပေသည်။ *[ကုရ်သုဗီး]*

ထိုဖြစ်အင်အပေါ် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များသည် ပျော်ရွှင်ဝမ်းမြောက်ကာ မွတ်စ္စလင်မ်များအား 'အသင်တို့ ဖြစ်လိုသည့် အချက် ယခု ရှုံးနိမ့်သွားပေသည်'ဟူ၍ အရှက်တရားရအောင် ပြုကြပေသည်။ ကျမ်းရသူ ရောမသားတို့သည် ပါရှားန်နိုင်ငံသားများနှင့် ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်သကဲ့သို့ ကျွန်ုပ်တို့နှင့် ယှဉ်ပြိုင်ရာတွင် အသင်တို့သည် ရှုံးနိမ့်ကြချေပြီ။ ယင်းသို့ ပြောဆိုမှုကြောင့် မွတ်စ္စလင်မ်တို့သည် သောကဝေဖြာသွားကြချေပြီ။ *[အိဗ်နေ့ဂျရီးရ်၊ အိဗ်နေအဗီဟာသင်မ်]*

ကုရ်အာန်ကျမ်းတော်မြတ်အတွင်း စူရာဟ်ရူးမ်၏ အစအာယသ်တော်များသည် ယင်းဖြစ်အင်နှင့် စပ်လျဉ်း၍ ကျရောက်လာခဲ့ပေသည်။ အကြင်အာယသ်တော်များအတွင်း၌ 'နှစ်အချို့ ကြာမြင့်ပြီးနောက်

ရောမ သားတို့သည် ပါရှားနိုင်ငံသားတို့အပေါ် အောင်နိုင်မှု ရရှိလာပေလိမ့်မည်' ဟူသော ကြိုတင်ဟောကိန်းနှင့် သတင်းကောင်းများ လာရှိထားပေသည်။

ဟဇရသ်စွစ္စ်ဒီးကေ့အပ်က်ဗရ်အဗူဗကရ် ﷺ သခင်ကြီးသည် ဤအာယသ်တော်များကို ကြားနာရသောအခါဝယ် မက္ကာဟ်မြို့တော်၏ အရပ်မျက်နှာ အဘက်ဘက်နှင့် မုရှ်ရစ်က်တို့၏ လူစုလူဝေးများ ရှိရာများနှင့် ဈေးသို့ သွားရောက်ကာ 'အသင်တို့ ဝမ်းမြောက်ပျော်ရွှင်ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။ နှစ်အချို့အတွင်း တစ်ဖန် ရောမနိုင်ငံသားများသည် ပါရှားန်နိုင်ငံသားများအပေါ် လွှမ်းမိုးမှု ရရှိလာပေလိမ့်မည်' ဟူ၍ ကြေညာတော်မူပေသည်။ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များထဲမှ အိုဗိုက်အိဗ်နေခလဖ်သည် စကားစစ်ထိုးကာ ပြောဆိုသည်မှာ 'အသင်သည် မှားယွင်းသော စကားကို ဆိုသည်။ ဤသို့ ဖြစ်နိုင်မည် မဟုတ်' ဟူ၍ ဆိုသည်။ ဟဇရသ်စွစ္စ်ဒီကေ့အပ်က်ဗရ်အဗူဗကရ် ﷺ သခင်ကြီးသည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူသည်သာလျှင် လူလိမ်လူညာဖြစ်သည်။ ကျွန်ုပ်နှင့် အသင်သည် ဤဖြစ်အင်အပေါ် စည်းကမ်းချက် တစ်ရပ်ကို သတ်မှတ်လိုက်ပေမည်။ အကယ်၍ (၃) နှစ်တာအတွင်း ရောမသားတို့ မအောင်နိုင်လျှင် ကျွန်ုပ်သည် အသင့်အား ကုလားအုတ်မ (၁၀) ကောင်ပေးမည်။ အကယ်၍ ၎င်းတို့ အောင်နိုင်လာလျှင် အသင်က ကျွန်ုပ်အား ကုလားအုတ်မ (၁၀) ကောင် ပေးရပေမည်။ (ဤအမှုကိစ္စသည် လောင်းကစားခြင်းပင် ဖြစ်သည်။ သို့ရာတွင် ထိုအချိန်ထိတိုင် လောင်းကစားသည် 'ဟရာမ်' မဖြစ်သေးပေ) ဟူ၍ ပြောဆိုကာ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ ထိုဖြစ်အင်အား တင်ပြပေသည်။ တမန်တော်မြတ် ﷺ က 'ကျွန်ုပ်သည်မှု (၃) နှစ်ဟူ၍ သတ်မှတ်ကာ အမိန့်မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးသည် بِضۡعِ سِنِينَ (နှစ်အချို့) ဟူ၍ လာရှိထားပေရာ (၃) နှစ်မှ (၉) နှစ်ထိတိုင် အသုံးအနှုန်းကို ကောက်ယူ၍ ရပေသည်။ အသင်သည် ပြန်သွား၍ အသင်နှင့် စည်းကမ်းချက် သတ်မှတ်ထားသော သူအား 'ကျွန်ုပ်သည် ကုလားအုတ်မ (၁၀) ကောင်၏အစား အကောင် (၁၀၀) ပြန်၍ သတ်မှတ်မည်။ သို့ရာတွင် နှစ်ကာလကိုမူ (၃) နှစ်၏ အစား (၉) နှစ်၊ အချို့သော ဆင့်ပြန်ချက်များတွင် (၇) နှစ် သတ်မှတ်မည်' ဟူ၍ ဆိုကုန်' ဟု အမိန့်ရှိလိုက်ပေသည်။ စွစ္စ်ဒီကေ့အပ်က်ဗရ် သခင်ကြီးသည် အမိန့်ရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ပေသည်။ အိုဗိုက်အိဗ်နေခလဖ်သည် ထိုပဋိညာဉ်အသစ်ကိုလည်း သဘောတူသွားပေသည်။ *[အိဗ်နေဂျရီးရ်]*

ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ သိရှိရသည်မှာ ဤဖြစ်အင်သည် ဟီဂျ်ရသ်မပြုမီ (၅) နှစ်အလျှင်က ဖြစ်ပေါ်ခဲ့သည်။ (၇) နှစ်အတိ ပြည့်ပြီး 'ဗဒရ်' စစ်ပွဲဖြစ်ပွားချိန်တွင် ရောမနိုင်ငံသားတို့သည် ဒုတိယအကြိမ် ပါးရှားန်နိုင်ငံသားများအပေါ် လွှမ်းမိုးအောင်နိုင်သွားပေသည်။ ထိုအချိန်တွင် အိုဗိုက်အိဗ်နေခလဖ်သည် ကွယ်လွန်သေဆုံးပြီး ဖြစ်ပေသည်။ စွစ္စ်ဒီကေ့အက္ကဗရ်သခင်ကြီးသည် ၎င်း၏ အမွေစားအမွေခံများထံမှ မိမိ၏ စည်းကမ်းချက်အတိုင်း ကုလားအုတ်မအကောင် (၁၀၀) ကို တောင်းခံလေရာ ၎င်းတို့ဘက်မှလည်း ပြန်လည် ပေးဆောင်လိုက်ပေသည်။

အချို့သော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ ဟိဂျ်ရသ်မပြုမီအလျင် အိုဗိုက်အိမ်နေခလဖ် သည် 'အဘူဗက္ကရ်'သခင်သည်လည်း ဟိဂျ်ရသ်ပြုကောင်း ပြုသွားနိုင်ပေသည်' ဟူ၍ စိုးရိမ်မကင်းဖြစ်ကာ 'ကျွန်ုပ်သည် အသင့်အား မိမိဘက်မှ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကို မခန့်ပေးသရွေ့ ကာလပတ်လုံး လုံး၀ ထွက်ခွာသွားခွင့်ပြုမည်မဟုတ်။ သတ်မှတ်ထားသည့်အချိန်ထိတိုင် ရောမသားများ မအောင်နိုင်ပါမူ အသင်သည် ကျွန်ုပ်အား ကုလားအုတ်မအကောင် (၁၀၀) ပေးရပေမည်' ဟူ၍ ပြောဆိုပေသည်။ ဟဇရသ် စွစ္စဒီကေ့အက္ကဗရ်သခင်ကြီးသည် မိမိ၏သား အဗ်ဒုရ်ရဟ်မာန်ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထား လိုက်ပေသည်။

စည်းကမ်းချက်နှင့်အညီ စွစ္စဒီကေ့အက္ကဗရ်သခင်ကြီးသည် နိုင်သွားသောအခါ ကုလားအုတ်မ အကောင် (၁၀၀) ၄င်း၏လက်တွင်းသို့ ရောက်ရှိလာပေသည်။ ထိုသို့ဆိုလျှင် ၄င်းသည် အားလုံးကို ယူဆောင် ကာ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ယူဆောင်သွားပေသည်။ တမန်တော်မြတ် ﷺ သည် ၄င်း အားလုံးကို ပြန်လည်လှူဒါန်းရန် အမိန့်ရှိလိုက်ပေသည်။ အဗူယအ်လား၊ အိမ်နေအစာကိရ်ကျမ်း၌ ဟဇရသ် ဗရားအိမ်နေအာဇိဗ် ؓ သခင်ကြီး၏ ဆင့်ပြန်ချက်မှ အောက်ဖော်ပြပါ စကားလုံးများအတိုင်း လာရှိထား ပေသည်။

هٰذَا السُّحْتُ تَصَدَّقْ بِهٖ

ဤသည် 'ဟရာမ်'ဖြစ်သည်။ ၄င်းအား ပြန်လည်၍ လှူဒါန်းကုန်။ *[ရှုဟုလ်မအာနီကျမ်း]*

လောင်းကစားခြင်းဆိုင်ရာ စမ္မသတ်များ

လောင်းကစားမှုပြုခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ 'နုစူးစ်' (အဓိကလိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ၀ါကျများ) တို့ကို ထောက်ရှု၍ လုံး၀ 'ဟရာမ်'ဖြစ်ပေသည်။ မဒီနာရွှေမြို့ တော်သို့ ဟိဂျ်ရသ်ပြုပြီးသည့်နောက် အရက်သောက်ခြင်း 'ဟရာမ်'ဖြစ်ချိန် လောင်းကစားမှုပြုခြင်းသည် လည်း 'ဟရာမ်'ဖြစ်သွားပေသည်။ ၄င်းကို ရှိုက်သွာန်၏ အပြုအမူဟူ၍ သတ်မှတ်လိုက်ပေသည်။

اِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْاَزْلَامُ رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ

(ကေန်မုချ အရက်၊ လောင်းကစားခြင်းသည်လည်းကောင်း၊ ရုပ်တုဆင်းတုများသည်လည်းကောင်း၊ မြှားဖြင့် ကံစမ်းခြင်းသည်လည်းကောင်း အလွန်ဆိုးရွား ညစ်ညမ်းလှစွာသော ရှိုက်သွာန်၏ အကျင့်အမူ များဖြစ်ရာ) *[၅ : ၉၀]*

ဟူသော အာယသ်တော်အတွင်း၌ မိုက်စစ်ရ်နှင့် အဇ်ဇလားမ်သည်လည်း လောင်းကစားမှုပြုခြင်း၏ ပုံစံများဖြစ်သည့်အတွက်ကြောင့် 'ဟရာမ်'အဖြစ် သတ်မှတ်လိုက်ပေသည်။

ဤနှစ်ဖက်နှစ်ချက်အဖွဲ့မှ အပေးအယူနှင့် အနိုင်အရှုံး၏ စည်းကမ်းချက်ကို ဟဇရတ်အဗူဗကရ် ﷺ သခင်ကြီးသည် အိုဗိုက်အိဗ်နေ့ခလဖ်နှင့်ပြုလုပ်ခဲ့သည်။ ဤသည်လည်း လောင်းကစားတစ်မျိုးသာလျှင် ဖြစ်သည်။ သို့ရာတွင် ဤအထက်ဖော်ပြပါဖြစ်အင်သည် ဟီဂျိရတ်မပြုမီက ဖြစ်သည်။ ထိုအချိန်၌ လောင်းကစားမှုပြုခြင်းသည် 'ဟရာမ်' မဖြစ်သေးပေ။ ထို့ကြောင့် ယင်းဖြစ်အင်၌ လောင်းကစားမှုပြုထားသော ပစ္စည်းတမန်တော်မြတ် ﷺ ထံတော်ပါးသို့ ယူဆောင်လာသောအခါ မည်သည့်ပစ္စည်းဥစ္စာ တစ်စုံတစ်ရာမျှ 'ဟရာမ်' မဟုတ်ပေ။

ထို့ကြောင့် ဤနေရာ၌ တမန်တော်မြတ် ﷺ သည် ထိုပစ္စည်းအား 'စွဒ်ကဟ်' ပြုရန် အဘယ်ကြောင့် အမိန့်ပေးသနည်း။ အထူးသဖြင့် အခြားသော ဆင့်ပြန်ချက်များ၌ ထိုပစ္စည်းနှင့် စပ်လျဉ်း၍ 'စုဟ်သူးန်' ဟူသော စကားလုံး လာရှိထားပေသည်။ ထိုစကားလုံး၏ ထင်ရှားသောအဓိပ္ပာယ်မှာ 'ဟရာမ်' ဟူ၍ ဖြစ်ရာ ဤသည် မည်ကဲ့သို့ မှန်ကန်ပေမည်နည်း' ဟူ၍ မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။ ယင်းမေးခွန်းနှင့် စပ်လျဉ်းသော အဖြေကို ဓမ္မသတ်ပညာရှင်များက ဤသို့ တင်ပြထားကြပေသည်။ ထိုပစ္စည်းသည် ယင်းအချိန်၌ 'ဟလာလ်' ဖြစ်နေလင့်ကစား သို့ရာတွင် လောင်းကစားအား အကြောင်းခံ၍ ပစ္စည်းအား ရှာဖွေခြင်းကို တမန်တော်မြတ် ﷺ သည် ယင်းအချိန်၌လည်း မနှစ်မြို့ခဲ့ပေ။ ထို့ကြောင့် စွစ္စ်ဒီကေ့ အက္ကဗရ်သခင်ကြီး၏ ဂုဏ်ရှိန်၊ ဂုဏ်ရှိန်ဝါနှင့် သင့်တော်သည်ဟု မမှတ်ယူကာ ၎င်းပစ္စည်းအား လှူဒါန်းရန် အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းအချက်သည် အောက်ဖော်ပြပါအချက်ကဲ့သို့ ဖြစ်ပေသည်။ အရက်သောက်ခြင်း 'ဟလာလ်' ဖြစ်သော ခေတ်ကာလ၌လည်း တမန်တော်မြတ် ﷺ နှင့် ဟဇရတ်အဗူဗကရ် စွစ္စ်ဒ်ဒီးက်သခင်ကြီးသည် မည်သည့်အခါမျှ မသောက်သုံးခဲ့ပေ။

အချို့သော ဆင့်ပြန်ချက်များ၌ လာရှိသော 'စုဟ်သူးန်' ဟူသော စကားလုံးကို ဦးစွာပထမ ထိုဆင့်ပြန်ချက်များကို ဟဒီးစ်ပါမောက္ခတို့သည် မှန်ကန်သည်ဟူ၍ မမှတ်ယူခဲ့ပေ။ အကယ်၍ ၎င်းကို မှန်ကန်သည်ဟု လက်ခံလိုက်ပါလျှင်လည်း ဤစကားလုံးကို 'ဟရာမ်' ၏ အဓိပ္ပာယ်ကဲ့သို့ နောက် အခြားသော အဓိပ္ပာယ်တစ်ရပ်ရပ်၌ အသုံးပြုပေမည်။ ဒုတိယအဓိပ္ပာယ်မှာ မနှစ်မြို့ခြင်း၏ အဓိပ္ပာယ်လည်း ရရှိပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် كسب الحجام سحت (သွေးဖောက်ထုတ်၊ စုပ်ထုတ်ပေးသောသူ၏ ရှာဖွေမှုသည် 'စုဟ်သ်' ဖြစ်သည်) ဟူ၍ အမိန့်ရှိခဲ့သည်။ ဤဟဒီးစ်တော်၌ ပါရှိသော 'စုဟ်သူးန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဓမ္မသတ်ပညာရှင်များသည် နှစ်မြို့မှုမရှိသော အရာ' ဟူသော အဓိပ္ပာယ်ကို ကောက်ယူထားကြပေသည်။ အေမာမ်ရာဂစ်ဗ်အစ္စ်ဖဟာနီး (ရဟ) သခင်ကြီးသည် မုဖ်ရိဒါးသုလ်ကုရ်အာန်ကျမ်း၌သော်လည်းကောင်း၊ အိဗ်နေအစီးရ်သခင်ကြီးသည် နေဟာယာကျမ်း၌လည်းကောင်း 'စုဟ်သူးန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်အမျိုးမျိုးကို အာရဗ်နိုင်ငံသားတို့၏ အသုံးအနှုန်း ဝေါဟာရများနှင့် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များနှင့် အတည်ပြုထားပေသည်။

ဓမ္မသတ်ပညာရှင်များ၏ ဤတင်ပြချက်ကို အောက်ဖော်ပြပါမည့် အကြောင်းတို့ကြောင့် မုချ လက်ခံသင့်ပေသည်။ အကယ်၍ အမှန်တကယ် ဤပစ္စည်းသည် 'ဟရာမ်' ဖြစ်မှု သာသနာတော်၏ အခြေခံမှုနှင့်

အညီ ယူထားသော သူအား ပြန်လည်ပေးအပ်ရပေမည်။ 'ဟရာမ်'ပစ္စည်းအား 'ဆွဒ်ကာဟ်'ပေးရန် အမိန့်သည် ပိုင်ရှင်အား မသိရှိချိန်၌သော်လည်းကောင်း၊ ပို့ဆောင်ရန် ခက်ခဲမှုရှိနေချိန်၌လည်းကောင်း၊ ၎င်းအား ပြန်လည်ပေးအပ်ရာ၌ သာသနာရေးရာဆိုင်ရာ အခြားသော ဆိုးရွားချက်တစ်စုံတစ်ရာ ရှိနေချိန်၌လည်းကောင်း စသော အချိန်အခါပုံစံမျိုး၌ ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

يَوْمَئِذٍ يَّفْرَحُ الْمُؤْمِنُوْنَ بِنَصْرِ اللّٰهِ

(ထိုနေ့တွင် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုကြောင့် ဝမ်းမြောက်ပျော်ရွှင်ကြပေမည်။) [၃၀ း ၄-၅]

ယင်းသို့ ပျော်ရွှင်ရခြင်းမှာ ရောမနိုင်ငံသားများ ပါရှားန်နိုင်ငံသားများအပေါ် အောင်နိုင်မှု ရရှိသွားသောကြောင့် ဖြစ်ပသေည်။ စာပိုဒ်တော်၏ စကားလုံးများကို ထောက်ရှု၍ ဤနေရာ၌ ကူညီစောင်မမှုပြုခြင်းသည် ရောမနိုင်ငံသားတို့အား ဖြစ်ပေသည်။ ၎င်းတို့သည် ကာဖိရ်များ ဖြစ်နေလင့်ကစား အခြားသော ကာဖိရ်များနှင့် နှိုင်းယှဉ်လျှင် 'ကုဖွရ်'(သွေဖည်ငြင်းဆိုမှု) ပြုရာ၌ ပေါ့ပါးပေသည်။ ထို့ကြောင့် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကူညီတော်မူခြင်းသည် တစ်စုံတစ်ရာ စဉ်းစားတွေးခေါ်ရန် ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အထူးသဖြင့် ၎င်းတို့အား ကူညီစောင်မတော်မူလိုက်ရာ၌ မွတ်စ္စလင်မ်များသည်လည်း ပျော်ရွှင်ဝမ်းမြောက်သွား၍ ကာဖိရ်များနှင့် အခြေအတင်ငြင်းခုံရာ၌ မွတ်စ္စလင်မ်များ၏ ဘက်မှသာ အနိုင်ရရှိသွားပေသည်။

ကူညီခြင်းဟူသည် ဤနေရာ၌ အကြောင်းနှစ်ချက်ကြောင့် မွတ်စ္စလင်မ်များအား ကူညီခြင်းသည် ဖြစ်တန်ကောင်းပေသည်။ ပထမအချက်မှာ မွတ်စ္စလင်မ်များသည် ရောမနိုင်ငံသားများ အောင်နိုင်မည့် အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် အစ္စလာမ်သာသနာ၏ မှန်ကန်ကြောင်းကို အထောက်အထားအဖြစ် ပြသကာ ပြောဆိုလိုက်ပေသည်။ ထို့ကြောင့် ရောမနိုင်ငံသားများ၏ အောင်နိုင်မှုသည် စင်စစ်၌ မွတ်စ္စလင်မ်တို့၏ ကူညီစောင်မမှုပင် ဖြစ်ပေသည်။ မွတ်စ္စလင်မ်တို့အား ကူညီစောင်မခြင်း၏ ဒုတိယအကြောင်းမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ ထိုခေတ်ကာလ၌ ရောမအင်အားကြီးမားသော ကာဖိရ်အုပ်စုနှစ်အုပ်စုမှာ ရောမနိုင်ငံသားများနှင့် ပါးရှားန်နိုင်ငံသားများ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုမျိုးနွယ်နှစ်ရပ်စလုံးကို အချင်းချင်းကြား၌ တိုက်ခိုက်စေကာ အားအင်ချည့်နဲ့အောင် ပြုတော်မူလိုက်ပေသည်။ အကြင်အချက်သည် နောင်လာမည့် အချိန်ကာလ၌ မွတ်စ္စလင်မ်တို့အဖို့ အောင်မြင်မှု၏ လမ်းစပင် ဖြစ်ပေသည်။ [ရှုးဟ်]

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا وَهُمْ عَنِ الْاٰخِرَةِ هُمْ غٰفِلُوْنَ

၎င်းတို့သည် လောကီသား၏ အပေါ်ယံပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကိုမူ ၎င်းတို့သည် လုံးဝ မသိကြသူများသာလျှင် ဖြစ်ကြကုန်သည်။ [၃၀ း ၇]

ဆိုလိုသည်မှာ ဤသူတို့သည် လောကီရေးရာ၏ ရှုထောင့်တစ်ရပ်ဖြစ်သော 'အရောင်းအဝယ်ကို မည်သို့ ပြုရမည်နည်း။ ကူးသန်းရောင်းဝယ်မှု မည်သို့ ပြုရပေမည်နည်း။ မည်သည့်ပစ္စည်းကို အရောင်းအဝယ်ပြုရမည်နည်း။ မည်သည့်နေရာမှ ဝယ်ယူရပေမည်နည်း။ မည်သည့်နေရာ၌ ရောင်းချရမည်နည်း။ လယ်ယာကိုင်းကျွန်းကို မည်သို့ ပြုရပေမည်နည်း။ မည်သည့်အချိန်၌ ပျိုးကျဲကာ မည်သည့်အချိန်၌ ရိပ်သိမ်းရပေမည်နည်း။ အဆောက်အဦးများကို မည်ကဲ့သို့ တည်ဆောက်ရပေမည်နည်း။ ဇိမ်ခံပစ္စည်းများကို မည်သို့ အသင့်ပြုထားရပေမည်နည်း' တို့ကိုသာ ကောင်းစွာ သိနားလည်ကြပေသည်။ သို့ရာတွင် အခြေခံဇစ်မြစ်နှင့် အခြေခံအချက်ဖြစ်သော ဒုတိယရှုထောင့်ကိုမူ ၄င်းအား ဤသို့ ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ လောကီရေးရာ သက်တမ်းသည် စင်စစ်၌ ခရီးသည်တစ်ဦး၏ ရပ်နားတည်းခိုမှု၏ အတိုင်းအတာခန့်သာဖြစ်ပေသည်။ လူသားသည် ဤလောကသက်တမ်း၌ မူသေနေထိုင်ရမည့်သူများမဟုတ်ဘဲ နောင်တမလွန်ဘဝ၏ နိုင်ငံသားအစစ်အမှန်သာ ဖြစ်ပေသည်။ ဤကမ္ဘာ လောက၌ အချိန်အခိုက်အတန့် အချို့အတွက်သာ ဗီဇာ ရရှိထား၍ မူရင်းအလုပ်မှာ မိမိ၏ ထာဝစဉ်နေထိုင်ရမည့် သက်တမ်းအတွက် ဤကမ္ဘာလောကမှပင် သက်တောင့်သက်သာဖြစ်စေရန် စီမံမှုများကို ပြု၍ ထိုနေရာသို့ ပို့ဆောင်၍ ရှိနေရမည်သာ ဖြစ်ပေသည်။ ထိုသက်တောင့်သက်သာဖြစ်စေသော အရင်းအနှီးမှာ အီမာန်နှင့် ကောင်းမြတ်သော 'အေဟာဒသ်' အကျင့်သီလတို့ ဖြစ်ပေသည်။ ထိုဒုတိယရှုထောင့်အဖို့ ဦးနှောက်အသိဉာဏ်ရှိသော ဉာဏ်ကြီးရှင်တို့သည် ပင်လျှင် လုံးဝ မေ့လျော့ကာ မသိရှိသောသူများပမာ ဖြစ်နေကြပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်လာ စကားလုံးတော်များကို စမ်းစစ်လေ့လာ ကြည့်ရှုကြပါစို့။

يَعْلَمُوْنَ (သိရှိကြကုန်၏) ဟူသော စကားလုံးနှင့်အတူ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا (လောကီဘဝ၏ အပေါ်ယံ ပုံပန်း) ကို တွဲကာ အမိန့်ရှိထားပေသည်။ အကြင်ကဲ့သို့ မိန့်မြွက်ရာ၌ ظَاهِرًا ဟူသော စကားလုံးတွင် 'သန့်ဝီးန်' (အများဆိုင်နာမ်) ကို ထည့်သွင်းလိုက်ခြင်း၏ အာရဗီသဒ္ဒါအရ 'စင်စစ် ၄င်းတို့သည် လောကီဘဝ၏ အပေါ်ယံသက်တမ်းကိုလည်း ပြီးပြည့်စုံစွာ မသိနားမလည်ကြပေ။ ရှုထောင့်တစ်ရပ်ကိုသာ သိနားလည်ပြီး ဒုတိယရှုထောင့်အား မေ့လျော့ကာ နောင်တမလွန်ဘဝကို လုံးဝမသိကာ မေ့လျော့နေကြပေသည်' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားပေသည်။

လောကီဘဝ၏ ဝမ်းရေးရှာဖွေခြင်းဆိုင်ရာ အလုပ်အကိုင်များသည် အကယ်၍ နောင်တမလွန် 'အာခိရသ်' အား မေ့လျော့စွာနှင့်အတူ ရရှိပါက ဤသည် အသိဉာဏ်ရှိခြင်း၏ အချက်တစ်စုံတစ်ရာ မဟုတ်ကြောင်း

ကုရ်အာန်ကျမ်းတော်မြတ်အတွင်းတွင် ကမ္ဘာလောက၌ရှိသော မျိုးနွယ်အုပ်စုများ၏ သံဝေဂတရားရယူဖွယ်ကောင်းသော ဖြစ်အင်များနှင့် ပြည့်နှက်နေပေသည်။ အကြင်မျိုးနွယ်အုပ်စုများသည် လောကီ

ရေးရာ၏ ရှာဖွေမှုများနှင့် စည်းစိမ်ခံပစ္စည်းများကို ရှာဖွေစုဆောင်းရာ၌ အလွန်ကျော်ကြားကြပေသည်။ တစ်ဖန် ၎င်းတို့၏ ဇာတ်သိမ်းမလှခြင်းသည် ကမ္ဘာလောက၌မှာပင် လူတို့၏ ရှေ့မှောက်ဝယ် ရောက်ရှိခဲ့ပေသည်။ နောင်တမလွန်၏ ထာဝစဉ်ပြစ်ဒဏ်သည် ၎င်းတို့၏အဖို့ ဝေစုဝေပုံ ဖြစ်သွားပေသည်။ ထို့ကြောင့် ၎င်းတို့ကို ဉာဏ်ကြီးရှင်၊ အသိဉာဏ်ရှိသူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ မဆိုကြပေ။ ဝမ်းနည်းရသည့်အချက်မှာ ယနေ့ မျက်မှောက်ခေတ်၌ ဦးနှောက်အသိဉာဏ်နှင့် အမြော်အမြင်၏ အလုံးစုံသော ဖန်တီးရေတွက်မှုကို သာပို၍ ဥစ္စာပစ္စည်းရှာဖွေနိုင်သူ၊ စိမ်ခံပစ္စည်းအမျိုးမျိုးကို အားလုံးတို့ထက် သာပို၍ အသုံးပြုနိုင်သူကိုသာ လူကျင့်ဝတ်စာရိတ္တ အဘယ်မျှခန့်ပင် အောက်တန်းကျနေလင့်ကစား အသိဉာဏ်ရှင်ဟူ၍ ခေါ်ဆို သမုတ်နေကြပေသည်' ဟူသော အချက်အပေါ် တိုင်းတာမှတ်ယူထားကြသည့် အပေါ်၌ဖြစ်သည်။ စစ်မှန်သော ဦးနှောက်အသိဉာဏ်နှင့် သာသနာတော်၏ ရှုထောင့်ဖြင့် ၎င်းအား 'အသိဉာဏ်ရှင်'ဟူ၍ ခေါ်တွင်စေခြင်းသည် 'ဦးနှောက်အသိဉာဏ်'ကို ထိခိုက်သေးသိမ်စေသော အချက်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားမှုအတွင်း၌ အသိဉာဏ်ရှိသောသူတို့မှာ 'အလ္လာဟ်အသျှင်မြတ်နှင့် နောင်တမလွန် 'အာခိရတ်'ကို သိရှိခြင်းတို့အတွက် ကျင့်ကြံပြုမူဆောင်ရွက်ခြင်းနှင့် လောကီရေးရာ၏ လိုအပ်ချက်များကို လိုအပ်သည့် အတိုင်းအတာခန့်၌ပင် ထားရှိ၍ သက်တမ်း၏ ရည်ရွယ်အချက် မမှတ်ယူထားခြင်းတို့ ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ဖြစ်သော

إِنَّ فِي ذَالِكَ لَآيَاتٍ لِأُولِي الْأَلْبَابِ الَّذِينَ يَذْكُرُونَ اللَّهَ قِيَامًا وَقُعُودًا

(အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အဖို့ သက်သေသာဓကများ မုချ ရှိပေသည်။ ၎င်းတို့သည် အသျှင်မြတ်အား ရပ်၍သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း အခါခပ်သိမ်း အောက်မေ့တသ သတိရကြ၏။) *[၃ း ၁၉၀-၁၉၁]*

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤအတိုင်းသာလျှင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَلَمْ يَتَفَكَّرُوا فِي أَنفُسِهِم ۗ مَّا خَلَقَ اللَّهُ
السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا إِلَّا بِالْحَقِّ وَأَجَلٍ مُّسَمًّى ۗ وَ
إِنَّ كَثِيرًا مِّنَ النَّاسِ بِلِقَاءِ رَبِّهِمْ لَكَافِرُونَ ⑧

၃၀ း ၈ ။ ။ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် စဉ်းစားဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်း (မိုးကောင်းကင်များနှင့် မြေပထဝီ) နှစ်ခုတို့အကြား၌ ရှိသမျှတို့ကိုလည်းကောင်း တိကျမှန်ကန်သော အကျိုးအကြောင်းနှင့်တကွ ကာလအပိုင်းအခြား

တစ်ခု သတ်မှတ်ပြဋ္ဌာန်း၍သာလျှင် ဖန်ဆင်းတော်မူခဲ့၏။ သို့ဖြစ်သော်ငြားလည်း မြောက်မြားစွာသော သူတို့မှာမူ မိမိတို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို အမှန်ပင် ငြင်းပယ်သူများသာ ဖြစ်ကြကုန်၏။

أَوَلَمْ يَسِيرُوا
فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ
كَانُوا أَشَدَّ مِنْهُمْ قُوَّةً وَأَثَارُوا الْأَرْضَ وَعَمَرُوهَا أَكْثَرَ
مِمَّا عَمَرُوهَا وَجَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَمَا كَانَ اللَّهُ لِيَظْلِمَهُمْ
وَلَٰكِن كَانُوا أَنفُسَهُمْ يَظْلِمُونَ ﴿٩﴾

၃၀ : ၉ ။ ။ ၎င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာခြင်းကို မပြုခဲ့ကြလေသလော။ ထိုသို့ လှည့်လည်သွားလာကြပါလျှင် ၎င်းတို့သည် မိမိတို့အလျှင် ရှိခဲ့ကြသော ရှေးလူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို တွေ့မြင်ကြပေမည်။ ၎င်း (ရှေးလူဟောင်း) တို့သည် ၎င်းတို့ထက် ခွန်အားဗလ ကြီးမား (၍ တောင့်တင်း ခိုင်မာသန်စွမ်း) သူများ ဖြစ်ခဲ့ကြသည့်အပြင် ၎င်းတို့သည် ပထဝီမြေကို ဤသူများ စည်ပင်သာယာအောင် ပြုလုပ်ကြသည်ထက် အလွန်များပြားစွာ ပိုမို ထွန်ယက်စိုက်ပျိုး၍ စည်ပင်သာယာအောင် ပြုလုပ်ခဲ့ကြကုန်၏။ ထို့ပြင် (၎င်းတို့ထံသို့လည်း) ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာ တန်ခိုးတော်များနှင့်တကွ ရောက်ရှိလာခဲ့ကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မတရားနှိပ်စက် ညှဉ်းပန်းတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို မတရားနှိပ်စက် ညှဉ်းပန်းခဲ့ကြလေသည်။

ثُمَّ كَانَ عَاقِبَةَ الَّذِينَ
أَسَاءُوا السُّوأَىٰ أَن كَذَّبُوا بِآيَاتِ اللَّهِ وَكَانُوا بِهَا يَسْتَهْزِئُونَ ﴿١٠﴾

၃၀ : ၁၀ ။ ။ ထို့နောက် ဆိုးယုတ်သော အမှုကိစ္စကို ပြုမူ ပွားများခဲ့ကြကုန်သော သူတို့၏ နောက်ဆုံးအကျိုးမှာ လွန်စွာ အဆိုးဆုံးပင် ဖြစ်ခဲ့လေ၏။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာမက၊ ယင်းသက်သေလက္ခဏာ (အာယသ်) တော်များကိုပင် ပြက်ရယ်ပြောင်လှောင်သမှု ပြုခဲ့ကြသောကြောင့်ပင် ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းတို့သည် (တမလွန် 'အာခိရေသ်' ဖြစ်ပေါ်လာခြင်း၏ အထောက်အထားများကို ကြားနာ၍လည်း ၎င်းတို့၏ အရှုသည် မျက်မှောက်ကမ္ဘာလောကဌ် အပေါ်ကိုသာ ရည်ရွယ်ချက်အဖြစ် ထားရှိနေပေသည်)

မိမိတို့၏ စိတ်နှလုံးသားများတွင် စဉ်းစားဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုသော်လည်းကောင်း၊ ယင်း (မိုးကောင်းကင်နှင့်မြေပထဝီ) နှစ်ခုတို့အကြား၌ ရှိသမျှတို့ကိုလည်းကောင်း တိကျမှန်ကန်သော အကျိုးအကြောင်းနှင့်တကွ ကာလအပိုင်းအခြားတစ်ခု သတ်မှတ်ပြဋ္ဌာန်း၍သာလျှင် ဖန်ဆင်းတော်မူခဲ့၏။ (ပမာဆိုရသော် ထိုအသျှင်မြတ်သည် အာယသ်တော်များအတွင်း၌ သတင်းပေးထားပေသည်။ ထိုသို့ ဖန်ဆင်းတော်မူခြင်း၏ အမြော်အမြင်အချက်များထဲမှ အချက်တစ်ချက်မှာ ကြောင်းကျိုး၊ အကောင်းအဆိုး ပြစ်ဒဏ်ကို ပေးရန် ဖြစ်သည်။ ကာလအပိုင်းအခြားတစ်ခုသည် 'ကေယာမသ်'နေ့ဖြစ်သည်။ အကယ်၍ မိမိတို့၏ နှလုံးသားများအတွင်း၌ စဉ်းစားဆင်ခြင်တွေးခေါ်ပါမူ ယင်းဖြစ်အင်များ ဖြစ်နိုင်ခြင်းကို ဦးနှောက်အသိဉာဏ်ဖြင့်သော်လည်းကောင်း၊ အမှန်တကယ် ဖြစ်ပေါ်လာမည့်အကြောင်းကို 'နကလ်'(ဆင့်ကဲဆင့်ပြန်ထားခြင်းဖြစ်သော) ကုရ်အာန်ကျမ်းတော်မြတ်ဖြင့်လည်းကောင်း ယင်း 'နကလ်' (ဆင့်ကဲဆင့်ပြန်ထားခြင်း) ၏ မှန်ကန်မှုကို အံ့မခန်းနိုင်လောက်အောင်သော ဂုဏ်အရည်အချင်းတို့ဖြင့် အတည်ပြုထားပေသည်။ ထို့ပြင်တဝ နှောင်တမလွန်'အာခေရသ်'ကိုလည်း ငြင်းဆိုမည်မဟုတ်ပေ။ သို့ရာတွင် မဆင်မခြင်၊ မစဉ်းစား၊ မသုံးသပ်ခြင်းကြောင့် ငြင်းဆိုနေခြင်း ဖြစ်ပေသည်၊) သို့ဖြစ်သော်ငြားလည်း (ဤသည်ကို မဆိုထားဘိဦး) မြောက်မြားစွာသော သူတို့မှာမူ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို အမှန်ပင် ငြင်းပယ်သူများပင် ဖြစ်ကြကုန်၏။

ငှင်းတို့သည် (မည်သည့်အခါမျှ အိမ်မှ အပြင်သို့ မထွက်၏လော။ ထို့ပြင်) ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာခြင်းကို မပြုခဲ့ကြလေသလော။ ထိုသို့ လှည့်လည်သွားကြပါလျှင် ငှင်းတို့သည် မိမိတို့အလျှင် ရှိခဲ့ကြသော (ငြင်းဆိုသူ) ရှေးလူဟောင်းတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို တွေ့မြင်ကြပေမည်။ ငှင်း (ရှေးလူဟောင်းတို့၏ ပုံပန်းသဏ္ဌာန်မှာ ဤသို့ပင် ဖြစ်သည်။) ငှင်းတို့သည် ယင်းသူတို့ထက် ခွန်အားဗလကြီးမား (၍ တောင့်တင်း၊ ခိုင်မာသန်စွမ်း) သူများ ဖြစ်ခဲ့ကသည့်အပြင် ငှင်းတို့သည် ပထဝီမြေကို ဤသူများ စည်ပင်သာယာအောင် ပြုလုပ်ကြသည်ထက် (သာပို၍) အလွန်များပြားစွာ ပိုမိုထွန်ယက်စိုက်ပျိုး၍ စည်ပင်သာယာအောင် ပြုလုပ်ခဲ့ကြကုန်၏။ ထို့ပြင် (ငှင်းတို့ထံသို့လည်း) ငှင်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာ တန်ခိုးတော်များနှင့်တကွ ရောက်ရှိလာခဲ့ကြကုန်၏။ (အကြင်နဗီများကို ငှင်းတို့သည် မနာခံသည့်အတွက်ကြောင့် ပြစ်ဒဏ်တော်ဖြင့် သေကြေပျက်စီးခဲ့ကြရကုန်၏။ ပျက်စီးသွားကြရခြင်း၏ လက္ခဏာများကို ဆီးရီးယားနိုင်ငံသို့သွားရာလမ်း၌ ပျက်စီးယိုယွင်းနေသော အဆောက်အဦးများ တည်ရှိနေသည်ကို မြင်တွေ့နိုင်ပေသည်။) စင်စစ် (ယင်းကဲ့သို့ ပျက်စီးမှုတွင်) အလ္လာဟ်အသျှင်မြတ်သည် ငှင်းတို့အား မတရားနှိပ်စက်ညှဉ်းပန်းတော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ငှင်းတို့ကိုယ်တိုင် မိမိတို့ ကိုယ်ကို မတရားနှိပ်စက်ညှဉ်းပန်းခဲ့ကြလေသည်။ (နဗီတမန်တော်များကို ငြင်းဆို၍ ပြစ်ဒဏ်သင့်ခဲ့ရပေသည်။ ဤသည် ငှင်းတို့ ကမ္ဘာလောက၌ ရင်ဆိုင်ခဲ့ရသော အချက်ဖြစ်သည်။

ထို့နောက် (တစ်ဖန်) နောင်တမလွန် 'အာခေရသ်'၌ (ဤသို့ နဗီများအား ငြင်းဆိုသည့်) ဆိုးယုတ်သော အမှုကိစ္စကို ပြုမူပွားများခဲ့ကြကုန်သော သူတို့၏ နောက်ဆုံးအကျိုးမှာ လွန်စွာ အဆိုးဆုံးပင် ဖြစ်ခဲ့လေ၏။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာ (ပညတ်ချက်များနှင့် သတိပေးနိုးဆော်သည့် သတင်းအာယသ်) တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာမက ယင်းသက်သေလက္ခဏာ (အာယသ်) တော်များကိုပင် ပြက်ရယ်ပြု ပြောင်လှောင်သမှု ပြုခဲ့ကြသော ကြောင့်ပင် ဖြစ်၏။ (နောက်ဆုံးအကျိုးဆက်တရားသည် 'ဂျဟန္နမ်'ငရဲဘုံသာလျှင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းရှိ ကနဦးအာယသ်တော်မြတ် နှစ်အာယသ်တော်သည် လွန်ခဲ့သော စာစဉ်အကြောင်းအရာအား အားဖြည့်ပေးမှုနှင့် သက်သေခံသည့် သဘောမျိုး ဖြစ်သည်။ ဤသူတို့သည် လောကီရေးရာ၏ ရက်အချို့၏ သာယာမှုနှင့် ပျက်သုဉ်းသွားမည်ဖြစ်သော အရာသာများ အတွင်း၌ 'ထိုလောကီသက်တမ်း၏ ယန္တရား၏ အခြေခံဇစ်မြစ်အချက်နှင့် အဆုံးဇာတ်လမ်းအား လုံးဝမေ့လျော့သွားသည့် အတိုင်းအတာထိတိုင် နစ်မွန်းသွားပေသည်။ အကယ်၍ ဤသူတို့ကိုယ်တိုင်သည် အနည်းငယ်မျှပင် မိမိတို့၏ နှလုံးသားများအတွင်း၌ စဉ်းစားဆင်ခြင် တွေးတောလိုက်လျှင်မူ 'စကြဝဠာခပ်သိမ်းအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ဤမိုးကောင်းကင်နှင့် မြေပထဝီ၊ ယင်းနှစ်ခုကြားရှိ အရာများအား အကျိုးမဲ့ အလဟဿ ဖန်ဆင်းထားခြင်းမဟုတ်ကြောင်း၊ ထိုအရာများအား ဖန်ဆင်းရာ၌ အလွန်ကြီးမားသော ရည်ရွယ်ချက်နှင့် အမြော်အမြင်တော်ရှိခြင်းအကြောင်း၊ ယင်းအမြော်အမြင်တော်နှင့် ရည်ရွယ်ချက်မှာ 'လူတို့သည် အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော 'နေ့အ်မသ်' စည်းစိမ်တော်များအား အကြောင်းခံ၍ ထိုအရာများအား ဖန်ဆင်းတော်မူသော အသျှင်မြတ်အား သိရှိရန်ဖြစ်ခြင်း၊ ထိုအသျှင်မြတ်သည် မည်သည့်အချက်များအား ပြုမူခြင်းဖြင့် သဘောတူနှစ်မြို့၍ မည်သည့်အချက်များအား ပြုခြင်းဖြင့် အမျက်တော်ရှခြင်း၊ သဘောတူနှစ်မြို့သော အချက်များအား ကျင့်ကြံရမည်ဖြစ်ခြင်းနှင့် အမျက်တော်စူးရစေသော အချက်များအား ရှောင်ရှားရန်ဖြစ်ခြင်း'ဟူ၍ ဖြစ်ခြင်း၊ ယင်းအချက်နှစ်ရပ်စလုံး၌လည်း ကြောင်းကျိုး၊ တစ်စုံတစ်ရာရှိရန်သည် အရေးကြီးကြောင်းမှာလည်း ထင်ရှားလှသည် ဖြစ်ခြင်းအကြောင်း၊ သို့တည်းမဟုတ်က ကောင်းသူနှင့် မကောင်းသူကို ချိန်ခွင်တစ်ခုတည်းဖြင့် ချိန်တွယ်မည်ဆိုလျှင် တရားမျှတမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေမည့် အကြောင်း'ဟူသော အချက်အလက်များ နှလုံးသားများအတွင်းသို့ ထိုးဖောက် ဝင်ရောက်လာမည် ဖြစ်ပေသည်။

'ဤကမ္ဘာလောကသည် လူသားတို့၏ ကောင်းခြင်း၊ ဆိုးခြင်းတို့၏ ပြည့်ဝလှစွာသော အကျိုးနှင့် အစားကို မုချ ပေးအပ်ခြင်း ခံရသည့် လောကမဟုတ်ကြောင်း'ကိုလည်း သိရှိရပေသည်။ သို့သာမက ဤကမ္ဘာလောက၌မူ ပြစ်မှုဒုစရိုက် ကျူးလွန်ကာ ရာဇဝတ်သူသည် သာယာဝပြောစွာဖြင့် နေထိုင်ရကာ

ရည်ရွယ်ချက်ပြည့်ဝစွာ ရရှိပြီး၊ မကောင်းမှုဒုစရိုက်အလုပ်များထဲမှ ရှောင်ရှားသောသူသည် ဘေးဒုက္ခနှင့် ကျပ်တည်းမှုအတွင်း၌ နစ်မွန်းနေသည်ကို မြင်တွေ့ရပေသည်။

ထို့ကြောင့် 'ဤကမ္ဘာလောက၏ စက်ယန္တရားအားလုံး ချုပ်ငြိမ်းကာ ကောင်းမှုနှင့် မကောင်းမှုတို့အား စစ်ဆေးရန်၊ ထိုမကောင်းမှုနှင့် ကောင်းမှုအပေါ် ကြောင်းကျိုးပြစ်ဒဏ် သတ်မှတ်ပေးရန် အချိန်တစ်ချိန်သည်' တည်ရှိရန် မုချ အရေးကြီးပေသည်။ အကြင်ဆိုက်ရောက်လာမည့် အချိန်၏ အမည်သည် 'ကေယာမသ်'နှင့် 'အာခေရသ်'ဖြစ်ပေသည်။

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ဤသူတို့သည် အကယ်၍ စဉ်းစားဆင်ခြင် တွေးခေါ်လိုက်မည်ဆိုလျှင် ဤမိုးကောင်းကင်၊ မြေပထဝီနှင့် ထိုအသျှင်မြတ် ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများသည် မိမိတို့ကိုယ်တိုင် ထာဝရတည်ရှိမည့် အရာများမဟုတ်ကြောင်း၊ အချိန်အခိုက်အတန့် တစ်စုံတစ်ရာအတွက်သာဖြစ်ခြင်း အကြောင်း၊ ထို့နောက် ထာဝရတည်ရှိ ရှင်သန်နေမည့် လောကတစ်လောက ဆိုက်ရောက်လာမည်ဖြစ်ကြောင်း'ကို သက်သေပေးပေလိမ့်မည်။ တင်ပြလျက်ရှိသော အာယသ်တော်နှစ်ပိုဒ်တွင် ပထမအာယသ်တော်၏ အချုပ်သဘော ရလာဒ်မှာ ဤသို့သာလျှင် ဖြစ်သည်။

أَوَلَمْ يَتَفَكَّرُوا فِيٓ أَنفُسِهِم

၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးသားများတွင် စဉ်းစားဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ [၃၀ : ၈]

ဤစာစဉ်အကြောင်းအရာသည်မှ ဦးနှောက်၏ စဉ်းစားတွေးခေါ်မှုမှ အထောက်အထားအဖြစ် ရယူရမည့်အချက် ဖြစ်ပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ ကမ္ဘာလောက၏ ခံစားသိမြင်နိုင်သော အချက်များ၊ မြင်တွေ့နိုင်သော အချက်များနှင့် အတွေ့အကြုံအရ သိရှိရသော အချက်များကို သက်သေအသွင်ဖြင့် တင်ပြပေးထားပေသည်။ မက္ကာဟ်မြို့သားတို့ကို ရည်ညွှန်းကာ မိန့်တော်မူထားပေသည်။

أَوَلَمْ يَسِيرُوا فِى الْأَرْضِ

၎င်းတို့သည် ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာခြင်းကို မပြုခဲ့ကြလေသလော။ [၃၀ : ၉]

ဆိုလိုသည်မှာ မက္ကာဟ်မြို့သားတို့သည် ထွန်ယက်စိုက်ပျိုးမှု၊ လက်မှုအတတ်ပညာနှင့် ရောင်းဝယ်ဖောက်ကားမှု မရှိသော အရပ်ဒေသနှင့် မြင့်မားလှပမှု မရှိသော အဆောက်အဦများ မရှိသည့်နေရာဒေသတွင် နေထိုင်သောသူများ ဖြစ်ပေသည်။ သို့ရာတွင် ဆီးရီးယားနိုင်ငံနှင့် ယမန်နိုင်ငံအား ၎င်းတို့သည် ရောင်းဝယ်ဖောက်ကားမှုပြုရန်အတွက် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်များအတွင်း၌ ၎င်းတို့သည် မိမိတို့၏ အတိတ်ခေတ်ကာလ၌ ရှိခဲ့သော လူမျိုးစုတို့၏ ဇာတ်သိမ်းမလှခြင်းကို မရှုမြင်ခဲ့ပါ၏လော။ အကြင်လူမျိုးစုတို့အား အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာမြေပထဝီပေါ်ဝယ် အလွန်ကြီးမားလှစွာသော ခြယ်လှယ်နိုင်စွမ်း ရှိခြင်း၏ အတတ်ပညာ သေသပ်မှုကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ မြေကြီး

ကို တူးဖော်၍ ရေကို ရယူခြင်း၊ ထိုရေဖြင့် ဥယျာဉ်များနှင့် လယ်ယာကိုင်းကျွန်းများရှိရာဆီသို့ ရေသွင်းပေးခြင်း၊ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော မြေကြီး၏ တွင်းများအတွင်းမှ ရွှေ၊ ငွေများကို တူးဖော်ခြင်း၊ အခြားသော သတ္တုတွင်းထွက်ပစ္စည်းများကို တူးဖော်ခြင်း၊ ထိုအရာများဖြင့် လူသားတို့အဖို့ အကျိုးများစွာရှိသည့် အမျိုးမျိုးသော တီထွင်ဖန်တီးမှုများကို ပြုမူဆောင်ရွက်ခြင်းသည် ၄င်းတို့၏ ဝမ်းစာရှာဖွေခြင်းအလုပ်များဖြစ်ပေသည်။ ဤသူတို့သည် မိမိတို့၏ ခေတ်ကာလ၌ ယဉ်ကျေးသော မျိုးနွယ်အုပ်စုများဟူ၍ မှတ်ယူရနိုင်ပေသည်။ သို့ရာတွင် ၄င်းတို့သည် ထိုဒြပ်ဝတ္ထုပစ္စည်းများနှင့် ပျက်သုဉ်းသွားမည်ဖြစ်သော ဓိမ်ခံမှုများအတွင်း၌ နစ်မွန်းကာ အလ္လာဟ်အသျှင်မြတ်နှင့် 'အာခေရသ်'နောင်တမလွန်ကို မေ့လျော့ပစ်လိုက်ကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား သတိပေးနှိုးဆော်ရန်အတွက် မိမိ၏ နဗီတမန်တော်နှင့် ကျမ်းစာအုပ်များကို ချပေးသနားတော်မူပေသည်။ သို့ရာတွင် ၄င်းတို့သည် မည်သည့်အရာ၏ ဘက်ကိုမျှ အာရုံစူးစိုက်မှု မထားရှိပေ။ နောက်ဆုံး ဤလောကီဘဝ၌မှာပင် ပြစ်ဒဏ်တော်အတွင်း၌ နစ်မွန်းခဲ့ရပေသည်။ အကြင်ပြစ်ဒဏ် ကျရောက်လာခြင်းအပေါ် ၄င်းတို့၏ ရပ်ရွာ၌ ရှိသော အဆောက်အဦးများ၊ ဌာနများ ပျက်သုဉ်းပျက်စီးသွားခြင်းကို ယခုအချိန်အထိတိုင် ယင်းအရာများက သက်သေပေးလျက်ရှိနေပေသည်။ အာယသ်တော်၏ နောက်ဆုံးပိုင်း၌ မိန့်တော်မူထားသည်မှာ 'စဉ်းစားတွေးခေါ်ကြလေကုန်။ ယင်းသို့ ပြစ်ဒဏ်ချမှတ်ရာ၌ ၄င်းတို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ တစ်စုံတစ်ရာ မတရားသမှု ရှိပါ၏လော။ သို့တည်းမဟုတ် ၄င်းတို့သည် မိမိတို့ကိုယ်တိုင်ပင် ပြစ်ဒဏ်ကျရောက်လာစေရန် အကြောင်းခံများကို စုရုံး၍ မိမိတို့အပေါ် မိမိတို့ကိုယ်တိုင် ညှဉ်းပန်းမှုကို ပြုခဲ့ပါ၏လော။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ثُمَّ اِلَيْهِ تُرْجَعُوْنَ ⑪

၃၀ : ၁၁ ။ ။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အဖန်ဆင်းခံတို့ကို စတင် ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို တစ်ဖန် ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ထို့နောက် အသင်တို့ (အားလုံး) သည် ထိုအသျှင်မြတ်ထံတော်သို့ပင် ပြန်လည် ရောက်ရှိကြရပေမည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يُبْلِسُ الْمُجْرِمُوْنَ ⑫

၃၀ : ၁၂ ။ ။ စင်စစ် 'ကေယာမသ်' (ရှင်ပြန်ထရမည့်အချိန်) ဆိုက်ရောက်လာသော နေ့တွင်၊ အပြစ်ရှိသူတို့သည် မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ပျက်၍ သွားကြပေမည်။

وَلَمْ يَكُن لَّهُم
مِّن شُرَكَآئِهِمْ شُفَعَٰٓؤُا۟ وَكَانُوا۟ بِشُرَكَآئِهِمْ كَٰفِرِينَ ⑬

၃၀ : ၁၃ ။ ။ ၄င်းပြင် (ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခဲ့ကြသော) ၄င်းတို့၏ တွဲဖက်နိုင်းယှဉ်ဘက်တို့အနက်၊ ၄င်းတို့အား ကြားဝင်အသနားခံပေးမည့် သူများဟူ၍ ၄င်းတို့၌ (တစ်ဦးတစ်ယောက်မျှ) ရှိလိမ့်မည် မဟုတ်ပေ။ ထို့ပြင် ၄င်းတို့ကိုယ်တိုင်ပင် မိမိတို့၏ တွဲဖက်နိုင်းယှဉ်ဖက်များအား ငြင်းပယ်ကြပေမည်။

وَيَوْمَ تَقُومُ ٱلسَّاعَةُ يَوْمَئِذٍ يَتَفَرَّقُونَ ⑭

၃၀ : ၁၄ ။ ။ ၄င်းပြင် 'ကေယာမသ်'(ရှင်ပြန်ထရမည့်အချိန်) ဆိုက်ရောက်လာသော နေ့တွင် (ခပ်သိမ်းကုန်သော လူတို့သည်) သီးခြားကွဲပြား၍ တစ်သီးတစ်ခြားစီ အစား စားဖြစ်သွားကြပေမည်။

فَأَمَّا ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ فَهُمْ فِى رَوْضَةٍ يُحْبَرُونَ ⑮

၃၀ : ၁၅ ။ ။ သို့ဖြစ်ပေရာ အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့ကြကုန်သော သူတို့သည် ဥယျာဉ်တော်၌ (ဂုဏ်ပြုခြင်းခံခြင်းဖြင့်) ဝမ်းမြောက်ပျော်ရွှင်စွာ ထားရှိခြင်းကို ခံကြရပေမည်။

وَأَمَّا ٱلَّذِينَ كَفَرُوا۟ وَكَذَّبُوا۟ بِـَٔايَٰتِنَا وَلِقَآئِ ٱلْءَاخِرَةِ
فَأُو۟لَٰٓئِكَ فِى ٱلْعَذَابِ مُحْضَرُونَ ⑯

၃၀ : ၁၆ ။ ။ သို့ရာတွင် သွေဖည်ငြင်းပယ်၍ ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကိုလည်းကောင်း၊ နောင်တမလွန်ဘဝ၌ ကြုံကြိုက်ရမည်ကိုလည်းကောင်း မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြကုန်သော သူတို့မှာမူ ပြစ်ဒဏ်၌ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရပေမည်။

فَسُبْحَٰنَ ٱللَّهِ حِينَ تُمْسُونَ وَحِينَ تُصْبِحُونَ ⑰

၃၀ : ၁၇ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် ညနေအချိန်သို့ ဝင်ရောက်ကြသောအခါနှင့် နံနက်အချိန်သို့ ဝင်ရောက်သောအခါများ၌ အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြလေကုန်။

وَلَهُ ٱلْحَمْدُ فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَعَشِيًّا وَحِينَ تُظْهِرُونَ ⑱

၃၀ : ၁၈ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌လည်းကောင်း၊ ထို့ပြင် မွန်းလွဲပြီးနောက်တွင်လည်းကောင်း၊ အသင်တို့သည် နေ့လယ်အချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း ထိုအသျှင်မြတ်သည်သာလျှင် (အခါခပ်သိမ်း) ချီးမွမ်းထောပနာမှုကို ခံယူလျက် ရှိတော်မူ၏။

يُخْرِجُ الْحَيَّ مِنَ
الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَيُحْيِ الْأَرْضَ بَعْدَ
مَوْتِهَا ۚ وَكَذَٰلِكَ تُخْرَجُونَ ﴿١٩﴾

၃၀ : ၁၉ ။ ။ ထိုအသျှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ထုတ်တော်မူ၏။ ထိုနည်းတူစွာ သက်မဲ့ကို သက်ရှိမှ ထုတ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ပထဝီမြေကို သေလွန် (ခြောက်သွေ့) ပြီးနောက် ပြန်ရှင် (စိုပြေစိမ်းလန်း) စေတော်မူ၏။ စင်စစ် အသင်တို့သည်လည်း ဤနည်းအတိုင်းပင် (သင်္ချိုင်းမှ) ထွက်စေခြင်းကို ခံကြရပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အဖန်ဆင်းခံတို့ကို စတင်ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို တစ်ဖန် ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ထို့နောက်တစ်ဖန် (ဖန်ဆင်းတော်မူပြီးသည့်နောက်) အသင်တို့ (အားလုံးသည် စစ်ဆေးခြင်းခံရန်အတွက်) ထိုအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရပေမည်။

စင်စစ် 'ကေယာမသ်' (ရှင်ပြန်ထရမည့်အချိန် စာရင်းအင်းစစ်ဆေးခြင်းခံရန်အတွက်) ဆိုက်ရောက်လာသောနေ့တွင် အပြစ်ရှိသူ၊ ကာဖိရ်) တို့သည် (မေးမြန်းခြင်းခံရချိန်၌) မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ပျက်၍ သွားကြပေမည်။ (ဆိုလိုသည်မှာ မည်သည့်အဓိပ္ပာယ်ရှိသော အချက်တစ်ချက်ချက်မှ ဖြစ်ပေါ်လာမည်မဟုတ်ပေ။

၎င်းပြင် (ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်၍ ၎င်းတို့ ရှာဖွေကိုးကွယ်ခဲ့ကြသော) ၎င်းတို့၏ တွဲဖက်နိုင်းယှဉ်ဖက်တို့အနက် ၎င်းတို့အား ကြားဝင်အသနားခံပေးမည့်သူများဟူ၍ ၎င်းတို့၌ (တစ်ဦးတစ်ယောက်မျှ) ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် (ယင်းအချိန်၌) ၎င်းတို့ကိုယ်တိုင်ပင် (လည်း) မိမိတို့၏ တွဲဖက်နိုင်းယှဉ်ဖက်များအား ငြင်းပယ်ကြပေမည်။

وَاللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ

ထို့နောက် ၎င်းတို့က ကျွန်တော်မျိုးတို့သည် အသျှင်မြတ်ကို တိုင်တည်ကျိန်ဆို၍ တစ်စုံတစ်ရာကို အသျှင်မြတ်နှင့် တွဲဖက်၍ ကိုးကွယ်သူများ မဟုတ်ပါ။ *[၆ : ၂၃]*

၎င်းပြင် 'ကေယာမသ်' (ရှင်ပြန်ထရမည့်အချိန်) ဆိုက်ရောက်လာသောနေ့တွင် (အထက်ဖော်ပြပါဖြစ်အင်အပြင် အခြားဖြစ်အင်တစ်ရပ်သည်လည်း ပုံစံအမျိုးမျိုးဖြင့် ခပ်သိမ်းကုန်သော လူတို့သည်) သီးခြားကွဲပြား၍ တစ်သီးတစ်ခြားစီ အစားစား ဖြစ်သွားကြပေမည်။

သို့ဖြစ်ပေရာ (အကြင်သူတို့သည်) အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့သည် (ဂျန္နသ်၏) ဥယျာဉ်တော်၌ (ဂုဏ်ပြုဧည့်ခံခြင်းဖြင့်) ဝမ်းမြောက်ပျော်ရွှင်စွာ ထားရှိခြင်းကို ခံကြရပေမည်။

သို့ရာတွင် သွေဖည်ငြင်းပယ်၍ ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်တော်) များကိုလည်းကောင်း၊ နောင်တမလွန်ဘဝ၌ ကြုံကြိုက်ရမည်ကိုလည်းကောင်း မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြကုန်သောသူတို့မှာမူ ပြစ်ဒဏ်၌ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရပေမည်။ (သီးခြားစွာ ဖြစ်ခြင်း၏ အဓိပ္ပာယ်မှာ ဤသို့သာလျှင် ဖြစ်သည်။)

(အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့ကို ကျင့်ဆောက်တည်ခြင်း၏ အကျိုးကျေးဇူးကို သိရှိသွားလျှင်မူ) သို့ဖြစ်ပေရာ အသင်တို့သည် (အထူးသဖြင့်) ညနေအချိန်သို့ ဝင်ရောက်ကြသောအခါနှင့် နံနက်အချိန်သို့ ဝင်ရောက်ကြသောအခါများ၌ အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြလေကုန်။ (နှလုံးသားအတွင်းပိုင်းဆိုင်ရာ၊ ယုံကြည်ချက်မူဝါဒပိုင်းဆိုင်ရာ အီမာန်ရယူမှုသည်လည်း ယင်းသို့ ပြုကျင့်ရာ၌ ပါဝင်သွားပေသည်။ နှုတ်လျှာပိုင်းဆိုင်ရာ ကဏ္ဍသည်လည်း ဝန်ခံမှုနှင့် 'ဇိကိရ်'ပြုကျင့်ခြင်းတို့ဖြင့် အီမာန်အချက်အတွင်း၌ ပါဝင်သွားပေသည်။ ကျင့်ကြံဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍရပ်တို့သည်လည်း အခြားသော 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုများနှင့် အထူးသဖြင့် နမာဇ်သည် ပါဝင်သွားပေသည်။ အချုပ်သဘောမှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား အချိန်တိုင်း၌ သတိရတသကြလေကုန်။)

(အလ္လာဟ်အသျှင်မြတ်အား သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဟရန် အမိန့်ပေးခြင်းသည် အမှန်တကယ်၌လည်း ယင်းအသျှင်မြတ်အဖို့ ထိုက်တန်ပေသည်။ အဘယ်ကြောင့်ဆိုသော်) စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌လည်းကောင်း၊ ထို့ပြင် မွန်းလွဲပြီးနောက်တွင်လည်းကောင်း (သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဟကုန်။) အသင်တို့သည် နေ့လည်အချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ (သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဟကြကုန်။) ထိုအသျှင်မြတ်သည်သာလျှင် (အခါခပ်သိမ်း) ချီးမွမ်းထောပနာမှုကို ခံယူလျက် ရှိတော်မူ၏။ (ဆိုလိုသည်မှာ မိုးကောင်းကင်နှင့် မြေပထဝီ၌ရှိသော အရာများအနက် အချို့သည် ကိုယ်ပိုင်ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ အချို့သည် မတတ်သာသော အဖြစ်နှင့်သော်လည်းကောင်း ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုနေပေသည်။ ပမာ ဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

وَاِنْ مِّنْ شَيْءٍ اِلَّا يُسَبِّحُ بِحَمْدِهٖ

(အမှန်စင်စစ် အရာဝတ္ထုအလုံးစုံသည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုဘာဝနာစီးဖြန်းလျက်ပင် ရှိကြကုန်၏။) [၁၇ : ၄၄]

ဟူ၍ မိန့်တော်မူထားပေသည်။ သို့ဆိုလျှင် ထိုအသျှင်မြတ်သည် ဤသို့ ချီးမွမ်းထိုက်ခြင်း ခံရသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံ၍ ပြည့်ဝစုံလင်သော 'ဇားသ်'ပင်ကိုယ်တော် အသျှင်မြတ် ဖြစ်တော်မူရာ မုချ အသင်တို့သည်လည်း ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရွတ်ဆို မြွက်ဟ သင့်ပေသည်။ ဤအထက်ဖော်ပြပါ အချိန်များသည် အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော 'နေအံမသ်' စည်းစိမ်တော်များ သစ်လွင်တိုးပွားမှုနှင့် တန်ခိုးတော်၏ လက္ခဏာတော်များ၊ ထင်ဟပ်သော အချိန် ဖြစ်ပေသည်။ ထိုအချိန်၌ ချီးမွမ်းခြင်းကဏ္ဍကိုလည်း အသစ်ပြုခြင်းသည် သင့်လျော်လှပေသည်။ အထူးသဖြင့် နမာဇ်များဝတ်ပြုရန်အတွက် ဤအချိန်များကိုသာ သတ်မှတ်ထားပေသည်။ သို့ရှိရာ 'မစာ' ဟူသော အချိန်၌ 'မဂ်ရိဗ်'နှင့် 'အေရှာဟ်'တို့သည် ပါဝင်သွား၍ 'အရှီး'အချိန်၌ 'ဇိုဟိုရ်'နှင့် 'အဆွရ်' နမာဇ် နှစ်ရပ်စလုံး ပါဝင်သွားပေသည်။ 'ဇိုဟိုရ်'အချိန်၌ နမာဇ်ကိုမူ ရှင်းလင်းစွာ မိန့်မြွက်ထားပေသည်။ ထို့ကြောင့် 'အဆွရ်နမာဇ်'သာလျှင် ကျန်ရစ်နေပေသည်။ နံနက်နမာဇ်အချိန်ကိုလည်း ရှင်းလင်းစွာ တင်ပြထားပေသည်။

(ထိုအသျှင်မြတ်အဖို့ ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရန် မည်ကဲ့သို့ ခဲယဉ်းနိုင်အံ့နည်း။ အဘယ် ကြောင့်ဆိုသာ ထိုအသျှင်မြတ်သည် ဤအောက်ဖော်ပြပါအချက်များကို စွမ်းဆောင်နိုင်တော်မူပေသည်။) ထိုအသျှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ထုတ်တော်မူ၏။ ထိုနည်းတူစွာ သက်မဲ့ကို သက်ရှိမှ ထုတ်တော် မူ၏။ ဥပမာ- သုတ်ရေကြည်နှင့် ဥတို့မှ လူသားနှင့် အကောင်ပေါက်၊ ထို့နောက် လူသားနှင့် ပျံသန်းသော သတ္တဝါတို့မှ သုတ်ရေကြည်နှင့် ဥ) ၄င်းအပြင် ထိုအသျှင်မြတ်သည် ပထဝီမြေကို သေလွန် (ခြောက်သွေ့) ပြီးနောက် ပြန်ရှင် (စိုပြေစိမ်းလန်း) စေတော်မူ၏။ စင်စစ် အသင်တို့သည်လည်း (ကေယာမသ်နေ့၌) ဤနည်းအတိုင်းပင် (သင်္ချိုင်း) မှ ထွက်စေခြင်းကို ခံကြရပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَهُمْ فِي رَوْضَةٍ يُّحْبَرُوْنَ

ဥယျာဉ်တော်၌ ဂုဏ်ပြုစည့်ခံခြင်းဖြင့် ဝမ်းမြောက်ပျော်ရွှင်စွာ ထားရှိခြင်းကို ခံကြရပေမည်။

[၃၀ : ၁၅]

يُحْبَرُوْنَ 'ယုဟ်ဗရူးန်'ဟူသော စကားလုံးသည် 'ဟဗူးရူးန်'ဟူသော စကားလုံးပုဒ်မှ ဆင်းသက် လာပေသည်။ ပျော်ရွှင်ဝမ်းမြောက်ခြင်းဟူ၍ အဓိပ္ပာယ်ရရှိ၏။ ယင်းစကားလုံး၏ နက်ရှိုင်းကျယ်ဝန်းမှု အတွင်း၌ 'ဂျန္နသ်'သားများအဖို့ 'ဂျန္နသ်'အတွင်း၌ ရရှိမည့် စည်းစိမ်အလုံးစုံ ပါဝင်ပေသည်။ ကုရ်အာန် ကျမ်းတော်မြတ်အတွင်း ဤနေရာ၌ ထိုအချက်ကို ကျယ်ပြန့်စွာ ထားရှိသကဲ့သို့ ဒုတိယအခြားတစ်နေရာ ၌လည်း ဤကဲ့သို့ အမိန့်ရှိထားပေသည်။

فَلَا تَعْلَمُ نَفْسٌ مَّا أُخْفِيَ لَهُمْ مِّن قُرَّةِ أَعْيُنٍ

စင်စစ် မိမိတို့အဖို့ မိမိတို့ကျင့်မှုလျက် ရှိခဲ့ကြသည်များ၏ အကျိုးကျေးဇူးအဖြစ် လျှို့ဝှက်စွာ ထားရှိပြီးဖြစ်သော 'ဂျန္နသ်'သုခဘုံတွင်ရှိမည့် မျက်စိအေးမြ ကြည်လင်မှု၊ (သက်တောင့်သက်သာ ဖြစ်စေမှု) ကို မည်သူတစ်ဦးတစ်ယောက်မျှပင် မသိကြပေ။ အချို့အကျယ်ချဲ့ ဖွင့်ဆိုသော ပညာရှင်ကြီးများသည် သီးသန့် ဝမ်းမြောက်ကြည်နူးစေသော အရာများကို ဤအာယသ်တော်၏ အောက်၌ တင်ပြထားပေသည်။ ထိုအချက်များအားလုံးသည် ဤအချုပ်အချက်အတွင်း၌ ပါဝင်သွားပေသည်။

فَسُبْحَانَ اللّٰهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ وَلَهُ الْحَمْدُ فِي السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ

သို့ဖြစ်ပေရာ အသင်တို့သည် ညနေအချိန်သို့ ဝင်ရောက်ကြသောအခါနှင့် နံနက်အချိန်သို့ ဝင်ရောက်ကြသောအခါများ၌ အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မိန့်မြွက်ဆိုကြလေကုန်။ [၃၀ : ၁၇]

سُبْحَانَ اللّٰهِ 'စွမ်ဟားနလ္လာဟ်'ဟူသော စကားလုံးသည် مصدر (ကြိယာနာမ်) ဖြစ်သည်။ ၎င်း၏ ကြိယာသည် မြုပ်နေပေသည်။

ဆိုလိုသည်မှာ سَبِّحُوا اللّٰهَ سُبْحَانًا ဟူ၍ ဖြစ်သည်။ حِيْنَ تُمْسُوْنَ (ညနေအချိန်သို့ ဝင်ရောက်ကြသောအခါ) ၎င်းနောက် تُصْبِحُوْنَ (နံနက်အချိန်သို့ ဝင်ရောက်ကြသောအခါ) ထို့နောက် ကြား၌

وَلَهُ الْحَمْدُ فِي السَّمٰوٰتِ وَالْاَرْضِ

(မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိရှိသမျှ အလုံးစုံသော ချီးမွမ်းထောပနာပြုခြင်းအပေါင်းသည် ထိုအသျှင်မြတ်အတွက်သာ ဖြစ်သည်) ဟူသော ဝါကျကို အထောက်အထားအသွင်ဖြင့် ယူဆောင်ထားပေသည်။ အကြောင်းမှာ နံနက်အချိန်နှင့် ညနေအချိန်တွင် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုရန် အရေးကြီးခြင်းအကြောင်းမှာ မိုးကောင်းကင်နှင့် မြေပထဝီ၌ ထိုအသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာပြုခြင်းကို ခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ မိုးကောင်းကင်နှင့် မြေပထဝီ၌ ရှိသူအပေါင်းတို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာ ပြုရာ၌ နစ်မွန်းနေပေသည်။ အာယသ်တော်၏ အစပိုင်း၌ နံနက်နှင့် ညနေ ချီးမွမ်းထောပနာပြုရန် အမိန့်ပေးထားသကဲ့သို့ عَشِيًّا (မွန်းလွဲပြီးချိန်) နှင့် تُظْهِرُوْنَ (နေ့လည်အချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း) ဟူသော အချိန်နှစ်ချိန် အတွင်း၌လည်း ချီးမွမ်းထောပနာပြုရန် အမိန့်ပေးထားပေသည်။ عَشِيّ (အရှီး) ဟူသော အချိန်သည် နေ့၏ နောက်ဆုံးပိုင်းအချိန်ကို ခေါ်ဆိုကာ ထိုအချိန်သည် 'အဆွရ်နမာဇ်'၏ အချိန်ဖြစ်သည်။ ဒုတိယအချိန်မှာ မွန်းလွဲပြီးနောက်ပိုင်းအချိန် 'ဇိုဟိုရ်'အချိန် ဖြစ်ပေသည်။

အချိန်ပိုင်းဆိုင်ရာ အထားအသိုကို တင်ပြရာ၌ ညနေအချိန်ကို နံနက်အချိန်ထက် ပို၍ ဦးစားပေး တင်ပြထားသကဲ့သို့ နေ့တာ၏ နောက်ဆုံးအချိန်ကို 'ဇိုဟိုရ်'အချိန်ထက် ပို၍ ဦးစားပေးကာ တင်ပြထား ပေသည်။ ညနေအချိန် (ည) အချိန်ကို ဦးစားပေးကာ တင်ပြရသည့်အကြောင်းမှာ အစ္စလာမ်သာသနာ၏ နေ့စွဲအချိန်သည် ညအချိန်အား ဦးစားပေးထားပေသည်။ နေ့စွဲ၊ ရက်စွဲသည် နေဝင်သွားသည်နှင့် ပြောင်းလဲ သွားပေသည်။ 'အရှီး' (အဆွရ်) အချိန်ကို 'ဇိုဟိုရ်'အချိန်ထက် ဦးစားပေးကာ တင်ပြထားရသည့်အကြောင်း မှာ ဤသို့ အောက်ဖော်ပြပါအကြောင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ 'အစွရ်'အချိန်သည် များသောအား ဖြင့် လုပ်ငန်းဆောင်တာများအတွင်း၌ နစ်မွန်းနေချိန်ဖြစ်သည်။ ထိုအချိန်ပိုင်းကဏ္ဍအတွင်း၌ ဒိုအာနှင့် 'သတ်စ်ဗီးဟ်' တစ်စုံတစ်ရာတို့အား ရွတ်ဆိုရန်သည် ဓလေ့သဘောအရ ခဲယဉ်းပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ 'စွလာသုလ်ဝုစ္စ်သွာ' (နှောင်းပိုင်းခေတ်အာလင်မ် သာသနာ့ပညာရှင်များ ထံ၌ 'အစွရ်'နမာဇ်အချိန်ဖြစ်သည်) နှင့် စပ်လျဉ်း၍ သီးသန့်လေးနက်စွာ တိုက်တွန်းနိုးဆော်ထားသည်မှာ

حَافِظُوْا عَلَى الصَّلَوَاتِ وَالصَّلٰوةِ الْوُسْطٰى

'အသင်တို့သည် ယေဘုယျအားဖြင့် အားလုံးသော 'ဆွလားသ်'ဝတ်ပြုမှုကိုလည်းကောင်း၊ အထူး သဖြင့် အလယ်၌ရှိသော 'ဆွလားသ်'ဝတ်ပြုမှုကိုလည်းကောင်း ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ကြ လေကုန်'ဟူ၍ မိန့်တော်မူထားပေသည်။ [၂ : ၂၃၈]

အထက်တင်ပြပါ အာယသ်တော်၏ စကားလုံးများအတွင်း၌ နမာဇ်၊ 'ဆွလားသ်'ဟူ၍ ရှင်းလင်းစွာ မိန့်မြွက်ထားခြင်းမျိုး မရှိပေ။ ထို့ကြောင့် နှုတ်လျှာအရ၊ ကျင့်ကြံဆောင်ရွက်မှုအရ အလ္လာဟ်အသျှင်မြတ် အား (သတိရတသခြင်း) မျိုးများ ပုံစံအလုံးစုံ အကျုံးဝင်ပေသည်။ ပမာဆိုရသော် စကားပြေအကျဉ်းချုပ် အတွင်း၌ တင်ပြထားပေသည်။ 'ဇိကိရ်' (အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း) များအတွင်း၌ နမာဇ်သည် အားလုံးသော အရာများထက် အမြင့်မြတ်၊ အမွန်မြတ်ဆုံး ဖြစ်ပေသည်။ ထို့ကြောင့် နမာဇ် သည် ထိုအချက်အကြောင်းအရာများအတွင်း၌ သာပို၍ပင် ပါဝင်နေပေသည်။ ထို့ကြောင့် အာလင်မ်သာသနာ့ ပညာရှင်များသည် 'ဤအာယသ်တော်အတွင်း၌ နမာဇ် ငါးကြိမ်သည် မိမိတို့၏ အချိန်များနှင့်တကွ ပါဝင် လျက်ရှိကြောင်း'ကို တင်ပြထားပေသည်။ ပမာတင်ပြရမည်ဆိုသော် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးအား တစ်ဦးတစ်ယောက်က 'ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ နမာဇ်ငါးကြိမ်အကြောင်း ရှင်းလင်းစွာ ပါဝင်ပါ၏လော'ဟူ၍ မေးမြန်းရာ ၎င်းက ပါဝင်ကြောင်းကို မိန့်မြွက်လိုက်ပေသည်။ အထောက်အထားဖြင့် တင်ပြရာ၌ ဤအာယသ်တော်ကိုသာလျှင် တင်ပြလိုက်ပေသည်။

حِيْنَ تُمْسُوْنَ

(ညနေအချိန်) ၌ 'မဂ်ရိဗ်'နမာဇ်သည် ပါဝင်၍ وَحِيْنَ تُصْبِحُوْنَ (နံနက်အချိန်) ၌ 'ဖွဂျရ်' နမာဇ်သည် ပါဝင်သွားပေသည်။ 'အရှီးယားန်'အတွင်း၌ 'အဆွရ်'နမာဇ်နှင့် حِيْنَ تُظْهِرُوْنَ အတွင်း၌ 'ဇိုဟိုရ်'နမာဇ်၏အချိန်တို့သည် ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။ ယခု 'အေရှာဟ်'နမာဇ်အချိန်သာ

ကျန်နေပေမည်။ ယင်းအချိန်အား အခြားသော အာယသ်တော်တစ်ပိုဒ်က အထောက်အထားအဖြစ် တင်ပြထားပေသည်။ ၄င်းမှာ مِنۡ بَعۡدِ صَلٰوةِ الۡعِشَآءِ ('အေရှာ'နမာဇ်အပြီး၌ တစ်ချိန်) ဖြစ်သည်။

ထို့ပြင် အေမာမ်ဟာစန်ဗစ္စရီး သခင်ကြီးသည် حِيۡنَ تُمۡسُوۡنَ (အသင်တို့သည် ညနေအချိန်သို့ ဝင်ရောက်ကြသောအခါ) ဟူသော စကား လုံးတော်အတွင်း၌ 'မဂ်ရိဗ်'နှင့် 'အေရှာ'နှစ်ကြိမ်စလုံး ပါဝင်ကြောင်း မိန့်ဆိုထားပေသည်။

ကြီးကျယ်သော အကျိုးထူး

ဤအာယသ်တော်သည် ဟာဇရသ်အိဗ်ရာဟီးမ် عليه السلام ၏ ထိုဒိုအာဖြစ်သည်။ အကြင်ကဲ့သို့ တောင်းဆိုခြင်းကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ၄င်းအား ကတိသစ္စာ စောင့်ထိန်းသူဟူ၍ မိန့်မြွက်ထားပေသည်။ မိန့်တော်မူထားသည်မှာ-

وَاِبۡرٰهِيۡمَ الَّذِىۡ وَفّٰٓى

ဟူ၍ ဖြစ်သည်။ အသျှင်မြတ်၏ အမိန့်တော်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သော တမန်တော် အိဗ်ရာဟီးမ် عليه السلام သည် ဤစကားလုံးတော်များကို နံနက်နှင့် ညနေ ရွတ်ဖတ်တော်မူလေ့ရှိသည်။

ပမာဆိုရသော် စစ်မှန်သော ကွင်းဆက်စနဒ်တော်များနှင့်တကွ ဟာဇရသ်မအား‌ဇ်အိဗ်နေ رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်မှာ ဟာဇရသ်အိဗ်ရာဟီးမ် عليه السلام အား ကတိသစ္စာ စောင့်ထိန်းခြင်း၊ ချီးမွမ်းထားခြင်း၏ အကြောင်းခံမှာ ၄င်း၏ ဤဖော်ပြပါ ဒိုအာကြောင့် ဖြစ်ပေသည်။

အဗူဒါဂူးဒ်၊ သွဗ်ရာနီနှင့် အိဗ်နေ စုန္နီ အစရှိသော သူတို့သည် ဟာဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည်

فَسُبۡحٰنَ اللّٰهِ حِيۡنَ تُمۡسُوۡنَ وَحِيۡنَ تُصۡبِحُوۡنَ وَلَهُ الۡحَمۡدُ
فِى السَّمٰوٰتِ وَالۡاَرۡضِ وَعَشِيًّا وَّحِيۡنَ تُظۡهِرُوۡنَ يُخۡرِجُ الۡحَىَّ مِنَ الۡمَيِّتِ
وَيُخۡرِجُ الۡمَيِّتَ مِنَ الۡحَىِّ وَيُحۡىِ الۡاَرۡضَ بَعۡدَ مَوۡتِهَا وَكَذٰلِكَ تُخۡرَجُوۡنَ

ထိုအထက်ဖော်ပြပါ အာယသ်တော်များနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ အကြင်သူသည် နံနက်အချိန်အခါ၌ ဤစကားလုံးတော်များကို ဖတ်ရွတ်လိုက်ပါမူ တစ်နေ့တာလုံး၌ ၄င်းအဖို့ ချွတ်ချော်တိမ်းပါးမှု ရှိခြင်းတို့သည် ထိုစကားလုံးတော်များ၏ 'ဗရ်ကသ်' (မင်္ဂလာ) တော်ကြောင့် ပြည့်ဝသွားပေလိမ့်မည်။ ညနေအချိန်အခါ၌ ဖတ်ရွတ်လိုက်မူ ညအချိန်၌ ဖြစ်ရှိသွားမည့် တိမ်းစောင်းချွတ်ချော် လျော့နည်းမှုတို့သည် ထိုစကားလုံးတော်များ၏ အကြောင်းခံဖြင့် ပြည့်ဝသွားပေလိမ့်မည်။ *[ရူးဟ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ اِذَآ اَنْتُمْ بَشَرٌ تَنْتَشِرُوْنَ ⑳

၃၀ : ၂၀ ။ ။ စင်စစ် (ဤသည်) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် (တစ်ပါး) အပါအဝင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် အသင်တို့သည် ရုတ်တရက် လူသားများ ဖြစ်လာပြီး (ကမ္ဘာမြေဝယ်) ပျံ့နှံ့လျက် ရှိကြကုန်၏။

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَ
لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا لِّتَسْكُنُوْٓا اِلَيْهَا وَجَعَلَ بَيْنَكُمْ
مَّوَدَّةً وَّرَحْمَةً ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ㉑

၃၀ : ၂၁ ။ ။ ထိုနည်းတူစွာ (ဤသည်လည်း) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် (တစ်ပါး) အပါအဝင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အမျိုးအစားထဲမှပင် ကြင်ရာကြင်ဖက်များကို၊ အသင်တို့သည် ၎င်းတို့ထံတွင် (အနားယူ) စိတ်အေးချမ်းသာမှုကို ရယူကြရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့စပ်ကြားဝယ် ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားကိုလည်း စီမံပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ ကေန်မလွဲ ဤသည်၌ စဉ်းစားဆင်ခြင် သုံးသပ်ကြကုန်သော သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိပေသည်။

وَمِنْ اٰيٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافُ اَلْسِنَتِكُمْ
وَاَلْوَانِكُمْ ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّلْعٰلِمِيْنَ ㉒

၃၀ : ၂၂ ။ ။ ထို့ပြင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ အသင်တို့၏ ဘာသာစကားနှင့် အသွေးအရောင် ကွဲပြားခြားနားမှုသည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင်ဖြစ်၏။ စင်စစ် ဤသည်၌ ပညာရှိသူခမိန်တို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသည်။

وَمِنْ اٰيٰتِهٖ مَنَامُكُمْ بِالَّيْلِ وَالنَّهَارِ وَابْتِغَآؤُكُمْ مِّنْ فَضْلِهٖ ۗ اِنَّ فِيْ
ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّسْمَعُوْنَ ㉓

၃၀ : ၂၃ ။ ။ ထို့ပြင် 'နေ့'နှင့် 'ညဉ့်'၌ အသင်တို့ (လဲလျောင်း) အိပ်စက်ခြင်းသည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို အသင်တို့၏ ဆည်းပူးရှာဖွေခြင်းသည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင်ဖြစ်၏။ ကေန်မလွဲ ဤသည်၌ ကြားနာသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသည်။

وَمِنْ اٰيٰتِهٖ يُرِيْكُمُ الْبَرْقَ
خَوْفًا وَّطَمَعًا وَّيُنَزِّلُ مِنَ السَّمَآءِ مَآءً فَيُحْيٖ بِهِ الْاَرْضَ
بَعْدَ مَوْتِهَا ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿٢٤﴾

၃၀ : ၂၄ ။ ။ ထို့ပြင် (ဤသည်လည်း) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင်ဖြစ်၏။ ထိုအသျှင်မြတ်သည် အသင်တို့အား လျှပ်စစ်ပြက်ခြင်းကို ကြောက်ရွံ့စေသောအားဖြင့်လည်းကောင်း၊ (မိုးရွာတော့မည်ဟု) မျှော်လင့်စေသောအားဖြင့်လည်းကောင်း ပြသတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ရေကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုမိုးရေဖြင့် ပထဝီမြေကို၊ ယင်းပထဝီမြေ သေပြီးနောက် (ခြောက်သွေ့ပြီးနောက်) ရှင်ပြန် (စိမ်းလန်းစိုပြေ) စေတော်မူ၏။ ဧကန်စင်စစ် ဤသည်၌ သိနားလည်ကြသော သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိချေသည်။

وَمِنْ اٰيٰتِهٖٓ اَنْ تَقُوْمَ السَّمَآءُ وَالْاَرْضُ بِاَمْرِهٖ ۭ ثُمَّ اِذَا دَعَاكُمْ
دَعْوَةً ڰ مِّنَ الْاَرْضِ ڰ اِذَآ اَنْتُمْ تَخْرُجُوْنَ ﴿٢٥﴾

၃၀ : ၂၅ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်၏ အမိန့်တော်ကြောင့် မိုးကောင်းကင်နှင့် ပထဝီမြေ၏ ရပ်တည်၍ နေခြင်းသည်လည်း ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင် ဖြစ်၏။ ထို့နောက် ထိုအသျှင်မြတ်သည် အသင်တို့သည် ပထဝီမြေမှ (ထွက်လာကြရန်အလို့ငှာ) တစ်ကြိမ်မျှ ဟစ်ခေါ်တော်မူသောအခါ ရုတ်တရက် အသင်တို့သည် ချက်ချင်း ထွက်လာကြကုန်ပေလိမ့်မည်။

وَلَهٗ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ ۭ كُلٌّ لَّهٗ قٰنِتُوْنَ ﴿٢٦﴾

၃၀ : ၂၆ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော (လူသား၊ ကောင်းကင်တမန်၊ ဂျင်န် အစရှိသော) သူတို့သည် ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော သူများချည်းသာ ဖြစ်ကြကုန်၏။ (၎င်းတို့) အသီးသီးတို့မှာ ထိုအသျှင်မြတ်၏ အမိန့်တော်များကို (နာခံလျက်) လိုက်နာကြကုန်၏။

وَهُوَ الَّذِيْ يَبْدَؤُا
الْخَلْقَ ثُمَّ يُعِيْدُهٗ وَهُوَ اَهْوَنُ عَلَيْهِ ۭ وَلَهُ الْمَثَلُ الْاَعْلٰى
فِي السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٢٧﴾

၃၀ : ၂၇ ။ ။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် အဖန်ဆင်းခံတို့အား စတင် ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူပေမည်။ စင်စစ် ဤသည် ထိုအသျှင်မြတ်၌ သာပို၍ပင် လွယ်ကူလှပေသည်။ ၎င်းပြင် မိုးကောင်းကင်များနှင့် ပထဝီမြေဝယ်တို့တွင် ထိုအသျှင်မြတ်၌သာလျှင် ထူးကဲမြင့်မြတ်လှ

စွာသော ဝိသေသဂုဏ်ထူး ရှိပေသည်။ စင်စစ် ထိုအသျှင်မြတ်သည် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံ တရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (ဤသည်) ထိုအသျှင်မြတ်၏ (တန်ခိုး) သက်သေလက္ခဏာတော်များတွင် (တစ်ပါး) အပါအဝင်ဖြစ်သည်။ ထိုအသျှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ (ဟဇရတ် အာဒမ် عَلَيْهِ السَّلَام ကို မြေကြီးဖြင့် ဖန်ဆင်းတော်မူထား၏။ သို့ဆိုလျှင် ၎င်း၏ သားသမီး၊ မြေး၊ မြစ်များအားလုံး ပါဝင်သွားပေသည်။ သို့မဟုတ် သုက်ရည်၏ အဓိကအချက်သည် အစာဖြစ်သည်။ ထိုအစာ၏ အဓိကအရင်း အမြစ်သည် ဓါတ်ကြီးလေးပါးဖြစ်သည်။ အကြင်ဓါတ်ကြီးလေးပါးအတွင်း၌ မြေကြီးသည် ပါဝင်မှုအများဆုံး အရာဖြစ်ပေသည်။) ထို့နောက် အသင်တို့သည် (အချိန်အနည်းငယ် ကြာမြင့်ပြီးနောက်) ရုတ်တရက် လူသားများဖြစ်လာပြီး (ကမ္ဘာမြေဝယ်) ပျံ့နှံ့လျက်ရှိကြ (ကြောင်းကို မြင်တွေ့ကြရကုန်) ၏။

ထိုနည်းတူစွာ (ဤသည်လည်း) ထိုအသျှင်မြတ်၏ (တန်ခိုး) သက်သေလက္ခဏာတော်များတွင် (တစ်ပါး) အပါအဝင်ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် အသင်တို့ (အကျိုး) အဖို့ အသင်တို့၏ အမျိုးအစားထဲမှပင် ကြင်ရာကြင်ဖက်များကို အသင်တို့ (အဖို့၊ အကျိုး) သည် ၎င်းတို့ထံတွင် (အနားယူ) စိတ်အေးချမ်းသာ မှုကို ရယူကြရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့စပ်ကြားဝယ် ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားကိုလည်း စီမံပြုလုပ်၍ ပေးသနားတော်မူခဲ့သည်။ ဧကန်မလွဲ ဤ (အထက်တင်ပြပါ အမှုကိစ္စ) ၌ စဉ်းစားဆင်ခြင်သုံးသပ်ကြကုန်သော သူတို့အဖို့ အမှန်ပင် (တန်ခိုး) သက်သေလက္ခဏာတော်များသည် ရှိပေသည်။ (အဘယ်ကောင့်ဆိုသော် အထောက်အထားကို ကောက်နုတ် ရယူရန်အတွက် စဉ်းစားတွေးခေါ်ရန်သည် အရေးကြီးပေသည်။ (သက်သေလက္ခဏာတော်များဟူ၍ သုံးနှုန်း ထားရခြင်းမှာ အထက်ဖော်ပြပါ ကိစ္စရပ်၌ အမှုကိစ္စများစွာ ပါဝင်ခြင်းကြောင့် ဖြစ်ပေသည်။)

ထို့ပြင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ အသင်တို့၏ ဘာသာစကားနှင့် အသွေးအရောင်ကွဲပြားခြားနားမှုသည်လည်းကောင်း (ဘာသာစကားဟူသည် အဘိဓါန် များအားလည်း ဆိုနိုင်ခြင်းဖြစ်သကဲ့သို့ ပြောဆိုပုံဆိုပုံလည်း ဖြစ်နိုင်ပေသည်။) ထိုအသျှင်မြတ်၏ (တန်ခိုး) သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင်ဖြစ်၏။ စင်စစ် ဤသည်၌ ပညာရှိသုခမိန် တို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသည်။ (ဤနေရာ၌လည်း အများကိန်း သုံးနှုန်းထားရ ခြင်းအကြောင်းမှာ အထက်ဖော်ပြပါ အတိုင်းကဲ့သို့ ဖြစ်ပေသည်။)

ထို့ပြင် နေ့နှင့် ညတွင် အသင်တို့ (လုံလျောင်း) အိပ်စက်ခင်းသည်လည်းကောင်း၊ (နေ့အချိန်၌ အအိပ်နည်း၍ ညဥ့်အချိန်၌ အအိပ်များနေလင့်ကစား) ထိုအသျှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ် ရိက္ခာကို အသင်တို့၏ ဆည်းပူးရှာဖွေခြင်းသည်လည်းကောင်း၊ (ရှာဖွေမှု၌ နေ့ကို များပြားစွာ ညဥ့်အချိန်၌ နည်းပါးစွာဟူ၍ မိန့်ထားခြင်းမှာ အခြားအာယသ်တော်တစ်ပါးအတွင်း၌ အိပ်စက်ခြင်းကို ညဥ့်နှင့်အတူ

ရှာဖွေခြင်းကို နေ့အချိန်နှင့် ယှဉ်တွဲကာ အထူးပြုသုံးစွဲထားပေသည်။) ထိုအသျှင်မြတ်၏ (တန်ခိုး) သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင် ဖြစ်၏။ ဧကန်မလွဲ ဤ (အထက်ဖော်ပြပါ အမှုကိစ္စ၌) လည်း (အထောက်အထားကို လေးနက်စွာ ဂရုစိုက်) ကြားနာသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာတော်များသည် ရှိချေသည်။

ထို့ပြင် (ဤသည်လည်း) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင် ဖြစ်၏။ ထိုအသျှင်မြတ်သည် အသင်တို့အား (မိုးရွာချိန်၌) လျှပ်စစ်ပြက်ခြင်းတို့ (မိုးကြိုးပစ်ချမည်ကို) ကြောက်ရွံ့စေသောအားဖြင့်လည်းကောင်း၊ (မိုးရွာတော့မည်ဟု) မျှော်လင့်သောအားဖြင့်လည်းကောင်း ပြသတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုမိုးရေဖြင့် ပထဝီမြေကို ယင်းပထဝီမြေ သေပြီးနောက် (ခြောက်သွေ့ပြီးနောက်) ရှင်ပြန် (စိမ်းလန်းစိုပြေ) စေတော်မူ၏။ ဧကန်စင်စစ် ဤ (အထက်ဖော်ပြပါအမှုကိစ္စအတွင်း၌) လည်း (အကျိုးပြုသော ဦးနှောက်ရှိသည့်) သိနားလည်ကြသောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိချေသည်။

၎င်းပြင် ထိုအသျှင်မြတ်၏ အမိန့် (ဆန္ဒ) တော်ကြောင့် မိုးကောင်းကင်နှင့် ပထဝီမြေ၏ ရပ်တည်၍ နေခြင်းသည်လည်း (ထိုအချက်သည် ဆက်လက်တည်တံ့ ရပ်တည်နေခြင်းကို တင်ပြလိုက်ခြင်း ဖြစ်သည်။ အထက်ပါအာယသ်တော် (خَلْقُ السَّمٰوٰتِ) အတွင်း၌ ၎င်းတို့အား စတင် ဖန်ဆင်းတော်မူလိုက်ခြင်းနှင့် စကြဝဠာကြီးအတွင်း၌ ဖြစ်ပေါ်တည်ရှိနေသော အလုံးစုံသော စီမံကိန်းများ ဖြစ်သည့် အသင်တို့အဖို့ သား၊ သမီး မွေးဖွားစေခြင်း၏ ကဏ္ဍရပ်များကို ထားရှိစေခြင်း၊ အချင်းချင်း ထိမ်းမြားမင်္ဂလာပြုကြခြင်း၊ မိုးကောင်းကင်များနှင့် မြေပထဝီသည် လက်ရှိ မြင်တွေ့နေရသော ပုံသဏ္ဍာန်အဖြစ်နှင့်သာ တည်ရှိနေခြင်း၊ ဘာသာစကားနှင့် အရောင်အသွေးတို့ ကွဲပြားခြားနားနေခြင်း၊ နေ့နှင့် ညဥ့် ပြောင်းလဲမှုကို ဖြစ်ပေါ်စေရာ၌ အကျိုးထူး များထားရှိစေခြင်း၊ မိုးရွာသွန်းခြင်းနှင့် မရွာသွန်းမီ၏ ရှေ့ပြေးလက္ခဏာများ ထင်ဟပ်လာခြင်းတို့သည် ကမ္ဘာလောကကြီးကို ထားရှိရန် ရည်ရွယ်ရှိသည့်အချိန်အထိသာ ဖြစ်ပေသည်။ တစ်နေ့ ယင်းအရာအားလုံး ပျက်စီးသွားပေလိမ့်မည်။) ထိုအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် (တစ်ပါး) အပါအဝင် ဖြစ်၏။ ထို့နောက် (စကြဝဠာအပေါင်း ပျက်စီးချိန်၌) ထိုအသျှင်မြတ်သည် အသင်တို့အား ပထဝီမြေမှ (ထွက်လာကြရန်အလို့ငှာ) တစ်ကြိမ်မျှ ဟစ်ခေါ်တော်မူသောအခါ ရုတ်တရက် အသင်တို့သည် ချက်ချင်း ထွက်လာကြကုန်ပေလိမ့်မည်။ (အဓိကအချက်ဖြစ်သော ဒုတိယစီမံကိန်းကို စတင် အကောင်အထည်ဖော်ပေလိမ့်မည်။)

စင်စစ် (အထက်၌ တန်ခိုးတော်၏ သက်သေလက္ခဏာတော်များမှ သိရှိသွားပေသည်မှာ) မိုးကောင်းကင်နှင့် မြေပထဝီ၌ ရှိကြကုန်သော (လူသား၊ ကောင်းကင်တမန်၊ ဂျင်န် အစရှိသော) သူတို့သည် ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော သူများချည်းသာ ဖြစ်ကြကုန်၏။ ၎င်းတို့အသီးသီးမှာ ထိုအသျှင်မြတ်၏ အမိန့်တော်များကို (တန်ခိုးအာဏာစက်ကွင်းဝယ် နာခံလျက်) လိုက်နာကြကုန်၏။

အမှန်စင်စစ် (ထိုသို့ အတည်ပြုနိုင်ခြင်းနှင့် အထူးပြည့်စုံကုံလုံသော စွမ်းဆောင်နိုင်မှုကြောင့် ဤအချက်ကိုလည်း အတည်ပြု ထောက်ခံနိုင်ပေသည်။) ထိုအသျှင်မြတ်သည်သာလျှင် အဖန်ဆင်းခံတို့အား စတင်ဖန်ဆင်းတော်မူ၏။ (သို့ရှိရာ ဤအချက်ကို ယခု တင်ပြ မြွက်ကြားခြင်းခံရသော သူတို့သည် လက်ခံထားသော အချက်ဖြစ်ပေသည်။) ထို့နောက် ထိုအသျှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူပေမည်။ (ပမာတင်ပြရမည်ဆိုသော် တင်ပြပါ အထောက်အထားများနှင့်အတူ မှန်ကန်သော သတင်းများကို ရရှိပြီးနောက် သိရှိရပေသည်။) စင်စစ် ဤသည် (ယင်းသို့ ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းနိုင်ခြင်းသည်) ထိုအသျှင်မြတ်၌ (ကြားနာသူတို့၏ အပေါ်ယံရှုမြင်သုံးသပ်ချက်ကို ထောက်ရှု၍ ပထမအကြိမ် ဖန်ဆင်းတော်မူခြင်းထက်ပင်) သာ၍ပင် လွယ်ကူလှပေသည်။ (ပမာဆိုရသော် လူ့သဘောသဘာဝကို ထောက်ရှု၍လည်း အများဆုံး သဘာဝကျကာ ဖြစ်နိုင်ဖွယ်ရှိသော အချက်မှာ အရာတစ်ခုကို ပထမအကြိမ် ပြုခြင်းထက် ဒုတိယအကြိမ်ပြုခြင်းမှာ သာ၍ပင် လွယ်ကူလှပေသည်။) ၄င်းပြင် မိုးကောင်းကင်များနှင့် ပထဝီမြေတို့တွင် ထိုအသျှင်မြတ်သည်သာလျှင် (အရာအားလုံးတို့ထက်) ထူးကဲ မြင့်မြတ်လှစွာသော ဝိသေသဂုဏ်ထူး ရှိပေသည်။ (ဆိုလိုသည်မှာ မိုးကောင်းကင်များ၌လည်း ထိုအသျှင်မြတ်ကဲ့သို့ တစ်စုံတစ်ယောက်မျှ မရှိ။ မြေပထဝီ၌လည်း တစ်စုံတစ်ရာတစ်ယောက်မျှ မရှိ။ ပမာဆိုရသော် အလ္လာဟ် အသျှင်မြတ်သည် မိန့်တော်မူထားပေသည်။

وَلَهُ الْكِبْرِيَاءُ فِي السَّمٰوٰتِ وَالْاَرْضِ

ထို့ပြင် (မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ထူးကဲမြင့်မြတ်မှုသည် ထိုအသျှင်မြတ်၌သာလျှင် ရှိပေသည်။) စင်စစ် ထိုအသျှင်မြတ်သည် တန်ခိုးတော်ဖြင့် (အလွန်တရာ) လွှမ်းမိုးတော်မူသော အသျှင်၊ (အရာရာကို ပြုနိုင်စွမ်းရှိတော်မူသော အသျှင်) ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့ရှိရာ အထက်တင်ပြပါ ချယ်လှယ်နိုင်စွမ်းရှိသော အချက်များကြောင့် စွမ်းဆောင်နိုင်ခြင်းနှင့် ဆင်ခြင်တုံတရားရှိခြင်း၏ အချက်နှစ်ချက်သည် ထင်ရှားလှပေသည်။ သို့ရှိရာ ထိုအသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ပြန်လည်ဖန်ဆင်းတော်မူပေလိမ့်မည်။ ထိုသို့ ပြန်လည်ဖန်ဆင်းတော်မူရာ၌ အခိုက်အတန့်အချိန်သည် ခြားနားစွာဖြင့် ရှိပေသည်။ ထိုသို့ ကြားခံခြားနားချိန် တည်ရှိခြင်း၌လည်း အမြော်အမြင်တော်တို့ တည်ရှိကြောင်းကို အတည်ပြုပြီးနောက် လက်ရှိ မဖြစ်ပေါ်ခြင်းကို ငြင်းဆိုခြင်းသည် အသိဉာဏ်အလိမ္မာကင်းမဲ့ခြင်း ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ရူးမ်၏ အစ၌ ရောမနိုင်ငံသားတို့နှင့် ပါရှားန်နိုင်ငံသားတို့ အခင်းစစ်ပွဲဖြစ်ခြင်း၏ ဖြစ်အင်တစ်ရပ်ကို ကြားနာစေပြီးနောက် ငြင်းဆိုသော သူတို့နှင့် ကာဖိရ်တို့၏ လမ်းလွဲ၊ လမ်းမှားခြင်းနှင့် အမှန်

တရားအား ကြားနာသဘောပေါက်ခြင်းအား ဂရုမမူခြင်း၏ အကြောင်းခံအဖြစ် ၄င်းတို့အနေဖြင့် ပျက်သုဉ်းသွားမည်ဖြစ်သော လောကီရေးရာကို သက်တမ်း၏ ရည်ရွယ်ချက်အနေဖြင့် ထားရှိထားခြင်း၊ နောင်တမလွန် 'အာခေရသ်'၏ ဘက်သို့ အာရုံစူးစိုက်ခြင်း၊ တစ်စုံတစ်ရာ မရှိခြင်းကို တင်ပြထားပေသည်။ ထို့နောက် 'ကေယာမသ်'နေ့၌ ဒုတိအကြိမ် ပြန်လည်ရှင်ပြန်ထရမည်ဖြစ်ခြင်းနှင့် စာရင်းအင်းစစ်ဆေးခြင်း ခံရမည်ဖြစ်ကြောင်းတို့ အပေါ်ယံကိုသာ ရှုမြင်သုံးသပ်သူတို့အဖို့ ခဲယဉ်းသည်ဟု ထင်မြင်ကောင်းထင်မြင်နိုင်ပေသည်။ ယင်းအချက်၏ အဖြေကို ရှုထောင့်အမျိုးမျိုးဖြင့် ပေးထားပေသည်။ ဦးစွာပထမ မိမိကိုယ်မိမိအား စဉ်းစားတွေးခေါ်ရန်ဖြစ်ပြီး ထို့နောက်တစ်ဖန် မိမိ၏ ဘေးဝန်းကျင်၌ ဖြတ်သန်းသွားလာလျက်ရှိသော မျိုးနွယ်စုတို့၏ အခြေအနေများနှင့် ၄င်းတို့၏ အဆုံးဇာတ်လမ်းအား ရှုမြင်သုံးသပ်ရန် ဖိတ်ခေါ်ထားပေသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော အရာရာကို စွမ်းဆောင်နိုင်တော်မူကြောင်းကို တင်ပြထားပေသည်။ အကြင်ကဲ့သို့ စွမ်းဆောင်နိုင်ရာ၌ ထိုအသျှင်မြတ်၌ မည်သည့်တွဲဖက်ကာ ရှိနေသည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ထိုအထက်ဖော်ပြပါ အထောက်အထားများနှင့် သက်သေသာဓကတို့မှ မုချ ထွက်ပေါ်လာသော ရလဒ်မှာ 'ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အသျှင်မြတ်သည် ပင်ကိုယ် 'ဇာသ်'တော်တစ်ပါးတည်း တည်ရှိတော်မူသော အသျှင်ကို သတ်မှတ်ပေးရပေမည်။ ထိုအသျှင်မြတ်သည် မိမိ၏ဘက်မှ စေလွှတ်ထားတော်မူသော နဗီတမန်တော်များကို အကြောင်းခံ၍ 'ကေယာမသ်'သည် ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ အတိတ်ခေတ်၊ နောင်းပိုင်းခေတ်ရှိ သူများအားလုံး ပြန်လည် ရှင်ပြန်ထရမည်ဖြစ်ပြီး စာရင်းအင်း၊ စစ်ဆေးခြင်းခံရပြီးနောက် 'ဂျန္နသ်'သုခဘုံ သို့မဟုတ် 'ဂျဟန္နမ်'ငရဲဘုံသို့ သွားရမည်ဖြစ်ကြောင်းကို သတင်းပေးထားပေသည်။ ယင်းအချက်အပေါ် အီမာန်ကို ရယူရပေမည်။ တင်ပြလျက်ရှိနေသော အစပိုင်း အာယသ်တော်များအတွင်း၌ ထိုသို့ ပြည့်ဝစုံလင်သော တန်ခိုးတော်အသျှင်မြတ်၏ လက်ရာတော် (၆) ရပ်၏ ခေါင်းစဉ်အသွင်ဖြင့် တင်ပြထားပေသည်။ အကြင်အချက်များသည် အလ္လာဟ်အသျှင်မြတ်၏ အနှိုင်းမဲ့တန်ခိုးတော်၊ အမြော်အမြင်တော်၏ လက္ခဏာတော်များ ဖြစ်ပေသည်။

ပထမတန်ခိုး သက်သေလက္ခဏာတော်

လူသားကဲ့သို့သော အမွန်မြတ်ဆုံးသော အဖန်ဆင်းခံနှင့် စကြဝဠာလောကကြီးအား အုပ်ချုပ်မည့်သူများကို မြေကြီးဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။ အကြင်မြေကြီးသည် ဤကမ္ဘာလောက၏ ဓါတ်ကြီးလေးပါးအတွင်း၌ အားလုံးတို့ထက် သာပို၍ အဆင့်အတန်းအနိမ့်ဆုံးသော အရာ ဖြစ်ပေသည်။ အကြင်မြေကြီးအတွင်း၌ လှုပ်ရှားသိမြင်မှုကို အရိပ်အယောင်မျှပင် မတွေ့ရှိရပေ။ အဘယ်ကြောင့်ဆိုသော် ထင်ရှားကျော်ကြားသော ဓါတ်ကြီးလေးပါးအတွင်း၌ မြေကြီးမှအပ ကျန်သော ဓါတ်ကြီးသုံးပါးအတွင်း၌ အနည်းနှင့်အများမဆို လှုပ်ရှားမှုသည် ရှိပေသည်။ မြေကြီးသည် ယင်းအချက်မှလည်း လက်မဲ့ဖြစ်နေပေသည်။

တန်ခိုးတော်အသျှင်မြတ်သည် လူသားအား ဖန်ဆင်းရန်အတွက် ထိုမြေကြီးကို ရွေးချယ်ထားပေသည်။ အိဗ်လီးစ်၏ လမ်းလွဲမှားခြင်း၏ အကြောင်းခံမှာလည်း 'မီး၏ ဓါတ်သဘောသည် မြေကြီးထက် မြင့်မြတ်ထူးကဲသည်ဟူ၍ မှတ်ယူကာ ဂုဏ်မောက်မာမှုကို ရွေးချယ်လိုက်ခြင်းကြောင့် ဖြစ်ပေသည်။ မွန်မြတ်ထူးကဲခြင်းသည် ဖန်ဆင်းစိုးပိုင်တော်မူသော အသျှင်မြတ်၏ လက်ဝယ်အတွင်း၌သာ ရှိခြင်း၊ ထိုအသျှင်မြတ်သည် မိမိလိုလားတော်မူသော သူအား အကြီးအကဲအဖြစ် ခန့်အပ်နိုင်ခြင်းအချက်ကို သဘောမပေါက်ခဲ့သောကြောင့် ဖြစ်ပေသည်။

လူသားအား ဖန်ဆင်းခြင်း၏ အခြေခံအရာဝတ္ထုပစ္စည်းမှာ မြေကြီးဖြစ်ခြင်းသည် ဟဇရသ်အာဒမ် ﷺ ကို ထောက်ရှု၍ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ထို့ပြင် ၎င်းသည် လူသားများအားလုံး ဖြစ်ပေါ်တည်ရှိလာရခြင်း၏ အခြေခံအုတ်မြစ်သဖွယ် ဖြစ်ပေသည်။ ထို့ကြောင့် အခြားသော လူသားများအား ဖန်ဆင်းခြင်းသည် မြေကြီးဘက်သို့ တိုက်ရိုက်ဆက်နွယ်ကာ ပြောဆိုခြင်းသည် တစ်စုံတစ်ရာ ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အခြားအများဆုံးသောသူတို့သည် မျိုးသွားခြင်းဆိုင်ရာ ကဏ္ဍ၌ သုက်ရည်၏ အကြောင်းခံဖြင့် မွေးမြူလာကြပေသည်။ သုက်ရည်ဖြစ်ပေါ်လာခြင်း၏ ဖွဲ့စည်းမှုကဏ္ဍရပ်၌လည်း မြေကြီး၏ ပါဝင်မှုသည် အများဆုံးဖြစ်ပေသည်။

ဒုတိယတန်ခိုးသက်သေလက္ခဏာတော်

လူသားတို့၏ အမျိုးအစားထဲမှ အလ္လာဟ်အသျှင်မြတ်သည် အမျိုးသမီးများကို ဖန်ဆင်းတော်မူလိုက်ပေသည်။ အကြင်အမျိုးသမီးများသည် အမျိုးသားများ၏ ဇနီးကြင်ယာများ ဖြစ်သွားကြပေသည်။ ဓါတ်ဝတ္ထုပစ္စည်းများတစ်ရပ်သည် တစ်နေရာတည်းနှင့် အစားအစာတစ်မျိုးတည်းမှ မွေးဖွားဖွားလာစေသော ကလေးများ၌ ဤလူးတန်းစားနှစ်ရပ်ကို ဖန်ဆင်းပေါ်ပေါက်စေတော်မူထားပေသည်။ အကြင်ကလေးငယ်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ ပုံပန်းသဏ္ဌာန်နှင့် စာရိတ္တများ၌ ကွဲပြားခြားနားလှစွာသော အချက်များရှိကြောင်းကို တွေ့မြင်ရပေသည်။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တော် လုံလောက်ပြည့်ဝခြင်းအတွက် ဤသို့ ဖန်ဆင်းနိုင်ခြင်းသည် လုံလောက်လှစွာသော လက္ခဏာတော် ဖြစ်ပေသည်။ ထို့နောက် အမျိုးသမီးများအား သီးခြားသီးသန့်စွာ ဖန်ဆင်းခြင်း၏ အမြော်အမြင်၊ အကျိုးအကြောင်းအချက်ကို ဤသို့ တင်ပြထားပေသည်။

لِتَسْكُنُوْٓا اِلَيْهَا

အသင်တို့သည် ၎င်းတို့ထံတွင် အနားယူ၊ စိတ်အေးချမ်းသာမှုကို ရယူကြရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့၏။

အမျိုးသမီးများထံမှ အမျိုးသားတို့အဖို့ လိုအပ်သမျှသော အချက်များအားလုံး သေချာဃနစွာ စမ်းစစ်လေ့လာကြည့်ရှုမည်ဆိုလျှင် အချုပ်ရလဒ်သဘောမှာ စိတ်နှလုံး တည်ငြိမ်အေးချမ်းမှုဟူသော အချက်သည်သာ

ထွက်လာပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် စကားလုံးတစ်လုံးအတွင်း၌သာ ဤအထက်ဖော်ပြပါ အချက်များအားလုံး စုရုံးကာ အမိန့်ရှိထားပေသည်။

အထက်တင်ပြပါအချက်မှ သိရှိရသည်မှာ အိမ်ထောင်ရေးသက်တမ်း၏ အမှုကိစ္စအလုံးစုံ၏ အချုပ်သဘောတရားမှာ စိတ်နှလုံးတည်ငြိမ်အေးချမ်းမှုကို ရယူခြင်း ဖြစ်ပေသည်။ အကြင်အိမ်အတွင်း၌ ဤအထက်ဖော်ပြပါအချက် တည်ရှိပါက ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်၌ အောင်မြင်သောသူများ ဖြစ်ပေသည်။ အကြင်အိမ်အတွင်း၌ အခြားသောအရာများအလုံးစုံ တည်ရှိ၍ စိတ်နှလုံးတည်ငြိမ်အေးချမ်းမှု မရှိပါက အိမ်ထောင်သက်တမ်းကို ထောက်ရှု၍ မအောင်မြင်ဘဲ ရှိနေပေသည်။ ဇနီးမောင်နှံကြား တည်ငြိမ်အေးချမ်းမှု ရရှိခြင်းသည် 'ယင်းဇနီးမောင်နှံနှစ်ဦးကြား ဆက်နွယ်မှု၏ အခြေခံအုတ်မြစ်အချက်သည် သာသနာရေးဆိုင်ရာ 'နေကာဟ်'ကို ပြုမူထားသောအချိန်မျိုး ရှိခြင်း၏ ပုံစံမျိုး၌သာ ရရှိနိုင်ပေသည်။ အကြင်တိုင်းပြည်များနှင့် အကြင်သူတို့သည် ယင်းအထက်ဖော်ပြပါ အချက်နှင့် ဆန့်ကျင်ကာ 'ဟရာမ်'ပုံပန်းသဏ္ဌာန်တို့ကို ဖန်တီးမှုအသွင်ကို ပြုထားပေသည်။ အကယ်၍ စုံစမ်းစီစစ်မှုကို ပြုမည်ဆိုပါက ၎င်းတို့၏ သက်တမ်းတွင် မည်သည့်နေရာတစ်နေရာ၌မျှ တည်ငြိမ်မှုကို ရရှိမည်မဟုတ်။ တိရစ္ဆာန်များကဲ့သို့ အချိန်အခိုက်အတန့်မျှ စိတ်ရိုင်း၏ အလိုကို ပြည့်ဝစွာ ပြုခြင်း၏ အမည်သည် စိတ်နှလုံး၊ တည်ငြိမ်အေးချမ်းမှု ရရှိခြင်း၏ အမည်မဟုတ်ပေ။

အိမ်ထောင်သက်တမ်း၏ ရည်ရွယ်ချက်သည် တည်ငြိမ်းအေးချမ်းခြင်း ဖြစ်ခြင်း၊ အကြင်သက်တမ်းအတွက် ဇနီးမောင်နှံကြား အချစ်မေတ္တာနှင့် ကရုဏာသည် အရေးကြီးသော အချက်ဖြစ်ခြင်းအကြောင်း

ဤအထက်တင်ပြပါအာယသ်တော်သည် အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးသက်တမ်း၏ ရည်ရွယ်ချက်ဖြစ်သော 'နှလုံးတည်ငြိမ်အေးချမ်းမှု' ဟူသော အချက်ကို သတ်မှတ်အတည်ပြုထားပေသည်။ ဤသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မိမိတို့၏ ဝတ္တရားများကို သိနားလည်ကာ ကျင့်ကြံနိုင်သော အချိန်၌မှာသာ ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ်ပါက ရယူခွင့်ရှိသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ အရှုပ်အရှင်းပြဿနာများ ပေါ်ပေါက်လာပါက အိမ်တွင်းတည်ငြိမ်ရေးအချက်ကို ပျက်စီးပစ်သကဲ့သို့ ဖြစ်သွားပေမည်။ ယင်းဝတ္တရားများအား ထမ်းဆောင်ရန်အတွက် ပုံစံတစ်ရပ်မှာ 'သာသနာရေးရာဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းကာ ပညတ်ချက်များကို အတည်ပြုပေးလိုက်ခြင်းအပေါ် လုံလောက်သည်'ဟု မှတ်ယူခြင်း ဖြစ်သည်။ ပမာဆိုရသော် အခြားသောသူများ၏ ဝတ္တရားများနှင့် စပ်လျဉ်းသော အမှုကိစ္စ၌ ဤကဲ့သို့ပင် ပြုကြပေသည်။ အကြောင်းမှာ တစ်ဦးသည် အခြားသူတစ်ဦး၏ ဝတ္တရားကို ဖျက်ဆီးနှောင့်ယှက်မှုပြုခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်ကာ ၎င်းအား ပြင်းထန်သော ခြိမ်းခြောက်မှုများကို ဖတ်ကြားပြသပြီး ပြစ်ဒဏ်ကိုလည်း သတ်မှတ်ပေးထားပေသည်။ မိမိ၏ အခွင့်အရေးကို နှောင့်ဆိုင်းကာ

ကိုယ်ချင်းစာတရားထားတတ်ခြင်းကိုလည်း ဆုံးမမှု ပြုထားပေသည်။ သို့ရာတွင် အတွေ့အကြုံက သက်သေသာကေပြသည်မှာ ဥပဒေကိုသာ ထောက်ရှု၍ မည်သည့်မျိုးနွယ်အုပ်စုတစ်အုပ်စုမျှ အသျှင်မြတ်အား ကြောက်ရွံ့မှုမပါဘဲ အလယ်အလတ်လမ်းစဉ်အပေါ်သို့ မရောက်ရှိနိုင်ပေ။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍရပ်များ၌ တရားတော်၏ ပညတ်ချက်များနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ် တစ်အုပ်လုံး၌ နေရာတိုင်းတွင် اِتَّقُوااللّٰهَ وَاخْشَوْا (အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်) အစရှိသော စကားလုံးများကို ပြည့်စုံစေသော အသွင်မျိုးဖြင့် တင်ပြထားပေသည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ အချင်းချင်းဆိုင်ရာ အမှုကိစ္စတို့သည်လည်း အနည်းနှင့်အများ မဆို အထက်တင်ပြပါ အမျိုးအစားကဲ့သို့ ဖြစ်ပေသည်။ ၎င်းတို့အချင်းချင်း ကြားရှိ တာဝန်ဝတ္တရားများကို ပြည့်ဝစွာ ဆောင်ရွက်ရန်အတွက် မည်သည့်ဥပဒေသတစ်ရပ်မှလည်း မလွှမ်းခြုံနိုင်သကဲ့သို့ မည်သည့် တရားဌာနတစ်ခုမျှလည်း ပြည့်ဝစွာမျှ သစ္စာနှင့်အတူ မဆုံးဖြတ်ပေးနိုင်ပေ။ ထို့ကြောင့် 'နေကာဟ်'၏ မိန့်ခွန်း၌ တမန်တော်မြတ် ﷺ သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်းရှိ 'သက္ကဝါ'တရား၊ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုနှင့် နောင် 'အာခေရသ်'နှင့် စပ်လျဉ်းသော အာယသ်တော်များကို ရွေးချယ်ကောက်နုတ်ကာ မိန့်ကြားတော်မူပေသည်။ ထိုအာယသ်တော်များသည်သာလျှင် စင်စစ်၌ ဇနီးမောင်နှံကြားထားရှိရမည့် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် အာမခံချက်ပေးနိုင်မည့် အာယသ်တော်များသာ ဖြစ်ပေသည်။

ဤထက်သာပို၍ အလ္လာဟ်အသျှင်မြတ် မိန့်မြွက်တော်မူထားသော အချက်တစ်ရပ်မှာ ဇနီးမောင်နှံဆိုင်ရာ ဝတ္တရားကို သာသနာရေးဆိုင်ရာ ဥပဒေသအသွင် မထားရှိဘဲ ဇီဝလောကရေးရာဆိုင်ရာအချက်အဖြစ် ထားရှိထားပေသည်။ အကြင်ကဲ့သို့ပင် မိဘနှစ်ပါးနှင့် သားသမီးတို့၏ ကြား၌ ထားရှိရမည့် ဝတ္တရားကိုလည်း ဤကဲ့သို့ပင် အမိန့်ရှိထားပေသည်။ အကြောင်းမှာ '၎င်းမိဘနှစ်ပါး၏ နှလုံးသားများအတွင်း၌ ဓလေ့သဘာဝအရ မိမိတို့၏ အသက်ဇီဝိန်ထက် သာပို၍ သားသမီးတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် အကြပ်ကိုင်ထားရှိခြင်းခံရခြင်း'ဟူသော မေတ္တာချစ်စိတ်ကို ထည့်သွင်းပေးသနားတော်မူသကဲ့သို့ သားသမီးတို့၏ နှလုံးသားများအတွင်း၌လည်း မိဘနှစ်ပါးနှင့် စပ်လျဉ်းသော သဘာဝချစ်စိတ်ကို ထားရှိထားပေသည်။ ဤကဲ့သို့သော အပြုအမူမျိုးကိုပင် ဇနီးမောင်နှံနှစ်ဦးနှင့် စပ်လျဉ်း၍ မိန့်တော်မူထားပေသည်။ ထိုအချက်အတွက် မိန့်တော်မူထားသည်မှာ-

جَعَلَ بَيْنَكُمْ مَّوَدَّةً وَّرَحْمَةً

၎င်းအပြင် ထိုအသျှင်မြတ်သည် အသင်တို့ စပ်ကြားဝယ် ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားကို လည်း စီမံပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ *[၃၀ : ၂၁]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဇနီးမောင်နှံနှစ်ဦး၏ ကြား၌ သာသနာ့တရား ဥပဒေရေးရာကိုသာမက ၎င်းမောင်နှံနှစ်ဦး၏ နှလုံးသားအတွင်း၌ ချစ်ခြင်းမေတ္တာနှင့် အကြင်နာတို့ကို ထည့်သွင်းပေး

ထားတော်မူပေသည်။ مَّوَدَّة 'မူဒ္ဒ'နှင့် 'မုဝပ်ဒ်ဒသူးန်' ၏ လုံးချင်းအဓိပ္ပာယ်သည် 'လိုလားနှစ်မြို့ခြင်း' ဟူ၍ ရ၏။ အကြင်အချက်၏ အချုပ်သဘောတရားရလဒ်မှာ ချစ်ခင်စုံမက်ခြင်းပင် ဖြစ်သွားပေသည်။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် စကားလုံးနှစ်လုံးကို ရွေးချယ်ကာ အမိန့်ရှိထားပေသည်။ တစ်လုံးမှာ 'မုဝဒ်ဒသ်' (ချစ်ခြင်းမေတ္တာ) နှင့် ဒုတိယတစ်လုံးမှာ 'ရဟ်မသ်'ဟူသော အကြင်နာတရားတို့ ဖြစ်ပေသည်။ 'မုဝဒ်ဒသ်' ဟူသော ချစ်ခြင်းမေတ္တာနှင့် စပ်လျဉ်းသော အချက်မှာ ဇနီးမောင်နှံနှစ်ဦးကြားဝယ် အပြန်အလှန် တစ်ဦးနှင့် တစ်ဦး ချစ်ခင်စုံမက်ခြင်းအပေါ် အကြပ်ကိုင်ထားစေသော ပျိုရွယ်သော သက်တမ်းနှင့် အိုမင်းရင့်ရော်လာသော အချိန်အခါဝယ် ဤအထက်ဖော်ပြပါ ချစ်စိတ်မာန်ကုန်ဆုံးသွားကာ အချင်းချင်းကြား အကြင်နာတရားထားရှိခြင်း ဓလေ့သဘာဝအဖြစ် ကျန်ရစ်သောအချိန်ကို ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ *[ကုရ်သုဗီး]*

ထို့နောက်

اِنَّ فِیۡ ذٰلِكَ لَاٰیٰتٍ لِّقَوۡمٍ یَّتَفَكَّرُوۡنَ

ဧကန်မလွဲ ဤသည်၌ စဉ်းစားဆင်ခြင် သုံးသပ်ကြကုန်သော သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိပေသည်။ *[၃၀ : ၂၁]*

ဤနေရာ၌ လက္ခဏာအချက်တစ်ရပ်ကိုသာ တင်ပြထားကာ နောက်ဆုံး၌ ထိုအချက်ကိုပင် လက္ခဏာများဟူ၍ မိန့်တော်မူထားပေသည်။ ယင်းသို့ မိန့်တော်မူထားရခြင်း၏ အကြောင်းမှာ တင်ပြထားတော်မူသော လက္ခဏာတစ်ရပ်ဖြစ်သည့် အိမ်ထောင်ရေးသက်တမ်းကို ရှုထောင့်အမျိုးမျိုးနှင့် ယင်းရှုထောင့်များမှ ရရှိလာသော လောကီရေးရာနှင့် သာသနာရေးဆိုင်ရာ အကျိုးအချက်များအပေါ် စမ်းစစ်ကြည့်ရှုမည်ဆိုလျှင် လက္ခဏာတော်တစ်ရပ်သာမဟုတ်ဘဲ များစွာသော လက္ခဏာများကို မြင်တွေ့နိုင်ပေသည်။

တတိယတန်ခိုးလက္ခဏာ

မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းခြင်း၊ လူမျိုးပေါင်းစုံ ဘာသာစကားနှင့် ပြောပုံဟန်ပန်ကွဲပြားခြင်းနှင့် အသားအရေ အရောင်ကွဲပြားခြင်းတို့ ဖြစ်ပေသည်။ အကြောင်းမှာ အချို့မှာ အဖြူရောင်၊ အချို့မှာ အနက်ရောင်ဖြစ်ပြီး အချို့မှာ နီကာ၊ အချို့မှာ အဝါရောင် ဖြစ်ကြပေသည်။ ထိုအာယသ်တော်အတွင်း၌ တန်ခိုးတော်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော လက်ရာတော်ဖြစ်နေကာ လူတန်းစားပေါင်းစုံ၏ ဘာသာစကား အကွဲကွဲအပြားပြား ဖြစ်နေခြင်းသည်လည်း တန်ခိုးတော်အသျှင်မြတ်၏ အံ့ဖွယ်ကောင်းမြတ်သော ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်တစ်ရပ်ပင် ဖြစ်ပေသည်။ ဘာသာစကားအမျိုးမျိုး ကွဲပြားရာ၌ အဘိဓါန်များကွဲပြားခြင်းသည်လည်း ပါဝင်ပေသည်။ အာရဗီ၊ ဖာရစီ၊ ဟင်ဒီ၊ တူရကီနှင့် အင်္ဂလိပ် အစရှိသော အမျိုးမျိုးသော ဘာသာစကားတို့သည် အရပ်ဌာနေအမျိုးမျိုးတို့၌ ပြန့်နှံ့နေပေသည်။ အချို့သော လူမျိုးတို့သည် တစ်ဦးနှင့် တစ်ဦး မိမိတို့အချင်းချင်းကြား၏ ဆက်နွယ်၊ ပတ်သက်မှုကိုပင် မသိရှိကြပေ။ ထို့နှတ်လျှာ၊

ဘာသာစကား ကွဲပြားခြင်း၌ ပြောဆိုနည်း၊ ပြောဆိုဟန် ကွဲပြားခြင်းတို့လည်း ပါဝင်ပေသည်။ အကြောင်းမှာ တန်ခိုးတော်အသျှင်မြတ်သည် မျိုးနွယ်လူသားအုပ်စု တစ်အုပ်စုအတွင်း၌ ရှိသော အမျိုးသား၊ အမျိုးသမီး၊ ကလေးနှင့် အဘိုးအိုတို့၏ အသံနေအသံထားကို အခြားမျိုးနွယ်အုပ်စုတစ်အုပ်စုနှင့် လုံးဝ သီးခြား၊ ကွဲပြားစွာ ဖန်ဆင်းထားပေသည်။ အနည်းနှင့်အများမဆို မတူညီသည့် အချက်တစ်ခုက်သည် မုချရှိနေပေသည်။ ကေန်အမှန် အသံထွက်ပေါ်စေသော ကိရိယာတန်ဆာပလာများဖြစ်သည့် နှုတ်လျှာ၊ နှုတ်ခမ်း၊ အာခေါင်နှင့် လည်ပင်းတို့သည် အားလုံးတို့၌ ဖက်စပ်အဖြစ် တစ်ပုံစံတည်း ပါဝင်နေပေသည်။

تَبَارَكَ اللّٰهُ اَحْسَنُ الْخَالِقِيْنَ

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ မြင့်မြတ်လှပါဘိသနည်း။ [၂၃ : ၁၄]

ဤကဲ့သို့ပင် အရောင်အသွေးခြားနားချက်သည်လည်း ရှိပေသည်။ အခြေအနေတစ်မျိုးတည်းဖြင့် တစ်မိတစ်ဖတည်းမှ မွေးဖွားလာသော ကလေးငယ်နှစ်ဦး၏ အရောင်အသွေးသည် ကွဲပြားနေပေသည်။ ဤသည် ဖန်ဆင်းတော်မူခြင်း၏ အတတ်ပညာရပ်၌ ပြီးပြည့်စုံတော်မူခြင်း၏ အချက်ဖြစ်ပေသည်။ ရှေ့၌ ဆက်လက်၍ ဘာသာစကားနှင့် ပြောနည်းပြောဟန် ကွဲပြားခြင်းအကြောင်း ဤကဲ့သို့ပင် အရောင်အသွေး ကွဲပြားခြင်းတို့၌ အဘယ်ကဲ့သို့သော အမြော်အမြင်တော်များ ဖုံးကွယ်နေပေသနည်း။ ထိုအချက်အား တင်ပြရန်မှာ အလွန်ရှည်လျားလှပေသည်။ များစွာသော အမြော်အမြင်တော်များကို သာမန်တွေးခေါ်မှုဖြင့် တွေးခေါ်မည်ဆိုလျှင်လည်း ခက်ခဲသော အချက်မဟုတ်ပေ။

ဤအထက်တင်ပြပါ တန်ခိုးတော်၏ အာယသ်တော်အတွင်း၌ မိုးကောင်းကင်မြေပထဝီ၊ အရောင်အသွေးနှင့် ဘာသာစကား ကွဲပြားခြင်းဟူသော အချက်များ တစ်ဖန် ယင်းအချက်တစ်ရပ်ချင်းစီ၏ ကွင်းဆက်သဘောတရားများလည်း ရှိပေသည်။ ယင်းတန်ခိုးတော်နှင့် အမြော်အမြင်လက္ခဏာတော်များသည် လေးနက်စွာ စဉ်းစားတွေးခေါ်ရန် မလိုအပ်သော ရှင်းလင်းလှစွာသည့် သက်သေတန်ခိုးတော် လက္ခဏာတော်များ ဖြစ်ပေသည်။ မျက်စိရှိသူတိုင်း ရှုမြင်သုံးသပ်နိုင်သော အရာများဖြစ်ပေသည်။ ထို့ကြောင့် အာယသ်တော်၏ အဆုံးပိုင်း၌ မိန့်တော်မူထားသည်မှာ

اِنَّ فِيْ ذَالِكَ لَاٰيٰتٍ لِّلْعَالَمِيْنَ

စင်စစ် ဤသည်၌ ပညာရှိသူခပ်သိမ်းတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိချေသည်ဟူ၍ ဖြစ်သည်။ [၃၀ : ၂၂]

စတုတ္ထတန်ခိုးတော် လက္ခဏာ

လူသားတို့သည် ညဥ့်အချိန်နှင့် နေ့အချိန်၌ အိပ်စက်ခြင်းဖြစ်ပေသည်။ ဤကဲ့သို့ပင် ၎င်းတို့အနေဖြင့် အိပ်စက်ခြင်းနှင့် ဝမ်းစာရှာဖွေခြင်းဖြစ်သည်။ ဤအာယသ်တော်အတွင်း၌ အိပ်စက်ခြင်းကို ညဥ့်အချိန်နှင့်

ဝမ်းစာရှာဖွေခြင်းကို နေ့နှင့် ညဉ့်အချိန် နှစ်ချိန်စလုံး၌ ပြုကျင့်သည်ဟူ၍ မိန့်တော်မူထားပေသည်။ အချို့သော အခြားသော အာယသ်တော်အတွင်း၌ အိပ်စက်ခြင်းကို ညဉ့်အချိန်နှင့် ဝမ်းစာရှာဖွေခြင်းကို နေ့အချိန်၌ သာလျှင် ပြုကြသည်ဟူ၍ မိန့်တော်မူထားပေသည်။ အထက်ဖော်ပြပါကဲ့သို့ တင်ပြထားရခြင်းအကြောင်းမှာ ညဉ့်အချိန်၌ မူရင်းပြုရမည့် အချက်သည် အိပ်စက်ရန်ဖြစ်၍ ဝမ်းစာရှာဖွေရေးကို အနည်းနှင့်အများမဆို လုပ်ကိုင်နိုင်ပေသည်။ နေ့အချိန်သည် ၎င်းအချက်နှင့် ပြောင်းပြန်မူရင်းအလုပ်သည် ဝမ်းစာရှာဖွေရန် ဖြစ်၍ အိပ်စက်အနားယူရန် အချိန်အချို့လည်း ရရှိနိုင်ပေသည်။ ထို့ကြောင့် အချက်နှစ်ချက်စလုံးသည် မိမိတို့၏ သက်ဆိုင်ရာနေရာများ၌ မှန်ကန်ပေသည်။ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသည့် ပညာရှင်ကြီးများသည် ဤအာယသ်တော်အတွင်း၌လည်း အိပ်စက်ခြင်းကို ညဉ့်အချိန်နှင့်အတူ ဝမ်းစာရှာဖွေခြင်းကို နေ့အချိန်နှင့် အတူ သွယ်ဝိုက်ကောက်ယူကာ အတူးပြုထားပေသည်။ သို့ရာတွင် ယင်းကဲ့သို့ ကောက်ယူရန် အကြောင်း တစ်စုံတစ်ရာမျှ မရှိပေ။

အိပ်စက်ခြင်းနှင့် ရှာဖွေခြင်းသည် 'ဒိုဟ်ဒ်' (လောကီရေးရာကို မခင်တွယ်ခြင်း) နှင့် 'သဝလ်ကွလ်' (အလ္လာဟ်အသျှင်မြတ်အား အပေါ်ယံ ယုံကြည်ကိုးစားခြင်း) နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသော အချက်မဟုတ်ခြင်းအကြောင်း

ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'အိပ်ချိန်၌ အိပ်စက်ရန်နှင့် နိုးကြားချိန်၌ ဝမ်းစာရှာဖွေရန်သည် လူသားတို့၏ ဓိဇသဘောတရားအဖြစ် ပြုထားကြောင်း' ကို အတည်ပြု၍ ရရှိပေသည်။ ယင်းအချက် နှစ်ချက်စလုံးအား ရယူခြင်းသည် လူ့ကျင့်ဝတ်ရေးဆိုင်ရာ အကြောင်းခံများနှင့် အရည်အချင်းများ ပြည့်စုံခြင်း၏ နောက်လိုက်အချက်များမဟုတ်ပေ။ စင်စစ် ဤအချက်နှစ်ရပ်စလုံးသည် သီးသန့် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော အချက်များ ဖြစ်ပေသည်။ ပမာဆိုရသော် 'အချို့သော အချိန်အခါမျိုး၌ အိပ်စက်အနားယူရန်အတွက် အကောင်းဆုံးသော ပစ္စည်းများကို စုဆောင်းထားကာ ရှိနေသည့် ကြားကတည်း ကပင် အိပ်မပျော်ခြင်း၊ အချို့သော အချိန်အခါမျိုးများ၌ အိပ်ဆေးများသည်ပင် အိပ်ပျော်စေရန်ကို မစွမ်းနိုင်တော့ပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိလိုလားတော်မူသော သူအား မြေကြီးအပေါ် နေပူရှိန်အတွင်း ဝယ် အိပ်စက်စေခြင်းကို ချီးမြှင့်ပေးသနားတော်မူနိုင်ကြောင်း' ကို နေ့နှင့် ညတို့၏ မြင်ကွင်းများဖြင့် ရှုမြင်တွေ့နိုင်ပေသည်။

ဝမ်းစာရှာဖွေခြင်း၏ အခြေအနေသည်လည်း ဤသို့ အထက်တင်ပြပါအတိုင်း ဖြစ်ပေသည်။ 'လူနှစ်ဦး သည် ကာယအား၊ ဉာဏအားနှင့် မနေအင်အားတို့သည် ပဏာမတစ်မျိုးတည်းပင် ဖြစ်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ရာ၌လည်း တူညီကာ ရှိနေပေသည်။ သို့ဆိုလျှင် တစ်ဦးသည် တိုးတက်အောင်မြင်၍ အခြား

တစ်ဦးသည် ကျန်ရစ်နေပေကြောင်း'ကို အစဉ်အမြဲ နေ့နှင့် ညဉ့်၌ မြင်တွေ့နေရပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောကကြီးကို အကြောင်းခံလောကအဖြစ် အလွန်ကြီးမားသော အမြော်အမြင်၊ အကျိုးတို့ဖြင့် ဖန်ဆင်းထားတော်မူပေသည်။ ထို့ကြောင့် ဝမ်းစာရှာဖွေခြင်းကို အကြောင်းခံ သဟဲပြု၍ ရှာဖွေခြင်းသည် အရေးကြီးပေသည်။ သို့ရာတွင် ဦးနှောက်အသိဉာဏ်၏ အလုပ်မှာ မူရင်းဖစ်မြစ်အချက်မှ မဝေးသွားရဘဲ အကြောင်းခံများကို အကြောင်းခံများဟူ၍သာ မှတ်ယူ၍ မူရင်းရိုဇီရိက္ခာ ပေးသနားတော်မူသော အသျှင်မြတ်မှာ အကြောင်းခံများကို ဖန်တီးတော်မူသော အသျှင်မြတ်ဟူ၍ မှတ်ယူရပေမည်။

ဤတန်ခိုးအာယသ်တော်၏ အဆုံးပိုင်း၌

اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يَّسۡمَعُوۡنَ

ဧကန်မလွဲ ဤသည်၌ ကြားနာသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသည်။ [၃၀ : ၂၃].

ထိုအာယသ်တော်အတွင်း၌ ကြားနာခြင်းကို မူတည်ထားခိုင်းခြင်း၏ အကြောင်းရင်းအချက်မှာ 'လူသားသည် အနည်းငယ်အနားယူရမည့် နေရာတွင် လှဲကာ အိပ်စက်ခြင်းသည် အလိုအလျောက် အိပ်ပျော်သွားသည်'ဟူ၍ မြင်တွေ့နိုင်သကဲ့သို့ ဝမ်းစာရှာဖွေခြင်းကိုလည်း ကြိုးပမ်းခြင်း၊ အားစိုက်ခြင်း အစရှိသော အချက်များအား မြင်တွေ့နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် တန်ခိုးတော်အသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်သည် အပေါ်ယံအရှုများမှ ဖုံးကွယ်၍ နေကာ အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ကို ယူဆောင်လာသော နဗီတမန်တော်များက ပြဆိုထားကြပေသည်။ ထို့ကြောင့် ဤတန်ခိုးသက်သေလက္ခဏာတော်များကို အာရုံစိုက် နားထောင်သော သူတို့အဖို့သာလျှင် အသုံးဝင်သည်ဟူ၍ မိန့်တော်မူထားခြင်းဖြစ်ပေသည်။ ဦးနှောက်အသိဉာဏ်အတွင်းသို့ ဝင်ရောက်လာသည်ဆိုလျှင် လက်ခံလိုက်၍ ဖွတ်ငြင်းဆိုမှုကို မပြုရန် ဖြစ်သည်။

ပဥ္စမတန်ခိုးသက်သေလက္ခဏာတော်

အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား လျှပ်ပြက်ခြင်း (လျှပ်စီး၏ အလင်းရောင်) ကို ပြသပေသည်။ အကြင်ကဲ့သို့ ပြသခြင်း၌ ယင်းလျှပ်စီးပစ်လိုက်ခြင်းနှင့် ဆုံးရှုံးမှုရှိစေရန် အချက်သည် ရှိကောင်းရှိတတ်ပေသည်။ ထို့နောက် ယင်းသို့ လျှပ်စီးလက်ခြင်း၏ နောက်၌ မိုးရွာလာချရန် မျှော်လင့်ချက်ရှိ၍ တစ်ဖန် မိုးကို ရွာသွန်းစေလိုက်ပေသည်။ ခြောက်သွေ့လျက်ရှိနေသော မြေပထဝီကို စိုစွတ်လန်းဆန်းအောင်ပြု၍ ထိုမြေကြီးအတွင်းမှပင် အမျိုးမျိုးသော အပင်နှင့် အသီးအပွင့်များကို ပေါက်ရောက်စေထားပေသည်။ ထိုအာယသ်တော်၏ နောက်ဆုံးပိုင်း၌

إِنَّ فِى ذَالِكَ لَاٰيٰتٍ لِّقَوۡمٍ يَّعۡقِلُوۡنَ

အမှန်စင်စစ် ဤသည်၌ သိနားလည်ကြသောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာတော်များ ရှိချေသည်။ [၃၀ : ၂၄]

အာယတ်ကြောင့်ဆိုသော် လျှပ်စီး၊ မိုးကြိုးနှင့် မိုးရွာသွန်းခြင်း၊ တစ်ဖန် ထိုမိုးကို အကြောင်းခံ၍ ရရှိလာသော ပေါက်ပင်၊ သစ်ပင်များနှင့် တစ်ဖန် ယင်းအပင်များမှ ဖူးပွင့်ဝေစာလျက် ရှိနေသော အဖူး၊ အပွင့်များသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှသာလျှင် ဖန်ဆင်းပေးထားတော်မူကြောင်းကို ဦးနှောက်၊ အသိဉာဏ် အမြော်အမြင်တို့ဖြင့်သာ သိနားလည်နိုင်ပေသည်။

ဆဋ္ဌမတန်ခိုးသက်သေလက္ခဏာတော်

မိုးကောင်းကင်နှင့် မြေပထဝီ၏ တည်တံ့နေမှုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်သာ ဖြစ်ပေါ် တည်ရှိနေပေသည်။ ဤလည်ပတ်မှု စက်ယန္တရားကြီးကို ပျက်သုဉ်းရန် အမိန့်ပေးလိုက်သော အခါ နှစ်ပေါင်း ထောင်ပေါင်းများစွာ ယို့ယွင်း ပျက်စီးမှု ကင်းမဲ့စွာဖြင့် လည်ပတ်တည်တံ့လျက် ရှိသော တောင်းတင်း ခိုင်မာကျစ်လစ်သော အရာများအားလုံးသည် တစ်ခဏတာလေးအတွင်းမှာပင် ပျက်စီးဆိတ်သုဉ်း သွားပေလိမ့်မည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်သာ ပျက်စီးသေကြေလျက်ရှိနေသော အရာများသည် ဒုတိယကြိမ် ပြန်လည်ရှင်ပြန်ထကာ 'ဟရှရ်' ကွင်းပြင်သို့ ပြန်လည် စုရုံးရောက်ရှိလာကြ ပေလိမ့်မည်။

ဤဆဋ္ဌမတန်ခိုးတော်မှာ စင်စစ် ပထမအာယသ်တော်များအားလုံး၏ ရလဒ်၊ ရည်ရွယ်ချက်ပင် ဖြစ်သည်။ ထိုအချက်ကို သိမြင်သဘောပေါက်နားလည်စေရန်အတွက် ဤအာယသ်တော်၏ အလျင် ၅ အာယသ်တော်ကို တင်ပြထားခြင်း ဖြစ်ပေသည်။ ထို့နောက် များစွာသော အာယသ်တော်များထိတိုင် ထိုအကြောင်းအရာကိုသာ တင်ပြထားပေသည်။

لَهُ الۡمَثَلُ الۡاَعۡلٰى

ထိုအသျှင်မြတ်၌သာလျှင် ထူးကဲမြင့်မြတ်လှစွာသော ဝိသေသဂုဏ်ထူးရှိပေသည်။ [၃၀ : ၂၇]

ဤအာယသ်တော်အတွင်း၌ ပါရှိသော مَثَلٌ ဟူသော စကားလုံး၌ 'မီးမ်'အက္ခရာနှင့် 'ဓာ'အက္ခရာ နှစ်လုံးအပေါ်တွင် 'ဇဗရ်'ရှိကာ 'အရာတစ်ခုသည် အခြားအရာတစ်ခုနှင့် ထပ်တူထပ်မျှ အလိုသဘောမျိုး မဟုတ်ဘဲ အနည်းငယ် ဆင်တူယိုးမှား ရှိခြင်း' ၏ အနက်အဓိပ္ပာယ်ကို ဟော၏။ ထို့ကြောင့် အလ္လာဟ်

အသျှင်မြတ်အတွက် 'မစ်လ်'ဟူသော ဆင်တူဖြစ်ခြင်းအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာ၌ လာရှိထားပေသည်။ တစ်နေရာသည် ယခု တင်ပြသော နေရာ၌ဖြစ်ပြီး အခြားသော တစ်နေရာ၌

مَثَلُ نُورِهِ كَمِشْكَاةٍ

နံရံအတွင်းရှိ အကြင်လိုဏ်ဂူခေါင်း၌ ရှိနေသော ဆီမီးခွက်နှင့် အလားတူ၏။ *[၂၄ : ၃၅]*

သို့ရာတွင် مَثَلٌ (အလားတူဖြစ်ခြင်း) နှင့် مِثَالٌ (တူညီခြင်း) ဖြစ်ခြင်းတို့မှ အလ္လာဟ်အသျှင်မြတ်၏ 'ဇာတ်' (ပင်ကိုယ်တော်) သည် သန့်ရှင်းစင်ကြယ်၍ မဖြစ်နိုင်ခြင်းဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ضَرَبَ لَكُم مَّثَلًا مِّنْ أَنفُسِكُمْ ۖ هَل لَّكُم مِّن مَّا مَلَكَتْ أَيْمَانُكُم
مِّن شُرَكَاءَ فِي مَا رَزَقْنَاكُمْ فَأَنتُمْ فِيهِ سَوَاءٌ تَخَافُونَهُمْ
كَخِيفَتِكُمْ أَنفُسَكُمْ ۚ كَذَٰلِكَ نُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْقِلُونَ ﴿٢٨﴾

၃၀ : ၂၈ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့၏ ဖြစ်ရပ်များမှပင် အသင်တို့အဖို့ ဥပမာ ပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းတော်မူ၏။ အသင်တို့၌ မိမိတို့၏ ကျွန်များအနက်မှ အသင်တို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သော (စားနပ်ရိက္ခာ) ဥစ္စာပစ္စည်းများတွင် ဖက်စပ်ပါဝင်သူများ ရှိကြပြီး၊ အသင်တို့သည် ယင်းဥစ္စာပစ္စည်းများတွင် ညီတူညီမျှ ဖြစ်ကြသည် ရှိသလော။ (၄င်းပြင်) အသင်တို့သည် မိမိတို့အချင်းချင်း (မိမိတို့နှင့် ဂုဏ်ရည်တူသူ) နှင့်ပတ်သက်၍ စိုးရိမ်ကြဘိ သကဲ့သို့ပင်၊ ၄င်းတို့နှင့်ပတ်သက်၍လည်း စိုးရိမ်ကြသည် (ဟူ၍ ရှိပါသလော။) ငါအသျှင်မြတ်သည် အသိဉာဏ်ရှိသူတို့အဖို့ ဤနည်းအတိုင်းပင် သက်သေသာဓက အထောက်အထားများကို ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူ၏။

بَلِ اتَّبَعَ الَّذِينَ ظَلَمُوا أَهْوَاءَهُم بِغَيْرِ عِلْمٍ ۖ فَمَن يَهْدِي
مَنْ أَضَلَّ اللَّهُ ۖ وَمَا لَهُم مِّن نَّاصِرِينَ ﴿٢٩﴾

၃၀ : ၂၉ ။ ။ သို့ပါလျက် မတရားကျူးလွန်သော သူတို့မှာမူ (အသိဉာဏ်) သက်သေအထောက်အထား မရှိပါဘဲလျက်၊ မိမိတို့၏ စိတ်အလိုဆန္ဒများကိုသာ လိုက်နာလိုက်စားခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်က လမ်းမှားစေတော်မူခဲ့သော သူအား တရားလမ်းမှန်ကို မည်သူသည် ညွှန်ကြားပြသနိုင်မည်နည်း။ ထို့ပြင် ၄င်းတို့၌ ရိုင်းပင်းကူညီသူများဟူ၍လည်း (တစ်ဦးတစ်ယောက်မျှပင်) ရှိလိမ့်မည်မဟုတ်ပေ။

فَأَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا ۚ فِطْرَتَ اللَّهِ الَّتِي فَطَرَ النَّاسَ عَلَيْهَا ۚ لَا
تَبْدِيلَ لِخَلْقِ اللَّهِ ۚ ذَٰلِكَ الدِّينُ الْقَيِّمُ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٣٠﴾

၃၀ : ၃၀ ။ ။ သို့ဖြစ်ပေရာ အသင် (လူသား) သည် လူသားတို့အား၊ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သော ဟုတ်မှန်သည့် သဘာဝတရားတော်နှင့်အညီ မိမိတို့၏ မျက်နှာကို (မှန်ကန်သော) ဤဒီးန်သာသနာအပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခန့်တည်တံ့စွာ ထားရှိပါလေ။ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှုမျှပင် အလျှဉ်း မရှိပြီ။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော ဒီးန်သာသနာတော် ဖြစ်၏။ သို့တစေလည်း မြောက်မြားစွာသော သူတို့သည် မသိနားမလည်ကြပေ။

مُنِيبِينَ إِلَيْهِ وَاتَّقُوهُ وَأَقِيمُوا الصَّلَاةَ وَلَا تَكُونُوا مِنَ الْمُشْرِكِينَ ﴿٣١﴾

၃၀ : ၃၁ ။ ။ ထိုအသျှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်လာကြသူများအဖြစ် (အစ္စလာမ်၏ ဟုတ်မှန်သော သဘာဝတရားတော်ကို နာယူကျင့်မူကြကုန်။) ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်အား ကြောက်ရွံ့ရိုသေ ခံညားကြလေကုန်။ ထို့ပြင် အသင်တို့သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် 'မုရှ်ရစ်က်' တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသူတို့အနက်မှ မဖြစ်ကြကုန်လင့်။

مِنَ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا ۖ كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ ﴿٣٢﴾

၃၀ : ၃၂ ။ ။ အကြင် (မုရှ်ရစ်က်) တို့အနက်မှ ထိုသူတို့သည် မိမိတို့၏ ဒီးန်သာသနာကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခဲ့ကြပြီးလျှင်၊ ဂိုဏ်းဃဏအမျိုးမျိုး ဖြစ်သွားခဲ့ကြကုန်၏။ (၎င်းတို့အနက်) ဂိုဏ်းဃဏအသီးသီးတို့သည် မိမိတို့၌ ရှိသော (ဝါဒလမ်းစဉ်များ) နှင့်ပင် ကျေနပ်ဝမ်းမြောက် မွေ့လျော်လျက် ရှိနေကြပေသည်။

وَإِذَا مَسَّ النَّاسَ ضُرٌّ دَعَوْا رَبَّهُمْ مُنِيبِينَ إِلَيْهِ ثُمَّ إِذَا
أَذَاقَهُمْ مِنْهُ رَحْمَةً إِذَا فَرِيقٌ مِنْهُمْ بِرَبِّهِمْ يُشْرِكُونَ ﴿٣٣﴾

၃၀ : ၃၃ ။ ။ စင်စစ် လူတို့၌ ဘေးဥပါဒ်တစ်စုံတစ်ရာ သက်ရောက်လာသောအခါ၊ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ကြလျက်၊ ထိုအသျှင်မြတ်အား ဟစ်ခေါ်တသကြကုန်၏။ ထို့နောက် ထိုအသျှင် မြတ်သည် ၎င်းတို့အား မိမိ၏ ထံတော်မှ ကရုဏာ (ကျေးဇူး) တော်၏ အရသာကို အနည်းငယ်မျှပင် မြည်းစမ်းစေတော်မူ သောအခါ ၎င်းတို့အနက် လူတစ်စုသည် မဆိုးမတွ ရုတ်တရက် ချက်ချင်းပင် (အခြားအရာများကို) မိမိတို့အား ဖန်ဆင်း မွေးမြူ တော်မူသော အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြလေ၏။

لِيَكْفُرُوا بِمَا آتَيْنَاهُمْ ۚ فَتَمَتَّعُوا فَسَوْفَ تَعْلَمُونَ ﴿٣٤﴾

၃၀ : ၃၄ ။ ။ ထိုသူတို့သည် ငါအသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များကို ငြင်းပယ်ကျေးဇူးကန်းကြရန်အလို့ငှာ (တွဲဖက်ကိုးကွယ်မှုကို ပြုလုပ်ကြကုန်၏။) သို့ဖြစ်ပေရာ အသင်တို့သည် (အခိုက်အတန့်အားဖြင့်) အကျိုးကျေးဇူး ခံစားကြလေကုန်။ ထို့နောက် မကြာမီပင် အသင်တို့သည် သိရှိကြရပေမည်။

أَمْ أَنزَلْنَا عَلَيْهِمْ سُلْطَانًا فَهُوَ يَتَكَلَّمُ بِمَا كَانُوا بِهِ يُشْرِكُونَ ﴿٣٥﴾

၃၀ : ၃၅ ။ ။ မည်သို့ပါနည်း။ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ သက်သေအထောက်အထား တစ်စုံတစ်ရာကို ချပေးတော်မူခဲ့၍ ယင်းသက်သေအထောက်အထားက ပြောဆိုသောကြောင့် ၎င်းတို့သည် (ယင်းကဲ့သို့) တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြလေသလော။

وَإِذَا أَذَقْنَا النَّاسَ رَحْمَةً فَرِحُوا
بِهَا ۖ وَإِن تُصِبْهُمْ سَيِّئَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ إِذَا هُمْ يَقْنَطُونَ ﴿٣٦﴾

၃၀ : ၃၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် လူတို့အား ကရုဏာ (ကျေးဇူး) တော်၏ အရသာကို အနည်းငယ်မျှပင် မြည်းစမ်းစေတော်မူသောအခါ၊ ၎င်းတို့က ယင်းကရုဏာ (ကျေးဇူး) တော်နှင့် စပ်လျဉ်း၍ ဝမ်းမြောက်ပျော်ရွှင်လေ့ ရှိကြကုန်၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၏ လက်များက ကြိုတင်ပို့နှင့်ခဲ့ကြသော (ပြစ်မှုဒုစရိုက်) အပြုအမူများကြောင့် ၎င်းတို့၌ ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်သည်ရှိသော်၊ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် မျှော်လင့်ချက် ကင်းမဲ့၍ သွားကြလေ၏။

أَوَلَمْ يَرَوْا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّ فِي
ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٣٧﴾

၃၀ : ၃၇ ။ ။ စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို ကျယ်ပြန့်စွာ ချီးမြှင့်ပေးသနားတော်မူ၍ (မိမိအလိုရှိတော်မူသော သူအား ထိုစားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူသည်ကို ၎င်းသူတို့သည် မမြင်ခဲ့ကြလေသလော။ စင်စစ်မုချ ဤသည်၌ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ (များစွာသော) သက်သေလက္ခဏာများသည် ရှိချေသည်။

فَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَ
الْمِسْكِيْنَ وَابْنَ السَّبِيْلِ ؕ ذٰلِكَ خَيْرٌ لِّلَّذِيْنَ يُرِيْدُوْنَ وَجْهَ
اللّٰهِ ۫ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿۳۸﴾

၃၀ : ၃၈ ။ ။ သို့ဖြစ်ပေရာ အသင်သည် သွေးရင်းသားရင်းတို့၏ အခွင့်အရေးကို ပေးဆောင်လော့။ ထို့ပြင် သူဆင်းရဲအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း (ပေးကမ်းလှူဒါန်းပါလေ။) ဤသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလားကြကုန်သော သူတို့အဖို့ အကောင်းဆုံး (သော နည်းလမ်း) ပင် ဖြစ်၏။ စင်စစ် ယင်းကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်မှု ရရှိကြမည့်သူများ ဖြစ်ကြကုန်၏။

وَمَآ اٰتَيْتُمْ مِّنْ رِّبًا لِّيَرْبُوَا۠
فِيْٓ اَمْوَالِ النَّاسِ فَلَا يَرْبُوْا عِنْدَ اللّٰهِ ۚ وَمَآ اٰتَيْتُمْ مِّنْ زَكٰوةٍ
تُرِيْدُوْنَ وَجْهَ اللّٰهِ فَاُولٰٓئِكَ هُمُ الْمُضْعِفُوْنَ ﴿۳۹﴾

၃၀ : ၃၉ ။ ။ စင်စစ် အသင်တို့သည် သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများတွင် (ရောစပ်ပါဝင်၍) တိုးပွားပြီးလျှင် အသင်တို့ထံ ရောက်လာရန် ပေးခဲ့သော လက်ဆောင်ပစ္စည်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် တိုးပွားသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလား၍ 'ဇကားသ်' အလှူဒါနကို ပေးကမ်းကြပါမူ ယင်းကဲ့သို့ (ပေးကမ်းအလှူဒါနပြုကြ) သော သူတို့သည်သာလျှင် (မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်ထံတော်၌) တိုးပွားစေကြသူများ ဖြစ်ကြကုန်၏။

اَللّٰهُ الَّذِيْ خَلَقَكُمْ ثُمَّ رَزَقَكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ؕ هَلْ مِنْ
شُرَكَآئِكُمْ مَّنْ يَّفْعَلُ مِنْ ذٰلِكُمْ مِّنْ شَيْءٍ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿۴۰﴾

၃၀ : ၄၀ ။ ။ အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား သေစေတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ရှင်စေတော်မူမည်။ (အသင်တို့ ထိုအသျှင်မြတ်နှင့် နှိုင်းယှဉ်ကိုးကွယ်လျက် ရှိကြကုန်သော) အသင်တို့၏ တွဲဖက်များတွင် ဤသည်တို့အနက် မည်သည့်တစ်စုံတစ်ရာကိုမဆို ပြုစွမ်းနိုင်သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိလေသလော။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသည်များမှ (လွန်စွာ) သန့်ရှင်းစင်ကြယ်တော်မူသည့်အပြင် (လွန်စွာ) မြင့်မြတ်လှတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည် ('ရှရစ်က်' တုဖက်နှိုင်းယှဉ်ခြင်းကို ရှုတ်ချမှားယွင်းဖွယ် ဖြစ်ကြောင်းကို အတည်ပြုရန်အတွက်) အသင်တို့၏ ဖြစ်ရပ်များမှပင် အသင်တို့အဖို့ ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းတော်မူ၏။ (ယင်းအချက်ကို သေချာကျနစွာ စဉ်းစားတွေးခေါ်ကြကုန်။) အသင်တို့၌ မိမိတို့၏ ကျွန်များ အနက်မှ အသင်တို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သော (စားနပ်ရိက္ခာ) ဥစ္စာပစ္စည်းများ တွင် ဖက်စပ်ပါဝင်သူများ ရှိကြပြီး အသင်တို့သည် ယင်းဥစ္စာပစ္စည်းများတွင် (ရွေးချယ်၊ ချယ်လှယ်ခွင့် များကို ထောက်ရှု၍) ညီတူညီမျှ ဖြစ်ကြသည်ရှိသလော။ (၎င်းပြင်) အသင်တို့သည် (သုံးစွဲမှုများကို ပြုသော အချိန်၌) မိမိတို့အချင်းချင်း၏ (မိမိတို့နှင့် ဂုဏ်ရည်တူသူ၊ ဖက်စပ်ပါဝင်သူ၊ လွတ်လပ်သူ၊ ပင်ကိုယ်ရွေးချယ်ပိုင်ခွင့်ရှိသူ) နှင့် ပတ်သက်၍ စိုးရိမ်ကြဘိသကဲ့သို့ပင် ၎င်းတို့နှင့် ပတ်သက်၍ စိုးရိမ်ကြသည်။ (ဟူ၍ ရှိ၏လော။ ၎င်းတို့ထံမှ ခွင့်တောင်းခံကာ သုံးစွဲမှုများကို ပြုကြပါလော။ သို့တည်းမဟုတ် အနိမ့်ဆုံးအဆင့်အနေဖြင့် ဆန့်ကျင်မှု၏ ပူပန်မှုသာလျှင် ၎င်းတို့ထံ ကျန်ရှိနေပေသည်။ 'ကျွန်သည် ဤသို့ ဖက်စပ်ပါဝင်လျက်မရှိကြောင်း' မှာ ထင်ရှားလှပေသည်။ အမှန်စင်စစ် အသင်၏ ကျွန်သည် အသင်နှင့် တူကာ အသင့်ကဲ့သို့ပင် ဖြစ်ပေသည်။ အသင်သည် ငွေကြေးနေ၍ ပိုင်ရှင်ဖြစ်၍ ၎င်းက မဖြစ်ကြောင်း ဟူ၍သာ ကွဲပြားချက်ရှိပေသည်။ ထိုအချက်များတည်ရှိနေသည့် ကြားကတည်းကပင် ၎င်းသည် အသင်၏ သီးသန့် ပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေး၌ အသင်နှင့် တန်းတူဖက်စပ်မဖြစ်နိုင်ပေရာ အသင်တို့ ခံဝန်ကတိပြုထားသော၊ လက်ခံထားသော မှားယွင်းသည့် ခဝပ်ခြင်းခံထိုက်သော အရာများသည် အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်၊ နှိုင်းစာ၍ပင် မရှိနိုင်ပေ။ သို့သာမက ၎င်းတို့ထဲမှ အချို့သော အရာများသည်မူ အလ္လာဟ် အသျှင်မြတ် ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများ ဖြစ်ပေသည်။ ဤမှားယွင်းသော ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အရာများသည် 'ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်ခြင်း' ဟူသော အလ္လာဟ်အသျှင်မြတ်၏ သီးသန့် ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေး၌ မည်သို့ ယင်းအသျှင်မြတ်နှင့် ဖက်စပ်တန်းတူ ဖြစ်နိုင်ပေမည်နည်း။ ငါအသျှင်မြတ်သည် အကြင်ကဲ့သို့ ရှရစ်က်သည် မှားယွင်းကြောင်းကို ပြည့်ဝသော အထောက်အထားဖြင့် တင်ပြထားသကဲ့သို့) ငါအသျှင်မြတ်သည် အသိဉာဏ်ရှိသူတို့အဖို့ ဤနည်းအတိုင်းပင် သက်သေသာဓက အထောက်အထားများကို ရှင်းလင်းထင်ရှားစွာ ထုတ်ဖော် မိန့်ကြားတော်မူ၏။ (တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့သည် အမှန်တရားကို နောက်လိုက်သမှုပြု၍ ရွေးချယ်ကာ 'ရှရစ်က်' ကို စွန့်လွှတ်လိုက်ရပေမည်။ သို့ရာတွင် ၎င်းတို့သည် အမှန်တရား၏ နောက်သို့ မလိုက်ကြပေ။)

သို့ပါလျက် မတရားကျူးလွန်သော သူတို့မှာမူ (အသိဉာဏ်) သက်သေ (မှန်ကန်သော) အထောက်အထားမရှိပါဘဲလျက် မိမိတို့၏ (မှားယွင်းသော) စိတ်အလိုဆန္ဒများကိုသာ လိုက်နာလိုက်စားခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (၎င်းတို့၏ ဖွတ်တရွတ် မိုက်ကန်းမှု၊ ရန်ငြိုးထားမှုနှင့် မှားယွင်းချက်အပေါ် တစ်စိုက်မတ်မတ်

တည်ရှိနေခြင်းကြောင့်) အလ္လာဟ်အသျှင်မြတ်က (ပင်လျှင်) လမ်းမှားစေတော်မူခဲ့သောသူအား တရားလမ်းမှန်ကို မည်သူသည် ညွှန်ကြားပြသနိုင်ပေမည်နည်း။ (၎င်းတို့သည် ချွင်းချက်ရှိနေသောသူများ ဖြစ်သည်ဟူသော အလိုသဘောမျိုး မဟုတ်ပေ။ သို့သာမက တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုပေးခြင်းပင် ဖြစ်ပေသည်။ 'အသင် သောကမဝေဖြာလေနှင့်။ အသင်ပြုကျင့်ရမည့် ဝတ္တရားကို ပြုခဲ့ပြီးဖြစ်သည်။' ထိုလမ်းမှားသော သူများကို ပြစ်ဒဏ်ပေးရန် အချိန်ဆိုက်ရောက်လာသောအခါ) ထို့ပြင် ၎င်းတို့၌ ရိုင်းပင်းကူညီသူများဟူ၍လည်း (တစ်ဦးတစ်ယောက်မျှပင်) ရှိလိမ့်မည်မဟုတ်ပေ။

(အပေါ်၌ တင်ပြခဲ့သော စာစဉ်အကြောင်းအရာမှ တစ်ပါးတည်း တည်ရှိခြင်း၏ 'သောင်ဟီးဒ်' တရား ရှင်းလင်းသွားသောအခါဝယ် ကြားနာသူအတွင်းတို့မှ တစ်ဦးချင်းစီအား မြွက်ကြားခြင်း ခံရမည့် အချက်မှာ) သို့ဖြစ်ပေရာ အသင် (လူသား) သည် လူသားတို့ (အားလုံး) အား (မှားယွင်းသော သာသနာများအားလုံးမှ) အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သော ဟုတ်မှန်သည့် သဘာဝတရားတော်နှင့်အညီ မိမိတို့၏ မျက်နှာကို (မှန်ကန်သော) ဤဒီးန်သာသနာအပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခန့်တည်တံ့စွာထားရှိပါလေ။ (ယင်းသို့ ခိုင်ခန့်တည်တံ့စွာ ရှိနေစေရန် လူသားတို့အား ဖန်ဆင်းထားပေသည်။ 'အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှု (ဖသ္ဖ်ရသုလ်လ္လာဟ်) ၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်း၌ ဖန်ဆင်းခြင်းခံရခြင်း၏ ဓလေ့သဘာဝအရ အမှန်တရားကို ကြားနာသဘောပေါက်ရန် လိုလားသည်ဆိုလျှင် သဘောပေါက်နိုင်စွမ်း ရှိခြင်း'၏ အရည်အချင်းကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ထိုအချက်အား နောက်လိုက်သမှုပြုရန် အလိုသဘောသည် ယင်းကဲ့သို့ ပေးထားသော အရည်အချင်းကို အသုံးချပြုရန် ဖြစ်ပေသည်။ ယင်းအရည်အချင်း၏ လိုလားချက်အပေါ် ကျင့်ဆောက်တည်ရန် ဖြစ်သည်'ဟူ၍ ဖြစ်သည်။ ထိုသဘာဝအရ ချီးမြှင့်ဖန်ဆင်းခြင်ခံရသော အကြောင်း သဘောတရားအား နောက်လိုက်သမှုပြုရန် ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှုမျှပင် အလျဉ်းမရှိပြီ။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော ဒီးန်သာသနာတော် (၏ လမ်းစဉ်) ပင် ဖြစ်၏။ သို့စေကြားလည်း မြောက်မြားစွာသော သူတို့သည် ထိုအချက်ကို မစဉ်းစား သုံးသပ်ခြင်းကြောင့်) မသိနားမလည်ကြပေ။ (ထို့ကြောင့် ယင်းအချက်အား နောက်လိုက်သမှု မပြုကြပေ။)

(အချုပ်မှာ) ထိုအသျှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြသူများအဖြစ် (အစ္စလာမ်၏ ဟုတ်မှန်သော သဘာဝတရားတော်ကို နာယူကျင့်မူကြကုန်။) ထို့ပြင် (ယင်းသာသနာအား ဆန့်ခြင်းနှင့် ဆန့်ကျင်မှုပြုခြင်းကြောင့် ကျခံရမည့် ပြစ်ဒဏ်ကို ကြောက်ရွံ့ကြကုန်)။ အသင်တို့သည် ထိုအသျှင်မြတ်အား ကြောက်ရွံ့ရိုသေခဲ့ညားကြလေကုန်။ ထို့ပြင် အသင်တို့သည် (အစ္စလာမ်သာသနာကို လက်ခံ၍) 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ (အကြင်ကဲ့သို့ ဆောက်တည်ခြင်းသည် 'သောင်ဟီးဒ်'ဟူသော တစ်ပါးတည်း တည်ရှိခြင်းတရားကို ယုံကြည်လက်ခံခြင်း၏ လက်တွေ့ကျကျ ပြသသော လုပ်ရပ်ဖြစ်ပေသည်။) ထို့ပြင်

အသင်တို့သည် မုရှ်ရစ်က်တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြသူတို့အနက်မှ မဖြစ်ကြကုန်လင့်။

အကြင် (မုရှ်ရစ်က်) တို့အနက်မှ ထိုသူတို့သည် မိမိတို့၏ ဒီးန်သာသနာကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခဲ့ကြပြီးလျှင် (ဆိုလိုသည်မှာ မှန်ကန်သော သာသနာသည် တစ်ရပ်တည်းရှိ၍ မှားယွင်းသော သာသနာရပ်များသည် များစွာ ရှိပေသည်။ ၎င်းတို့သည် မှန်ကန်သော သာသနာကို စွန့်လွှတ်၍ မှားယွင်းသော လမ်းစဉ်အမျိုးမျိုး၏ နောက်သို့ လိုက်ကာ ရွေးချယ်ကြကုန်၏။ ဤသည် အစိတ်စိတ်အပိုင်းပိုင်း ပြုခြင်း ဖြစ်၏။ တစ်ဦးသည် လမ်းစဉ်တစ်ရပ်ကို ရွေး၍ အခြားတစ်ဦးသည် အခြားလမ်းစဉ်တစ်ရပ်ကို ရွေးချယ် လိုက်ပေသည်။) ဂိုဏ်းဃဏအမျိုးမျိုး ဖြစ်သွားခဲ့ကြကုန်၏။ (အကယ်၍ အမှန်တရား သာသနာအပေါ်၌ တည်ရှိမည်ဆိုလျှင် ဂိုဏ်တစ်ဂိုဏ်းသားများသာ ဖြစ်ကြပေမည်။ အမှန်တရားကို စွန့်လွှတ်သော သူများ အတွင်း၌ အားလုံးသော သူတို့၏ လမ်းစဉ်သည် မှားယွင်းနေသည့် ကြားကတည်းကပင် သို့စေကြားလည်း အဆုံးစွန်သော မသိမိုက်မဲမှုကြောင့် ၎င်းတို့အတွင်းဝယ်) ဂိုဏ်ဃဏ အသီးသီးတို့သည် မိမိတို့၌ရှိသော (ဝါဒလမ်းစဉ်များ) နှင့်ပင် ကျေနပ် ဝမ်းမြောက်မွေ့လျော်လျက် ရှိနေကြပေသည်။

စင်စစ် (အကြင် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်သို့ ကျွန်ုပ်တို့အား ဖိတ်ခေါ်နေပေသည်။ ထိုတရားအား ငြင်းဆို၊ ဆန့်ကျင်နေကြသည့် ကြားကတည်းကပင် အကျပ်ရိုက်လာ သော အချိန်၌ များသောအားဖြင့် လူတို့၏ အပြောအဆိုနှင့် အခြေအနေသည် ထိုသို့ တစ်ပါးတည်း တည်ရှိ ခြင်း၏ တရားကို ထုတ်ဖော်ဖွင့်ဆိုကြပေသည်။ အကြင်ကဲ့သို့သော အခြေအနေများရှိခြင်းကြောင့် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း တရား၏ အခြေခံမူဝါလမ်းစဉ် အကြောင်းတရားသည် သဘာဝ တရားဖြစ်ခြင်းအားလည်း အထူးပြုနေပေသည်။ သို့ရှိရာ မြင်တွေ့နေရသည့် အချက်မှာ) လူတို့၌ ဘေးဥပါဒ် တစ်စုံတစ်ရာ သက်ရောက်လာသောအခါ (နေမထိ ထိုင်မသာဖြစ်ကာ) ၎င်းတို့သည် မိမိတို့အား (အမှန် တကယ်) မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဘက်တော်သို့ ပြန်လှည့်ကြလျက် (အားလုံးသော မှားယွင်းသည့် ကိုးကွယ်ရာများကို စွန့်လွှတ်ကာ) ထိုအသျှင်မြတ်အား ဟစ်ခေါ်တသကြကုန်၏။ (သို့ရာ တွင်) ထို့နောက် (များမကြာမီ ၎င်းတို့ ဖြစ်သွားသည့် အခြေအနေမှာ) ထိုအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ ထံတော်မှ ကရုဏာ (ကျေးဇူး) တော်၏ အရသာကို အနည်းငယ်မျှပင် မြည်းစမ်းစေတော်မူသောအခါ ၎င်းတို့အနက် လူတစ်စုသည် မဆိုင်းမတွ ရုတ်တရက်ချက်ချင်းပင် (တစ်ဖန် အခြားအရာများကို) မိမိတို့ အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြလေ၏။

ထိုသူတို့သည် ငါအသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော (အကြင်စည်းစိမ် ရတနာ) ကျေးဇူးတော်များကို ငြင်းပယ်ကျေးဇူးကန်းရန်အလို့ငှာ (တွဲဖက်ကိုးကွယ်မှုကို ပြုလုပ်ကြကုန်၏။ အကြင်အချက်သည် ဦးနှောက်အသိဉာဏ်ကို ထောက်ရှု၍လည်း ဆိုးရွားသော အချက်ပင်ဖြစ်ပေသည်။)

သို့ဖြစ်ပေရာ အသင်တို့သည် (အခိုက်အတန့်အားဖြင့်) အကျိုးကျေးဇူး ခံစားကြလေကုန်။ ထို့နောက် မကြာမီပင် အသင်တို့သည် (အခြေအနေအစစ်အမှန်ကို) သိရှိကြရပေမည်။

(အကြင်သူတို့သည် 'ရှရစ်က်'တုဖက်နိူင်းယှဉ်ခဝပ်မှုကို ပြုကြပေသည်။ အထူးသဖြင့် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရားကို ဖွင့်ဟဝန်ခံပြီးနောက်ဖြစ်မူ တစ်ဦးတစ်ယောက်က ဤသို့ဖြစ်ရခြင်း အကြောင်းတရားသည် မည်ကဲ့သို့နည်းဟူ၍ မေးမြန်းလာပါမူ) မည်သို့ပါနည်း။ ငါအသျှင်မြတ်သည် ၎င်းတို့ အပေါ်၌ သက်သေအထောက်အထား၊ ကျမ်းမြတ်) တစ်စုံတစ်ရာကို ချပေးတော်မူခဲ့၍ ယင်းသက်သေ အထောက်အထားက ပြောဆိုသောကြောင့် ၎င်းတို့သည် (ယင်းကဲ့သို့) တွဲဖက်နိူင်းယှဉ်ကိုးကွယ်ကြလေ သလော။ (ဆိုလိုသည်မှာ ၎င်းတို့၏ထံ၌ ဆင့်ကဲ ပညာရပ်တစ်စုံတစ်ရာသည် အထောက်အထားဖြင့်လည်း မရှိပေ။ လမ်းမှန်တရားအား လိုလားချက်ဖြစ်ခြင်းသည်လည်း ဦးနှောက်အသိဉာဏ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေကြောင်း ၎င်းတို့ကိုယ်တိုင် အကျပ်ရိုက်လျက်ရှိနေသော အချိန်၌ ဖော်ထုတ်ပြောပြခဲ့လေပြီ၊ သို့ရှိရာ အစမှအဆုံးထိတိုင် မှားယွင်းနေပေသည်။)

ထို့ပြင် (ရှေ့၌ တင်ပြလျက်ရှိသော အချက်သည် အထက်၌ တင်ပြပြီးဖြစ်သော အချက်အား အဖြည့် ကဏ္ဍပင် ဖြစ်ပေသည်။) ငါအသျှင်မြတ်သည် (ထို) လူတို့အား ကရုဏာကျေးဇူးတော်၏ အရသာကို အနည်း ငယ်မျှပင် မြည်းစမ်းစေတော်မူသောအခါ ၎င်းတို့က ယင်းကရုဏာ (ကျေးဇူး) တော်နှင့် စပ်လျဉ်း၍ (ဤသို့သော နည်းဖြင့်) ပျော်ရွှင်ဝမ်းမြောက်လေ့ရှိကြကုန်၏။ (ပျော်ရွှင်မှု၌ နစ်မွန်းသွားကာ 'ရှရစ်က်' တည်းဟူသော ပြစ်မှုကို ကျူးလွန်ကြကုန်တော့၏။ ပမာဆိုရသော် အထက်၌ တင်ပြထားပေသည်။) သို့ရာတွင် အကယ်၍ ၎င်းတို့၏ လက်များက ကြိုတင်ပို့နှင့်ခဲ့ကြသော (ပြစ်မှု၊ ဒုစရိုက်) အပြုအမူများ ကြောင့် ၎င်းတို့၌ ဘေးဒုက္ခ တစ်စုံတစ်ရာ သက်ရောက်သည်ရှိသော် ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် မျှော်လင့်ချက်ကင်းမဲ့၍ သွားကြလေ၏။ (ဤနေရာ၌ သေချာကျနစွာ တွေးတောခြင်းဖြင့် သိရှိရသော အချက်မှာ ဤအဖြည့်ကဏ္ဍ၌ အဓိကရည်ရွယ်ချက်သည် ပထမဝါကျဖြစ်သော وَإِذَا أَذَقْنَا النَّاسَ အာယသ် တော်ပင် ဖြစ်သည်။ ထိုအာယသ်တော်အတွင်း၌ ၎င်းတို့ 'ရှရစ်က်'အတွင်း၌ နစ်မွန်းသွားစေသော အကြောင်း ခံကို မကောင်းသော မွေ့လျော်မှုနှင့် မေ့လျော့ခြင်းဖြစ်ကြောင်းကို ပြဆိုထားပေသည်။ အဘယ်ကြောင့်ဆို သော် ထိုအခြေအနေနှစ်ရပ်စလုံး၌ '၎င်းတို့ဘက်မှ အလ္လာဟ်အသျှင်မြတ်အား ဆက်နွယ်မှုသည် အလွန် နည်းပါးကြောင်း'ကိုသာ အတည်ပြု၍ ရပေသည်။ အနည်းငယ်မျှသော အချက်ကပင် ထိုဆက်နွယ်မှုကို မေ့ပျောက်ပစ်လိုက်ပေသည်။)

(ရှေ့၌ ထိုအချက်၏ ဒုတိယအထောက်အထားပင် ဖြစ်ပေသည်။ ဤသူတို့သည် 'ရှရစ်က်'မှုကို ကျူးလွန်ကြမည်ဆိုလျှင်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ် ရိက္ခာကို ကျယ်ပြန့်စွာ ချီးမြှင့်ပေးသနားတော်မူ၍ မိမိအလိုရှိတော်မူသော သူအား ထိုစားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူသည်ကို ၎င်းသူတို့သည် မမြင်ခဲ့ကြလေသလော။ (မုရှ်ရစ်က်တို့ထံ၌ စားနပ်ရိက္ခာ

ကို တိုးပွားလျော့နည်းအောင် ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်ကြောင်းကို လက်ခံထားကြပေသည်။ ဤအောက်ဖော်ပြပါ အာယသ်တော်ကြောင့် ဖြစ်ပေသည်။

وَلَئِن سَأَلْتَهُم مَّن نَّزَّلَ مِنَ السَّمَاءِ مَاءً فَأَحْيَا بِهِ الْأَرْضَ مِن بَعْدِ مَوْتِهَا لَيَقُولُنَّ اللَّهُ

ထိုနည်းတူစွာ အကယ်၍ အသင်သည် ၎င်းတို့အား မည်သူသည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေသနည်း။ တစ်ဖန် သေပြီးသော (သို့မဟုတ်) ခြောက်သွေ့လျက်ရှိပြီးနောက် ပထဝီမြေကို ထိုမိုးရေဖြင့် မည်သူရှင်စေခဲ့သနည်း'ဟု မေးမြန်းခဲ့ပါလျှင်လည်း ၎င်းတို့သည် 'အလ္လာဟ်အသျှင်မြတ်' ဟူ၍ ဧကန်မလွဲ ပြောဆိုကြပေမည်။ *[၂၉ : ၆၃]*

ဧကန်မုချ ဤသည်၌ မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့အဖို့ (များစွာသော) သက်သေလက္ခဏာများသည် ရှိချေသည်။ (ဆိုလိုသည်မှာ ၎င်းတို့သည် သိနားလည်ကြပေသည်။ အခြားသူတို့သည်လည်း သိနားလည်နိုင်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် အကြင် 'ဖားသ်' (ပင်ကိုယ်) တော်သည် ဤမျှခန့်စွမ်းဆောင်နိုင်တော်မူပါက ခဝပ်ကိုးကွယ်ခြင်းကိုလည်း ထို 'ဖားသ်' (ပင်ကိုယ်) တော်သည်သာလျှင် ခံထိုက်ပေသည်။)

သို့ဖြစ်ပေရာ ('သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းဆိုင်ရာ အထောက်အထားများ၌ စားနပ်ရိက္ခာအား ချောင်လည်စေခြင်း၊ ကျပ်တည်းစေခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှသာဖြစ်ကြောင်းကို သိရှိရသောအခါ ယင်းအချက်မှ စေးနဲခြင်းသည် ရှုတ်ချဖွယ်အချက်ဖြစ်ကြောင်းကို အတည်ပြု၍ရပြန်ပေသည်။ အဘယ်ကြောင့်ဆိုသော စေးနဲခြင်းဖြင့် မိမိအဖို့ သတ်မှတ်ထားပြီးဖြစ်သော စားနပ်ရိက္ခာသည် ပို၍ မရရှိနိုင်ပေ။ ထို့ကြောင့် ကောင်းမွန်သော ကုသိုလ်အကျိုး အလုပ်များအတွင်း၌ သုံးစွဲခြင်းမှ စေးနဲခြင်းကို မပြုလေနှင့်။ သို့သာမက) အသင်သည် သွေးရင်း၊ သားရင်းတို့၏ အခွင့်အရေးများကို ပေးဆောင်လော့။ ထို့ပြင် (ဤကဲ့သို့ပင်) သူဆင်းရဲအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း (ပေးကမ်းလှူဒါန်းပါလေ။ ၎င်းတို့၏ အခွင့်အရေးများကို ပေးဆောင်ပါလေ။ ကျန်အခွင့်အရေးများ၏ အကျယ်ချဲ့အကြောင်း သာသနာတော်ရေးရာ အထောက်အထားများဖြင့် သိရှိရပေသည်။) ဤသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလားကြကုန်သော သူတို့အဖို့ အကောင်းဆုံး (သော နည်းလမ်း) ပင်ဖြစ်၏။ စင်စစ် ယင်းကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်မှု ရရှိကြမည့်သူများ ဖြစ်ကြကုန်၏။

(ငါအသျှင်မြတ်သည် 'အကောင်းဆုံးသောနည်းလမ်း'ဟူ၍ ချွင်းချက်တစ်ရပ်အဖြစ် အထက်၌သတ်မှတ်ခဲ့ချေပြီ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုကိုသာ ရှာဖွေကြသောသူများဖြစ်ကြကုန်၏။ ယင်းသို့ မိန့်တော်မူရခြင်းအကြောင်းမှာ ငါအသျှင်မြတ်၏ ထံတော်ပါး၌ လုံးဝ လှူဒါန်းခြင်းသက်သက်သည်သာလျှင်လည်း အောင်မြင်မှုမဟုတ်။ သို့သာမက ယင်းအချက်၏ အခြေခံဥပဒေမှာ ဤသို့ပင် ဖြစ်သည်။) စင်စစ် အသင်တို့သည် (လောကီရေးရာ ရမ္မက်ဖြင့် ပေးကမ်းမှုကို ပြုပေသည်။ ဥပမာ- အရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို ထိုသဘောဆန္ဒမျိုးဖြင့် လူတစ်ဦးတစ်ယောက်အား ပေးကာ) သူတစ်ပါး

တို့၏ ဥစ္စာပစ္စည်းများတွင် (ရောစပ်ပါဝင်၍) ၎င်းတို့၏ ပိုင်ဆိုင်မှုအတွင်း၌) ရောက်ရှိသွားကာ တိုးပွားပြီး လျှင် အသင်တို့ထံ ပြန်ရောက်လာရန် ပေးခဲ့သော လက်ဆောင်ပစ္စည်းမှာ (ပမာဆိုရသော် လောကီသက်တမ်း၌ လက်ဖွဲ့ အစရှိသော ပစ္စည်းများအား ထိုကဲ့သို့သော သဘောဆန္ဒမျိုးဖြင့် ပေးအပ်ကြလေသည်။ ယင်းသို့ ပေးရခြင်းအကြောင်းမှာ ကျွန်ုပ်တို့ ရယူရန် အခွင့်အလမ်းရှိသော နေရာများ၌လည်း သာပို၍ ပေးကောင်း ပေးပေလိမ့်မည်ဟူ၍ မျှော်လင့်၍ ပေးခြင်းများ ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်ထံတော်တွင် တိုးပွားသည် မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ရောက်ရှိကာ တိုးပွားသော ပစ္စည်းဥစ္စာဟူသည် ထိုအသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက် သုံးစွဲမှုပြုသော အချိန်၌သာ ဖြစ်ပေသည်။ ပမာဆိုရသော် ရှေ့၌ လာလျက်ရှိသော ဟဒီးစ်တော်၌လည်း အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော စွန်ပလွံသီး တစ်လုံးသည် 'အုဟုဒ်'တောင်ထက်ပင် သာပို၍ ကြီးမားကြောင်း' လာရှိထားပေသည်။ အထက်တင်ပြပါ ပုံစံ၌ ဤ 'နီယသ်' မရှိခြင်းကြောင့် လက်ခံခြင်းလည်း ခံရမည်မဟုတ်။ တိုးပွားခြင်းခံရမည်လည်း မဟုတ်။) သို့ရာတွင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလား၍ 'ဇကားသ်' (အစရှိသော) အလှူဒါနကို ပေးကမ်းကြပါမူ ယင်းကဲ့သို့ (ပေးကမ်းအလှူဒါနပြုကြ) သော သူတို့သည် သာလျှင် (မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်ထံတော်၌) တိုးပွားစေကြသူများ ဖြစ်ကြကုန်၏။ (ပမာဆိုရသော် ယခုပင် ဟဒီးစ်တော်၏ အကြောင်းအရာကို တင်ပြခဲ့ပေပြီ။ ဤအကြောင်းအရာသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်းဖြစ်ကြောင်း တစ်နည်းအားဖြင့်ဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ အလွန့်အလွန် စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူသော ဂုဏ်တော်အပေါ် အထောက်အထားအဖြစ် ညွှန်ပြနေသည့်အတွက်ကြောင့် 'သောင်ဟီးဒ်'ဟူသော တစ်ပါးတည်းတည်ရှိခြင်းတရားကို လေးနက်စေသော အကြောင်းခံ ဖြစ်ပေသည်။ ထို့ကြောင့် ဤအချက်သည် နောက်လိုက်သဘောမျိုးဖြင့် ဝင်ရောက်လာခြင်း ဖြစ်ပေသည်။ အဓိကအချက်သည်မူ တစ်ပါးတည်းတည်ရှိခြင်း၏ အကြောင်းကို တင်ပြရန်ဖြစ်သည်။ ထို့ကြောင့် ရှေ့၌ ဆက်လက်၍ တစ်ဖန် 'သောင်ဟီးဒ်' တစ်ပါးတည်းတည်ရှိခြင်းအကြောင်းကို တင်ပြထားပြန်ပေသည်။)

အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် အသင်တို့အား သေစေတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ('ကေယာမသ်'နေ့၌) ရှင်စေတော်မူမည်။ (အထက်တင်ပြပါ အချက်များထဲမှ အချို့သော ကိစ္စရပ်များကိုမူ ကြားနာသူတို့အနေဖြင့် ခံဝန်ကတိပေးထားပြီးဖြစ်သော အချက်များလည်း ရှိပေသည်။ အချို့သော အချက်အလက်များသည် အထောက်အထားများဖြင့် ကတိပြုထားပေသည်။ ထိုအသျှင်မြတ်သည် ဤကဲ့သို့ စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်ပေရာ ယခု အသင်တို့ ပြသကြကုန်။ အသင်တို့ ထိုအသျှင်မြတ်နှင့် နှိုင်းယှဉ်ကိုးကွယ်လျက် ရှိကြကုန်သော) အသင်တို့၏ တွဲဖက်များတွင် ဤသည်တို့အနက် မည်သည့်တစ်စုံတစ်ရာကိုမဆို ပြုစွမ်းနိုင်သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိလေသလော။ တစ်ဦးတစ်ယောက်မျှ

မရှိကြောင်းမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ဤအောက်ဖော်ပြပါ အချက်အား အတည်ပြု၍ ရရှိနိုင်ပေသည်။) ထိုအသျှင်မြတ်သည် ၎င်းတို့၏ တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသည်များမှ (လွန်စွာ) သန့်ရှင်းစင်ကြယ်တော်မူသည့်အပြင် (လွန်စွာ) မြင့်မြတ်တော်မူလှပေသည်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်နှင့် ဖက်စပ်ကိုးကွယ်ရာဟူ၍ တစ်စုံတစ်ဦးမျှ မရှိပေ။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ တစ်ပါးတည်း တည်ရှိတော်မူခြင်း၏ စာစဉ်အကြောင်းအရာကို လူသားတို့၏ နှလုံးသားအတွင်းဝယ် ဝင်ရောက်စေရန် အမျိုးမျိုးသော သက်သေသာဓကများနှင့် ခေါင်းစဉ်များဖြင့် တင်ပြထားပေသည်။ ဦးစွာပထမ ဥပမာတစ်ရပ်ဖြင့် ခြေလက်မျက်နှာ အချက်အားလုံး၌ ခလှေသဘောအရ တပ်မက်မှုများ လိုအပ်ချက်များ ရှိနေသော ကျေးကျွန်၊ အခိုင်းအစေများ ရှိပေသည်။ သို့ရာတွင် အသင်တို့သည် ၎င်းတို့အား မိမိတို့၏ အုပ်ချုပ်မှုနှင့် ချယ်လှယ်မှုအတွင်း၌ စိတ်ကြိုက်ဆောင်ရွက်၊ သုံးစွဲခွင့်ကို မိမိတို့၏ တန်းတူအခွင့်အရေးကို ပေးမည်မဟုတ်ပေ။ လုံးဝ တန်းတူသဘောတရားကို မဆိုထားဘိဦး။ မိမိတို့၏ အုပ်ချုပ်မှုသြဇာနှင့် ဥစ္စာပစ္စည်း၌ အနည်းငယ်မျှသော ဖက်စပ်ပါဝင်ခွင့်ကို ပေးမည်မဟုတ်ပေ။ ပမာဆိုရသော် သာမန်မပြောပလောက်သော အဆင့်အတိုင်းအတာခန့်မျှပင် စွက်ဖက်မှုပြုခြင်းကိုပင် အသင်သည် စိုးရိမ်၍နေပေသည်။ မိမိ၏ သဘောတူညီချက် တစ်စုံတစ်ရာ မပါဘဲ ဝင်ရောက်စွက်ဖက် မှုပြုမည်ဆိုလျှင် အသင်သည် ၎င်းအား ပြစ်တင်ပြောဆိုလိမ့်မည်။ ကျွန်များနှင့် အခိုင်းအစေများကို ဤအဆင့်မျှကိုပင် မပေးပေ။ သို့ဆိုလျှင် စဉ်းစားတွေးခေါ်ကြည့်ကြပါ။ ကောင်းကင်တမန်တော်များ၊ လူသားများနှင့် အခြားသော စကြဝဠာများအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများ၊ ထိုအသျှင်မြတ်၏ ကျေးကျွန်များ ဖြစ်ကြပေသည်။ ထိုအရာများကို အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူ၊ (သို့မဟုတ်) ထိုအသျှင်မြတ်နှင့် ဖက်စပ်ခဝပ်ခြင်း ခံထိုက်သော အရာများအဖြစ်မည်ကဲ့သို့ ယုံကြည်နေကြပေသနည်း။

ဒုတိယအာယသ်တော်အတွင်း၌ 'ဤအချက်သည် မှန်ကန်ရှင်းလင်းကြောင်း' ကို တင်ပြထားပေသည်။ သို့ရာတွင် ဆန့်ကျင်ဘက်ပြုသော သူများသည် မိမိတို့၏ စိတ်ရိုင်း၏ အလိုကို လိုက်ကာ အသိဉာဏ်၊ အမြော်အမြင်နှင့် ပြည့်စုံသော မည်သည့်အချက်တစ်ချက်ကိုမျှ မယုံကြည်ခဲ့ကြောင်းကို သတိပေးဆော်သြထားသည်။

တတိယအာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ တစ်ပါးတည်းကိုသာ ဦးတည်၍သော်လည်းကောင်း၊ သို့မဟုတ် ကြားနာ မိန့်မြွက်ခြင်း ခံရသူအပေါင်းတို့အား ဦးတည်၍သော်လည်းကောင်း 'ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) မှာ ဦးနှောက်အသိဉာဏ် ကင်းမဲ့ခြင်းနှင့် အလွန်တရာ မတရားသော အချက်ဖြစ်ကြောင်း၊ အတည်ဖြစ်သွားပြီးဖြစ်ရာ အသင်မိုဟမ္မဒ် ﷺ သည် 'ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) ဖြစ်သော

တွေးခေါ်မှုများအားလုံးကို စွန့်လွှတ်၍ မိမိ၏ မျက်နှာအမူအရာကို အစ္စလာမ်တည်းဟူသော ဒီးန်သာသနာ၏ ဘက်သို့ လှည့်လေကုန်' ဟူ၍ အမိန့်ပေးထားတော်မူပေသည်။

فَاَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا

သို့ဖြစ်ပေရာ အသင်လူသားသည် လူသားတို့အား အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သော ဟုတ်မှန်သည့် သဘာဝတရားတော်နှင့်အညီ မိမိတို့၏ မျက်နှာကို မှန်ကန်သော ဤဒီးန်သာသနာတော်အပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခန့်တည်တံ့စွာ ထားရှိပါလေ။ *[၃၀ : ၃၀]*

ထို့နောက် ဤအစ္စလာမ်သာသနာတော်သည် သဘောသဘာဝနှင့် ကိုက်ညီမှုရှိကြောင်းကို ဤသို့ မိန့်ဆိုတော်မူထားပေသည်။

فِطْرَةَ اللهِ الَّتِىْ فَطَرَ النَّاسَ عَلَيْهَا لَاتَبْدِيْلَ لِخَلْقِ اللهِ ذَالِكَ الدِّيْنُ الْقَيِّمُ

အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှုမျှပင် အလျှဉ်းမရှိပြီ။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော ဒီန်းသာသနာတော်ဖြစ်၏။ *[၃၀ : ၃၀]*

فِطْرَةَ اللهِ الَّتِىْ فَطَرَ النَّاسَ عَلَيْهَا

ဟူသော ဝါကျသည် ပထမဝါကျဖြစ်သည့် فَاَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا ဟူသော ဝါကျအား ထပ်မံရှင်းလင်းထားခြင်းနှင့် ပထမဝါကျ၌မှာပင် နောက်လိုက်သမှုပြုရန် အမိန့်ပေးထားသော 'ဒီးန်နေ့ ဟနီးဖ်' (ဖြောင့်မတ်မှန်ကန်သော ဒီးန်သာသနာ) ၏ သီးသန့်ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်သော သဘာဝတရား နှင့် ကိုက်ညီသော သာသနာဖြစ်ကြောင်းကို ထပ်မံတင်ပြထားပေသည်။ فِطْرَةَ اللهِ ဟူသောပုဒ်၌ ဝါကျ တည်ဆောက်ခြင်း၏ သဒ္ဒါနည်းအရ فِطْرَتَ اللهِ ဟူ၍ 'ဇဗရ်'ဖြင့် လာခြင်းကို အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများသည် အမျိုးမျိုး ရေးသားထားကြပေသည်။ ဤနေရာ၌ اِتَّبِعْ ဟူသော ပုဒ်၊ သို့မဟုတ် اَعْنِىْ ဟူသော ပုဒ်သည် မြုပ်နေခြင်းကြောင့် ဖြစ်သည်ဟူ၍ တင်ပြခဲ့ကြသည်။ မည်သို့ပင် ဖြစ်စေကာမူ ဖြောင့်မတ်မှန်ကန်သော သာသနာအား နောက်လိုက်သမှုပြုရန် ပထမဝါကျအတွင်းမှာပင် အမိန့်ပေးထားရာ ယခုဝါကျအတွင်း၌မူ ထိုအချက်ကို فِطْرَةَ اللهِ ဟူ၍ သတ်မှတ်အတည်ပြုထားပေသည်။ فِطْرَتُ اللهِ (ဖသွ်ရသုလ္လားဟ်) အလ္လာဟ်အသျှင်မြတ်၏ 'ဖသွ်ရသ်'ဟူသော စကားလုံး၏ လိုရင်းသဘောမှာ 'အလ္လာဟ် အသျှင်မြတ်သည် လူသားတို့အား ဖန်ဆင်းထားတော်မူသော ဓလေ့သဘောသဘာဝ' ဟူ၍ ဖြစ်သည်။

'ဖသွ်ရသ်' ၏ အလိုသဘောသည် မည်သို့နည်း

ယင်းအချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများ၏ အမျိုးမျိုးသော အဆိုများ သည် လက်ခံထိုက်ဖွယ်ကောင်းသော အဆိုများသာ ဖြစ်ပေသည်။ ထိုအဆိုများထဲမှ အဆိုနှစ်ရပ်မှာ ထင်ရှား

ကျော်ကြားပေသည်။ ပထမအဆိုမှာ 'ဖသ္တ်ရသ်'၏ အလိုသဘောသည် အစ္စလာမ်ဖြစ်ပေသည်။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းအား မိမိ၏ ဓလေ့သဘောကို ထောက်ရှု၍ မွတ်စ္စလင်မ်အဖြစ်နှင့်သာ ဖန်ဆင်းထားတော်မူပေသည်။ အကယ်၍ ၎င်းလူသားအား အနီးဝန်းကျင်၌ ရှိသော ဖျက်ဆီးသူတစ်ဦးတစ်ယောက်မှ မဖျက်ဆီးပါမူ မွေးဖွားလာသော ကလေးတိုင်းသည် မွတ်စ္စလင်မ်သည်သာ လျှင် ဖြစ်ပေသည်။ သို့ရာတွင် ဘာသာဘာဝ ဓလေ့အရ မိဘနှစ်ပါးသည် ၎င်းကလေးငယ်များကို အချို့သော အချိန်အခါမျိုး၌ အစ္စလာမ်သာသနာနှင့် ဆန့်ကျင်သော အချက်များကို သင်ကြားပေးပေသည်။ အကြင်ကဲ့သို့ သင်ကြားခြင်းခံရခြင်း၏ အကြောင်းခံကြောင့် ၎င်းသည် အစ္စလာမ်သာသနာအပေါ်၌ တည်တံ့မြဲမြံစွာ မရပ်တည်နိုင်တော့ပေ။ ပမာဆိုရသော် ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ရပ်၌ တင်ပြထား ပေသည်။ အေမာမ်ကုရ်သုဗီးသခင်ကြီးသည် ထိုအဆိုကို နှောင်းပိုင်းခေတ် အာလင်မ်အများစု၏ အဆိုဟူ၍ ကောက်ချက်ချ အတည်ပြုထားပေသည်။

ဒုတိယအဆိုမှာ ဤသို့ပင် ဖြစ်သည်။ 'ဖသ္တ်ရသ်'၏ အလိုသဘောမှာ အရည်အချင်းဖြစ်ပေသည်။ ဆိုလိုသည်မှာ လူသားတို့အား ဖန်ဆင်းထားရာ၌ အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းတို့၏ အတွင်းဝယ် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား သိရှိယုံကြည်နိုင်ရန် အရည်အချင်းကို ထားရှိပေး ထားခြင်းဟူသော ဂုဏ်ထူးဝိသေသအချက်ကို ချီးမြှင့်ပေးထားပေသည်။ အကြင်အရည်အချင်း၏ အကျိုးဆက် တရားမှာ အစ္စလာမ်သာသနာကို လက်ခံခြင်း ဖြစ်ပေသည်။ ယင်းသို့ လက်ခံနိုင်ရန် စည်းကမ်းချက်မှာ ထိုအရည်အချင်းကို အသုံးချတတ်မှ ဖြစ်ပေသည်။

သို့ရာတွင် အထက်တင်ပြပါအချက်အပေါ် စောဒကအမျိုးမျိုး ဝင်ရောက်လာပေသည်။ ပထမအချက် မှာ ဤအာယသ်တော်ကိုယ်တိုင်၏ ရှေ့၌

لَا تَبۡدِيۡلَ لِخَلۡقِ اللّٰهِ

ဟူ၍ တင်ပြထားပေသည်။ ဤနေရာ၌ 'ခလ်ကုလ်လားဟ်'၏ အလိုသဘောသည် 'ဖသ္တ်ရသုလ် လားဟ်' ဖြစ်ပေသည်။ 'ဖသ္တ်ရသုလ်လားဟ်'ဖြစ်ကြောင်း အထက်၌လည်း တင်ပြထားပေသည်။ ထို့ကြောင့် ယင်းဝါကျတော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပေးထားတော်မူသော အရာအတွင်း၌ ပြောင်းလဲမှုတစ်စုံတစ်ရာ မရှိတော့ပြီ'ဟူ၍ ဖြစ်သည်။ ဇကန်အမှန် ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်အတွင်း၌ ကိုယ်တိုင် လာရှိထားသော အချက်မှာ 'တစ်ဖန် မိဘနှစ်ပါးသည် အချို့သော အချိန်အခါမျိုး၌ ကလေးငယ်တို့ကို ယဟူဒီ သို့မဟုတ် နစ္စရာနီဖြစ်အောင် ပြုပေးလိုက်ကြပေသည်။' အကယ်၍ 'ဖသ္တ်ရသ်'၏ အဓိပ္ပာယ်ကို 'အစ္စလာမ်'ဟူ၍ ကောက်ယူမည်ဆိုလျှင် ယင်းအစ္စလာမ်တည်း ဟူသော 'ဖသ္တ်ရသ်'သဘောအတွင်း၌ ပြောင်းလဲမှုမရှိကြောင်း အာယသ်တော်ကိုယ်တိုင်အတွင်း၌ တင်ပြထား ပေသည်။ သို့ဆိုလျှင် တင်ပြထားသော ဟဒီးစ်တော်အတွင်း၌ ယဟူဒီ သို့မဟုတ် နစ္စရာနီအဖြစ် ပြုပေးလိုက် ခြင်းသည် မည်ကဲ့သို့ မှန်ကန်နိုင်အံ့နည်း။ 'နေရာတိုင်း၌ မွတ်စ္စလင်မ်များထက် ကာဖိရ်များ သာပိုများပြားနေ

ကြောင်း' မှာ လက်တွေ့ကျကျ မြင်တွေ့နေကျ အချက်ပင် ဖြစ်ပေသည်။ အကယ်၍ အစ္စလာမ်သည် ဤကဲ့သို့ ပြောင်းလွဲ၍မရသော 'ဖသွ်ရသ်'သဘာဝတရားဖြစ်မူ ဤအထက်ဖော်ပြပါ ပြောင်းလွဲမှုသည် မည်ကဲ့သို့၊ အဘယ်ကြောင့် ဖြစ်ပေါ်နေပေသနည်း။

ဒုတယိအချက်မှာ ဟဇရသ်ခိဇ္ဇ်ရ် عليه السلام သည် ကလေးတစ်ဦးအား သတ်ဖြတ်ခဲ့သည်။ ၎င်းကလေးနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၌ လာရှိထားသည်မှာ ထိုကလေးငယ်၏ 'ဖသွ်ရသ်'၌ 'ကုဖွ်ရ်'တည်းဟူသော ငြင်းဆိုခြင်း အကြောင်းတရား ရှိနေပေသည်။ ထို့ကြောင့် ၎င်းအား ဟဇရသ်ခိဇ္ဇ်ရ် عليه السلام သည် သတ်ဖြတ်လိုက်ခြင်းဖြစ်ပေသည်။ ဤဟဒီးစ်တော်သည်လည်း 'မွေးရာပါလူသားတိုင်းသည် အစ္စလာမ်သာသနာဝင်အဖြစ် မွေးဖွားလာခြင်း'ဟူသော အချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။

တတိယသံသယအချက်မှာ အကယ်၍ အစ္စလာမ်သည် လူသားတို့၏ 'ဖသွ်ရသ်'သဘောလေ့အတွင်းဝယ် ပြောင်းလွဲမှုကို မစွမ်းနိုင်သော အချက်အဖြစ် သတ်မှတ်ထားမူ ၎င်းသည် ရွေးချယ်ပိုင်ဆိုင်ခွင့်နှင့် ဆောင်ရွက်ချက်တစ်စုံတစ်ရာကိုမျှ ပြု၍ မရနိုင်ပေ။ တစ်ဖန် ၎င်းသည် နောင်'အာခိရသ်'၌ အကျိုးစဝါးဗ်သည် မည်ကဲ့သို့ ရရှိနိုင်အံ့နည်း။ အဘယ်ကြောင့်ဆိုသော် အကျိုး'စဝါးဗ်'သည်မူ ပင်ကိုယ်ရွေးချယ်ဆောင်ရွက်သော အမှုကိစ္စအပေါ်၌ ရရှိပေသည်။

စတုတ္ထသံသယအချက်မှာ စစ်မှန်သော ဟဒီးစ်တော်များနှင့်အညီ အွမ္မသ်၏ ဓမ္မသတ်ပညာရှင်များထံ၌ 'ကလေးကို အရွယ်မရောက်မီအလျှင် မိဘနှစ်ပါး၏ နောက်လိုက်အဖြစ် မှတ်ယူထားရပေမည်။ အကယ်၍ မိဘနှစ်ပါးသည် ကာဖိရ်ဖြစ်မူ ကလေးကိုလည်း ကာဖိရ်ဟူ၍ သတ်မှတ်ရပေမည်။ ထိုကလေးငယ်အား မြုပ်နှံသင်္ဂြိုဟ်ရေးကိစ္စကို အစ္စလာမ်နည်းအတိုင်းမ ပြုလုပ်ရပေ။

ဤအထက်ဖော်ပြပါ သံသယအချက်များအားလုံးကို အေမာမ်သိုရ်ပိုရ့်ရှ်သီး (ရဟ) သခင်ကြီးသည် 'ရှရ်ဟောမစ္စာဗီးဟ်'ကျမ်း၌ တင်ပြထားပေသည်။ ယင်းအချက်များကို မူတည်၍ ၎င်းသည် ဒုတိယအဆိုကို အသာပေးထားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဖန်ဆင်းပါ အရည်အချင်းနှင့် စပ်လျဉ်း၍လည်း '၎င်းအတွင်း၌ တစ်စုံတစ်ရာ ပြောင်းလွဲမှုမရှိနိုင်ကြောင်း' အချက်မှာလည်း မှန်ကန်ပေသည်။ အကြင်သူသည် မိဘနှစ်ပါး သို့မဟုတ် အခြားတစ်ဦးတစ်ယောက်မှ လမ်းလွဲအောင် ပြုလိုက်ခြင်းဖြင့် ကာဖိရ်ဖြစ်သွားပေသည်။ ၎င်း၏ သဘောသဘာဝအတွင်း၌ အရည်အချင်းနှင့် အမှန်တရားကို လက်ခံနိုင်သည့် စွမ်းအားအား သိရှိနိုင်ရန် အချက်သည် မပျောက်ဆုံးသွားပေ။ ဟဇရသ်ခိဇ္ဇ်ရ် عليه السلام သတ်ဖြတ်လိုက်သော ကလေးငယ်၏ ဖြစ်အင်၌ ၎င်းကလေးငယ် 'ကုဖွ်ရ်'ဘဝဖြင့် မွေးမြူပေါ်ပေါက်လာခြင်းမှ 'သဘောပေါက်နားလည်နိုင်စွမ်းပင် မရှိ' ဟူသော အချက်သည် မုချ သက်ရောက်၍ မနေပေ။ အကြောင်းမှာ ထိုသို့ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားတော်မူသော အရည်အချင်းအား မှန်ကန်စွာ အသုံးချခြင်းကို လူသားတို့သည် မိမိတို့ ရွေးချယ်နိုင်စွမ်းဖြင့်သာ ပြုကြပေသည်။ ထို့ကြောင့် ယင်းကဲ့သို့ ပြုကျင့်သည့်အပေါ် ကြီးမားသော အကျိုးစဝါးဗ်သည် အကျိုးဆက်တရားဖြင့် ရရှိကြောင်းသည် ရှင်းလင်းထင်ရှားနေပေသည်။ 'ကလေးငယ်များကို မိဘနှစ်ပါးသည် ယဟူဒီ သို့မဟုတ် နစ္စ်ရာနီအဖြစ် ပြုလုပ်လိုက်ပေသည်'ဟူသော ဗိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း

၏ ဟဒီးစ်တော်၏ အလိုသဘောသည်လည်း ဤဒုတိယအဓိပ္ပာယ်ကို ထောက်ရှု၍ ရှင်းလင်းပြတ်သား သွားပေသည်။ အကြောင်းမှာ ထိုကလေးငယ်အတွင်း၌ အလ္လာဟ်အသျှင်မြတ် ထားရှိပေးထားသော မွေးရာပါ အရည်အချင်းသည် အစ္စလာမ်သာသနာ၏ ဘက်သို့ ယိမ်းညွတ်၊ မျက်နှာမူနေလင့်ကစား သို့ရာတွင် အဟန့် အတား အနှောင့်အယှက်ဖြစ်စေသော အချက်များသည် ယင်းဘက်သို့ သွားခွင့်မပြုပေ။ အတိတ်ခေတ် သာသနာ့ပညာရှင်ကြီးများထံမှ ဆင့်ပြန်မှုအဖြစ် လာရှိထားသော ပထမအဆို၏ အလိုသဘောသည်လည်း မူရင်းအစ္စလာမ်ကို ဆိုလိုခြင်းမဟုတ်ဘဲ အစ္စလာမ်သာသနာကို လက်ခံနိုင်စွမ်းရှိခြင်း၏ အရည်အချင်းသည် သာလျှင် ဖြစ်ပေသည်။ ဒေလီမြို့သား ဟဒီးစ်ပါမောက္ခသည် မိရ်ကားသ်ကျမ်း၏ အကျယ်ချဲ့ကျမ်းဖြစ်သော လမ်အားသ်ကျမ်း၌ ဤအဆိုကိုသာလျှင် အများစုပညာရှင်များ၏ အဆို၏ အလိုသဘောမှာ ဤအလိုသဘောသာဟူ၍ ထင်မှတ်ထားကြပေသည်။

အထက်ပါအဆိုအား အကူဖြစ်စေသော အချက်သည် ဟဇရသ်ရှားဟ်ဝလီယုလ္လားဟ် (ရဟ) သခင်ကြီးသည် 'ဟုဂျ်ဂျသုလ္လားဟိလ်ဗားလိဂါးဟ်' ကျမ်းအတွင်း၌ ရေးသားထားသော စာမူများမှလည်း ဖြစ်ရှိပေသည်။ ယင်းအချက်၏ အချုပ်သဘောတရားမှာ ဤသို့တည်း။ အလ္လာဟ်အသျှင်မြတ်သည် များစွာသော အဖန်ဆင်းခံများကို ဗီဇလေ့သဘောအမျိုးမျိုးဖြင့် ဖန်ဆင်းထားတော်မူပေသည်။ အဖန်ဆင်းခံတိုင်း၏ ဗီဇဓါတ်သဘောအတွင်း၌ သီးသန့်ဂုဏ်ဒြပ်တစ်ရပ်စီကို ထားရှိပေးထားပေသည်။ အကြင်အချက်ကြောင့် ထိုအဖန်ဆင်းခံသည် မိမိအား ဖန်ဆင်းထားခြင်း၏ ရည်ရွယ်ချက်ကို ပြည့်ဝစွာ အကောင်အထည် ဖော်ဆောင်နိုင်စွမ်း ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်းရှိ

أَعْطَىٰ كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَىٰ

အသီးသီးသော အရာဝတ္ထုတိုင်းကို ၎င်းအရာနှင့် ထိုက်တန်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်ပြီးလျှင် နည်းလမ်းကို ညွှန်ပြသော အသျှင်မြတ် ဖြစ်တော်မူသည်။ *[၂၀ : ၅၀]*

ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်ကိုသာ ဖော်ဆောင်နေပေသည်။ အကြင်မည်သည့်အဖန်ဆင်းခံကိုမဆို အလ္လာဟ်အသျှင်မြတ်သည် သီးသန့်ရည်ရွယ်ချက်တစ်ရပ်အတွက် ဖန်ဆင်းထားတော်မူပေသည်။ ထိုရည်ရွယ်ချက်အတွက် ယင်းအဖန်ဆင်းခံအား လမ်းညွှန်မှုကိုလည်း ပေးသနားတော်မူထားပေသည်။ ထိုလမ်းညွှန်မှုတရားမှာ ဤဂုဏ်ဒြပ် ဝိသေသအချက်နှင့် အရည်အချင်းသာလျှင် ဖြစ်ပေသည်။ ပျားပိတုန်းကောင်အတွင်း၌ '၎င်းသည် အပင်များနှင့် ပန်းရွက်များကို သိရှိရွေးချယ်ကာ တစဖန် ထိုပန်းပွင့်များ၏ အချိုရည်ကို မိမိ၏ ဝမ်းဗိုက်အတွင်းဝယ် ထိန်းသိမ်းကာ မိမိ၏ အုံရှိရာဆီသို့ ယူဆောင်ကာ စုရုံးထားခြင်း' ဟူသော အခြေခံဝိသေသအချက်ကို ထားရှိပေးထားပေသည်။ ဤကဲ့သို့ပင် လူသားတို့၏ ဗီဇသဘောဓလေ့ သဘာဝအတွင်း၌ 'ထိုလူသားတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား သိရှိ၍ ထိုအသျှင်မြတ်၏ ကျေးဇူးတရားကို သိနားလည်ကာ နာခံမှုကို ပြုရပေသည်' ဟူသော အရည်အချင်းကို ထည့်သွင်းပေးထားပေသည်။ ထိုအချက်၏ အမည်ပင်လျှင် အစ္စလာမ်ဖြစ်ပေသည်။

لَاتَبْدِيلَ لِخَلْقِ اللهِ

အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှုမျှပင် အလျဉ်းမရှိပြီ။ *[၃၀ း ၃၀]*

အထက်တင်ပြပါ ရှင်းလင်းချက်မှ ဤအာယသ်တော်ပါ ဝါကျ၏ အလိုသဘောသည်လည်း ရှင်းလင်းသွားပေမည်။ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူထားသော 'ဖသွ်ရသ်' ဆိုလိုသည်မှာ အမှန်တရားကို သိနားလည်နိုင်ခြင်း၏ အရည်အချင်း၊ အစွမ်းအစ၌ ပြောင်းလဲမှုတစ်စုံတစ်ရာ ပြု၍ ရနိုင်မည် မဟုတ်ပေ။ ၎င်းအား မှားယွင်းသော အသိုင်းအဝိုင်းသည် ကာဖိရ်အဖြစ် ပြုချင်ပြုနိုင်ပေသည်။ သို့ရာတွင် ၎င်း၏ အမှန်တရားကို လက်ခံနိုင်ခြင်း၏ အရည်အချင်းကို လုံးဝ ပပျောက်သွားအောင် မပြုနိုင်ပေ။

ဤအထက်တင်ပြပါ ရှင်းလင်းချက်မှ

وَمَاخَلَقْتُ الْجِنَّ وَالْاِنْسَ اِلَّا لِيَعْبُدُوْنَ

စင်စစ် ငါအသျှင်မြတ်သည် 'ဂျင်န်' တို့အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။ *[၅၁ း ၅၆]*

ဟူသော အာယသ်တော်၏ အလိုသဘောသည်လည်း ရှင်းလင်းသွားပေသည်။ အလိုသဘောမှာ '၎င်းတို့၏ ဇီဇသဘောသဘာဝအတွင်း၌ ငါအသျှင်မြတ်သည် ခဝပ်မှုအား တပ်မက်သည့်စိတ်နှင့် အရည်အချင်းကို ထားရှိပေးထားတော်မူပေသည်။ အကယ်၍ ၎င်းသည် ယင်းအရည်အချင်းကို အသုံးချပါမှု ခဝပ်ကိုးကွယ်မှု (အေဗာဒသ်) မှအပ ၎င်းနှင့် ဆန့်ကျင်သော အခြားမည်သည့်လုပ်ရပ် တစ်စုံတစ်ရာကိုမျှ ပြုကျင့်မိတော့မည်မဟုတ်ပေ' ဟူ၍ ဖြစ်သည်။

လမ်းမှားသောသူတို့၏ ထိုင်ဝိုင်းနှင့် မှားယွင်းသော အသိုင်းအဝိုင်းတို့မှ သီးခြားစွာ နေရန် 'ဖွရ်ဇ်' ဖြစ်ခြင်းအကြောင်း

တင်ပြလျက်ရှိသော အာယသ်တော်ဖြစ်သည့်

لَاتَبْدِيلَ لِخَلْقِ اللهِ

အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှုမျှပင် အလျဉ်းမရှိပြီ။ *[၃၀ း ၃၀]*

ဟူသော ဝါကျသည် သတင်းပေးဝါကျဖြစ်နေလင့်ကစား သို့ရာတွင် ရှုထောင့်တစ်ရပ်အရ အဓိပ္ပာယ်သည် 'ပြောင်းလဲမှုပြုရန် မသင့်ပေ' ဟူ၍ အမိန့်သဘောပါ ပါဝင်နေပေသည်။ ထို့ကြောင့် ဤဝါကျမှ 'လူသားတို့သည် အမှန်တရားကို လက်ခံနိုင်ခြင်း၏ အရည်အချင်းကို ပျက်သုဉ်းမှေးမှိန်သွားစေသော အကြောင်းခံများမှ လွန်စွာ ရှောင်ရှားရန်သင့်ကြောင်း' ဟူသော အမိန့်အကျိုးကိုပါ ထုတ်ယူ၍ ရရှိပေမည်။

ထိုအကြောင်းခံများမှာ များသောအားဖြင့် မှားယွင်းကာ မကောင်းသော ထိုင်ဝိုင်း၊ ပတ်ဝန်းကျင်တို့သာ ဖြစ်ပေသည်။ လမ်းမှားသောသူတို့ ရေးသားထားသော စာအုပ်များကိုမှ 'မိမိတို့၏ ဒီးန်သာသနာနှင့် စပ်လျဉ်းသော အချက်အလက်များကို ပြည့်ဝကာ စုံစုံလင်လင် အနုစိတ်၊ အသေးစိတ် မစမ်းစစ် မလေ့လာမိသေးသရွေ့ ကာလပတ်လုံး မဖတ်ရပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်)

وَاَقِيْمُوا الصَّلٰوةَ وَلَا تَكُوْنُوْا مِنَ الْمُشْرِكِيْنَ

ထို့ပြင် အသင်တို့သည် 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် မုရှ်ရစ်က်တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နှီးယှဉ် ကိုးကွယ်ကြသူတို့အနက်မှ မဖြစ်ကြကုန်လင့်။ *[၃၀ : ၂၀]*

လွန်လေပြီးသော အာယသ်တော်အတွင်း၌ လူသားတို့၏ မူရင်းဗီဇသဘောတရားကို အမှန်တရားကို လက်ခံနိုင်ခြင်းနှင့် အသင့်ပြင်နိုင်ခြင်း၏ အချက်ပါရှိထားပေသည်။ ဤအာယသ်တော်မြတ်အတွင်း၌ ဦးစွာပထမ အမှန်တရားကို လက်ခံခြင်း၏ ပုံစံကို 'နမာဇ်ဆောက်တည်မှုကို ပြုခြင်းအကြောင်းမှာ ထိုကဲ့သို့ ဆောက်တည်ခြင်းသည် လက်တွေ့ကျကျ အီမာန်၊ အစ္စလာမ်နှင့် အမှန်တရားအား နာခံခြင်းအချက်ကို ထုတ်ဖော်ပြသခြင်းပင် ဖြစ်ကြောင်း' ဟူ၍ ပြဆိုထားပေသည်။ ထို့နောက် မိန့်တော်မူထားသည်မှာ

وَلَا تَكُوْنُوْا مِنَ الْمُشْرِكِيْنَ

ထို့ပြင် အသင်တို့သည် 'မုရှ်ရစ်က်'တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နှီးယှဉ် ကိုးကွယ်ကြသူတို့အနက်မှ မဖြစ်ကြကုန်လင့်။ *[၃၀ : ၃၁]*

ဆိုလိုသည်မှာ 'ရှရစ်က်'ပြုလုပ်သောသူများအတွင်းတွင် မပါဝင်လေနှင့်။ အကြင်သူတို့သည် မိမိတို့၏ ဗီဇသဘောတရားနှင့် အမှန်တရားကို လက်ခံနိုင်ခြင်း၏ အရည်အချင်းတို့အား အသုံးမချခဲ့ပေ။ ရှေ့၌ ၄င်းတို့ လမ်းလွဲ၊ လမ်းမှားခြင်း၏ အကြောင်းကို တင်ပြထားပေသည်။

مِنَ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا

အကြင် 'မုရှ်ရစ်က်'တို့အနက်မှ ထိုသူတို့သည် မိမိတို့၏ ဒီးန်သာသနာကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခဲ့ကြပြီးလျှင် ဂိုဏ်းဃဏအမျိုးမျိုး ဖြစ်သွားခဲ့ကြကုန်၏။ *[၃၀ : ၃၂]*

ဆိုလိုသည်မှာ ဤ 'မုရှ်ရစ်က်'တို့သည် သဘာဝကျသော သာသနာနှင့် မှန်ကန်သော သာသနာအတွင်းဝယ် ကွဲပြားမှုကို ဖန်တီးကြသောသူများ ဖြစ်ကြကုန်၏။ သို့မဟုတ် သဘာဝတရားကျသော သာသနာမှ ကွဲပြားခြားနားမှုကို ပြုသောသူများအဖြစ်နှင့် သီးခြားစွာ နေထိုင်ကြကုန်၏။ အကြင်ကဲ့သို့ ပြုခြင်း၏ အကြောင်းဆက်တရားမှာ ၄င်းတို့သည် အမျိုးမျိုးသော ဂိုဏ်းဃဏအုပ်စုများအဖြစ်နှင့် ကွဲပြားလျက် ရှိသွားကြကုန်၏။ شِيَعًا သည် شِيْعَةٌ ဟူသော ပုဒ်၏ အများကိန်းဖြစ်ပေသည်။ အကြီးအကဲတစ်ဦး၏

အမိန့်လမ်းစဉ်ကို လိုက်နာသော အဖွဲ့အစည်းကို 'ရှီအာ' ဟူ၍ ခေါ်ဆိုပေသည်။ အလိုသဘောမှာ 'သဘာဝ လျော်ကျသော သာသနာမှာ 'သောင်ဟီးဒ်' ဟူသော တစ်ပါးတည်း တည်ရှိခြင်း၏ သာသနာဖြစ်ပေသည်။ အကြင် 'သောင်ဟီးဒ်' တရား၏ အကျိုးဆက်တရားမှာ 'လူသားအားလုံးတို့သည် ထိုအချက်ကို ရွေးချယ်၍ မျိုးနွယ် အုပ်စုတစ်အုပ်စုတည်းနှင့် အသင်းအဖွဲ့တစ်ရပ်တည်းသာ ဖြစ်သင့်ပေသည်' ဟူ၍ ဖြစ်သည်။ သို့ရာတွင် ၄င်းတို့သည် ထို 'သောင်ဟီးဒ်' တရားကို စွန့်လွှတ်ကာ လူအမျိုးမျိုးတို့၏ တွေးခေါ်မျှော်မှန်း ထင်မြင်ချက်များ၏ နောက်လိုက်သမှုကို ပြုကြကုန်၏။ လူသားတို့၏ တွေးခေါ်မှုရေးရာနှင့် အကြံအစည်ပိုင်းဆိုင်ရာတို့၌ အကွဲအလွဲဖြစ်နေခြင်းမှာ သဘာဝတရားတစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် မိမိတို့၏ ဆိုင်ရာပိုင်ရာ အချက်တစ်ရပ်ချင်းစီကို ဘာသာတစ်ရပ်အဖြစ် သတ်မှတ်လိုက်ကြပေသည်။ အများပြည်သူတို့သည် ၄င်းတို့အား အကြောင်းခံ၍ ဂိုဏ်းဃဏအမျိုးမျိုးအသွင်ဖြင့် ဖြစ်ရှိသွားကြပေသည်။ ရှိက်သွာန်သည် ၄င်းတို့၏ ကိုယ်စီကိုယ်စီ တွေးခေါ်ထင်မြင်ချက်များနှင့် အခွင့်အာဏာရပ်များကို အမှန်တရားအဖြစ် အတည်ဖြစ်စေရန် ဤသို့ အတိုင်းအတာထိတိုင် ထိုးနှက်ချက်ကို ပြုလိုက်ပေသည်။

كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُوْنَ

(၄င်းတို့အနက် ဂိုဏ်းဂဏ အသီးသီးတို့သည် မိမိတို့၌ရှိသော မူဝါဒလမ်းစဉ်များနှင့်ပင် ကျေနပ်ဝမ်းမြောက် မွေ့လျော်လျက် ရှိနေကြပေသည်။) [၃၀ : ၃၂]

ထို့ပြင် အခြားသောသူများ၏ မှားယွင်းချက်များကိုလည်း ပြသကြပေသည်။ ကေန်စင်စစ် ဤသူများအားလုံးသည် လမ်းလွဲလမ်းမှားခြင်း၏ မှားယွင်းသော လမ်းစဉ်အပေါ်၌ တည်ရှိနေကြပေသည်။

فَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَ الْمِسْكِيْنَ وَابْنَ السَّبِيْلِ

သို့ဖြစ်ပေရာ အသင်သည် သွေးရင်းသားရင်းတို့၏ အခွင့်အရေးကို ပေးဆောင်လော့။ ထို့ပြင် သူဆင်းရဲသားအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း ပေးကမ်းလှူဒါန်းပါလေ။ [၃၀ : ၃၈]

ဤအာယသ်တော်၏ အလျင် အာယသ်တော်အတွင်း၌ 'ရိဇိစားနပ်ရိက္ခာ၏ အမှုကိစ္စသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်အတွင်း၌သာ ရှိကြောင်း၊ လိုလားတော်မူသောသူကို သာပို၍ ချီးမြှင့်တော်မူကြောင်း၊ အချို့သူကို ကျပ်တည်းစေထားတော်မူကြောင်း' ဟူသော အချက်များအား မိန့်တော်မူထားပေသည်။ ယခု တင်ပြပါအချက်မှ 'တစ်ဦးတစ်ယောက်သည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူထားသော စားနပ်ရိက္ခာမှ ၄င်းသည် သုံးသင့်သုံးထိုက်သော၊ လှူဒါန်းသင့် လှူဒါန်းထိုက်သော နေရာများ၌ သုံးစွဲလှူဒါန်းနေခြင်းဖြင့် ၄င်း၏ စားနပ်ရိက္ခာ၌ လျော့နည်းမှုဖြစ်ရှိ၍ မလာပေ။ ထို့ပြင် အကယ်၍ တစ်ဦးတစ်ယောက်သည် လှူဒါန်းသုံးစွဲမှုပြုရန် စေးနဲတွန့်တိုနေကာ မိမိထံ၌ရှိသော အရာများကို စုရုံးထိန်းသိမ်းမှုပြုရန် ကြိုးစားလျက်ရှိနေပါကလည်း ၄င်း၏ ဥစ္စာပစ္စည်းသည် ချောင်လည်ကျယ်ဝန်းမှု ဖြစ်ရှိလာမည် မဟုတ်ပေ။

ထိုတင်ပြပါ အကြောင်းအရင်းနှင့် ဆက်နွယ်မှုကြောင့် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ ကိုသော်လည်းကောင်း၊ (ဟာဇရသ်ဟာစန်းဗဆွိရီးသခင်ကြီး၏ အဆိုအရ) မြွက်ကြားခြင်းခံရသော လူသားတိုင်းအားလည်းကောင်း ပစ္စည်းဥစ္စာရေးရာ၌ ချောင်ချိမှုကို ချီးမြှင့်ပေးထားကာ 'အကြင်ပစ္စည်းဥစ္စာကို အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ချီးမြှင့်ထားကြောင်း၊ ထိုအရာများအတွင်း၌ စေးနဲမှုကို မပြုရကြောင်း၊ သို့သာမက ယင်းပစ္စည်းဥစ္စာများကို သုံးစွဲထိုက်သော ကဏ္ဍများအတွင်းတွင် အလိုက်အသင့်လိုက် သုံးစွဲရမည်ဖြစ်ခြင်းအကြောင်း၊ ထိုကဲ့သို့ သုံးစွဲလျှဒါန်းပေးလိုက်ခြင်းဖြင့် အသင်တို့၏ ဥစ္စာပစ္စည်း၌ လျော့နည်းမှု ပေါ်ပေါက်လာမည်မဟုတ်ကြောင်း' ဟူ၍ လမ်းညွှန်ချက်များကို ပြဌာန်းထားပေသည်။ ထိုအမိန့်တော်နှင့်အတူ ဤအာယသ်တော်အတွင်း၌ ပစ္စည်းဥစ္စာအား လျှဒါန်းသုံးစွဲပေးရမည့် အချို့လူပုဂ္ဂိုလ်အမျိုးအစားတို့အား တင်ပြထားပေသည်။ ဦးစွာပထမ သွေးရင်းသားရင်းများ၊ ဒုတိယအဆင့်အနေဖြင့် သူဆင်းရဲများနှင့် တတိယအဆင့်အနေဖြင့် ခရီးသည်များ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ပစ္စည်းဥစ္စာပစ္စည်းများမှ ၎င်းတို့အပေါ် လျှဒါန်းသုံးစွဲမှုကို ပြုပါ။ တစ်ဆက်တည်းမှာပင် 'ဤသည် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်ရေးဖြစ်ကာ အသင်တို့၏ ပစ္စည်းဥစ္စာများအတွင်း၌ ပါဝင်ထားစေကြောင်း၊ ထို့ကြောင့် ၎င်းတို့အပေါ် လျှဒါန်းသုံးစွဲမှုပြုသော အချိန်၌ ၎င်းတို့အပေါ် ကျေးဇူးတရား ဂုဏ်ဖော်မှုကို တစ်စုံတစ်ရာ ပြုရမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရယူခွင့်ရှိသော သူအား ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ပေးအပ်ခြင်းသည် တရားမျှတမှုက လိုလားသော အချက်ဖြစ်ကြောင်း၊ ကျေးဇူးတရား တစ်စုံတစ်ရာမျှပင် မဟုတ်ကြောင်း' ဟူသော အချက်များကိုလည်း ပြဆိုထားပေသည်။

သွေးရင်းသားရင်း၏ အလိုသဘောမှာ ဆွေမျိုးနီးကပ်သော အရင်းအချာများသော်လည်းကောင်း၊ အခြားသူများသော်လည်းကောင်း ကျယ်ဝန်းခြုံငုံလှစွာသော တော်စပ်မှုဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ (နှောင်းပိုင်းခေတ် အကျယ်ချဲ့ဖွင့်ဆိုထားသော ပညာရှင်ကြီးများ အများစု၏ အဆို) အခွင့်အရေး (ဟပ်က်) ဟူသော စကားလုံး၏ အလိုသဘောမှာလည်း ကျယ်ဝန်းလှပေသည်။ 'အရေးကြီးသော အခွင့်အရေးဖြစ်သည်ဖြစ်စေ၊ ဥပမာ- မိဘနှစ်ပါး၏ အခွင့်အရေး၊ သားသမီးများ၏ အခွင့်အရေးနှင့် အခြားသော ဆွေမျိုးရင်းချာတို့၏ ဝတ္တရားအခွင့်အရေးများ' ဖြစ်သည်ဖြစ်စေ၊ သို့မဟုတ် အပိုကျေးဇူးတရား အခွင့်အရေးများ ပေးခြင်းသည်လည်း ဖြစ်သည်ဖြစ်စေ ပါဝင်ပေသည်။ အခြားသောသူများနှင့် နှိုင်းယှဉ်လျှင် ဆွေမျိုးသားချင်းများအား ချီးမြှင့်ပေးကမ်းခြင်းသည် သာ၍ ကုသိုလ်အကျိုးစဝါးဗ်ကို ရရှိပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် မူဂျာဟိဒ် (ရဟ) သခင်ကြီးသည် 'အကြင်သူ့ထံ၌ လိုလားတောင့်တသော သွေးရင်းသားရင်း ဆင်းရဲသားများရှိကာ ၎င်းသည် ယင်းသားရင်းဆင်းရဲသားများကို ချန်ထားရစ်၍ အခြားသူများကို လျှဒါန်းသုံးစွဲမှုကို ပြုမည်ဆိုလျှင် လက်ခံခြင်းခံရမည်မဟုတ်ကြောင်း' ဟူ၍ မိန့်ဆိုထားပေသည်။ သွေးရင်း၊ သားရင်းများအား ပေးအပ်ရမည့် အခွင့်အရေးသည် ဥစ္စာပစ္စည်း၏ ကူညီစောင်မမှုသာမက ၎င်းတို့၏ သတင်းကို ကြားနာ၍ စုံစမ်းနေခြင်း၊ ကိုယ်ခန္ဓာရေးရာဆိုင်ရာ အလုပ်အကျွေးပြုစုမှုကို ပြုခြင်းနှင့် မည်သည့်အချက်

ကိုမျှ မစွမ်းဆောင်နိုင်မှု၊ အနိမ့်ဆုံးအဆင့်အနေဖြင့် ကိုယ်ချင်းစာတရားထားရှိခြင်းနှင့် ဖြေသိမ့်မှုပေးခြင်းတို့ ဖြစ်ပေသည်။ ပမာဆိုရသော် ဟဇရသ်ဟစန်းသခင်ကြီးသည် 'သွေးရင်းသားရင်းများ၏ အခွင့်အရေးကို ပေးဆပ်ရမည်ဟူခြင်းသည် တတ်စွမ်းကြွယ်ဝသူတို့အဖို့ ဥစ္စာပစ္စည်းကို ပေးကမ်းလှူဒါန်းရပေမည်။ ပစ္စည်းဥစ္စာပေးကမ်းရန် မစွမ်းနိုင်ပါက ကိုယ်ခန္ဓာအား အလုပ်အကျွေးပြုစုပေးရမည့် ပုံစံမျိုး ဖြစ်သည်။ နှုတ်လျှာဖြင့် ဖြေသိမ့်မှုပေးရမည့် ပုံစံမျိုး ဖြစ်ပေသည်' ဟူ၍ မိန့်ဆိုထားပေသည်။ *[ကုရ်သုဗီး]*

သွေးရင်းသားရင်းများ၏နောက် သူဆင်းရဲနှင့် ခရီးသည်တို့၏ ဝတ္တရားများကို ပြဆိုထားပေသည်။ ဤအချက်ကိုလည်း 'အကယ်၍ ဥစ္စာပစ္စည်းကို လှူဒါန်းသုံးစွဲပေးနိုင်ပါက ဥစ္စာပစ္စည်းများကို ပေးကမ်းရမည် ဖြစ်ပြီး၊ မတတ်စွမ်းနိုင်ပါက ကောင်းစွာ ဆက်ဆံရမည့် ပုံစံမျိုးတို့ပင် ဖြစ်သည်' ဟူ၍ ပြဆိုထားပေသည်။

وَمَآ اٰتَيۡتُم مِّن رِّبًا لِّيَرۡبُوَا۟ فِىٓ اَمۡوَالِ النَّاسِ

(စင်စစ် အသင်တို့သည် သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများတွင် ရောစပ်ပါဝင်၍ တိုးပွားပြီးလျှင် အသင်တို့ထံ ရောက်လာရန် ပေးခဲ့သော လက်ဆောင်ပစ္စည်းများမှာ။) *[၃၀ : ၃၉]*

ဤအာယသ်တော်အတွင်း၌ များစွာသော ဆွေမျိုးအသိုင်းအဝိုင်းများနှင့် သွေးရင်းသားတို့၏ ကြား၌ ရေပန်းစားနေသော မကောင်းသော ဓလေ့ဆိုးတစ်ရပ်ကို ပြုပြင်မှုထားပေသည်။ ထိုအချက်မှာ များစွာသော အားဖြင့် မျိုးနွယ်အုပ်စု၌ရှိသော သူတို့သည် အခြားသူများကို အနည်းနှင့်အများမဆို တစ်စုံတစ်ရာကို ပေးဆောင်ကြပေသည်။ 'ထိုသို့ ပေးဆောင်သောသူသည်လည်း ကျွန်ုပ်တို့ အလှည့်ကျချိန်၌ ဓလေ့ထုံးတမ်းအရသာပို၍ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း' ဟူသော အချက်ကို မျှော်လင့်စောင့်စားကာ နေပေသည်။ အထူးသဖြင့် 'နေကာဟ်' မင်္ဂလာဆောင်ပွဲများ၌ ပေးသော အရာများသည်လည်း ဤအထက်ဖော်ပြပါ အခြေအနေမျိုးဖြင့် ပေးကမ်းခြင်းဖြစ်သည်။ မျက်မှောက်ခေတ်ရှိ ဝေါဟာရ၌ ထိုသို့ ပေးကမ်းခြင်းကို 'လက်ဖွဲ့' ဟူ၍ ခေါ်ဆိုကြပေသည်။ ဤအာယသ်တော်အတွင်း၌ 'သွေးသားရင်း ဆွေမျိုးသားချင်းတို့အား အခွင့်အရေးကို ပေးဆောင်ရန် အမိန့်ပေးထားပေသည်။ ပေးကမ်းရာ၌လည်း ဂုဏ်ဖော် အစားပြန်လည် ရယူရန် ဆန္ဒမျိုးကို မပိုက်ထားသည့် အသွင်မျိုးဖြင့်သာ ပေးဆောင်ရန်' လမ်းညွှန်ထားပေသည်။ ထို့ပြင်တဝ အကြင်သူသည် အစားပြန်လည် ရယူလိုသည့် သဘောဆန္ဒမျိုးဖြင့် ပေးဆောင်ပေသည်။ မိမိ၏ ပစ္စည်းသည် အခြားဆွေမျိုးသားချင်းတို့၏ ပစ္စည်းအတွင်း၌ ရောနှောသွားပြီးနောက် သာပို၍ ပြန်လည်ရယူရန်ရှိမှု အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ၎င်း၏အဆင့်နှင့် အကျိုးစဝါးဗ်သည် တစ်စုံတစ်ရာမျှ ရရှိမည်မဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသို့ သာပိုစွာ အခွင့်ကောင်းချိန်၌ ပြန်လည်ရယူခြင်းကို 'ရေဗာ' ဟူသော စကားလုံးဖြင့် သုံးနှုန်းကာ 'ဤသည် အတိုး၏ အသွင်တစ်ရပ်' ဖြစ်ခြင်းဘက်သို့ ညွှန်ပြထားပေသည်။

ဓမ္မသတ် ။ ။ လက်ဆောင်ပေးသောသူသည် ပြန်လည်အစားရယူရန် ရှုမြင်စိတ်ရှိပါက ဤသည် ရှုတ်ချဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်ပေသည်။ အကြင်အချက်ကို ဤအာယသ်တော်အတွင်း၌ တားမြစ်

ထားပေသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်သည် အလိုအလျောက် မိမိ၏ မိတ်ဆွေတစ်ဦးတစ်ယောက်၏ထံမှ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာကို ရရှိလျှင်မူ 'မိမိဘက်မှ ပြန်လည်ပေးအပ်ခြင်း'သည် မွန်ရည်သော စာရိတ္တပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ မွန်ရည်သော စာရိတ္တတော်မှာ 'တစ်ဦးတစ်ယောက်သည် တမန်တော်မြတ် ﷺ အား တစ်စုံတစ်ရာ လက်ဆောင်ပေးခဲ့ပါမူ အခွင့်အခါသင့်သော အချိန်အခါ၌ တမန်တော်မြတ် ﷺ သည် ၎င်းအား ပြန်လည်၍ လက်ဆောင်ပေးအပ်လေ့ ရှိပေသည်။

သို့ရာတွင် ပြန်လည်ပေးအပ်ခြင်းကိုလည်း 'အခြားတစ်ဖက်သားမှ မိမိပေးအပ်သော လက်ဆောင်၏ အစားထင်မှတ်ခံစားသွားလောက်အောင်' ပုံစံမျိုး မဖြစ်စေရ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ أَيْدِي
النَّاسِ لِيُذِيقَهُمْ بَعْضَ الَّذِي عَمِلُوا لَعَلَّهُمْ يَرْجِعُونَ ﴿٤١﴾

၃၀ : ၄၁ ။ ။ လူတို့၏ လက်များသည် (မကောင်းမှုဒုစရိုက်များကို) ရှာဖွေဆည်းပူးခဲ့ကြသောကြောင့် ကုန်းမြေ၌လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ ပျက်စီးမှု (ဘေးဒုက္ခများ) သည် ဖြစ်ပေါ်၍ နေချေပြီ။ နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ၎င်းတို့ ကျင့်မူခဲ့ကြသော ပြစ်မှုအချို့၏ အရသာကို ၎င်းတို့အား မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏ ပြစ်မှုဒုစရိုက်များမှ ကောင်းမှုသုစရိုက်သို့) ပြန်လှည့်ကြပေမည်။

قُلْ سِيرُوا فِي الْأَرْضِ فَانْظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ
مِنْ قَبْلُ كَانَ أَكْثَرُهُمْ مُشْرِكِينَ ﴿٤٢﴾

၃၀ : ၄၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာကြပြီးလျှင်၊ ယခင်က ရှိခဲ့ဖူးကြသော ရှေးသူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို ကြည့်ရှု (လေ့လာ) ကြလေကုန်။ ၎င်းတို့အနက် အများစုမှာမူ 'မုရှ်ရစ်က်' အခြားအရာများကို အလ္လာဟ် အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသူများပင် ဖြစ်ခဲ့ကြကုန်သည်။

فَأَقِمْ وَجْهَكَ لِلدِّينِ
الْقَيِّمِ مِنْ قَبْلِ أَنْ يَأْتِيَ يَوْمٌ لَا مَرَدَّ لَهُ مِنَ اللَّهِ يَوْمَئِذٍ يَصَّدَّعُونَ ﴿٤٣﴾

၃၀ : ၄၃ ။ ။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော် အရွှေ့အပြောင်းမှု မရှိသော နေ့ ဆိုက်ရောက်၍ မလာမီ (အလျင်) မိမိ၏ အာရုံကို ဖြောင့်မတ်မှန်ကန်သော သာသနာပေါ်၌ မြဲမြဲ တည်တံ့စူးစိုက်၍ ထားရှိလေကုန်။ ထိုနေ့တွင် လူတို့သည် တစ်သီးတစ်ခြားစီ ဖြစ်ကုန်ကြပေမည်။

مَنۡ كَفَرَ فَعَلَيۡهِ كُفۡرُهٗ ۚ وَمَنۡ عَمِلَ صَالِحًا فَلِاَنۡفُسِهِمۡ يَمۡهَدُوۡنَ ۙ﴿۴۴﴾

၃၀ း ၄၄ ။ ။ မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့ကြသည် ဖြစ်ပါမူ၊ ၎င်း၏ သွေဖည်မှု (၏ အပြစ်) သည် ၎င်း၏ အပေါ်၌သာ ကျရောက်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ခဲ့ပါမူ ၎င်းတို့သည် မိမိတို့၏ အကျိုးငှာ စီမံဆောင်ရွက်နေခြင်းသာ ဖြစ်သည်။

لِيَجۡزِىَ الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ مِنۡ فَضۡلِهٖ ؕ اِنَّهٗ لَا يُحِبُّ الۡكٰفِرِيۡنَ

၃၀ း ၄၅ ။ ။ သို့မှသာလျှင် ထိုအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့ကြကုန်သော သူများအား၊ မိမိ၏ ကျေးဇူးတော်ဖြင့် (ကောင်းမြတ်သော) အစားကို ပေးတော်မူမည်။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) နှင့် မကောင်းမှု အကုသိုလ်ဒုစရိုက်များသည် ဤမျှခန့် အတိုင်းအတာထိ မကောင်းသော အချက်ဖြစ်သည်မှာ) လူတို့၏ လက်များသည် (မကောင်းမှု ဒုစရိုက်များကို) ရှာဖွေဆည်းပူးခဲ့ကြသောကြောင့် ကုန်းမြေ၌လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၌လည်းကောင်း၊ (ကမ္ဘာတစ်ဝှမ်းလုံး၌) ပျက်စီးမှု (ဘေးဒုက္ခ၊ ကပ်ဆိုက်မှု၊ မိုးခေါင်ရေရှားဖြစ်မှုနှင့် ဘေးဒုက္ခအလုံးစုံ) သည် ဖြစ်ပေါ်နေချေပြီ။ နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ၎င်းတို့ကျင့်မူခဲ့ကြသော (ဒုစရိုက်) ပြစ်မှုအချို့၏ (ပြစ်ဒဏ်) အရသာကို ၎င်းတို့အား မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၎င်းတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များမှ ကောင်းမှုသုစရိုက်ဘက်သို့) ပြန်လှည့်ကြပေမည်။ (ပမာဆိုရသော် အခြားသော အာယသ်တော်တစ်ပိုဒ်တွင်း၌လည်း

وَمَاۤ اَصَابَكُمۡ مِّنۡ مُّصِيۡبَةٍ فَبِمَا كَسَبَتۡ اَيۡدِيۡكُمۡ

စင်စစ် အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့သည် အသင်တို့၏ လက်များက ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ ဖြစ်၏။ [၄၂ း ၃၀]

ဟူ၍ လာရှိထားပေသည်။ ပြစ်မှုအချို့ဟူ၍ မိန့်တော်မူထားရခြင်း၏ အလိုသဘောမှာ 'အကယ်၍ ပြစ်မှုဒုစရိုက်အားလုံးတို့အား အရေးယူရမည်ဆိုပါက တစ်ပြိုင်နက်တည်းအတွင်းမှာပင် တစ်ဦးတစ်ယောက်မျှ အသက်ရှင်လျက် ရှိနိုင်မည်မဟုတ်' ဟူ၍ ဖြစ်သည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားပေသည်။

وَلَوۡ يُؤَاخِذُ اللّٰهُ النَّاسَ بِمَا كَسَبُوۡا مَا تَرَكَ عَلٰى ظَهۡرِهَا مِنۡ دَآبَّةٍ

အမှန်စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် လူတို့အား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြလေသော ပြစ်မှုများကြောင့် ဖမ်းဆီးအရေးယူတော်မူသည်ရှိသော် ကမ္ဘာမြေ၏ ကျောကုန်းထက်ဝယ် လှုပ်ရှားသွားလာသော မည်သည့်သက်ရှိသတ္တဝါကိုမျှပင် ချန်ထားတော်မူမည် မဟုတ်ပေ။ [၃၅ : ၄၅]

ထိုအလိုသဘောကို ထောက်ရှု၍ ရှေ့အာယသ်တော်၌ وَيَعْفُوا عَنْ كَثِيرٍ ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ များစွာသော ပြစ်မှုဒုစရိုက်များကိုမူ အလ္လာဟ်အသျှင်မြတ်သည် ချမ်းသာပလပ်ခွင့်ကို ချီးမြှင့်ပေးထားတော်မူပေသည်။ အချို့သော ပြစ်မှုဒုစရိုက်များကြောင့်သာ ပြစ်ဒဏ်ခတ်ခြင်း ဖြစ်ပေသည်။ အချုပ်သဘောတရားမှာ ပြစ်မှုဒုစရိုက်သည် လုံးဝ ဘေးဗလာတို့၏ ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်မှု 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် 'ကုဖွရ်' (ဖီဆန်ခြင်း) သည် အားလုံးသော ပြစ်မှုတို့ထက် မုချ ပြစ်ဒဏ်ထိုက်ဖွယ်ဖြစ်သော ဒုစရိုက်မှုများ ဖြစ်ပေသည်။)

(အကယ်၍ မုရှိရစ်က်တို့သည် ထိုအချက်အား ယုံကြည်ရန် သံသယဖြစ်နေမူ၊ အို, နဗီတမန်တော်) အသင်သည် ၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာကြပြီးလျှင် ယခင်က ရှိခဲ့ဖူးကြသော (ကာဖိရ်၊ မုရှိရစ်က်) ရှေးသူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို ကြည့်ရှု (လေ့လာ) ကြလေကုန်။ ၎င်းတို့အနက် အများစုမှာမူ မုရှိရစ်က်အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသူများပင် ဖြစ်ခဲ့ကြကုန်သည်။ (သို့ရှိရာ ကြည့်ရှုကြကုန်။ ၎င်းတို့သည် မိုးကောင်းကင်ကျ ပြစ်ဒဏ်ကြောင့် မည်ကဲ့သို့ ပျက်စီးခဲ့ကြသည်ကို အကြင်အချက်မှ ရှရစ်က်သည် ကြီးကျယ်လှစွာသော ဘေးဆိုးဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ အချို့သည် 'ကုဖွရ်' (သွေဖည်ငြင်းဆိုခြင်း) ၏ အခြားသော အမျိုးအစားများအတွင်း၌ နစ်မွန်းနေကြပေသည်။ ဥပမာ- ဟဇရသ်လူးသ္ ﷺ ၏ အမျိုးသားများနှင့် ကာရူးန်တို့ ဖြစ်ပေသည်။ ထို့ပြင် အချို့သူတို့သည် မျောက်များ၊ ဝက်များ ဖြစ်သွားကြကုန်သည်။ အဘယ်ကြောင့်ဆိုသော် သက်သေလက္ခဏာ၊ အာယသ်တော်များအား ငြင်းဆိုခြင်းနှင့် တားမြစ်ချက်များအား ငြင်းဆိုမှုပြုကာ 'ကုဖွရ်' (သွေဖည်ငြင်းဆိုခြင်း) နှင့် ရှုတ်ချဖွယ်အတွင်း၌ နစ်မွန်းသွားပေသည်။ ရှရစ်က်အချက်အား အထူးပြုကာ မိန့်ဆိုထားခြင်းအကြောင်းမှာ မက္ကာဟ်မြို့တော်၌ ရှိသော ကာဖိရ်များ၏ သီးသန့်ကျော်ကြားသော အခြေအနေမှာ ဤအခြေအနေသာလျှင် ဖြစ်၍ ဖြစ်ပေသည်။)

(ရှရစ်က်'သည် မုချ ပြစ်ဒဏ်ကျထိုက်ဖွယ်ဖြစ်ကြောင်း အတည်ပြု၍ ရရှိသွားသောအခါ အို, ကြားနာသူ) သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အရွှေ့အပြောင်းမှု မရှိသောနေ့ ဆိုက်ရောက်၍မလာမီ (အလျင်) မိမိ၏ အာရုံကို ဤဖြောင့်မတ်မှန်ကန်သော (တစ်ပါးတည်း တည်ရှိခြင်းကို ပြသသော အစ္စလာမ်) သာသနာအပေါ်၌ မြဲမြံတည်တံ့ စူးစိုက်၍ ထားရှိလေကုန်။ (ပမာဆိုရသော် ကမ္ဘာလောက၌ သီးသန့်ပြစ်ဒဏ် ချပေးမည်ကို အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့၏ ကတိအပေါ် ဖယ်ရှားပေးတော်မူလေ့ ရှိပေသည်။ ချိန်းဆိုထားသော 'ကေယာမသ်'နေ့သို့ ဆိုက်ရောက်လာပါက

ထိုပြစ်ဒဏ်ကို ဖယ်ရှားပေးမည်မဟုတ်တော့ပေ။ နောင့်နှေးခွင့်ကိုလည်း ပေးမည်မဟုတ်တော့ပေ။ ဤဝါကျ အတွင်း၌ 'ရှရစ်က်'၏ ပြစ်ဒဏ်ကို တာမလွန်ရေးရာ၌ ခံစားရမည့်အကြောင်းကို တင်ပြထားပေသည်။ အထက်ပါ အာယသ်တော်များဖြစ်သည့် ظَهَرَ الْفَسَادُ الخ နှင့် كَيْفَ كَانَ عَاقِبَةُ الخ တို့၌ လောကီ ရေးရာ၏ ပြစ်ဒဏ်အကြောင်းကို တင်ပြထားပေသည်။) ထိုနေ့တွင် လူတို့သည် တစ်သီးတစ်ခြားစီ ဖြစ်ကြ ကုန်ပေမည်။ (ပြုကျင့်ဆောက်တည်သော သူတို့သည် ကြောင်းကျိုးကောင်းဆိုးကို ထောက်ရှု၍ တစ်သီး တစ်ခြားစီ ဖြစ်သွားကြကုန်ပေမည်။)

(ဤသို့သော ပုံစံမျိုးဖြင့်) မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့ကြသည်ဖြစ်ပါမူ ၎င်း၏ သွေဖည်မှု၏ အပြစ်) သည် ၎င်းအပေါ်၌သာ ကျရောက်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို ကောင်းမြတ်သော အကျင့် သီလကို ဆောက်တည်ခဲ့ပါမူ ၎င်းတို့သည် မိမိတို့၏ (သီလ၏) အကျိုးငှာ စီမံဆောင်ရွက်နေခြင်းသာ ဖြစ်သည်။

သို့မှသာလျှင် ထိုအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလ များကို ကျင့်မှုဆောက်တည်ခဲ့ကြကုန်သော သူများအား မိမိ၏ ကျေးဇူးတော်ဖြင့် (ကောင်းမြတ်သော) အစားကို ပေးတော်မူမည်။ (ယင်းအချက်မှ ကာဖိရ်တို့သည် လက်မဲ့ဖြစ်နေပေမည်။ ပမာဆိုရသော် အထက် ၌ فَعَلَيْهِ كُفْرُهُ မှ သိရှိခဲ့ပြီးဖြစ်သည်။ အကြင်ကဲ့သို့ ဖြစ်ရခြင်း အကြောင်းမှာ) ဧကန်စင်စစ် ထိုအသျှင် မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။ (သို့သာမက ထိုသူတို့၏ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) အပေါ် အမျက်တော်ရှိနေပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ظَهَرَ الْفَسَادُ فِى الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ اَيْدِى النَّاسِ

လူတို့၏ လက်များသည် မကောင်းမှု ဒုစရိုက်များကို ရှာဖွေဆည်းပူးခဲ့ကြသောကြောင့် ကုန်းမြေ၌ လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၌လည်းကောင်း ကမ္ဘာတစ်ဝှမ်းလုံး၌ ပျက်စီးမှုဘေးဒုက္ခများသည် ဖြစ်ပေါ်နေချေပြီ။ *[၃၀ း ၄၁]*

ရှုဟုလ်မအာနီဟူသော အကျယ်ချဲ့ဖွင့်ဆိုထားသော ကျမ်း၌ 'ပျက်စီးမှု' ၏ အလိုသဘောဟူသည် 'ကပ်ဆိုက်ခြင်း၊ ရောဂါဝေဒနာများအဖြစ် များလာခြင်း၊ အရာတိုင်းမှ 'ဗရ်ကာသ်' (မင်္ဂလာ) ရုပ်သိမ်းခံရခြင်း၊ အကျိုးပြုသော အရာများ ရှားပါးလာခြင်းနှင့် ဘေးတွေ့စေသော အရာများ ပေါများလာခြင်းတို့' ဖြစ်သည် ဟူ၍ တင်ပြထားသည်။ ဤတင်ပြလျက်ရှိနေသော အာယသ်တော်မှ 'ဤလောကီရေးရာ၌ ဘေးဒုက္ခ ကျရောက်လာခြင်း၏ အကြောင်းခံသည် လူသားတို့၏ ပြစ်မှုဒုစရိုက်များနှင့် မကောင်းသော အကျင့်အမှု တို့ဖြစ်ကြောင်း၊ အကြင်ပြစ်မှုများအတွင်း၌ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုခြင်း) နှင့် 'ရှရစ်က်' (တုဖက် နိူင်းယှဉ်ခြင်း) တို့သည် အဆိုးရွားဆုံးသော ပြစ်မှုများဖြစ်ကြောင်းနှင့် ယင်းပြစ်မှုများ၏ နောက်၌မှသာ အခြားသော ပြစ်မှုများဖြစ်ကြောင်း' ကို သိရှိရပေသည်။

ဤစာစဉ်အကြောင်းအရာ၏ အရမိုသဘောကိုပင် အခြားသော အာယသ်တော်၌လည်း ဤသို့ မိန့်တော်မူထားပေသည်။

وَمَا أَصَابَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُوا عَن كَثِيرٍ

စင်စစ် အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့တို့သည် အသင်တို့၏ လက်များက ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ ဖြစ်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် များပြားစွာသော ပြစ်မှုများကို ခွင့်လွှတ်ပေးသနားတော်မူခဲ့၏။ [၄၂ : ၃၀]

အလိုသဘောမှာ ဤလောကီရေးရာဘဝ၌ ကျရောက်လာသော ဘေးဗလာများ၏ မူရင်းအကြောင်းခံသည် အသင်တို့၏ ပြစ်မှုဒုစရိုက်များသာ ဖြစ်ပေသည်။ ကမ္ဘာလောက၌ ပြစ်မှုဒုစရိုက်များ၏ ပြည့်ဝသော ပြစ်ဒဏ်ဆိုးကျိုးများကို မပေးထားသကဲ့သို့ ဒုစရိုက်တိုင်းအားလည်း အရေးမယူထားပေ။ သို့သာမက များစွာသော ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်မှုပြုပေးထားပေသည်။ အချို့အချို့သော ပြစ်မှုဒုစရိုက်များအပေါ်၌သာ ဖမ်းဆီးအရေးယူတော်မူပြီး ဘေးဆိုး၊ ဒဏ်ဆိုးများကို လွှတ်ပေးလေ့ရှိပေသည်။ အကယ်၍ ပြစ်မှုဒုစရိုက်တိုင်းအပေါ် ကမ္ဘာလောက၌ ဘေးဒုက္ခ သက်ရောက်လာမည်ဆိုပါက ကမ္ဘာမြေပထဝီပေါ်၌ လူသားတစ်ဦးတစ်ယောက်မျှပင် ကျန်ရှိမည်မဟုတ်ပေ။ သို့ရာတွင် များစွာသော ပြစ်မှုဒုစရိုက်များကိုမူ အလ္လာဟ်အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးကာ ခွင့်မလွှတ်သော ပြစ်မှုဒုစရိုက်ကိုလည်း ပြည့်ပြည့်ဝဝ ပြစ်ဒဏ်ကို မခတ်ပေ။ သို့သာမက အနည်းငယ်သော ပြစ်ဒဏ်ကိုသာလျှင် မြည်းစမ်းစေထားပေသည်။

لِيُذِيقَهُم بَعْضَ الَّذِي عَمِلُوا

(နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ၎င်းတို့ ကျင့်မူကြသော ပြစ်မှုအချို့၏ အရသာကို ၎င်းတို့အား မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။)

ထို့နောက် ဆက်လက်၍ မိန့်တော်မူထားသည်မှာ မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကြောင့် ကမ္ဘာလောကသို့ ပို့ဆောင်ထားသော ပြစ်ဒဏ်တို့ကို စမ်းစစ်ကြည့်ရှုမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်နှင့် ရက်ရောမှုတို့သာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောက၌ ဘေးဒုက္ခအား ရင်ဆိုင်စေရခြင်း၏ ရည်ရွယ်ချက်မှာ မေ့လျော့နေသော လူသားတို့အား သတိပေးရန်နှင့် မိမိတို့၏ ပြစ်မှုဒုစရိုက်များနှင့် ဖီဆန်မှုတို့မှ ရပ်ဆိုင်းသွားစေရန် ဖြစ်သည်။ အကြင်အချက်သည် နောက်ဆုံးအချိန်တွင် ၎င်းတို့အဖို့ အကျိုးပြု၍ ကြီးမားသော စည်းစိမ်တစ်ရပ် ဖြစ်ပေသည်။ ပမာဆိုရသော် အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် ဤသို့ အမိန့်ရှိထားတော်မူသည်။

لَعَلَّهُمْ يَرْجِعُونَ

(သို့မှသာလျှင် ၎င်းတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များမှ ကောင်းမှုသုစရိုက်ဘက်သို့ ပြန်လှည့်ကြပေမည်။) [၃၀ : ၄၁]

ကမ္ဘာလောကၡ ရင်ဆိုင်တွေ့ကြုံနေရသော ဘေးဥပါဒ်များသည် လူသားတို့၏ ပြစ်မှုဒုစရိုက်များကို အခြေခံ၍ ဖြစ်ပေါ်နေရခြင်းအကြောင်း

ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် အကြင်လူသားသည် ပြစ်မှုဒုစရိုက်တစ်စုံတစ်ရာကို ကျူးလွန်ပါက ၄င်းသည် စကြဝဠာတစ်ဝှမ်းလုံး၌ရှိသော လူသားများ၊ ခြေလေးချောင်းသတ္တဝါများ၊ ကျင်လည် ကျက်စားသော သတ္တဝါများနှင့် ပျံသန်းသော သတ္တဝါများအပေါ် မတရားသမှုပြုလိုက်ခြင်းပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်း၏ ပြစ်မှုဒုစရိုက် ဆိုးကျိုးကြောင့် ကမ္ဘာလောကအတွင်းဝယ် သက်ရောက်လာသော ဘေးဆိုးဒဏ်ကျိုး အမျိုးမျိုးနှင့် မိုးခေါင်ရေရှား ကပ်ဆိုက်ခြင်းတို့ကြောင့် သက်ရှိသတ္တဝါတို့အားလုံးသည် ဆူးရှသက်ရောက်ခြင်းကို ခံကြရပေသည်။ ထို့ကြောင့် 'ကေယာမဒ်' နေ့၌ ဤအထက်ဖော်ပြပါ သတ္တဝါများအားလုံးသည် ဒုစရိုက်မှုကျူးလွန်သော လူသားနှင့် ဆန့်ကျင်စွာ တရားစွဲဆိုကြပေလိမ့်မည်' ဟူ၍ မိန့်တော်မူထားကြပေသည်။

ရှကီးက်ဇာဟီဒ် (ရဟ) သခင်ကြီးက အောက်ပါအတိုင်း အမိန့်ရှိထားပေသည်။ 'ဟရာမ်' ပစ္စည်းစားသောက်သူသည် ဤပစ္စည်းအား မတရားသဖြင့် ရယူထားသူအပေါ်၌သာ မတရားသမှု ပြုရုံသာမက စကြဝဠာတစ်ဝှမ်းလုံးရှိ လူသားတို့အပေါ်၌ မတရားသမှု ပြုခြင်းပင် ဖြစ်သည်။ *[ရူးဟ်]*

အဘယ်ကြောင့်ဆိုသော် ပထမအချက်သည်မှု တစ်ဦး၏ မတရားသမှုကြောင့် အခြားသူများ၏ အတွင်းမှာပင် မတရားသမှုပြုခြင်း၏ လေ့ထုံးစံသည် စွဲငြိ၍ သွားလေသည်။ ဤမတရားသမှုပြုခြင်း၏ ကွင်းဆက်ဆိုးကျိုးသည် ခပ်သိမ်းကုန်သော လူကျင့်ဝတ်အပေါ် လွှမ်းခြုံသွားပေသည်။ ဒုတိယအချက်မှာ ၄င်း၏ မတရားသမှုကြောင့် ကမ္ဘာလောက၌ ဘေးဗလာဒုက္ခများ ဆိုက်ရောက်လာပေသည်။ အကြင်ဒုက္ခဆိုးများအား အားလုံးသော လူသားတို့သည် ကြုံဆုံတွေ့ခံစားရပေသည်။

ဓားဒဏ်တစ်ရပ်နှင့် ၄င်း၏အဖြေ

စစ်မှန်သော ဟဒီးစ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ ၏ ကမ္ဘာလောကသည် မုအ်မင်န်တို့အဖို့ အကျဉ်းထောင်ဖြစ်၍ ကာဖိရ်များအဖို့ 'ဂျန္နသ်' ဖြစ်ကြောင်း' ဟူသော မိန့်ခွန်းချက်များ လာရှိထားပေသည်။ ဤသို့ ဖြစ်ရခြင်းအကြောင်းမှာ ကာဖိရ်များအဖို့ ၄င်းတို့၏ ကုသိုလ်ကောင်းမှု၏ အစားသည် ဤကမ္ဘာလောက၌မှာပင် ပစ္စည်းဥစ္စာနှင့် ကျန်းမာရေးကောင်းခြင်း၏ အသွင်ဖြင့် ချီးမြှင့်ခြင်း ခံရပေမည်။ မုအ်မင်န်တို့၏ ကုသိုလ်အကျိုး၏ အစားသည် နောင်တမလွန် 'အာခေရသ်' အတွက် စုဆောင်းခြင်း ခံထားရပေသည်။ မုအ်မင်န်၏ ဥပမာသည် ဤကမ္ဘာလောက၌ နူးညံ့သော ကိုင်းတစ်ကိုင်းကဲ့သို့ ဖြစ်သည်။ လေများသည် ယင်းအကိုင်းအား တစ်ခါတစ်ရံ ဤဘက်သို့ တစ်ခါတစ်ရံ ထိုဘက်သို့ ယိမ်းကာ လှုပ်ရှားယမ်းစေပေသည်။ တစ်ခါတစ်ရံ တည့်မတ်စွာ ထားရှိပေးကာ နောက်ဆုံး ယင်းအခြေအနေ၌မှာပင် ၄င်းသည် ကမ္ဘာလောကမှ စွန့်ခွာသွားပေသည်။ ထို့အပြင် အခြားတစ်ချက်မှာ

اشد النّاس بلاء الانبياء ثم الامثل فالأمثل

(ကမ္ဘာလောက၌ ဘေးဗလာဒုက္ခများသည် နဗီတမန်တော်များအပေါ်၌ အများဆုံး ကျရောက်ခဲ့ပေသည်။ တစ်ဖန် ၄င်းတို့နှင့် နီးကပ်သောသူများ၊ ယင်းနောက်တစ်ဖန် ထိုနီးကပ်သော သူများနှင့် နီးကပ်သောသူများအပေါ် ကျရောက်ခဲ့ပေသည်။)

ဤအထက်ဖော်ပြပါ မှန်ကန်သော ဟဒီးစ်တော်များအားလုံးသည် ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် အာယသ်တော်၏ စာစဉ်သဘောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေပေသည်။ ကမ္ဘာလောက၌ များသောအားဖြင့် မြင်တွေ့နေရသော အချက်သည်လည်း များသောအားဖြင့် မုအ်မင်န်၊ မွတ်စ္စလင်မ်တို့သည် ကျပ်တည်းမှု ဒုက္ခအတွင်း၌ ရှိနေကြောင်း'ကို မြင်တွေ့ရပေသည်။ အကယ်၍ တင်ပြပါအာယသ်တော်နှင့် ကိုက်ညီစွာ ရှုမြင်သုံးသပ်မည်ဆိုပါက လောကီရေးရာ၌ ရင်ဆိုင်ကြုံတွေ့နေရသော ဘေးဆိုးများသည် ပြစ်မှုဒုစရိုက်တို့ကြောင့် ဖြစ်မည်ဆိုပါက အမှုကိစ္စသည် ပြောင်းပြန်ဖြစ်၍ နေမည်သာ ဖြစ်ပေသည်။

ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေမှာ ဤသို့ ဖြစ်သည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ပြစ်မှုဒုစရိုက်များကို ဘေးဒုက္ခများ၏ အကြောင်းခံအဖြစ် မုချ ပြဆိုထားပေသည်။ 'တစ်ဦးတစ်ယောက်အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်လာလျှင်သော်လည်းကောင်း၊ ဘေးဒုက္ခဆိုက်ရောက်ခြင်းခံရသူသည် မုချ ဒုစရိုက်မှုကို ကျူးလွန်သူဟူ၍လည်းကောင်း'ဟူသော ပြည့်ဝသည့် အကြောင်းခံအချက်အဖြစ် အမိန့်မရှိထားပေ။ သို့ရာတွင် ကမ္ဘာလောက၌ ဖြစ်ပေါ်ကြုံတွေ့နေရသော များသောအားဖြင့် အကြောင်းခံများ၏ ဓလေ့သဘောမှာ 'အကြောင်းခံဖြစ်ပေါ်တည်ရှိပြီးနောက် ကြောင်းကျိုးတရားသည် များသောအားဖြင့် ဖြစ်ပေါ်သွားတတ်ပေသည်။ တစ်ခါတစ်ရံ အခြားသော အကြောင်းခံတစ်ရပ်သည် ၄င်း၏ ကြောင်းကျိုးတရား ပေါ်လွင်ထင်ဟပ်နေခြင်းမှ အဟန့်အတားဖြစ်နေပေရာ ထိုအကြောင်းခံ၏ ကြောင်းကျိုးတရားသည် မထင်ရှား၊ မပေါ်ထွန်းလာပေ။ ဥပမာ- ဝမ်းနုတ်ဆေး၊ ဝမ်းပျော့သော ဆေးဝါးနှင့် စပ်လျဉ်း၍ ၄င်းဖြင့် ဝမ်းသွားလိမ့်မည်'ဟု ပြောဆိုခြင်းသည် မိမိ၏ နေရာ၌ မှန်ကန်ပေသည်။ သို့ရာတွင် အချို့သော အချိန်အခါမျိုး၌ အခြားသော ဆေးဝါး၊ အစာအဟာရနှင့် လေဓါတ် အစရှိသော အရာတို့ကြောင့် ဝမ်းမသွားခြင်းလည်း ရှိပေသည်။ အဖျားဖြတ် ဆေးဝါးများသည် အချို့သော အချိန်အခါမျိုး၌ ဤသို့သော ကြားခံအရာများ ရောက်ရှိလာတတ်ခြင်းကြောင့် ထိုဆေးဝါးများ၏ အစွမ်းသည် မသက်ရောက်တတ်ပေ။ အိပ်ဆေးများ သောက်သုံး၍ အိပ်မပျော်ခြင်းများ ရှိတတ်ပေသည်။ အကြင်ကဲ့သို့ ထောင်ပေါင်းများစွာသော ဥပမာများကို ကမ္ဘာလောက၌ အမြဲလိုလို မြင်တွေ့နေရပေသည်။

ထို့ကြောင့် အာယသ်တော်၏ ရလဒ်သဘောတရားမှာ ပြစ်မှုဒုစရိုက်များ၏ မူရင်းအစွမ်းတရား သက်ရောက်ခြင်းသည် ဘေးဗလာဒုက္ခများ ကျရောက်လာခြင်း ဖြစ်သည်။ သို့ရာတွင် အချို့အချိန်အခါမျိုး၌ အခြားသော ဆန့်ကျင်ဘက်အကြောင်းတရားများ စုရုံးလာရောက်ခြင်းကြောင့် ဘေးဗလာဒုက္ခများ မကျရောက်ခြင်းမျိုးလည်း ရှိတတ်ကြောင်း'ဟူ၍ ဖြစ်ပေသည်။ အချို့သော အခြေအနေများ၌ ပြစ်မှုဒုစရိုက်ကို ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိပါဘဲလည်း ဒုက္ခအခက်အခဲ ကျရောက်ခြင်းသည်

ထိုအထက်ပါ အကြောင်းအရာနှင့် ဆန့်ကျင်မနေပါ။ အဘယ်ကြောင့်ဆိုသော် မကျူးလွန်ဘဲနှင့်လည်း ဘေးဒုက္ခတစ်စုံတစ်ရာ မဆိုက်ရောက်ကြောင်း' ဟူ၍ အာယသ်တော်၌ အဓိပ္ပါယ်မရှိထားသောကြောင့် ဖြစ်သည်။

သို့သာမက တစ်ဦးတစ်ယောက်ထံသို့ ဘေးဒုက္ခ တစ်စုံတစ်ရာသည် အခြားသော အကြောင်းခံတို့ဖြင့်လည်း ဆိုက်ရောက်တတ်ပေသည်။ ဥပမာ– နဗီတမန်တော်များနှင့် ဝလီသူတော်စင်များထံ ဆိုက်ရောက်လာသော ဘေးဒုက္ခများသည် ပြစ်မှုဒုစရိုက်တို့ကြောင့် မဟုတ်ဘဲ စမ်းစစ်မှုတို့အတွက် ဆိုက်ရောက်လာပေသည်။ စမ်းစစ်မှုကို အကြောင်းပြု၍ ၎င်းတို့အဖို့ အဆင့်အတန်းမြင့်မားရခြင်း၏ အကြောင်းအတွက် ဖြစ်သွားပေသည်။

ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်သည် အကြင်ဘေးဗလာ၊ ဒုက္ခဆိုးများကို ပြစ်မှုဒုစရိုက်များ၏ အကြောင်းခံများအဖြစ် သတ်မှတ်ပေးထားပေသည်။ ထိုဘေးဆိုးတို့၏ အလိုသဘောမှ မည်သည့်လူသားနှင့် တိရစ္ဆာန်တစ်ကောင်ကောင်မျှပင် ရှောင်ရှား၍ မရနိုင်သော ကမ္ဘာတစ်ဝှမ်းလုံး သို့မဟုတ် မြို့တစ်မြို့လုံး သို့မဟုတ် ရပ်ရွာတစ်ခုလုံးတို့အပေါ် ကျရောက်လာတတ်သော ဘေးဆိုးများ ဖြစ်ပေသည်။ ဤကဲ့သို့သော ဘေးဆိုးများ ဖြစ်ပေသည်။ ဤကဲ့သို့သော ဘေးဆိုး၊ ရန်ဆိုးများ ကျရောက်လာတတ်ခြင်း၏ များသောအားဖြင့် အကြောင်းခံသည် လူတို့၏ ကြားဝယ် ပြစ်မှုဒုစရိုက်များ များပြားလာခြင်း၊ အထူးသဖြင့် ပြစ်မှုဒုစရိုက်များကို ပေါ်လွင်ထင်ရှားစွာ ပြုလုပ်သော အချိန်အခါမျိုး၌ ဖြစ်ပေသည်။ ပုဂ္ဂိုလ်ရေးရာ တစ်ဦးတစ်ယောက်အဖို့ ရင်ဆိုင်တွေ့ကြုံရသော ဘေးဒုက္ခမှာ အထက်ဖော်ပြပါ ပုံသေနည်းမျိုးဖြင့် မဟုတ်ပေ။ သို့သာမက ထိုကဲ့သို့သော ဘေးဗလာ ဒုက္ခများသည် တစ်ခါတစ်ရံ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် စမ်းစစ်ရန်အတွက် ချပေးရာ ၎င်းသည် စမ်းစစ်မှုအတွင်း၌ ပြည့်ဝစွာ အောင်မြင်သွားသည်ဆိုလျှင် နောင်တမလွန်၌ ၎င်း၏ အဆင့်အတန်းများ သာပို၍ မြင့်မားစေခြင်း၏ အကြောင်းခံ ဖြစ်သွားပေသည်။ ဤဘေးဒုက္ခသည် စင်စစ်၌ ၎င်းအဖို့ ကရုဏာတော်နှင့် စည်းစိမ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ပုံစံမျိုးဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဘေးဒုက္ခတစ်စုံတစ်ရာအတွင်း နစ်မွန်းနေသည်ကို တွေ့မြင်က '၎င်းသည် လွန်စွာ ကျူးလွန်သော ဒုစရိုက်မှုပြုသူဟူ၍ မဆိုနိုင်ပေ။ ဤကဲ့သို့ပင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သာယာဝပြောသော အခြေအနေဖြင့် တွေ့မြင်ကာ '၎င်းသည် အလွန် မွန်မြတ်သောသူ' ဟူ၍လည်း မဆိုနိုင်ပေ။ သို့သာမက အများဆိုင် ဘေးဗလာဒုက္ခများဖြစ်သော ဥပမာ– မိုးခေါင်ရေရှားကပ်ဆိုက်ခြင်း၊ လေပြင်းမုန်တိုင်းများ ကျရောက်ခြင်း၊ ကပ်ဘေးဒုက္ခရောဂါများ၊ ပစ္စည်းများ ရှားပါးခြင်း၊ အရာဝတ္ထုများမှ 'ဗရ်ကသ်'မင်္ဂလာ ရုပ်သိမ်းခြင်း ခံရခြင်း အစရှိသော အချက်များသည် များသောအားဖြင့် လူတို့၏ ပေါ်လွင်ထင်ရှားကာ ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်းနှင့် ပုန်ကန်သမှုကို အကြောင်းခံကြောင့် ဖြစ်ပေသည်။

အကျိုးထူး ။ ။ ဟဇရသ်ရှားဟ်ဝလီယုလ္လားဟ် (ရဟ) သခင်ကြီးသည် ဟုဂ်ျဂျသုလ်လားဟိလ်ဗားလိဂါးဟ်ကျမ်း၌ ဤသို့ အဓိပ္ပါယ်ရှိထားပေသည်။ ဤကမ္ဘာလောက၌ရှိသော ကောင်းခြင်းနှင့် ဆိုးခြင်း၊

ဒုက္ခနှင့် သုခ၊ ခက်ခဲမှုနှင့် လွယ်ကူမှုတို့၌ အကြောင်းခံများသည် နှစ်ရပ်ရှိပေသည်။ ပထမတစ်ရပ်မှာ အပေါ်ယံအကြောင်းခံဖြစ်၍ ဒုတိယတစ်ရပ်မှာ အတွင်းပိုင်းအကြောင်းခံတို့ ဖြစ်ပေသည်။ အပေါ်ယံအကြောင်းခံများမှ လူသားတို့အကြောင်းခံဟူ၍ ထင်မှတ်တွေ့မြင်နေရသော အရာများပင် ဖြစ်ပေသည်။ အတွင်းပိုင်းအကြောင်းခံများမှာ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များ၊ ထိုပြုမူဆောင်ရွက်ချက်များအပေါ် အခြေခံမူတည်၍ ကောင်းကင်တမန်တော်များ၏ ကူညီစောင်မခြင်း၊ သို့မဟုတ် ၎င်းတို့၏ ကျိန်စာနှင့် ရွံရှာမုန်းတီးမှုတို့ ဖြစ်ပေသည်။ ပမာဆိုရသော် ကမ္ဘာလောက၌ မိုးရွာသွန်းခြင်း၏ အကြောင်းခံများသည် အဆင့်ဆင့်ပါမောက္ခများနှင့် အတွေ့အကြုံရင့်ကျက်သော သူတို့ထံ၌ ပင်လယ်သမုဒ္ဒရာရေပြင်မှ ထကြွသွားလျက်ရှိသော ရေခိုးရေငွေ့များသည် အပေါ်ယံလေထုအတွင်းသို့ ရောက်ရှိကာ ခဲသွားခြင်း၊ တစ်ဖန် နေပူရှိန်ကြောင့် ပျော်ဝင်ကာ ရွာချလိုက်ခြင်းတို့ ဖြစ်ပေသည်။ သို့ရာတွင် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအတွင်း၌ ထိုအချက်များကို ကောင်းကင်တမန်တော်များ၏ လုပ်ရပ်ဟူ၍ ပြဆိုထားပေသည်။ ဇကန်စင်စစ် ယင်းအချက်နှစ်ရပ်စလုံး၌ ဆန့်ကျင်ဘက် သဘောတရား တစ်စုံတစ်ရာမျှ မရှိပေ။ အရာတစ်ခု၏ အကြောင်းခံများသည် အမျိုးမျိုး ဖြစ်ရှိနိုင်ပေသည်။ ထို့ကြောင့် အပေါ်ယံအကြောင်းခံများသည် ဤအထက်ဖော်ပြပါ ပုံစံမျိုးများ ဖြစ်နိုင်ပေသည်။ အတွင်းပိုင်းအကြောင်းခံများသည် ကောင်းကင်တမန်တော်များ၏ ပြုမူဆောင်ရွက်ချက်များ ဖြစ်ပေသည်။ ဤနှစ်မျိုးနှစ်စားသော အကြောင်းခံများ စုရုံးသွားသည်ဆိုလျှင် မျှော်လင့်လိုအပ်ချက်နှင့်အညီ မိုးသည် ရွာသွန်းလာပေမည် ဖြစ်ပေသည်။ အကြင်နေရာ၌ ဤအချက်နှစ်ရပ်စလုံး၌ စုစည်းမှုမရှိပါက ထိုနေရာ၌ မိုးရွာသွန်းရန် အဟန့်အတား အနှောင့်အယှက်ရှိကောင်း ရှိနိုင်ပေသည်။

ဟဇရတ်ရှားဟ်ဆွာဟိဗ် (ရဟ) သည် ဤသို့ ဆက်လက်၍ မိန့်တော်မူထားပေသည်။ ဤကဲ့သို့ပင် ကမ္ဘာလောက၌ ရင်ဆိုင်ကြုံတွေ့နေရသော ဘေးဗလာဒုက္ခများ၏ အချို့မူရင်း ဓလေ့သဘာဝအရ ဖြစ်လေ့ဖြစ်ထ ရှိသော အကြောင်းခံများလည်း ရှိပေသည်။ အကြင်အကြောင်းခံများသည် ကောင်းသူ၊ မကောင်းသူကိုမှ မကြည့်ရှုပေ။ မီးသည် လောင်ကျွမ်းရန်အတွက် ဖြစ်သည်။ ထိုမီးသည် ခွဲခြားမှုမရှိဘဲ သူတော်ကောင်း၊ သူယုတ်မာအားလုံးတို့ကို လောင်ကျွမ်းစေလိုက်မည် ဖြစ်ပေသည်။ သို့ရာတွင် သီးသန့်မိန့်မြွက်ချက်ကို အကြောင်းခံ၍ လောင်ကျွမ်းခြင်းကို ရပ်သိမ်းထားသော အချိန်၌ မလောင်ကျွမ်းပေ။ ဥပမာ- နမ်ရူးဒ်ဘုရင် ရှို့ထားသော မီးသည် ဟဇရတ်အီဗ်ရာဟီးမ် عليه السلام ကို မလောင်ကျွမ်းဘဲ သာယာငြိမ့်ညောင်းသော နေရာ ဥယျာဉ်တစ်ခုအဖြစ် ဖန်တီးပေးလိုက်ပေသည်။ ရေသည် လေးလံသော အရာကို နစ်မြုပ်စေမည်သာ ဖြစ်သည်။ ၎င်းသည် ဤအလုပ်ကိုသာ ပြုလုပ်မည်ဖြစ်သည်။ ဤကဲ့သို့ပင် အခြားသော ဓါတ်ကြီးများသည်လည်း သီးသန့်အလုပ်များအတွက် ဖြစ်ပေသည်။ ၎င်းတို့သည် မိမိတို့အဖို့ အပ်နှင်းခြင်းခံရသော အလုပ်များအတွင်း၌သာ ဆောင်ရွက်နေပေသည်။ ဤဓလေ့သဘောရှိသည့် အကြောင်းခံများသည် လူသားတစ်ဦးတစ်ယောက် အဖို့ လွယ်ကူသက်သာစေသော အချက်အဖြစ် ဖန်တီးပေးနိုင်သကဲ့သို့ အခြားတစ်ဦးတစ်ယောက်အဖို့ ဘေး ဥပါဒ်အသွင်အဖြစ်လည်း ဖန်တီးပေးနိုင်ပေသည်။

ထိုအပေါ်ယံ အကြောင်းများကဲ့သို့ပင် ဘေးဥပါဒ်တရားများနှင့် ကြောင်းကျိုးတရားများ၊ သက်သာလွယ်ကူချောင်ချိမှုတို့၌ အကျိုးအကြောင်းတရား သက်ရောက်စေသော အရာများသည် လူတို့၏ ကောင်းသော မကောင်းသော အပြုအမူများ ဖြစ်ပေသည်။ အပေါ်ယံနှင့် အတွင်းဟူသော အကြောင်းခံနှစ်ရပ်စလုံးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ သက်သာချောင်ချိမှု၊ လွယ်ကူဝမ်းမြောက် စည်းစိမ်ခံမှုတို့၌ စုရုံးသွားသည်ဆိုလျှင် ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်တို့အဖို့ ကမ္ဘာလောက၌မှာပင် ပြည့်ဝသွားသော စည်းစိမ်သုခကို ရရှိပေသည်။ ဤအချက်အား လူတိုင်းသည် ရှုမြင်သုံးသပ်နိုင်ပေသည်။ ယင်းအချက်နှင့် ဆန့်ကျင်စွာ အကြင်သူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အတွက် မူရင်းဗီဇသဘော သဘာဝတရား အကြောင်းခံများသည် ဘေးဒုက္ခကို ယူဆောင်လာကာ ၄င်း၏ ပြုမူဆောင်ရွက်ချက်များသည်လည်း ဘေးဗလာဒုက္ခတို့ကို လိုလားသော အရာများဖြစ်မူ ၄င်းတို့အဖို့လည်း ဘေးဒုက္ခသည် ပြည့်ဝစွာ ရရှိပေသည်။ အကြင်အချက်ကိုလည်း အများသူငှာတို့သည် မြင်တွေ့နေရပေသည်။

အချို့သော အချိန်အခါမျိုး၌ မူရင်းသဘာဝတရား ထားရှိသော အကြောင်းခံများသည် ဘေးဗလာဒုက္ခများကို ယူဆောင်စုရုံးထားရှိသော အခြေအနေမျိုး ဖြစ်နေပေသည်။ သို့ရာတွင် ၄င်း၏ ကောင်းမြတ်သော အကျင့်သီလများသည် အတွင်းပိုင်းအသွင်အရ သက်သာချောင်ငြိမ်းချမ်းမှုကို လိုလားနေပေသည်။ ဤကဲ့သို့သော ပုံစံမျိုး၌ ဤအတွင်းပိုင်းဆိုင်ရာ အကြောင်းခံများသည် ၄င်း၏ အပေါ်ယံဘေးဒုက္ခများကို ဝေးကွာစေခြင်း၌သော်လည်းကောင်း၊ သို့မဟုတ် နည်းပါးအောင် ပြုခြင်း၌သော်လည်းကောင်း အသုံးပြုသွားပေသည်။ ၄င်း၏ စည်းစိမ်ယစ်မူးခြင်းနှင့် သက်တောင့်သက်သာစွာ နေထိုင်ရန်သည် ပြည့်ဝစွာ ရှေ့မှောက်သို့ မရောက်ရှိလာတော့ပေ။ ဤကဲ့သို့ပင် အထက်ဖော်ပြပါ ပုံစံနှင့် ပြောင်းပြန် အချို့သောအချိန်အခါမျိုး၌ မူရင်းဗီဇသဘောသဘာဝအရ သက်သာချောင်ချိမှုကို လိုလားနေသော အကြောင်းခံများသည် ရှိနေပေသည်။ သို့ရာတွင် အတွင်းပိုင်းဆိုင်ရာ အကြောင်းခံများဖြစ်သည့် ၄င်း၏ မကောင်းသော ပြုမူဆောင်ရွက်ချက်များကြောင့် ဘေးဒုက္ခများကို ယင်းအကြောင်းခံများသည် လိုလားနေပေသည်။ သို့ဆိုလျှင်လည်း ယင်းဆန့်ကျင်ဘက်နှစ်ရပ်၏ လိုလားချက်ကြောင့် သက်သာချောင်ချိမှုသည်လည်း ပြည့်ဝစွာ မပေါ်လွင်လာသကဲ့သို့ ဘေးဒုက္ခအလုံးစုံသည်လည်း ၄င်းအား မဝိုင်းရံထားတော့ပေ။

ဤကဲ့သို့ပင် အချို့သော အချိန်အခါမျိုး၌ ဗီဇမူရင်းဓါတ် သဘောသဘာဝရှိသော အကြောင်းခံများသည် အဆင့်အတန်းမြင့်မားသော နဗီတစ်ပါးကိုသော်လည်းကောင်း၊ ရစူလ်တစ်ပါးကိုသော်လည်းကောင်း အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ဝလီသူတော်စင်တစ်ပါးကိုသော်လည်းကောင်း၊ မသင့်လျော် မလျော်ကန်သော အချက်အဖြစ်နှင့် ၄င်းတို့အား စမ်းစစ်ရန်အလို့ငှာလည်း အသုံးပြုတတ်ပေသည်။ ဤအထက်တင်ပြပါ အကျယ်ချဲ့ရှင်းလင်းချက်ကို နားလည်သဘောပေါက်သွားသည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် တင်ပြပါဟဒီးစ်တော်များ၏ အချင်းချင်းကြား ဆက်စပ်မှုနှင့် အလိုသဘောတစ်ရပ်တည်းရှိကြောင်းမှာ ရှင်းလင်းသွားပေမည်။ စောဒကနှင့် သံသယဖြစ်ဖွယ်အချက်များသည်လည်း ပပျောက်သွားပေမည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

ဘေးဒုက္ခဆိုက်ရောက်ချိန်၌ စမ်းစစ်၊ စမ်းသပ်ခြင်းလော့၊ သို့မဟုတ် ပြစ်ဒဏ်ခတ်ခြင်းလော့၊ ယင်းအချက်နှစ်ချက်ကြား ကွဲပြားခြားနားမှု

ဘေးဗလာဒုက္ခများကို အကြောင်းခံ၍ အကြင်သူတို့အား ၎င်းတို့ပြုကျင့်ခဲ့သော ဒုစရိုက်မှုတို့ကြောင့် အချို့သော ပြစ်ဒဏ်ကို ခတ်လိုက်ပေသည်။ ထို့ပြင် အကြင်မွန်မြတ်သော သူတို့ကို ၎င်းတို့၏ အဆင့်အတန်း မြင့်မားစေရန်အတွက်သော်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များ၏ လျော်ကြေးအဖြစ်သော်လည်းကောင်း စမ်းစစ်မည့်သဘောမျိုးဖြင့် ဘေးဒုက္ခအတွင်းသို့ နစ်မွန်းစေလိုက်ပေသည်။ ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် ယင်းအချက်နှစ်ရပ်စလုံးသည် တစ်မျိုးတည်း ဖြစ်နေပေသည်။ ထိုအချက်နှစ်ရပ်ကြား ကွဲပြားခြားနားမှုကို မည်ကဲ့သို့ သိရှိရပေမည်နည်း။ ထိုအချက်အား သိမြင်မှုကို ရှားဟ်ဝလီယွလ္လာဟ် (ရဟ) သခင်ကြီးသည် ဤသို့ ရေးသားထားပေသည်။ ကောင်းမွန်သော သူမွန်သူမြတ်တို့အား စမ်းစစ်စမ်းသပ်သော နည်းအားဖြင့် ဘေးဒုက္ခအတွင်း၌ နစ်မွန်းနေသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နှလုံးသားအား တည်ငြိမ်အေးချမ်းမှုကို ပြုပေးလိုက်တော်မူပေသည်။ ၎င်းတို့သည် ယင်းဒုက္ခအပေါင်း ပြည့်နှက်သော ပူပန်မှုများကို ရောဂါသည်တစ်ဦးသည် ခါးသောဆေးနှင့် ခွဲစိတ်မှုတို့၏ အကျင့်အမူ ဒုက္ခကို သိရှိနေသည့်ကြားကပင် ဝမ်းမြောက်မှုဖြစ်ရှိနေရုံသာမက အခကြေးငွေပေးဆောင်ကာ အသနားခံမှုများပင် ပြုနေသောလူမမာပင်ဖြစ်ပေသည်။ အထက်ပါပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ကာ ပြစ်ဒဏ်၊ ဒုက္ခအတွင်း၌ နစ်မွန်းလျက်ရှိနေသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်သောသူများ၏ ပူဆွေးမှု သောကရောက်ကြောင်းကို ထုတ်ဖော်ပြောဆိုမှုသည် အတိုင်းအတာဘောင်၏ အပြင်သို့ ရောက်ရှိနေပေသည်။ အချို့သော အချိန်အခါမျိုး၌ ကျေးဇူးတရား ကင်းမဲ့ကာ 'ကုဖွ်ရ်' ထိုက်စေသော စကားလုံးများကိုပင် ပြောဆိုကြပေတော့သည်။

ဟာဇရသ်ထာနဝီသခင်ကြီးသည် ကွဲပြားခြားနားချက်တစ်ရပ်ကို ဤသို့လည်း ပြဆိုထားပေသည်။ အကြင်ဒုက္ခနှင့်အတူ လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ အာရုံစူးစိုက်ကာ မိမိ၏ ပြစ်မှုဒုစရိုက်များအပေါ် သတိမူကာ 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) နှင့် 'အိစ်သေဂ်ဖားရ်' (လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းဆိုခြင်း) ၏ ဘက်သို့ သာပို တပ်မက်မှုရှိပါက 'ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမျက်တော်ရှခြင်း၏ လက္ခဏာမဟုတ်ဘဲ ပေးကမ်းရက်ရောခြင်း၏ လက္ခဏာတော်ပင် ဖြစ်ပေသည်။ ထို့ပြင်တဝ အကြင်သူတစ်ဦးသည် ဤအထက်ဖော်ပြပါ ပုံစံကဲ့သို့မဟုတ်ဘဲ မြည်တမ်းမှု၊ ပြစ်မှုဒုစရိုက်အတွင်း၌ နောက်ထပ် သာပို၍ နစ်မွန်းနေမှု ဤသည် အလ္လာဟ်အသျှင်မြတ် အမျက်တော်ရှခြင်း၏ လက္ခဏာတစ်ရပ် ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمِنْ ءَايَٰتِهِۦٓ أَن يُرْسِلَ ٱلرِّيَاحَ مُبَشِّرَٰتٍ وَلِيُذِيقَكُم مِّن رَّحْمَتِهِۦ وَلِتَجْرِىَ
ٱلْفُلْكُ بِأَمْرِهِۦ وَلِتَبْتَغُوا۟ مِن فَضْلِهِۦ وَلَعَلَّكُمْ تَشْكُرُونَ ﴿٤٦﴾

၃၀ : ၄၆ ။ ။ စင်စစ် ထိုအသျှင်မြတ်သည် ရှေ့ပြေးသတင်းကောင်းအဖြစ်လည်းကောင်း၊ အသင်တို့အား မိမိကရုဏာ (ကျေးဇူး) တော်၏ အရသာကို မြည်းစမ်းစေတော်မူရန်အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ရွက်သင်္ဘော များသည် (ပင်လယ်သမုဒ္ဒရာ၌) သွားလာနိုင်ကြရန် အလို့ငှာလည်းကောင်း၊ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော် (တည်းဟူသော စားနပ်ရိက္ခာ) ကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြရန် အလို့ငှာလည်းကောင်း (မိုးမရွာမီ) လေများကို စေလွှတ်တော်မူခြင်းသည် (လည်း) အသျှင်မြတ်၏ (တန်ခိုးတော်) သက်သေ လက္ခဏာများအနက်မှ (တစ်ပါး) အပါအဝင် ဖြစ်ပေသည်။

وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ رُسُلًا إِلَىٰ قَوْمِهِمْ فَجَآءُوهُم
بِٱلْبَيِّنَٰتِ فَٱنتَقَمْنَا مِنَ ٱلَّذِينَ أَجْرَمُوا۟ ۖ وَكَانَ حَقًّا
عَلَيْنَا نَصْرُ ٱلْمُؤْمِنِينَ ﴿٤٧﴾

၃၀ : ၄၇ ။ ။ (၎င်းပြင် အို၊ နဗီတမန်တော်) ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အလျင် (မြောက်မြားစွာသော) ရစူလ်တမန်တော်များအား၊ ၎င်းတို့၏ အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ၎င်း (ရစူလ်တမန်တော်) တို့သည် ၎င်း (အမျိုးသား) တို့ထံသို့ ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြကုန်၏။ ထို့နောက် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်ကြကုန်သော သူတို့အား လက်စားချေတော်မူခဲ့၏။ စင်စစ် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ကူညီစောင်မတော်မူခြင်းသည် ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်တော်မူပေသည်။

ٱللَّهُ ٱلَّذِى يُرْسِلُ ٱلرِّيَٰحَ
فَتُثِيرُ سَحَابًا فَيَبْسُطُهُۥ فِى ٱلسَّمَآءِ كَيْفَ يَشَآءُ وَيَجْعَلُهُۥ
كِسَفًا فَتَرَى ٱلْوَدْقَ يَخْرُجُ مِنْ خِلَٰلِهِۦ ۖ فَإِذَآ أَصَابَ بِهِۦ
مَن يَشَآءُ مِنْ عِبَادِهِۦٓ إِذَا هُمْ يَسْتَبْشِرُونَ ﴿٤٨﴾

၃၀ : ၄၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် လေများကို စေလွှတ်တော်မူ၏။ ထိုအခါ ၎င်းလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြ၏။ ထို့နောက် ထိုအသျှင်မြတ်သည် (တစ်ခါတစ်ရံ) ယင်းမိုးတိမ်များကို မိမိအလိုရှိတော်မူသည့်အတိုင်း၊ မိုးကောင်းကင်၌ ဖြန့်တော်မူ၏။ (တစ်ခါတစ်ရံ) ထိုအသျှင် မြတ်သည် ယင်းမိုးတိမ်များကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်တော်မူ၏။ ထို့နောက် အသင်သည် ယင်းမိုးတိမ်များ၏ အကြားမှ

မိုးရေ (ကျလာသည်) ကို တွေ့မြင်ရလေ၏။ ထို့နောက် ထိုအသျှင်မြတ်သည် ယင်းမိုးရေကို မိမိ၏ ကျွန်များအနက် မိမိအလိုရှိတော်မူသော သူတို့၏ထံသို့ သက်ရောက်စေတော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် ဝမ်းမြောက်ပျော်ရွှင်ကြကုန်၏။

وَإِن كَانُوا مِن قَبْلِ أَن يُنَزَّلَ عَلَيْهِم مِّن قَبْلِهِ لَمُبْلِسِينَ ﴿٤٩﴾

၃၀ : ၄၉ ။ ။ အမှန်စင်စစ် ၎င်းတို့သည် (ယင်းကဲ့သို့) ဝမ်းမြောက်မှု မရှိမီ၊ ထိုမိုးမရွာမီက အမှန်ပင် မျှော်လင့်ချက်ကင်းမဲ့လျက် ရှိခဲ့ကြကုန်၏။

فَانظُرْ إِلَىٰ آثَارِ رَحْمَتِ اللَّهِ كَيْفَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا ۚ
إِنَّ ذَٰلِكَ لَمُحْيِي الْمَوْتَىٰ ۖ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٥٠﴾

၃၀ : ၅၀ ။ ။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော် (တည်းဟူသော မိုးရွာသွန်းခြင်း) ၏ အမှတ်လက္ခဏာများကို ကြည့်လော။ ထိုအသျှင်မြတ်သည် ယင်းပထဝီမြေကို (ခြောက်သွေ့) သေလွန်ပြီးနောက် မည်သို့မည်ပုံ ရှင်စေတော်မူခဲ့ပါသနည်း။ ကေန်မလွဲ ထိုအသျှင်မြတ်သည်ပင် သူသေတို့အား ရှင်စေတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَئِنْ أَرْسَلْنَا رِيحًا فَرَأَوْهُ مُصْفَرًّا لَّظَلُّوا مِن بَعْدِهِ يَكْفُرُونَ ﴿٥١﴾

၃၀ : ၅၁ ။ ။ သို့ရာတွင် အမှန်ပင် အကယ်၍သာ ငါအသျှင်မြတ်သည် (အခြားသော) လေ (ပူ၊ လေကြမ်း) တစ်မျိုးကို စေလွှတ်တော်မူ၍ ၎င်းတို့သည် (မိမိတို့၏) ထိုလယ်ယာကို ဝါ (ကြန်ကြန်၊ ဝါဖန်ဖန်ဖြစ်) ၍ (ခြောက်သွေ့) နေသည်ကို တွေ့မြင်ခဲ့ကြပါလျှင်၊ ၎င်းတို့သည် ထို (သို့ ဝါသွားသည့်) နောက်ပိုင်းတွင် အမှန်ပင် ကျေးဇူးကန်းကြကုန်ပေမည်။

فَإِنَّكَ لَا تُسْمِعُ الْمَوْتَىٰ وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ ﴿٥٢﴾

၃၀ : ၅၂ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) ကေန်အမှန် အသင်သည် သူသေတို့အား ကြားစေနိုင်သည် မဟုတ်ပေ။ ထို့နည်းတူစွာ အသင်သည် နားပင်သူတို့အားလည်း ၎င်းတို့ ကျောခိုင်းလှည့်ပြန်သွားကြသောအခါ၊ ဟစ်ခေါ်သံကို ကြားစေနိုင်သည် မဟုတ်ပေ။

وَمَا أَنتَ بِهَادِ الْعُمْيِ عَن ضَلَالَتِهِمْ ۖ إِن تُسْمِعُ إِلَّا مَن يُؤْمِنُ بِآيَاتِنَا فَهُم مُّسْلِمُونَ ﴿٥٣﴾

၃၀ : ၅၃ ။ ။ ထို့ပြင် အသင်သည် မျက်စိကန်းသူတို့အား ၎င်းတို့၏ လမ်းလွဲခြင်းမှ (ကယ်တင်ရန်အလို့ငှာ) တရားလမ်းမှန်ကို ပြသနိုင်မည် မဟုတ်ပေ။ အသင်သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်၍ (အမိန့်တော်များကို) နာခံသော သူတို့ကိုသာလျှင် ကြားစေနိုင်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ထိုအသျှင်မြတ်သည် (မိုးမရွာမီအလျင် မိုးရွာသွန်းရန် လေကို) ရှေ့ပြေးသတင်းကောင်း အဖြစ်လည်းကောင်း၊ (ထိုလေကို စေလွှတ်ပေးခြင်းသည် အချက်တစ်ချက်သည်မှ အသင်တို့ ဝမ်းမြောက် ပျော်ရွှင်ရန်အတွက် ဖြစ်ပေသည်။ ထို့ပြင်တဝ လေတိုက်ပြီးနောက် မိုးရွာသွန်းခြင်းသည်) အသင်တို့အား မိမိ (၏ ဤ) ကရုဏာ (ကျေးဇူး) တော် (မိုး) ၏ အရသာကို မြည်းစမ်းစေတော်မူရန်အလို့ငှာလည်းကောင်း၊ (မိုးရေ၏ အကျိုးအမျိုးမျိုးကို ရက်ရောစွာ ပေးကမ်းတော်မူရန် ဖြစ်သည်။ (ထို့ပြင် ရှေ့ပြေးလေကို တိုက်ခတ် စေခြင်းသည် ထိုလေတိုက်ခတ်ခြင်းကို အကြောင်းခံ၍ မာလိန်မှူးသည်) ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ရွက်သင်္ဘောများသည် (ပင်လယ်သမုဒ္ဒရာ) ၌ သွားလာနိုင်ကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော် (တည်းဟူသော စားနပ်ရိက္ခာ) ကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း၊ (လေ၊ သင်္ဘောများ သွားလာနိုင်ခြင်းနှင့် စားနပ်ရိက္ခာ ရှာဖွေခြင်းနှစ်ရပ်စလုံးသည် လေတိုက်ခတ်ခြင်းမှ ရရှိပေသည်။ ပဌမအချက်မှာ အကြောင်းခံမဲ့နှင့် ဒုတိယအချက်မှာ လေ့ အစရှိသော အကြောင်းခံတို့ဖြင့် ဖြစ်ပေသည်။) အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြရန်အလို့ငှာလည်းကောင်း၊ (မိုးမရွာမီ) လေများကို စေလွှတ်တော်မူခြင်းသည် (လည်း) အသျှင်မြတ်၏ (တန်ခိုးတော်) သက်သေလက္ခဏာများအနက် (မှ) တစ်ပါးအပါအဝင် ဖြစ်ပေသည်။

(ထိုအထက်ဖော်ပြပါ ပြည့်ဝစုံလင်သော အထောက်အထားများနှင့် ပြည့်စုံသာပိုသော စည်းစိမ် တော်များအပေါ်၌လည်း ဤမုရှ်ရစ်က်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားတော်များကို ကန်းကြ ပေသည်။ ဆိုလိုသည်မှာ 'ရှရစ်က်' (တဖက်နှိုင်းယှဉ်မှုကို ပြုလုပ်ခြင်း)၊ ရစူလ်တမန်တော်အား ဆန့်ကျင်ဘက် ပြုလုပ်ခြင်းနှင့် မုအ်မင်န်တို့အား ဒုက္ခပေးခြင်း အစရှိသည်တို့ ဖြစ်ပေသည်။ ထိုသို့ဆိုလျှင် အသင်သည် ထိုအချက်အပေါ် ပူဆွေးသောက မရောက်ရှိလေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် များမကြာမီအတွင်း ၄င်းတို့အား အစားယူတော်မူပေမည်။ ယင်းသို့ အစားယူတော်မူရာ၌ ၄င်းတို့အား ရှုံးနိမ့်စေတော်မူ၍ မှန်ကန်သောသူတို့အား လွှမ်းမိုးအောင်နိုင်မှုကို ပေးတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ ပေသည်။ ပမာဆိုရသော် အလျင်ကလည်း ဤသို့ပင် ရှိခဲ့ပေသည်။ သို့ရှိရာ ၄င်းပြင် အို၊ နဗီတမန်တော်) ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အလျင် (မြောက်မြားစွာသော) ရစူလ်တမန်တော်များအား ၄င်းတို့ ၏ အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ၄င်း (ရစူလ်တမန်တော်) တို့သည် ၄င်း (အမျိုးသား) တို့ထံ (အမှန်တရားအား ထောက်ခံအတည်ပြုခြင်း၏) ထင်ရှားစွာသော သက်သေလက္ခဏာတော်များနှင့် တကွ ရောက်ရှိလာခဲ့ကြကုန်၏။ (အကြင်လက္ခဏာများကို ကြည့်ရှုကာ အချို့သူတို့သည် အီမာန်ကို ရယူ လက်ခံကြ၍ အချို့သည် လက်မခံကြပေ။) ထို့နောက် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်ကြကုန်သော သူတို့အား လက်စားချေတော်မူခဲ့၏။ (ထိုပြစ်မှုများမှာ အမှန်တရားကို ငြင်းဆိုခြင်းနှင့် မှန်ကန်သော သူတို့ အား ဆန့်ကျင်ဘက်ပြုလုပ်ခြင်းပင် ဖြစ်သည်။ ယင်းသို့ လက်စားချေတော်မူရာ၌ ငါအသျှင်မြတ်သည်

ဌင်းတို့အား ဖိနှိပ်ရှုံးနိမ့်စေတော်မူ၍ အီမာန်ရှင်များကို အနိုင်ပေးတော်မူလိုက်ပေသည်။) စင်စစ် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ကူညီစောင်မတော်မူခြင်းသည် ငါအသျှင်မြတ်၏ (ကတိစလေ့တော်နှင့် အညီ) တာဝန်ပင် ဖြစ်တော်မူပေသည်။ (ဤသို့ ကလဲ့စား ရယူတော်မူခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချမှတ်ပေးသော ပြစ်ဒဏ်ဖြစ်ပေသည်။ ယင်းသို့ ပြစ်ဒဏ်ချမှတ်ပေးရာတွင် ကာဖိရ်များသည် ပျက်စီးသွား၍ သို့မဟုတ် ရှုံးနိမ့်သွားရပေသည်။ မွတ်စ္စလင်မ်များ လွတ်မြောက်မှု ရရှိသွားခြင်းသည် ဌင်းတို့၏ အောင်နိုင်မှုပင် ဖြစ်သည်။ အချုပ်သဘောမှာ ဤကဲ့သို့သော နည်းဖြင့် ကာဖိရ်များအား ဤကမ္ဘာလောက၌ဖြစ်စေ၊ ကွယ်လွန်သေဆုံးပြီးနောက်၌ဖြစ်စေ ကလဲ့စားကို ရယူတော်မူပေမည်။ ဤဖြေသိမ့်မှုပေးသော စာစဉ်အကြောင်းအရာသည် ရှေ့နှင့်နောက် ဝါကျတို့နှင့် ဆက်စပ်မှုမရှိသော ဝါကျဖြစ်ပေသည်။)

ရှေ့၌ လေများကို ရှေ့ပြေးအဖြစ် စေလွှတ်ခြင်း၏ အကျိုးကျေးဇူး အချုပ်သဘောတရား၏ အကျယ်ချဲ့ သဘောတရားကို တင်ပြထားပေသည်။) အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အကြင်ကဲ့သို့ (စွမ်းဆောင်နိုင်ကာ အမြော်အမြင်နှင့် ပြည့်စုံတော်မူပြီး ချီးမြှင့်ပေးသနားတော်မူသော) အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် လေများကို စေလွှတ်တော်မူ၏။ ထိုအခါ ဌင်းလေများသည် (တစ်ခါတစ်ရံ ထိုလေများ၏ အလျင် အခိုးအငွေ့များဖြစ်ကာ ပျံတက်သွားသည်။ တစ်ခါတစ်ရံ ထိုရေခိုးရေငွေ့များသည် မိုးတိမ်များကို အာကာသဟင်းလင်းပြင် သို့မဟုတ် မြေပထဝီမှ) သယ်ဆောင်၍ သွားကြ၏။ ထို့နောက် ထိုအသျှင်မြတ်သည် (တစ်ခါတစ်ရံ) ယင်းမိုးတိမ်များကို မိမိအလိုရှိတော်မူသည့်အတိုင်း မိုးကောင်းကင် (ဟင်းလင်းပြင် လေထုအတွင်း) ၌ ဖြန့်တော်မူ၏။ (တစ်ခါတစ်ရံ) ထိုအသျှင်မြတ်သည် ယင်းမိုးတိမ်များကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်တော်မူ၏။

(ဖြန့်တော်မူခြင်း၏ အလိုသဘောမှာ စုရုံးကာ အဝေးထိတိုင် ဖြန့်ကျဲစေတော်မူခြင်း ဖြစ်ပေသည်။ ဌင်းနောက် كَيْفَ يَشَاءُ (မိမိအလိုရှိတော်မူသည့်အတိုင်း) ၏အလိုသဘောမှာ တစ်ခါတစ်ရံ အနည်းငယ် ဝေးကွာသည့် အတိုင်းအတာထိတိုင်၊ တစ်ခါတစ်ရံ လွန်စွာ ဝေးကွာသော အတိုင်းအတာအထိတိုင် ဖြစ်ပေသည်။ كِسَفًا အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခြင်း၏ အလိုသဘောမှာ စုစည်းစွာ မတည်ရှိဘဲ ဖြန့်ကျဲစွာ တည်ရှိခြင်း ဖြစ်ပေသည်။) ထို့နောက် (တစ်ဖန် အခြေအနေနှစ်ရပ်စလုံး၌) အသင်သည် ယင်းမိုးတိမ်များ၏ အကြားမှ မိုးရေ (ကျလာသည်) ကို တွေ့မြင်ရလေ၏။ (စုရုံးထားပြီးဖြစ်သော မိုးတိမ်များမှ မိုးရွာချခြင်းသည် များသောအားဖြင့် ဖြစ်ပေသည်။ အချို့သော ရာသီဥတုများ၌ မိုးရေသည် များသောအားဖြင့် ပြန့်နှံ့လျက်ရှိနေသော မိုးတိမ်တိုက်များမှ ရွာချခြင်း ဖြစ်ပေသည်။) ထို့နောက် ထိုအသျှင်မြတ်သည် (မိုးတိမ်များ၏ ကြားမှ ထွက်ပြီးနောက်) ယင်းမိုးရေကို မိမိ၏ ကျွန်များအနက် မိမိအလိုရှိတော်မူသော သူတို့ထံ သက်ရောက်စေတော်မူသောအခါ ဌင်းတို့သည် ရုတ်တရက် ချက်ချင်းပင် ဝမ်းမြောက်ပျော်ရွှင်ကြကုန်၏။

အမှန်စင်စစ် ဌင်းတို့သည် (ယင်းကဲ့သို့) ဝမ်းမြောက်မှုမရှိမီ ထိုမိုးမရွာမီက အမှန်ပင် (လုံးဝ) မျှော်လင့်ချက်ကင်းမဲ့လျက် ရှိခဲ့ကြကုန်၏။ (ယခုပင် မျှော်လင့်ချက်ကင်းမဲ့ကြကာ ယခုပင် ရုတ်ချည်း

ဝမ်းမြောက်ပျော်ရွှင်သွားခဲ့ရပါ၏။ 'လူသားတို့၏ သဘောသဘာဝသည် ဤကဲ့သို့သော အခြေအနေ၌ အလွန်လျင်မြန်စွာ ပြောင်းလဲသွားကြောင်း' ကို ရှုမြင်နိုင်ပေသည်။

သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော် (တည်းဟူသော မိုးရွာသွန်းခြင်း၏) အမှတ်လက္ခဏာများကို (အနည်းငယ်) ကြည့်လော့။ ထိုအသျှင်မြတ်သည် (ထိုမိုး၏ အကြောင်းခံဖြင့်) ယင်းပထဝီမြေကို (ခြောက်သွေ့) သေလွန်ပြီးနောက် မည်သို့မည်ပုံ (လန်းဆန်းစိုပြေ) ရှင်စေတော်မူခဲ့ပါသနည်း။ ဤအချက်သည် စည်းစိမ်အဖြစ် ချီးမြှင့်ခြင်းနှင့် တစ်ပါးတည်း တည်ရှိကြောင်း၏ အထောက်အထားအပြင် 'အလ္လာဟ်အသျှင်မြတ်သည် သေဆုံးစေပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်းအပေါ် ပြည့်ဝစွာ စွမ်းဆောင်နိုင်ကြောင်း ရှိခြင်း' ၏ အထောက်အထားလည်း ဖြစ်ပေသည်။ အထက်ပါ ရှင်းလင်းချက်မှ သိရှိရသည်မှာ အကြင်အသျှင်မြတ်သည် ခြောက်သွေ့သော မြေပထဝီကို ရှင်သန်အောင် ပြုပေးတော်မူပေသည်။) ဧကန်မလွဲ ထိုအသျှင်မြတ်သည်ပင်လျှင် သူသေတို့အား ရှင်စေတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏။ (သို့ရှိရာ ဦးနှောက်အတိုင်းအတာအရ ဖြစ်နိုင်ခြင်းမှာ အချက်နှစ်ချက်စလုံး၌ တန်းတူဖြစ်ရှိခြင်း၊ ဇာတိတော်အသျှင်မြတ်၏ စွမ်းဆောင်နိုင်ခြင်းသည် ထိုအချက်နှစ်ရပ်စလုံးအပေါ် တန်းတူဖြစ်နိုင်ခြင်း၊ ရှုမြင်တွေ့နေရသော လောက၌လည်း လုပ်ငန်းရပ်နှစ်ရပ်စလုံးသည် တစ်သမတ်တည်း ဖြစ်နိုင်ခြင်း၊ အချက်များအားလုံးသည် 'သေပြီးနောက် မည်သို့ ရှင်ပြန်ထနိုင်အံ့နည်း' ဟူသော မဖြစ်နိုင်သော အချက်ကို ဝေးကွာအောင် ပြသသော အချက်ပင် ဖြစ်ပေသည်။) ၄င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ဤသေပြီးနောက် ရှင်ရသည့် အကြောင်းအရာသည် ခြောက်သွေ့သော မြေပြင်ကို စိုစွတ်အောင်ပြုပေးခြင်းနှင့် လိုက်ဖက်ညီစွာ တင်ပြလာသော အချက်ဖြစ်သောကြောင့် ဆက်စပ်မှုမရှိသော ကြားခံဝါကျ ဖြစ်ပေသည်။)

သို့ရာတွင် (ရှေ့၌ တစ်ဖန် မိုးနှင့် လေများနှင့် စပ်လျဉ်းသော အကြောင်းအရာများကို တင်ပြထားပေသည်။ အကြင်အကြောင်းအရာများအတွင်း၌ မေ့လျော့သောသူများ၏ ကျေးဇူးတရား မသိရှိခြင်း အကြောင်းများ ပါဝင်ပေသည်။ ဆိုလိုသည်မှာ မေ့လျော့သောသူများသည် မတရားသူများနှင့် ကျေးဇူးမသိတတ်သူများ ဖြစ်ကြပေရာ ဤမျှခန့် ကြီးကျယ်လှစွာသော 'နေ့အ်မသ်' စည်းစိမ်တော်များကို ခံစားပြီးနောက်) အမှန်ပင် အကယ်၍သာ ငါအသျှင်မြတ်သည် (အခြားသော) လေ (ပူ၊ လေကြမ်း) တစ်မျိုးကို စေလွှတ်တော်မူ၍ ၄င်းတို့သည် (မိမိတို့၏) ထိုလယ်ယာကို ဝါ (ကြန့်ကြန့်၊ ဝါဖန့်ဖန့်ဖြစ်) ၍ (ခြောက်သွေ့ကာ စိုပြေမှု ပျောက်သည်ကို) တွေ့မြင်ခဲ့ကြပါမူ ၄င်းတို့သည် ထို (သို့ ဝါသွားသည့်) နောက်ပိုင်းတွင် အမှန်ပင် ကျေးဇူးကန်းကြကုန်ပေမည်။ (လွန်လေပြီးသော ကာလက ပြုထားပေးသော ကျေးဇူးတရားများအားလုံးကို မေ့လျော့ပစ်လိုက်ကြပေသည်။)

(သို့ဖြစ်ပေရာ ၄င်းတို့၏ မေ့လျော့မှုနှင့် ကျေးဇူးတရား မသိတတ်မှု၏ အတင့်ရဲမှုသည် ဤမျှခန့် အဆင့်ထိတိုင် ရောက်ရှိလာလေရာ ထိုအချက်မှ '၄င်းတို့သည် လုံးဝ ခံစားမှုကင်းမဲ့ကာ မတုန်မလှုပ်သော သူများ' ဟူ၍ အတည်ပြုနိုင်ပေသည်။ သို့ရှိရာ ၄င်းတို့ အီမာန်မရယူကြောင်းနှင့် စဉ်းစားတွေးခေါ်မှု မရှိ

ကြောင်းအပေါ် ဝမ်းနည်းနေခြင်းသည် အလဟဿ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အို, နဗီတမန်တော်) ကေန်အမန် အသင်သည် သူသေတို့အား ကြားစေနိုင်သည် မဟုတ်ပေ။ ထိုနည်းတူစွာ အသင်သည် နားပင်းသူတို့အားလည်း (အထူးသဖြင့်) ၄င်းတို့ (ကျောခိုင်းလှည့်ပြန်သွားသောအခါ (၄င်းတို့သည် အရိပ်အမြွက်ပြသမှုကို တွေ့မြင်နိုင်မည်လည်း မဟုတ်။) ဟစ်ခေါ်သံကို ကြားစေနိုင်သည် မဟုတ်ပေ။

ထို့ပြင် (ဤကဲ့သို့ပင်) အသင်သည် (ဤသို့သော မျက်စိကန်းသူတို့အား (မျက်မြင်၏ နောက်သို့ မလိုက်သောသူများ) ၄င်းတို့၏ လမ်းလွဲခြင်းမှ (ကယ်တင်ရန်အလို့ငှာ တရားလမ်းမှန်ကို ပြသနိုင်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ ဤသူတို့သည် အသိအာရုံနှင့် ရှင်ခြင်းကင်းမဲ့သော သူများပမာ ဖြစ်ကြပေသည်) အသင်သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်၍ (အမိန့်တော်များကို) နာခံသော သူတို့ကို သာလျှင် ကြားစေနိုင်ပေသည်။ (ဤအထက်ဖော်ပြပါ သူများသည် သေသူ၊ မျက်ကန်းနှင့် နားကန်းသော သူများပမာ ဖြစ်ပေရာ တစ်ဖန် ၄င်းတို့ထံမှ အီမာန်၏ မက်ကို မထားပေနှင့်။ သောကလည်း မဝေဖြာလေနှင့်)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

فَانْتَقَمْنَا مِنَ الَّذِيْنَ اَجْرَمُوْا وَكَانَ حَقًّا عَلَيْنَا نَصْرُ الْمُؤْمِنِيْنَ

ထို့နောက် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်ကြကုန်သော သူတို့အား လက်စားချေတော်မူခဲ့၏။ စင်စစ် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား ကူညီစောင်မတော်မူခြင်းသည် ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်တော်မူပေသည်။ *[၃၀ : ၄၇]*

ဤအာယသ်တော်မှ (မုအ်မင်န်) များအား ကူညီတော်မူခြင်းကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကရုဏာတော် ကျေးဇူးတော်၏ တာဝန်ပုံစံမျိုးဖြင့် ယူထားတော်မူကြောင်းကို သိရှိရပေသည်။ ထိုအာယသ်တော်မှ 'မွတ်စ္စလင်မ်တို့သည် ကာဖိရ်များနှင့် ယှဉ်ပြိုင်ရာတွင် မည်သည့်အခါမျှ မရှုံးနိမ့်ရန် ဖြစ်သည်။ ဧကန်စင်စစ် များစွာသော ဖြစ်အင်များသည် ယင်းအချက်နှင့် ဆန့်ကျင်နေပေသည်။ ဖြစ်လည်းဖြစ်နေပေသည်' ဟူ၍ ပြင်ပသဏ္ဍာန်အားဖြင့် လိုလားချက်သည် ပေါ်ပေါက်နေပေသည်။ ထိုအချက်၏ အဖြေသည် ယင်းအာယသ်တော်အတွင်းမှာပင် ရှိပေသည်။ မုအ်မင်န်တို့၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်၏ လမ်း၌ စစ်ခင်းသောသူများ ဖြစ်ပေသည်။ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက် စစ်ဆင်နွှဲကြပေသည်။ ဤကဲ့သို့သောသူများနှင့် စပ်လျဉ်း၍သာ ကာဖိရ်များ၏ထံမှ၊ အပြစ်ရှိသူများ၏ ထံမှ ကလဲ့စားကို ရယူထားပေသည်။ ထိုစစ်သည်တော်များကို လွှမ်းမိုးအောင်နိုင်မှုအားလည်း ချီးမြှင့်ပေးသနားထားတော်မူပေသည်။ အကြင်မည်သည့်နေရာတစ်နေရာ၌ ယင်းအချက်နှင့် ဆန့်ကျင်သော ပုံစံတစ်ရပ်ကို တွေ့မြင်ပါက များသောအားဖြင့် စစ်သည်တော်များကို ရှုံးနိမ့်စေခြင်းကို ဖြစ်ပေါ်စေသော အားနည်းချက်အကြောင်းခံတစ်ရပ် ရှိပေလိမ့်မည်။ ပမာတင်ပြရမည်ဆိုသော် 'အုဟုဒ်' စစ်ပွဲနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်းတွင်

إِنَّمَا اسْتَزَلَّهُمُ الشَّيْطَانُ بِبَعْضِ مَا كَسَبُوا

စင်စစ်မှာ ရှိုက်သွာန်သည် ထိုသူတို့ ပြုကျင့်ခဲ့သော အချို့ပြုမူချက်များကြောင့်ပင် ထိုသူတို့ကို ခြေချော်အော် ပြုလုပ်ခဲ့ပေပြီ။ [၃ း ၁၅၅]

ဤသို့သော အချိန်အခါမျိုး၌လည်း နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် တစ်ဖန် ထိုမုအ်မင်န်စစ်သည်တော်တို့ကိုသာလျှင် အောင်နိုင်မှုကို ချီးမြှင့်ပေသည်။ ပမာဆိုရသော် 'အူဟူဒ်'စစ်ပွဲတွင် မိမိတို့၏အမှားကို မိမိတို့ သတိမူမိသောအချိန်မျိုး၌ ဖြစ်ပေသည်။ အကြင်သူတို့သည် အမည်ကိုသာလျှင် မွတ်စ္စလင်မ်အမည်ထားရှိ၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်တော်များအား ဖီဆန်မှုကို ပြုလုပ်လေ့ရှိနေပါက ကာဖိရ်များ လွှမ်းမိုးအောင်နိုင်နေချိန်မှာပင် မိမိတို့၏ ပြစ်မှုဒုစရိုက်များအား 'သောင်ဗာဟ်'အမှားဝန်ခံမှုကို မပြုပါက ထိုကတိတော်၌ မပါဝင်ပေ။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မတော်မူရန် အချက်ကို မထိုက်တန်သောသူများ ဖြစ်ပေသည်။ သို့သော်လည်း အချို့သော အချိန်များ၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် ထိုက်တန်မှုမရှိသောသူအားလည်း အောင်မြင်လွှမ်းမိုးမှုကို ချီးမြှင့်ပေးသနားတော်မူပေသည်။ ထိုအသျှင်မြတ်၏ ကရုဏာတော်အား မျှော်လင့်ချက်ထားခြင်းနှင့် ဒိုအာဆုတောင်းခြင်းသည် အခြေအနေတိုင်းမှာပင် အကျိုးပြုနေမည့်အချက်သာ ဖြစ်ပေသည်။

فَإِنَّكَ لَا تُسْمِعُ الْمَوْتَىٰ

ထို့ပြင် အသင်သည် မျက်စိကန်းသူတို့အား ၎င်းတို့၏ လမ်းလွဲခြင်းမှ တရားလမ်းမှန်ကို ကြားနာစေနိုင်မည်မဟုတ်ပေ။ [၃၀ း ၅၃]

ဤအာယသ်တော်၏အ လိုသဘောမှာ 'အသင်သည် သေသူများကို မကြားနာနိုင်စေပေ'ဟူ၍ ဖြစ်သည်။ 'သေသူများ ကြားနိုင်၏လော့။ မကြားနိုင်၏လော့။ သူသေအများစုသည် ရှင်သူများ၏ စကားကို ကြားနိုင်၏လော့။ မကြားနိုင်၏လော့'ဟူသော ခမ္မသတ်အမှုကိစ္စသည် ကျန်ရှိနေပေသည်။ ယင်းခမ္မသတ်၏ အတိုချုပ်စီစစ်သုတေသနပြုချက်ကို မအာရီဖွလ်ကုရ်အာန်ကျမ်း၏ စူရာဟ်နဟာလ်၏ အကျယ်ချဲ့ဖွင့်ဆိုချက်၌ တင်ပြပြီးဖြစ်သည်။ စုံလင်လှစွာသော သုတေသနတင်ပြချက်ကို ကျွန်ုပ် အာရဗီဘာသာစကားဖြင့် ရေးသား ထားသော

تكميل الحبور بسماع اهل القبو

'သက်ကမီးလုလ် ဟုဗူးရ် ဗေ့စမားအေ့အဟ်လစ်လ် ကုဗူးရ်' ဟူသော သီးသန့်အစောင်ငယ်အတွင်း၌ ရေးသားထားပေသည်။ အကြင်အချက်အလက်များကို အာရဗီဘာသာဖြင့် ရေးသားထားသော အုပ်ကားမုလ်ကုရ်အာန်ကျမ်း၏ ပဌမအတွဲဖြင့် ရေးသားထုတ်ဝေပြီး ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَللّٰهُ الَّذِيْ خَلَقَكُمْ مِّنْ ضُعْفٍ
ثُمَّ جَعَلَ مِنْۢ بَعْدِ ضُعْفٍ قُوَّةً ثُمَّ جَعَلَ مِنْۢ بَعْدِ قُوَّةٍ
ضُعْفًا وَّشَيْبَةً ۭ يَخْلُقُ مَا يَشَاۗءُ ۚ وَهُوَ الْعَلِيْمُ الْقَدِيْرُ ﴿٥٤﴾

၃၀ : ၅၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား အားအင်ချည့်နဲ့နေသော အခြေအနေမှ စတင် ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် (ယင်း) အားအင်ချည့်နဲ့မှု၏ နောက်တွင်၊ (အသင်တို့အား) ခွန်အား (ဗလ) ကို ပြုလုပ်၍ ချီးမြှင့်တော်မူခဲ့၏။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် (ထို) ခွန်အား (ဗလ) ၏ နောက်တွင် (အသင်တို့အား) အားအင်ချည့်နဲ့၍ အသက်အရွယ် အိုမင်းရင့်ရော်မှုကို ပြုလုပ်တော်မူ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) အလွန်တရာ သိတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يُقْسِمُ الْمُجْرِمُوْنَ ڏ مَا لَبِثُوْا غَيْرَ سَاعَةٍ ۭ
كَذٰلِكَ كَانُوْا يُؤْفَكُوْنَ ﴿٥٥﴾

၃၀ : ၅၅ ။ ။ စင်စစ် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့၏ အချိန်အခါ ဆိုက်ရောက်လာသော နေ့တွင် ပြစ်မှုကျူးလွန်ခဲ့ကြကုန်သော သူတို့သည် မိမိတို့မှာ တစ်နာရီထက် ပို၍ နေခဲ့ကြသည် မဟုတ်ဟု (ကျိန်တွယ်၍) ပြောဆိုကြပေမည်။ ၎င်းတို့သည် ဤနည်းအတိုင်းပင် (လောကီဘဝ၌) ပြန်လှည့်သွားလေ့ ရှိခဲ့ကြကုန်၏။ (တစ်နည်း) လှည့်စားလျက် ရှိခဲ့ကြကုန်၏။

وَقَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَ
الْاِيْمَانَ لَقَدْ لَبِثْتُمْ فِيْ كِتٰبِ اللّٰهِ اِلٰى يَوْمِ الْبَعْثِ ۡ فَهٰذَا
يَوْمُ الْبَعْثِ وَلٰكِنَّكُمْ كُنْتُمْ لَا تَعْلَمُوْنَ ﴿٥٦﴾

၃၀ : ၅၆ ။ ။ သို့ရာတွင် အသိပညာနှင့် အီမာန်ယုံကြည်မှုကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့မှာမူ (ကာဖိရ်တို့အား) 'ကေန်စင်စစ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ မှတ်တမ်းတော်တွင် ပါရှိသည်နှင့်အညီ ရှင်ပြန်ထရမည့်နေ့ (အထိ) တိုင်အောင် နေခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ဤသည်ပင်လျှင် ရှင်ပြန်ထသည့်နေ့ ဖြစ်ပေသည်။သို့သော် အသင်တို့သည် မယုံကြည်ခဲ့ကြပေ'ဟု (ချေပ) ပြောဆိုကြပေမည်။

فَيَوْمَئِذٍ لَّا يَنفَعُ
الَّذِينَ ظَلَمُوا مَعْذِرَتُهُمْ وَلَا هُمْ يُسْتَعْتَبُونَ ۝٥٧

၃၀ : ၅၇ ။ ။ သို့ဖြစ်ပေရာ ထိုနေ့တွင် မတရားပြုလုပ်ခဲ့ကြသော သူတို့အား ၎င်းတို့၏ အကြောင်းပြချက်သည် (မည်သို့မျှ) အကျိုးပေးလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် အမှားကို ပြုပြင်ရန်လည်း၊ (တစ်နည်း အသျှင်မြတ်အား ဝန်ချတောင်းပန်ပြီး ကျေနပ်အောင် ပြုလုပ်ရန်လည်း) တောင်းဆိုခြင်းကို ခံကြရမည်မဟုတ်ပေ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَٰذَا الْقُرْآنِ مِن كُلِّ مَثَلٍ ۚ وَلَئِن جِئْتَهُم
بِآيَةٍ لَّيَقُولَنَّ الَّذِينَ كَفَرُوا إِنْ أَنتُمْ إِلَّا مُبْطِلُونَ ۝٥٨

၃၀ : ၅၈ ။ ။ စင်စစ် ကေန်မလွဲ ငါအသျှင်မြတ်သည် လူတို့အကျိုးငှာ၊ ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဥပမာ ပုံဆောင်ချက် အမျိုးစုံတို့ကို ခိုင်းနှိုင်းမိန့်ကြားထားတော်မူ၏။ သို့ရာတွင် (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ၎င်းတို့ထံ သက်သေလက္ခဏာတစ်စုံတစ်ရာကို ယူဆောင်လာပါလျှင်လည်း၊ ကေန်အမှန် (ယုံကြည်လက်ခံရန်) 'ကုဖ်ရ်' သွေဖည် ငြင်းပယ်ကြသောသူတို့က 'အသင်တို့သည် လူလိမ်များသာ ဖြစ်ကြသည်' ဟု ပြောဆိုကြပေမည်။

كَذَٰلِكَ يَطْبَعُ اللَّهُ عَلَىٰ قُلُوبِ الَّذِينَ لَا يَعْلَمُونَ ۝٥٩

၃၀ : ၅၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မယုံကြည်သောသူတို့၏ စိတ်နှလုံးများအပေါ်၌ ဤနည်းအတိုင်းပင် တံဆိပ် ခတ်နှိပ်တော်မူသည်။

فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ ۖ وَلَا يَسْتَخِفَّنَّكَ الَّذِينَ لَا يُوقِنُونَ ۝٦٠

၃၀ : ၆၀ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် သည်းခံတရား ထားရှိပါလေ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မှန်ကန်သော ကတိတော်ပင်ဖြစ်သည်။ ၎င်းပြင် မယုံကြည်ကြသော သူတို့သည် အသင့်အား သည်းမခံနိုင်အောင် (စိတ်ပျက်စေခြင်း) မပြုကြစေရ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည် အသင်တို့အား အားအင်ချည့်နဲ့နေသော အခြေအနေမှ စတင်ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (လူသား၏ ကနဦးအခြေအနေကလေးဘဝကို ဆိုလိုခြင်းဖြစ်ပေသည်။) ထို့နောက် ထိုအသျှင်မြတ်

သည် (ယင်း) အားအင်ချည့်နဲ့မှု၏ နောက်တွင် (အသင်တို့အား) ခွန်အား (ဗလ) ကို ပြုလုပ်၍ (သူပျို အရွယ်အခြေအနေအား) ချီးမြှင့်တော်မူခဲ့၏။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် (ထို) ခွန်အား (ဗလ) ၏ နောက်တွင်း (အသင်တို့အား) အားအင်ချည့်နဲ့၍ အသက်အရွယ် အိုမင်းရင့်ရော်မှုကို ပြုလုပ်တော်မူ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် (အရာခပ်သိမ်းတို့ကို ခြယ်လှယ်ရွေးချယ်မှုအလုံးစုံတို့ကို) အလွန်တရာ သိတတ်တော်မူသော အသျှင်၊ (ခြယ်လှယ် ဆုံးဖြတ်မှုကို အဆုံးသတ်ပြဋ္ဌာန်းပေးခြင်းအပေါ်၌လည်း အရာခပ်သိမ်းတို့ကို) စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ရှိရာ အကြင်အသျှင်မြတ်သည် ဤသို့ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ ထိုအသျှင်မြတ်အဖို့ ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရာ၌ မည်သို့ ခက်ခဲနိုင်အံ့နည်း။ ဤသည် ပြန်လည်ရှင်ပြန်ထရန် ဖြစ်နိုင်ခြင်းကို တင်ပြထားခြင်း ဖြစ်ပေသည်။

စင်စစ် (ရှေ့၌ အမှန်တကယ် ဖြစ်ပေါ်လာမည့် အကြောင်းကို တင်ပြထားပေသည်။) 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့၏ အချိန်အခါ ဆိုက်ရောက်လာသောနေ့တွင် ပြစ်မှုကျူးလွန်ခဲ့ကြနှ်သောသူ (ကာဖိရ်တို့) သည် (ကျွန်ုပ်တို့သည် 'ကဗရ်'ဗရ်ဇခ်'လောက၌) တစ်နာရီထက် ပို၍ နေခဲ့ကြသည်မဟုတ်ဟု (ထိုနေရာ၏ ကြောက်ရွံ့စိုးရိမ် ထိတ်လန့်ဖွယ် မြင်ကွင်းကို တွေ့မြင်ကာ 'ကေယာမသ်'ဆိုက်ရောက်လာခြင်းကို အလွန် မနှစ်မြို့ဖွယ်ရာ အချက်ဟူ၍ သဘာပေါက်နားလည်ကာ ကျိန်တွယ်၍ ပြောဆိုကြပေမည်။ (ဆိုလိုသည်မှာ ချိန်းဆိုထားသော အချိန်မတိုင်မီအလျင် ရောက်ရှိလာခဲ့ချေပြီ။ ပမာဆိုရသော် ကြိုးမိန့်ပေးခံရသူအား တစ်လကြာလျှင် ပေးမည်ဟူ၍ ရုံးချိန်းပေးလိုက်ပေသည်။ တစ်လအချိန် ကုန်ဆုံးသွားသောအခါ ၎င်းသည် လပင် မကုန်သေးပေ။ ဘေးဒုက္ခသည် အမြန်ရောက်ရှိလာလေပြီ'ဟူ၍ ပြောဆိုသည်ကို မြင်တွေ့နေရသည်။ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ) ၎င်းတို့သည် ဤနည်းအတိုင်းပင် (လောကီဘဝ၌) ပြန်လှည့်သွားလေ့ရှိခဲ့ကြကုန်၏။ (တစ်နည်း) လည်စားလျက် ရှိခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ လည်း အချိန်စောလျင်စွာ ဆိုက်ရောက်လာသည်ကို ကျိန်တွယ်၍ ပြောဆိုကြသကဲ့သို့ ကမ္ဘာလောက၌ နေထိုင်စဉ်ကာလ၌လည်း 'ကေယာမသ်'ဆိုက်ရောက်လာခြင်းကိုပင် ငြင်းဆိုကာ ကျိန်တွယ်၍ ပြောဆိုခဲ့ ကြပေသည်။)

သို့ရာတွင် အသိပညာနှင့် အီမာန်ယုံကြည်မှုကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသောသူတို့ မှာမူ (အလိုသဘောမှာ အီမာန်ရှင်များဖြစ်ပြီး သာသနာရေးဆိုင်ရာ ပညတ်ချက်များကို သိရှိသူများ ဖြစ်ပေ သည်။) ကာဖိရ်အဖြစ်ရှိသော သူတို့အား အသင်တို့သည် 'ကဗရ်ဗရ်ဇခ်'လောက၌လည်း သတ်မှတ်ချိန် ထက် လျော့နည်းကာ မနေထိုင်ခဲ့ရပေ။ အသင်တို့၏ ဤကြွေးကြော်မှုသည် မှားရုံသာမက) ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ (ဘက်တော်မှ သတ်မှတ်ထားပြီးဖြစ်သော) မှတ်တမ်းတော်တွင် ပါရှိသည်နှင့်အညီ ရှင်ပြန်ထရမည့်နေ (အထိ) တိုင်အောင် နေခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ဤသည်ပင်လျှင် ရှင်ပြန်ထသည့်နေ့ ဖြစ်ပေသည်။ ('ဗရ်ဇခ်ကဗရ်'လောက၌ နေထိုင်ရမည့် အတိုင်းထိတိုင် နေခဲ့လေပြီ။) သို့သော် ('ကေယာမသ်' နေ့သည် ချိန်းဆိုထားသည့်အချိန် မတိုင်မီအလျင် ဆိုက်ရောက်လာကြောင်းကို

သဘောပေါက်နေသည့် အကြောင်းရင်းမှာ) အသင်တို့သည် (ကမ္ဘာလောက၌ နေထိုင်ချိန်တွင် 'ကေယာမသ်' ဆိုက်ရောက်လာမည့် အကြောင်းကို) မယုံကြည်ခဲ့ကြပေ။ (စွပ်စွဲငြင်းဆိုမှုကိုပင် ပြုခဲ့ကြလေ့ရှိသည်) ဟု (တုန့်ပြန်ချေပ) ပြောဆိုကြပေမည်။ (ယင်းသို့ ငြင်းဆိုလိုက်ခြင်း၏ ဆိုးကျိုးတရားမှာ ယနေ့အဖို့ သောက ဝေဖြာနေရသည့်ကိန်း ဆိုက်ရောက်လာပေသည်။ ထို့ကြောင့် ကြောက်ရွံ့ထိတ်လန့်ကာ 'ယခုအချိန်ပင် မပြည့်ဝသေးပေ' ဟူ၍ တွေးခေါ်ကြပေသည်။ အကယ်၍ ထောက်ခံယုံကြည်မှုကို ပြုမည်ဆိုလျှင်၊ အီမာန် ကို ရယူကြမည်ဆိုလျှင် 'ကေယာမသ်ဆိုက်ရောက်လာခြင်းကို အလျင်စလိုဟူ၍ မမှတ်ယူဘဲ ထို့ထက် သာပို၍ လျင်မြန်စွာ ရောက်လိုစေပေသည်' ဟူ၍ လိုလားကြပေမည်။ အဘယ်ကြောင့်ဆိုသော် လူသား သည် ၎င်းအား သက်တောင့်သက်သာရှိစေသော အရာတစ်ချက်အား ကတိပြုပေးလိုက်သည်ဆိုလျှင် ထိုအရာကို စောလျင်စွာ ရယူရန် ဗီဇသဘောတရားသည် လိုလားနေပေသည်။ စောင့်မျှော်နေရခြင်းကို ခက်ခဲလေးလံကာ အချိန်ကြာညောင်းသည်ဟူ၍ မှတ်ယူထားပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။ ကာဖိရ်သည် 'ကဗရ်' အတွင်း၌

رَبِّ لَاتُقِمِ السَّاعَةَ

အို၊ အသျှင်မြတ်၊ 'ကေယာမသ်' ကို ဆိုက်ရောက်အောင် မပြုပေနှင့်' ဟူ၍ ပြောဆိုကာ မုအ်မင်န် သည် رَبِّ اَقِمِ السَّاعَةَ 'အို၊ အသျှင်မြတ်၊ 'ကေယာမသ်' ကို ဆိုက်ရောက်အောင် ပြုပေးပါ' ဟူ၍ ပြောဆိုပေသည်။ မုအ်မင်န်တို့၏ ဤနေရာ၌ တင်ပြထားသော တုန့်ပြန် ဖြေကြားချက်တွင်လည်း 'ဗရ်ဇခ်' လောကကို အလွန်ကြာမြင့်ကြောင်း ပါရှိထားပေသည်။ ဤသည် ၎င်းတို့ လိုလားတပ်မက်မှု ရှိကြောင်းမှာ တစ်ဖွဲ့ဖွဲ့ ထင်ဟပ်နေပေသည်။ ထို့ကြောင့် ၎င်းတို့သည် လျင်မြန်စွာ ဆိုက်ရောက်လာစေရန် လိုလားနေ ပေသည်။

သို့ဖြစ်ပေရာ ထိုနေ့တွင် မတရားပြုလုပ်ခဲ့ကြသော သူတို့အား (ဆိုလိုသည်မှာ ကာဖိရ်များ၏ သောကနှင့် ဒုက္ခတို့သည် ဤမျှတိုင်အောင် ဖြစ်ပေါ်လိမ့်မည်မှာ) ၎င်းတို့၏ (မည်သည့် မှန်ကန်သော (မှားယွင်းသည့်) အကြောင်းပြချက်သည် (မည်သို့မျှ) အကျိုးပေးလိမ့်မည် မဟုတ်။ ထို့ပြင် ၎င်းတို့သည် အမှားကို ပြုပြင်ရန်လည်း (တစ်နည်း အသျှင်မြတ်အား ဝန်ချတောင်းပန်ပြီး ကျေနပ်အောင် ပြုလုပ်ရန်လည်း) တောင်းဆိုခြင်းကို ခံကြရမည်မဟုတ်ပေ။

စင်စစ် ဧကန်မလွဲ ငါအသျှင်မြတ်သည် လူတို့ (တရားလမ်းမှန် ရရှိစေရန်) အကျိုးငှာ ဤကုရ်အာန် ကျမ်းတော်မြတ် (တစ်အုပ်လုံးအတွင်း၌သော်လည်းကောင်း၊ သို့မဟုတ် ထိုကျမ်းတော်မြတ်၏ သီးသန့်အစိတ် အပိုင်းတစ်ရပ် ဖြစ်သည့် ဤစူရာဟ်တော်) တွင် (ကောင်းမွန်အံ့သြရလောက်အောင်သော) ဥပမာပုံဆောင် ချက်အမျိုးစုံတို့ကို (မုချ) နိုင်းနှိုင်းမိန့်ကြားထားတော်မူ၏။ (အကြင်ပုံဆောင် နိုင်းနှိုင်းချက်များသည် မိမိ၏ ကာရံနှဘောပြောင်မြောက်မှုနှင့် ပြည့်ဝမှုတို့ကြောင့် ယင်းအချက်သည် 'ကာဖိရ်များ တရားလမ်းမှန်ရရှိရန်' လိုလားနေပေသည်။ သို့ရာတွင် ၎င်းတို့သည် လွန်စွာ ရန်ငြိုးမှုထားရှိခြင်းကြောင့် ထိုအချက်ကို လက်မခံ

ကာ ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာကိုမျှ မရယူထားကြပေ။) သို့ရာတွင် (ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားသော ဂုဏ်အင်တော်သည် မည်သို့နည်း။ ၎င်းတို့၏ ရန်ငြိုး၊ ရန်စွယ် ပွားများမှုသည် ဤမျှခန့် အတိုင်းအတာထိတိုင် ရောက်ရှိနေပေရာ၊ အို၊ နဗီတမန်တော်) အကယ်၍ (ကုရ်အာန်ကျမ်းတော်မြတ်၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များအပြင် ၎င်းတို့ဘက်မှ တောင်းဆိုလာသော သဘာဝလွန်ဖြစ်အင်များထဲမှ အချို့သော အချက်များကို) အသင်သည် ၎င်းတို့ထံ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်လာပါလျှင်လည်း ကေန်အမှန် (ယုံကြည်လက်ခံရန်) 'ကုဖ္ဖရ်' သွေဖည်ငြင်းပယ်ကြသောသူတို့က အသင်တို့သည် (တမန်တော်မြတ် ﷺ နှင့် တရားတော်ရေးရာနှင့် ဖန်ဆင်းခံရခြင်းဆိုင်ရာ သက်သေလက္ခဏာတော်များကို ယုံကြည်ထောက်ခံကြသော မုအမ်မင်န်တို့သည်) လူလိမ်များသာ ဖြစ်သည်ကြသည်'ဟု ပြောဆိုကြပေမည်။ (နဗီတမန်တော်ကို 'ဂျာဒူ'ပယောဂါဆရာဟူ၍ သမုတ်စွပ်စွဲကာ လူလိမ်ဟူ၍ ပြောဆိုကာ မွတ်စ္စလင်မ်များကိုမူ ပယောဂါအောက်လမ်းအတတ်ပညာအား ထောက်ခံသည့်အတွက်ကြောင့် လူလိမ်များဟူ၍ ပြောဆိုကြပေသည်။ ၎င်းတို့၏ ဤရန်ငြိုးရန်စွယ်နှင့် စပ်လျဉ်း၍ မူရင်းအချက်မှာ) အလ္လာဟ်အသျှင်မြတ်သည် (အကြိမ်ကြိမ်အခါခါ သက်သေအထောက်အထားများနှင့် မှန်ကန်သည့်အထောက်အထားများကို တွေ့မြင်၊ သိမြင်နေသည့် ကြားကပင် အီမာန်ယုံကြည်မှုကို ရယူရန် ကြိုးပမ်းမှု မပြုသည့်) မယုံကြည်သော သူတို့၏ စိတ်နှလုံးများအပေါ်၌ ဤနည်းအတိုင်းပင် တံဆိပ်ခတ်နှိပ်တော်မူသည်။ ပမာဆိုရသော် ၎င်းတို့၏ နှလုံးသားများအပေါ်၌ ဖြစ်ပေါ်တည်ရှိနေပေသည်။ ဆိုလိုသည်မှာ နေ့စဉ်နေ့တိုင်း အမှန်တရားကို လက်ခံနိုင်သည့် အရည်အချင်းတို့သည် မှေးမှိန်ဖျော့တော့၍ ဖွံ့ဖြိုးတိုးတက်လာပေသည်။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ ဤကဲ့သို့သော မလိုမုန်းထားသောသူတို့၏ ဆန့်ကျင်ဘက်ပြုခြင်း၊ ဒုက္ခပေးခြင်းနှင့် သွားပုတ်လေလွင့်ပြောဆိုခြင်း အစရှိသော ပြောကြားချက်များကို) အသင်သည် သည်းခံတရား ထားရှိပါလေ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် (နောက်ဆုံး၌ ၎င်းတို့သည် ရှုံးနိမ့်၍ မှန်ကန်သောသူတို့သည် အောင်မြင်ကြပေလိမ့်မည်။) မှန်ကန်သော ကတိတော်ပင် ဖြစ်ပေသည်။ (ထိုကတိတော်သည် လုံးဝဖြစ်ပေါ်လာပေလိမ့်မည်။ ရက်အနည်းငယ်သာလျှင် အသင်သည် သည်းခံမှုတရားကို ထားရှိရပေလိမ့်မည်။) ၎င်းပြင် မယုံကြည်ကြသောသူတို့သည် အသင့်အား သည်းမခံနိုင်အောင် (စိတ်ပျက်စေခြင်း) မပြုကြစေရ။ (ဆိုလိုသည်မှာ ၎င်းတို့၏ဘက်မှ မည်ကဲ့သို့သော အချက်အလက်များ ပေါ်ပေါက်လာပါစေ။ သို့ရာတွင် အသင်သည် သည်းမခံဘဲ မနေရပေ။)

သိမှတ်ဖွယ်ရာများနှင့် ခေမ္မသတ်များ

ဤစူရာဟ်တော်၏ ကြီးမားသော အစိတ်အပိုင်းသည် 'ကေယာမသ်'နေ့ကို ငြင်းဆိုသောသူများ၏ ဒွိဟသံသယဖြစ်သော အချက်များအား ဖြေရှင်းချက်ပေးခြင်းနှင့် စပ်လျဉ်းနေပေသည်။ အကြင်ဖြေရှင်းချက်

များအတွက် အလ္လာဟ်အသျှင်မြတ်၏ အရာရာကို လုံးဝ ပြုနိုင်စွမ်းရှိသော ပြည့်ဝသည့် တန်ခိုးတော်နှင့် ပြည့်စုံ ကုံလုံလှစွာသော အမြော်အမြင်တော်တို့၏ များစွာသော သက်သေလက္ခဏာတော်များနှင့် တန်ခိုးတော်များကို ပြသကာ မေ့လျော့နေသော သူများကို မေ့လျော့မှုမှ နိုးကြားစေရန် အစီအမံများကို ပြုပေးထားတော်မူပေသည်။ တင်ပြလျက်ရှိနေသော ကနဦးပိုင်း ပထမအာယသ်တော်အတွင်း၌ အသွင်သစ်တစ်မျိုးဖြင့် ထိုစာစဉ်အကြောင်းအရာများကို အတည်ပြုပေးထားပေသည်။ ထိုအချက်မှာ လူသားသည် မိမိ၏ ဇီဇသဘာဝ၌မှာ အလျင်စလို ပြုကျင့်တတ်သော သဘောရှိပေသည်။ ရှေ့၌ ရှိသော အရာကို တပ်မက်မှု ဖြစ်ကာ အတိတ်နှင့် အနာဂတ်ကို မေ့လျော့စေလိုက်ခြင်း၏ ဇီဇစိတ်ရှိပေသည်။ ၎င်းတို့၏ ဤဇီဇက ပင်လျှင် ၎င်းတို့အား များစွာသော ပျက်စီးဆုံးရှုံးစေသည့် မှားယွင်းမှုများအတွင်းသို့ သွတ်သွင်းလိုက်ပေသည်။ လူပျိုအရွယ် ရောက်ရှိချိန်တွင် ၎င်း၏ အင်အားသည် ပျိုရွယ်မှုအင်အား၏ အထွတ်အထိပ်သို့ ရောက်ရှိနေချိန် ဖြစ်ပေသည်။ ဤသူပျိုသည် မိမိ၏ အင်အားအပေါ် မာန်တက်လျက် အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ မည်သို့မျှပင် ဂရုမစိုက်တော့ပေ။ စည်းဘောင်အတွင်း၌ နေထိုင်ရန် ၎င်းအဖို့ အလွန်ခဲယဉ်းသော အလုပ်ဟု ထင်မှတ်နေလေတော့သည်။ ယင်းအချက်ကို သတိပေးရန်အတွက် ဤအာယသ်တော်အတွင်း၌ အားအင်ရှိခြင်းနှင့် ချည့်နဲ့ခြင်းတို့ကို ထောက်ရှု၍ လူ့ဖြစ်စဉ်၏ ပြည့်ဝသော ဖြစ်စဉ်ကို တင်ပြထားပေသည်။ အကြင် အာယသ်တော်အတွင်း၌ 'လူသား၏ သဘာဝသည်လည်း အားအင်ချည့်နဲ့၍ အဆုံးဘဝသည်လည်း ချည့်နဲ့၍သာ နေပေသည်' ဟူသော အကြောင်း ပါရှိထားပေသည်။ အသိဉာဏ်ဦးနှောက်၏ လိုလားချက်မှာ 'ထိုရက်အချို့ အင်အားရှိသည့် အချိန်၌ မိမိ၏ ကနဦးဘဝ ချည့်နဲ့မှု (အကြင်အချက်မှ ကျော်ဖြတ်ကာ ဤလူသားသည် အားအင် တောင့်တင်းခိုင်မာခြင်းထိတိုင် ရောက်ရှိခဲ့သည်) နှင့် လာမည့် ချည့်နဲ့မှု၏ အဆင့်အမျိုးမျိုးကို အမြဲတမ်းနှလုံးသွင်းထားသင့်ကြောင်း' ဟူ၍ တင်ပြထားသည်။

خَلَقَكُمْ مِّنْ ضُعْفٍ

ထိုအသျှင်မြတ်သည် အသင်တို့အား အားအင်ချည့်နဲ့နေသော အခြေအနေမှ စတင်ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ [၃၀ : ၅၄]

ဟူသော အာယသ်တော်အတွင်း၌လည်း လူသားကို 'မိမိ၏ မူရင်းအခြေခံအချက်ကို ကြည့်ရှုရန်၊ လုံးဝ ချည့်နဲ့သော အသက်မဲ့ အစက်အပေါက်သာ ဖြစ်ကြောင်း၊ ခံစားသိရှိ နားလည်နိုင်စွမ်း မရှိသော မသန့်သည့်အရာ ဖြစ်ကြောင်း' ဟူသော သင်ခန်းစာကို ပေးထားပေသည်။ ထပ်မံ၍ လေ့လာကြည့်ရှုပါစို့။ 'မည်ကဲ့သို့သော အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တော်သည် ထိုမသန့်သော ရေကြည်အစက်ကို သွေးခဲအဖြစ်သို့လည်းကောင်း၊ တစ်ဖန် သွေးခဲကို အသားတုံးအဖြစ်သို့လည်းကောင်း၊ တစ်ဖန် အသား၏ အတွင်းသို့ အရိုးများကို တပ်ဆင်ထည့်သွင်းကာ အပြောင်းအလဲများကို ပြုလုပ်ပေးခြင်း၊ တစ်ဖန် ၎င်း၏ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများကို သေးငယ်သော အစိတ်အပိုင်းတစ်ခုမှအစ လည်ပတ်လျက်ရှိနေသော စက်ယန္တရားကြီးပမာ နူးညံ့အနုစိတ်ကျသော လည်ပတ်လျက်ရှိသည့် စက်များအဖြစ်သို့လည်းကောင်း၊ အကြင်အစိတ်အပိုင်း စက်ယန္တရားအတွင်း၌ ရာပေါင်းများစွာသည့် အံ့သြဖွယ်ကောင်းလောက်အောင် အလို

အလျောက် လည်ပတ်နေသော စက်ယန္တရားများသည်လည်းကောင်း၊ သေချာကျနစွာ ထပ်မံကြည့်ရှုမည်ဆိုလျှင် စက်ရုံတစ်ရုံဖြစ်ရုံသာမက လောကငယ်တစ်ခု ဖြစ်နေခြင်းသည်လည်းကောင်း၊ စကြဝဠာတစ်ခွင်လုံး၏ နမူနာအဖြစ် ဤလောကငယ်အတွင်း၌ တည်ရှိနေခြင်းသည်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ဖန်ဆင်းမှုသည်လည်း အလွန်ကျယ်ဝန်းသော နေရာများအတွင်း၌ မဟုတ်ဘဲ မိခင်၏ ဝမ်းဗိုက်၏ အမှောင်ထု ၃ ထုအတွင်း၌ ဖြစ်ခြင်းသည်လည်းကောင်း၊ (၉) လတိုင်တိုင် ထိုကျဉ်းမြောင်းကာ မှောင်သော ဝမ်းဗိုက်အတွင်း၌ ဝမ်းတွင်း သွေးနှင့် ညစ်ညမ်းမှုတို့မှ အစားအစာကို ရရှိကာ လူသားအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းသည်လည်းကောင်း' ဟူ၍ ဖြစ်ပေသည်။

ثُمَّ السَّبِيلَ يَسَّرَهُ

ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းတို့အဖို့ လမ်းကို လွယ်ကူစေတော်မူ၏။ *[၈၀ : ၂၀]*

တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းထွက်ပေါ်လာရန်အတွက် လမ်းကြောင်းကို လွယ်ကူမှုပြုပေးထားတော်မူပေသည်။ ဤကမ္ဘာလောကသို့ လာရောက်သောအခါ ၎င်း၏ အရှိန်အဝါဟန်ပန်မှာ

اَخْرَجَكُمْ مِّنْ بُطُوْنِ اُمَّهَا تِكُمْ لَا تَعْلَمُوْنَ شَيْئًا

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အား အသင်တို့ မည်သည့်တစ်စုံတစ်ရာကိုမျှ မသိကြသည့် အခြေအနေတွင် အသင်တို့၏ မိခင်များ၏ဝမ်းတွင်းမှ ထွက်စေတော်မူခဲ့ပေသည်။ *[၁၆ : ၇၈]*

ယခု တန်ခိုးတော်အသျှင်မြတ်သည် သင်ယူခြင်း၏ အခြေခံကွင်းဆက်ဇယားကို စတင်ပေးပေသည်။ ဦးစွာပထမ ငိုခြင်းအတတ်ကို သင်ကြားပေးပေသည်။ အကြင်ကဲ့သို့ ငိုလိုက်ခြင်းဖြင့် မိဘနှစ်ပါးစလုံး ဂရုမူကာ ၎င်း၏ ဆာလောင်မွတ်သိပ်ခြင်းနှင့် ဒုက္ခတိုင်းကို ဝေးကွာစေရန် နစ်မွန်း၍ သွားပေသည်။ တစ်ဖန် နှုတ်ခမ်းများနှင့် သွားဖုံးများတို့ကို ဖိကာ မိခင်၏ နို့သီးခေါင်းအစုံမှ နို့စို့ခြင်း၏ အတတ်ပညာကို သင်ကြားပေးပေသည်။ အကြင်သို့ နို့စို့လိုက်ခြင်းဖြင့် ၎င်းသည် မိမိ၏ အစာအဟာရကို ရယူလိုက်ပေသည်။ ဤကဲ့သို့ အသိဉာဏ်မရှိသေးသည့် ကလေးငယ်၏ ယခုလက်ရှိ ကြုံကြိုက်နေရသော လိုအပ်ချက်အလုံးစုံကို ဖြည့်စွမ်းပေးရန် တောင်းဆိုသော ၎င်းအတတ်ပညာရပ်များကို သင်ကြားပေးခြင်းကို မည်သူ စွမ်းနိုင်အံ့နည်း။ ထိုတန်ခိုးတော်အသျှင်မြတ်မှအပ မည်သူတစ်ဦးတစ်ယောက်မျှ သင်ကြားပေးနိုင်စွမ်း မရှိပေ။ အကြင်အသျှင်မြတ်သည် ၎င်းအား ဖန်ဆင်းပေးမှုကို စိုးပိုင်တော်မူသော အသျှင်ပင် ဖြစ်တော်မူပေသည်။ ယခု အားအင်ချည့်နဲ့သော ကလေးငယ်ဖြစ်ပေသည်။ လေအနည်းငယ် တိုက်ခတ်လိုက်သည်လျှင်ပင် ညှိုးနွမ်း၍ သွားပေသည်။ အနည်းငယ် အအေးပတ်လျှင်သော်လည်းကောင်း၊ သို့မဟုတ် ကိုယ်ပူခေါင်းပူ ဖြစ်လျှင်သော်လည်းကောင်း နေမကောင်းဖြစ်သွားပေသည်။ မိမိ၏ လိုအပ်ချက်တစ်စုံတစ်ရာကို မတောင်းခံနိုင်သကဲ့သို့ မည်သည့်ဘေးဒုက္ခ တစ်စုံတစ်ရာကိုမျှလည်း ဝေးကွာအောင် မပြုနိုင်ပေ။ ဤကလေးငယ်ဘဝမှစ၍ လူပျိုအရွယ်ဘဝထိတိုင် ၎င်း၏ ဆင့်ကဲဆင့်ကဲ တစ်ဖြေးဖြေး ကြီးထွားဖွံ့ဖြိုးလာခြင်းထိတိုင် သေချာကျနစွာ စမ်းစစ်လေ့လာကြည့်ရှုမည်ဆိုလျှင် မိမိတို့၏ ဦးနှောက်အသိဉာဏ် ဝေးမောတွေဝေသွားလောက်အောင် တန်ခိုးတော် အသျှင်မြတ်၏ ကြီးကျယ်လှစွာသော ပြုမှုဆောင်ရွက်ချက်သည် ရှေ့မှောက်သို့ ရောက်ရှိလာပေမည်။

ثُمَّ جَعَلَ مِنْ ضُعْفٍ قُوَّةً

ထို့နောက် ထိုအသျှင်မြတ်သည် ယင်းအားအင်ချည့်နဲ့မှု၏ နောက်တွင် အသင်တို့အား ခွန်အားဗလကို ပြုလုပ်၍ ချီးမြှင့်တော်မူခဲ့၏။ [၃၀ : ၅၄]

ယခု ဤပျိုရွယ်အားအင်ရှိသော အခြေအနေသို့ ရောက်ရှိလာသောအခါ မိုးနှင့် မြေအား စိန်ခေါ်မှုကို ပြုလေတော့သည်။ လနှင့် ကြယ်ရှိရာဆီသို့ မြှားဖြင့် ပစ်လေတော့သည်။ ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာတို့အား မိမိတို့၏ ပိုင်ဆိုင်မှုအတွင်းသို့ သွတ်သွင်းကြလေတော့သည်။ မိမိ၏ အတိတ်နှင့် အနာဂတ်ကို မေ့လျော့ကာ

مَنْ اَشَدُّ مِنَّا قُوَّةً

(ကျွန်ုပ်တို့ထက် သာပို၍ အားအင်ရှိသောသူ မည်သူနည်း) ဟူသော ကြွေးကြော်မှုများကို ကြွေးကြော်နေပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် ဤပျိုရွယ်မှုနှင့် အားအင်တောင့်တင်းခိုင်မာချိန်၌ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကိုပင် မေ့လျော့ကာ ထိုအသျှင်မြတ်၏ ဘက်တော်မှ ထုတ်ပြန်ပို့ချပေးတော်မူထားသော အမိန့်တော်များကိုပင် မေ့လျော့ပစ်လိုက်ကြပေသည်။ သို့ရာတွင် တန်ခိုးတော်အသျှင်မြတ်သည် ထိုမေ့လျော့မှုကို နိုးကြားစေရန်အတွက် မိန့်တော်မူလိုက်သည်မှာ-

ثُمَّ جَعَلَ مِنْ قُوَّةٍ ضُعْفًا وَّشَيْبَةً

ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် ထိုခွန်အားဗလ၏ နောက်တွင် အသင်တို့အား အားအင်ချည့်နဲ့၍ အသက်အရွယ်အိုမင်းရင့်ရော်မှုကို ပြုလုပ်တော်မူ၏။ [၃၀ : ၅၄]

ဟူ၍ ဖြစ်သည်။ 'အို၊ မေ့လျော့နေသော လူသား၊ ကောင်းစွာ မှတ်သားထားလေကုန်။ အသင်၏ ဤအင်အားသည် ရက်အချို့အတွက်သာ ဖြစ်ပေသည်။ တစ်ဖန် ထိုအားအင်ချည့်နဲ့ခြင်း၏ လောကသို့ ပြန်လည်ရောက်ရှိပေမည်။ ထိုလောကသို့ တစ်ဖြည်းဖြည်း ဆိုက်ရောက်နေခြင်းဖြင့် ချည့်နဲ့မှုသည် တိုးပွားမှုကို စတင်လာပေသည်။ အကြင်ကဲ့သို့ ချည့်နဲ့မှု တိုးပွားလာခြင်း၏ စူးရှသက်ရောက်မှုမှာ တစ်ချိန်၏ နောက် 'ရှိုက်ဗာ'ဟူသော ဆံခြည်မျှင်များ ဖြူဖွေးလာခြင်း၏ ပုံစံသက်ရောက်လာပေသည်။ တစ်ဖန် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများနှင့် အသွင်အဆင်းသဏ္ဍာန်တို့၌လည်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာပေသည်။ ကမ္ဘာ့သမိုင်းစာအုပ်နှင့် အခြားသော စာအုပ်များကိုမဆို ထားဘိဦး။ မိမိဘဝခရီးလမ်းကိုယ်တိုင်၏ လမ်းခရီးမှတ်တမ်း၏ လျှို့ဝှက်စာကို ဖတ်ရှုတော်ပါမူ

يَخْلُقُ مَا يَشَآءُ وَهُوَ الْعَلِيْمُ الْقَدِيْرُ

ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်၊ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ [၃၀ : ၅၄]

ဟူသည့်အပေါ် အပြည့်အဝ ယုံကြည်ရန်မှအပ အခြားမရှိတော့ပြီ။ ဤအမှုကိစ္စ ဆောင်ရွက်ချက် အလုံးစုံသည် ထိုမွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်များသာ ဖြစ်ပေသည်။ အကြင်အသျှင်မြတ်သည် မိမိလိုလားနှစ်တော်မူသော အချက်ကို လိုလားသည့် ပုံစံအဖြစ် ဖန်ဆင်းတော်မူပေသည်။ သိရှိမှုနှင့် စွမ်းဆောင်နိုင်မှုတို့၌လည်း အကြီးကျယ်ဆုံး ဖြစ်တော်မူပေသည်။ ထိုအချက်ကို ရှုမြင်သဘောပေါက်ပြီး နောက်ပိုင်း၌လည်း သူသေများကို တစ်ဖန် ရှင်ပြန်ထနိုင်အောင် ပြုနိုင်ခြင်း၏ အချက်နှင့် စပ်လျဉ်း၍လည်း ဒွိဟသံသယတစ်စုံတစ်ရာ တည်ရှိနေပါ၏လော။'

ရှေ့၌တစ်ဖန် 'ကေယာမသ်' နေ့ကို ငြင်းဆိုသောသူများ၏ အလဟဿပြောဆိုမှုနှင့် ၎င်းတို့၏ အသိဉာဏ်အလိမ္မာ ကင်းမဲ့ကြောင်းကို တင်ပြထားပေသည်။

وَيَوْمَ تَقُومُ السَّاعَةُ يُقْسِمُ الْمُجْرِمُونَ مَا لَبِثُوا غَيْرَ سَاعَةٍ

စင်စစ် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့၏ အချိန်အခါ ဆိုက်ရောက်လာသော နေ့တွင် ပြစ်မှု ကျူးလွန်ခဲ့ကြကုန်သော သူတို့သည် မိမိတို့မှာ တစ်နာရီထက် ပို၍ နေခဲ့ကြသည်မဟုတ်ဟု ကျိန်တွယ်၍ ပြောဆိုကြပေမည်။ [၃၀ း ၅၅]

ဆိုလိုသည်မှာ 'ကေယာမသ်' နေ့သို့ ဆိုက်ရောက်လာသောအခါ 'ကေယာမသ်' နေ့ကို ငြင်းဆိုသော သူများသည် ထိုအချိန်၌ ဖြစ်ပေါ်နေသော ကြောက်မက်ဖွယ်မြင်ကွင်းများကို တွေ့မြင်ကာ အာရုံအသိ ပျောက်၍ "ကျွန်ုပ်တို့သည် တစ်နာရီထက်ပင် သာပို၍ မနေခဲ့ရကြောင်း' ကို ကစမ်းကျိန်၍ ပြောဆိုကြ ပေသည်။ ဤနေရာ၌ နေထိုင်ခဲ့ခြင်း၏ အလိုသဘောမှာ ကမ္ဘာလောက၌ နေထိုင်ခဲ့ရသော အချိန်လည်း ဖြစ်နိုင် ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ကမ္ဘာလောကသည် လောကစည်းစိမ် အပြည့်အဝဖြင့် နေထိုင်ခဲ့ရသော သက်တမ်းမျိုး ဖြစ်ပေသည်။ ပမာဆိုရသော် လူသား၏ ဓလေ့သဘာဝမှာ ဇိမ်နှင့် နေထိုင် ရသော အချိန်ကို အလွန်တိုတောင်းသည်ဟူ၍ မှတ်ယူကြကာ ယခုလို ပြင်းထန်သော ဘေးဒုက္ခ ဆိုက် ရောက်ချိန်လာချိန်ဝယ် 'ကမ္ဘာလောက၌ ကျွန်ုပ်တို့ နေထိုင်ခဲ့ရသော သက်တမ်းသည် အလွန်တိုတောင်း ကာ တစ်နာရီခန့်မျှပင် ရှိသည်' ဟူ၍ ကျိန်တွယ်ကာ ပြောဆိုကြပေမည်။

၎င်းနောက် နေထိုင်ခဲ့ခြင်း၏ အလိုသဘောမှာ 'ကဗရ်' လောက၏ သက်တမ်းလည်း ဖြစ်နိုင်ပေသည်။ အလိုသဘောမှာ ဤသို့ ဖြစ်မည်။ 'ကျွန်ုပ်တို့သည် 'ကဗရ်' လောက၏ သက်တမ်းကို အလွန်ကြာညောင်းကာ ယင်းသို့ ကြာမြင့်သော အချိန်၏ နောက်မှသာ 'ကေယာမသ်' သည် ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုမူ အမှုကိစ္စသည် ပြောင်းပြန်ဖြစ်၍နေကြောင်း၊ ကျွန်ုပ်တို့သည် 'ဗရ်ဇခ်' လောက၌ အချိန် အနည်းငယ်ပင် နေထိုင်ရပေသေးသည်။ 'ကေယာမသ်' သည် ဆိုက်ရောက်လာခဲ့ပြီး' ဟူ၍ မှတ်ယူ သဘော ပေါက်ထားကြပေသည်။ ဤသို့ အလျင်စလို ဆိုက်ရောက်လာခြင်းကို ၎င်းတို့သည် 'ကေယာမသ်' နေ့၌ ၎င်းတို့အဖို့ သက်တောင့်သက်သာနှင့် ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရာ တစ်စုံတစ်ရာမျှပင် မရှိကာ ဒုက္ခအပေါ် ဒုက္ခချည်းသာဖြစ်နေကြောင်း' ဟူသော အချက်ကို အခြေခံကာ ခံစား သိမြင်ကြခြင်းကြောင့် ဖြစ်ပေသည်။

'ဘေးဒုက္ခဆိုက်ရောက်ချိန်၌ အတိတ်ခေတ်ကာလမှ သုခချမ်းသာ ရရှိခဲ့သော အချိန်ကို အလွန်တိုတောင်းစွာ မှတ်ယူထားခြင်းသည် လူသားတို့၏ ဗီဇသဘောသဘာဝပင် ဖြစ်ပေသည်။ ကာဖိရ်များအဖို့ 'ကဗရ်' လောကအတွင်း၌လည်း ပြစ်ဒဏ်ခံနေရလင့်ကစား 'ကေယာမသ်' နေ့၌ ခံစားရမည့် ပြစ်ဒဏ်နှင့် နှိုင်းယှဉ်လျှင် ဤပြစ်ဒဏ်ကို သက်တောင့်သက်သာရှိသော ပြစ်ဒဏ်ဟူ၍ ခံစားသိမြင်ကြပေလိမ့်မည်။ 'ကဗရ်' အတွင်း၌ ကျွန်ုပ်တို့သည် တစ်နာရီခန့်မျှသာ အလွန်တိုတောင်းစွာ နေထိုင်ခဲ့ရသည်ကို ကျိန်တွယ်ကာ ပြောဆိုကြပေလိမ့်မည်။

'ဟရှရ်' ကွင်းပြင်၌ တစ်ဦးတစ်ယောက်မှ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မုသားစကားကို ပြောဆိုနိုင်ပါမည်လော

ဤအာယသ်တော်မှ အောက်ဖော်ပြပါအချက်ကို သိရှိရပေသည်။ 'ဟရှရ်' ကွင်းပြင်၌ ကာဖိရ်တို့သည် 'ကျွန်ုပ်တို့သည် ကမ္ဘာလောက၌ သို့မဟုတ် 'ကဗရ်' လောက၌ တစ်နာရီထက် သာပို၍ မနေခဲ့ရပေ' ဟူ၍ ကျိန်တွယ်ကာ လိမ်လည်ပြောဆိုကြပေလိမ့်မည်။ ဤကဲ့သို့ပင် အခြားသော အာယသ်တော်တစ်ပုဒ်၌ မုရှ်ရစ်က်တို့၏

وَاللهِ رَبِّنَا مَاكُنَّا مُشْرِكِيْنَ

(ကျွန်ုပ်တို့သည် မုရှ်ရစ်က်များ မဟုတ်ကြပေ။) [၆ : ၂၃]

ဟူသော ပြောဆိုချက်ကို တင်ပြထားပေသည်။ ယင်းသို့ ပြောကြားနိုင်ခြင်း၏ အကြောင်းမှာ 'ဟရှရ်' ကွင်းပြင်၌ စကြဝဠာအလုံးစုံကို မွေးမြူဖန်ဆင်းတော်မူသော တရားရုံးတော်သည် တည်ရှိပေလိမ့်မည်။ အားလုံးကို လွတ်လပ်စွာဖြင့် အမှန် မုသားပြောဆိုခွင့်ကို ပေးထားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်အဖို့ မိမိ၏ ပင်ကိုယ် 'အီလ်မ်' အသိတော်သည် ပြည့်ဝစွာ တည်ရှိနေပေသည်။ တရားစီရင်မှုရေးရာ သုတေသနအချက်များနှင့် စပ်လျဉ်း၍ ထိုအသျှင်မြတ်အဖို့ ၄င်းတို့ ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ လိုအပ်တော်မမူပေ။ လူသားသည် မုသားစကားကို ဆိုမည်ဖြစ်သော် ၄င်း၏ ပါးစပ်၌ တံဆိပ်ခတ်နှိပ်တော်မူလိုက်ပေမည်။ ၄င်း၏ ခြေ၊ လက်၊ အရေခွံနှင့် ဆံခြည်မျှင်တို့မှ သက်သေကို ရယူပေလိမ့်မည်။ ယင်းအရာများသည် ဖြစ်အင်အလုံးစုံကို အမှန်အတိုင်း တင်ပြပေလိမ့်မည်။ အကြင်ကဲ့သို့ တင်ပြပြီးနောက် ၄င်းတို့အဖို့ ငြင်းချက်တစ်စုံတစ်ရာမျှ ကျန်ရှိတော့မည် မဟုတ်တော့ပေ။

اَلْيَوْمَ نَخْتِمُ عَلٰى اَفْوَاهِهِمْ وَتُكَلِّمُنَا اَيْدِيْهِمْ

ယနေ့ ငါအသျှင်မြတ်သည် ၄င်းတို့၏ နှုတ်များအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ ထို့ပြင် ၄င်းတို့၏ လက်များသည် ငါအသျှင်မြတ်နှင့် စကားပြောဆိုကြပေမည်။ [၃၆ : ၆၅]

ဟူသော အာယသ်တော်၏ အလိုသဘောမှာလည်း ဤသို့သာလျှင် ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်များမှ သိရှိရသည်မှာ 'ဟရှရ်' ကွင်းပြင်၌ ရပ်နားရမည့် နေရာအမျိုးမျိုး ရှိပေလိမ့်မည်။ နေရာတစ်ခုချင်းစီ၏ အခြေအနေများမှာလည်း တစ်သီးတစ်ခြားစီ ရှိနေပေလိမ့်မည်။ နေရာတစ်ခုအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ ပြောဆိုခွင့်မရှိသော နေရာလည်း ရှိပေမည်။ ၎င်းတို့သည် အမှန်ကိုသာ ပြောဆိုကြပေလိမ့်မည်။ မုသားစကားကို မပြောဆိုဝံ့ပေ။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

لَا يَتَكَلَّمُوْنَ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَ قَالَ صَوَابًا

ထိုနေ့တွင် ၎င်းတို့အနက်မှ အနန္တကရုဏာတော်ရှင်က ခွင့်ပြုတော်မူသော မှန်ကန်သောစကားကို ပြောဆိုမည်ဖြစ်သော သူမှအပ မည်သူတစ်ဦးတစ်ယောက်မျှပင် စကားပြောဆိုနိုင်မည် မဟုတ်ပေ။

[၇၈ : ၃၈]

'ကဗရ်'အတွင်း၌လည်း မည်သူမျှ မုသားစကားကို မဆိုဝံ့ခြင်းအကြောင်း

အထက်ပါအချက်နှင့် ဆန့်ကျင်စွာ 'ကဗရ်'အတွင်း မေးမြန်းမည့် အမေးအဖြေများနှင့်စပ်လျဉ်း၍ မှန်ကန်သော ဟဒီးစ်တော်များအတွင်း တင်ပြထားသည်မှာ ကာဖိရ်အား 'အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မည်သူနည်း' ဟူ၍ မေးမြန်းရာ 'မိုဟမ္မဒ် ﷺ သည် မည်သူနည်း' ဟူ၍ မေးမြန်းရာ ၎င်းက هاه هاه لا ادرى (အို, ကျွန်ုပ်တစ်စုံတစ်ရာကိုမျှ မသိရှိပေ) ဟူ၍ ဖြေကြားပေမည်။ အကယ်၍ ထိုနေရာလောက၌ မုသားပြောဆိုနိုင်စွမ်း ရှိပါက ၎င်းတို့အဖို့ 'ကျွန်ုပ်၏ အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ဖြစ်ကြောင်း' နှင့် 'တမန်တော်မိုဟမ္မဒ် ﷺ သည် ရစူလ်တမန်တော်ဖြစ်ကြောင်း' ဖြေကြားရန်မှာ မည်သို့ ခက်ခဲနိုင်အံ့နည်း။ သို့ဆိုရလျှင် ဤသည့်အချက်သည် အလွန်အံ့သြဖွယ် ကောင်းလှသော အချက်ဖြစ်ပေသည်။ ကာဖိရ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်ဝယ် မုသားပြောဆိုဝံ့ပြီး ကောင်းကင်တမန်များ၏ ရှေ့ဝယ် မုသားကို မဆိုဝံ့ပေ။ သေချာကျနစွာ စမ်းစစ်ကြည့်ရှုမည်ဆိုလျှင် ဤသည် အံ့ဖွယ်ကောင်းသော အချက်မဟုတ်ပေ။ အကြောင်းမှာ ကောင်းကင်တမန်တော်များသည် အကွယ်၌ရှိသော အရာများကို သိရှိသောသူများလည်း မဟုတ်သကဲ့သို့ ခြေလက် အစရှိသော အစိတ်အပိုင်းများမှ သက်သေကို ရယူကာ အထောက်အထားကို ပြည့်ဝစွာ တင်ပြရန်ခွင့်လည်း မရှိပေ။ အကယ်၍ ကောင်းကင်တမန်တော်များ၏ရှေ့ဝယ် မုသားပြောဆိုခွင့်ရှိပါက ကာဖိရ်၊ သူယုတ်မာအပေါင်းတို့သည် 'ကဗရ်'၏ 'အဇားဗ်'သောက ကင်းမဲ့စွာ နေကြပေမည်။ ကောင်းကင်တမန်တော်နှင့် ဆန့်ကျင်စွာ အလ္လာဟ်အသျှင်မြတ်သည် နှလုံးသားများ၏ အခြေအနေကို သိနားလည်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ သက်သေအဖြစ် ၎င်းတို့၏ လိမ်လည်မှုကို ဖွင့်ဟပြသနိုင်ရန် အချက်ကိုလည်း စွမ်းဆောင်နိုင်ပေသည်။ ထို့ကြောင့် 'ဟရှရ်' ကွင်းပြင်အတွင်း၌ ဤလွတ်လပ်စွာ ပြောဆိုခွင့်ပေးခြင်းသည် တရားရေးဆိုင်ရာ မှုတမှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ အနှောင့်အယှက်၊ ပျက်စီးမှုမျိုး မဖြစ်လာနိုင်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်လွတ်က်မာန်

လွတ်က်မာန်သုခမိန်အကြောင်း ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓ ۚ ﴿١﴾

၃၁ : ၁ ။ ။ အလစ်ဖ်၊ လာ…မ်၊ မီး….မ်။

تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ ۙ ﴿٢﴾

၃၁ : ၂ ။ ။ ဤသည် ဉာဏ်ပညာနှင့် ပြည့်စုံသော ကျမ်းဂန်၏ (အကြင်) အာယသ်တော်များပင် (ဖြစ်၏။)

هُدًى وَّرَحْمَةً لِّلْمُحْسِنِيْنَ ۙ ﴿٣﴾

၃၁ : ၃ ။ ။ (ယင်းအာယသ်တော်များသည် အကြင်) သူမွန်သူမြတ်တို့အဖို့ တရားလမ်းညွှန်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ဖြစ်ကြပေသည်။

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ۗ ﴿٤﴾

၃၁ : ၄ ။ ။ (ထိုသူမွန်သူမြတ်သူတို့သည်) 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ၎င်းပြင် 'ဇကားသ်' ပေးဆောင်ကြကုန်၏။ ထို့ပြင် တမလွန်ဘဝကိုလည်း ယုံကြည်ကြကုန်၏။

اُولٰٓئِكَ عَلٰى هُدًى مِّنْ رَّبِّهِمْ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿٥﴾

၃၁ : ၅ ။ ။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ တရားလမ်းမှန်ပေါ်၌ (ရပ်တည်လျက်) ရှိကြပေသည်။ ထိုသူတို့သည်သာလျှင် အောင်မြင်မှုကို ရရှိသောသူများ ဖြစ်ကြကုန်သည်။

وَمِنَ النَّاسِ مَن يَشْتَرِي لَهْوَ الْحَدِيثِ لِيُضِلَّ عَن سَبِيلِ
اللَّهِ بِغَيْرِ عِلْمٍ وَيَتَّخِذَهَا هُزُوًا ۚ أُولَٰئِكَ لَهُمْ عَذَابٌ مُّهِينٌ ﴿٦﴾

၃၁ : ၆ ။ ။ စင်စစ် လူတို့တွင် အကြင်ကဲ့သို့သော သူလည်း ရှိ၏။ ထိုသူသည် အသိပညာ သက်သေအထောက်အထား မရှိဘဲလျက် (သူတစ်ပါးတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ချွတ်ချော်တိမ်းပါးစေရန်အလို့ငှာလည်းကောင်း၊ ယင်းလမ်းတော်ကို ပြက်ရယ်ပြောင်လှောင်ဖွယ်ရာ ပြုလုပ်ရန်အလို့ငှာလည်းကောင်း၊ အချည်းနှီး အကျိုးမဲ့သော စကားကို ဝယ်ယူသောသူလည်း ရှိ၏။ ယင်းကဲ့သို့သော သူတို့၌ ဂုဏ်သရေပျက်စေသော အပြစ်ဒဏ်သည် ရှိချေမည်။

وَإِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا وَلَّىٰ مُسْتَكْبِرًا كَأَن لَّمْ يَسْمَعْهَا كَأَنَّ
فِي أُذُنَيْهِ وَقْرًا ۖ فَبَشِّرْهُ بِعَذَابٍ أَلِيمٍ ﴿٧﴾

၃၁ : ၇ ။ ။ ထို့ပြင် ၎င်းသူတို့၏ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားသောအခါ၊ ထိုသူသည် ယင်း (အာယသ်တော်) များကို မကြားဘိသကဲ့သို့လည်းကောင်း၊ ထိုသူ၏ နားနှစ်ဖက်သည် ပင်း၍ နေဘိသကဲ့သို့လည်းကောင်း၊ မာန်မာနထောင်လွှားကာ မျက်နှာလွှဲ၍ သွားလေတော့၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူ့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ် (ကို ခံရမည်) နှင့် စပ်လျဉ်းသော သတင်းကို ပြောကြားပါလေ။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتُ النَّعِيمِ ﴿٨﴾

၃၁ : ၈ ။ ။ ဧကန်မလွဲ အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ ရှိကြပေသည်။

خَالِدِينَ فِيهَا ۖ وَعْدَ اللَّهِ حَقًّا ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٩﴾

၃၁ : ၉ ။ ။ (၎င်းတို့သည်) ယင်းဥယျာဉ်များတွင် အမြဲထာဝရ နေထိုင်စံမြန်းကြရပေမည်။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ မှန်ကန်သော ကတိထားရှိတော်မူခြင်းပင် ဖြစ်၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အလိဖ် လာမ်…မီးမ်' (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေ၏။)

ဤသည် (ဤစူရာဟ်တော် သို့မဟုတ် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ရှိသော) ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော ကျမ်းဂန် (ကုရ်အာန်ကျမ်းတော်မြတ်) ၏ (အကြင်) အာယသ်တော်များပင်ဖြစ်၏။

(ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည် အကြင်) သူမွန်သူမြတ်တို့အဖို့ တရားလမ်းညွှန်ဖြစ်ခြင်း၏ (အကြောင်းခံ) သည်လည်းကောင်း၊ ကရုဏာတော်ဖြစ်ခြင်း (၏ အကြောင်းခံ) သည်လည်းကောင်း ဖြစ်ကြပေသည်။

(ထိုသူမွန်သူမြတ်တို့သည်) 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ၎င်းပြင် 'ဇကားသ်' ပေးဆောင်ကြ၏။ ထို့ပြင် တမလွန်ဘဝကိုလည်း ယုံကြည်ကြကုန်၏။

(သို့ဖြစ်ပေရာ) ထိုသူတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်က ညွှန်ပြသော ယုံကြည်ချက်တရားနှင့် ကျင့်ကြံဆောင်ရွက်မှု၏ အကြောင်းခံကြောင့်) မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ တရားလမ်းမှန်အပေါ်၌ (ရပ်တည်လျက်) ရှိကြပေသည်။ ထိုသူတို့သည်သာလျှင် (ထိုလမ်းညွှန်ချက်၏ အကြောင်းခံကြောင့်) အောင်မြင်မှုကို ရရှိသောသူများ ဖြစ်ကြကုန်သည်။ (သို့ရှိရာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့နည်းဖြင့် ၎င်းတို့အဖို့ ကရုဏာတော်နှင့် လမ်းမှန်တရားဖြစ်ရာ ယင်းအချက်နှစ်ချက်၏ အကျိုးဆက်တရားဖြစ်သော အောင်မြင်မှု၏ အကြောင်းခံသည်လည်း ဖြစ်သွားပေသည်။ သို့ရှိရာ အချို့သည် ယင်းအထက်တင်ပြပါ ပုံစံကဲ့သို့ ဖြစ်သွားပေသည်။)

စင်စစ် (အထက်ဖော်ပြပါ သူတို့နှင့် ဆန့်ကျင်ကာ) လူတို့တွင် အကြင်ကဲ့သို့သောသူလည်း ရှိ၏။ ထိုသူတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်၏ ပညတ်ချက်များအား မျက်နှာလွှဲဖယ်ကာ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့စေသော အရာများကို စုဆောင်းသမှု ပြုခဲ့ကြသည်။) အသိပညာသက်သေ အထောက်အထား မရှိဘဲလျက် (သူတစ်ပါးတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော် (မှန်ကန်သော သာသာနာမှ) ချွတ်ချော်တိမ်းပါးစေရန် အလို့ငှာလည်းကောင်း (ထိုချွတ်ချော်တိမ်းပါးမှုနှင့်အတူ) ယင်း (မှန်ကန်သော သာသနာ့) လမ်းတော်ကို ပြက်ရယ်ပြောင်လှောင်ဖွယ်ရာ ပြုလုပ်ရန်အလို့ငှာလည်းကောင်း၊ (သို့မှသာ အခြားသောသူများ၏ နှလုံးသားများအတွင်းမှ လုံးဝ ထိုသာသနာတော်၏ လေးနက်၊ စူးရှမှုတို့ ထွက်သွားစေရန်ဖြစ်သည်။ သို့ဆိုလျှင် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုခြင်း) အပေါ် 'ကုဖွ်ရ်'သွေဖည်ငြင်းဆိုခြင်းကို ပြုခြင်းနှင့် လမ်းလွဲမှုနှင့်အတူ လမ်းလွဲမှားစေခြင်းအမှုကို ပြုခြင်းပင် ဖြစ်ပေသည်။) အချည်းနှီးအကျိုးမဲ့သော စကားကို ဝယ်ယူသောသူလည်း ရှိ၏။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့သွားစေသော အချက်များကို ဝယ်ယူ ရွေးချယ်ကြကုန်၏။ ဤကဲ့သို့သော အချက်အလက်များကို ဝယ်ယူရွေးချယ်ခြင်းနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မျက်နှာလွှဲမှု ပြုလုပ်ခြင်းတို့သည် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) နှင့် လမ်းလွဲလမ်းမှားခြင်းပင် ဖြစ်သည်။ တစ်ဖန် အထူးသဖြင့် တစ်ဖန် ယင်းအချက်များကို အခြားသောသူများအားလည်း မှန်ကန်သောလမ်းစဉ်မှ ရှောင်လွှဲရန် ဆန္ဒမျိုးဖြင့် ပြုကြပေသည်။) ယင်းကဲ့သို့သော သူတို့အတွက် (နောင် 'အာခိရသ်'တွင်) ဂုဏ်သရေပျက်စေသော အပြစ်ဒဏ်သည် ရှိချေမည်။ (ပမာဆိုရသော် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ပြုသောသူတို့အဖို့ အောင်မြင်မှု ရရှိမည်ကို သိရှိခဲ့ပြီး ဖြစ်ပေသည်။)

ထို့ပြင် အထက်တင်ပြပါ သူယုတ်မာများ၏ မျက်နှာလွှဲဖယ်ခြင်း၏ အခြေအနေမှာ ဤအခြေအနေ ထိတိုင် ရောက်ရှိနေပေသည်။) ၎င်းသူတို့၏ ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြား

သောအခါ ထိုသူတို့သည် (ဤသို့ ဂရုမမူစွာဖြင့်) ယင်း (အာယသ်တော်များ) ကို (နားပင်းများပမာ) မကြားဘိသကဲ့သို့လည်းကောင်း၊ ထိုသူ၏ နားနှစ်ဖက်သည် ပင်း၍ နေဘိသကဲ့သို့လည်းကောင်း၊ မာန်မာန ထောင်လွှားကာ မျက်နှာလွှဲ၍ သွားလေတော့၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူ့တို့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ် (ကို ခံရမည်) နှင့် စပ်လျဉ်း၍ သတင်းကို ပြောကြားပါလေ။ (ဤသည်မူ မျက်နှာလွှဲသောသူတို့၏ ပြစ်ဒဏ်အကြောင်း ဖြစ်ပေသည်။)

(ရှေ့၌ လမ်းမှန်တရား ရရှိသော သူတို့၏ အကျိုးစဝါးဗ်ရရှိမည့်အကြောင်းကို တင်ပြထားပေသည်။ အကြင်အချက်သည် ကတိပြုထားပြီးဖြစ်သော အောင်မြင်မှု၏ အကျယ်ချဲ့အချက်အကြောင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ) ဧကန်မလွဲ အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အဖို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ ရှိကြပေသည်။

(၎င်းတို့သည်) ယင်းဥယျာဉ်များအတွင်း အမြဲထာဝရ နေထိုင်စံမြန်းရပေမည်။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ မှန်ကန်သောကတိ ထားရှိတော်မူခြင်းပင် ဖြစ်၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့ရှိရာ ပြည့်စုံကုံလုံတော်မူသော တန်ခိုးတော်ဖြင့် ကတိတော်နှင့် ခြိမ်းခြောက်မှုတို့ကို ဖြစ်ပေါ်နိုင်စွမ်း ရှိတော်မူပြီး အမြော်အမြင်တော်ဖြင့် ထိုအချက်ကို ကတိတော်နှင့်အညီ ဖြစ်ပေါ်စေပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يُؤْتُوْنَ الزَّكٰوةَ

(၎င်းပြင် 'ဇကားသ်'ပေးဆောင်ကြ၏) ဟူသော အာယသ်တော်အတွင်း၌ 'ဇကားသ်'ပေးဆောင်ရန် အမိန့်ပါရှိထားပေသည်။ ဧကန်စင်စစ် ဤအာယသ်တော်သည် မက္ကာဟ်မြို့တော်၌ ကျရောက်လာသော အာယသ်တော်ဖြစ်ပေသည်။ ဤအထက်ဖော်ပြပါ တင်ပြချက်မှ 'ဇကားသ်'ပေးဆောင်ရန်ဟူသော မူရင်း အမိန့်သည် 'ဟီဂျ်ရသ်' မပြုမီအလျင် မက္ကာဟ်မြို့တော်၌သာ ကျရောက်လာသော အမိန့်ဖြစ်ကြောင်းကို သိရှိရပေသည်။ 'ဟီဂျ်ရီ ၂ ခုနှစ်၌ 'ဇကားသ်'၏အမိန့် ကျရောက်လာသည်'ဟူ၍ အဆိုတစ်ရပ်သည် ကျော်ကြားနေပေသည်။ ထိုအချက်၏ အလိုသဘောမှာ 'နေစားဗ်'ကို သတ်မှတ်ပေးခြင်း၊ 'ဝါဂျိဗ်'အတိုင်း အတာ၏ အကျယ်ချဲ့အချက်များ၊ အစ္စလာမ်အစိုးရ၏ဘက်မှ ထို 'ဇကားသ်'အား ကောက်ခံခြင်းနှင့် စားထိုက်၊ သုံးထိုက်ခွင့်ရှိသော သူတို့အား စီမံပြဆိုထားခြင်းဖြစ်သည်'ဟူ၍ ဖြစ်သည်။ ဤသည် ဟီဂျ်ရီ ၂ ခုနှစ်၌ ကျရောက်လာခြင်း ဖြစ်ပေသည်။

အိဗ်နေ့ကစီးရ်သခင်ကြီးသည် 'စူရာဟ်မုဇမ်မိလ်'၏ အာယသ်တော်ဖြစ်သော

اَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ

ဟူသော အာယသ်တော်၏ ဖွင့်ဆိုချက်၏ အောက်၌ ဤအထက်တင်ပြပါ စီစစ်သုတေသနပြုချက်ကို အမိန့်ရှိထားပေသည်။ အဘယ်ကြောင့်ဆိုသော် စူရာဟ်မုဇမ်မိလ်သည်မူ မက္ကာဟ်မြို့ကျ စူရာဟ်တော်များအတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ် စတင် ကျရောက်လာသော ကနဦးပိုင်းကာလမှာပင် စတင် ကျရောက်လာခြင်း ဖြစ်ပေသည်။ အထက်တင်ပြပါအချက်မှ 'ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအတွင်း၌ များသောအားဖြင့် နမာဇ်နှင့် 'ဇကားသ်'ကို ယှဉ်တွဲ အမိန့်ရှိထားသကဲ့သို့ ၎င်းတို့ 'ဖွရဇ်' ဖြစ်ခြင်းသည်လည်း အတူတကွပင် ဖြစ်ကြောင်း' ကို သိရှိရပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

وَمِنَ النَّاسِ مَنْ يَّشْتَرِىْ لَهْوَ الْحَدِيْثِ

စင်စစ် လူတို့တွင် အကြင်ကဲ့သို့သော သူလည်း ရှိ၏။ ထိုသူတို့သည် အချည်းနှီး အကျိုးမဲ့သော စကားကို ဝယ်ယူသောသူလည်း ရှိ၏။ [၃၁ : ၆]

'အစ်ရှ်သေရားအ်'ဟူသော စကားလုံး၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'ဝယ်ယူခြင်း'ဖြစ်ပေသည်။ အချို့သော အချိန်အခါမျိုး၌ အလုပ်တစ်ရပ်၏အစား အခြားသော အလုပ်တစ်ရပ်ကို ရွေးချယ်ခြင်းအဖို့လည်း ဤစကားလုံးကို အသုံးပြုလေ့ရှိပေသည်။ ဥပမာ-

اَلَّذِيْنَ اشْتَرَوُا الضَّلٰلَةَ بِالْهُدٰى

မှန်ကန်သော အစ္စလာမ်သာသနာကို ပေးလှယ်၍ မှောက်မှားသော တရားကို ဝယ်ယူကြသော အကြင်သူများပင် ဖြစ်၏။ [၂ : ၁၆]

ဟူသော အစရှိသည့် အာယသ်တော်များသည် ဤအဓိပ္ပာယ်ကိုသာ ဖော်ဆောင်ရည်ညွှန်းခြင်း ဖြစ်ပေသည်။

ဤအထက်ဖော်ပြပါ အာယသ်တော်မြတ် ကျရောက်လာခြင်း၏ သီးသန့်ဖြစ်အင်တစ်ရပ် ရှိပေသည်။ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များထဲမှ နသ္ဟာရ်ဗင်န်ဟာရစ်သည် ကြီးကျယ်သော ကုန်သည်တစ်ဦး ဖြစ်သည်။ ရောင်းဝယ်ဖောက်ကားမှုပြုရန်အတွက် နိုင်ငံအသီးသီးသို့ ခရီးထွက်လေ့ ရှိပေသည်။ ၎င်းသည် ပါးရှားနိုင်ငံမှ အခြားသော ဘုရင်များဖြစ်သည့် 'ကစ်ရာ' အစရှိသော သူတို့၏ ရာဇဝင်ဖြစ်အင်များကို သယ်ဆောင်လာကာ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များအား 'မိုဟမ္မဒ် ﷺ သည် အသင်တို့ကို အားဒ်နှင့် စမူးဒ် အစရှိသော မျိုးနွယ်အုပ်စုတို့၏ အကြောင်းကို ပြောဆိုနေပေသည်။ ကျွန်ုပ်သည် အသင်တို့အား ၎င်းတို့ထက် သာပိုကောင်းမွန်သော 'ရုစ်သူးမ်'၊ 'အစ်ဖန်သေယားရ်'နှင့် အခြားသော ပါးရှားန်နိုင်ငံ ဘုရင်ခံများ၏ ဖြစ်အင်များကို ပြောဆိုပေမည်'ဟူ၍ ပြောဆိုပေသည်။ ဤသူတို့သည် ယင်းဖြစ်အင်များကို လိုလားတပ်မက်စွာဖြင့် နားထောင်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဖြစ်အင်များ၌ ကြိုးပမ်း အပန်ပင်းခံကာ ကျင့်မှု

ရမည့် အချက်များမပါဘဲ နားထောင်ကောင်းသော ဖြစ်အင်များပင် ဖြစ်သောကြောင့် ဖြစ်ပေသည်။ ယင်းသို့ ပြောဆိုသည့်အတွက်ကြောင့် အတိတ်ကာလကတည်းက ကုရ်အာန်ကျမ်းတော်မြတ်၏ ဘုန်းတန်ခိုးတော်နှင့် အာရုံစူးစိုက်ဖွယ်ရာ ကောင်းရလောက်အောင် ပြိုင်စံရှား ကျမ်းဖြစ်သည့်အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်ကို လိုလားတပ်မက်စွာဖြင့် နားထောင်လိုခဲ့ကြသည်။ မုရှိရစ်ကတို့သည် ခိုး၍ပင် နားထောင်ခဲ့ကြလေသည်။ ၎င်းတို့အဖို့ ကုရ်အာန်ကျမ်းတော်မြတ်အား မျက်နှာလွှဲဖယ်မှုပြုရန် အကြောင်းခံသည် လက်ဝယ်သို့ ရောက်ရှိလာပေသည်။ *[ရုကူဟ်]*

ဒုရ်ရေမန်စူးရ်ကျမ်း၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။ အထက်ဖော်ပြပါ ကုန်သည်သည် ပြင်ပအရပ်ဒေသမှ ကချေသည်ကျွန်မတစ်ဦးကို ဝယ်ယူလာပေသည်။ ယင်းကချေသည်မကို အကြောင်းခံ၍ ၎င်းသည် လူတို့ကို ကုရ်အာန်ကျမ်းတော်မြတ်အား နားထောင်ခြင်းမှ တားမြစ်ရန် ဤအောက်ဖော်ပြပါ ပုံစံကို ဖန်တီးလိုက်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ရန် ရှိသော သူတို့ ရှိပေသည်။ ၎င်းတို့ရှေ့ဝယ် မိမိ၏ ကျွန်ကချေသည်မကို တေးသီချင်းသီဆိုစေ၍ ကခိုင်းကာ 'မိုဟမ္မဒ် ﷺ သည် အသင်တို့အား ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ပြ၍ နမာဇ်ကိုလည်း ဖတ်ခိုင်းပေသည်။ 'ရိုဇာဟ်' ကိုလည်း ထားခိုင်းပေသည်။ အသက်ကို စွန့်လွှတ်စတေးရန်လည်း ပြောဆိုပေသည်။ အကြင်အချက်များအတွင်း၌ ဒုက္ခသည်ချည်းသာ ရှိပေသည်။ လာကြလေကုန်။ အသင်တို့သည် သီချင်းနားထောင်၍ ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရာ ထိုင်ဝိုင်းအဖြစ် ဖန်တီးကြလေကုန်' ဟု ပြောဆိုပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ယခုတင်ပြပါ အာယသ်တော်သည် အထက်တင်ပြပါဖြစ်အင်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ပေသည်။ ထိုအာယသ်တော်အတွင်း၌ لَهْوَالْحَدِيْث 'အချည်းနှီးအကျိုးမဲ့သော အရာကို ဝယ်ယူခြင်း' ၏ အလိုသဘောသည် အခြားသောဘုရင်ခံများ၏ ဖြစ်အင်များ သို့မဟုတ် ဤကချေသည်မကို ရည်ညွှန်းမိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ အာယသ်တော် ကျရောက်လာခြင်း၏ ယင်းဖြစ်အင်ကို ထောက်ရှု၍ 'အစ်ရှ်သေရာအ်' ဟူသော စကားလုံးသည် မိမိ၏ မူရင်းအဓိပ္ပာယ် 'ဝယ်ယူခြင်း' အတွက် အသုံးပြုထားခြင်းပင် ဖြစ်ပေသည်။

لَهْوَالْحَدِيْث (အချည်းနှီး အကျိုးမဲ့သောစကား) ၏အသုံးများသော အဓိပ္ပာယ်ကို ရှေ့၌ ဖော်ပြမည် ဖြစ်ပေသည်။ ထိုအချက်ကို ထောက်ရှု၍ 'အစ်ရှ်သေရားအ်' ဟူသော စကားလုံးသည်လည်း ဤနေရာ၌ ကျယ်ပြန့်သော အလိုသဘောကို ဆောင်ပေမည်။ ဆိုလိုသည်မှာ အလုပ်တစ်ခု၏အစား အခြားသော အလုပ်တစ်ခုအား ရွေးချယ်ခြင်းနှင့် ယင်းစကားလုံး၏ အဓိပ္ပာယ်အတွင်း အကျိုးမဲ့သော အရာဝတ္ထုပစ္စည်းများကို ဝယ်ယူခြင်းလည်း ပါဝင်ပေသည်။

لَهْوَالْحَدِيْث ဟူသော စကားလုံးနှစ်လုံးအတွင်း၌ حَدِيْث (ဟဒီးစ်) ဟူသော စကားလုံးသည် စကားစမြည်၊ ဖြစ်အင်များဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ لَهْوٌ 'လဟ်ဝူးန်' ၏ အဓိပ္ပာယ်သည် မေ့လျော့မှု

အတွင်းသို့ သက်ရောက်စေခြင်းဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ အကြင်အရာသည် လူသားတို့ကို အရေးကြီးသော ကိစ္စရပ်များမှ မေ့လျော့စေသည်ဆိုလျှင် ထိုအရာသည် 'လဟ်ဝူးန်'အတွင်း၌ ပါဝင်သွားပေသည်။ အချို့သော အချိန်အခါမျိုး၌ ထိုက်သည့်အလျောက် အကျိုးမပွားသော အလုပ်ဖြစ်ပြီး (အကြင်အလုပ်သည် အချိန်ဖြုန်းမှုအတွင်း၌ နစ်မွန်းစေ၍ စိတ်ဖြေဖျော်မှုကိုသာ ပေးသည်ဆိုလျှင် ၎င်းအလုပ်များကို) 'လဟ်ဝူးန်'ဟူ၍ ခေါ်ဆိုပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ لهوالحديث (အချည်းအနှီးအကျိုးမဲ့သော စကား) ဟူသော စာသားအဓိပ္ပာယ်နှင့် အကျယ်ချဲ့ဖွင့်ဆိုရာတွင် အဖွင့်ရှင်များ၏ထံ၌ အဆိုအမျိုးမျိုး ကွဲနေပေသည်။ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၊ အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ ဂျာဗိစ်ရ် ﷺ သခင်တို့၏ ဆင့်ပြန်ချက်တွင် ယင်းစကားလုံးကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ 'တီးမှုတ်ခြင်း'ဟူ၍ မိန့်ကြပေသည်။

[ဟာကင်မ်ကျမ်း၊ ဗိုင်ဟကီကျမ်း]

စွဟာဗာများ၊ သာဗေအီးန်သခင်ကြီးများနှင့် အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများ အများစုထံ၌ لهوالحديث (အချည်းနှီးအကျိုးမဲ့သော စကား) ၏ အလိုသဘောသည် ကျယ်ပြန့်ပေရာ 'လူသားအား အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းနှင့် သတိရခြင်းမှ မေ့လျော့စေသော အရာများ'အားလုံး ပါဝင်ပေသည်။ တေးသီချင်းနှင့် တေးမှုသည့် ကိရိယာတန်ဆာပလာတို့လည်း ပါဝင်ပေသည်။ အကျိုးမဲ့ အလဿသဖြစ်စေသော ဒဏ္ဍာရီ၊ ပုံပြင်များလည်း ပါဝင်ပေသည်။ အေမာမ်ဘိုခါရီသခင်ကြီးသည် 'ကေသာဗုလ်အဒဗုလ်မုဖရဒ်'ကျမ်းအတွင်း၌သော်လည်းကောင်း၊ ဗိုင်ဟကီမ်သခင်ကြီးသည် မိမိ၏ စုနန်းကျမ်းအတွင်း၌သော်လည်းကောင်း لهوالحديث (အချည်းနှီး၊ အကျိုးမဲ့သော စကား) ၏ အလိုသဘော၌ ဤအထက်ဖော်ပြပါ ဖွင့်ဆိုချက်ကို ရွေးချယ်ထားပေသည်။ ထိုကျမ်းအတွင်း၌ မိန့်တော်မူထားသည်မှာ-

لهوالحديث هوالغناء واشباهه

လဟ်ဝဟ်ဟဒီးစ်၏ အလိုသဘောမှာ တေးသီချင်းနှင့် ၎င်းနှင့် ဆက်စပ်မှုရှိသော အရာများ ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းမှ မေ့လျော့စေသော အရာများ ဖြစ်ပေသည် ဟူ၍ ဖြစ်သည်။) စုနန်နေ့ဗိုင်ဟကီ ကျမ်းအတွင်း၌ ပါရှိသည်မှာ ၎င်း၏ အလိုသဘောသည် တေးသီဆိုတီးမှုတ်သည့် အမျိုးသား၊ သို့မဟုတ် အမျိုးသမီးကို ဝယ်ယူခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတာသစေခြင်းမှ မေ့လျော့စေသော အရာများကို ဝယ်ယူခြင်း ဖြစ်ပေသည်။ အိဗ်နေဂျရီးရ်သခင်ကြီးသည်လည်း ထိုခြုံငုံလုစွာသော သဘောကို သက်ရောက်စေသည့် အဆိုကိုပင် ရွေးချယ်ထားပေသည်။ အကြင်ဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ ၏ ဤအောက်ဖော်ပြပါ မိန့်ခွန်းတော် ပါရှိထားပေသည်။ တေးသီချင်းသီဆိုတီးမှုတ်သော ကချေသည်များအား ရောင်းဝယ်ဖောက်ကားမှု မပြုလေနှင့်။ ဆက်လက်၍ မိန့်တော်မူသည်မှာ- وفى مثل هذا انزلت هذه الاية وَمِنَ النَّاسِ مَنْ يَّشْتَرِىْ ဟူ၍ ဖြစ်သည်။

တီးမှုတ်၊ သီဆို၊ ကခုန်ခြင်းနှင့် ယင်းအရာတို့နှင့် စပ်လျဉ်းသော တန်ဆာပလာကိရိယာတို့နှင့် ပတ်သက်၍ သာသနာ့ပညတ်ချက်များ

ယင်းပညတ်ချက်များ၏ ပြည့်ဝသော အကျယ်ချဲ့အကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့၏ အထောက်အထားများနှင့်အတူ ကျွန်ုပ်သေးသိမ်သူ (မိုဟမ္မဒ်ရှဖီးအ်) ၏ ကျမ်းငယ်တစ်စောင်ဖြစ်သော السعى الحثيث فى تفسير لهو الحديث (အပ်စ်စအ်ယုလ်ဟာစီးစုဖီးသဖ်စီရေလဟ်ဝလ်ဟာဒီးစ်) အတွင်း၌ တင်ပြထားပေသည်။ အကြင်ကျမ်းငယ်အတွင်း၌ တေးသီချင်းနှင့် တေးတီးမှုတ်သည့် ကိရိယာများနှင့် စပ်လျဉ်း၍ အကျယ်ချဲ့ ဖွင့်ဆိုချက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအတွင်းမှသော်လည်းကောင်း၊ အွမ္မသ်၏ ဓမ္မသတ်ပညာရှင်ကြီးများ၏ အဆိုအမိန့်များကိုသော်လည်းကောင်း တင်ပြထားပေသည်။ ဤကျမ်းငယ်ကို အာရဗီစာပေဘာသာစကားဖြင့် အဟ်ကာမုလ်ကုရ်အာန်ကျမ်း၏ ပဉ္စမတွဲ၌ ရေးသားထုတ်ဝေပြီး ဖြစ်ပေသည်။ သာသနာ့ပညာရှင်များသည် ထိုအတွဲအား ဖတ်ရှုလေ့လာနိုင်ပေသည်။ အများသူငှာ အာလင်မ်မဟုတ်သော သူတို့အဖို့ ထိုအတွဲ၊ ကျမ်း၏ အချုပ်သဘောတရားကို ဤနေရာ၌ တင်ပြရေးသားအပ်ပေသည်။

ပထမအဆင့်အနေဖြင့် သေချာစွာ စမ်းစစ်လေ့လာထိုက်သော အချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း لَعِبٌ (သို့) لَهْوٌ ဟူသော စာလုံးများကို ပြစ်တင်ရှုတ်ချထိုက်သော မကောင်းသော လုပ်ရပ်များကို တင်ပြပါရှိသည့် နေရာများ၌သာ မိန့်မြွက်ထားပေသည်။ ၄င်း၏ အနိမ့်ဆုံးအဆင့်သည် 'ကရာဟသ်' ဟု ခေါ်ဆိုသော 'နှစ်မြို့ဖွယ်မကောင်းခြင်း' အဆင့်၌ ရှိနေပေသည်။ *[ရူးဟွလ်မအာနီ၊ ကရှ်ရှာဖ်]*

တင်ပြလျက်ရှိသော အာယသ်တော်သည် لَهْوٌ (အချည်းနှီးအရာများ) ၏ ပြစ်တင်ထိုက်ဖွယ်ကောင်းခြင်းနှင့် ပတ်သက်၍ လုံးဝ ရှင်းလင်းနေပေသည်။

မွတ်စ်သဒရပ်က်ဟာကင်မ်ကျမ်းအတွင်းရှိ ကေသာဗုလ်ဂျေဟားဒ်ကဏ္ဍရပ်၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်သည် ဤသို့ လာရှိထားပေသည်။

كل شىء من لهو الدنيا باطل الا ثلثة انتضا لك بقوسك وتاديبك لفرسك وملاعبتك لأهلك فانهن من الحق

ကမ္ဘာလောကရှိ ခုန်ပေါက်စော့ကစား မြူးတူးမှုများတိုင်းသည် မှားယွင်းသော အချက်များသာဖြစ်သည်။ သို့ရာတွင် အချက် ၃ ချက်မှာ မမှားယွင်းပေ။

(၁) မြှားကိုင်းမှ မြှားတံဖြင့် ပစ်လွှတ်စော့ကစားခြင်း၊

(၂) မိမိ၏ မြင်းအား ယဉ်ပါးစေရန် ချော့မြူကစားခြင်း၊

(၃) မိမိ၏ ဇနီးသည်ဖြင့် ကျီစားခြင်း

အေမာမ်ဟာကင်မ် (ရဟ) သခင်ကြီးသည် ထိုဟဒီးစ်တော်ကို မွတ်စ္စလင်မ်ကျမ်း၏ စည်းကမ်းချက်ဖြင့် ကိုက်ညီခြင်းရှိသည့်အတွက်ကြောင့် မှန်ကန်သော ဟဒီးစ်တော်ဟူ၍ မိန့်ဆိုထားပေသည်။ သို့ရာတွင် ဇဟ်ဗီးသခင်နှင့် အစရှိသော ပညာရှင်ကြီးများသည် ယင်းဟဒီးစ်တော်၏ ဆင့်ကဲကွင်းဆက် ဆင့်ပြန်မှု ဆက်တိုက်ရှိကြောင်းကို လက်မခံသည့်အတွက်ကြောင့် 'ဟဒီစ်ဧမုရ်စလ်'ဟု သတ်မှတ်ထားကြပေသည်။ သို့သော်လည်း ဟဒီးစ်ပါမောက္ခအများစုထံ၌ 'ဟဒီးဧမုရ်စလ်'သည်လည်း အထောက်အထားဖြစ်ပေသည်။

ဤအထက်ဖော်ပြပါ ဟဒီးစ်တော်၌ 'လဟ်ဝ်' (အချည်းနှီးဖြစ်သော ကစားမှု) တိုင်းကို 'ဘာသွိလ်' များယွင်းသော အချက်ဟူ၍ သတ်မှတ်ပေးထားပေသည်။ အကြင်အချက် (၃) ရပ်ကို ချွင်းချက်အဖြစ် ခွင့်ပြုထားပေသည်။ စင်စစ်၌ ထိုအချက်များသည် အချည်းနှီးဖြစ်စေသော ကစားမှု၌ မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် 'လဟ်ဝ်' (အချည်းနှီးဖြစ်သော ကစားမှု) ဆိုသည်မှာ သာသနာရေးရာနှင့် လောကီရေးရာတို့အဖို့ အကျိုးဆက်မဖြစ်စေသော လုပ်ရပ်တိုင်းကို ခေါ်ဆိုပေသည်။ ဤအထက်တင်ပြပါ အချက် (၃) ရပ်သည် သာသနာရေးရာနှင့် လောကီရေးရာတို့အဖို့ များစွာအကျိုးပြုသည့် အချက်များသည် ဆက်နွယ်နေပေသည်။ မြှားပစ်ခြင်းနှင့် မြင်းကို ယာဉ်ပါးအောင် ပြုခြင်းသည် 'ဂျီဟားဒ်' (စစ်ဆင်နွှဲရန်) အတွက် ပြင်ဆင်ခြင်းဖြစ်ပေသည်။ ဇနီးသည်နှင့် ကျီစားမှုသည် မျိုးဆက်သစ်ရှင်သန်ရေး၏ ကဏ္ဍကို ပီပြင်စွာ အကောင်အထည်ဖော်စေသည့်အချက် ဖြစ်ပေသည်။ ထိုအချက် (၃) ရပ်၏ အပေါ်ယံကိုသာ ကြည့်ရှု ထောက်ရှုမည်ဆိုပါက 'လဟ်ဝ်' (အချည်းနှီးသော ကစားမှု) ဟု ပြောဆိုနိုင်ပေသည်။ အခြေခံဇစ်မြစ် အချက်ကို ထောက်ရှု၍ 'လဟ်ဝ်' (အချည်းနှီးကစားမှု) ၌ မပါဝင်ပေ။ ဤကဲ့သို့ပင် အထက်ဖော်ပြပါ လုပ်ငန်းရပ် (၃) ရပ်အပြင် ဒီးန်သာသနာရေးရာနှင့် လောကီရေးရာကို ကောင်းကျိုးဖြစ်စေသော အခြားသော လုပ်ငန်းရပ်များသည်လည်း ရှိနေပေသေးသည်။ အပေါ်ယံအသွင်ကိုသာ ထောက်ရှု၍ 'လဟ်ဝ်' (အချည်းနှီး ကစားမှု) ဟူ၍ ထင်ရသော်လည်း ထိုအချက်များကို ဟဒီးစ်တော်၏ အခြားသော ဆင့်ပြန်ချက်များ၌ ပိုင်ရုံသာမက သာပို၍ ကောင်းမွန်သော အချက် (မွတ်စ်သဟ်စန်း) ဟူ၍ပင် သတ်မှတ်ထားပေသည်။

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ အကြင်လုပ်ရပ်သည် အမှန်စင်စစ်၌ 'လဟ်ဝ်' (အချည်းနှီးအလဟဿ) လုပ်ရပ် ဖြစ်မည်ဆိုလျှင်၊ ဆိုလိုသည်မှာ အကြင်အလုပ်အတွင်း၌ လောကီရေးရာနှင့် သာသနာရေးရာ အကျိုးတစ်စုံတစ်ရာမျှ မရှိလျှင်၊ ထိုအချက်အလက်များအားလုံးသည် ပြစ်တင်ထိုက်ဖွယ် ကောင်းလှပြီး မနှစ်မြို့ဖွယ်ရာ အရာများမှာ မုချဖြစ်ပေသည်။ တစ်ဖန် ယင်းအချက်များအတွင်း၌ အကျယ် ချဲ့အချက်များလည်း ရှိနေပေသေးသည်။ အချို့သော အမှုကိစ္စများသည် 'ကုဖွရ်' (သွေဖည်ငြင်းဆိုသော) အဆင့်ထိတိုင် ရောက်ရှိနေပေသည်။ အချို့သော အမှုကိစ္စများသည် ပေါ်လွင်ထင်ရှားလှစွာသော 'ဟရာမ်' ဖြစ်ပြီး အချို့သော လုပ်ရပ်များမှာ အနိမ့်ဆုံးအဆင့်အနေဖြင့် 'မက္ကရူးဟ်သန်ဇီဟီး' (မပြုလုပ်လျှင် ပိုကောင်းခြင်း) အဆင့်၌ ရှိနေပေသည်။ ယခု တင်ပြထားသော အချက်ကို ထောက်ရှုကြည့်လျှင် အမှန်တကယ် အချည်းနှီးအကျိုးမဲ့သော အရာဖြစ်သော မည်သည့်အရာကိုမျှ ချွင်းချက်အဖြစ် မပြုထားကြောင်းကို တွေ့ရှိရမည်။ ဟဒီးစ်တော်များ၌ ချွင်းချက်အဖြစ် ခွင့်ပြုထားသော စော့ကစားမှုများသည် အမှန်တကယ် 'လဟ်ဝ်'

(အချည်းနှီးအကျိုးမဲ့ကစားမှု) အတွင်း၌ မပါဝင်ပေ။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်၌ ယင်းအချက်အား ကိုယ်တိုင် ရှင်းလင်းချက် လာရှိထားပေသည်။ အဗူဒါဝူးဒ်၊ သီရ်မေဇီ၊ နစာအီနှင့် အိဗ်နေမာဂျာဟ်ကျမ်းများ၌ 'ကိသာဗုလ်ဂျေဟားဒ်'အတွင်း၌ အွတ်က်ဗားဗင်နအာမင်ရ်၏ ဆင့်ပြန်ချက်ရှိ စကားလုံးတော်များမှာ ဤသို့တည်း။

ليس من اللهو ثلاث تاديب الرجل فر سه وملا عبت اهله ورميه بقوسه ونبله

(နစ္စဗုရ်ရာယဟ်၊ တွဲ-၄၊ စာ-၂၇၃) ယင်းဟဒီးစ်တော်ကိုယ်တိုင်သည် ချွင်းချက်အဖြစ် ခွင့်ပြုထားပြီးဖြစ်သော ကစားမှုတို့သည် အမှန်တကယ် စော့ကစားမှုတို့၌ မပါဝင်ကြောင်းကို ရှင်းလင်းဖော်ထုတ်ပေးထားပေသည်။ အမှန်တကယ် စော့ကစားမှု၊ အချည်းနှီးဖြစ်စေသော လုပ်ရပ်များသည် မှားယွင်းကာ ရှုတ်ချဖွယ် ကောင်းလှပေသည်။ ရှေ့၌ ယင်းကဲ့သို့သော အချည်းနှီး၊ အကျိုးမဲ့ဖြစ်သည့် စော်ကားမှုပြစ်တင်ဖွယ် ကောင်းလှခြင်း၏ အဆင့်အမျိုးမျိုးကို တင်ပြထားပေသည်။

(၁) အကြင်စော့ကစားမှုသည် သာသနာတော်မှ လမ်းလွဲဖြစ်စေခြင်း၊ သို့မဟုတ် အခြားသူများကို လမ်းလွဲစေခြင်း၏ အကြောင်းခံဖြစ်မှု ထိုအချက်များသည် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) ပင် ဖြစ်သည်။ ပမာဆိုရသော် တင်ပြလျက်ရှိနေသော အာယသ်တော်

وَمِنَ النَّاسِ مَنْ يَّشْتَرِىْ لَهْوَ الْحَدِيْثِ

စင်စစ် လူတို့တွင် အကြင်ကဲ့သို့သောသူလည်း ရှိ၏။ ထိုသူသည် အချည်းနှီး၊ အကျိုးမဲ့သော စကားကို ဝယ်ယူသူလည်း ရှိ၏။ *[၃၁ : ၆]*

အတွင်း၌ ထိုလုပ်ရပ်၏ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် လမ်းလွဲမှားကြောင်းကို တင်ပြထားပေသည်။ ၎င်း၏ ပြစ်ဒဏ်ကို ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ဖြစ်ကြောင်းကို သတ်မှတ်ပေးထားပေသည်။ အကြင်ပြစ်ဒဏ်သည် ကာဖိရ်များ ခံစားရမည့် ပြစ်ဒဏ်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်သည် နသ္ဗာရ်ဗင်နဟာရစ်နှင့် စပ်လျဉ်းသော ဖြစ်အင်အပေါ် ကျရောက်ခဲ့ပေသည်။ ထိုဖြစ်အင်အတွင်း၌ ထိုအချည်းအနှီး၊ အကျိုးမဲ့သော လုပ်ရပ်ကို ၎င်းသည် အစ္စလာမ်သာသနာနှင့် ဆန့်ကျင်ကာ လူတို့အား လမ်းလွဲမှားမှုကို ပြုရန်အတွက် အသုံးချခဲ့ပေသည်။ ထို့ကြောင့် ဤ 'လဟ်ဝ်' (အမှုကိစ္စရပ်) သည် 'ဟရာမ်'ဖြစ်ခြင်းနှင့်အတူ 'ကုဖွရ်' (သွေဖည်ငြင်းဆိုခြင်း) ၏ အဆင့်ထိတိုင် ရောက်ရှိသွားပေသည်။

(၂) ဒုတိယပုံစံမှာ အကျိုးမဲ့သော အချည်းနှီးဖြစ်သည့် လုပ်ရပ်တစ်ရပ်သည် လူတို့ကို အစ္စလာမ်သာသနာရေးရာ ယုံကြည်ချက်ကဏ္ဍရပ်များကိုမူ လမ်းလွဲအောင် မပြုပေ။ သို့ရာတွင် ၎င်းတို့ကို 'ဟရာမ်' နှင့် ပြစ်မှုဒုစရိုက်ဖြစ်စေသော အချက်များအတွင်းသို့ နစ်မွန်းစေလိုက်ပေသည်။ ထိုအချက်သည် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) မဖြစ်ဘဲ 'ဟရာမ်'နှင့် အလွန်ဆိုးရွားသော ပြစ်မှုဒုစရိုက်ဖြစ်ပေသည်။ ဥပမာ- ဖဲကစားခြင်း အနိုင်၊ အရှုံးအပေါ် ပစ္စည်းဥစ္စာ အပေးအယူ ပြုလုပ်ခြင်း၊ သို့မဟုတ် လူသားတို့ကို နမာဇ်၊ 'ရှိဇာဟ်'အစရှိသော ခဝပ်ကိုးကွယ်မှုများအား အဟန့်အတား အနှောင့်အယှက်ဖြစ်သော လောင်းကစားများအားလုံး ပါဝင်ပေသည်။

အကျိုးမဲ့ကာ စက်ဆုပ်ဖွယ်ကောင်းသည့် ဝတ္ထု၊ ကာတွန်း သို့မဟုတ် ရှက်ဖွယ်လိလိ လင်္ကာ ကဗျာများနှင့် လမ်းမှားသူတို့၏ စာအုပ်များကို ကြည့်ခြင်း၊ ဖတ်ရှုခြင်း မပိုင်ကြောင်း

ဤခေတ်ကာလ၌ များစွာသော သူပုဂ္ဂိုလ်များသည် ရှက်ဖွယ်လိလိ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဝတ္ထု၊ ကာတွန်း၊ ဒုစရိုက်မှုကျူးလွန်သော မှုခင်းအခြေအနေများ ပါဝင်သော ဖြစ်ရပ်မှန်များနှင့် ညစ်ညမ်းသော ကဗျာများ ရေးသားထားသည့် စာအုပ်များကို ကြည့်ရှုခြင်း၏ ဝလေ့သည် စွဲနေပေသည်။ ဤအချက်များအားလုံးသည် 'ဟရာမ်'ဖြစ်စေသော 'လဟ်ဝ်' (အချည်းနှီး၊ အကျိုးမဲ့လုပ်ရပ်များ) အတွင်း၌ ပါဝင်ပေသည်။ ဤကဲ့သို့ပင် လမ်းမှားသောသူများ၏ အတွေးအခေါ်များနှင့် ရေးသားထားသော အရာများသည်လည်း အများသူငှာတို့အဖို့ လမ်းမှားစေခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သာမန်လူတို့အဖို့ လေ့လာကြည့်ရှုဖတ်ရှုခြင်း မပိုင်ပေ။ အသိပညာအရာ နက်ရှိုင်းကျွမ်းကျင်သော အာလင်မ်သာသနာ့ ပညာရှင်များသည် ၎င်းတို့ကို တုန့်ပြန်ဖြေကြားမှုပေးရန်အတွက် လေ့လာမည်ဆိုပါက တစ်စုံတစ်ရာအကြောင်း မဟုတ်ပေ။

(၃) အကြင်အမှုကိစ္စများ (စော့ကစားမှု) များသည် 'ကုဖ်ရ်' (သွေဖည်ငြင်းဆန်မှု) လည်း မဖြစ်နိုင်သကဲ့သို့ ပြစ်မှုဒုစရိုက်များလည်း မဖြစ်ပါက 'အကျိုးမဲ့သော အလုပ်တစ်ခုအတွင်း မိမိ၏ အချိန်နှင့် အင်အားကို အသုံးပြုသည့်အတွက်ကြောင့် 'မက္ကရူးဟ်'ဖြစ်ပေသည်။

ကစားစရာများ ရောင်းဝယ်ဖောက်ကားမှုပြုခြင်း

အထက်ဖော်ပြပါ ရှင်းလင်းချက်မှ ကစားစရာများကို ဝယ်ယူရောင်းချခြင်း၏ အမိန့်ကိုပါ သိရှိရပေသည်။ အကြင်အရာဝတ္ထုပစ္စည်းများသည် 'ကုဖ်ရ်' (သွေဖည်ငြင်းဆိုခြင်း) ၏ လမ်းလွဲမှားခြင်း၊ သို့မဟုတ် 'ဟရာမ်'၊ ဒုစရိုက်မှုဖြစ်ခြင်း၏ ကစားမှုများအတွင်း၌သာ အသုံးချပါက ထိုအရာဝတ္ထုပစ္စည်းအား ရောင်းဝယ်မှုပြုခြင်းသည်လည်း 'ဟရာမ်'ဖြစ်ပေသည်။ 'မက္ကရူးဟ်'ဖြစ်စေသော အချက်များ၌ အသုံးချပါက ရောင်းဝယ်ဖောက်ကားမှုပြုခြင်းသည်လည်း 'မက္ကရူးဟ်'ဖြစ်ပေသည်။ အကြင်အရာဝတ္ထုပစ္စည်းများကို ပိုင်၍ ခွင့်းချက်အဖြစ် ထားရှိပေးထားသော စော့ကစားမှု၌ အသုံးချပါက ထိုအရာဝတ္ထုပစ္စည်းများအား ရောင်းဝယ်ဖောက်ကားခြင်း ပိုင်ပေသည်။

ပြုပိုင်ခွင့်ရှိသော စော့ကစားမှု

အထက်၌ (ရှုတ်ချပြစ်တင် ခြင်း ခံထိုက်ဖွယ်နှင့် တားမြစ်ထားခြင်းခံထားရသော စော့ကစားမှု) မှာ 'လောကီရေးရာနှင့် သာသနာရေးရာတို့၌ တစ်စုံတစ်ရာ အကျိုးမရှိသော စော့ကစားမှုသာဖြစ်ကြောင်း အကျယ်ချဲ့ တင်ပြပြီးဖြစ်ပေသည်။ လေ့ကျင့်ခန်းနှင့် ကျန်းမာသန်စွမ်းရန် အတွက်သော်လည်းကောင်း သို့မဟုတ် အခြားလောကီရေးရာနှင့် သာသနာရေးရာ တစ်စုံတစ်ရာအတွက် လိုအပ်ချက် ရှိလာချိန်၌သော်

လည်းကောင်း၊ သို့မဟုတ် အနိမ့်ဆုံးအဆင့်အနေဖြင့် မောပန်းမှုကို ပြေပျောက်စေရန်အတွက်လည်းကောင်း စသော ပြုမူဆောင်ရွက်ချက်များကိုလည်းကောင်း ၄င်းပြုမူဆောင်ရွက်ချက်အတွင်း၌မှာပင် နစ်မွန်းနေရလောက်အောင် အတိုင်းအထက်အလွန် မဖြစ်ရှိစေကာ အဓိက ပြုမူဆောင်ရွက်ရမည့် ကိစ္စရပ်များအား အဟန့်အတား အနှောင့်အယှက်မဖြစ်စေသည် ဆိုလျှင် ဤကဲ့သို့သော ကစားမှုမျိုးများသည် သာသနာ့ရှုထောင့်အရ ပြုပိုင်၍ သာသနာရေးရာဆိုင်ရာ လိုအပ်ချက်၏ 'နီယသ်'ဖြင့် ပြုလုပ်ပါမူ အကျိုး'စဝါးဗ်'ကိုလည်း ရရှိပေမည်။

တင်ပြပါ ဟဒီးစ်တော်အတွင်း၌ ကစားနည်း (၃) ရပ်ကို ချွင်းချက်အဖြစ် တားမြစ်ချက်မှ ထုတ်ပယ်ထားကြောင်းကို တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ၄င်းတို့မှာ မြှားပစ်ခြင်း၊ မြင်းအား စီးနင်းခြင်းနှင့် အမျိုးသမီးနှင့် ကျီစားခြင်းတို့ ဖြစ်ပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသော မရ်ဖူးအ်ဟဒီးစ်တော်တစ်ရပ် ရှိပေသည်။

خير لهو المؤمن السباحة وخير لهو المرأة المغزل

မုအ်မင်န်အမျိုးသားများအဖို့ ကောင်းသော ကစားခြင်းသည် ရေကူးခြင်းဖြစ်၍ အမျိုးသမီးများဖို့ ကောင်းသော ကစားခြင်းသည် မုတ်ကြိတ်ခြင်းဖြစ်သည်။ *[ဂျာမေအ်စွဂီးရ်]*

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်စလ်မားဗင်န်အပ်ကဝါအ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ မဒီနာမြို့တော်ရှိ အန်စွာရီများတွင် အပြေးပြိုင် ကျွမ်းကျင်သော သူတစ်ဦး ရှိပေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ၄င်းအား နိုင်အောင် မပြေးနိုင်ပေ။ ၄င်းသည် တစ်နေ့ 'ကျွန်ုပ်နှင့်အတူ မည်သူ အပြေးပြိုင်မည်နည်း'ဟူ၍ ကြွေးကြော်ရာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား ၄င်းနှင့်အတူ ပြိုင်ရန် ခွင့်တောင်းခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ခွင့်ပေး၍ ပြိုင်ရာ၌ ကျွန်ုပ်သည် အနိုင်ရရှိသွားပေသည်။ အထက်ပါဟဒီးစ်တော်မှ 'ခြေလျင်အပြေးပြိုင် လေ့ကျင့်မှုသည် ပြုပိုင်ခွင့်ရှိကြောင်း သိရှိရပေသည်။

ကျော်ကြားသော နပမ်းသမားတစ်ဦးဖြစ်သူ ရိုကာနားသည် တမန်တော်မြတ် ﷺ ဖြင့် နပမ်းလုံးရာတွင် တမန်တော်မြတ် ﷺ သည် ၄င်းအား အနိုင် လုံချနိုင်ခဲ့ပေသည်။ *[အဗူဒါဝူးဒ်]*

အီသီးယိုပီးယားနိုင်ငံမှ သူပုန်အချို့သည် မဒီနာရွှေမြို့တော်၌ စစ်ရေးလေ့ကျင့်ရန်အတွက် လုံ အစရှိသော လက်နက်များဖြင့် ကစားလေ့ရှိပေသည်။ တမန်တော်မြတ် ﷺ သည် ၄င်းတို့၏ စော့ကစားမှုကို ဟဇရသ်အာအေရှားဟ် ﷺ သခင်မအား မိမိ၏ ကျောတော်အနောက်ဘက်မှ ရပ်ခိုင်းကာ ပြသပေသည်။ ထို့နောက် ဤသို့ ဆက်လက်၍ အမိန့်ရှိတော်မူသည်မှာ-

الهوا والعبوا

ခုန်ပေါက်စော့ကစားကြကုန်ဟူ၍ ဖြစ်သည်။ *[ဗိုင်ဟကီ]*

အချို့သော ဆင့်ပြန်ချက်များ၌ အထက်ပါစကားလုံးတော်များနှင့်အတူ

فانى اكره ان يرى فى دينكم غلظة

ငါကိုယ်တော်သည် အသင်တို့၏ သာသနာအတွင်း၌ဝယ် ပြင်းထန်၊ ခက်ထန်မှုကို မြင်တွေ့နေရခြင်းကို နှစ်မြို့တော်မမူပေ။

ဤကဲ့သို့ပင် အချို့သော ဆွဟာဗာသခင်ကြီးများထံမှ ဆင့်ကဲ ဆင့်ပြန်မှု လာရှိထားသည်မှာ ၄င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့ကို လေ့လာနှစ်မွန်းခြင်းမှ မောပန်းသွားမှု အချို့သော အချိန်အခါမျိုးတွင် အာရဗီကဗျာများနှင့် ရာဇဝင်ဖြစ်အင်များဖြင့် စိတ်ကို ဖျော်ဖြောက်မှု ပြုကြပေသည်။

[အိဗ်နေအဗ္ဗားစ်သခင်ကြီးထံမှ]

ဟဒီးစ်တော်တစ်ရပ်၌ အမိန့်ရှိထားသည်မှာ-

روحوا القلوب ساعة فساعة

အသင်တို့သည် မိမိတို့၏ နှလုံးသားများကို ရံဖန်ရံခါ အနားပေးမှုကို ပြုကြကုန်။ *[အဗူဒါဝူဒ်]*

အကြင်ကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြင့် ဦးနှောက်နှင့် နှလုံးသားအား အနားပေးမှုနှင့် ထိုကိစ္စရပ်အတွက် အချိန်အချို့ကို ထုတ်ယူခြင်း ပိုင်ကြောင်း အတည်ပြုရရှိပေသည်။

ထိုအထက်တင်ပြပါ အချက်များအားလုံး ပြုပိုင်ခွင့်ရှိခြင်း၏ စည်းကမ်းချက်မှာ 'နီယသ်' (ရည်စူးမှု) နှင့် အကြင်ကစားမှုများအတွင်း၌ မှန်ကန်သော ရည်ရွယ်ချက်များရှိချိန်၌ ဖြစ်ပေသည်။ ဆော့ကစားခြင်းသည် ဆော့ကစားရန် ရည်ရွယ်ချက်မျိုး မဖြစ်စေရ။ ယင်းသို့ ဆော့ကစားခြင်းသည်လည်း လိုအပ်သည့် အတိုင်းအတာခန့်မျှသာဖြစ်၍ အတိုင်းထက်အလွန် မဖြစ်ရှိစေရ။ အထက်ဖော်ပြပါ ဆော့ကစားခြင်များ အားလုံး ပိုင်ရခြင်းအကြောင်းမှာ 'စင်စစ် ဤဆော့ကစားမှုများသည် ဘောင်အတွင်း၌သာ တည်ရှိနေခြင်း ကြောင့် 'လဟ်ဝိ' (အချည်းနှီး၊ အကျိုးမဲ့ ဆော့ကစားခြင်း) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း၌ မပါဝင် သောကြောင့်' ဖြစ်သည်။

အချို့ဆော့ကစားမှုများသည် ရှင်းလင်းစွာဖြင့် တားမြစ်ထားခြင်းခံရခြင်းကဏ္ဍ

ထိုကစားနည်းများနှင့်အတူ အချို့သော ဆော့ကစားမှုများကို အကယ်၍ ယင်းကစားမှုများအတွင်း၌ အချို့သော အကျိုးများ ရှိနေလင့်ကစား တမန်တော်မြတ် ﷺ သည် အထူးသဖြင့် တားမြစ်တော်မူထား ပေသည်။ ဥပမာ- ကျားထိုးခြင်း၊ စစ်ဘုရင်ထိုးခြင်းတို့ ဖြစ်ပေသည်။ အကယ်၍ ယင်းကစားမှုများနှင့်အတူ အနိုင်အရှုံးအပေါ် ပစ္စည်းဉစ္စာ ငွေကြေး အပေးအယူ ရှိလာသည်ဆိုပါက ဤသည် လောင်းကစားဖြစ်ကာ လုံးဝ 'ဟရာမ်'ဖြစ်သွားပေသည်။ အကယ်၍ စိတ်ဖျေဖျောက်ရန်အတွက်သာဆိုလျှင်လည်း ဟဒီးစ်တော်၌ ၄င်းကစားနည်းများကို တားမြစ်ထားတော်မူပေသည်။ မှန်ကန်သော မွတ်စ္စလင်မ်ကျမ်းအတွင်း ဟဇရသ် ဗုရိုက်ဒါးဟ် ؓ သခင်ကြီးထံမှ ဆင့်ပြန်ထားသော ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ သည် ဤသို့

မိန့်တော်မူထားပေသည်။ 'အကြင်သူသည် ကျားကစားမည်ဆိုပါက မိမိ၏လက်ကို ဝက်သွေးဖြင့် အရောင်ဆိုး နေသောသူကဲ့သို့ ဖြစ်ပေသည်။' ဤကဲ့သို့ပင် အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ စစ်တုရင်ကစားသော သူ့အပေါ် ကျိန်စာပို့သည့် စကားလုံးများ လာရှိထားပေသည်။ *[အဗူဟုရိုက်ရားဟ်သခင်ကြီးမှတစ်ဆင့် အိုက်ဗိက်လီ]*

ဤကဲ့သို့ပင် ခိုလွှတ်ပြိုင်ခြင်း (ခိုများကို ကြိုးဖြင့် ချည်ထားပြီး မရပ်မနား ပျံခိုင်းခြင်း) ကို တမန်တော်မြတ် ﷺ သည် ပိုင်သော လုပ်ရပ်မဟုတ်ဟူ၍ မိန့်ဆိုထားပေသည်။ *[အဗူဒါဝူးဒ်]*

ထိုကဲ့သို့ တားမြစ်ရခြင်း၏ အပေါ်ယံအကြောင်းအရင်းမှာ များသောအားဖြင့် ယင်းအလုပ်အတွင်း၌ လူသားသည် အရေးကြီးသော လုပ်ရပ်များဖြစ်သည့် နောက်ဆုံးအဆင့်အနေဖြင့် နမာဇ်နှင့် အခြားသော ခဝပ်ကိုးကွယ်မှုတို့ကိုပင် မေ့လျော့စေခြင်းကြောင့် ဖြစ်ပေသည်။

တေးသီချင်းနှင့် တီးမှုတ်သည့် ကိရိယာ တန်ဆာပလာ များ၏ အမိန့်

တင်ပြလျက်ရှိသော အာယသ်တော်၌ အချို့သော ဆွဟာဗာကြီးများသည် لَهْوَالْحَدِيْث (အကျိုးမဲ့၊ အချည်းနှီးသော စကား) ဟူသော အချက်ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ အတီးအမှုတ်ပစ္စည်းများဖြစ်သည် ဟု ဖွင့်ဆိုခဲ့ကြသည်။ အခြားသော ပညာရှင်များသည် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့စေသော ကစားမှုများအားလုံးကို 'လဟ်ဝ်'ဖြစ်သည်ဟု မိန့်ဆိုထားနေလင့်ကစား ၄င်းတို့ထဲတွင် ထို لَهْوَالْحَدِيْث ၌ တေးသီချင်း၊ သီဆို၊ တီးမှုတ်ခြင်းတို့လည်း ပါဝင်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပိုဒ်အတွင်း၌

لَا يَشْهَدُوْنَ الزُّوْرَ

ထိုသူတို့သည် မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ *[၂၅ : ၇၂]*

အေမာမ်အဘူဟာနီဖာ၊ မုဂျာဟိဒ်နှင့် မိုဟမ္မဒ်ဗင်န်ဟာနဖီယာ အစရှိသော ပုဂ္ဂိုလ်ကြီးများသည် زُوْرٌ 'ဇူးရူးန်' (မုသား) ဟူသော စကားလုံးကို တေးသီချင်း သီဆိုတီးမှုတ်ခြင်း ဖြစ်သည်ဟူ၍ ဆိုကြပေသည်။

အဗူဒါဝူးဒ်နှင့် အိဗ်နေမာဂျာဟ်တို့သည် မိမိတို့၏ စုနန်းကျမ်းများ၌သော်လည်းကောင်း၊ (အိဗ်နေ ဟစ်ဗ်ဗာန်းသခင်ကြီးသည် မိမိ၏ စွဟီးဟ်ကျမ်း၌သော်လည်းကောင်း ဟဇရသ်အဗူမာလစ်က်အရှ်အရီး သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ယင်းဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့် ရှိထားပေသည်။

ليشربنّ ناس من امتي الخمر يسمّونها بغير اسمها يعزف على رؤسهم بالمعازف
والمغنيات يحسف اللهُ بهم الأرض ويجعل اللهُ منهم القردة والخنازير

(ငါကိုယ်တော်၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ အချို့သော သူတို့သည် အရက်သေစာကို အမည်ပြောင်းကာ သောက်သုံးကြပေမည်။ ၎င်းတို့၏ ရှေ့ဝယ် တေးတီးမှုတ်သော ကိရိယာများနှင့်အတူ အမျိုးသမီးများသည် သီဆိုကြပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မြေကြီးအတွင်းသို့ မြေမြိုစေတော်မူပေလိမ့်မည်။ အချို့သောသူတို့ကို ရုပ်ပြောင်းလွဲအောင် ပြုကာ မျောက်များ၊ ဝက်များအဖြစ် ပြုလုပ်တော်မူပေလိမ့်မည်။)

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့်ရှိထားတော်မူပေသည်။ 'အလ္လာဟ်အသျှင်မြတ်သည် အရက်၊ လောင်းကစားနှင့် တေးတီးဆိုတီးမှုတ်သော ကိရိယာတန်ဆာပလာများကို 'ဟရာမ်'အဖြစ် ပြုထားတော်မူပေသည်။' ဆက်လက်၍ မိန့်တော်မူသည်မှာ 'မူးယစ်စေသော အရာအားလုံးသည်လည်း 'ဟရာမ်'ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။

[အဟ်မဒ်၊ အဗူဒါဝူးဒ်၊ အိဗ်နေဟစ်ဗ်ဗားန်။]

روى عن ابى هريرة ﷺ قال قال رسول الله ﷺ اذا اتخذ الفئ دولا ﴿الحديث﴾

ဟဇရသ်အဗူဟုရိုင်ရားဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် 'စစ်သုံ့ပန်းပစ္စည်းကို ပုဂ္ဂိုလ်ရေးရာတစ်ဦးပိုင် ဓနပစ္စည်းအဖြစ် သတ်မှတ်လာသောအခါ၌လည်းကောင်း၊ လူတို့၏ အပ်နှံပစ္စည်းကို စစ်သုံ့ပန်းပစ္စည်းအဖြစ် နားလည်သဘောပေါက်လာသောအခါ၌လည်းကောင်း၊ 'ဇကားသ်'ဒါနကြေးကို လျော်ကြေးပစ္စည်းအဖြစ် မှတ်ယူလာသောအခါ၌လည်းကောင်း၊ သာသနာ့ပညာကို လောကီရေးရာအတွက် ရှာဖွေသင်ယူလာသောအခါ၌လည်းကောင်း၊ ခင်ပွန်းဖြစ်သူသည် ဇနီးအမိန့်ကို နာခံ၍ မိခင်၏ အမိန့်ကို ဖီဆန်လာသောအခါ၌လည်းကောင်း၊ မိတ်ဆွေကို တရင်းတနှီး ပေါင်းသင်းဆက်ဆံ၍ ဖခင်ကို ရှောင်ဖယ်ဝေးကွာစွာ ထားရှိသောအခါ၌လည်းကောင်း၊ ဗလီဝတ်ကျောင်းတော်များအတွင်း အော်ဟစ် ဆူညံလာသောအခါ၌လည်းကောင်း၊ မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်သည် ၎င်းတို့အတွင်းမှ သူယုတ်မာ ဖြစ်လာသောအခါ၌လည်းကောင်း၊ မျိုးနွယ်အုပ်စု၏ ဦးစီးနာယကသည် ၎င်းတို့အတွင်းမှ အသေးသိမ်ဆုံးသောသူ ဖြစ်လာသောအခါ၌လည်းကောင်း၊ ဆိုးယုတ်သောသူတို့အား ၎င်းတို့၏ အန္တရာယ်များမှ ကင်းလွတ်မှုရရန် ဂုဏ်ပေးခြင်းခံရသောအခါ၌လည်းကောင်း၊ တေးသီဆိုသည့် အမျိုးသမီးများနှင့် တေးတီးမှုတ်သည့် ကိရိယာတန်ဆာပလာများ များပြား ကျယ်ပြန့်လာသောအခါ၌လည်းကောင်း၊ အရက်သေစာ သောက်စား လာကြသောအခါ၌လည်းကောင်း၊ နှောင်းပိုင်းခေတ်ရှိ သူတို့သည် အတိတ်ခေတ် အကြီးအကဲများကို မကောင်း ပြောဆိုလာသောအခါ၌လည်းကောင်း စသည့် အချိန်များ၌ လေနီကြမ်း တိုက်ခိုက်ခြင်း၊ မြေငလျင် တုန်လှုပ်ခြင်း၊ မြေမြိုခြင်းနှင့် ရုပ်ပြောင်းရုပ်လွှဲခြင်း ဖြစ်ပေါ်ခြင်းတို့နှင့် လည်ဆွဲတစ်ခုမှ ကြိုးပြတ်၍ ၎င်းမှ အသီးများ တစ်ပြိုင်နက် ပြန့်ကြဲသွားသကဲ့သို့ (အလျင်အမြန်ရောက်ရှိလာမည့်) တစ်ခုပြီးတစ်ခု ဆက်တိုက် ရောက်ရှိလာမည့် 'ကေယာမသ်'၏ နမိတ်လက္ခဏာများကို အသင်တို့သည် စောင့်ဆိုင်းနေကြလေကုန်ဟူ၍ အမိန့်ရှိခဲ့သည်။

အရေးကြီးသော သတိပေးချက်

ဤအထက်ဖော်ပြပါ ဟဒီးစ်တော်၏ စကားလုံးများကို အကြိမ်ကြိမ်အခါခါ ဖတ်ရှု ကြည့်ရှုပါ။ မျက်မှောက်ခေတ် ကမ္ဘာလောကၠ ဖြစ်ပေါ်နေသော အခြေအနေများကို မီးမောင်းထိုး၍ ပြသနေပေသည်။ မွတ်စ္စလင်မ်လူထုအတွင်း တိုးတက်ပွားများကာ ပြုကျင့်နေသော ပြစ်မှုဒုစရိုက်များကို လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀) ကတည်းက မန်တော်မြတ် ﷺ သည် အသိပေးပြီး ဖြစ်ပေသည်။ 'ဤကဲ့သို့သော အခြေအနေများတွင် သတိထားရန်နှင့် ပြစ်မှုဒုစရိုက်များကို ရှောင်ကြဉ်ရန် ပြည့်ပြည့်ဝဝ ဂရုမူရန်' မွတ်စ္စလင်မ်များအား သတိပေးထားပေသည်။ သို့တည်းမဟုတ်ပါက ပြစ်မှုဒုစရိုက်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုမူဆောင်ရွက်လာမည်ဆိုလျှင် ကျူးလွန်သောသူတို့အပေါ် မိုးကောင်းကင်၏ ပြစ်ဒဏ်သည် ကျရောက်လာပေမည်။ တစ်ဖန် 'ကေယာမသ်'၏ နောက်ဆုံးလက္ခဏာသည် ရှေ့တော်မှောက်သို့ ရောက်ရှိလာပေမည်။ ထိုပြစ်မှုဒုစရိုက်များတွင် အမျိုးသမီးများ တေးတီချင်းသီဆိုခြင်းနှင့် တေးမှုတ်သည့် ကိရိယာတန်ဆာပလာများ ပေါများလာခြင်း အစရှိသော အချက်များလည်း ပါဝင်ပေသည်။ ဤနေရာ၌ အထက်ပါဆင့်ပြန်ချက်ကို ၎င်းအချက်နှင့် ဆက်စပ်နေမှုကြောင့် တင်ပြလိုက်ခြင်း ဖြစ်ပေသည်။

ထို့ပြင် အခြားသော မြောက်မြားလှစွာသော အထောက်အထားခိုင်လုံသည့် ဟဒီးစ်တော်များ ရှိပေသေးသည်။ အကြင်ဟဒီးစ်တော်များအတွင်း၌ တေးသီချင်းသီဆိုခြင်းကို 'ဟရာမ်'ဖြစ်ခြင်းနှင့် မပိုင်ကြောင်း အမိန့်ရှိထားပေသည်။

ထိုအချက်အပေါ် ပြင်းထန်လှစွာသော ခြိမ်းခြောက်မှုများကိုလည်း ပြထားပေသည်။ ထိုဆင့်ပြန်ချက်များအားလုံးကို ကျွန်ုပ်သေးသိမ်သူ (မိုဟမ္မဒ်ရှဖီးအ်) သည် မိမိ၏ كشف العناء عن وصف الغنا 'ကရှ်ဖုလ်အနားအိ အန်ဝစ္စ်ဖိလ်ဂေနားအ်' အမည်ရှိသော ကျမ်းငယ်အတွင်း၌ စုဆောင်း ဖော်ပြထားပေသည်။ ဤစာစောင် ကျမ်းငယ်ကိုပင် အာရဗီစာပေဘာသာစကားဖြင့် 'အဟ်ကာမုလ်ကုရ်အာန်' ၏ အတွဲ (၅) ၌ ရေးသားထုတ်ဝေပြီး ဖြစ်ပေသည်။ ဤနေရာတွင် ထိုအတွဲ၊ စာစောင်အတွင်းမှ အချို့ကို တင်ပြရေးသားခဲ့ခြင်း ဖြစ်သည်။

ကိရိယာတန်ဆာပလာမပါဘဲ ကောင်းသောအသံဖြင့် အကျိုးပြုသော လင်္ကာကဗျာများကို ရွတ်ဆိုခြင်းသည် တားမြစ်ခြင်း မခံထားရခြင်းအကြောင်း

အထက်ပါဆင့်ပြန်ချက်များနှင့် ဆန့်ကျင်ရန် အချို့သော ဆင့်ပြန်ချက်များမှ တေးသီချင်းသီဆိုခြင်း ပိုင်ကြောင်းကို သိရှိရပေသည်။ ဤဆင့်ပြန်ချက်များကိုလည်း အထက်ဖော်ပြပါ စာစောင်အတွင်း၌ စုဆောင်းထားပေသည်။ ယင်းဆင့်ပြန်ချက် နှစ်မျိုးနှစ်စားကြား၌ ညှိနှိုင်းရွေးချယ် ဖော်ထုတ်နိုင်သည့် အချက်မှာ 'အကြင်တေးသီချင်းကို သူစိမ်းအမျိုးသမီးကသော်လည်းကောင်း၊ သို့မဟုတ် ယင်းတေးသီချင်းနှင့်အတူ

ဗုံ အစရှိသော ကိရိယာများနှင့် တီးခတ်၊ တီးမှုတ်လျှင်သော်လည်းကောင်း’ ယင်းသို့ သီဆိုတီးမှုတ်ခြင်းသည် ‘ဟရာမ်’ဖြစ်ပေသည်။ ပမာဆိုရသော် တင်ပြပါ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် တမန်တော်မြတ် ﷺ ၏ ဆင့်ပြန်ချက်များဖြင့် အတည်ပြုထားပေသည်။ ထို့ပြင် အကယ်၍ ကောင်းမွန်သော အသံဖြင့် ကဗျာအချို့ကိုသာလျှင် ရွတ်ဆိုပေသည်။ ဖတ်ရွတ်၊ ရွတ်ဆိုသူသည် အမျိုးသမီး သို့မဟုတ် မုတ်ဆိတ်မွေး မပေါက်တတ်သေးသော လူပျိုအရွယ်လည်းမဖြစ်စေရ။ လင်္ကာ၊ ကဗျာပါ စာစဉ် အကြောင်းအရာများသည်လည်း ညစ်ညမ်းခြင်း၊ သို့မဟုတ် အခြားသော ပြစ်မှုဒုစရိုက်တစ်ရပ်အပေါ် ပါဝင်ရောယှက်နေခြင်း မရှိပါမှ ပိုင်ပေသည်။

အချို့သော သူတော်စင်ကြီးများထံမှ လင်္ကာ၊ ကဗျာ ကြားနာခြင်း၊ (စေမားအ်) ပိုင်ကြောင်း ဆင့်ပြန်မှုများ လာရှိထားပေသည်။ ထိုအချက်များသည် ယင်းအထက်ဖော်ပြပါ အမျိုးအစားအတွင်း၌ ပါဝင်ခြင်းကြောင်းကို ကောက်ယူရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် သာသနာ၏ အမိန့်ကို နောက်လိုက်သမှုပြုခြင်းနှင့် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခြင်းမှာ သူရိယနေမင်းကဲ့သို့ ထင်ရှားနေဘိအလား ယုံကြည်ရပေသည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ ဤကဲ့သို့သော ပြစ်မှုဒုစရိုက်များ ကျူးလွန်မှုကို တွေးပင်တွေး၍ မရနိုင်ပေ။ သုတေသီ သူတော်စင်ကြီးများကိုယ်တိုင်သည် ထိုအချက်အား ရှင်းလင်းဖော်ထုတ်မိန့်မြွက်ထားပေသည်။ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ မဇ်ဟဗ်ကြီးလေးပါးအတွင်း၌ ရှိသော ဓမ္မသတ်ရှင်များနှင့် သူတော်စင်ကြီးများ၏ အဆိုအမိန့်ကို တင်ပြပါ စာစောင်ငယ်အတွင်း၌ အကျယ်ချဲ့ စုစည်းကာ တင်ပြထားပေသည်။ ဤနေရာ၌ ထိုမျှ အကျဉ်းချုပ်ကို တင်ပြခဲ့ခြင်းအပေါ် လုံလောက်သည်ဟု မှတ်ယူမိလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

خَلَقَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَاَلْقٰى فِى الْاَرْضِ رَوَاسِىَ اَنْ تَمِيْدَ بِكُمْ وَبَثَّ فِيْهَا مِنْ كُلِّ دَآبَّةٍ ۗ وَاَنْزَلْنَا مِنَ السَّمَآءِ مَآءً فَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍ كَرِيْمٍ ⑩

၃၁ : ၁၀ ။ ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကို အသင်တို့ မမြင်နိုင်ကြသော တိုင်များနှင့် ဖန်ဆင်းတော်မူခဲ့၏။ (တစ်နည်း:) အသင်တို့ မြင်နေကြသည့်အတိုင်း တိုင်များမပါဘဲ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် အသင်တို့နှင့်တကွ ယိမ်းယိုင်မသွားစေရန် လေးလံသော တောင်များကို (ကျောက်ဆူးများသဖွယ်) ချထားတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းပထဝီမြေဝယ် သတ္တဝါမျိုးစုံတို့ကို ပြန့်ပွားစေတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူပြီးနောက်၊ ယင်းပထဝီမြေ၌ ကောင်းမြတ်သော (သစ်ပင်၊ ဝါးပင်) အမျိုးမျိုးအစားစားတို့ကို ပေါက်ရောက်စေတော်မူပေသည်။

هٰذَا خَلْقُ اللّٰهِ فَاَرُوْنِيْ مَاذَا خَلَقَ الَّذِيْنَ مِنْ دُوْنِهٖ ۭ بَلِ الظّٰلِمُوْنَ فِيْ ضَلٰلٍ مُّبِيْنٍ ۝

၃၁ း ၁၁ ။ ။ ဤသည် (တို့) မှာ အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများ၊ ဖန်ဆင်းမှုများပင် ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်အပြင် (မုရှရိစ်ကတို့ကို ကိုးကွယ်လျက်) ရှိကြကုန်သော (ကိုးကွယ်ရာဖြစ်သည့်) သူတို့က မည်သည့်အရာများ ဖန်ဆင်းခဲ့ကြသည်ကို ငါအသျှင်မြတ်အား ပြသကြလေကုန်။ ထိုသို့ အလျှဉ်း (ပြသနိုင်ကြမည်) မဟုတ်။ အမှန်စင်စစ် မတရားသောသူတို့သည် ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များကို အသင်တို့ မမြင်နိုင်ကြသော တိုင်များနှင့် ဖန်ဆင်းတော်မူခဲ့၏။ (တစ်နည်း) အသင်တို့ မြင်နေကြသည့်အတိုင်း တိုင်များမပါဘဲ ဖန်ဆင်းတော်မူခဲ့၏။ (သို့ဖြစ်ပေရာ) ၎င်းပြင် ထိုအသျှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် အသင်တို့နှင့်တကွ ယိမ်းယိုင်မသွားစေရန် လေးလံသော တောင်များကို (ကျောက်ဆူးများသဖွယ်) ချထားတော်မူ၏။ (၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းပထဝီမြေဝယ် သတ္တဝါမျိုးစုံတို့ကို ပြန့်ပွားစေတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူပြီးနောက် ယင်းပထဝီမြေ၌ ကောင်းမြတ်သော (သစ်ပင်၊ ဝါးပင်) အမျိုးမျိုး အစားစားတို့ကို ပေါက်ရောက်စေတော်မူပေသည်။

('ရှရိစ်က'တုဖက်နိုင်းယှဉ်သော သူတို့အား ဆိုကြကုန်) ဤသည် (တို့) မှာ အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများ၊ ဖန်ဆင်းမှုများပင် ဖြစ်၏။ (သို့ရှိရာ အကယ်၍ အသင်တို့သည် အခြားသောအရာများကို ခဝပ်ကိုးကွယ်ခြင်းခံထိုက်ရာ၌ တွဲဖက်နိုင်းယှဉ်မှုကို သတ်မှတ်ထားသည်ဆိုလျှင်) သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်အပြင် (မုရှရိစ်ကတို့ ကိုးကွယ်လျက်) ရှိကြကုန်သော (ကိုးကွယ်ရာဖြစ်သည့်) သူတို့က မည်သည့်အရာများ ဖန်ဆင်းခဲ့ကြသည်ကို ငါအသျှင်မြတ်အား ပြသကြလေကုန်။ ထိုသို့ အလျှဉ်း (ပြသနိုင်ကြမည်) မဟုတ်။ သို့မှသာ ထိုအရာများကို ကိုးကွယ်ခြင်းခံထိုက်သော အရာများဟူ၍ အတည်ပြုနိုင်ပေမည်။ တင်ပြပါ အထောက်အထား၏ လိုအပ်ချက်မှာ ၎င်းတို့သည် လမ်းမှန်တရားပေါ်သို့ ရောက်သင့်ပေသည်။ သို့ရာတွင် ၎င်းတို့သည် လမ်းမှန်တရားကို လက်မခံဘဲ) အမှန်စင်စစ် မတရားသောသူတို့သည် ထင်ရှားစွာသော လမ်းမှားမှု၌ပင် (တည်ရှိမြဲ တည်ရှိ) ကြကုန်သည်။

အမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

خَلَقَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا

ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကို အသင်တို့ မြင်နေကြသည့်အတိုင်း တိုင်များမပါဘဲနှင့် ဖန်ဆင်းတော်မူခဲ့၏။ *[၃၁ : ၁၀]*

ထိုအကြောင်းအရာမျိုး အာယသ်တော်သည် စူရာဟ်ရအဒ်၏ အစ၌လည်း ပါရှိခဲ့ပြီးဖြစ်သည်။

اَللّٰهُ الَّذِىْ رَفَعَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا

အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်များကို အသင်တို့ တွေ့မြင်ကြရသည့်အတိုင်း တိုင်များမပါဘဲ မြင့်စွင့်တည်စေတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ *[၁၃ : ၂]*

သဒ္ဒါနည်းအရ ပေါင်းစပ်နည်းကို ထောက်ရှု၍ ထိုအပိုဒ်သည် အလိုသဘောနှစ်ရပ် ဖြစ်နိုင်ပေသည်။

တစ်မျိုးမှာ **تَرَوْنَهَا** (အသင်တို့ မြင်တွေ့ကြသည့်အတိုင်း) ကို **عَمَدٍ** (တိုင်များ) ၏ အထူးပြုဂုဏ်အရည် အချင်းပြပုဒ်အဖြစ် သတ်မှတ်ကာ ၎င်း၏ အညွှန်းနာမ်စားကို **عَمَدٍ** (တိုင်များ) ၏ ဘက်သို့ ညွှန်ပြပါမူ အဓိပ္ပာယ်သည် ဤသို့ ဖြစ်သွားပေမည်။ 'အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်ကို တိုင်များမပါဘဲ ဖန်ဆင်းထားတော်မူခြင်းကို အသင်တို့သည် မြင်တွေ့နေရပေသည်။' ဆိုလိုသည်မှာ အကယ်၍ တိုင်များ ပါရှိလျှင်မူ အသင်တို့ မြင်တွေ့ရမည် ဖြစ်သည်။ တိုင်များကို မမြင်တွေ့ရခြင်းမှ 'ဤဧရာမ မိုးကောင်းကင်ကြီးကို တိုင်များမပါဘဲ ဖန်ဆင်းထားတော်မူကြောင်း' ကို သိရှိရပေသည်။ ဤအကျယ်ချဲ့ဖွင့်ဆိုချက်မှာ ဟဇရသ်ဟာစန်း ﵀ သခင်ကြီးနှင့် ကသာဒါးဟ် ﵀ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားခြင်း ဖြစ်ပေသည်။

ဒုတိယတစ်မျိုးမှာ **تَرَوْنَهَا** (အသင်တို့ မြင်နေကြသည့်အတိုင်း) အတွင်း၌ ပါရှိသော အညွှန်းနာမ်စားကို မိုးကောင်းကင်များ၏ ဘက်သို့ ညွှန်ပြထားပေသည်။ သို့ဆိုလျှင် ဤဝါကျကို သီးသန့်ဝါကျတစ်ခုအဖြစ် သတ်မှတ်ရပေမည်။ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များကို တိုင်များမပါဘဲနှင့် ဖန်ဆင်းထားတော်မူပေသည်။ ပမာဆိုရသော် အသင်တို့သည် မြင်တွေ့နေရသည်။' ပထမပုံစံ၏ နည်းဖြင့် အဓိပ္ပာယ်ကို ဤသို့လည်း ပြန်ဆိုပိုင်ခွင့် ရှိသည်။ မိုးကောင်းကင်သည် တိုင်များအပေါ်၌ တည်ရှိနေကာ ထိုတိုင်များသည် မမြင်တွေ့ရသော တိုင်များဖြစ်ခြင်းကြောင့် အသင်တို့သည် မမြင်တွေ့ရပေ။ ဤအကျယ်ချဲ့ဖွင့်ဆိုချက်သည် အိဗ်နေအဗ္ဗားစ် ﵄ သခင်၊ အစ်ကိရိမားဟ် ﵀ သခင်၊ မုဂျာဟိဒ် ﵀ သခင်တို့ထံမှ ဆင့်ပြန်ချက်လာရှိထားခြင်း ဖြစ်ပေသည်။ *[အိဗ်နေကစီးရ်]*

မည်သည့်ပုံစံဖြင့်ဖြစ်စေ၊ ဤအာယသ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံတော်မူသော တန်ခိုးတော်၏ သက်သေလက္ခဏာတော်ကို ပြသထားခြင်း ဖြစ်ပေသည်။ ဤမျှခန့် ရှည်လျား၊ ကျယ်ဝန်းပြီး ဧရာမအမိုးကြီးကို တိုင်များကို မပြသထားဘဲ ဖန်ဆင်းထားတော်မူပေသည်။

မေးခွန်းတစ်ရပ်နှင့် အဖြေ

'မိုးကောင်းကင်သည် ပရော်ဖက်ဆာများနှင့် အများစုတို့က ယူဆထားကြသကဲ့သို့ လုံးဝိုင်းသော အရာဖြစ်ရာ ယင်းလုံးဝိုင်းသော အရာ၌ တိုင်များ မရှိခြင်းသည်လည်း ဓလေ့သဘာဝ ဖြစ်သည့်အတွက်ကြောင့် မိုးကောင်းကင်၏ ထူးခြားချက်မှာ မည်သည့်အချက်ဖြစ်သနည်း' ဟူသော မေးခွန်းသည် ပေါ်ပေါက်လာပေသည်။

ယင်းမေးခွန်း၏ အဖြေမှာ ဤသို့ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် များစွာသော နေရာများ၌ ကမ္ဘာမြေပထဝီကို အခင်းအဖြစ် မိန့်မြွက်ထားတော်မူပေသည်။ အကြင်ကဲ့သို့ မိန့်မြွက်ထားခြင်းသည် ပြင်ပသဏ္ဍာန်အပေါ်ယံအားဖြင့် ကြည့်ရှုမည်ဆိုလျှင် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သို့ရာတွင် ထိုမိုးကောင်းကင်၏ ကျယ်ပြန့်မှုဖြစ်ရှိနေခြင်းကြောင့် အများပြည်သူတို့၏ အရှေ့တွင် ညီညာသော မျက်နှာပြင်တစ်ခုသဖွယ် မြင်တွေ့နေရပေသည်။ ထိုအများပြည်သူတို့၏ မျှော်မှန်းရှုမြင်ချက်အပေါ် အခြေခံမူတည်၍ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းကို အခင်းအဖြစ် မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ပင် မိုးကောင်းကင်ကို အကာအမိုးတစ်ခုသဖွယ် မြင်တွေ့နေရပေသည်။ အကြင်အမိုးအတွက် တိုင်များ လိုအပ်သည်မှာ နိယာမတရား ဖြစ်ပေသည်။ အများပြည်သူတို့၏ တွေးခေါ်မှုနှင့် လျော်ညီစွာ ၎င်းအား တိုင်မပါကြောင်း တင်ပြမိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ စင်စစ် ပြီးပြည့်စုံတော်မူသော တန်ခိုးတော်အသျှင်အဖြစ် အတည်ပြုရန်အတွက် ဤမျှခန့် အလွန်ကြီးကျယ်တော်မူသော လုံးဝိုင်းသော အရာအား ဖန်ဆင်းတော်မူထားခြင်းသည်ပင်လျှင် လုံလောက်ပေသည်။ အချို့အကျယ်ချဲ့ဖွင့်ဆိုတော်မူသော အိဗ်နေကစီးရ် ﷺ သခင် အစရှိသော သူတို့၏ စီစစ်သုတေသနပြုချက်မှာ မိုးကောင်းကင်နှင့် မြေပထဝီတစ်ခုလုံး လုံးဝိုင်းသော သဏ္ဍာန်ရှိနေကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့၏ ရှုထောင့်တို့ဖြင့် အတည်ပြု၍ မရပေ။ သို့သာမက အချို့သော အာယသ်တော်များနှင့် ဆင့်ပြန်ချက်တို့မှ အမိုးခုံးသဏ္ဍာန်ရှိကြောင်းကို သိရှိရပေသည်။ ၎င်းတို့က ဆိုကြသည်မှာ မှန်ကန်သော ဟဒီးစ်တော်၌ 'နေ့စဉ်နေ့တိုင်း နေမင်းကြီးသည် 'အရ်ရှ်'တော်၏ အောက်သို့ ရောက်ရှိကာ ပျပ်ပျပ်ဝပ် 'စဂျ်ဒဟ်'ဦးချကြောင်း' ဟူ၍ ပါရှိထားပေသည်။ ထိုသို့ 'စဂျ်ဒဟ်' ဦးချခြင်းသည် မိုးကောင်းကင်တစ်ခုလုံးသည် မလုံးဝိုင်းသောအချိန်၌သာ ဖြစ်နိုင်ပေသည်။ ထိုပုံစံအတွင်း၌မှာပင် 'မိုးကောင်းကင်နှင့် မြေပြင်'တွင် အထက်နှင့် အောက်အရပ်ဟူ၍ သတ်မှတ်နိုင်ပေမည်။ ပြည့်ဝစွာ လုံးဝိုင်းလျက်ရှိနေသော အခြေအနေ၌ မည်သည့်ဘက်တစ်ဘက်ဘက်ကိုမျှ အထက်၊ အောက် ဟူ၍ မဆိုနိုင်ပေ။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ آتَيْنَا لُقْمَانَ الْحِكْمَةَ أَنِ اشْكُرْ
لِلَّهِ ۚ وَمَن يَشْكُرْ فَإِنَّمَا يَشْكُرُ لِنَفْسِهِ ۖ وَمَن كَفَرَ فَإِنَّ اللَّهَ غَنِيٌّ حَمِيدٌ ﴿١٢﴾

၃၁ : ၁၂ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် လွတ်ကမာန်အား ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (ထို့ပြင် ၎င်းအား ဤသို့ အမိန့်ပေးတော်မူခဲ့၏။) 'အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ပါလေ။ စင်စစ် မည်သူမဆို ကျေးဇူးတင်ရှိသည်ဖြစ်ပါမူ၊ ထိုသူသည် မိမိအကျိုးငှာသာလျှင် ကျေးဇူးတင်ရှိခြင်းသာ ဖြစ်၏။ သို့ရာတွင် မည်သူမဆို ကျေးဇူးကန်းသည်ဖြစ်ပါမူ၊ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ အလွန်တရာ ချီးမွမ်းခြင်းခံထိုက်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။'

وَإِذْ قَالَ لُقْمَانُ لِابْنِهِ وَهُوَ يَعِظُهُ يَا بُنَيَّ لَا تُشْرِكْ بِاللَّهِ ۖ إِنَّ الشِّرْكَ لَظُلْمٌ عَظِيمٌ ﴿١٣﴾

၃၁ : ၁၃ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ ပြန်လည် သတိရပါလေ။) တစ်ရံရောအခါဝယ်၊ လွတ်ကမာန်သည် မိမိ၏ သားကို ဆုံးမစကား ပြောကြားရာ၌ 'အို၊ ချစ်သား၊ အသင်သည် (မည်သည့်တစ်စုံတစ်ရာကိုမျှပင်) အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်မှုကို မပြုလေနှင့်။ (အကြောင်းမူ) ဧကန်စင်စစ် (တစ်စုံတစ်ရာကို အသျှင်မြတ်) တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) မှုသည် အမှန်ပင် ကြီးလေးလှသော မတရားမှုပင် ဖြစ်ကြောင်း ပြောဆို (ဆုံးမ) ခဲ့လေ၏။

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حَمَلَتْهُ
أُمُّهُ وَهْنًا عَلَىٰ وَهْنٍ وَفِصَالُهُ فِي عَامَيْنِ أَنِ اشْكُرْ لِي وَلِوَالِدَيْكَ إِلَيَّ الْمَصِيرُ ﴿١٤﴾

၃၁ : ၁၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် လူသားအား၊ ၎င်း၏ ထိုမိဘနှစ်ပါးနှင့် ပတ်သက်၍ (ဤသို့) လေးနက်စွာ အမိန့်ပေးတော်မူခဲ့၏။ ၎င်း၏ မိခင်သည် အားအင်ချည့်နဲ့မှုအပေါ်၌ အားအင်ချည့်နဲ့မှု (ဒုက္ခ) ကို ခံစားလျက်၊ ၎င်းအား (မိမိ၏ ဝမ်းတွင်း၌) လွယ်ပိုက်ခဲ့လေ၏။ ထို့ပြင် နှစ်နှစ်မြောက်သော အခါ၌သာလျှင် ၎င်းအား နို့ဖြတ်လေ၏။ (သို့ဖြစ်သောကြောင့်) အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ အသင်၏ မိဘနှစ်ပါးတို့အားလည်းကောင်း ကျေးဇူးတင်လော့။ (အသင် လူသား၏) ပြန်လည်ရာဌာနသည် ငါအသျှင်မြတ်ထံတော်၌ပင် ဖြစ်လေသည်။

وَإِن جَاهَدَاكَ عَلَىٰ أَن تُشْرِكَ بِي مَا لَيْسَ لَكَ
بِهِ عِلْمٌ فَلَا تُطِعْهُمَا ۖ وَصَاحِبْهُمَا فِي الدُّنْيَا مَعْرُوفًا ۖ وَاتَّبِعْ
سَبِيلَ مَنْ أَنَابَ إِلَيَّ ۚ ثُمَّ إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿١٥﴾

၃၁ : ၁၅ ။ ။ သို့ရာတွင် အကယ်၍သာ ထိုမိဘနှစ်ပါးတို့သည် အသင့်၌ သက်သေအထောက်အထား အသိပညာ တစ်စုံတစ်ရာမျှ မရှိသောအရာ တစ်ခုခုကို ငါအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) ရန် အသင့်အား အနိုင်အထက်

ပြုခဲ့ကြသည်ရှိသော်၊ အသင်သည် ထိုမိဘနှစ်ပါးတို့၏ အမိန့်ကို မလိုက်နာလေနှင့်။ သို့ရာတွင် အသင်သည် ဤလောကီဘဝ၌မူ ထိုမိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံလော့။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်ဘက်သို့ စိတ်စေတနာ ဖြူစင်စွာ ပြန်လှည့်သောသူ၏ လမ်းစဉ်ကို လိုက်နာလေကုန်။ အသင်တို့ (အားလုံး) သည် ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လှည့်၍ လာကြရပေမည်။ ထိုအခါ ငါအသျှင်မြတ်သည် အသင်တို့ ကျင့်မူပြုလုပ်ခဲ့ကြသည်တို့ကို အသင်တို့အား သိစေတော်မူပေမည်။

يٰبُنَيَّ اِنَّهَاۤ اِنْ تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ
فَتَكُنْ فِيْ صَخْرَةٍ اَوْ فِي السَّمٰوٰتِ اَوْ فِي الْاَرْضِ يَاْتِ بِهَا
اللّٰهُ ؕ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿١٦﴾

၃၁ : ၁၆ ။ ။ (ပညာရှိ သုခမိန်လွတ်က်မာန်သည် ဆက်လက်၍ ဆုံးမလေ၏။) 'အို, ချစ်သား၊ မုချကေန် အပြုအမူ တစ်စုံတစ်ရာသည် မုန်ညင်း စေ့ခန့်မျှဖြစ်ပြီး ကျောက်ဆောင်တစ်ခုခုအတွင်း၌ဖြစ်စေ၊ မိုးကောင်းကင်များ၌ ဖြစ်စေ၊ ပထဝီ မြေအတွင်း၌ဖြစ်စေ (လျှို့ဝှက်စွာ) ရှိနေသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ယင်းအပြုအမူကို (ရှေ့တော်မှောက်ဝယ်) အသင့် ရောက်ရှိစေတော်မူမည် ဖြစ်၏။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် နက်နဲသိမ်မွေ့သော အရာတို့ကို အလွန်တရာ သိမြင်တော်မူသော အသျှင်၊ အလွန်တရာ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

يٰبُنَيَّ اَقِمِ الصَّلٰوةَ وَاْمُرْ
بِالْمَعْرُوْفِ وَانْهَ عَنِ الْمُنْكَرِ وَاصْبِرْ عَلٰى مَاۤ اَصَابَكَ ؕ
اِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ﴿١٧﴾

၃၁ : ၁၇ ။ ။ 'အို, ချစ်သား၊ အသင်သည် 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ ၎င်းပြင် အသင်သည် (သူတစ်ပါးတို့ကိုလည်း) ကောင်းမှု (ပြုလုပ်ကြရန်) နှင့် စပ်လျဉ်း၍ အမိန့်ပေးပါလေ။ ထို့ပြင် အသင်သည် မကောင်းမှု (ရှောင်ကြဉ်ကြရန်) တားမြစ်ပါလေ။ ထို့ပြင် အသင်သည် မိမိ၌ ဆိုက်ရောက်လာသော ဘေးဒုက္ခနှင့် စပ်လျဉ်း၍ ကြံ့ခိုင်စွာ ရှိပါလေ။ ကေန်မလွဲ ဤ (ကြံ့ခိုင်စွာ ရှိခြင်း) သည် ဖွဲ့သတ္တိနှင့် သက်ဆိုင်သော အမှုကိစ္စတို့အနက်မှပင် ဖြစ်ချေသည်။

وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا
تَمْشِ فِي الْاَرْضِ مَرَحًا ؕ اِنَّ اللّٰهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ ﴿١٨﴾

၃၁ : ၁၈ ။ ။ ၎င်းပြင် (အို, ချစ်သား) 'အသင်သည် လူတို့ရှေ့ဝယ် မိမိ၏ မျက်နှာကို စူ၍ မထားပါနှင့်။ (လူတို့ ဘက်မှ မိမိ၏ မျက်နှာကို မလွှဲပါလေနှင့်။) ထို့ပြင် အသင်သည် ပထဝီမြေဝယ် မော်ကြွားလျက် လမ်းမလျှောက်လေနှင့်။

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်စိတ်နေမြင့်သူ၊ အထင်ကြီးသူ၊ ဝါကြွားသူ၊ ဂုဏ်မောက်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ပေ။

وَاقۡصِدۡ فِىۡ مَشۡيِكَ وَاغۡضُضۡ مِنۡ صَوۡتِكَ‌ؕ اِنَّ اَنۡكَرَ الۡاَصۡوَاتِ لَصَوۡتُ الۡحَمِيۡرِ ۝١٩

၃၁ : ၁၉ ။ ။ ထို့ပြင် အသင်သည် မိမိ၏ လမ်းလျှောက်မှု၌ အလယ်အလတ် ပြုလုပ်ပါလေ။ အိန္ဒြေစောင့်စည်းပါလေ။ ထို့ပြင် အသင်သည် မိမိ၏ အသံကို နှိမ့်ချပါလေ။ ကေန်မလွဲ စက်ဆုပ်ဖွယ်ရာအဖြစ်ဆုံးသော အသံသည် မြည်းသတ္တဝါတို့၏ အသံပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် လွတ်ကမာန်း ﷺ အား ဉာဏ်ပညာ (အကြင်ဉာဏ်ပညာ၏ အခြေခံဇစ်မြစ်အချက်မှာ မိမိ တတ်သိမှုအပေါ် ကျင့်ကြံဆောင်ရွက်ခြင်း ဖြစ်ပေသည်။) ကို ချီးမြှင့်မေးသနားတော်မူခဲ့၏။ (ထို့ပြင် ၎င်းအား ဤသို့ အမိန့်ပေးတော်မူခဲ့၏။ အားလုံးသော စည်းစိမ်တော်များအပေါ် ခြုံငုံ၍သော်လည်းကောင်း၊ အမွန်မြတ်ဆုံးသော 'နေ့အ်မသ်'စည်းစိမ်တော်ဖြစ်သည့် ဉာဏ်ပညာအမြော်အမြင်တော်အပေါ် အထူးအပြု၍လည်းကောင်း) အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ရှိပါလေ။ စင်စစ် မည်သူမဆို ကျေးဇူးတင်ရှိသည်ဖြစ်ပါမူ ထိုသူသည် မိမိအကျိုးငှာသာလျှင် ကျေးဇူးတင်ရှိခြင်းသာ ဖြစ်၏။ (ဆိုလိုသည်မှာ ၎င်းအဖို့သာ အကျိုးဖြစ်ထွန်းပေသည်။ အကြောင်းမှာ ယင်းကဲ့သို့ ကျေးဇူးတင်ရှိသည့်အတွက်ကြောင့် 'နေ့အ်မသ်' စည်းစိမ်တော်အတွင်း၌ တိုးပွားများပြားမှု ချီးမြှင့်ခြင်းခံနေရမည်သာ ဖြစ်သောကြောင့် ဖြစ်သည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

لَئِنۡ شَكَرۡتُمۡ لَاَزِيۡدَنَّكُمۡ

အကယ်၍ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ခဲ့ကြပါလျှင် အမှန်ပင် ငါအသျှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့်ပေးသနားတော်မူမည် ဖြစ်ကြောင်း) *[၁၄ : ၇]*

ဒီးန်သာသနာရေးရာ 'နေ့အ်မသ်'အပေါ် ကျေးဇူးတင်ရှိခြင်းကြောင့် ရရှိမည့် တိုးပွားမှုကို ဤလောကီရေးရာ၌လည်း တိုးပွားရရှိမည်ဖြစ်ပြီး နောင်တမလွန် 'အာခိရသ်'၌လည်း တိုးပွားရရှိမည် ဖြစ်ပေသည်။ ကမ္ဘာလောက၌မူ စည်းစိမ်တော်ကို ကျေးဇူးတင်ရှိမည်ဖြစ်က 'အိလ်မ်' (အသိပညာ) အရာနှင့် ကျင့်ကြံမှုစွမ်းအားတို့၌လည်း တိုးပွားနေမည်သာ ဖြစ်ပေသည်။ နောင်တမလွန် 'အာခိရသ်'၌ ကြီးကျယ်လှစွာသော အကျိုးစဝါးဗ်ကို ရရှိမည်ဖြစ်ပေသည်။ ဒီးန်သာသနာရေးရာနှင့် စပ်လျဉ်း၍ နောင်တမလွန်၏ တိုးတက်မှုဖြစ်သော အကျိုးကုသိုလ်၌ တိုးပွားနေမည်မှာ မုချဖြစ်၍ တစ်ခါတစ်ရံ ကမ္ဘာလောက၌ ကျေးဇူးတင်ရှိခြင်းဖြင့် 'နေ့အ်မသ်'စည်းစိမ်တော်များ သာပို များပြားစွာ ချီးမြှင့်ခြင်းခံရမည် ဖြစ်ပေသည်။) သို့ရာတွင်

မည်သူမဆို ကျေးဇူးကန်းသည်ဖြစ်ပါမူ (မိမိကိုယ်ကိုသာလျှင် ဆုံးရှုံးမှုဖြစ်အောင် ပြုနေဘိအလား ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်မူ လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ အရာအားလုံးတို့အဖို့) အလွန်တရာ ချီးမွမ်းခြင်းခံထိုက်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် မိမိ၏ 'ဇားသ်' (ပင်ကိုယ်တော်) ၌ ပြည့်ဝတော်မူသော အသျှင်မြတ်ဖြစ်ကြောင်းကို حَمِيْدٌ ဟူသော ပုဒ်က ညွှန်ပြနေပေသည်။ ဤအတွက်ကြောင့် ၎င်းအသျှင်မြတ်သည် غَنِىٌّ (လိုလားတောင့်တခြင်း ကင်းစင်တော်မူသော အသျှင်) လည်း ဖြစ်၏။ ထိုအသျှင်မြတ်အဖို့ တစ်ဦးတစ်ယောက်၏ ကျေးဇူးတင်ရှိခြင်းနှင့် ချီးမွမ်းခြင်းကို လိုလားတော်မူခြင်း မရှိပေ။ အကြောင်းမှာ ယင်းအချက်သည် အခြားသူပါမှသာ ပြီးပြည့်စုံခြင်း၏ သဘောတရား မုချ သက်ရောက်သောနေကြောင့် ဖြစ်ပေသည်။ သို့ရှိရာ လွတ်က်မားန် ﷺ သခင်ကြီးသည် 'ဟစ်က်မသ်' ဟူသော အသိပညာနှင့်အတူ ကျင့်ကြံဆောင်ရွက်သောသူဖြစ်ကြောင်း သိရှိရသည်။

အထက်ပါအချက်မှ '၎င်းသည် ကျေးဇူးတင်ရန် သင်ကြားပေးမှုအပေါ်၌လည်း ကျေးဇူးတင် 'ရှုက်ရ်'. ပြုခဲ့မည်မှာ မလွဲဧကန်ဖြစ်မည်ဖြစ်ကြောင်း' ကို သိရှိရပေသည်။ သို့ရှိရာ ၎င်းသည် ကျေးဇူးသိတတ်၊ တင်ရှိတတ်သောသူ ဖြစ်ရာ ယင်းသို့ ကျေးဇူးသိတတ်သူဖြစ်ခြင်းကြောင့် ၎င်း၏ အသိဉာဏ်ပညာ၌ ပို၍ ဤတိုးတက်မှုများ ရရှိနေမည်ကိုလည်း သိရှိရပေသည်။ ဤသို့ဖြင့် ၎င်းသည် အဆင့်အတန်းမြင့်သော အမြော်အမြင် ဉာဏ်ပညာရှင်အဆင့်သို့ ရောက်ရှိသွားပေသည်။

၎င်းပြင် (ဤကဲ့သို့သော အမြော်အမြင်ရှိသောသူ၏ ညွှန်ကြားပြသမှုသည် မုချ ကျင့်ကြံထိုက်ဖွယ် ကောင်းသော အချက်ဖြစ်သည်။ သို့ရှိရာ ၎င်း၏ ညွှန်ကြားချက်များကို အို၊ နဗီတမန်တော်၊ ၎င်းတို့၏ ရှေ့ဝယ် တင်ပြတော်မူပါ။) တစ်ရံရောအခါဝယ် လွတ်က်မားန် ﷺ သည် မိမိ၏သားကို ဆုံးမစကား ပြောကြားရာ၌ 'အို၊ ချစ်သား၊ အသင်သည် (မည်သည့်အရာ တစ်စုံတစ်ရာကိုမျှပင်) အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်မှုကို မပြုလေနှင့်။ (အကြောင်းမူ) ဧကန်စင်စစ် (တစ်စုံတစ်ရာကို အသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) မှုသည် အမှန်ပင် ကြီးလေးလှသော မတရားမှုပင်ဖြစ်ကြောင်း' ပြောဆိုဆုံးမခဲ့လေ၏။ (မတရားသမှု ဖြစ်ခြင်း၏ အခြေခံဇစ်မြစ်အချက်ကို အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် 'အရာတစ်ခုကို သုံးစွဲရမည့်နေရာ၌ မသုံးစွဲခြင်း' ဟူ၍ တင်ပြထားပေသည်။ ဤအချက်သည် 'ရှရစ်က်' ဟူသော တုဖက်နိုင်းယှဉ် ခဝပ်ကိုးကွယ်ခြင်း၌သာ ပို၍ ထင်ရှားပေသည်။ အကြောင်းမှာ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ နေရာ၌ ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်သောကြောင့် ဖြစ်ပေသည်။)

ထို့ပြင် (ဤဖြစ်အင်အကြား အလယ်တွင် အလ္လာဟ်အသျှင်မြတ်သည် 'သောင်ဟီးဒ်' တည်းဟူသော တစ်ပါးတည်း တည်ရှိခြင်းတရားကို လေးနက်စေရန်အတွက် အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူသည်မှာ) ငါအသျှင်မြတ်သည် လူသားအား ၎င်း၏ ထိုမိဘနှစ်ပါးနှင့် ပတ်သက်၍ (ဤသို့ လေးနက်စွာ)

အမိန့်ပေးတော်မူခဲ့၏။ (၎င်းမိဘနှစ်ပါး၏ အမိန့်ကို နာခံရန်နှင့် ဝတ်ကြီးဝတ်ငယ် ပြုစုရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုမိဘနှစ်ပါးသည် ဤလူသားအတွက် လွန်စွာ ဒုက္ခခံခဲ့ပေသည်။ အထူးသဖြင့် မိခင်သည် သာပို၍ ဒုက္ခခံခဲ့ပေသည်။ သို့ရှိရာ) ၎င်း၏ မိခင်သည် အားအင်ချည့်နဲ့မှုအပေါ်၌ အားအင်ချည့်နဲ့မှု (ဒုက္ခ) ကို ခံစားလျက် ၎င်းအား (မိမိ၏ ဝမ်းတွင်း၌) လွယ်ပိုက်ခဲ့လေ၏။ (အဘယ်ကြောင့်ဆိုသော် ကိုယ်ဝန်ရင့်လာသည်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်၏ အင်အားသည် လျော့နည်းလာပေသည်။) ထို့ပြင် (တစ်ဖန်) နှစ်နှစ်မြောက်သောအခါ၌သာလျှင် ၎င်းအား နို့ဖြတ်လေ၏။ (ထိုရက်ပိုင်းကာလ အတွင်း၌လည်း ထိုမိခင်သည် အမျိုးမျိုးသော ပြုစုမှုကို ပြုပေးလေသည်။ ဤကဲ့သို့ပင် မိမိ၏အခြေအနေနှင့် လျော်ညီစွာ ဖခင်သည်လည်း ဒုက္ခခံရပေသည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် မိမိ၏ ဝတ္တရားများနှင့်အတူ မိဘနှစ်ပါး၏ ဝတ္တရားကိုလည်း တာဝန်ကျေရန် မိန့်တော်မူခြင်း ဖြစ်ပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) သို့ဖြစ်သောကြောင့်) အသင်သည် ငါအသျှင်မြတ်အားလည်းကောင်း၊ အသင်၏ မိဘနှစ်ပါးတို့အားလည်းကောင်း ကျေးဇူးတင်လော့။ (ငါအသျှင်မြတ်အား ကျေးဇူးတင်ခြင်းသည်မှု မှုရင်းခဝပ်ကိုးကွယ်ခြင်းနှင့် နာခံခြင်းတို့နှင့်အတူ ဖြစ်၍ မိဘနှစ်ပါးအား ကျေးဇူးတင်ခြင်းသည် ၎င်းတို့အား ဝတ်ကြီးဝတ်ငယ် ပြုစု၍ သာသနာရေးဆိုင်ရာ တာဝန်တို့ကို ကျေပွန်စွာ ဆောင်ရွက်ပေးရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်လူသားတို့အားလုံး၏) ပြန်လည်ရာဌာနသည် ငါအသျှင်မြတ်ထံတော်၌ပင် ဖြစ်ပေသည်။ (ထိုအချိန်၌ ငါအသျှင်မြတ်သည် ကျင့်ကြံမှုတို့၏ ကြောင်းကျိုးပြစ်ဒဏ်ကို စီရင်ပေးတော်မူမည် ဖြစ်သည်။ ထို့ကြောင့် ပညတ်ချက်များအား နာခံရန်သည် အရေးကြီးပေသည်။)

သို့ရာတွင် (မိဘနှစ်ပါး၏ ဝတ္တရားကို ယခုပင် သိရှိခဲ့ပြီးသည့်ပမာ ဤမျှခန့် အရေးကြီးနေလင့်ကစား 'သောင်ဟီးဒ်'ဟူသော တစ်ပါးတည်း တည်ရှိခြင်း၏ အမှုကိစ္စသည် ၎င်းထက် ပို၍ ဤမျှခန့် ကြီးကျယ်ပေရာ) အကယ်၍သာ ထိုမိဘနှစ်ပါးသည် အသင့်၌ သက်သေအထောက်အထား အသိပညာ တစ်စုံတစ်ရာမျှမရှိသော အရာတစ်ခုခုကို ငါအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) ရန် အသင့်အား အနိုင်အထက် ပြုခဲ့ကြသည်ရှိသော် (အကြင်အရာများအား ဖက်စပ်ခဝပ်ကိုးကွယ်ခွင့် ရှိနိုင်ရလောက်အောင် အထောက်အထားရှိသည့်အရာ တစ်စုံတစ်ရာမျှ မရှိကြောင်းမှာ ထင်ရှားလှပေသည်။ သို့ရာတွင် ထိုက်တန်မှု မရှိကြောင်းနှင့် စပ်လျဉ်း၍ များစွာသော အထောက်အထားများ ရှိပေသည်။ သို့ရှိရာ အလိုသဘောမှာ 'အကယ်၍ ၎င်းတို့သည် အကြင်မည်သည့်အရာတစ်ခုကိုမဆို ဖက်စပ်ခဝပ်ကိုးကွယ်ရန် အသင့်အား အနိုင်အထက် ပြုသည်ဆိုလျှင်) အသင်သည် ထိုမိဘနှစ်ပါးတို့၏ အမိန့်ကို မလိုက်နာလေနှင့်။ သို့ရာတွင် (ဤသည် မှုချ ဖြစ်တန်ကောင်းရာသည်) အသင်သည် ဤလောကီဘဝ (၏ လိုအပ်ချက်များနှင့် အမှုကိစ္စများ) ၌မူ (ပမာဆိုရသော် ၎င်းတို့အတွက် အရေးကြီးသော သုံးစွဲပေးမှုများနှင့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်စသော အချက်များ) ထိုမိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံလော။ ထို့ပြင် 'ဒီးန်'သာသနာနှင့် စပ်လျဉ်း၍ လာလျှင်မူ) အသင်သည် ငါအသျှင်မြတ်ဘက်တော်သို့ စိတ်စေတနာဖြူစင်စွာ ပြန်လှည့်သောသူ၏ လမ်းစဉ်ကို လိုက်နာလေကုန်။ (ငါအသျှင်မြတ်၏ ပညတ်ချက်များကို ယုံကြည်လိုက်နာ၍ ကျင့်ကြံပြုမှုသော

သူဖြစ်သည်။) အသင်တို့အားလုံးသည် ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လှည့်၍ လာကြရပေမည်။ ထိုအခါ (တစ်ဖန် လာရောက်သောအချိန်၌) ငါအသျှင်မြတ်သည် အသင်တို့ ကျင့်မှုပြုလုပ်ခဲ့ကြသည်တို့ကို အသင်တို့အား သိစေတော်မူပေမည်။ (ထို့ကြောင့် မည်သည့်အမှုကိစ္စ၌မဆို ငါအသျှင်မြတ်၏ အမိန့်တော်နှင့် ဆန့်ကျင်ဘက်ကို မပြုလေနှင့်။)

(ရှေ့၌ တစ်ဖန် လွတ်က်မာန်သခင်ကြီး၏ ဆုံးမစကားကို အဆုံးသတ်စေသော ကဏ္ဍာရပ်ပင် ဖြစ်သည်။ ၎င်းသည် မိမိ၏သားကို နောက်ထပ် အခြားသော ဆုံးမစကားများကိုလည်း ဆိုပေသည်။ သို့ရှိရာ တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍာရပ်တို့နှင့် စပ်လျဉ်း၍ ဤသို့လည်း ဆုံးမတော်မူပေသည်။ အို, ချစ်သား၊ အလ္လာဟ်အသျှင်မြတ်၏ 'အီလ်မ်' (အသိပညာတော်) နှင့် စွမ်းဆောင်နိုင်ခြင်းသည် ဤမျှခန့် အဆင့်ထိတိုင် ရှိနေပေသည်။) မုချဧကန် (တစ်ဦးတစ်ယောက်၏) အပြုအမူ တစ်စုံတစ်ရာသည် (အဘယ်မျှခန့်ပင် ဖုံးကွယ်နေပါစေ။ ဥပမာအဖြစ် ဆိုကြပါစို့။ ၎င်းသည်) မုံညင်းစေ့ခန့်မျှ (ပမာဏ) ဖြစ်ပြီး (နောက်) တစ်ဖန် (ဆက်လက်ဆိုကြပါစို့) ကျောက်ဆောင်တစ်ခုခု အတွင်း၌ (ပုန်းကွယ်ဝှက်၍ ပြုလုပ်သည်) ဖြစ်စေ၊ (ကျောက်ဆောင်သည် ဖယ်ရှားရန် အလွန်ခက်ခဲသော အတားအဆီးတစ်ခု ဖြစ်ပေသည်။ ထိုကျောက်ဆောင်ကို မဖယ်ရှားဘဲ ထိုအတွင်း၌ ပြုလုပ်သော အပြုအမူကို မည်သူတစ်ဦးတစ်ယောက်မျှ သိရှိမည်မဟုတ်။) မိုးကောင်းကင်များ၌ဖြစ်စေ၊ (အကြင်နေရာသည် အဖန်ဆင်းခံ အများစုထက် ဝေးကွာသောနေရာ၌ ရှိနေပေသည်။) ပထဝီမြေအတွင်း၌ဖြစ်စေ (အကြင်နေရာသည် ကောင်းစွာ မှောင်မိုက်နေပေသည်။ ဤသည် အဖန်ဆင်းခံအများစု၏ အရှုများမှ ကွယ်ဝှက်၊ ဖုံးကွယ်စွာ တည်ရှိနေခြင်း၏ အကြောင်းခံများ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံ အရာတစ်ခုသည် အလွန်သေးငယ်၊ ပါးလွှာနေသည်ဆိုလျှင်လည်း မမြင်တွေ့နိုင်ရာ တစ်ခါတစ်ရံ ထုထည်ကြီးမားသော အတားအဆီး တည်ရှိနေခြင်းကြောင့်သော်လည်းကောင်း၊ တစ်ခါတစ်ရံ ဝေးနေသည့်အတွက်ကြောင့်သော်လည်းကောင်း၊ တစ်ခါတစ်ရံ မှောင်မိုက်၍သော်လည်းကောင်း သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်ရှိန် ဂုဏ်ဝါတော်မှာ ဤအကြောင်းခံများသည်လည်း ကွယ်ဝှက်ပေးမှုကို စုစည်းပေးသော အရာများ ဖြစ်ပေသည်။ လျှို့ဝှက်စွာ) ရှိနေသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ယင်းအပြုအမူကို 'ကေယာမသ်'နေ့ စာရင်းစစ်ဆေးချိန်၌ ရှေ့တော်မှောက်ဝယ်) အသင့် ရောက်ရှိစေတော်မူမည် ဖြစ်၏။ (အကြင်အချက်မှ 'အီလ်မ်' (အသိဉာဏ်တော်) နှင့် တန်ခိုးတော်နှစ်ရပ်စလုံးကို အတည်ပြု၍ ရရှိပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် နက်နဲသိမ်မွေ့သော အရာတို့ကို အလွန်တရာ သိမြင်တော်မူသော အသျှင်၊ အလွန်တရာ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ကျင့်ကြံဆောက်တည်ရန် ကဏ္ဍာရပ်၌ ဤသို့ ဆုံးမမှုကို ပြုထားတော်မူပေသည်။) အို, ချစ်သား၊ အသင်သည် 'ဆွလားသ်'ဝတ်ပြုမှုကို တည်ဆောက်ပါလေ။ (အကြောင်းမှာ ဤသည် ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍာမှန်ကန်ပြီးနောက် အမြင့်မားဆုံးသော ကျင့်ကြံဆောက်တည်ချက်ပင် ဖြစ်သည်။) ၎င်းပြင် (မူဝါဒနှင့် ကျင့်ကြံမှု မှန်ကန်ခြင်းသည် မိမိအဖို့ ပြီးပြည့်စုံသွားပေသည်။ ထိုနည်းတူ အခြားသော သူများ

ပြီးပြည့်စုံစေရန်ကိုလည်း ကြိုးပမ်းရန် သင့်ပေသည်။ သို့ရှိရာ လူတို့ကို) ၄င်းပြင် အသင်သည် (သူတစ်ပါးတို့ကိုလည်း) ကောင်းမှု (ပြုလုပ်ကြရန်) နှင့် စပ်လျဉ်း၍ အမိန့်ပေးပါလေ။ ထို့ပြင် အသင်သည် မကောင်းမှုမှ (ရှောင်ကြဉ်ကြရန်) နှင့် စပ်လျဉ်း၍ အမိန့်ပေးပါလေ။ ထို့ပြင် (ထိုကောင်းရာညွှန်၊ မကောင်းရာမြစ်တားခြင်းကိစ္စရပ်၌ အထူးသဖြင့် အခြေအနေဖြင့်သော်လည်းကောင်း၊ အခြေအနေတိုင်း၌ ခြုံငုံ၍သော်လည်းကောင်း) အသင်သည် မိမိ၌ ဆိုက်ရောက်လာသောအခါ ဘေးဒုက္ခနှင့် စပ်လျဉ်း၍ ကြံ့ခိုင်စွာရှိပါလေ။ ဧကန်မလွဲ ဤ (ကြံ့ခိုင်စွာ ရှိခြင်း) သည် ဖွဲသတ္တိနှင့် သက်ဆိုင်သော အမှုကိစ္စတို့အနက်မှပင်ဖြစ်ချေသည်။

၄င်းပြင် (ကိုယ်ကျင့်တရားနှင့် စပ်လျဉ်း၍ ဤသို့ ဆိုဆုံးမမှုကို ပြုပေသည်။ အို၊ ချစ်သား) အသင်သည် လူတို့ရှေ့ဝယ် မိမိ၏ မျက်နှာကို စူ၍ မထားပါလေနှင့်။ (လူတို့ဘက်မှ မိမိ၏ မျက်နှာကို မလွှဲပါလေနှင့်။) ထို့ပြင် အသင်သည် ပထဝီမြေဝယ် မော်ကြွားလျက် လမ်းမလျှောက်လေနှင့်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်စိတ်နေမြင့်သူ၊ အထင်ကြီးသူ၊ ဝါကြွားသူ၊ ဂုဏ်မောက်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ပေ။

ထို့ပြင် အသင်သည် မိမိ၏ လမ်းလျှောက်မှု၌ အလယ်အလတ် ပြုလုပ်ပါလေ။ အိန္ဒြေပျက်လုမတတ်ဖြစ်သော အလွန်လျင်မြန်စွာ လျှောက်လှမ်းမှုကိုလည်း မပြုလေနှင့်။ ဤသို့ လျှောက်လှမ်းခြင်းသည် ပြုတ်ကျကောင်း ပြုတ်ကျသွားနိုင်ပေသည်။ ချော်လဲမှုလည်း ဖြစ်နိုင်ပေသည်။ မာန်မာနထောင်လွှားသောသူတို့ကဲ့သို့ ခြေလှမ်းတိုင်းကို ရေ၍လည်း မလျှောက်လှမ်းလေနှင့်။ သို့သာမက ဟန်ဆောင်မှု ကင်းမဲ့ကာ အလယ်အလတ်တန်းစား လျှောက်လှမ်းမှုမျိုးနှင့် ရိုကျိုးရိုးသားသော လျှောက်လှမ်းမှုမျိုးကို ရွေးချယ်ကြကုန်။ အကြင်အချက်ကို အခြားသော အာယသ်တော်တစ်ပိုဒ်၌ ဤကဲ့သို့ တင်ပြထားပေသည်။

يَمْشُونَ عَلَى الْأَرْضِ هَوْنًا

ထိုသူတို့သည် ပထဝီမြေပေါ် မာန်မာနမရှိဘဲ မိမိကိုယ်ကို နှိမ့်ချ၍ အိန္ဒြေသိက္ခာနှင့် ဖြည်းညှင်းစွာ လမ်းလျှောက်ကြကုန်၏။ [၂၅ : ၆၃]

ထို့ပြင် (ပြောဆိုမှု၌) မိမိ၏ အသံကို နှိမ့်ချပါလေ။ (လွန်စွာ ဆူညံမှုကို မပြုလေနှင့်။ အခြားသောသူများ မကြားနိုင်လောက်အောင် အလွန်တိုးညင်းစွာဖြင့်လည်း မပြောဆိုလေနှင့်။ ရှေ့၌ ဆူညံ အော်ဟစ်စွာ ပြောဆိုသောသူများအား ပြစ်တင်ရှုတ်ချမှုကို ပြုပေးထားပေသည်။) ဧကန်မလွဲ စက်ဆုပ်ဖွယ်ရာ အဖြစ်ဆုံးသော အသံသည် မြည်းသတ္တဝါတို့၏ အသံပင် ဖြစ်ချေသည်။ (အသင်သည် လူသားဖြစ်၍ မြည်းသတ္တဝါများကဲ့သို့ အော်ဟစ်ဆူညံနေခြင်းမှာ အသင်နှင့် မည်သို့ အပ်စပ်နိုင်ပါမည်နည်း။ ထို့ပြင် ဆူညံအော်ဟစ်ခြင်းဖြင့် အချို့သော အချိန်အခါမျိုး၌ အခြားသောသူများအဖို့လည်း စိုးရိမ်ထိတ်လန့်မှု ဖြစ်ရှိသွားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَقَدْ اٰتَيْنَا لُقْمٰنَ الْحِكْمَةَ

ထို့ပြင် ကောန်မလွဲ ငါအသျှင်မြတ်သည် လွတ်ကမ်မားန် (عليه السلام) အား 'ဟိကမသ်' ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ *[၃၁ : ၁၂]*

ဟာဇရသ်လွတ်ကမ်မားန် (عليه السلام) သခင်သည် ဝဟာဗ်ဗင်န်မုနဗ်ဗားဟ် (رضي الله عنه) ၏ ဆင့်ပြန်ချက်နှင့်အညီ ဟာဇရသ်အိုက်ယူးဗ် (عليه السلام) ၏ တူတော် ဖြစ်ပေသည်။ မုကာသိလ် (ရဟ) သခင်ကြီးသည် ထိုနဗီ၏ အမေဘက်မှ ညီအစ်ကိုဝမ်းကွဲတော်စပ်သူဟူ၍ ဆိုပေသည်။ သဖ်စီရေဗိုင်ဿွာဝီ အစရှိသော ကျမ်းများအတွင်း၌ ဟာဇရသ်ဒါဝူးဒ် (عليه السلام) ၏ ခေတ်ကာလထိတိုင် သက်တမ်းကို ရှည်လျားစွာ ရရှိခဲ့ပေသည်ဟူ၍လည်း တင်ပြထားသည်။ 'ဟာဇရသ်လွတ်ကမ်မားန် (عليه السلام) သခင်သည် ဟာဇရသ်ဒါဝူးဒ် (عليه السلام) ၏ ခေတ်ကာလ၌ ရှိကြောင်း' ကို အခြားသော ဆင့်ပြန်ချက်များဖြင့်လည်း အတည်ပြု၍ရပေသည်။

သဖ်စီရေဒွရ်ရေမန်စူးရ်ကျမ်းအတွင်း ဟာဇရသ်အိဗ်နေအဗ္ဗားစ် (رضي الله عنه) သခင်ကြီး၏ ဆင့်ပြန်ချက်၌ 'ဟာဇရသ်လွတ်ကမ်မားန်သခင်ကြီးသည် ကပ္ပလီကျွန်တစ်ဦး ဖြစ်ပြီး လက်သမားအလုပ်ကို လုပ်ဆောင်သည်' ဟူ၍ လာရှိထားပေသည်။ *[အိဗ်နေအဗီရှိုက်ဗား]*

ဟဇရသ်ဂျာဗိရ်ဗင်န်အဗ်ဒွလ္လာဟ်သခင်ကြီးအား ၎င်းနှင့် စပ်လျဉ်းသော အခြေအနေများကို မေးမြန်းရာ 'နှာခေါင်းပြား၍ အရပ်ပုသော ကျွန်ဖြစ်သည်' ဟူ၍ ဖြေကြားပေသည်။ မုဂျာဟိဒ်သခင်ကြီးက 'နှုတ်ခမ်းထူ၍ ခြေဖဝါးကွဲနေသူ ကပ္ပလီကျွန်တစ်ဦးဖြစ်သည်' ဟူ၍ အမိန့်ရှိခဲ့လေသည်။ *[အိဗ်နေကစီးရ်]*

အသားနက်သော ကပ္ပလီတစ်ဦးသည် ဟာဇရသ်စအီးဒ်အိဗ်နေ့မုစိုက်ယစ်ဗ်၏ ထံသို့ ဓမ္မသတ်တစ်စုံတစ်ရာ မေးမြန်းရန်အတွက် ရောက်ရှိလာရာ သခင်ကြီးသည် ၎င်းအား ဖြေသိမ့်မှုပေးရန်အတွက် 'အသင်သည် မိမိအသားမည်းခြင်းအပေါ် သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အသားမည်းသောသူများအတွင်း၌ လူသုံးဦးသည် လူတို့ထဲတွင် အမွန်မြတ်ဆုံးသောသူများ ဖြစ်ပေသည်။ ၎င်းတို့မှာ

(၁) ဟာဇရသ်ဗေလားလ်ဟာဗ်ရှီး (رضي الله عنه) သခင်၊

(၂) ဟာဇရသ်အုမရ် (رضي الله عنه) သခင် သူကောင်းပြုခဲ့သော 'မဟ်ဂျအ်'

(၃) ဟာဇရသ်လွတ်ကမ်မားန် (رضي الله عنه) သခင်တို့ ဖြစ်ပေသည်။

လွတ်ကမ်မားန် (عليه السلام) သခင်သည် ရှေးပိုင်းခေတ် အိုလမာပညာရှင် အများစုထံ၌ နဗီမဟုတ်၊ သို့သာမက ဝလီ သူတော်စင်နှင့် အမြော်အမြင်ရှိသောသူသာ ဖြစ်ခြင်း

အိဗ်နေကစီးရ်သခင်ကြီးက အမိန့်ရှိသည်မှာ ရှေးပိုင်းခေတ်ရှိ အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် '၎င်းသည် နဗီမဟုတ်ကြောင်း' ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ ဟာဇရသ်

အပ်က်ရမားဟ် رضي الله عنه သခင်ကြီးထံမှသာလျှင် ၎င်းသည် နဗီဖြစ်ကြောင်း ဆင့်ဆိုထားပေသည်။ သို့ရာတွင် ၎င်း၏ ဆင့်ကဲဆင့်ကဲ ဖြန့်မှုတွင် ကွင်းဆက်အထောက်အထားသည် မခိုင်လုံပေ။ အေမာမ်ဗဂဝီသခင်ကြီးက အမိန့်ရှိသည်မှာ '၎င်းသည် အသိပညာရှင်နှင့် အမြော်အမြင်ရှိသောသူသာ ဖြစ်ကြောင်းနှင့် နဗီမဟုတ်ကြောင်းကို အာလင်မ်များ တစ်ညီတစ်ညွတ်တည်း ယုံကြည်လက်ခံထားသည်' ဟူ၍ ဖြစ်သည်။

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ ဟဇရတ်ကသာဒါးဟ် رضي الله عنه သခင်ကြီးထံမှ ၎င်းနှင့် စပ်လျဉ်း၍ အံ့ဖွယ်ကောင်းသော ဤအောက်ဖော်ပြပါ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်လွတ်က်မာန်း عليه السلام သခင်ကြီးအား 'နဗီဖြစ်ခြင်း ဘွဲ့ကို ရယူမည်လော့။ သို့မဟုတ် ဉာဏ်အမြော်အမြင်ကို ရယူမည်လော' ဟူ၍ ရွေးချယ်ခွင့်ပေးတော်မူရာ ၎င်းသည် ဉာဏ်အမြော်အမြင်ကို ရယူလိုခြင်း၏ အချက်ကို ရွေးချယ်တော်မူလိုက်ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားသည်မှာ '၎င်းအား နဗီဘွဲ့အား ရယူခြင်းနှင့် စပ်လျဉ်း၍ ရွေးချယ်ခွင့်ပေးတော်မူရာ ၎င်းက 'အကယ်၍ ထိုဘွဲ့အား လက်ခံရန် မိန့်တော်မူပါက ကျွန်ုပ်သည် ဦးလည်မသုန် ဆောင်ရွက်ပါမည်။ သို့တည်း မဟုတ်က ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ' ဟူ၍ လျှောက်ထားခဲ့ပေသည်။

ဟဇရတ်ကသာဒါးဟ် رضي الله عنه သခင်ထံမှပင် ဤအောက်ဖော်ပြပါ အချက်သည်လည်း ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ လွတ်က်မာန် عليه السلام သခင်ကြီးအား တစ်ဦးတစ်ယောက်က 'အသင်သည် အမြော်အမြင် ဉာဏ်တော်ကို 'နဗူဝတ်' ဘွဲ့အပေါ် အဘယ်ကြောင့် ဦးစားပေးခဲ့ပါသနည်း။ ဧကန်အမှန် အသင့်အား ယင်းအချက်နှစ်ချက်စလုံးအား ရွေးချယ်ခွင့်ပေးထားခဲ့ပေသည်' ဟူ၍ မေးမြန်းရာ ၎င်းက 'နဗီဖြစ်ခြင်းသည် အလွန်လေးလံကြီးမားသော တာဝန်တစ်ရပ် ဖြစ်သည်။ အကယ်၍ ထိုဘွဲ့တော်ကို ကျွန်ုပ်၏ ပင်ကိုယ်ရွေးချယ်ခွင့်မပါဘဲ ပေးသနားတော်မူပါက အလ္လာဟ်အသျှင်မြတ်၏ ကိုယ်တော်တိုင် ထိုတာဝန်၏ 'ဖွရ်ဇ်' တာဝန်အချက်များကို ထမ်းဆောင်နိုင်စေရန် တာဝန်ယူတော်မူမည် ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည် မိမိ၏ ပင်ကိုယ်ရွေးချယ်မှုဖြင့် ရွေးချယ်လိုက်မည်ဆိုလျှင် ယင်းတာဝန်သည် ကျွန်ုပ်၏ တာဝန်၊ ကျွန်ုပ်၏ အပေါ်၌သာ တည်ရှိနေပေမည်' ဟူ၍ ဖြေကြားခဲ့ပေသည်။ *[အိဗ်နေကစီးရ်]*

လွတ်က်မာန် عليه السلام သခင်သည် နဗီမဖြစ်ကြောင်း နှောင်းပိုင်းခေတ်ရှိ အာလင်မ်သာသနာ့ပညာရှင်များအားလုံး တစ်ညီတစ်ညွတ်တည်း လက်ခံထားသည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော

اَنِ اشْكُرْ لِيْ

အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ပါလေ။ *[၃၁ : ၁၂]*

ဟူသော အမိန့်သည် 'အိလ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ဟူသော ပုံစံမျိုးဖြင့်သာ ဖြစ်နိုင်ပေသည်။ အကြင်အချက်သည် အလ္လာဟ်အသျှင်မြတ်၏ ဝလီသူတော်စင်များအဖို့ ရရှိပေသည်။

ဟဇရတ်လွတ်က်မာန် عليه السلام သခင်သည် ဟဇရတ်ဒါဝူးဒ် عليه السلام ၏ အလျှင် သာသနာ၏ ဖွေ့သတ်ရေးရာတို့ကို ဖြေကြားလေ့ရှိခဲ့ပေ၏။ ဟဇရတ်ဒါဝူးဒ် عليه السلام နဗီတမန်တော်ဖြစ်လာသောအခါ 'ယခု ကျွန်ုပ်အဖို့ မလိုအပ်တော့ပြီ' ဟူ၍ ဆိုကာ 'ဖသ်ဝါ' ဖွေ့သတ်ပေးခြင်းကို စွန့်လွှတ်လိုက်ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ 'ဗနီအိစ်ရာအီးလ်တို့၏ တရားသူကြီးဖြစ်ကြောင်း' လာရှိထားပေသည်။ ဟဇရတ်လွတ်က်မာန် عليه السلام ထံမှ အမြော်အမြင်ရှိသော စကားတော်များ ပြောကြားခဲ့ကြောင်း များစွာ ဆင့်ပြန်မှု လာရှိထားပေသည်။ ဝဟဗ်ဗင်န်မုနဗ်ဗားဟ်သခင်ကြီးက 'ကျွန်ုပ်သည် ဟဇရတ်လွတ်က်မာန် عليه السلام သခင်ကြီး၏ အမြော်အမြင်ရှိသော စကားရပ်တော်များကို အခန်းကဏ္ဍပေါင်း (၁၀၀၀၀) ထက် သာပို၍ ဖတ်ခဲ့သည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[ကုရ်သုဗီး]*

ဟဇရတ်လွတ်က်မာန် عليه السلام သခင်ကြီးသည် တစ်နေ့ လူများပြားသော ပရိသတ်ထိုင်ဝိုင်းတစ်ခု၌ လူတို့ကို အမြော်အမြင်ရှိသော စကားရပ်များကို ပြောဆိုနေပေသည်။ ထိုအခိုက် လူတစ်ဦးသည် လာရောက်ကာ 'အသင်သည် ကျွန်ုပ်နှင့်အတူ မည်သည့်တောအတွင်း၌ ဆိတ်များကို အတူတကွ ကျောင်းခဲ့သောသူ မဟုတ်ပါ၏လော' ဟူ၍ မေးမြန်းလေ၏။ လွတ်က်မာန် عليه السلام သခင်ကြီးက 'ဟုတ်ပါ၏။ ကျွန်ုပ်သည် သာလျှင် ဖြစ်ပေသည်' ဟူ၍ ဖြေကြား၏။ ထိုသူသည် 'အဖန်ဆင်းခံများသည် အသင့်အား ဂုဏ်ပေးလေးစားကာ အသင်ပြောဆိုသော စကားရပ်များကို ကြားနာရန်အတွက် အဝေးကြီးမှ လာရောက်ကာ စုရုံးနေရလောက်သည့် ကြီးမားသော အဆင့်အတန်းကို မည်ကဲ့သို့ ရရှိခဲ့ပေသနည်း' ဟူ၍ ထပ်မံ မေးမြန်းပေသည်။ လွတ်က်မာန် عليه السلام သခင်ကြီးက 'ထိုအချက်၏ အကြောင်းခံမှာ ကျွန်ုပ်၏ ဆောင်ရွက်ချက်နှစ်ရပ်ကြောင့် ဖြစ်ပေသည်။ ပထမဆောင်ရွက်ချက်မှာ အမြဲတမ်းမှန်ကန်သော စကားကိုသာဆိုပြီး ဒုတိယအချက်မှာ အကျိုးမဲ့၊ အချည်းနှီးဖြစ်သော အပြောအဆို၊ လုပ်ရပ်တို့မှ ရှောင်ကြဉ်ခြင်းဖြစ်သည်' ဟူ၍ ပြန်လည် ဖြေကြားပေသည်။ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။ ကျွန်ုပ် ပြုလုပ်သော အချို့အလုပ်၊ ဆောင်ရွက်ချက်တို့ကြောင့် ဤအဆင့်ထိတိုင် ပို့ဆောင်လိုက်ခြင်း ဖြစ်ပေသည်။ အကယ်၍ အသင်တို့အနေနှင့်လည်း ယင်းဆောင်ရွက်ချက်များကို ပြုလုပ်ဆောင်ရွက်မည်ဆိုပါက အသင်တို့သည်လည်း ဤအဆင့်အတန်းမျိုးကို ရရှိပေမည်။

ထိုအလုပ်ဆောင်ရွက်ချက်များမှာ ဤသို့ပင်ဖြစ်သည်။ မိမိ၏ အရှုကို အောက်သို့ စူးစိုက်ထားခြင်း၊ နှုတ်လျှာကို ပိတ်ထားခြင်း၊ 'ဟလာလ်' (သန့်ရှင်းသော စားနပ်ရိက္ခာ) အပေါ် ရောင့်ရဲတင်းတိမ်မှုရှိခြင်း၊ မိမိ၏ အရှက်အင်္ဂါအား ထိန်းသိမ်းထားခြင်း၊ စကားပြောဆိုရာ၌ မှန်ကန်မှုအပေါ်၌သာ တည်တံ့စွာ နေခြင်း၊ ကတိကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဧည့်သည့်အား ဂုဏ်ပေးခြင်း၊ အိမ်နီးနားပတ်ဝန်းကျင် တို့အား ထိန်းသိမ်းစောင့်ရှောက်ထားခြင်းနှင့် အကျိုးမဲ့ အလဟဿ အချည်းနှီး ဖြစ်စေသော ပြောဆိုမှုနှင့် လုပ်ရပ်တို့ကို စွန့်လွှတ်ထားခြင်းတို့ ဖြစ်ပေသည်။ *[အိဗ်နေကဆီးရ်]*

ဟဇရသ်လွတ်က်မာ်န် ﷺ သခင်ကြီးအား ချီးမြှင့်ပေးခြင်းခံရသော အမြော်အမြင်တော်၏ အလိုသဘောသည် မည်သို့နည်း၊

'ဟစ်က်မသ်'ဟူသော စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ အဓိပ္ပာယ်အမျိုးမျိုးအတွက် အသုံးပြုထားပေသည်။ 'အိလ်မ်' (အသိပညာ)၊ ဦးနှောက်အသိဉာဏ်၊ သည်းခံမှုတရား ထားရှိခြင်း၊ နဗီဖြစ်ခြင်းနှင့် ကြံစည်တွေးခေါ်မှု မှန်ကန်ခြင်းတို့ ဖြစ်ပေသည်။

အဗူဟိုက်ယားန်သခင်ကြီးက အမိန့်ရှိသည်မှာ 'ဟစ်က်မသ်'၏ အလိုသဘောသည် 'ထိုစကားရပ်ဖြစ်သည်။ အကြင်စကားရပ်ကြောင့် လူတို့သည် ဆုံးမနာယူမှုကို ရရှိပြီး နှလုံးအတွင်း အနည်ထိုင်ကာ မှတ်သားထား၍ အခြားသူတို့အား ပြန်လည်ပို့ချခြင်း' ဖြစ်ပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိသည်မှာ 'ဟစ်က်မသ်'၏ အလိုသဘောသည် အသိဉာဏ်၊ စဉ်းစားဆင်ခြင်ခြင်းနှင့် မှတ်သားမှုဉာဏ်တို့ပင် ဖြစ်သည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'သိရှိမှုနှင့်အညီ ကျင့်ကြံဆောင်ရွက်ခြင်း' သည် 'ဟစ်က်မသ်'ဟု ခေါ်တွင်သည်ဟု ဆိုထားကြ၏။ ၎င်းအဆိုများမှာ တစ်ခုနှင့်တစ်ခု မဆန့်ကျင်နေပါ။ ၎င်းအချက်အလက်အားလုံးသည် 'ဟစ်က်မသ်'အတွင်း၌ ပါဝင်နေပေသည်။ စကားပြေအကျဉ်းချုပ်အတွင်း၌ 'ဟစ်က်မသ်'ကို ဉာဏ်ပညာဟူ၍ ဘာသာပြန်ဆိုထားပြီး မိမိသိရှိမှုအပေါ် ကျင့်ကြံဆောင်ရွက်ခြင်း'ကို 'ဟစ်က်မသ်'၏ အကျယ်ချဲ့ဖွင့်ဆိုချက်အဖြစ် တင်ပြထားပေသည်။ ဤသည် ရှင်းလင်း၍ လိုတိုရှင်းအချက်ပင် ဖြစ်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ဟဇရသ်လွတ်က်မာ်န် ﷺ သခင်ကြီးကို 'ဟစ်က်မသ်' (ဉာဏ်အမြော်အမြင်) ချီးမြှင့်ထားပေးကြောင်းကို မိန့်တော်မူပြီးနောက် ရှေ့တွင်

اَنِ اشْكُرْ لِىْ

(အသင်သည် ငါအလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ပါလေ။) *[၃၁ : ၁၂]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုသို့ မိန့်မြွက်ရာ၌ ဖြစ်နိုင်ချေရှိသော အချက်တစ်ရပ်မှာ ဤနေရာတွင် قُلْنَا ဟူသော ပုဒ်သည် မြုပ်နေပေသည်။ သို့ဆိုလျှင် အလိုသဘောသည် 'ငါအသျှင်မြတ်သည် လွတ်က်မာ်န်ကို ဉာဏ်ပညာ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်အား ကျေးဇူးတင်ရှိရန် မိန့်ကြားတော်မူခဲ့၏' ဟူ၍ ဖြစ်သွားပေမည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် اَنِ اشْكُرْ لِىْ (ငါအသျှင်မြတ်အား ကျေးဇူးတင်ကုန်) ဟူသော စာသားသည် حكمت 'ဟစ်က်မသ်'၏ အကျယ်ချဲ့ဖွင့်ဆိုချက် အလိုသဘောအား တင်ပြနေသည့် ဝါကျဖြစ်သည်' ဟူ၍ အမိန့်ရှိထားကြပေသည်။ ဆိုလိုသည်မှာ 'လွတ်က်မာ်န်သခင်ကြီးအဖို့ ချီးမြှင့်တော်မူခြင်းခံခဲ့ရသော အမြော်အမြင်တော်မှာ 'ငါအသျှင်မြတ်သည် ၎င်းအား ကျေးဇူးတင်ရန် အမိန့်ပေးရာ ၎င်းသည် လိုက်နာခဲ့သည်'ဟူ၍ ဖြစ်သည်။ ထိုပုံစံ၌ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော စည်းစိမ်တော်များအား ကျေးဇူး

တင်ရှိခြင်း၊ သိတတ်ခြင်းသည် အကြီးမားဆုံးသော အမြော်အမြင်တော်ဖြစ်သည်' ဟူ၍ ဖြစ်သည်။ ထို့နောက် တစ်ဖန် မိန့်ဆိုပြသထားသည်မှာ 'ဤသို့ ကျေးဇူးတင်ရှိရန် မိန့်တော်မူထားရခြင်းအကြောင်းမှာ ငါအသျှင်မြတ်အဖို့ အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိရန်မဟုတ်ပေ။ ငါအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ ကျေးဇူးတင်ရှိခြင်းကိုလည်း လိုလားတော်မူသော အသျှင်မြတ်မဟုတ်။ သို့သာမက ကျေးဇူးတင်သူကိုယ်တိုင်အဖို့ အကျိုးအမြတ် ရရှိစေရန်အတွက် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ ပုံသေနည်း ဓလေ့တော်မှာ 'အကြင်သူသည် ငါအသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော စည်းစိမ်တော်ကို ကျေးဇူးတင်ရှိပါက ငါအသျှင်မြတ်သည် ထိုသူ့အား ယင်းစည်းစိမ်တော်'နေ့အ်မသ်'ထက် သာပို၍ ချီးမြှင့်ပေးသနားတော်မူမည် ဖြစ်သည်' ဟူ၍ ဖြစ်သည်။

ထို့နောက် လွှတ်ကဲမာန် عليه السلام သခင်ကြီး၏ အချို့အမြော်အမြင်နှင့် ပြည့်စုံတော်မူသော စကားတော်များကို တင်ပြထားပေသည်။ အကြင်အချက်များကို ၎င်းသည် မိမိ၏ သားအား ရည်ညွှန်းကာ မိန့်မြွက်ထားပေသည်။ ထိုအမြော်အမြင်ရှိသော စကားတော်များကို ကုရ်အာန်ကျမ်းတော်မြတ်သည် 'အခြားသောသူများလည်း အကျိုးအမြတ်ရရှိစေရန်အလို့ငှာ' တင်ပြထားခြင်း ဖြစ်ပေသည်။

ထိုသို့ အမြော်အမြင်နှင့် ပြည့်စုံသော စကားတော်များအတွင်း၌ ဦးစွာပထမ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍကို ပြုပြင်ပေးထားပေသည်။ ထိုကဏ္ဍရပ်များအတွင်းတွင်လည်း ဦးစွာပထမ 'အလ္လာဟ်အသျှင်မြတ်အား စကြဝဠာခပ်သိမ်းတို့အား ဆက်စပ်မှုကင်းမဲ့စွာဖြင့် ဖန်ဆင်းစိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်ကြောင်း'ကို ယုံကြည်ရန် ဖြစ်သည်။ ထိုအချက်နှင့်အတူ အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားအရာများကို ခဝပ်ကိုးကွယ်မှု၌ ဖက်စပ်နိုင်းယှဉ်မှု မပြုရန် အကြောင်းမှာ ဤကမ္ဘာလောက၌ ထို့ထက်သာပို၍ အလွန်ကြီးမား မတရားသော အမှုကိစ္စသည် မရှိနိုင်ကြောင်း၊ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပေးထားတော်မူသော အဖန်ဆင်းခံအား ဖန်ဆင်းရှင်နှင့်အတူ တန်းတူညီတူစွာ တစ်ပြေးတည်းအဖြစ် ပြုလိုက်သောကြောင့်ပင် ဖြစ်ပေသည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ-

يٰبُنَيَّ لَا تُشْرِكْ بِاللّٰهِ اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ

'အို၊ ချစ်သား၊ အသင်သည် မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်မှုကို မပြုလေနှင့်။ အကြောင်းမူ ဧကန်စင်စစ် တစ်စုံတစ်ရာကို ထိုအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်မှုသည် အမှန်ပင် ကြီးလေးလှသော မတရားမှုပင်ဖြစ်သည်' ဟူ၍ ဖြစ်သည်။

ရှေ့၌ ဟဇရတ်လွှတ်ကဲမာန် عليه السلام သခင်ကြီး၏ မိမိ၏ သားအား ဆုံးမထားတော်မူသော အမြော်အမြင်နှင့် ပြည့်စုံသည့် စကားရပ်များကို တင်ပြထားပေသည်။ ကြား၌ အလ္လာဟ်အသျှင်မြတ်သည် 'ရှရ်စ်က်' တုဖက်နိုင်းယှဉ်မှုပြုခြင်းသည် ကြီးလေးသော မတရားသမှု ဖြစ်ကြောင်းနှင့် မည်သည့်အခြေအနေမျိုး၌တွင်မဆို ထိုအရာ၏ အနီးသို့ မချဉ်းကပ်ရန် လမ်းညွှန်ချက်များကို ပေးရန်အတွက် အခြားသော အမိန့်တော်တစ်ရပ်ကို မိန့်မြွက်ထားတော်မူပြန်သည်။

မိဘများ၏ ကျေးဇူးတရားသိခြင်းနှင့် အမိန့်နာခံခြင်းသည် 'ဖွရဇ်' ဖြစ်ကြောင်း၊ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေပါက နာခံခြင်း မပိုင်ကြောင်း

ငါအသျှင်မြတ်သည် သားသမီးများကို မိမိတို့၏ မိဘနှစ်ပါး၏ အမိန့်ကို နာခံရန်နှင့် ကျေးဇူးတရားသိရှိရန် အလွန်လေးနက်စွာ တိုက်တွန်းနှိုးဆော်ထားနေလင့်ကစား မိမိ၏ ကျေးဇူးတရားတော်ကို သိရှိရန်နှင့် အမိန့်ကို နာခံရန် မိန့်မြွက်ချက်နှင့်အတူ မိဘနှစ်ပါး၏ ကျေးဇူးတရား သိရှိရန်နှင့် နာခံရန် အမိန့်ကို တစ်ဆက်တည်းမှာပင် မိန့်မြွက်ထားပါသော်လည်း သို့ရာတွင် 'ရှရစ်က်'တုဖက်နှိုင်းယှဉ်ခြင်းသည် ဤမျှခန့် ကြီးမားသော မတရားသမှုနှင့် ကြောက်မက်စက်ဆုပ်ဖွယ်ကောင်းသော ပြစ်မှုဖြစ်သည်မှာ မိဘနှစ်ပါးက ပြောဆိုကာ အကြပ်ကိုင်ခြင်းဖြင့်လည်း မည်သူတစ်ဦးတစ်ယောက်အဖို့မျှ မပိုင်ပေ။ အကယ်၍ တစ်ဦးတစ်ယောက်ကို ၎င်း၏ မိဘနှစ်ပါးက အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို ဖက်စပ်ခဝပ်ကိုးကွယ်စေရန် အကြပ်ကိုင်လာသည်ဆိုပါက ထိုအမှုကိစ္စတွင် မိဘနှစ်ပါး၏ ပြောကြားချက်ကို နာခံခြင်းသည် မပိုင်ပေ။

ဤနေရာ၌ မိဘနှစ်ပါး၏ ဝတ္တရားများနှင့် ၎င်းတို့၏ ကျေးဇူးတရားများကို သိရှိရန် အမိန့်ကို ပေးထားပေသည်။ ထိုသို့ ပေးထားရခြင်း၏ အမြော်အမြင်တော်အချက်မှာ လူသား၏ မိခင်သည် ၎င်း၏ တည်ရှိ၊ ရှင်သန်မှုတို့၌ လွန်စွာ အပင်ပန်းခံမှုကို ခံစားခဲ့ရရှာပေသည်။ အကြောင်းမှာ (၉) လတိုင် ၎င်းအား မိမိ၏ ဝမ်းဗိုက်အတွင်း၌ထားကာ စောင့်ရှောက်ခဲ့ရသည်။ ထိုသို့ ကိုယ်ဝန်ဆောင်ထားရခြင်းကြောင့် တစ်နေ့ထက်တစ်နေ့ ထိုမိခင်သည် အားအင်ချည့်နဲ့မှုအပေါ် ချည့်နဲ့မှုနှင့် ဒုက္ခအပေါ် ဒုက္ခတို့ ဆင့်ကဲ ရောက်ရှိမှုသည် တိုးကာ ခံစားရရှာပေသည်။ တစ်ဖန် ၎င်းအား မွေးဖွားပြီးနောက်၌လည်း (၂) နှစ်ထိတိုင် ၎င်းအား နို့တိုက်ကျွေးရခြင်း၏ ဒုက္ခကို ခံစားရပေသည်။ အကြင်ကဲ့သို့ နို့တိုက်ကျွေးစဉ်ကာလ၌ မိခင်သည် နေ့နှင့်ညမဆို အထူးစွမ်းစွမ်းတမံ ကြိုးပမ်းမှုဒုက္ခကို ခံစားရပေသည်။ ထိုနို့တိုက်ကျွေးစဉ် ကာလ၏ အားအင်ချည့်နဲ့မှုသည်လည်း ကိုယ်ဝန်ဆောင်စဉ်ကာလထက် သာပိုပေသည်။ သို့ရှိရာ ကလေးအား ပြုစုစောင့်ရှောက်ရာ၌ မိခင်သည် ကြိုးပမ်းမှု ဒုက္ခ သာပိုများပြားသည့်အတွက်ကြောင့် သာသနာတော်၌ မိခင်၏ အခွင့်အရေးဝတ္တရားကို ဖခင်ထက် ဦးစားပေးထားပေသည်။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ حَمَلَتْهُ اُمُّهُ وَهْنًا عَلٰى وَهْنٍ وَفِصَالُهٗ فِىْ عَامَيْنِ

ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်ပေသည်။ ထို့နောက်

وَاِنْ جَاهَدَاكَ

(သို့ရာတွင် အကယ်၍သာ ထိုမိဘနှစ်ပါးသည် အသင့်အား အနိုင်အထက် ပြုကျင့်ခဲ့သည်ရှိသော်) ဟူသော အာယသ်တော်အတွင်း၌ 'အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားသော အရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ် ခဝပ်ကိုးကွယ်ရန် မိဘနှစ်ပါးက အမိန့်ပေးသော အမှုကိစ္စ၌ ၎င်းတို့၏ အမိန့်ကို နာခံခြင်း 'ဟရာမ်'ဖြစ်ကြောင်း' ကို ပြဆိုထားပေသည်။

အစ္စလာမ်သာသနာ၏ အနှိုင်းမဲ့ မျှတမှု၏ ဥပဒေ

ဤအထက်ဖော်ပြပါ ပုံစံ၌ မိဘနှစ်ပါးသည် သားသမီးအား 'ရှရစ်က်' (တဖက်နှိုင်းယှဉ်ခြင်း) နှင့် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) အပေါ် အနိုင်အထက်ပြု၍ နေပေသည်။ 'ငှင်းတို့၏ အမိန့်ကို မနာခံရန်' အလ္လာဟ်အသျှင်မြတ်ကလည်း အမိန့်ရှိထားပေသည်။ သို့ရှိရာ ဗီဇသဘောသဘာဝအရ လူသားသည် ဘောင်တစ်ရပ်အပေါ်၌ ရပ်တည်နိုင်စွမ်း ရှိတော့မည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ် ထုတ်ပြန်ထားသော အမိန့်အပေါ် ဆောင်ရွက်ရာ၌ 'သားသမီးသည် မိဘနှစ်ပါးအား ရုတ်ရင်းကြမ်းတမ်းစွာ ပြောဆိုမိခြင်း၊ မကောင်းပြောဆိုမိခြင်းနှင့် ဂုဏ်သရေပျက်ပြားသွားစေသော အပြုအမူမျိုးများ' ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပေသည်။ အစ္စလာမ်သာသနာသည် မျှတမှုရှိသော သာသနာတစ်ရပ် ဖြစ်ပေသည်။ အရာတိုင်း၌ အတိုင်းအတာ၊ ဘောင်တစ်ရပ်ကို သတ်မှတ်ပေးထားပေသည်။ ထို့ကြောင့် 'ရှရစ်က်'ဖြစ်စေသော အမှုကိစ္စ၌ မိဘနှစ်ပါး၏ အမိန့်ကို မနာခံရန် အမိန့်ကို ပေးထားခြင်းနှင့်အတူ တစ်ဆက်တည်းမှာပင် ဤအောက်ဖော်ပြပါ အမိန့်ကိုလည်း ပေးတော်မူလိုက်ပေသည်။

صَاحِبْهُمَا فِى الدُّنْيَا مَعْرُوفًا

သို့ရာတွင် အသင်သည် ဤလောကီဘဝ၌မူ ထိုမိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံလော့။

[၃၁ : ၁၅]

ဆိုလိုသည်မှာ ဒီးန်သာသနာရေးရာအမှုကိစ္စနှင့် စပ်လျဉ်းလာလျှင်မူ အသင်သည် ငှင်းတို့၏ အမိန့်ကို မနာခံလေနှင့်။ သို့ရာတွင် လောကီရေးရာ၏ အမှုကိစ္စများဖြစ်သော ဥပမာ- ငှင်းတို့၏ ခန္ဓာကိုယ်ရေးရာ ဝတ်ကြီးဝတ်ငယ် ပြုစုမှု၌သော်လည်းကောင်း၊ သို့မဟုတ် ခနငွေကြေးဆိုင်ရာ ပေးကမ်းမှု၌သော်လည်းကောင်း လျော့နည်းမှုကို မပြုလေနှင့်။ သို့သာမက လောကီရေးရာ အမှုကိစ္စများ၌မူ ယင်းလောက၏ အများသုံး ထုံးဓလေ့နှင့် ကိုက်ညီစွာ ဆောင်ရွက်ပြုစုမှုကို ပြုပါ။ ငှင်းတို့အား အရိုအသေ ကင်းမဲ့မှုကို မပြုလေနှင့်။ ငှင်းတို့၏ မေးမြန်းချက်အား တုန့်ပြန်ဖြေကြားချက်ကို ငှင်းတို့ စိတ်ထိခိုက်သွားမည့် ပုံစံမျိုးဖြင့် မဖြေကြားလေနှင့်။ အလိုသဘောမှာ ငှင်းတို့ဘက်မှ စေခိုင်းသော 'ရှရစ်က်' (တဖက်နှိုင်းယှဉ်ခြင်း) နှင့် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) တို့နှင့်စပ်လျဉ်းသော အမှုကိစ္စ၌ မိမိတို့အနေဖြင့် မနာခံသည့်အတွက်ကြောင့် ငှင်းတို့သည် စိတ်ထိခိုက်မှုဖြစ်နေပေသည်။ ထိုအချက်ကိုမူ မလွှဲမရှောင်သာသော အခြေအနေမျိုးဖြင့် သည်းခံမြိုသိပ်ရပေမည်။ သို့ရာတွင် လိုအပ်ချက်ကို လိုအပ်ချက်၏ ဘောင်အတွင်း၌သာ ထားရှိရပေမည်။ အခြားသော အမှုကိစ္စများတွင် ငှင်းတို့အား စိတ်ထိခိုက်စေသော အချက်များမှ ရှောင်ရှားနေကြကုန်။

အကျိုးထူး ။ ။ ဤအာယသ်တော်အတွင်း၌ ကလေးအား နို့ဖြတ်ခြင်း၏ အချိန်ကာလကို (၂) နှစ်ဟူ၍ ပြဆိုထားပေသည်။ ဤသည် အများစု၏ ဓလေ့ထုံးအရ ပြဆိုထားခြင်း ဖြစ်သည်။ ယင်းသို့ ပြဆိုရာ၌

ထို့ထက်သာပို၍ တိုက်ကျွေးမည်ဆိုပါက အဓိပ္ပါယ်သည် မည်ကဲ့သို့နည်းဟူ၍ အချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ မိန့်မြွက်ထားခြင်း မရှိပေ။ ထိုဓမ္မသတ်နှင့် စပ်လျဉ်းသော အချက်ကို 'စူရာဟ်အဟ်ကားဖ်' ၏ အာယသ်တော်ဖြစ်သော

وَحَمْلُهُ وَفِصَالُهُ ثَلٰثُوْنَ شَهْرًا

ဟူသော အာယသ်တော်အောက်၌ ရှင်းလင်းချက်ကို 'အင်န်ရှာအလ္လာဟ်' တင်ပြပေးပေမည်။

ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်းသော ဟဇရသ်လွတ်ကမာန် عليه السلام သခင်ကြီး၏ ဒုတိယမှာတမ်းချက်

ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်း၍ ဟဇရသ်လွတ်ကမာန် عليه السلام သခင်၏ ဒုတိယမှာတမ်းချက်မှာ မိုးကောင်းကင်နှင့် မြေပထဝီ၊ ထိုကြားနှစ်ခုကြား အတွင်း၌ရှိသော မြူမှုန်တစ်စတို့၏ အပေါ်၌မှာပင် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်'(အသိတော်) သည် လွှမ်းမိုးခြုံငုံစွာ ရှိကြောင်း၊ ထိုအရာများ အားလုံးအပေါ် အလ္လာဟ်အသျှင်မြတ်သည် စွမ်းဆောင်နိုင်သော တန်ခိုးတော်ရှိကြောင်း၊ အများသူငှာတို့၏ အရှုအတွင်း၌ မမြင်နိုင်ရလောက်အောင်သော မည်သည့်သေးငယ်သော အရာဖြစ်စေ၊ ဤကဲ့သို့ပင် အာဘယ်မျှခန့်ပင် ဝေးကွာသောနေရာ၌ ရှိသောအရာ ဖြစ်စေ၊ ဤကဲ့သို့ပင် အာဘယ်မျှခန့်ပင် မှောင်မိုက်သော အရပ်ဒေသ၌ ရှိမည်ဖြစ်စေ၊ အတားအဆီး၊ အကာအဆီးများ၏ ကြား၌ ရှိသည်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) တော်နှင့် အရှုတော်မှ ကွယ်ပုက်စွာဖြင့် တည်ရှိနေမည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်မည်သည့်အရာကိုမဆို လိုလားသည့်အချိန်၊ လိုလားသော နေရာသို့ အသင့် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်တော်မူသည်ကို အခိုင်အမာ ယုံကြည်ထားပါဟူ၍ ဖြစ်သည်။

يٰبُنَيَّ اِنَّهَآ اِنْ تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ

၏ အာယသ်တော်၏ အလိုသဘောမှာလည်း ထိုအတိုင်းပင် ဖြစ်၏။ 'အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) တော်နှင့် တန်ခိုးတော်သည် အရာတိုင်းအပေါ် လွှမ်းခြုံထားသည်မှာ အစ္စလာမ်သာသနာတော်ကိုယ်တိုင်၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်မဏ္ဍိုင်ပင် ဖြစ်ပေသည်။ ထို့ပြင် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း၏ ယုံကြည်ချက်၏ ကြီးကျယ်လှစွာသော အထောက်အထားတစ်ရပ်လည်း ဖြစ်ပေသည်။

ကျင့်ကြံဆောက်တည်မှုပိုင်းဆိုင်ရာနှင့် စပ်လျဉ်းသော သခင်ကြီး၏ တတိယမှာတမ်းချက်

အရေးကြီးသော ကျင့်ကြံပြုမူဆောင်ရွက်ရန်သည် များစွာ ရှိပေသည်။ သို့ရာတွင် ထိုအချက်များ အတွင်းတွင် အကြီးကျယ်ဆုံးနှင့် အရေးပါဆုံးသည် နမာဇ်ပင် ဖြစ်ပေသည်။ ပင်ကိုယ်အရေးပါသော

ကျင့်စဉ်'အမလ်'ဖြစ်ခြင်းနှင့်အတူ အခြားသော ကျင့်ကြံ ပြုမူဆောင်ရွက်ချက်များအားလည်း ပြုပြင်ပေးခြင်း၏ အကြောင်းခံဖြစ်ပေသည်။ ပမာဆိုရသော် နမာဇ်နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည်

اِنَّ الصَّلٰوةَ تَنْهٰى عَنِ الْفَحْشَاءِ وَالْمُنْكَرِ

စကေန်မလွဲ 'ဆွလားသ်'ဝတ်ပြုမှုသည် အလွန်စက်ဆုပ်ရွံရှာဖွယ် အမှုကိစ္စတို့နှင့် မဖွယ်မရာသော အမှုကိစ္စဖြစ်သော ပြစ်မှုတို့မှ အမှန်ပင် ပိတ်ပင်တားဆီးလေ၏။ [၂၉ : ၄၅]

ဟူ၍ မိန့်တော်မူထားပေသည်။ ထို့ကြောင့် အရေးကြီးသော ပြုမူဆောင်ရွက်ချက်များထဲမှ နမာဇ်၏ အကြောင်းကိုသာ လုံလောက်၍ တစ်ခုတည်း တင်ပြထားခြင်း ဖြစ်သည်။ မိန့်တော်မူထားသည်မှာ-

يٰبُنَيَّ اَقِمِ الصَّلٰوةَ

အို၊ ချစ်သား၊ အသင်သည် 'ဆွလားသ်'ဝတ်ပြုမှုကို တည်ဆောက်ပါလေ။ [၃၁ : ၁၇]

ပမာဆိုရသော် အစကနဦး၌ တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းမှာ 'နမာဇ်ကို တည်ဆောက်ခြင်း၏ အလိုသဘောသည် နမာဇ်ကို ဖတ်ခြင်းဟူ၍သာ အလိုသဘောမျိုးမဟုတ်ဘဲ ယင်းနမာဇ်၏ 'ရုကုန်' (အတွင်း ပိုင်း 'ဖွရ်ဇ်'အချက်များ) နှင့် 'အာဒါးဗ်' (သေဝပ် ကျစ်လျစ်လှစွာသော အနုစိတ်ကျသည့် 'မွတ်စ်သဟဗ်' များ) အပါ ပြည့်ဝစွာ ဆောက်တည်ခြင်း၊ နမာဇ်၏ အချိန်များကို သက်ဆိုင်ရာ ဝတ်ပြုချိန်များ အတွင်း တိကျစွာ ဆောက်တည်ခြင်းနှင့် မြဲမြံစွာ ဆောက်တည်ခြင်းတို့သည် အထက်ပါ နမာဇ်ကို တည်တံ့မြဲမြံစွာ ဆောက်တည်ခြင်း၏ အလိုသဘောအတွင်း၌ ပါဝင်ပေသည်။

လူမှုရေးစာရိတ္တပိုင်းဆိုင်ရာ ပြုပြင်ခြင်းနှင့် စပ်လျဉ်းသော လွတ်က်မာန် عليه السلام သခင်ကြီး၏ စတုတ္ထဆုံးမစကား

အစ္စလာမ်သာသနာသည် ရှုထောင့်အလုံးစုံကဏ္ဍရပ်အပေါင်းတို့အား ပေါင်းစည်းထားသော ပြည့်ဝသည့် သာသနာတစ်ရပ် ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်အား ပြုပြင်စေခိုင်းခြင်းနှင့်အတူ အဖွဲ့အစည်း၊ အသင်းအဖွဲ့အားလည်း ပြုပြင်စေခိုင်းခြင်းသည် သာသနာတော်ဘက်မှ စေခိုင်းထားသော အရေးကြီးသည့် ကဏ္ဍရပ် ဖြစ်ပေသည်။ ထို့ကြောင့် နမာဇ်ကဲ့သို့သော အရေးကြီးသည့် 'ဖွရ်ဇ်'တာဝန်ဖြစ်သည့် ကျင့်စဉ်နှင့်အတူ 'လူတို့အား ကောင်းရာဘက်သို့ ညွှန်ပြခြင်းနှင့် မကောင်းမှုဒုစရိုက်တို့မှ တားမြစ်စေခြင်း' ၏ ကောင်းရာညွှန်၊ မကောင်းရာ မြစ်တားခြင်း၏ 'ဖွရ်ဇ်'တာဝန်ကိုပါ တစ်ဆက်တည်း၊ ယှဉ်တွဲကာ မိန့်မြွက်ထားပေသည်။

وَاْمُرْ بِالْمَعْرُوْفِ وَانْهَ عَنِ الْمُنْكَرِ

၎င်းပြင် အသင်သည် သူတစ်ပါးတို့ကိုလည်း ကောင်းမှုပြုလုပ်ကြရန်နှင့် စပ်လျဉ်း၍ အမိန့်ပေးပါလေ။ ထို့ပြင် အသင်သည် မကောင်းမှုမှ ရှောင်ကြဉ်ကြရန် တားမြစ်ပါလေ။ [၃၁ : ၁၇]

ဤသည် မိမိကိုယ်ကို မိမိ ပြုပြင်ခြင်း၏ 'ဖွရဇ်' တာဝန်တစ်ရပ်နှင့် အခြားသော အဖန်ဆင်းခံများအား ပြုပြင်ပေးခြင်း၏ 'ဖွရဇ်' တာဝန်တစ်ရပ် စုစုပေါင်း 'ဖွရဇ်' တာဝန်နှစ်ရပ် ဖြစ်ပေသည်။ ထိုတာဝန်နှစ်ရပ်သည် ဤကဲ့သို့သော တာဝန်မျိုး ဖြစ်ပေသည်။ အကြင်နှစ်ရပ်အား ကျေပွန်စွာ ထမ်းဆောင်ရာ၌ အထူးပင်ပန်းဒုက္ခခံရခြင်းမျိုးကို ခံစားရပေမည်။ ထိုပင်ပန်းခြင်း ဒုက္ခရပ်အပေါ် တည်တံ့မြဲမြံစွာ နေထိုင်ရန်သည် မလွယ်ကူလှပေ။ အထူးသဖြင့် အဖန်ဆင်းခံများအား ပြုပြင်ရာ၌ ကောင်းရာညွှန်ကြားခြင်း၏ တာဝန်၏ လက်ငင်ရလဒ်သည် ကမ္ဘာလောက၌ အမြဲတစေ ရန်ငြိုးရန်စွယ်များနှင့် ဆန့်ကျင်ဘက်ပြုခြင်းများကို ခံရတတ်ပေသည်။ ထို့ကြောင့် ထိုမှာတမ်းဆုံးမစကားနှင့်အတူ ဤသို့လည်း မှာတမ်းမှုကို ပြုထားပြန်ပေသည်။

وَاصْبِرْ عَلٰى مَآاَصَابَكَ اِنَّ ذَالِكَ مِنْ عَزْمِ الْاُمُوْرِ

ထို့ပြင် အသင်သည် မိမိ၌ ဆိုက်ရောက်လာသော ဘေးဒုက္ခနှင့် စပ်လျဉ်း၍ ကြံ့ခိုင်စွာ ရှိပါလေ။ ကေန်မလွဲ ဤကြံ့ခိုင်စွာ ရှိခြင်းသည် ဖွဲ့သတ္တိနှင့် သက်ဆိုင်သော အမှုကိစ္စတို့အနက်မှပင် ဖြစ်ချေသည်။ [၃၁ : ၁၇]

ပေါင်းသင်းဆက်ဆံရေးဆိုင်ရာနှင့် စပ်လျဉ်းသော ယဉ်ကျေးမှု၏ ပဋ္ဌမမြောက် ဆုံးမစကား

وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ

၄င်းပြင် အို, ချစ်သား၊ အသင်သည် လူတို့ရှေ့ဝယ် မိမိ၏ မျက်နှာကို စူ၍မထားပါနှင့်။ လူတို့ဘက်မှ မိမိ၏ မျက်နှာကို မလွှဲပါလေနှင့်။ [၃၁ : ၁၈]

تُصَعِّرْ (မစူးထားလေးနှင့်) သည် صَعَرٌ (စွာအ်ရူးန်) ဟူသောပုဒ်မှ ဆင်းသက်လာကာ 'ကုလားအုတ်ရောဂါတစ်ရပ် ဖြစ်သည်။ အကြင်ရောဂါကြောင့် ကုလားအုတ်သည် လည်ပင်းလိမ်သွားခြင်း၏ အဖြစ်သို့ ရောက်ရှိသွားပေသည်။' ပမာဆိုရသော် လူတို့အကြားဝယ် လေဖြတ်ခြင်းသည် ထင်ရှားသော ရောဂါတစ်ရပ် ဖြစ်ပေသည်။ အကြင်ရောဂါကြောင့် မျက်နှာသည် ရွဲ့သွားပေသည်။ အလိုသဘောမှာ 'မျက်နှာကို လွှဲဖယ်လိုက်ခြင်း' ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'လူတို့နှင့် တွေ့ဆုံနှုတ်ဆက်ကာ စကားပြောဆိုသော အချိန်၌ မျက်နှာကို လွှဲဖယ်ကာ စကားပြောဆိုခြင်းမျိုးကို မပြုလေနှင့်' ဟူ၍ ဖြစ်သည်။ အကြင်အချက်သည် လူတို့ဖြင့် လွှဲဖယ်ခြင်း၊ ဂုဏ်မောက်ခြင်းနှင့် မွန်ရည်သော စာရိတ္တဖြင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း၏ လက္ခဏာ ဖြစ်ပေသည်။

وَلَا تَمْشِ فِى الْاَرْضِ مَرَحًا

ထို့ပြင် အသင်သည် ပထဝီမြေဝယ် မော်ကြွားလျက် လမ်းမလျှောက်လေနှင့်။ [၃၁ : ၁၈]

مَرَحًا (မရဟာန်) ၏ အဓိပ္ပာယ်သည် 'ဂုဏ်မောက်၊ ကြွားဝါကာ လျှောက်လှမ်းခြင်း' ၏ အဓိပ္ပာယ် ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်အလိုသဘောမှာ 'မြေကြီးကို အလ္လာဟ်အသျှင်မြတ်သည် ဓါတ်ကြီး များအားလုံးတို့ထက် အနိမ့်အောက်ပိုင်း၌ ဖန်ဆင်းထားပေသည်။ အသင်တို့သည် ထိုမြေကြီးဖြင့် ဖန်ဆင်းခြင်း ခံထားရ၍ ထိုအပေါ်၌မှာပင် သွားလာလျက် ရှိကြကုန်၏။ မိမိ၏ မူရင်းဇစ်မြစ်အချက်ကို သိရှိကာ ဂုဏ်မောက်ကြွားဝါကာ လျှောက်လှမ်းခြင်းကို မပြုလေနှင့်။ အကြင်ကဲ့သို့ လျှောက်လှမ်းခြင်းသည် မာန်မာန ထောင်လွှားသော သူတို့၏ နည်းလမ်းပင် ဖြစ်သည်' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ယင်းအချက်ကို မိန့်ဆို ပြီးနောက်

إِنَّ اللهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ

စေကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်စိတ်နေမြင့်သူ၊ အထင်ကြီးသူ၊ ဝါကြွားသူ၊ ဂုဏ်မောက်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ပေ။ *[၃၁ : ၁၈]*

ဟူ၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။

وَاقْصِدْ فِيْ مَشْيِكَ

ထို့ပြင် အသင်သည် မိမိ၏ လမ်းလျှောက်မှုတွင် အလယ်အလတ်ပြုလုပ်ပါလေ။ *[၃၁ : ၁၉]*

ဆိုလိုသည်မှာ လျှောက်လှမ်းရာ၌ အလယ်အလတ်တန်းစားပုံစံကို ရွေးချယ်၍ လျှောက်လှမ်းမှုကို ပြုပါ။ ကာအိန္ဒြေရှိမှုနှင့် ဆန့်ကျင်ဘက်အသွင်မျိုး ဖြစ်သွားနိုင်လောက်သော လျင်မြန်စွာ လျှောက်လှမ်းမှု မျိုးကို မပြုလေနှင့်။ 'လျှောက်လှမ်းရာ အလွန်လျင်မြန်စွာ လျှောက်ခြင်းသည် မုအ်မင်န်၏ လှပမှုကျက်သရေ ကို ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်' ဟူ၍ ဟဒီးစ်တော်၌ လာရှိထားပေသည်။

[ဟဇရသ်အဗူဟူရိုက်ရာဟ် ﷺ သခင်ထံမှ ဂျာမေအ်ဖ်ဂီးရ်ကျမ်း]

ယင်းသို့ လျှောက်လှမ်းရာ၌ မိမိကိုယ်ကိုသော်လည်းကောင်း၊ သို့မဟုတ် အခြားသူများကိုသော် လည်းကောင်း ဒုက္ခဥပါဒ် ရောက်ရှိသွားစေခြင်း၏ အန္တရာယ်မျိုး ရှိတတ်ပေသည်။ အလွန်နှေးကွေးစွာဖြင့် လည်း မလျှောက်လှမ်းလေနှင့်။ အကြင်ကဲ့သို့ လျှောက်လှမ်းခြင်းသည် 'လူအများကြားဝယ် မိမိကိုယ်ကို အသွင်ထူးဟု ထင်စေရန် လိုလားနေကာ ဂုဏ်မောက်မာ ဟိတ်ဟန်ထုတ်သောသူတို့၏ ဓလေ့မျိုး' သို့မဟုတ် အရှက်ကာအိန္ဒြေကြောင့် လျင်မြန်စွာ မလျှောက်လှမ်းသော အမျိုးသမီးတို့၏ ဓလေ့မျိုး ဖြစ်ပေသည်။ သို့မဟုတ် ရောဂါက အကြပ်ကိုင်ထားသော လူမမာတို့၏ လျှောက်လှမ်းခြင်း၏ ဓလေ့မျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ ပထမလျှောက်လှမ်းခြင်း၏ ပုံစံသည် 'ဟရာမ်' ဖြစ်၍ ဒုတိယပုံစံသည်လည်း အမျိုးသမီး တို့နှင့် ဆင်တူယိုးမှားဖြစ်စေရန် သဘောဆန္ဒမျိုးဖြင့် မဟုတ်မူ အမျိုးသားများအဖို့ ဤသည် ပြစ်ချက်တစ်ရပ် ပင် ဖြစ်သည်။ တတိယပုံစံမှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားကို ကန်းခြင်း၏ ပုံစံဖြစ်သည်။ အကြောင်းမှာ ကျန်းမာရေးကောင်းနေသည့် ကြားကပင် လူမမာများ၏ အသွင်ကို ဖန်တီးနေသောသူ ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုထားသည်မှာ ဆွဟာဗာကြီးများကို ယဟူဒီများကဲ့သို့ အုယားဖားယား အပြေးလျှောက်ခြင်းမှ တားမြစ်ခြင်းခံထားရပေသည်။ နစ္စရာနီများကဲ့သို့ အလွန်နှေးကွေးစွာ လျှောက်လှမ်းခြင်းမှလည်း တားမြစ်ခြင်းခံထားရပေသည်။ 'ထိုလျှောက်လှမ်းမှု နှစ်ရပ်၏ ကြားပုံစံမျိုးဖြင့် လျှောက်လှမ်းရန်' မိန့်တော်မူထားပေသည်ဟူ၍ ဖြစ်၏။

ဟဇရတ်အာအေရှာဟ် ﷺ သခင်မကြီးသည် တစ်ဦးတစ်ယောက်အား ယခုပင် သေသွားလုမတတ် ပုံစံမျိုးဖြင့် အလွန်နှေးကွေးစွာ လျှောက်လှမ်းနေသည်ကို တွေ့မြင်ရာ လူတို့အား 'ဤသူသည် အဘယ်ကြောင့် ဤသို့ လျှောက်လှမ်း၍ နေပေသနည်း' ဟူ၍ မေးရာ 'ဤသူသည် ကာရီများထဲမှ တစ်ဦးဖြစ်သည်' ဟူ၍ ပြောဆိုကြသည်။ 'ကွရ်ရားအ်'ဟူသော စကားလုံးသည် 'ကာရီ'ဟူသော စကားလုံး၏ အများကိန်းပင် ဖြစ်ပေသည်။ ထိုခေတ်ကာလ၌ ကာရီသည် 'ကုရ်အာန်ကျမ်းတော်မြတ်ကို ၎င်း၏ ယဉ်ကျေးမှု 'အဒဗ်'နည်းစနစ်များနှင့်အတူ မှန်ကန်စွာ ရွတ်ဖတ်နိုင်ပြီး ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်အလိုသဘောများကို တတ်ကျွမ်းသောသူ' ခေါ်ဆိုပေသည်။ အလိုသဘောမှာ ဤသူသည် ကြီးကျယ်လှစွာသော ကာရီတစ်ပါး ဖြစ်ပေသည်။ ထို့ကြောင့် ဤသို့ လျှောက်လှမ်းခြင်း ဖြစ်ပေသည်။ ထိုဖြေကြားပြဆိုချက်အပေါ် ဟဇရတ်အာအေရှာဟ် ﷺ သခင်မကြီးက 'ဟဇရတ်အုမရ်ဗင်နိခတ္တွာဗ် ﷺ သခင်ကြီးသည် ထိုသူ့ထက် သာပို၍ ကြီးကျယ်သော ကာရီဆွာဟိဗ်တစ်ပါး ဖြစ်ပေသည်။ သို့ရာတွင် ထိုအုမရ် ﷺ သခင်၏ ဓလေ့တော်မှာ လျှောက်လှမ်းရာ၌ လျင်မြန်စွာ လျှောက်လှမ်းလေ့ရှိပေသည်။ (အလိုသဘောမှာ တားမြစ်ထားခြင်း ခံထားရသော အဆင့်မျိုးအနေအထား လျှောက်လှမ်းမှုမျိုး မဟုတ်ဘဲ ယင်းအချက်၏ ဆန့်ကျင်ဘက်အသွင်မျိုးဖြင့် လျှောက်လှမ်းခြင်း ဖြစ်ပေသည်။) ၎င်းသည် စကားပြောဆိုတော်မူသောအခါ လူတို့ ကောင်းမွန်စွာ ကြားနိုင်လောက်သည့် အတိုင်းအတာမျိုးဖြင့် ပြောဆိုတော်မူပေသည်။ (နားထောင်သော သူတို့ မည်သည့်အရာကို အမိန့်ရှိသွားပေသနည်း' ဟူ၍ မေးလာရလောက်အောင် တိုးတိုးစွာဖြင့်လည်း မဟုတ်ပေ) ဟူ၍ အမိန့်ရှိခဲ့သည်။

وَاغْضُضْ مِنْ صَوْتِكَ

ထို့ပြင် အသင်သည် မိမိ၏အသံကို နှိမ့်ချပါလေ။ *[၃၁ : ၁၉]*

နှိမ့်ချခြင်း၏ အလိုသဘောမှာ လိုအပ်သည်ထက် သာပို၍ ကျယ်လောင်စွာ ဆူညံခြင်းကို မပြုရန် ဖြစ်သည်။ ပမာဆိုရသော် ယခုပင် ဟဇရတ်အုမရ် ﷺ သခင်ကြီးနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီး ဖြစ်သည်။ ၎င်းသည် အသင့်ရှိနေသောသူတို့ ကြားနာနိုင်လောက်အောင်သာ စကားကို ဆိုလေ့ရှိပေသည်။ ထိုသို့ ကြားနာရာ၌ ခက်ခဲမှုဒုက္ခလည်း မရှိပေ။ ထို့နောက် မိန့်တော်မူထားသည်မှာ-

اِنَّ اَنْكَرَ الْاَصْوَاتِ لَصَوْتُ الْحَمِيْرِ

ဧကန်မလွဲ စက်ဆုပ်ဖွယ်ရာ အဖြစ်ဆုံးသော အသံသည် မြည်းသတ္တဝါတို့၏ အသံပင် ဖြစ်ချေသည်။

[၃၁ : ၁၉]

ဤနေရာ၌ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍအဖြစ် အချက် (၄) ချက်ကို တင်ပြထားပေသည်။ ပထမအချက်မှာ လူတို့နှင့် နှုတ်ဆက်ပြောဆိုရာ၌ ဂုဏ်မောက်သောအသွင်မျိုးဖြင့် မျက်နှာကို လွှဲကာ စကားပြောဆိုခြင်းကို တားမြစ်ထားခြင်း၊ ဒုတိယအချက်မှာ ကမ္ဘာမြေပထဝီပေါ်ဝယ် ဂုဏ်မောက်ကြွားဝါကာ ဟိတ်ဟန်ဖြင့် လျှောက်လှမ်းခြင်းကို တားမြစ်ထားခြင်း၊ တတိယအချက်မှာ အလယ်အလတ်ပုံစံမျိုးဖြင့် လျှောက်လှမ်းရန် လမ်းညွှန်ထားခြင်းနှင့် စတုတ္ထအချက်မှာ အလွန်အမင်း ဆူညံစွာ ပြောဆိုခြင်းကို တားမြစ်ထားခြင်းတို့ ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ၏ အကျင့်ဓလေ့တော်အတွင်း၌ ဤအထက်ဖော်ပြပါ ရှောင်ရန်၊ ဆောင်ရန် ဓလေ့တော်များအားလုံး ရှိတော်မူပေသည်။

ရှမာအေ့လေ့သိရ်မိဇီကျမ်းအတွင်း၌ ဟဇရသ်ဟုစိုင်န် ؓ သခင်ကြီးသည် မိမိ၏ ဖခင် ဟဇရသ် အလီ ؓ သခင်ကြီးအား 'တမန်တော်မြတ် ﷺ သည် လူတို့နှင့်အတူ ထိုင်သော အချိန်၌ ကိုယ်တော်မြတ် ﷺ ၏ ပုံပန်းသဏ္ဌာန်တော်သည် မည်ကဲ့သို့နည်း' ဟူ၍ လျှောက်ထားမေးမြန်းရာ အလီ ؓ သခင်ကြီးက

كان د ائم البشرسهل الخلق لين الجانب يس بفظّ ولاغليظ ولاصخّاب فى‌الاسواق ولافحاش ولاعيّاب ولامشاح يتغا فل عمّا لايشتهى ولايؤيس منه ولايجيب فيه قدترك نفسه من ثلاث المراء والاكباروما لايعنيه

'တမန်တော်မြတ် ﷺ သည် အမြဲတစေ ပျော်ပျော်နေတတ်သောသူ' အဖြစ် တွေ့မြင်ရပေသည်။ တမန်တော်မြတ် ﷺ ၏ စာရိတ္တတော်သည် နူးညံ့၍ ဆက်ဆံရေး၌ သဘောထားကြီးသူ ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ၏ ဗီဇသဘာဝတော်၌ ကြမ်းတမ်းမှုမရှိဘဲ စကားအရာ၌ ခက်ထန်မှုမရှိပေ။ တမန်တော်မြတ် ﷺ သည် အော်ဟစ်ဆူညံတတ်သောသူနှင့် ရုတ်ရင်းကြမ်းတမ်းစွာ ပြောဆိုတတ်သောသူလည်း မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြစ်ချက်တင်ခြင်းနှင့် စေးနဲတွန့်တိုသောသူလည်း မဟုတ်ပေ။ မိမိ၏ နှလုံးသားတော်မှ နှစ်မြို့မှု မရှိသော အရာအား မသိကျိုးကျွံကာ နေထိုင်တော်မူပေသည်။ (သို့ရာတွင်) အခြားသောသူများအား ထိုအရာဘက်သို့ မျှော်လင့်ချက်ကင်းမဲ့အောင်လည်း ပြုတော်မူလေ့လည်း မရှိပေ။ (အကယ်၍ 'ဟလာလ်' သုံးပိုင်၊ စားပိုင်ခွင့်လည်းရှိ၍ ထိုအရာအား တပ်မက်မှုလည်း ရှိနေချိန်တွင် ဖြစ်ပေသည်။) မိမိမနှစ်မြို့သော အရာအား အခြားသောသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ၎င်းအား ဖြတ်တောက်မှုပြုတော်မူလေ့ မရှိပေ။ (သို့သာမက ဆိတ်ဆိတ်နေထိုင်မှုကို ရွေးချယ်တော်မူလိုက်ပေသည်။) အရာ (၃) ခု ကို တမန်တော်မြတ် ﷺ သည် လုံးဝ ဖြတ်တောက် စွန့်လွှတ်ထားတော်မူပေသည်။ ၎င်းတို့မှာ-

(၁) အရှုပ်အရှင်းပြဿနာ
(၂) မာန်မာနထောင်လွှားခြင်း
(၃) အကျိုးမရှိသော အလုပ်အတွင်း၌ နှစ်မွန်းနေခြင်းတို့ ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَوْا أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا
فِي الْأَرْضِ وَأَسْبَغَ عَلَيْكُمْ نِعَمَهُ ظَاهِرَةً وَبَاطِنَةً ۗ وَمِنَ النَّاسِ
مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ ﴿٢٠﴾

၃၁ ： ၂၀ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသည်တို့ကို အသင်တို့ အကျိုးငှာ အသုံးချနိုင်စေတော်မူသည်ကိုလည်းကောင်း၊ ၎င်းပြင် ထိုအသျှင်မြတ်သည် မိမိ၏ ထင်ရှားသော ကျေးဇူးတော်များနှင့် မထင်ရှားသော ကျေးဇူးတော်များကို အသင်တို့အပေါ်ဝယ် အပြည့်အစုံ ချီးမြှင့် ချပေးသနားတော်မူသည်ကိုလည်းကောင်း၊ အသင်တို့သည် မမြင်ခဲ့ကြလေသလော။ သို့ရာတွင် လူတို့အနက် အချို့မှာမူ မည်သည့်အသိပညာ သက်သေအထောက်အထားမျှလည်းကောင်း၊ မည်သည့်တရားလမ်းညွှန်မှုနှင့် မည်သည့်ထွန်းလင်းသော ကျမ်းဂန်မျှလည်းကောင်း မရှိပါဘဲလျက် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံ ပြုလုပ်လေ့ရှိကြကုန်၏။

وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللَّهُ قَالُوا بَلْ نَتَّبِعُ مَا وَجَدْنَا
عَلَيْهِ آبَاءَنَا ۚ أَوَلَوْ كَانَ الشَّيْطَانُ يَدْعُوهُمْ إِلَىٰ عَذَابِ السَّعِيرِ ﴿٢١﴾

၃၁ ： ၂၁ ။ ။ ထို့ပြင် ၎င်းတို့အား 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူသည်ကို လိုက်နာကြလေကုန်' ဟု ပြောဆိုခဲ့သောအခါ ၎င်းတို့က 'ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့ လိုက်နာခဲ့ကြသည်ကို တွေ့ရှိကြရသော လမ်းစဉ်ကိုသာ ကျွန်ုပ်တို့ လိုက်နာကြမည်' ဟု ပြောဆို ဖြေကြားခဲ့ကြကုန်၏။ မည်သို့ပါနည်း။ ၎င်း (အဘ၊ ဘိုး၊ ဘေး) တို့အား ရှိုက်သွင်းနှင်သည့် ငရဲဘုံ၏ ပြစ်ဒဏ်သို့ ဖိတ်ခေါ်လျက် ရှိသော်ငြားလည်း (၎င်းတို့သည် ထိုအဘ၊ ဘိုး၊ ဘေးတို့၏ လမ်းစဉ်ကိုသာ လိုက်နာကြဦးမည်လော။)

وَمَن يُسْلِمْ وَجْهَهُ إِلَى اللَّهِ وَهُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ
بِالْعُرْوَةِ الْوُثْقَىٰ ۗ وَإِلَى اللَّهِ عَاقِبَةُ الْأُمُورِ ﴿٢٢﴾

၃၁ ： ၂၂ ။ ။ စင်စစ် မည်သူမဆို မိမိကိုယ်ကို အလ္လာဟ်အသျှင်မြတ် ထံတော်သို့ (ကြည်ဖြူစွာ) လုံးဝ အပ်နှင်းလွှဲအပ်သည့်အပြင်၊ ထိုသူသည် ကောင်းမှုပြုသူလည်း ဖြစ်ပါမူ၊ ဧကန်မလွဲ ထိုသူသည် လွန်စွာ ခိုင်မြဲသော ကြိုးကွင်းကို ဆွဲကိုင်၍ ထားရှိပြီးဖြစ်၏။ စင်စစ် အမှုကိစ္စအလုံးစုံတို့၏ အဆုံးသတ်ခြင်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ပင် ဖြစ်၏။

وَمَن كَفَرَ فَلَا يَحْزُنكَ كُفْرُهُ ۚ إِلَيْنَا مَرْجِعُهُمْ فَنُنَبِّئُهُم بِمَا عَمِلُوا ۚ إِنَّ اللَّهَ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٢٣﴾

၃၁ ： ၂၃ ။ ။ သို့ရာတွင် (အို၊ နဗီတမန်တော်) မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့ပါမူ၊ ၎င်း၏ သွေဖည်ငြင်းပယ်မှုသည် အသင့်အား ပူဆွေးစေခြင်း မဖြစ်စေရ။ ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြရပေမည်။

ထိုအခါ ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ကျင့်မူ ပြုလုပ်ခဲ့ကြသည်များကို သိစေတော်မူမည်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

نُمَتِّعُهُمْ قَلِيلًا ثُمَّ نَضْطَرُّهُمْ إِلَىٰ عَذَابٍ غَلِيظٍ ﴿٢٤﴾

၃၁ : ၂၄ ။ ။ ငါအသျှင်မြတ်သည် (ဤလောကတွင်) နေ့ရက် (ကာလ) အနည်းငယ်မျှပင် ၎င်းတို့အား အကျိုးခံစားခွင့် ပေးတော်မူသည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်သို့ အတင်းအကြပ် မောင်းနှင်ပို့ဆောင်တော်မူပေမည်။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ
لَيَقُولُنَّ اللَّهُ ۚ قُلِ الْحَمْدُ لِلَّهِ ۚ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ ﴿٢٥﴾

၃၁ : ၂၅ ။ ။ (အို၊ နဗီတမန်တော်) စင်စစ် အကယ်၍ အသင်သည် ၎င်းသူတို့အား 'မိုးကောင်းကင်များနှင့် ပထဝီမြေကို မည်သူ ဖန်ဆင်းခဲ့သနည်း' ဟု မေးမြန်းခဲ့ပါလျှင်၊ မုချဧကန် ၎င်းတို့က အလ္လာဟ်အသျှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်) ဟု ပြောဆိုကြမည်သာ ဖြစ်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ချီးမွမ်းထောမနာအပေါင်းတို့ကို အလ္လာဟ်အသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူ မသိကြပေ။

لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ ۚ إِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ﴿٢٦﴾

၃၁ : ၂၆ ။ ။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ရှိ ရှိသမျှသော အရာဝတ္ထုတို့ကို ပိုင်ဆိုင်တော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းဖွယ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَلَوْ أَنَّمَا فِي الْأَرْضِ مِن شَجَرَةٍ أَقْلَامٌ وَالْبَحْرُ يَمُدُّهُ مِن بَعْدِهِ
سَبْعَةُ أَبْحُرٍ مَّا نَفِدَتْ كَلِمَاتُ اللَّهِ ۗ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٢٧﴾

၃၁ : ၂၇ ။ ။ စင်စစ် အကယ်၍ ကမ္ဘာမြေ၌ ရှိကြကုန်သော သစ်ပင်အသီးသီးတို့သည် ကလောင်များဖြစ်၍၊ သမုဒ္ဒရာပင်လယ်သည် (မှင်ဖြစ်ခဲ့ပြီး ယင်းပင်လယ် ကုန်ခမ်းပြီးနောက်) နောက်ထပ် ပင်လယ်ခုနစ်စင်းသည် ယင်း (ခမ်းခြောက်ပြီးဖြစ်သော) ပင်လယ်ကို ထပ်မံ၍ ဖြည့်ခဲ့သော်ငြားလည်း၊ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များသည် (ရေး၍) ကုန်ဆုံးမည်မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

مَا خَلْقُكُمْ وَلَا بَعْثُكُمْ إِلَّا كَنَفْسٍ وَاحِدَةٍ ۗ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ ﴿٢٨﴾

၃၁ : ၂၈ ။ ။ အသင်တို့ (လူသား) အားလုံးကို ဖန်ဆင်းတော်မူခြင်းနှင့် (သေပြီးနောက် တစ်ဖန်) ရှင်ပြန်ထစေတော်မူခြင်းသည် (အသျှင်မြတ်၌) လူတစ်ယောက် (ကို ဖန်ဆင်းခြင်းနှင့် ရှင်ပြန်ထစေတော်မူခြင်း) ကဲ့သို့ပင် ဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အလုံးစုံတို့ကို) အလွန်တရာ ကြားတော်မူသော အသျှင်၊ အလွန်တရာ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

أَلَمْ تَرَ أَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ
وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي إِلَىٰ أَجَلٍ مُسَمًّى وَأَنَّ اللَّهَ
بِمَا تَعْمَلُونَ خَبِيرٌ ﴿٢٩﴾

၃၁ : ၂၉ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ညဉ့် (၏ အစိတ်အပိုင်း) ကို နေ့ (၏ အစိတ်အပိုင်း) တွင် ပါဝင်စေတော်မူသည်ကိုလည်းကောင်း၊ နေ့ (၏ အစိတ်အပိုင်း) ကို ညဉ့် (၏ အစိတ်အပိုင်း) တွင် ပါဝင်စေတော်မူသည်ကိုလည်းကောင်း၊ နေနှင့် လ တို့ကို နိုင်နင်းစေတော်မူသည်ကိုလည်းကောင်း အသင်သည် မသိမမြင်ခဲ့လေသလော။ ယင်း (နေနှင့် လ) အသီးသီးတို့သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် သွားလာလှုပ်ရှားလျက်ပင် ရှိပေမည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုမူကြသည်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

ذَٰلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِنْ دُونِهِ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ ﴿٣٠﴾

၃၁ : ၃၀ ။ ။ ဤ (ထူးခြားသော ဂုဏ်ဝိသေသများသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိနေခြင်း) သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် စစ်မှန်သော (ထာဝရ တည်ရှိနေတော်မူမည့်) အသျှင်မြတ် ဖြစ်သောကြောင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ထိုသူတို့ ဟစ်ခေါ်တမ်းတကြကုန်သော (အခြားကိုးကွယ်ရာ) အရာများသည် အမှားပင် (ဖြစ်၍၊ ပျက်စီးသွားကြမည်) သာ ဖြစ်သောကြောင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အလွန်တရာ မြင့်မြတ်လှတော်မူသော၊ လွန်စွာ ကြီးကဲတော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်ချေသည်။

أَلَمْ تَرَ أَنَّ الْفُلْكَ تَجْرِي فِي الْبَحْرِ بِنِعْمَتِ اللَّهِ لِيُرِيَكُمْ مِنْ آيَاتِهِ ۚ إِنَّ فِي
ذَٰلِكَ لَآيَاتٍ لِكُلِّ صَبَّارٍ شَكُورٍ ﴿٣١﴾

၃၁ : ၃၁ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ (တန်ခိုးတော်) ၏ သက်သေလက္ခဏာအချို့ကို အသင်တို့အား မြင်စေတော်မူရန်အလို့ငှာ၊ အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့် ပင်လယ်သမုဒ္ဒရာ၌ ရွက်သင်္ဘောများ သွားလာ

လှုပ်ရှားလျက် ရှိကြသည်ကို အသင်သည် မမြင်ခဲ့လေသလော။ ယင်း (သို့ သွားလာလှုပ်ရှားခြင်း) မှာ အသျှင်မြတ်သည် အသင်တို့အား မိမိ၏ သက်သေလက္ခဏာအချို့ကို ပြသတော်မူရန် ဖြစ်၏။ ကေန်စင်စစ် ဤသည်တို့တွင် ကျေးဇူးသိတတ်သော သည်းခံခြင်းတရား ထားရှိသူတိုင်းအဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိကြပေသည်။

وَإِذَا غَشِيَهُم مَّوْجٌ كَالظُّلَلِ
دَعَوُا اللَّهَ مُخْلِصِينَ لَهُ الدِّينَ فَلَمَّا نَجَّاهُمْ إِلَى الْبَرِّ
فَمِنْهُم مُّقْتَصِدٌ وَمَا يَجْحَدُ بِآيَاتِنَا إِلَّا كُلُّ خَتَّارٍ كَفُورٍ ﴿٣٢﴾

၃၁ ; ၃၂။ ။ စင်စစ် (သမုဒ္ဒရာပင်လယ်၌) လှိုင်းတံပိုးသည် အမိုးများပမာ (တစ်နည်း) မိုးတိမ်များပမာ (တစ်နည်း) တောင်များကဲ့သို့ ၎င်းတို့အား လွှမ်းမိုး၍ လာသောအခါ ၎င်းတို့သည် ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်၏ အပေါ်၌ စေတနာဖြူစင် ကြည်ဖြူစွာ ထားရှိလျက် အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ်တသကြကုန်၏။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ကယ်တင်၍ ကုန်းမြေသို့ ပို့ဆောင်တော်မူသောအခါ ၎င်းတို့အနက် အချို့သည် အလယ်အလတ် (လမ်းစဉ်) စနစ်ကို လိုက်နာကြ၏။ စင်စစ် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို ကျေးဇူးကန်းသော ကတိသစ္စာ ဖောက်ဖျက်သူတိုင်းသာလျှင် ငြင်းပယ်လေ့ ရှိကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် (ထိုကောင်းကင်များအတွင်း၌ ရှိသော အရာများ) ပထဝီမြေ (နှင့် ယင်းပထဝီမြေအတွင်းရှိ အရာများ) တို့ကို အသင်တို့အကျိုးငှာ အသုံးချနိုင်စေတော်မူသည်ကိုလည်းကောင်း၊ ၎င်းပြင် ထိုအသျှင်မြတ်သည် မိမိ၏ ထင်ရှားသော ကျေးဇူးတော်များနှင့် မထင်ရှားသော ကျေးဇူးတော်များကို အသင်တို့အပေါ်ဝယ် အပြည့်အစုံ ချီးမြှင့်ချပေးသနားတော်မူသည်ကိုလည်းကောင်း (ထင်ရှားသော ကျေးဇူးတော်များကို မျက်လုံး၊ နားတို့ဖြင့် သိရှိနိုင်ပေသည်။ မထင်ရှားသော ကျေးဇူးတော်များကို ဦးနှောက်အသိဉာဏ်ဖြင့် စဉ်းစားတွေးခေါ်နိုင်ပေသည်။ ထိုကျေးဇူးတော်များ၏ အလိုသဘောမှာ မိုးကောင်းကင်များနှင့် မြေပထဝီကို အသုံးချစေနိုင်ခြင်း၏ အကျိုးတရား သက်ရောက်မှုအောက်၌ ဖြစ်ပေါ်တည်ရှိလာသော အရာများအားလုံး ဖြစ်ပေသည်။) အသင်တို့သည် မြင်တွေ့သိရှိခြင်းနှင့် အထောက်အထားများမှ) မမြင်ခဲ့ကြလေသလော။ (သို့ရှိရာ ထိုအချက်တို့ကြောင့် အားလုံးသော ကြားနာသူများ အစ္စလာမ်သာသနာတော်ကို မုချ လက်ခံရန် မသက်ရောက်ပေ။)

(ထိုအထက်ဖော်ပြပါ အထောက်အထားမှ 'သောင်ဟီးဒ်' ဟူသော တစ်ပါးတည်း တည်ရှိခြင်းတရားကို အတည်ပြု၍ ရနေလင့်ကစား သို့ရာတွင်) လူတို့အနက် အချို့မှာမူ မည်သည့်အသိပညာ (အရေးကြီးသည့်ပညာ) သက်သေအထောက်အထားမျှလည်းကောင်း၊ (ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ အထောက်

အထား ရယူခြင်း၏ အသိပညာ) မည်သည့်တရားလမ်းညွှန်မှုနှင့် မည်သည့်ထွန်းလင်းသော ကျမ်းဂန်မျှ လည်းကောင်း (ဆင့်ကဲဆင့်ကဲ ဆင့်ပြန်ချက်ဆိုင်ရာ အထောက်အထားရယူခြင်း၏ အသိပညာ) မရှိပါဘဲလျက် အလ္လာဟ်အသျှင်မြတ် (တစ်ပါးတည်း တည်ရှိခြင်းဆိုင်ရာနှင့်) ပတ်သက်၍ အငြင်းအခုံ ပြုလုပ်လေ့ ရှိကြကုန်၏။

ထို့ပြင် ၎င်းတို့အား အသင်တို့သည် အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူသည်ကို လိုက်နာကြလေကုန်။ (ဆိုလိုသည်မှာ အမှန်တရားကို အတည်ပြုပေးသော အထောက်အထားများ၌ စဉ်းစားတွေးခေါ်ကာ လိုက်နာကြလေကုန်) ဟု ပြောဆိုခဲ့သောအခါ ၎င်းတို့က ထိုသို့ အလျဉ်းမဟုတ်။ (ယင်းအချက်အား လိုက်နာမည်မဟုတ်။) စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့ လိုက်နာခဲ့ကြသည်ကို တွေ့ရှိကြရသော လမ်းစဉ်ကိုသာ ကျွန်ုပ်တို့ လိုက်နာကြမည်ʼဟု ပြောဆိုဖြေကြားခဲ့ကြကုန်၏။ (ရှေ့၌ ၎င်းတို့အား ချေပ မိန့်မြွက်ထားသည်မှာ) ၎င်း (အဘ၊ ဘိုး၊ ဘေး) တို့အား ရှိုက်သွာန်သည် ငရဲဘုံ၏ ပြစ်ဒဏ်သို့ ဖိတ်ခေါ်လျက်ရှိသော်ငြားလည်း (ငရဲဘုံ၌ ပြစ်ဒဏ်ခံရရန် အကြောင်းခံဖြစ်သော လမ်းလွဲမှားခြင်း၏ဘက်သို့ ဖိတ်ခေါ်လျက်ရှိသော်ငြားလည်း ၎င်းတို့သည် ထိုအဘ၊ ဘိုး၊ ဘေးတို့၏ လမ်းစဉ်ကိုသာ. လိုက်နာကြဦးမည်လော။ အလိုသဘောမှာ ၎င်းတို့အား အထောက်အထား တည်ရှိခြင်း၏ဘက်သို့ ဖိတ်ခေါ် နေသည့်ကြားကပင် ဤမျှခန့် အတိုက်အခံပြု ဆန့်ကျင်ကြသောသူများဖြစ်ရာ အထောက်အထားမဲ့ ဖြစ်ရုံ သာမက အထောက်အထားနှင့် ဆန့်ကျင်ပြီး လမ်းလွဲမှားခြင်းသာ ဖြစ်သော ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ လမ်းစဉ်အပေါ် လျှောက်လှမ်းလျက် ရှိကြကုန်၏။ ဤအခြေအနေသည် လမ်းလွဲလမ်းမှားသော သူတို့၏ အခြေအနေပင် ဖြစ်သည်။)

စင်စစ် မည်သူမဆို (အမှန်တရား၏ နောက်သို့လိုက်၍) မိမိကိုယ်ကို အလ္လာဟ်အသျှင်မြတ်ထံတော်သို့ (ကြည်ဖြူစွာ) လုံးဝ အပ်နှင်းလွဲအပ်သည့်အပြင် (ခံယူချက်ပိုင်းဆိုင်ရာ ကဏ္ဍာ၌သော်လည်းကောင်း၊ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်ပိုင်းဆိုင်ရာ ကဏ္ဍာ၌သော်လည်းကောင်း နာခံမှုကို ရွေးချယ်ခဲ့ပေသည်။ အလိုသဘောမှာ အစ္စလာမ်သာသနာကို အပေါ်ယံဝါဒီ အသွင်မျိုးဖြင့် ရယူထားသည့် ပုံစံမျိုးလည်း မဖြစ်စေရ။) ထိုသူသည် ကောင်းမှုပြုသူလည်း ဖြစ်ပါမူ ဧကန်မလွဲ ထိုသူသည် လွန်စွာ ခိုင်မြဲသော ကြိုးကွင်းကို ဆွဲကိုင်၍ ထားရှိပြီးဖြစ်၏။ (ဆိုလိုသည်မှာ ၎င်းသည် ခိုင်မြဲသော ကြိုးကို ဖမ်းဆုပ်ထားခြင်းဖြင့် ပြုတ်ကျခြင်းမရှိဘဲ ရတတ်အေးစွာ နေရသကဲ့သို့ ဖြစ်သွားပေသည်။ ဤနည်းနှင့် ၎င်းသည် ပျက်စီးဆုံးရှုံးခြင်းမှ ကင်းလွတ်သောသူပမာလည်း ဖြစ်သွားပေသည်။) စင်စစ် အမှုကိစ္စလုံးစုံတို့၏ အဆုံးသတ်ခြင်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ပင် ဖြစ်၏။ (မှားယွင်းသော ပြုကျင့်မှုကို ပြုသည်ဖြစ်စေ၊ မှန်သော ပြုကျင့်မှုကို ပြုသည်ဖြစ်စေ။ အယင်းအချက်များအားလုံး အလ္လာဟ်အသျှင်မြတ်၏ အခစားတော်သို့ ရောက်ရှိမည် ဖြစ်ပေသည်။ သို့ရှိရာ ထိုအသျှင်မြတ်သည် လူတိုင်းအား သင့်တော်သည့် ကြောင်းကျိုးပြစ်ဒဏ်ကို ပေးပေလိမ့်မည်)

သို့ရာတွင် (အို၊ နဗီတမန်တော်) မည်သူမဆို (အမှန်တရားကို အတည်ပြုနိုင်သော အထောက်အထားများ တည်ရှိနေသည့်ကြားကပင်) သွေဖည်ငြင်းပယ်ခဲ့ပါမူ ၎င်း၏ သွေဖည်ငြင်းပယ်မှုသည် အသင့်အား

ပူဆွေးစေခြင်း မဖြစ်စေရ။ (အသင်ဝမ်းနည်းမှု မဖြစ်လေနှင့်။) ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြရပေမည်။ ထိုအခါ ငါအသျှင်မြတ်သည် ၎င်းတို့ (ကမ္ဘာလောကဌ) ကျင့်မှုပြုလုပ်ခဲ့ကြသည်များကို သိစေတော်မူမည်။ (အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် စိတ်နှလုံးသားများအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (သို့ရှိရာ အပေါ်ယံ ပြုမူဆောင်ရွက်ချက်များကို သိရှိတော်မူခြင်းသည် ထင်ရှားလှပေသည်။ သို့ရှိရာ ငါအသျှင်မြတ်၏ ထံတော်ပါး၌ ဖုံးကွယ်နေသည့် မည်သည့်အမှုကိစ္စတစ်ရပ်မျှပင် မရှိပေ။ အားလုံးကို ပြဆိုသိစေတော်မူပေလိမ့်မည်။ သင့်တော်သည့် ကြောင်းကျိုးပြစ်ဒဏ်ကိုလည်း ပေးပေလိမ့်မည်။ ထို့ကြောင့် အသင်သည် သောကဝေဖြာခြင်း မဖြစ်လေနှင့်။ ဤသူတို့သည် အကယ်၍ ရက်အချို့အဖို့သာလျှင် ဓိမ်ခံ၍ မိန်းမောလျက်ရှိနေမှု ၎င်းတို့၏ မဟာအမှားပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလောကီသက်တမ်းသည် ထာဝစဉ်မဟုတ်ပေ။ သို့သာမက) ငါအသျှင်မြတ်သည် (ဤလောကတွင်) နေ့ရက် (ကာလ) အနည်းငယ်မျှပင် ၎င်းတို့အား အကျိုးခံစားခွင့် ပေးတော်မူသည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်သို့ အတင်းအကြပ် မောင်းနှင် ပို့ဆောင်တော်မူပေမည်။ (သို့ရှိရာ ထိုသက်တမ်းအပေါ် ဂုဏ်မောက်စွာ မာန်ကြွနေခြင်းသည် အသိဉာဏ်အလိမ္မာ ကင်းမဲ့နေခြင်းသာ ဖြစ်ပေသည်။)

(ငါအသျှင်မြတ်သည် အကြင်တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်သို့ ၎င်းတို့အား ဖိတ်ခေါ်လျက် ရှိနေပေသည်။ ထိုတရား၏ ရှေ့တန်းခိုးလက္ခဏာတော်များကို ၎င်းကိုယ်တိုင်ပင် ယုံကြည်လက်ခံကြပေသည်။ သို့ရာတွင် ထိုရှေ့ပြေးလက္ခဏာများမှ မှန်ကန်သော အကျိုးဆက်တရားထိတိုင် ရောက်ရှိရန်ကို အသုံးမပြုကြချေ။ သို့ရှိရာ အို၊ နဗီတမန်တော်) စင်စစ် အကယ်၍ အသင်သည် ၎င်းသူတို့အား မိုးကောင်းကင်များနှင့် ပထဝီမြေကို မည်သူ ဖန်ဆင်းခဲ့သနည်း' ဟု မေးမြန်းခဲ့ပါလျှင် မုချဧကန် ၎င်းတို့က အလ္လာဟ်အသျှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်) ဟု ပြောဆိုကြမည်သာ ဖြစ်၏။ (ထိုဖြေကြားချက်အပေါ် အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ချီးမွမ်းထောပနာအပေါင်းတို့ကို အလ္လာဟ်အသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။ (အလွန်ခိုင်ခံ့ညားထည်ဝါလှစွာသော ရှေ့ပြေးလက္ခဏာ တန်ခိုးတော်များကို အသင်တို့ ဝန်ခံခြင်းဖြင့် အတည်ပြု၍ ရရှိပေသည်။ ထို့ပြင် ဒုတိယအမှုကိစ္စဖြစ်သော 'အကြင်အရာကိုယ်တိုင်သည် အဖန်ဆင်းခံဖြစ်နေရာ ထိုအရာသည် ခဝပ်ကိုးကွယ်ခြင်း မခံထိုက်ကြောင်း' မှာ အလွန်အင်မတန်မှ ထင်ရှားစွာသော အချက် ဖြစ်ပေသည်။ သို့ရှိရာ 'ဖြစ်ထိုက်သော လိုလားချက်' သည် အတည်ပြု၍ ရသွားပေပြီ။ သို့ရာတွင် ဤသူတို့သည် 'ဖြစ်ထိုက်ခြင်း၏ လိုလားချက်' ('မသွဲလူးဗ်' ကိုပင် မယုံကြည်ကြပေ) သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူ (ရှေ့ပြေး တန်ခိုးလက္ခဏာတော်များအားလုံးကိုလည်း) မသိကြပေ။ (သို့ရှိရာ ခဝပ်ကိုးကွယ်ခြင်းခံထိုက်ရန်သည် ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အခွင့်အရေး ဖြစ်ခြင်းဟူသော ထိတ်ထိတ်ကျဲ သက်သေတန်ခိုးလက္ခဏာတော်၏ ဘက်သို့ အာရုံသည် မရောက်ရှိကြပေ။ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါမှာ) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်များနှင့် ပထဝီမြေဝယ် ရှိရှိသမျှသော အရာဝတ္ထုကို ပိုင်ဆိုင်တော်မူ၏။ (သို့ရှိရာ စိုးမိုးအုပ်ချုပ်မှုနှင့် ပိုင်ဆိုင်မှုသည်

ဤမျှခနဲ့ အတိုင်းအတာထိတိုင် ရှိနေပေသည်။) ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် (မိမိ၏ ပင်ကိုယ်ဇာတ်တော်၌လည်း) လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင် (နှင့်) ချီးမွမ်းဖွယ် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (သို့ဆိုလျှင် ခဝပ်ကိုးကွယ်ရန်ထိုက်တန်သော အသျှင်မြတ်သည် ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်ရပေမည်။)

စင်စစ် (ထိုအသျှင်မြတ်၏ ချီးမွမ်းဖွယ်အချက်မှာ ဤမျှခနဲ့ များပြားပေသည်မှာ) စင်စစ် အကယ်၍ ကမ္ဘာမြေ၌ ရှိကြကုန်သော သစ်ပင်အသီးသီးတို့သည် ကလောင်များဖြစ်၍ (ဆိုလိုသည်မှာ လက်ရှိ ကျော်ကြားသုံးစွဲလျက်ရှိသော ဘောလ်ပင်၊ ခဲတံများ၏ အတိုင်းအတာခနဲ့ ထိုအပင်များ၏ အခက်၊ အလက်များ၏ အစိတ်အပိုင်းများကို ကလောင်တံအဖြစ် အသုံးပြုကြပေမည်။ 'ဤသို့ဆိုလျှင် သစ်ပင်တစ်ပင်ချင်းစီမှ ထောင်ပေါင်းများစွာသော ကလောင်တန်များ အသင့်ပြုလုပ်၍ ရရှိနိုင်ကြောင်း'မှာ ထင်ရှားလှပေသည်) သမုဒ္ဒရာပင်လယ်သည် (မှင်ဖြစ်ခဲ့ပြီး၊ ယင်းပင်လယ်ကုန်ခမ်းပြီးနောက်) နောက်ထပ် ပင်လယ်ခုနစ်ခုသည် ယင်း (ခမ်းခြောက်ပြီးဖြစ်သော) ပင်လယ်ကို (မှင်အဖြစ်) ထပ်မံ၍ ဖြည့်ခဲ့သော်ငြားလည်း (ထိုကလောင်တံများ၊ မင်များဖြင့် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းခန်းဖွင့်ရန် စတင်ရေးသားကြမည်ဆိုလျှင် အားလုံးသော ကလောင်တံများနှင့် မင်ရည်များ ကုန်ဆုံးသွားကာ) အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များသည် (အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော အရည်အချင်းတော်များနှင့် ချီးမွမ်းခန်းဖွင့်ဆိုရန် ရေးသားထားသော အချက်အလက် အကြောင်းအရာများသည် ရေး၍) ကုန်ဆုံးမည် မဟုတ်ပေ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်သည် စွမ်းဆောင်နိုင်တော်မူသော အရာ၌လည်း ပြီးပြည့်စုံတော်မူ၍ 'အိလ်မ်' (အသိပညာ) အရာ၌လည်း ပြီးပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ဤဂုဏ်တော် (၂) ပါးသည် အခြားသော ဂုဏ်တော်များနှင့် စွမ်းဆောင်နိုင်တော်မူသော လက်ရာတော်များနှင့် ဆက်နွယ်လျက်ရှိနေပေရာ 'အခြားသော ခြုံငုံကျယ်ဝန်းလှစွာသော လက်ရာတော်များအကြောင်း' ကို တင်ပြပြီးနောက် ဤဂုဏ်တော် (၂) ပါးကို သီးသန့်အသွင်မျိုးဖြင့် တင်ပြထားဟန်တူပေသည်။)

(ထိုပြီးပြည့်စုံစွာ စွမ်းဆောင်နိုင်တော်မူခြင်း၏ ရှုထောင့်တစ်ရပ်သည် 'နောင် 'အာခေရသ်'၌လည်း တည်ရှိနေဦးမည်။ အကြင်အချက်ကို အတွေးအခေါ် ခေါင်းပါးသော သူတို့သည် ဖြစ်လာရန် ခဲယဉ်းပေသည်'ဟူ၍ မှတ်ယူထားကြပေသည်။ ကေန်အမှန် ထိုအသျှင်မြတ်သည် ဤမျှခနဲ့ အတိုင်းအတာထိတိုင်အောင် စွမ်းဆောင်နိုင်ပေသည်မှာ) အသင်တို့ (လူသား) အားလုံးကို (ပထမအကြိမ်) ဖန်ဆင်းတော်မူခြင်းနှင့် (သေပြီးနောက်တစ်ဖန် ဒုတိယအကြိမ် ဖန်ဆင်း) ရှင်ပြန်ထစေတော်မူခြင်းသည် (အသျှင်မြတ်၌) လူတစ်ယောက် (ကို ဖန်ဆင်းခြင်းနှင့် ရှင်ပြန်ထစေတော်မူခြင်း) ကဲ့သို့ပင် ဖြစ်၏။ (ဤနေရာ၌ နေရာအထားအသိုအရ အဓိက တင်ပြရန် အချက်သည် ပြန်လည် ရှင်ပြန်ထရန်အချက်ပင် ဖြစ်နေလင့်ကစားသို့ရာတွင် အဖန်ဆင်းခံများအကြောင်းမှ အထောက်အထားကို ရယူလိုက်ခြင်းသည် သာပို၍ပင် အထောက်

အထား ခိုင်လုံသွားပေသည်။)" ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အလုံးစုံတို့ကို) အလွန်တရာ ကြားတော်မူသော အသျှင်၊ အလွန်တရာ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ရှိရာ အကြင်သူတို့သည် ကိုအထောက်အထားများ တည်ရှိနေသည့် ကြားကပင် 'ကေယာမသ်' နေ့ကို ငြင်းဆို လျက် ရှိနေကြပေသည်။ ထိုငြင်းဆိုချက်၏ အတင့်ရဲမှုအပေါ် ပြစ်မှုဒုစရိုက်ကို ပြုကျင့်လျက် ရှိကြကုန်၏။ ထိုအချက်များအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် မြင်တော်၊ ကြားတော်မူလျက် ရှိနေပေသည်။ ၎င်းတို့ အား ပြစ်ဒဏ်ကိုလည်း စီရင်တော်မူပေလိမ့်မည်။)

(ရှေ့၌တစ်ဖန် ဆက်လက်၍ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်း) ၏ အကြောင်းကို တင်ပြ ထားပြန်ပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ညဥ့် (၏အစိတ်အပိုင်း) ကို နေ့ (၏ အစိတ် အပိုင်း) တွင် ပါဝင်စေတော်မူသည်ကိုလည်းကောင်း၊ နေ့ (၏ အစိတ်အပိုင်း) ကို ညဥ့် (၏ အစိတ်အပိုင်း) တွင် ပါဝင်စေတော်မူသည်ကိုလည်းကောင်း၊ နေ နှင့် လတို့ကို နိုင်နင်းစေတော်မူသည်ကိုလည်းကောင်း အသင်သည် မသိမမြင်ခဲ့လေသလော။ ယင်း (နေ နှင့် လ) အသီးသီးတို့သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ် သော အချိန်ကာလ (ကေယာမသ်) ထိတိုင်အောင် သွားလာလှုပ်ရှားလျက်ပင် ရှိပေမည်။ ထို့ပြင် အမှန် စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုမူကြသည်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင် မြတ်ပင် ဖြစ်တော်မူခြင်း (မဟုတ်ပါ၏လော။ သို့ရှိရာ ထိုအသိတော်နှင့် ဉာဏ်တော် ပြီးပြည့်စုံတော်မူခြင်း အချက်က 'ရှုရှစ်က်'ဟူသော အချက်ကို စွန့်လွှတ်ရန် လိုလားတော်မူပေသည်။)

(အထက်၌ သီးသန့် အလ္လာဟ်အသျှင်မြတ်နှင့်သာ အထူးပြုထားတော်မူသော ပြုမူဆောင်ရွက်ချက်များ ကို တင်ပြထားပေသည်။) ဤထူးခြားသော ဂုဏ်ထူးဝိသေသများသည် အလ္လာဟ်အသျှင်မြတ်၌ ရှိနေခြင်း သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် စစ်မှန်သော (ထာဝရ တည်ရှိတော်မူမည့်) အသျှင်မြတ် ဖြစ်သောကြောင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ထိုသူတို့ ဟစ်ခေါ်တမ်းတကြကုန်သော (အခြားကိုးကွယ်ရာ) အရာများသည် အမှားပင် (ဖြစ်၍ ပျက်စီးသွားကြပေမည်။) သာ ဖြစ်သောကြောင့် လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အလွန်တရာ မြင့်မြတ်လှတော်မူသော၊ လွန်စွာ ကြီးကဲ တော်မူသောအသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်ချေသည်။ (ထို့ကြောင့် စိုးမိုးချယ်လှယ်နိုင်စွမ်း ရှိသော အရာများအားလုံးသည် အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် သီးသန့်ဖြစ်ပေသည်။ သို့သာမက အကယ်၍ အခြားသော မဖြစ်နိုင်သည့် ပျက်စီးသွားမည်ဖြစ်သော မှားယွင်းပျက်သုဉ်းသွားမည့် အရာများ (အကယ်၍ မပြောကောင်းမဆိုအပ်) ထဲမှ တစ်စုံတစ်ရာသည် 'ဝါဂျိဗုလ်ဝုဂျူးဒ်' (အစဉ်ထာဝရ ဖြစ်ပေါ် တည်ရှိနေတော်မူမည့် အသျှင်) ဖြစ်မည်ဆိုပါက တစ်ဖန် ဤချယ်လှယ်နိုင်စွမ်းရှိသော အရာများသည် အလ္လာဟ်အသျှင်မြတ်အဖို့ သီးသန့် ဖြစ်တော်မူမည် မဟုတ်တော့ပေ။)

(သို့ရှိရာ ထင်ရှားစွာရှိနေသော အချက်မှာ) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ (၏ 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း၏ တန်ခိုးတော်) ၏ သက်သေလက္ခဏာ (အထောက်အထား)

အချို့ကို အသင်တို့အား မြင်တော်မူရန်အလို့ငှာ အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့် ပင်လယ်သမုဒ္ဒရာ၌ ရွက်သင်္ဘောများ သွားလာလှုပ်ရှားလျက် ရှိကြသည်ကို အသင်သည် မမြင်ခဲ့လေသလော။ ယင်း (သို့ သွားလာလှုပ်ရှားခြင်း) မှာ အသျှင်မြတ်သည် အသင်တို့အား မိမိ၏ သက်သေလက္ခဏာ (တန်ခိုးတော်) အချို့ကို ပြသတော်မူရန် ဖြစ်၏။ (သို့ရှိရာ ဖြစ်နိုင်ချေရှိသော အရာတိုင်း၏ တည်ရှိမှုသည် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တည်ရှိခြင်း၏ အထောက်အထား ဖြစ်သည်။ မည်သို့သော ပုံစံမျိုးဖြင့် ဆိုသော်) ဧကန်စင်စစ် ဤ (တန်ခိုးတော်အသျှင်မြတ်၏ သက်သေလက္ခဏာ) တို့တွင် ကျေးဇူးသိတတ်သော သည်းခံခြင်းတရား ထားရှိသူတိုင်းအဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိကြပေသည်။ (အလိုသဘောမှာ မုအ်မင်န်) ဖြစ်ပေသည်။ ကျေးဇူးတရား သိတတ်ခြင်းနှင့် သည်းခံမှုထားရှိခြင်းသည် ၎င်း၏ ပြည့်ဝသော ဂုဏ်အင်ပင် ဖြစ်ပေသည်။ ကျေးဇူးတရား သိတတ်ခြင်းနှင့် သည်းခံမှု ထားရှိခြင်းသည် သိနားလည်သူကို ဆော်ဩမှုပြုပေးသော လှုပ်ရှားစေသည့် အရာပင် ဖြစ်ပေသည်။ အထောက်အထား ရယူရန်အတွက် စဉ်းစားတွေးခေါ်ခြင်းသည် အရေးကြီးသော အချက်ဖြစ်ပေသည်။ ထို့ကြောင့် ဤအရည်အချင်း နှစ်ရပ်ကို တင်ပြရန် ဤနေရာ၌ သင့်တော်လှပေသည်။

အထူးသဖြင့် လှေ၊ သင်္ဘော၏ အခြေအနေကို ထောက်ရှု၍ လှိုင်းတံပိုးများ ထကြွခြင်းသည် သည်းခံမှုတရား ထားရခြင်း၏ အခြေအနေပင် ဖြစ်သည်။ ငြိမ်းချမ်းစွာဖြင့် ကမ်းခြေသို့ ရောက်ရှိသွားသည် ကျေးဇူးတင်ရှိရမည့် အချိန်ဖြစ်ပေသည်။ သို့ရှိရာ အကြင်သူတို့သည် ထိုဖြစ်အင်များအားလုံးအတွင်း၌ စဉ်းစားတွေးခေါ်မှုကို ပြုမည်ဆိုလျှင် ၎င်းတို့အဖို့ ထိုအရည်အချင်းများရရန် အခွင့်အရေး ရှိပေမည်။)

စင်စစ် (အထက်ပါအာယသ်တော်အတွင်း၌ မိန့်ဆိုထားသကဲ့သို့) ရှေ့ပြေးတန်ခိုး လက္ခဏာတော်များအား ကာဖိရ်များ၏ဘက်မှ ဝန်ခံထားကြောင်း အတည်ပြုထားပေသည်။ အချို့သော အချိန်အခါမျိုး၌ အထောက်အထား၏ အချုပ်သဘောတရားဖြစ်သော 'သောင်ဟီးဒ်'ဟူသော တစ်ပါးတည်း တည်ရှိခြင်း တရားကိုလည်း ဝန်ခံထားကြပေသည်။ အကြင်ကဲ့သို့ဖြင့် တစ်ပါးတည်း တည်ရှိခြင်းတရားသည် ကောင်းစွာ ရှင်းလင်းသွားပေသည်။ သို့ရှိရာ သမုဒ္ဒရာပင်လယ်၌) လှိုင်းတံပိုးများသည် အမိုးများပမာ (မိုးတိမ်များ၊ တောင်များ) ကဲ့သို့ ၎င်းတို့အား လွှမ်းမိုး၍ လာသောအခါ (ဝိုင်းရံလာသောအခါ) ၎င်းတို့သည် ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်အပေါ်၌ စေတနာဖြူစင်စွာ ထားရှိလျက် အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ်တသကြကုန်၏။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ကယ်တင်၍ ကုန်းမြေသို့ ပို့ဆောင်တော်မူသော အခါ ၎င်းတို့အနက် အချို့သည် အလယ်အလတ် (လမ်းစဉ်) စနစ်ကို လိုက်နာကြကုန်၏။ (ကောက်ကျေးသော 'ရှရစ်က်'လမ်းစဉ်ကို စွန့်လွှတ်၍ တရားမျှတမှုနှင့် အတိုပြီးသော 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်း တရားဘက်သို့ ရွေးချယ်လျှောက်လှမ်းကြကုန်၏။ အချို့သော သူတို့သည် တစ်ဖန် ငါအသျှင်မြတ်၏ သက်သေ တန်ခိုးလက္ခဏာတော်များကို ငြင်းဆိုကြပြန်လေသည်။) စင်စစ် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ တော်များကို ကျေးဇူးကန်းသော ကတိသစ္စာ ဖောက်ဖျက်သူတိုင်းသာလျှင် ငြင်းပယ်လေ့ ရှိကြပေသည်။

(လေ၊ သင်္ဘောအတွင်း၌ တစ်ပါးတည်း တည်ရှိခြင်းတရားကို လက်ခံပါမည်ဟု ပေးထားသော ပဋိညာဉ်ကို ချိုးဖောက်ကြပြန်၏။ ကုန်းမြေသို့ ရောက်ရှိလာသောအခါ ပြုသင့်ပြုထိုက်သော အချက် မှာ ကျေးဇူးတရား သိရှိရန် ဖြစ်သည်။ ထိုအချက်ကို စွန့်လွှတ်လိုက်ကြပြန်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်တော်၏ အစ၌ ကာဖိရ်များနှင့် မုရှ်ရစ်က်တို့အား 'အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော် လွှမ်းခြုံထားတော်မူလျက် ရှိနေခြင်းနှင့် အရာရာကို စွမ်းဆောင်နိုင်တော်မူသော တန်ခိုးတော်၏ မြင်ကွင်းများကို မြင်တွေ့နေရသည့် ကြားကပင် ဤသူတို့သည် မိမိတို့၏ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုခြင်း) နှင့် 'ရှရစ်က်' (တုဖက်နိုင်းယှဉ်ခြင်း) အပေါ်၌ ဇွတ်တရွတ် မြဲမြံစွာရှိနေခြင်း' အပေါ် သတိပေးကာ၊ တစ်ဖန် ၎င်းတို့နှင့် ဆန့်ကျင်၍ အမိန့်နာခံသော မုအ်မင်န်များအား ချီးမွမ်းမှုပြုထားခြင်းနှင့် ၎င်းတို့၏ ဇာတ်သိမ်းကောင်းခြင်းအကြောင်းကို တင်ပြထားပေသည်။ ကြား၌ ဟဇရသ်လွတ်က်မားန် عليه السلام သခင်ကြီး၏ မှာတမ်းဆုံးမစကားများသည် ရှုထောင့်တစ်ရပ်မှ ကြည့်ရှုမည်ဆိုလျှင် ထိုအထက်တင်ပြပါ စာစဉ် အကြောင်းအရာကို ပြီးပြည့်စုံတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) နှင့် တန်ခိုးတော်တို့သည် လွှမ်းခြုံလျက် ရှိနေတော်မူခြင်းနှင့် အဖန်ဆင်းခံများအပေါ် ထိုအသျှင်မြတ်၏ ကျေးဇူးတရားနှင့် အသနားတော်တို့ကို ထားရှိခြင်းအကြောင်းကို တင်ပြပါ တစ်ဖန် 'သောင်ဟီးဒ်' ဟူသော တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်သို့ ဖိတ်ခေါ်ထားပြန်ပေသည်။

سَخَّرَ لَكُم مَّا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ

(မိုးကောင်းကင်များနှင့် မြေပြင်ထပ်ဝီ၌ ရှိသည်တို့ကို အသင်တို့အကျိုးငှာ အသုံးချနိုင်စေတော်မူသည်ကိုလည်းကောင်း) *[၃၁ : ၂၀]*

တွင် 'မုစခ်ခရ်' (အသုံးချစေတော်မူခြင်း) ၏ ထင်ရှားကျော်ကြားသော အဓိပ္ပာယ်မှာ 'အရာတစ်ခုကို တစ်ဦးတစ်ယောက်က အမိန့်အာဏာစက်အတွင်းဝယ် သက်ရောက်စေခြင်း' ပင် ဖြစ်သည်။ ဤနေရာ၌ ယင်းအချက်အပေါ် 'ပထမအချက်သည်မှု မြေပြင်ထပ်ဝီ၌ရှိသော အရာများအားလုံးသည်လည်း လူသားတို့၏ အမိန့်အာဏာကို နောက်လိုက်အဖြစ် နာခံသည်ဟူ၍ မရှိ။ သို့သာမက များစွာသော အရာများသည် ၎င်းလူသားတို့၏ ဗီဇနှင့် ဆန့်ကျင်စွာ ပြုမူဆောင်ရွက်လျက် ရှိနေပေသည်။ အထူးသဖြင့် မိုးကောင်းကင်၌ ရှိသော အရာများသည် လူသားတို့၏ အမိန့်အာဏာစက်အတွင်းဝယ် ရောက်ရှိနေခြင်းသည် ဖြစ်နိုင်ချေ တစ်စုံတစ်ရာမျှပင် မရှိပေ' ဟူသော မေးခွန်းမျိုး ပေါ်ပေါက်လာပေသည်။

စင်စစ် 'သစ်ခီးရ်' (အကျိုးပြုစေခြင်း) ၏ အဓိပ္ပာယ်မှာ 'အရာတစ်ခုကို အတင်းအဓမ္မ သီးသန့် အလုပ်တစ်ခုအတွင်း၌ နစ်မွန်းသက်ရောက်စေခြင်းနှင့် ၄င်းအပေါ် အကြပ်ကိုင်ကာ၊ အနိုင်အထက်ပြုခြင်း' ပင် ဖြစ်သည်။ မိုးကောင်းကင်နှင့် မြေပထဝီ၌ ရှိသော အဖန်ဆင်းခံ အရာများကို လူသားတို့အဖို့ အကျိုးပြုစေခြင်း၊ အဓမ္မစေခိုင်းခြင်း၏ အလိုသဘောမှာ ထိုအဖန်ဆင်းခံများအားလုံးကို လူသားတို့အား အလုပ်အကျွေးပြုစုခြင်းနှင့် အကျိုးသက်ရောက်စေခြင်းပင် ဖြစ်သည်။ ထိုထဲ၌ များစွာသော အရာများကိုမူ 'လူသားတို့၏ အမိန့်နာခံသော အရာများအဖြစ် ပြုပေးထားပေသည်။ ၄င်းတို့သည် ထိုအရာများအား နှစ်သက်သည့် အချိန် စိတ်ကြိုက်အသုံးပြုပိုင်ခွင့် ပေးထားပေသည်' ဟူသော အသွင်မျိုးဖြင့် အလုပ်အကျွေးပြုခိုင်းထားပေသည်။ ထို့ပြင် များစွာသော အရာများကို လူသားတို့၏ လုပ်ငန်းရပ်အတွင်း၌ သတ်မှတ်ပေးထားကာ လူသားတို့အား အလုပ်အကျွေးပြုစုရာ၌ နစ်မွန်းတည်ရှိနေပြီး သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဆင်ခြင်တုံတရား၊ အမြော်အမြင်၏ လိုလားတော်မူသော အချက်အရ လူသားတို့၏ နောက်လိုက်၊ အန္တိတာခံဘဝ အဖြစ် မထားရှိထားပေ။ ပမာဆိုရသော် မိုးကောင်းကင်အဖန်ဆင်းခံများ၊ ကြယ်တာရာများ၊ လျှပ်စီးမိုးကြိုးများနှင့် မိုးရွာသွန်းခြင်း အစရှိသည်တို့ဖြစ်သည်။ အကြောင်းမှာ ထိုအရာများကို လူသားတို့၏ အမိန့်အား နာခံသော အရာများအဖြစ် ပြုထားပါမူ လူသားတို့၏ ဗီဇသဘောတရားများနှင့် အခြေအနေများ ကွဲပြားမှုသည် ထိုအရာများအပေါ် စူးရှသက်ရောက်သွားပေမည်။ လူတစ်ဦးသည် လျင်မြန်စွာ နေထွက်ပေါ်လာရန် လိုလားနေကာ အခြားတစ်ဦးသည် နှောင့်ဆိုင်း၍ ထွက်လာခြင်းကို လိုအပ်ချက်အဖြစ်အနေနှင့် မှတ်ထားပေသည်။ လူတစ်ဦးသည် မိုးရွာသွန်းစေရန် လိုလားနေပြီး အခြားတစ်ဦးသည် ကန္တာရလွင်ပြင်အတွင်း ခရီးနှင်နေသည့် အတွက်ကြောင့် မိုးရွာရန်ကို မလိုလားပေ။ သို့ဆိုလျှင် ဤသို့ ဆန့်ကျင်ဘက်လိုလားချက်များသည် အာကာသ ကောင်းကင်လောက၏ လည်ပတ်မှုအချက်အတွင်းဝယ် ဆန့်ကျင်ဘက်နှင့် အနှောင့်အယှက်ကို ဖြစ်စေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများအားလုံးကို လူသားတို့အား အလုပ်အကျွေးပြုစုခြင်း၏ ကဏ္ဍရပ်အတွင်း၌ ထားရှိစေကာ သို့ရာတွင် နာခံရန် အမိန့်ကို မပေးထားပေ။ ဤသည်လည်း အကျိုးပြုစေခြင်း၏ အမျိုးအစားတစ်ရပ်ပင် ဖြစ်ပေသည်။ (အလ္လဟ်အသျှင်မြတ်သာလျှင် အသိရှိတော်မူဆုံး ဖြစ်တော်မူပေသည်။)

وَاسْبَغَ عَلَيْكُمْ نِعَمَهٗ ظَاهِرَةً وَّبَاطِنَةً

၄င်းပြင် ထိုအသျှင်မြတ်သည် မိမိ၏ ထင်ရှားသော ကျေးဇူးတော်များနှင့် မထင်ရှားသော ကျေးဇူးတော်များကို အသင်တို့အပေါ်ဝယ် အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူသည်ကိုလည်းကောင်း။/ [၃၁ : ၂၀]

အထက်ပါအာယသ်တော်၌ اسباغ 'အိစ်ဗာဂ်' ၏ အဓိပ္ပာယ်မှာ ပြီးပြည့်စုံတော်မူခြင်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ် ထင်ရှားသော ကျေးဇူးတော်များကိုသော်လည်းကောင်း၊ မထင်ရှားသော ကျေးဇူးတော်များကိုလည်းကောင်း၊ ထင်ရှားသော ကျေးဇူးတော်များ၏ အလိုသဘော

မှာ အာရုံငါးပါးဖြင့် ခံစားသိမြင်နိုင်သော ကျေးဇူးတော်များပင် ဖြစ်ပေသည်။ ဥပမာ- ရုပ်ဆင်းရူပကာ ချောမောလှပခြင်း၊ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စွာ တည်ရှိခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ယင်း လူသား အလုပ်ပြုလုပ်ချိန်၌ အများဆုံး အကူအညီ သက်ရောက်စေသော အသွင်မျိုးဖြင့် ပြေပြစ်ကျစ်လစ် အချိုးအစားကျနစွာ ဖန်ဆင်းထားခြင်းနှင့် ၎င်း၏ ရုပ်ဆင်းသဏ္ဍာန်ကို (ယင်းအချိုးအစားကျနစွာ တည်ဆောက်ပေးထားခြင်းဖြင့်) ရုပ်ပျက်၊ ဆင်းပျက် အသွင်သဏ္ဍာန်ကို မဖြစ်ပေါ်စေခြင်း၊ ဤနည်းနှင်နှင် 'ရိဇ်ဇ'ရိက္ခာ၊ ပစ္စည်းဥစ္စာ၊ ဓနအင်အား၊ ဝမ်းစာရှာဖွေရေး၏ အရင်းပစ္စည်းများ၊ ကျန်းမာရေးကောင်းမွန်ခြင်း နှင့် သက်တောင့်သက်သာရှိခြင်း စသော အရာများအားလုံးသည် အပေါ်ယံကျေးဇူးတော်များနှင့် ခံစားသိမြင် နိုင်သော ကျေးဇူးတော်များပင် ဖြစ်ပေသည်။ ထိုသို့နည်းတူ အစ္စလာမ်သာသနာကို လွယ်ကူမှုဖြစ်စေထားခြင်း၊ အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံနိုင်ခြင်း၏ စွမ်းအားကို ချီးမြှင့်ပေးထား ခြင်း၊ အစ္စလာမ်သာသနာသည် အခြားသော သာသနာများအပေါ် လွှမ်းမိုးအောင်နိုင်မှု ရှိရှိနေခြင်း၊ ရန်သူများ နှင့် ယှဉ်ပြိုင်ရာ၌ မွတ်စ္စလင်မ်တို့အား အကူအညီကို ပေးခြင်းတို့သည်လည်း ထိုအထက်တင်ပြပါ အပေါ်ယံ ကျေးဇူးတော်များအတွင်း၌ ပါဝင်ပေသည်။ လူသားတို့ အတွင်းပိုင်း နှလုံးသားပိုင်းနှင့် စပ်လျဉ်းသော အချက်များသည် အတွင်းပိုင်းဆိုင်ရာ မထင်ရှားသော ကျေးဇူးတော်များပင် ဖြစ်ပေသည်။ ဥပမာ- အီမာန် ယုံကြည်ခြင်း၊ အလ္လာဟ်အသျှင်မြတ်အား သိရှိခြင်း၊ 'အီလ်မ်' (အသိပညာ) နှင့် ဦးနှောက်ဉာဏ်၊ မွန်ရည် သော စာရိတ္တ ပြစ်မှုဒုစရိုက်များအား ဖုံးကွယ်စွာဖြင့် ထားရှိပေးခြင်းနှင့် ပြစ်မှုဒုစရိုက်များအပေါ် ချက်ချင်း ပြစ်ဒဏ်မခံရခြင်း အစရှိသည်တို့ ဖြစ်ပေသည်။

وَلَوْ اَنَّ مَا فِى الْاَرْضِ مِنْ شَجَرَةٍ اَقْلَامٌ

စင်စစ် အကယ်၍ ကမ္ဘာမြေပြင်၌ ရှိကြကုန်သော သစ်ပင်အသီးသီးတို့သည် ကလောင်များဖြစ်၍။ [၃၁ : ၂၇]

ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသိပညာတော်များ၊ မိမိတန်ခိုး တော်နှင့် စွမ်းဆောင်နိုင်သည့် အချက်များအပေါ် ဥပမာတစ်ခုဖြင့် တင်ပြထားသည်။ ၎င်းမှ အဆုံးမဲ့ ကျယ်ဝန်းသည့်အတွက် မည်သည့်လူသားကမှ မိမိနှုတ်လျှာနှင့်မျှမဆို မည်မျှသော ကလောင်တံများကို ရေးသားခြင်း၏ ကိရိယာများအဖြစ် ပြုလုပ်ကာ ရေးသားပါစေ။ အကုန် ရေးသားနိုင်မည် မဟုတ်ကြောင်း ကို တင်ပြထားသည်။ ဥပမာကို ဤသို့ ပုံဖော်ပြထား၏။ မြေပထဝီပေါ်ရှိ သစ်ပင်အားလုံးရှိ အကိုင်းအလက်များကို ကလောင်တံအဖြစ် ပြုလုပ်၍ ပင်လယ်၊ သမုဒ္ဒရာရှိ ရေများကို မှင်အဖြစ် အသုံးပြုပေမည်။ ဤအားလုံးသော ကလောင်တံများဖြင့် အလ္လာဟ်အသျှင်မြတ်၏ အသိပညာကြွယ်ဝမှု များနှင့် တန်ခိုးတော်ဖြင့် စွမ်းဆောင်နိုင်သည့် အချက်များအားလုံးကို ရေးသားရန် အစပြုမည်ဆိုပါက မှင်အဖြစ် အသုံးပြုထားသော သမုဒ္ဒရာရေများသည် ကုန်ဆုံးသွားမည်ဖြစ်ကာ ထိုအသိတော်များနှင့်

စွမ်းဆောင်နိုင်သည့် အချက်များသည် ကုန်ဆုံးသွားမည် မဟုတ်ပေ။ ပင်လယ်သမုဒ္ဒရာတစ်ခုကို မဆိုထားဘိဦး။ ထိုကဲ့သို့သော သမုဒ္ဒရာ (၇) စင်း ထပ်မံ၍ အားဖြည့်ပေးမည်ဆိုပါကလည်း ထိုပင်လယ်သမုဒ္ဒရာများ၏ မှင် (ရေ) များအားလုံး ကုန်ဆုံးသွားမည်ဖြစ်ကာ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းခန်းဖွင့်ခြင်း၏ စကားလုံးများသည် ကုန်ဆုံးမည်မဟုတ်ပေ။ كلمات الله အလ္လာဟ်အသျှင်မြတ်၏ စကားလုံးတော်များ၏ အလိုသဘောသည် ထိုအသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) နှင့် အမြော်အမြင်တော်များပင် ဖြစ်ပေသည်။ *[ရူးဟ်၊ မဇ္ဇဟရီး]*

စွမ်းဆောင်နိုင်ခြင်း တန်ခိုးတော်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်များနှင့် ထိုအသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော ကျေးဇူးတော်များလည်း ပါဝင်ပေသည်။

သမုဒ္ဒရာ (၇) စင်းဟူ၍ မိန့်တော်မူထားခြင်း၏ အလိုသဘောမှာ 'နေရာတစ်နေရာ၌ သမုဒ္ဒရာ (၇) စင်း တည်ရှိနေခြင်း' ဟူ၍ မဟုတ်ဘဲ၊ သမုဒ္ဒရာတစ်စင်းနှင့်အတူ ဥပမာအဖြစ် နောက်ထပ် အခြားသော သမုဒ္ဒရာ (၇) စင်း ပေါင်းစပ်ပေးလိုက်ရာ ထိုပေါင်းစပ်ထားပြီးဖြစ်သော သမုဒ္ဒရာမှင်ရေများအားလုံးဖြင့် အလ္လာဟ်အသျှင်မြတ်၏ စကားလုံးတော်များကို ရေးသားမည်ဆိုပါက ရေးသားမှု၏ ဘောင်အတွင်းသို့ သက်ရောက်နိုင်မည်မဟုတ်ပေ။ (၇) ၏ အရေအတွက်သည်လည်း ဥပမာသဘောမျိုးဖြင့် တင်ပြထားခြင်းဖြစ်ပေသည်။ အရေအတွက် (၇) စင်းဟူ၍ ရည်ရွယ်ချက်သဘောမျိုးမဟုတ်ပေ။ အထောက်အထားမှာ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ မိန့်တော်မူထားသည်မှာ-

قُلْ لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمَاتِ رَبِّيْ لَنَفِدَ الْبَحْرُ قَبْلَ اَنْ تَنْفَدَ
كَلِمَاتُ رَبِّيْ وَلَوْ جِئْنَا بِمِثْلِهٖ مَدَدًا

အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ဤသို့ ပြောကြားပါလေ။ အချင်းတို့၊ အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များကို ရေးသားရန်အလို့ငှာ ပင်လယ်သမုဒ္ဒရာအားလုံးတို့သည်ပင် မှင်ရည်များ ဖြစ်ခဲ့အံ့သော်ငြားလည်း ၎င်းပြင် အကယ်၍ ငါတို့သည် ယင်းပင်လယ်များကဲ့သို့ အခြားပင်လယ်များကိုပင် အကူအညီအဖြစ် ထပ်မံ၍ ယူလာခဲ့အံ့သော်ငြားလည်း ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အာယသ်တော်များသည် ရေးသားကုန်ဆုံးခြင်းမရှိဘဲ ထိုသို့သော ပင်လယ်သမုဒ္ဒရာများသည်သာလျှင် ကုန်ခမ်းသွားပေလိမ့်မည်။ *[၁၈ : ၁၀၉]*

ဆိုလိုသည်မှာ အကယ်၍ သမုဒ္ဒရာကို အလ္လာဟ်အသျှင်မြတ်၏ စကားလုံးတော်များအား ရေးသားရန်အတွက် မှင်အဖြစ် ပြုလုပ်မည်ဆိုပါက သမုဒ္ဒရာ၏ ပင်လယ်ရေသည် ခမ်းခြောက်သွားပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းခန်းဖွင့်ခြင်း၏ စကားလုံးတော်များသည် ကုန်ဆုံးသွားမည် မဟုတ်ပေ။ ဤသမုဒ္ဒရာတစ်စင်းတည်း မဆိုထားဘိဦး။ ထိုပင်လယ်မျိုးကဲ့သို့ အခြားသော ပင်လယ်တစ်စင်းကို ထပ်မံ၍ ရောနှောပေးလိုက်မည်ဆိုပါကလည်း ဤအထက်ဖော်ပြပါ ပုံစံအတိုင်းသာ ဖြစ်ရှိပေလိမ့်မည်။

ဤအာယသတော်အတွင်း၌ بِمِثْلِهِ (အကူအညီအဖြစ် ထပ်မံ၍ ယူလာအံ့သော်ငြားလည်း) ဟူသော စကားလုံးကို မိန့်မြွက်ကာ ရည်ညွှန်း၍ နေသည်မှာ ‘ဤသို့ ထပ်မံယူဆောင်လာခြင်း၏ ကွင်းဆက်ဇယားကို ရှည်လျားစွာ ပြ၍နေပေမည်။ ဤသမုဒ္ဒရာကဲ့သို့ အခြားသော သမုဒ္ဒရာတစ်စင်း၊ တစ်ဖန် ထိုဒုတိယပင်လယ်ကဲ့သို့ တတိယသမုဒ္ဒရာတစ်စင်း၊ တစ်ဖန် တတိယပင်လယ်ကဲ့သို့ စတုတ္ထသမုဒ္ဒရာတစ်စင်း၊ အချုပ်သဘောတရားမှာ ပင်လယ်သမုဒ္ဒရာများ၏ အရေအတွက်ကို မည်မျှခန့် အတိုင်းအတာကိုပင် ရေတွက်၍ပင် နေကာမူ ထိုပင်လယ်များ၏ မှင်ရေများသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းခန်းဖွင့်ရန် ရေးသားရမည့် စကားလုံးတော်များကို ရေးသားမည်ဆိုပါကလည်း ရေးသားရန် အတိုင်းအတာဘောင်အတွင်းသို့ ခြုံငုံလုံစွာသော သဘောမျိုးဖြင့် ရေးသားနိုင်မည်မဟုတ်ပေ။ စဉ်းစားတွေးခေါ်မှု ဦးနှောက်အသိဉာဏ်အရ ဖြစ်နိုင်ခြင်း အချက်မှာ ထင်ရှားပေသည်။ ပင်လယ်သမုဒ္ဒရာ (၇) စင်းကို မဆိုထားဘိဦး၊ အစင်း (၇၀၀၀) သည်ပင် အတိုင်းအတာရှိကာ အလ္လာဟ်အသျှင်မြတ်၏ စကားလုံးတော်များသည် (ဝါ) အသိပညာတော်များနှင့် စွမ်းဆောင်နိုင်ခြင်း၏ တန်ခိုးတော်များသည် အတိုင်းအတာမဲ့ ဖြစ်သည့်အတွက်ကြောင့် အတိုင်းအတာရှိသော အရာသည် အတိုင်းအတာမဲ့ အရာအား မည်ကဲ့သို့ ဝိုင်းရံခြုံအုပ်နိုင်စွမ်း ရှိပေမည်နည်း။

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ရှိလာသည်မှာ ဤအာယသ်တော်သည် ယဟူဒီဘုန်းတော်ကြီးများ၏ မေးခွန်းတစ်ရပ်၏ အဖြေနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ပေသည်။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် တစ်အာယသ်အတွင်း၌

وَمَآ اُوْتِيْتُمْ مِنَ الْعِلْمِ اِلَّا قَلِيْلًا

စင်စစ် အသင်တို့သည် အနည်းငယ်မျှသော အသိပညာကိုသာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရကုန်သည်။ [၁၇ ፡ ၈၅]

တမန်တော်မြတ် ﷺ မဒီနာရွှေမြို့တော်သို့ ကြွမြန်းလာသောအခါဝယ် အချို့သော ယဟူဒီဘုန်းတော်ကြီးများသည် အခစားတော်သို့ ဝင်ရောက်ကာ အထက်ဖော်ပြပါအာယသ်တော်နှင့် စပ်လျဉ်း၍ ‘အသင်သည် ‘စင်စစ် အသင်တို့သည် အနည်းငယ်မျှသော အသိပညာကိုသာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရကုန်သည်’ဟူ၍ ပြောဆိုရာ၌ ဤသည် ပြောဆိုခြင်းသည် အသင်၏ မျိုးနွယ်အုပ်စု၏ အကြောင်းကိုသာ ပြောကြားနေပါ၏လော။ သို့မဟုတ် ထိုအမိန့်ထဲတွင် ကျွန်ုပ်တို့ပါ ပါဝင်ပါ၏လော’ဟူ၍ စောဒကတက်ကာ မေးမြန်းကြပေသည်။ တမန်တော်မြတ် ﷺ က ‘ကျွန်ုပ် ပြောဆိုခြင်း၏ ရည်ရွယ်ချက်အတွင်း၌ အားလုံးပါဝင်ပေသည်။’ (ဆိုလိုသည်မှာ ထိုအမိန့်အတွင်း၌ ကျွန်ုပ်၏ မျိုးနွယ်အုပ်စုလည်း ပါဝင်သလို ယဟူဒီနှင့် နစ္စရာနီတို့အားလုံးလည်း ပါဝင်ပေသည်) ဟူ၍ ဖြေကြားမိန့်မြွက်ရာ ၄င်းတို့က ‘ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်သည် ‘သောင်ရားသ်’ကျမ်းကို ချီးမြှင့်ပေးသနားတော်မူပေသည်။ အကြင်ကျမ်း၏ ဂုဏ်ရှိန်၊ ဂုဏ်တော်မှာ تِبْيَانًا لِّكُلِّ شَيْءٍ (ခပ်သိမ်းသော အရာတို့၏ ရှင်းလင်းချက်) ဟူ၍ စောဒကတက်ပြန်

လေသည်။ တမန်တော်မြတ် ﷺ က 'ထို 'သောင်ရားသ်'ကျမ်းအတွင်းရှိ အသိပညာသည်လည်း အလ္လာဟ် အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) ၏ ရှေ့၌ နည်းပါးလှပေသည်။ တစ်ဖန် 'သောင်ရားသ်'ကျမ်း အတွင်း၌ ရှိသမျှသော 'အိလ်မ်' (အသိပညာ) ကို အသင်တို့သည် ပြည့်ဝစွာ မသိရှိကြဘဲ လိုအပ်သည့် အတိုင်းအတာခန့်မျှသာ သိရှိကြပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) နှင့် နှိုင်းယှဉ်လျှင် မိုးကောင်းကင်ကျ ကျမ်းဂန်များအားလုံးနှင့် နဗီတမန်တော်များအားလုံးတို့၏ စုစုပေါင်း 'အိလ်မ်' (အသိပညာ) တော်များသည်လည်း နည်းပါးလျက် ရှိနေမည်သာ ဖြစ်ပေသည်'ဟူ၍ ပြန်လည် ဖြေကြား မိန့်မြွက်လိုက်ပေသည်။ ထိုဖြေကြားချက်အား အထောက်အကူပြု အားဖြည့်ပေးရန်အတွက် ဤအောက်ဖော်ပြပါ အာယသ်တော်မြတ် ကျရောက်လာပေသည်။

وَلَوْ اَنَّ مَا فِى الْاَرْضِ مِنْ شَجَرَةٍ اَقْلَامٌ [၃၁ : ၂၇]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ وَاخْشَوْا يَوْمًا لَّا يَجْزِيْ وَالِدٌ
عَنْ وَّلَدِهٖ ۖ وَلَا مَوْلُوْدٌ هُوَ جَازٍ عَنْ وَّالِدِهٖ شَيْـًٔا ۗ اِنَّ وَعْدَ
اللّٰهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيٰوةُ الدُّنْيَا ۗ وَلَا يَغُرَّنَّكُمْ بِاللّٰهِ الْغَرُوْرُ ﴿٣٣﴾

၃၁ : ၃၃ ။ ။ အို, လူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် မည်သည့်ဖခင်တစ်ဦးတစ်ယောက်မျှပင်၊ မိမိ၏ သားအဖို့ အသုံးမဝင်သည့် အပြင်၊ မည်သည့်သား တစ်ဦးတစ်ယောက်မျှသည်လည်း မိမိ၏ ဖခင်အဖို့ လုံးဝ အသုံးဝင်မည်မဟုတ်သော နေ့ကို စိုးရိမ်ကြ လေကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မှန်ကန်သော ကတိတော်ပင် (ဖြစ်၏။) သို့ဖြစ်ပေရာ ဤလောကီဘဝ၌ အသက်ထင်ရှား (နေထိုင်) မှုသည် အသင်တို့အား ဖြားယောင်းခြင်း မပြုစေရ။ ထိုနည်းတူစွာ ထိုဖြားယောင်း လှည့်စားသူ (ရှိုက်သွာန်) သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အသင်တို့အား လှည့်စားဖြားယောင်းခြင်း မပြုစေရ။

اِنَّ اللّٰهَ عِنْدَهٗ عِلْمُ السَّاعَةِ ۚ وَيُنَزِّلُ الْغَيْثَ ۚ وَ
يَعْلَمُ مَا فِى الْاَرْحَامِ ۗ وَمَا تَدْرِيْ نَفْسٌ مَّاذَا تَكْسِبُ غَدًا ۗ
وَمَا تَدْرِيْ نَفْسٌ ۢبِاَيِّ اَرْضٍ تَمُوْتُ ۗ اِنَّ اللّٰهَ عَلِيْمٌ خَبِيْرٌ ﴿٣٤﴾

၃၁ : ၃၄ ။ ။ ဧကန်မလွဲ 'ကေယာမသ်'ရှင်ပြန်ထရမည့်အချိန်ကို သိမြင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေ သည်။ ၎င်းပြင် ထိုအသျှင်မြတ်သာလျှင် မိုးရေကို ရွာသွန်းစေတော်မူ၏။ ထို့ပြင် (မိခင်တို့၏) သားအိမ်များ၌ မည်သည့်

အရာရှိသည်ကိုလည်း ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူ၏။ စင်စစ် မည်သူတစ်ဦးတစ်ယောက်မျှပင် မိမိသည် 'နက်ဖြန် မည်သည့်အမှုကိစ္စ ပြုလုပ်ဆောင်ရွက်မည်ကို မသိနိုင်ပေ။' ထိုနည်းတူစွာ မည်သူတစ်ဦးတစ်ယောက်မျှပင် မိမိသည် 'မည်သည့် မြေ (အရပ်ဒေသ) ၌ သေဆုံးမည်' ဖြစ်ကြောင်းကိုလည်း မသိနိုင်ပေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ လူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ('ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) ကို စွန့်လွှတ် လိုက်ကြကုန်။) ထို့ပြင် အသင်တို့သည် မည်သည့်ဖခင်တစ်ဦးတစ်ယောက်နှင့်မျှပင် မိမိ၏ သားအဖို့ အသုံး မဝင်သည့်အပြင် (မည်သည့်သားတစ်ဦးတစ်ယောက်မျှလည်း မိမိ၏ ဖခင်အဖို့ လုံးဝ အသုံးဝင်မည် မဟုတ် သောနေ့ကို စိုးရိမ်ကြလေကုန်။ (ထိုနေ့သည် မုချ ဆိုက်ရောက်လာမည့်နေ့ ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ယင်းနေ့နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် ရှိနေပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မှန်ကန်သော ကတိတော်ပင် (ဖြစ်၏။) သို့ဖြစ်ပေရာ ဤလောကီ ဘဝ၌ အသက်ထင်ရှား (နေထိုင်) မှုသည် အသင်တို့အား ဖြားယောင်းခြင်း မပြုစေရ။ (ထိုလောကီရေးရာ ၏ ဖြားယောင်းမှုအတွင်း၌ နစ်မွန်းကာ ထိုနေ့အား မေ့လျော့သူအဖြစ် ဖြစ်ရှိသွားတတ်ပေသည်။) ထိုနည်း တူစွာ ထိုဖြားယောင်းလှည့်စားသူ (ရှိုက်သွာန်) သည် အလ္လာဟ်အသျှင်မြတ်နှင့်ပတ်သက်၍ အသင်တို့အား လှည့်စားဖြားယောင်းခြင်း မပြုစေရ။ (အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးပေလိမ့်မည် မဟုတ်' ဟူသော ၎င်းရှိုက်သွာန်၏ ဖြားယောင်းမှုအတွင်းဝယ် ရောက်ရှိကောင်း ရောက်ရှိကြပေလိမ့်မည်။ ပမာဆိုရသော် ပြောဆိုလေ့ရှိပေသည်။

وَلَئِنْ رُّجِعْتُ اِلٰى رَبِّىٓ اِنَّ لِىْ عِنْدَهٗ لَلْحُسْنٰى

သို့တစေလည်း ကျွန်ုပ်သည် အကယ်၍ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော် ပါးသို့ ပြန်သွားခဲ့ရသည့်တိုင်အောင် မုချ ကျွန်ုပ်အဖို့ အသျှင်မြတ်ထံတော်တွင် အကျိုးကျေးဇူးရှိပေမည်။
[၄၁ : ၅၀]

ဧကန်မလွဲ 'ကေယာမသ်'ရှင်ပြန်ထရမည်အချိန်ကို သိမြင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ ၎င်းအပြင် ထိုအသျှင်မြတ်သည်သာလျှင် (မိမိ၏ အသိပညာတော်နှင့် အညီ) မိုးရေကို ရွာသွန်း စေတော်မူ၏။ (သို့ရှိရာ ထိုအသျှင်မြတ်၏ 'အီလ်မ်' (အသိပညာ) တော်နှင့် စွမ်းဆောင်နိုင်ခြင်းသည်လည်း ထိုအသျှင်မြတ်သာလျှင် အထူးဖြစ်ပေသည်။) ထို့ပြင် (မိခင်တို့၏) သားအိမ်များ၌ (ယောက်ျားလေးကိုယ်ဝန်၊

မိန်းကလေးကိုယ်ဝန်) မည်သည့်အရာရှိသည်တို့ကိုလည်း ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူ၏။ စင်စစ် မည်သူတစ်ဦးတစ်ယောက်မျှပင် မိမိသည် 'နက်ဖြန် မည်သည့်အမှုကိစ္စ ပြုလုပ်ဆောင်ရွက်မည်ကို မသိနိုင်ပေ။' (ထိုအချက်ကိုလည်း အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူပေသည်။) ထို့နည်းတူစွာ မည်သူတစ်ဦးတစ်ယောက်မျှပင် မိမိသည် 'မည်သည့်မြေ (အရပ်ဒေသ) ၌ သေဆုံးမည်ဖြစ်ကြောင်းကိုလည်း မသိနိုင်ပေ။ (ထိုအသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေသည်။ အကွယ်၌ရှိသော ရှိရှိသမျှ အရာများ အားလုံးကိုလည်း ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူပေသည်။ အထက်ဖော်ပြပါ အချက်အကြောင်းအရာများအား အထူးပြုကာ မိန့်ဆိုထားပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်နှင့် ဖက်စပ်ပါဝင်ခြင်း မရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

တင်ပြလျက်ရှိသော အာယသ်တော်နှစ်ပိုဒ်၏ ပထမအာယသ်တော်အတွင်း၌ မုအ်မင်န်၊ ကာဖိရ် အားလုံးတို့ကို ခြုံငုံစွာ 'အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်'နေ့၏ စာရင်းအင်းစစ်ဆေးခြင်း ခံရခြင်းနှင့် စပ်လျဉ်း၍ အသင့်ပြင်ထားရန်' အကြောင်းကို မိန့်မြွက်လမ်းညွှန်ထားပေသည်။

يَٰٓأَيُّهَا ٱلنَّاسُ ٱتَّقُوا۟ رَبَّكُمْ

အို၊ လူသားတို့၊ အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ [၃၁ : ၃၃]

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဇားသ်' (ပင်ကိုယ်) နာမတော်၊ သို့မဟုတ် အခြားသော ဂုဏ်တော်တစ်ရပ်ရပ်ကို မတင်ပြဘဲ 'ရဗ်'ဟူသော မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဖြစ်ခြင်း၏ ဂုဏ်တော်ကို ရွေးချယ်တင်ပြထားပေသည်။ ထိုသို့ ရွေးချယ်ထားရခြင်းအကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်'ဟူ၍ အမိန့်ပေးထားခြင်းမှာ ကုတ်ဖဲ့ စားသောက်တတ်သော တိရစ္ဆာန်တစ်ကောင်ကောင်နှင့် ရန်သူတစ်ဦးဦးအား ကြောက်ရွံ့သော ဓလေ့ရှိသည့် ကြောက်ရွံ့ခြင်းဟူသော သဘောမျိုးမဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်မူ အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဖြစ်ကြောင်း၊ ထိုအသျှင်မြတ်အား ဤအထက်ဖော်ပြပါ ပုံစံမျိုးကဲ့သို့ ကြောက်ရွံ့မှုမျိုးကို မထားသင့်ကြောင်း၊ သို့သာမက ကြောက်ရွံ့ရန် အလိုသဘောသည် မိမိတို့၏ အကြီးအကဲများအား ၎င်းတို့၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါကြောင့် မုချဖြစ်ပေါ်လေ့ရှိသော ကြောက်ရွံ့မှုမျိုးဖြစ်ကြောင်း၊ သားသမီးသည် မိဘအားလည်းကောင်း၊ တပည့်များသည် ဆရာများအားလည်းကောင်း ကြောက်ရွံ့သည့် ကြောက်ရွံ့မှုမျိုးဖြစ်ကြောင်း၊ ထိုအသျှင်မြတ်သည် ၎င်း၏ ရန်သူ (သို့မဟုတ်) ဆိုးကျိုးဖြစ်စေသော အသျှင်

မဟုတ်ခြင်းအကြောင်း၊ သို့ရာတွင် ထိုဆရာ၊ မိဘတို့၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါသည် နှလုံးသားများအတွင်း၌ ကိန်းဝပ်နေရာ၊ ထိုကိန်းဝပ်လျက်ရှိနေသော အကြောင်းတရားသည်ပင် ၎င်းတို့၏ အမိန့်နာခံရန် အကြပ်ကိုင်ထားကြောင်း' ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ကာ ဆိုလိုထားခြင်းဖြစ်သည်။ အကြောင်းမှာ ထိုအလ္လာဟ်မြတ်၏ ကြီးကျယ်ခြင်းတရားသည် အသင်တို့၏ နှလုံးသားများအတွင်းဝယ် အုပ်မိုးထားသင့်ပေသည်။ သို့မှသာ အသင်တို့သည် ထိုအလ္လာဟ်မြတ်၏ အမိန့်ကို ပြည့်ပြည့်ဝဝ နာခံရာ၌ လွယ်ကူမှုကို ရရှိပေမည်။

وَاخْشَوْا يَوْمًا لَّا يَجْزِي وَالِدٌ عَن وَلَدِهِ وَلَا مَوْلُودٌ هُوَ جَازٍ عَن وَالِدِهِ شَيْئًا

ထို့ပြင် အသင်တို့သည် မည်သည့်ဖခင်တစ်ဦးတစ်ယောက်မျှပင်၊ မိမိ၏ သားအဖို့ အသုံးမဝင်သည့် အပြင် မည်သည့်သားတစ်ဦးတစ်ယောက်မျှသည်လည်း မိမိ၏ ဖခင်အဖို့ လုံးဝ အသုံးဝင်မည်မဟုတ်သော နေ့ကို စိုးရိမ်ကြလေကုန်။ *[၃၁ : ၃၃]*

အထက်ဖော်ပြပါ အာယသ်တော်၏ အလိုသဘောမှာ ဖခင်နှင့် သား နှစ်ဦးအတွင်း၌ တစ်ဦးသည် မုအ်မင်န်ဖြစ်၍ အခြားတစ်ဦးသည် ကာဖိရ်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်ဖခင်သည် မိမိ၏ သားကာဖိရ်အား ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ လျော့နည်းအောင် မပြုပေးနိုင်သကဲ့သို့ ကောင်းကျိုးလည်း တစ်စုံတစ်ရာ မပို့နိုင်ပေ။ ဤနည်းနှင်ပင် မုအ်မင်န်သားသည်လည်း မိမိ၏ ကာဖိရ် ဖခင်အဖို့ တစ်စုံတစ်ရာ အသုံးဝင်လိမ့်မည် မဟုတ်ပေ။

ယင်းသို့ သီးသန့်အထူးပြု ခွဲခြားထားရခြင်းအကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်များနှင့် ဆင့်ပြန်ချက်များအတွင်း၌ 'ကေယာမသ်နေ့တွင် မိဘနှစ်ပါးသည် သားသမီးများ အဖို့လည်းကောင်း၊ သားသမီးများသည် မိဘများအဖို့လည်းကောင်း၊ ကြားဝင် အသနားခံပေးမည့် အကြောင်း၊ ထိုသို့ အသနားခံ လျှောက်ထားသည့်အတွက်ကြောင့် လက်ခံခြင်းခံရမည်ဖြစ်ကြောင်း' ဟူ၍ ရှင်းလင်းစွာ လာရှိထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ လာရှိထားသည်မှာ-

وَالَّذِينَ آمَنُوا وَاتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَانٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ

ထို့ပြင် အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ သားမြေးတို့ သည်လည်း အီမာန်သက်ဝင်ယုံကြည်မှုနှင့်တကွ ၎င်းတို့၏ ခြေရာနောက်သို့ လိုက်ခဲ့ကြကုန်၏။ ငါအလ္လာဟ်မြတ်သည် ၎င်းတို့၏ သား၊ မြေးတို့အား 'ဂျန္နသ်' သုခဘုံ၌ ၎င်းတို့နှင့် အတူတကွ ပူးပေါင်းထားတော်မူပေမည်။ *[၅၂ : ၂၁]*

ဆိုလိုသည်မှာ အကြင်သူတို့သည် အီမာန်ကို ရယူထားကြကာ ၎င်းတို့၏ သားသမီးများသည်လည်း ၎င်းတို့၏ နောက်လိုက်အဖြစ် အီမာန်ကို ရယူထားကြပေသည်။ ဆိုလိုသည်မှာ ၎င်းသားသမီးများသည်လည်း မုအ်မင်န်များ ဖြစ်သွားပေရာ ငါအလ္လာဟ်မြတ်သည် ၎င်းတို့၏ သားသမီးများကိုလည်း မွန်မြတ်သော မိဘ

နှစ်ပါး၏ အဆင့်သို့တိုင် ၎င်းတို့၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်သည် အပ်နှင်းခြင်းခံရမည့်အဆင့်နှင့် မထိုက်တန်နေလင့်ကစား ပို့ဆောင်ပေးပေမည်။ သို့ရာတွင် မွန်မြတ်သော မိဘနှစ်ပါး၏ 'ဗရ်ကသ်' (မင်္ဂလာ တော်) ကြောင့် မိဘနှစ်ပါး၏ အဆင့်နေရာထိတိုင် ပို့ဆောင်ပေးခြင်း ခံရမည့်အဆင့်ထိတိုင် အကျိုးပြုခြင်း ကို ခံရပေမည်။ သို့ရာတွင် ထိုအဆင့်ထိတိုင် ပို့ဆောင်ခြင်းခံရခြင်း၏ စည်းကမ်းချက်မှာ 'အကယ်၍ သားသမီးများ၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်သည် အနည်းငယ် လျော့နည်းချက် ရှိနေလင့်ကစား 'မုအ်မင်န် ဖြစ်ရပေမည်' ဟူ၍ ဖြစ်သည်။

ဤကဲ့သို့ပင် အခြားသော အာယသ်တော်၌

جَنّٰتُ عَدۡنٍ يَّدۡخُلُوۡنَهَا وَمَنۡ صَلَحَ مِنۡ اٰبَآئِهِمۡ وَاَزۡوَاجِهِمۡ وَذُرِّيّٰتِهِمۡ

၎င်းတို့အဖို့ ထာဝရတည်သော ဥယျာဉ်များသည် ရှိပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များသို့ မိမိတို့ကိုယ်တိုင်လည်း ဝင်ရောက်ကြပေမည်။ ထို့ပြင် ၎င်းတို့၏ အဘ၊ အဘိုးများအနက်မှလည်းကောင်း၊ ၎င်းတို့၏ ကြင်ရာကြင်ဖက်များအနက်မှလည်းကောင်း၊ ၎င်းတို့၏ သားသမီးမြေးမြစ်အနက်မှလည်းကောင်း ထိုက်တန်သောသူတို့သည်လည်း ဝင်ရောက်ကြရပေမည်။ *[၁၃ ; ၂၃]*

ဟူ၍ လာရှိထားပေသည်။ ထိုက်တန်သော သူတို့၏ အလိုသဘောမှာ မုအ်မင်န်ဖြစ်ခြင်း ဖြစ်ပေသည်။

ဤအထက်ဖော်ပြပါ အာယသ်တော်နှစ်ပိုဒ်မှ မိဘနှစ်ပါးနှင့် သားသမီးများကြား၌သော်လည်းကောင်း၊ ဇနီးမောင်နှံ၏ ကြား၌သော်လည်းကောင်း အကယ်၍ မုအ်မင်န်ဖြစ်ခြင်း၏ အချက်သည် တူညီနေကြမူ တစ်ဦးသည် အခြားတစ်ဦးအား 'ဟရှရ်' ကွင်းပြင်၌ အကျိုးပြုကြပေလိမ့်မည်။ ဤကဲ့သို့ပင် ဟဒီးစ်တော် ၏ များစွာသော ဆင့်ပြန်ချက်များအတွင်း၌ သားသမီးများသည် မိဘနှစ်ပါးအတွက် ကြားဝင်အသနားခံ ပေးသည့် အကြောင်း ပါရှိထားပေသည်။ ထို့ကြောင့် တင်ပြလျက်ရှိနေသော အာယသ်တော်မှ 'ဖခင်တစ်ဦး တစ်ယောက်သည် မိမိ၏ သားသမီးများအဖို့လည်းကောင်း၊ သားသမီးများသည် ဖခင်အဖို့လည်းကောင်း၊ 'ဟရှရ်' ကွင်းပြင်၌ အကျိုးမပြုခြင်း' သည် ၎င်းတို့နှစ်ဦးကြား၌ တစ်ဦးသည် မုအ်မင်န်ဖြစ်၍ အခြားတစ်ဦး သည် ကာဖိရ်ဖြစ်ခြင်း၏ ပုံစံမျိုး၌သာ ဖြစ်ခြင်း၏ ပုံသေနည်းကို ကောက်ယူနိုင်ပေသည်။ *[မဇှ်ဟရီး]*

ဤနေရာ၌ အောက်ဖော်ပြပါ အာယသ်တော်နှင့် စပ်လျဉ်း၍ သေချာကျနစွာ စမ်းစစ်လေ့လာသင့် သော အချက်မှာ 'ဖခင်သည် သားသမီးများအဖို့ အကျိုးမပြုနိုင်ပေ' ဟူ၍ မိန့်တော်မူရာ၌

لَا يَجۡزِىۡ وَالِدٌ عَنۡ وَّلَدِهٖ

ဟူ၍ ကြိယာဖြင့် အစပြုသော သတင်းပေးဝါကျဖြင့် မိန့်တော်မူထားပေသည်။ ဒုတိယတစ်ဘက်၌ အပြောင်းအလွဲနှစ်ရပ် ပြုထား၏။

ပထမအချက်မှာ နာမ်ဖြင့် အစပြု၍ တင်ပြသော သတင်းပေးဝါကျကိုလည်း တင်ပြထားပေသည်။ ဒုတိယအချက်အနေဖြင့် ဤဝါကျအတွင်း၌ وَلَدٌ ၏ အစား مَوۡلُوۡدٌ (မောင်လူးဒူးန်) ဟူသော စကားလုံး

ကိုလည်း ရွေးချယ်အသုံးပြုထားပေသည်။ ယင်းသို့ တင်ပြရခြင်း၏ အမြော်အမြင်တော်နှင့် ပြည့်စုံသော အချက်မှာ နာမ်ဖြင့် အသုံးပြုသော အစပြုသတင်းပေး ဝါကျသည် ကြိယာဖြင့် အစပြုသော သတင်းပေး ဝါကျနှင့် နှိုင်းယှဉ်လျှင် သာပို၍ လေးနက်ပေသည်။ ထိုသို့ ဝါကျအား အပြောင်းအလဲအနေထားဖြင့် အသုံးပြုခြင်း၌ 'ဖခင်နှင့် သားသမီးတို့အကြား၌ ဖခင်၏ မေတ္တာသည် သားသမီးတို့နှင့် နှိုင်းယှဉ်ကြည့်ရှု မည်ဆိုလျှင် သာပို၍ ပြင်းထန်ပေသည်။ ယင်းအချက်နှင့် ပြောင်းပြန် သားသမီးများ၏ ချစ်စိတ်သည် ကမ္ဘာလောက၌လည်း ဖခင်၏ မေတ္တာကဲ့သို့လည်း မရှိနိုင်ကြောင်းနှင့် 'ဟရှရ်' ကွင်းပြင်၌ နှစ်ဦးနှစ်ဘက် စလုံးမှ အပြန်အလှန် အကျိုးမပြုနိုင်ကြောင်းကို အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် သားသမီး များဘက်မှ အကျိုး မပြုခြင်းကို လေးနက်စွာဖြင့် တင်ပြလိုက်ပေသည်' ဟူသော အချက်ကို ခွဲခြားသိမြင် နိုင်ရန် ၄င်းဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။

وَلَدٌ ဟူသော စကားလုံး၏ အစား مَوْلُودٌ (မောင်လူးဒူးန်) ဟူသော စကားလုံးကို ရွေးချယ်အသုံးပြု ရာ၌ ဤအောက်ဖော်ပြပါ အမြော်အမြင်နှင့် ပြည့်စုံသော အချက်သည်လည်း ရှိနေပေသည်။ 'မောင်လူးဒ်' ဟူသော စကားလုံးသည် သားသမီးများကိုသာ ခေါ်ဆိုအသုံးပြု၍ وَلَدٌ သည် ခြုံငုံလှစွာသော သဘောမျိုး ရှိပေသည်။ သားသမီး၏ သားသမီးများကိုလည်း ခေါ်ဆိုပေသည်။ ယင်းသို့ အသုံးပြုရာ၌ ဒုတိယရှုထောင့် အရ ထိုစာစဉ်အကြောင်းအရာအား 'သွေးရင်းသားရင်း သားသမီးအရင်းအချာတို့သည် ဖခင်အဖို့ အကျိုး မပြုပေရာ မြေး၊ မြစ်တို့၏ အခြေအနေကို တွေးတောခန့်မှန်း သိမြင်နိုင်ကြောင်း' ဟူသော ပုံစံမျိုးဖြင့် လေးနက်ခိုင်မာစွာဖြင့် မိန့်တော်မူလိုက်ခြင်း ဖြစ်ပေသည်။

ဒုတိယအာယသ်တော်အတွင်း၌ အချက် (၅) ချက်၏ အသိကို အထူးသဖြင့် အလ္လာဟ်အသျှင်မြတ် အဖို့သာ ဖြစ်ကြောင်းနှင့် ထိုအသျှင်မြတ်မှအပ အခြားသောသူများသည် ထိုအချက် (၅) ချက်ကို မသိရှိနိုင် ကြောင်းအား မိန့်တော်မူထားပေသည်။ ထိုအချက်အပေါ် စူရာဟ်လွတ်ကမ်မာန်ကို အဆုံးသတ်ထားပေသည်။

إِنَّ اللَّهَ عِندَهُ عِلْمُ السَّاعَةِ وَيُنَزِّلُ الْغَيْثَ وَيَعْلَمُ مَا فِي الْأَرْحَامِ وَمَا تَدْرِي نَفْسٌ مَّاذَا تَكْسِبُ غَدًا وَمَا تَدْرِي نَفْسٌ بِأَيِّ أَرْضٍ تَمُوتُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌မှာသာလျှင် 'ကေယာမသ်'နေ့သည် မည်သည့် နှစ်နှင့် မည်သည့်ရက်၌ ကျရောက်မည်ဟူသော အသိတော်သည် ရှိပေသည်။ ထိုအသျှင်မြတ်သည်ပင်လျှင် မိုးရေကို ရွာသွန်းဖြိုးစေတော်မူပေမည်။ မိခင်၏ သားအိမ်အတွင်း၌ ယောကျ်ားလေးဖြစ်သည်၊ မိန်းကလေး ဖြစ်သည်၊ မည်သည့်ပုံပန်းသဏ္ဌာန်ဖြစ်သည်ကို ထိုအသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေသည်။ နံနက်ဖြန် မည်သည့် (ကောင်းသော အရာ၊ မကောင်းသောအရာ) ကို ရှာဖွေမည်ဖြစ်ကြောင်းကို မည်သူတစ်ဦး တစ်ယောက်မျှ မသိရှိနိုင်သလို၊ မည်သည့်အရပ်ဒေသ၌ ကွယ်လွန်မည်ဖြစ်ကြောင်းကို မည်သူတစ်ဦး တစ်ယောက်မျှ မသိရှိနိုင်ပေ။

ဤနေရာ၌ လာရှိထားသော အချက် (၃) ချက်၏ အသိကို အလ္လာဟ်အသျှင်မြတ်မှအပ အခြား မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိကြောင်းကို ရှင်းလင်းစွာ မိန့်ဆိုတော်မမူထားနေလင့်ကစား၊ သို့ရာတွင် ထိုအချက်များ၏ အသိပညာကိုလည်း အလ္လာဟ်အသျှင်မြတ်၏ 'အီလ်မ်' (အသိပညာတော်) အတွင်း၌ ရှိကြောင်းဟူသော ခေါင်းစဉ်ဝါကျမျိုးကို ရွေးချယ်အသုံးပြုထားပေသည်။ ကျန်ရှိသော အချက်နှစ်ချက် အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည်သာ သိရှိ၍ အခြားမည်သူတစ်ဦးတစယောက်မျှ မသိရှိကြောင်းကို ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ ထိုအချက် (၅) ချက်ကိုပင် စူရာဟ်အန်အာမ်အတွင်း၌ 'မဖားသိဟုလ် ဂိုက်ဗ်'ဟူ၍ မိန့်တော်မူထားပေသည်။

وَعِندَهُ مَفَاتِحُ الْغَيْبِ لَا يَعْلَمُهَا إِلَّا هُوَ

စင်စစ် ထိုအသျှင်မြတ်၏ ထံတော်၌သာလျှင် အကွယ်၌ရှိသော အရာ၊ ဘဏ္ဍာတော်များ၏ သော့များ ရှိပေသည်။ ယင်းတို့ကို အသျှင်မြတ်မှတစ်ပါး မည်သူမျှ မသိရှိပေ။ *[၆ : ၅၉]*

ဟဒီးစ်တော်အတွင်း၌ ယင်းအချက်ကို 'မဖားသီဟုလ်ဂိုက်ဗ်'ဟူ၍ မိန့်ဆိုထားပေသည်။ **مفاتح** 'မဖားသီဟ်'နှင့် **مفاتح** 'မဖားသေ့ဟ်'သည် **مفتاح** 'မစ်ဖ်သားဟ်'ဟူသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ 'သော့တန်'များ ဟူ၍ အဓိပ္ပာယ်ရ၏။ အကြင်သော့တန်များဖြင့် သော့ခလောက်များသည် ပွင့်ထွက်သွားပေသည်။ အလိုသဘောမှာ 'အကွယ်လောက၏ အခြေခံမူဝါဒအချက်များ' ဖြစ်ပေသည်။ အကြင်အချက်အလက်များကြောင့် အကွယ်လောက၏ အသိများ ပွင့်ထွက်သွားပေသည်။

'အီလ်မေ့ဂိုက်ဗ်' (အကွယ်၌ရှိသော 'အီလ်မ်' အသိပညာ) ၏ ဓမ္မသတ်

ဤဓမ္မသတ်နှင့် စပ်လျဉ်းသော အကျယ်ချဲ့အကြောင်းကို လိုအပ်သည့်အတိုင်းအတာခန့်ထိ စူရာဟ် နမလ်၏

قُل لَّا يَعْلَمُ مَن فِي السَّمَاوَاتِ وَالْأَرْضِ الْغَيْبَ إِلَّا اللَّهُ

ဟူသော အာယသ်တော်၏ အောက်၌ ရေးသား တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုအာယသ်တော် အတွင်း၌ 'အီလ်မေ့ဂိုက်ဗ်' (အကွယ်လောက၌ ရှိသော 'အီလ်မ်'အသိပညာ) ကို အလ္လာဟ်အသျှင်မြတ် သည်သာလျှင် လုံးဝ သိရှိတော်မူကြောင်းကို ရှင်းလင်းစွာဖြင့် မိန့်တော်မူထားပေသည်။ ဤအချက်ကိုပင် အတိတ်ခေတ်နှင့် နှောင်းပိုင်းခေတ်ရှိ အွမ္မသ်ထုတစ်ရပ်လုံးသည် ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒအဖြစ် လက်ခံ ကျင့်သုံးလာကြပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌လည်း အထူးပြုတင်ပြထားသော အချက် (၅) ချက်၏ အသိကိုလည်း အဖန်ဆင်းခံများ တစ်ဦးတစ်ယောက်မျှ မသိနိုင်ကာ အလ္လာဟ်အသျှင် မြတ်သည်သာလျှင် ထိုအချက်များကို သိရှိတော်မူပေသည်။ ဤသည့်အချက်များကို အခြားမည်သည့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှပင် မသိရှိနိုင်။ ၄င်းသည် သီးသန့်အထူးပြုထားသည့်အချက် မဟုတ်ပေ။ သို့တည်း

မဟုတ်က 'စူရာဟ်နမလ်'၏ အာယသ်တော်၌ ဆန့်ကျင်ဘက်သဘောမျိုးကို ဆောင်သွားပေလိမ့်မည်။ သို့သာမက ယင်းအချက် (၅) ရပ်အား အထူးလေးနက်စေရန်အတွက် ဤနေရာ၌ ၄င်းအကြောင်းအရာများကို တင်ပြ မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။

အထူးပြုလေးနက်စွာ မိန့်ဆိုထားရခြင်းအကြောင်းမှာ များသောအားဖြင့် လူသားတို့ သိချင်သည့် အကြောင်းအချက်များသည်လည်း ထိုအထက်ဖော်ပြပါ အချက် (၅) ချက်ပင် ဖြစ်ပေသည်။ ထို့ပြင်တခံ အကွယ်၌ရှိသော အရာများကို သိရှိသည်ဟူ၍ ကြွေးကြော်နေကြသော နက္ခတ္တဗေဒင် ဟောနေသော သူများ အစရှိသောသူတို့သည် မိမိတို့အကွယ်ရှိသော အရာများကို သိရှိပါသည်ဟူ၍ အတည်ပြုရန် ဟောကြားသော အချက်များသည်လည်း အထက်ဖော်ပြပါ အချက် (၅) ချက်အပေါ်၌ပင် ဖြစ်ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ လာရှိသည်မှာ တစ်ဦးတစ်ယောက်သည် တမန်တော်မြတ် ﷺ အား အထက် တင်ပြပါ အချက် (၅) ချက်နှင့်စပ်လျဉ်း၍ မေးလျှောက်ရာတွင် ဤအာယသ်တော်မြတ် ကျရောက်လာပေသည်။ အကြင်အာယသ်တော်အတွင်း၌ ထိုအချက် (၅) ချက်အား သိရှိခြင်းသည် အလ္လာဟ်အသျှင်မြတ် အဖို့သာ အထူးဖြစ်ကြောင်း မိန့်မြွက်ထားတော်မူပေသည်။ *[ရူးဟ်]*

ဟဇရသ်အိဗ်နေအုမရ် ؓ သခင်နှင့် အိဗ်နေမတ်စ်အူးဒ် ؓ သခင်တို့မှ ဆင့်ပြန်ချက်လာရှိသော ဟဒီးစ်တော်၌ ဤသို့ မိန့်မြွက်ချက် လာရှိထားပေသည်။

اوتيت مفا تح كل شى الا الخمس

ထိုဟဒီးစ်တော်အတွင်း၌ ပါရှိသော 'အူးသီသု'ဟူသော စကားလုံးကိုယ်တိုင်က 'ထိုအချက် (၅) ချက်မှအပ တမန်တော်မြတ် ﷺ အနေဖြင့် သိရှိတော်မူသော အကွယ်မှ အချက်များသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ဝဟီ'ဖြင့် ထုတ်ပြန်ပေးသနားတော်မူခြင်း ခံထားရကြောင်း'ဟူသော အချက်ကို ရှင်းလင်းစွာ ထုတ်ဖော်ပြဆိုထားပေသည်။ ထို့ကြောင့် ယင်းအချက်များသည် အကွယ်၌ရှိသော အရာများ၏ အသိ 'အိလ်မေ့ဂိုက်ဗ်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း၌ မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များကို 'ဝဟီ'၏ အကြောင်းခံဖြင့်လည်းကောင်း၊ ဝလီသူတော်စင်များကို 'အိလ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အကွယ်မှ အကြောင်းသတင်းများကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ထိုအချက်များသည် မူရင်းဇစ်မြစ်ကို ထောက်ရှု၍ ကြည့်မည်ဆိုပါက အကြင်အချက်အလက်များအား သိရှိခြင်းကို မူတည်၍ ၄င်းတို့ အား အကွယ်၌ရှိသော အရာများကို သိရှိသူဟု ဆိုနိုင်ရလောက်အောင် علم الغيب 'အိလ်မေ့ဂိုက်ဗ်' (အကွယ်၌ရှိသော အရာများ၏ အသိ) မဟုတ်ပေ။ သို့သာမက ထိုအချက်အလက်များသည် انبأ الغيب 'အမ်းဗားအုလ်ဂိုက်ဗ်' (အကွယ်၌ ရှိသော သတင်းများ) ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် လိုလားတော်မူသော အချိန်၌ လိုလားသည့် အတိုင်းအတာခန့် မိမိ၏ ကောင်းကင်တမန်တော်များ၊ ရစူလ်တမန်တော်များနှင့် အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ယင်းအချက်ကို اَنۢبَآءُ الۡغَيۡبِ (အမ်းဗားအုလ်ဂိုက်ဗ်) ဟူ၍ မိန့်တော်မူထားပေသည်။

مِنْ اَنْبَاءِ الْغَيْبِ نُوْحِيْهَا اِلَيْكَ

အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်၏။ ငါအသျှင်မြတ်သည် ယင်းသတင်းများကို အသင့်ထံသို့ ဝဟီအားဖြင့် ထုတ်ပြန်တော်မူသည်။ [၁၁ : ၄၉]

ထို့ကြောင့် ဟဒီးစ်တော်၏ အလိုသဘောမှာ ထိုအချက် (၅) ချက်ကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဇားသ်' (ပင်ကိုယ်တော်) နှင့်အတူ 'အကွယ်မှ သတင်းကို ပေးခြင်း' ၏ အသွင်မျိုးဖြင့်လည်း ကောင်းကင်တမန်တော်များနှင့် ရစူလ်တမန်တော်များကို အသိမပေးထားသည့် ပုံစံမျိုးဖြင့် အထူးပြုထားတော်မူပေသည်။ ထို့ပြင်တဝ အခြားအကွယ်လောက၌ ရှိသော သတင်းအကြောင်းအချက် အသိအနည်းနှင့် အများမဆို နဗီတမန်တော်များကို 'ဝဟီ' ၏ အကြောင်းခံဖြင့် ချီးမြှင့်ပေးသနားထားတော်မူပေသည်။

ဤအထက်ဖော်ပြပါ တင်ပြချက်မှလည်း 'အချက် (၅) ချက်ကို အထူးပြုထားခြင်းအကြောင်း နောက်ထပ် အကြောင်းတစ်ကြောင်းကို ထပ်မံ သိရှိရပေသည်။

စောဒကတစ်ရပ်နှင့်အဖြေ

တင်ပြလျက်ရှိသော အာယသ်တော်မှ အကွယ်လောက၌ရှိသော သတင်းအချက်အလက်များကို သိရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်အဖို့သာ လုံးဝ အထူးပြုထားခြင်းအကြောင်း၊ ထိုအကြောင်းအရာ သတင်းအချက်အလက်များအတွင်း၌လည်း အထက်ဖော်ပြပါ အချက် (၅) ချက်ကို အထူးသဖြင့် နဗီတမန်တော်များကိုလည်း 'ဝဟီ' ၏ အကြောင်းခံဖြင့် ထုတ်ပြန်ပေးမှု မပြုထားကြောင်းကိုလည်း အတည်ပြု၍ ရရှိပေသည်။ ယင်းအတည်ပြုချက်က လိုလားနေသော အချက်မှာ 'ယင်းအချက်များကို မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိရန်' ပင် ဖြစ်သည်။ ဧကန်အမှန် 'အွမ္မသ်' (နောက်လိုက်ထု) အတွင်း၌ ရှိသော များစွာသည့် ဝလီသူတော်စင်ကြီးများထံမှ 'မိုးရွာမည့် သတင်း၊ ကိုယ်ဝန်နှင့် ပတ်သက်သော သတင်းအချက်အလက်၊ တစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ နောင်လာမည့်ကာလ၌ လုပ်ငန်းရပ်တစ်စုံတစ်ရာအား လုပ်သင့်၊ မလုပ်သင့်ဟူသော သတင်းနှင့် တစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ ကွယ်လွန်သေဆုံးမည့်နေရာကို ပြဆိုလိုက်ခြင်း' များ လာရှိထားပေသည်။ တစ်ဖန် ဤကြိုတင် ဟောကိန်းထုတ်ထားသော အချက်များသည် လက်တွေ့ကျကျ မြင်တွေ့ရ၍ မှန်ကန်သွားကြောင်းကိုလည်း အတည်ပြု ရရှိထားပေသည်။

ဤကဲ့သို့ပင် အချို့သော နက္ခတ်ဗေဒပညာရှင် သို့မဟုတ် ဂဏန်းမျဉ်းကြောင်းတို့၏ အကြောင်းခံဖြင့် အနာဂတ်ဟောစာတမ်းကို ဟောပြောသောသူများ အစရှိသော သူတို့သည်လည်း အချို့အချက်များနှင့် စပ်လျဉ်း၍ အချို့သော သတင်းများကို ဟောကြားကြပေသည်။ အချို့သော အချိန်အခါမျိုးများ၌ မှန်လည်း မှန်သွား တတ်ပေသည်။ သို့ဆိုလျှင် တစ်ဖန် ယင်းအချက် (၅) ချက်၏ အထူးပြုထားခြင်းသည် အလ္လာဟ်အသျှင် မြတ်၏ 'အိလ်မ်' (အသိပညာ) နှင့်အတူ မည်ကဲ့သို့ တည်ရှိနေပေသနည်း။

ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေတစ်ရပ်ကိုမူ 'စူရာဟ်နမလ်' အကျယ်ချဲ့ဖွင့်ဆိုချက်၌ တင်ပြပြီးဖြစ်ပေသည်။

'အီလ်မေ့ဂိုက်ဗ်' (အကွယ်၌ရှိသော အရာများကို သိရှိခြင်း) သည် စင်စစ် 'သဘာဝအကြောင်းခံဖြင့်မဟုတ်ဘဲ တိုက်ရိုက် အလိုအလျောက် သိရှိရသော ပညာရပ်'ကို ခေါ်ဆိုကြောင်း အထက်၌ အတိုချုပ်အချက်ဖြင့် တင်ပြပြီးဖြစ်ပေသည်။ ဤသတင်းအချက်အလက်များကို နဗီတမန်တော်များအား 'ဝဟီ'၏ အကြောင်းခံဖြင့်လည်းကောင်း၊ ဝလီသူတော်စင်များကို 'အစ်လ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံဖြင့်လည်းကောင်း ဗေဒင်၊ လက္ခဏာဆရာများ အစရှိသော သူတို့သည် မိမိတို့၏ တွက်ချက်မှုများနှင့် သဘာဝအကြောင်းခံများ၏ အမှီသဟဲဖြင့်လည်းကောင်း ရရှိပေသည်။ သို့ရှိရာ ထိုကဲ့သို့ သိရှိခြင်းကို 'အီလ်မေ့ဂိုက်ဗ်' (အကွယ်၌ရှိသော အရာများကို သိရှိခြင်း) ဟူ၍ ခေါ်ဆို၍ မရရုံသာမက အကွယ်သတင်းကို ပေးခြင်း (အမ်ဗားအုလ်ဂိုက်ဗ်) ဟူ၍သာ ခေါ်ဆိုပေသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ တစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ အကြင်သတင်းတစ်စုံတစ်ရာကို အဖန်ဆင်းခံ တစ်ဦးတစ်ယောက်အနေဖြင့် ရရှိခြင်းသည် တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်၏ အချုပ်သဘောတရားမှာ 'အဖန်ဆင်းခံများအားလုံးနှင့် အခြေအနေအလုံးစုံတို့အပေါ် လွှမ်းမိုးဝိုင်းရံလျက်ရှိနေသော ထိုအချက် (၅) ချက်၏ ပြည့်ဝစုံလင်လှစွာသော 'အီလ်မ်' (အသိပညာ) ကို အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ 'ဝဟီ' (သို့မဟုတ်) 'အီလ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံဖြင့်လည်း မချီးမြှင့်ထားပေ။ ဖြစ်အင်တစ်ဝက်တစ်ပြတ်နှင့် စပ်လျဉ်း၍ အစိတ်အပိုင်းတစ်ရပ်ကို 'အစ်လ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံဖြင့် ရရှိခြင်းသည် ထိုအာယသ်တော်နှင့် ဆန့်ကျင်ဘက် မဖြစ်ပေ'ဟူ၍ ဖြစ်သည်။

ထို့ပြင် 'အီလ်မ်' (အသိပညာ) ၏ အလိုသဘောသည် လုံးဝ မှန်ကန်ထိရောက်သော 'အီလ်မ်' (အသိပညာ) ကို ဆိုလိုခြင်းဖြစ်ပေသည်။ ထိုပညာသည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မရရှိပေ။ 'အစ်လ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံဖြင့် ဝလီသူတော်စင်တစ်ဦးတစ်ယောက်အဖို့ ရရှိသော ပညာသည်လည်း လုံးဝ တတ်အပ် မှန်ကန်သော အချက်ဟူ၍ မမှတ်ယူရပေ။ ထိုပြောကြားချက်များအတွင်း၌ မှားယွင်းချက်များ များစွာ ရှိနိုင်ပေသည်။ လက္ခဏာ၊ ဗေဒင်ဆရာများ ပေးသော သတင်းများကိုမူ နေ့စဉ်နေ့တိုင်း မြင်တွေ့နေရသည့် အချက်မှာ အမှား (၁၀) ခုအတွင်း၌ တစ်ခု မှန်ခြင်းသည်ပင်လျှင် သင့်တော်လျောက်ပတ်မှုမျိုး မဖြစ်ပေရာ ၎င်းပညာကို တတ်အပ်လုံးဝ မှန်ကန်သော ပညာဟူ၍ မည်ကဲ့သို့ ခေါ်ဆိုနိုင်အံ့နည်း။

'အီလ်မေ့ဂိုက်ဗ်' နှင့် စပ်လျဉ်း၍ အရေးပါသော အကျိုးထူးတစ်ရပ်

ဟာဖိရသ်ရှိက်ခွလ်အစ္စလာမ်မောင်လာနာရှဗ်ဗီးရ်အဟ်မဒ်အွတ်စ်မာနီးသခင်ကြီးသည် မိမိ၏ 'ဖဝါအေဒေသဖ်စီးရ်'အတွင်း၌ လိုတိုရှင်းအချက်တစ်ချက်အား တင်ပြထားပေသည်။ အကြင်အချက်အလက်မှ တင်ပြပါ

စာဒကအချက်များအားလုံး ရှင်းလင်းသွားပေသည်။ ထိုအချက်မှာ 'ဂိုက်ဗ်' (အကွယ်လောက) ၏ အချက်သည် နှစ်မျိုးရှိပေသည်။ ပထမတစ်မျိုးသည် **احكام غيبيه** အကွယ်လောကရေးရာဆိုင်ရာ ပညတ်ချက်များဖြစ်ပေသည်။ ဥပမာ- သာသနာရေးဆိုင်ရာ ပညတ်ချက်များဖြစ်၍ အကြင်ပညတ်ချက်များအတွင်း အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်' (ပင်ကိုယ်တော်) နှင့် ဂုဏ်တော်များ၏ 'အိလ်မ်' (အသိပညာ) သည် ပါဝင်နေပေသည်။ ၎င်းကို 'အိလ်မေ့အကာအိဒ်' (ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒများ) ဟူ၍လည်း ခေါ်ဆိုပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ် နှစ်မြို့သော အချက်များ၊ မနှစ်မြို့သော အချက်များ ဟူသော သာသနာရေးရာဆိုင်ရာ ပညတ်ချက်များအားလုံးသည် အကွယ်လောက၏ အချက်များသာ ဖြစ်ပေသည်။

ဒုတိယအမျိုးအစားအချက်မှာ **اكوان غيبيه** 'အက်ဝါးနေ့ဂိုက်ဗီယား' ဟု ခေါ်ဆိုသော ကမ္ဘာလောက၌ ဖြစ်ပေါ်တည်ရှိလာမည့် ဖြစ်အင်များ၏ အသိပညာများပင် ဖြစ်ပေသည်။ ပထမအမျိုးအစားဖြစ်သော အကွယ်လောက ၏ အချက်အလက်များ၏ 'အိလ်မ်' (အသိပညာ) ကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များနှင့် ရစူလ်တမန်တော်များအား ချီးမြှင့်ပေးသနာထားတော်မူပေသည်။ အကြင်အချက်၏ အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤသို့ လာရှိထားပေသည်။

فَلَا يُظْهِرُ عَلٰى غَيْبِهٖٓ اَحَدًا ۙ اِلَّا مَنِ ارْتَضٰى مِنْ رَّسُوْلٍ

(စင်စစ် ထိုအသျှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့နှင့် စပ်လျဉ်း၍ မိမိ၏ အသိပညာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် အသိပေးတော်မူသည် မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိ၏ ကျေနပ်နှစ်သက်တော်မူသော ရစူလ်တမန်တော်တစ်ပါးပါးအား။) *[၇၂ : ၂၆]*

ဒုတိယအမျိုးအစားဖြစ်သော 'အပ်က်ဝါနေ့ဂိုက်ဗီယာ' ၏ ပညာရပ်အလုံးစုံကိုမူ အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မချီးမြှင့်ထားပေ။ ထိုပညာရပ်အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်' ပင်ကိုယ်တော်အဖို့သာ လုံးဝ အထူးပြုထားပေသည်။ သို့ရာတွင် ယင်းပညာရပ်၏ အစိတ်အပိုင်းတစ်စိတ်တစ်ဒေသအား သီးသန့်ဖြစ်အင်များနှင့် စပ်လျဉ်း၍ လိုလားတော်မူသော အချိန်၌ လိုအပ်သည့်အတိုင်းအတာခန့် ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ထိုနည်းတူ 'အိလ်မေ့ဂိုက်ဗ်' (အကွယ်လောက) ၏ မူရင်းအချက်များအလုံးစုံသည် အလ္လာဟ်အသျှင်မြတ်အဖို့သာ အထူးသီးသန့်ဖြစ်ပေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် မိမိ၏ အကွယ်လောက၏ အသိပညာများထဲမှ ယင်းပညာရပ်၏ ပညတ်ချက်များကို ဝလေ့သဘောအရ 'ဝဟီ'၏ အကြောင်းခံဖြင့် နဗီတမန်တော်များကိုလည်း ပြဆိုထားပေသည်။ ဤအသိပညာရပ်သည်သာလျှင် ၎င်းတို့အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက်ဖြစ်ပေသည်။

'အပ်က်ဝါးနေ့ဂိုက်ဗီယာ'၏ ပညာရပ်၏ တစိတ်တစ်ဒေသကိုလည်း နဗီတမန်တော်များနှင့် ဝလီသူတော်စင်များကို 'ဝဟီ'နှင့် 'အစ်လ်ဟားမ်' (အလင်းတရား၏ အတွင်းစကား) ၏ အကြောင်းခံတို့ဖြင့်

အလ္လာဟ်အသျှင်မြတ်သည် လိုလားနှစ်သက်သည့် အတိုင်းအတာခန့် ချီးမြှင့်ပေးသနားထားတော်မူပေသည်။ အကြင်ပညာရပ်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်ထားသော ပညာရပ်ဖြစ်ပေသည်။ ထိုပညာရပ်ကို မိမိ၏ မူရင်းအဓိပ္ပာယ်ကို ထောက်ရှု၍ အကွယ်လောက၏ ပညာရပ်ဟူ၍ ခေါ်ဆို၍မရဘဲ အကွယ်လောက၏ သတင်းဟူ၍သာ ခေါ်ဆိုနိုင်ပေသည်။

အာယသ်တော်၏ စာလုံးများနှင့် ဆက်နွယ်လျက်ရှိသော အကျိုးထူးများ

ဤအာယသ်တော်အတွင်း၌ အချက် (၅) ချက်နှင့် စပ်လျဉ်းသော 'အိလ်မ်' (အသိပညာ) ကို အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် သီးသန့်ဖြစ်ကြောင်း အထူးလေးနက်မှုတစ်ရပ်နှင့်အတူ တင်ပြရန်သည် အဓိက ရည်ရွယ်ချက်ဖြစ်ပေသည်။ အကြင်ရည်ရွယ်ချက်၏ အပေါ်ယံလိုလားချက်မှာ 'ခေါင်းစဉ်တစ်ခုတည်းဖြင့် အချက် (၅) ချက်စလုံးကို ရေတွက်ကာ ထိုပညာရပ်များသည် အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် အထူးပြုထားကြောင်း၊ မည်သည့်အဖန်ဆင်းခံ တစ်ဦးတစ်ယောက်မဆို ထိုပညာရပ်အား မပေးထားကြောင်း' ဟူ၍ ဖြစ်ပေသည်။ သို့ရာတွင် တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်အတွင်း၌ ဤသို့ မတင်ပြထားဘဲ သို့သာမက ပထမအချက် (၃) ရပ်၏ ပညာရပ်ကိုမူ အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် သီးသန့်ဖြစ်ကြောင်း အတည်ပြုပေးထားသည့် ပုံစံမျိုးဖြင့် အတည်ပြုထားကာ ကျန်ရှိသော အချက် (၂) ရပ်ကိုမူ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောသူများ မသိရှိကြောင်းကို အငြင်းဝါကျပုံစံဖြင့် တင်ပြထားပေသည်။ ပထမအချက် (၃) ချက်အတွင်း၌လည်း 'ကေယာမသ်'နေ့၏ အသိကို

إِنَّ اللَّهَ عِندَهُ عِلْمُ السَّاعَةِ

(ကေန်မလွဲ 'ကေယာမသ်'ရှင်ပြန်ထရမည့်အချိန်ကို သိမြင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင်သာ ရှိ၏) ဟူသော ဝါကျမျိုးဖြင့် တင်ပြထားပြီး ဒုတိယအချက်အား တင်ပြရာတွင် ခေါင်းစဉ်ကို ပြောင်းလွဲကာ ကြိယာသတင်းပေးဝါကျမျိုးဖြင့် တင်ပြထားပေသည်။

وَيُنَزِّلُ الْغَيْثَ

(၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် မိုးရေကို ရွာသွန်းစေတော်မူ၏။) ဟူသော အာယသ်တော်အတွင်း၌ မိုးရွာသွန်းခြင်း၏ အသိပညာအကြောင်းကို မတင်ပြထားဘဲ မိုးရွာချပေးခြင်း၏ အကြောင်းကိုသာ တင်ပြထားပေသည်။ တတိယအချက်ကိုလည်း ခေါင်းစီးပုံစံ ပြန်လည်ပြောင်းပေးကာ

وَيَعْلَمُ مَا فِي الْأَرْحَامِ

(ထို့ပြင် သားအိမ်များ၌ မည်သည့်အရာရှိသည်ကိုလည်း ထိုအသျှင်မြတ်သည်သာလျှင် သိရှိတော်မူပေသည်) ဟူသော ပုံစံမျိုးဖြင့် တင်ပြထားပြန်ပေသည်။ ယင်းသို့ ခေါင်းစီး၊ ခေါင်းစဉ် ပြောင်းပြန်ကာ

တင်ပြခြင်းကို 'အိလ်မေ့ကလာမ်'၏ ကာရံနံဘေ ပြောင်းမြောက်မှု၌ 'အသွင်ပြောင်း တင်ပြခြင်း'ဟူ၍ ခေါ်ဆိုပေသည်။ သေချာကျနစွာ စမ်းစစ်လေ့လာ ကြည့်ရှုခြင်းဖြင့် ထိုတင်ပြမှု၏ ပုံစံများအတွင်း၌ အခြားသော အမြော်အမြင်တော် အချက်များ တည်ရှိကြောင်းကို သိရှိရပေသည်။ အကြင်အချက်များကို ဗယာနုလ်ကုရ်အာန် ကျမ်းတော်အတွင်း၌ ဟာဇရသ်ထာနဝီသခင်ကြီးသည် ရေးသားဖော်ပြထားပေသည်။

အချုပ်သဘောတရားမှာ နောက်ဆုံးအချက် (၂) ချက်ဖြစ်သော 'နက်ဖြန်၌ လူသားသည် မည်သည့်အရာကို ရှာဖွေမည်နည်း။ မည်သည့်အရပ်ဒေသ၌ သေဆုံးပေမည်နည်း'ဟူသော အချက်နှစ်ရပ်သည် လူသားတို့၏ ပင်ကိုယ်နှင့် စပ်လျဉ်းနေသော အခြေအနေများဖြစ်ရာ 'လူသားသည် ထိုအချက်၏ ပညာရပ်ကို ရယူရာ၌' သို့လောသို့လော ဖြစ်တန်ကောင်းရာ အချက်များ ပေါ်ပေါက်ကောင်း ပေါ်ပါက်နိုင်ပေသည်။ ထို့ကြောင့် ထိုအချက်နှစ်ရပ်စလုံး၌ အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောသူတစ်ဦးတစ်ယောက်အနေဖြင့် သိရှိခြင်းကို ငြင်းချက်ထုတ်ကာ တင်ပြထားပေသည်။ အကြင်ကဲ့သို့သော ငြင်းချက်ထုတ်ပြသခြင်းမှ ပထမအချက် (၃) ရပ်အား သိရှိခြင်းကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားသောသူတစ်ဦးတစ်ယောက်အဖို့ မသိရှိခြင်းကို သာပို၍ပင် အတည်ပြုရရှိပေသည်။ အကြောင်းမှာ လူသားသည် မိမိကိုယ်တိုင် ရှာဖွေကျင့်ကြံအားထုတ်မှုများနှင့် ၎င်း၏ နောက်ဆုံးခရီး (ဝါ) သေခြင်းတရားနှင့် သေဆုံးမည့်နေရာကို မသိရှိပါမူ မိုးကောင်းကင်၊ မိုးရွာသွန်းခြင်းနှင့် မိခင်ဝမ်းဗိုက်အတွင်းရှိ အမှောင်ထုများအတွင်း၌ ဖုံးကွယ်လျက်ရှိနေသော အရာများကို မည်ကဲ့သို့ သိရှိနိုင်အံ့နည်း။ နောက်ဆုံးအချက်၌ ကွယ်လွန်သေဆုံးမည့်နေရာကိုပင်လျှင် လူသားတို့အနေဖြင့် မသိရှိကြောင်းကို တင်ပြထားပေသည်။ ဧကန်အမှန် ကွယ်လွန်သေဆုံးမည့်နေရာကဲ့သို့ သေဆုံးမည့်အချိန်ကိုလည်း လူသားတို့သည် မသိရှိကြပေ။ ဤသို့ မသိရှိရခြင်းအကြောင်းမှာ သေဆုံးမည့်နေရာကို အတိအကျ ပုံစံမျိုးဖြင့် မသိရှိနေလင့်ကစား သို့ရာတွင် အပေါ်ယံအခြေအနေများကို ထောက်ရှု၍ 'မိမိနေထိုင်သည့် နေရာ၌ ကွယ်လွန်ပေလိမ့်မည်။ အနီးမှ်ဆုံးအဆင့်အနေဖြင့် ၎င်းကွယ်လွန်သေဆုံးရမည့် အိမ်၊ နေရာသည် ကမ္ဘာလောက၌ တည်ရှိနေပေသည်'ဟူသော အချက်အချို့ကို လူသားတို့သည် သဘောပေါက်နားလည်ကြပေသည်။ ယင်းအချက်နှင့် ဆန့်ကျင်စွာ အနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည်ဖြစ်သော သေဆုံးရမည့် အချိန်သည် ယခုအချိန်အထိ တည်ရှိမနေသေးပေ။ သို့ဆိုလျှင် အကြင်သူတစ်ဦးတစ်ယောက်သည် ကွယ်လွန်သေဆုံးရမည့် နေရာကို အမှန်တကယ် ဖြစ်ပေါ်တည်ရှိလာမည်ကို သိရှိနေသည့်ကြားကပင် မသိရှိနိုင်ပေ။ ၎င်းနှင့် စပ်လျဉ်း၍ 'ယခုအချိန်ထိတိုင် မပေါ်ပေါက်လာသေးသည့်အတွက် ကွယ်လွန်သေဆုံးရမည့်အချိန်ကို သိရှိသည်'ဟူ၍ အဘယ်ကဲ့သို့ တွေးတောရနိုင်ပေမည်နည်း။

အချုပ်သဘောတရားမှာ ဤနေရာ၌ အချက်တစ်ချက်အား ငြင်းချက်ထုတ်လိုက်ခြင်းဖြင့် အခြားသော အချက်တစ်ချက်ကို အလိုအလျောက် သာပို၍ ငြင်းချက်ထုတ်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် ယင်းအချက်နှစ်ချက်စလုံးကို ငြင်းချက်ထုတ်ထားသော ခေါင်းစဉ်မျိုးဖြင့် တင်ပြထားပေသည်။ ပထမအချက် (၃)

ရပ် သည်မှ လူသားတို့၏ ပေါက်ရောက်မှု အရည်အချင်းဖြင့်လည်း အပေါ်ယံ အခြေအနေများအတွင်းဝယ် ကိုယ်တိုင် မပါဝင်ဘဲ ရှိနေပေသည်။ ထိုအချက်များအတွင်းဝယ် လူသားတို့၏ 'အိလ်မ်' (အသိပညာ) မပါဝင်ကြောင်းမှာ ရှင်းလင်းလှပေသည်။ ထို့ကြောင့် ယင်းအချက် (၃) ချက်အတွင်းဝယ် ရိုးရိုးအတည်ပြု ခေါင်းစဉ်ကို ရွေးချယ်ကာ ထိုအချက်များသည် အလ္လာဟ်အသျှင်မြတ်အဖို့သာ အထူးဖြစ်ကြောင်း တင်ပြ ထားပေသည်။

ထိုအချက်များမှ ပထမဝါကျကို နာမ်ဖြင့် အစပြု ဝါကျအဖြစ် ယူဆောင်လာပြီး နောက်ပိုင်းဝါကျ (၂) ရပ်အား ကြိယာဝါကျ၏ ခေါင်းစဉ်ဖြင့် တင်ပြရာ၌ 'ကေယာမသ်'နေသည် သတ်မှတ်အတည်ပြုထား ပြီးဖြစ်သော အမှုကိစ္စရပ် တစ်ရပ်ဖြစ်ပေသည်။ ယင်းသို့ ဆိုက်ရောက်လာခြင်းသည်လည်း အကြိမ်ကြိမ် အခါအခါ မဟုတ်ပေ။ ယင်းအချက်နှင့် ဆန့်ကျင်စွာ မိုးရွာသွန်းခြင်းနှင့် ကိုယ်ဝန်ဆောင်ခြင်းတို့၏ အခြေ အနေများသည် ထပ်ဖန်တလဲလဲ ဖြစ်ပေါ်တည်ရှိနေပေသည။ ကြိယာဝါကျသည် အကြိမ်ကြိမ် အခါအခါ ဖြစ်မှုအပေါ် ညွှန်ပြနေသည့်အတွက်ကြောင့် ထိုအချက်နှစ်ရပ်စလုံးအား ယင်းဝါကျအမျိုးအစားကို အသုံး ပြုထားခြင်း ဖြစ်ပေသည်'ဟူသော အမြော်အမြင်ရှိသည်ဘက်သို့ ရည်ညွှန်းထားရာ၌ တူပေမည်။ ထိုအချက် နှစ်ရပ်အတွင်းရှိ ကိုယ်ဝန်ဆောင်ခြင်း၏ အခြေအနေများနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာ) အကြောင်းကို တင်ပြထားပေသည်။

وَيَعْلَمُ مَا فِى الْأَرْحَامِ

ထို့ပြင် သားအိမ်များ၌ မည်သည့်အရာရှိသည်ကိုလည်း ထိုအသဆင်မြတ်သာလျှင် သိရှိတော်မူ ပေသည်။ *[၃၁ : ၃၄]*

မိုးရွာသွန်းစေခြင်း၌ 'အိလ်မ်' (အသိပညာ) အကြောင်းကို မတင်ပြထားပေ။ ယင်းသို့ မတင်ပြပေး ထားရခြင်း၏ အကြောင်းမှာ ဤနေရာ၌ မိုးရွာသွန်းပေးခြင်းအကြောင်းကို တင်ပြ၍ တစ်ဆက်တည်းမှာပင် လူသားတို့အဖို့ ထောင်ပေါင်းများစွာသော အကျိုးပြုမှုများနှင့် ဆက်စပ်လျက်ရှိနေသော မိုးရွာသွန်းမှုသည် အလ္လာဟ်အသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်ကြောင့်သာလျှင် ရွာချလာခြင်း ဖြစ်ပေသည်။ ထို့ပြင် အခြား မည်သူတစ်ဦးတစ်ယောက်၏ ရွေးချယ်ပိုင်ဆိုင်ခွင့်၏အတွင်း၌ မရှိပေ။ ထိုမိုးရွာသွန်းခြင်းနှင့် စပ်လျဉ်း၍ သီးသန့်ရှိခြင်းကိုမူ စာအသွားအလာဖြင့် အတည်ပြုထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်စဂ်ဒဟ်

ပျပ်ဝပ်ဦးချခြင်းကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓ ۟ۚ ①

၃၂ း ၁ ။ ။ အလစ်ဖ်၊ လာ…မ်၊ မီ….မ်။

تَنۡزِیۡلُ الۡکِتٰبِ لَا رَیۡبَ فِیۡہِ مِنۡ رَّبِّ الۡعٰلَمِیۡنَ ؕ②

၃၂ း ၂ ။ ။ (ဤသည်) ချပေးတော်မူသော ကျမ်းဂန်ဖြစ်၏။ ဤကျမ်းဂန်နှင့် စပ်လျဉ်း၍ သံသယဟူ၍ အလျဉ်း မရှိပြီ။ (ဤသည်) စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ဖြစ်သည်။ (တစ်နည်း) ဤကျမ်းဂန်သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ချပေးတော်မူခြင်း ဖြစ်၏။ ယင်းကျမ်းဂန်နှင့် စပ်လျဉ်း၍ သံသယဟူ၍ မရှိပြီ။

اَمۡ یَقُوۡلُوۡنَ افۡتَرٰىہُ ۚ بَلۡ ہُوَ الۡحَقُّ مِنۡ رَّبِّکَ لِتُنۡذِرَ قَوۡمًا مَّاۤ
اَتٰىہُمۡ مِّنۡ نَّذِیۡرٍ مِّنۡ قَبۡلِکَ لَعَلَّہُمۡ یَہۡتَدُوۡنَ ③

၃၂ း ၃ ။ ။ ၎င်းတို့က ဤသူ (တမန်တော်မြတ်) သည် ဤကျမ်းတော်မြတ်ကို (မိမိကိုယ်တိုင်) ကြံစည် (ရေးသား စီကုံး) ဖန်တီးခဲ့သည်ဟု (စွပ်စွဲ) ပြောဆိုကြလေသလော။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ ယင်းကျမ်းဂန်သည် အသင်၏ အလျင် သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှ လာရောက်ခဲ့ခြင်း မရှိသေးသော အမျိုးသားတို့အား ၎င်းတို့ တရားလမ်းမှန် ကို ရရှိကြရန် အလို့ငှာ အသင်သည် သတိပေးနှိုးဆော်ရန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ချပေးသနားတော်မူသော မှန်ကန်သည့် ကျမ်းဂန်ပင်) ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလိဖ်၊ လားမ်၊ မီးမ် (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။)

(ဤသည်) ချပေးတော်မူသော ကျမ်းဂန်ဖြစ်၏။ ဤကျမ်းဂန်နှင့် စပ်လျဉ်း၍ သံသယဟူ၍လည်း အလျဉ်းမရှိပြီ။ (ဤသည်) စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှဖြစ်သည်။ (တစ်နည်း) ဤကျမ်းဂန်သည် စကြဝဠာခပ်းသိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ချပေးတော်မူခြင်းဖြစ်၏။ ယင်းကျမ်းဂန်နှင့် စပ်လျဉ်း၍ သံသယဟူ၍ မရှိပြီ။ (ပမာဆိုရသော် ထိုကျမ်းမြတ်၏ အံ့ဖွယ်စာစဉ်အကြောင်းအရာများသည် ထိုကျမ်းမြတ်အတွက် အထောက် အထားဖြစ်ပေသည်။)

၄င်း (ငြင်းဆိုသောသူ) တို့က ဤသူ (တမန်တော်မြတ်) သည် ဤကျမ်းတော်မြတ်ကို (မိမိကိုယ်တိုင်) ကြံစည် (ရေးသားစီကုံး) ဖန်တီးခဲ့သည်ဟု (စွပ်စွဲ) ပြောဆိုကြပေသလော။ (ဤသို့ ပြောဆိုခြင်းသည် အကျိုးမဲ့အချည်းနှီးနှင့် မုသားစကားသာ ဖြစ်ပေသည်။ (ဤသည် လုပ်ကြံဖန်တီး ထားသော ကျမ်းဂန် မဟုတ်ပေ။) ထိုသို့ အလျဉ်းမဟုတ်ပေ။ စင်စစ်မှာမူ ယင်းကျမ်းဂန်သည် အသင်၏အလျှင် သတိပေးနှိုးဆော် သူ တစ်ဦးတစ်ယောက်မျှ လာရောက်ခဲ့ခြင်း မရှိသေးသော အမျိုးသားတို့အား ၄င်းတို့ တရားလမ်းမှန် ရရှိကြရန်အလို့ငှာ အသင်သည် (အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်အား) သတိပေးနှိုးဆော်ရန် အသင့်အား (အကြောင်းခံ၍) မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ (ချပေးသနားတော်မူသော) မှန်ကန်သည့် ကျမ်းဂန်ပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

مَآ اَتٰهُم مِّن نَّذِيرٍ (သတိပေးနှိုးဆော်သူတစ်ဦးတစ်ယောက်မျှ လာရောက်ခဲ့ခြင်း မရှိသေးသော) ဟူသည့် အာယသ်တော်တွင် သတိပေးနှိုးဆော်သူ၏ အလိုသဘောသည် ဤနေရာ၌ ရစူလ်တမန်တော် မြတ် ဖြစ်ပေသည်။ အလိုသဘောမှာ 'မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်အမျိုးသားတို့ထံ တမန်တော်မြတ် ﷺ မပွင့်ပေါ် မီအလျှင် မည်သည့် ရစူလ်တမန်တော်တစ်ပါးပါးမျှ မလာရောက်ခဲ့ပေ။ ထိုသို့ မလာရောက်ခြင်းကြောင့် 'နဗီတမန်တော်များ၏ ဖိတ်ခေါ်မှုသည်လည်း ၄င်းတို့ထံ ယခုအချိန်အထိ မရောက်ရှိသေးပေ' ဟူသော အချက်သည် မုချ မဖြစ်တန်ကောင်းရာ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ ဒုတိယ အာယသ်တော်အတွင်း၌ ရှင်းလင်းစွာဖြင့် မိန့်တော်မူထားပေသည်။

وَ اِنۡ مِّنۡ اُمَّةٍ اِلَّا خَلَا فِيۡهَا نَذِيۡرٌ

စင်စစ် သာသနာဝင်အုပ်စုတိုင်း၌ပင် သတိပေးနှိုးဆော်သူတစ်ဦး ပွင့်ရောက်ခဲ့သည်သာ ဖြစ်၏။

[၃၅ : ၂၄]

ဤအာယသ်တော်အတွင်း၌ ပါရှိသော 'နဇီးရ်' ဟူသော စကားလုံးကို အများသုံး အဓိပ္ပါယ်အဓိပ္ပာယ် ကိုသာ ကောက်ယူရပေမည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်သောသူသည်

ရဆူလ်တမန်တော်ဖြစ်သည်ဖြစ်စေ၊ (သို့မဟုတ်) ထိုရဆူလ်တမန်တော်၏ ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ဖြစ်သည်ဖြစ်စေ (သို့မဟုတ်) ဒီးန်သာသနာ၏ အာလင်မ်သာသနာ့ပညာရှင်တစ်ပါးဖြစ်စေ ဖြစ်ပေသည်။ သို့ရှိရာ ဤအာယသ်တော်မှ မျိုးနွယ်အုပ်စု အဖွဲ့အစည်းများအားလုံးရှိရာဆီသို့ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရား၏ ဖိတ်ခေါ်မှုရောက်ရှိကြောင်းကို သိရှိရပေသည်။ ထိုသို့ ရောက်ရှိခြင်းသည် မိမိ၏ နေရာ၌ မှန်ကန်၍ အလ္လာဟ်အသျှင်မြတ်၏ ခြုံငုံကြီးမားလှစွာသော ကရုဏာတော်ကို လိုလားနေပေသည်။ ပမာဆိုရသော် အဗူဟိုက်ယားန်သခင်ကြီးသည် အမိန့်ရှိခဲ့သည်။ တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် အီမာန်ဘက်သို့ ဖိတ်ခေါ်မှုသည် မည်သည့်ခေတ်၊ မည်သည့်အခါ၊ မည်သည့်မျိုးနွယ်အုပ်စု၌မဆို၊ မည်သည့်အခါမှ မပြတ်တောက်သွားပေ။ နေရာတစ်နေရာ၌ နဗီတစ်ပါး၏ နဗီဖြစ်ခြင်း၏ ခေတ်ကာလ ကြာညောင်းလာကာ ထိုနဗီ၏ မိန့်ဆိုချက်များကို သိနားလည်သော အာလင်မ်ပညာရှင်များ နည်းပါးလာသည်ဆိုလျှင် အခြားသော နဗီတစ်ပါး (သို့မဟုတ်) ရဆူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူလိုက်ပေသည်' ဟူ၍ အမိန့်ရှိထားပေသည်။ ထိုအထက်ပါ တင်ပြချက်မှ လိုလားနေသည့်အချက်မှာ 'အာရဗ်'မျိုးနွယ်အုပ်စုများ အတွင်း၌လည်း တစ်ပါး တည်း တည်ရှိခြင်းတရား၏ လိုအပ်ချက်အား ဖိတ်ခေါ်မှုသည် အစကတည်းက မှုချ ရောက်ရှိပြီးဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့ ရောက်ရှိရန်အတွက် 'ဤသို့ ဖိတ်ခေါ်မှုကို နဗီ၊ ရဆူလ်တမန်တော်တစ်ပါးပါးကပင် ယူဆောင်လာရပေမည်' ဟူသော အချက်သည် အရေးမကြီးပေ။ ၎င်းနဗီ၊ ရဆူလ်တို့၏ ကိုယ်စားလှယ်ဖြစ်သော အာလင်မ်သာသနာ့ပညာရှင်များ၏ အကြောင်းခံဖြင့်လည်း ရောက်ရှိနိုင်ပေသည်။ ထို့ကြောင့် ဤစူရာဟ်နှင့် စူရာဟ်ယာစီးန် အစရှိသော စူရာဟ်များအတွင်း (အာရဗ်ကုရိုက်ရှ်) အမျိုးသားများထံသို့ သတိပေးနှိုးဆော်သူ မလာရောက်ခဲ့ဟူသော အာယသ်တော်များ၏ အလိုသဘောမှာ နဗီ၊ ရဆူလ်အဖြစ်နှင့် မရောက်ခဲ့ဟူ၍ ဖြစ်သည်။ အခြားအခြားသော အကြောင်းခံများဖြင့် ဤနေရာသို့ 'သောင်ဟီးဒ်'တရား ရောက်ရှိပြီး ဖြစ်နေလင့်ကစား ထိုမျိုးနွယ်အုပ်စုအတွင်းသို့ အသင်၏အလျှင် မည်သည့် ရဆူလ်၊ မည်သည့် နဗီတမန်တော်တစ်ပါးပါးမျှ မကြွရောက်လာခဲ့ပေ' ဟူ၍ ဖြစ်သည်။

'ဖိသ်ရသ်'၏ ခေတ်ကာလ (ဝါ) တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျှင် များစွာသော သူတို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် တမန်တော်အီဗ်ရာဟီးမ်နှင့် တမန်တော်အီစ္စမာအီးလ်တို့၏ လမ်းစဉ်အပေါ်၌ ရှိကြကြောင်း တစ်ပါးတည်း ရှိခြင်းတရားအပေါ်သို့ ၎င်တို့သည် အီမာန်ကို ရယူထားကြောင်း၊ ရုပ်တု များကို ခဝပ်ကိုးကွယ်ခြင်းနှင့် ရုပ်တုဆင်းတုများအတွက် 'ကုရ်ဘာနီ'ပြုလုပ်ခြင်းကို ရွံမုန်းသောသူများ အဖြစ် အတည်ပြုထားပေသည်။

ရှုဟုလ်မအာနီကျမ်း၌ မူစာဗင်န်အွတ်ကဗ်ဘား၏ စစ်ရေးဆိုင်ရာ ရာဇဝင်သမိုင်းမှ အောက်ဖော်ပြပါ ဆင့်ပြန်ချက်ကို ဆင့်ဆိုထားပေသည်။ အမရ်ဗင်န်နိုဖိုင်းလ် ﷺ သခင်သည် တမန်တော်မြတ် ﷺ နဗီအဖြစ် ချီးမြှင့်ခြင်း မခံရမီအလျှင်ကတည်းက တမန်တော်မြတ် ﷺ နှင့် တွေ့ဆုံဖူးသည်။ သို့သော် ၎င်းသည် တမန်တော်မြတ် ﷺ နဗီမဖြစ်မီအလျှင် ကုရိုက်ရှ်တို့မှ 'ကအ်ဗာဟ်'ကျောင်းတော်ကြီးအား ပြန်လည်မွမ်းမံ တည်ဆောက်နေသော နှစ်၌ ကွယ်လွန်ခဲ့သည်။ ဤဖြစ်ရပ်သည် တမန်တော်မြတ် ﷺ 'နဗူဝသ်'ဘွဲ့မရမီ

ငါးနှစ်အလျှင်က ဖြစ်သည်။ ၎င်း၏ အခြေအနေအား မူဆာဗင်န်အုက်ဗဟ် رضي الله عنه သခင်က ဤကဲ့သို့ တင်ပြထားသည်။ ၎င်းသည် ကုရိုက်ရှ်တို့အား ရုပ်တုများကို ခဝပ်ကိုးကွယ်ခြင်းမှ တားမြစ်လေ့ရှိသည်။ ရုပ်တု၊ ဆင်းတုများအတွက် 'ကုရ်ဗာနီ' ပြုခြင်းကို ရှုတ်ချပြောဆိုလေ့ ရှိသည်။ မုရှ်ရစ်က်များ 'ဇဗာဟ်' ပြုထားသော သားကောင်အသားကို မစားသုံးပေ။ အဗူဒါဝူးဒ်သွယာလိစီး (ရဟ) က အမရ်ဗင်န်နုဖိုင်လ်၏ သား ဟဇရည် စအီးဒ်ဗင်န်အမရ် رضي الله عنه ထံမှ '၎င်းသည် ဒွန္နယာလောကဌ်မှာပင် 'ဂျန္နသီ' ဖြစ်ကြောင်း သတင်းကောင်း ရခဲ့သော ဆွဟာဗာကြီး (၁၀) ပါးအနက်မှ ဖြစ်သည်' ဤကဲ့သို့ ဆင့်ပြန်ခဲ့သည်။ ၎င်းသည် တမန်တော်မြတ် ﷺ အား 'ကျွန်ုပ်ဖခင်၏ အခြေအနေ အကြောင်းအချို့ကို ကိုယ်တော်မြတ် ﷺ သည် သိရှိတော်မူပေသည်။ 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရားအပေါ်၌ တည်ရှိကာ ရုပ်တုဆင်းတုများကို ခဝပ်ကိုးကွယ်ခြင်းအား ငြင်းဆိုသောသူ ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်သည် ၎င်းအတွက် လွတ်ငြိမ်းချမ်းသာခွင့် 'မဂ်ဖေရည်' ကို ဆုပန်ခွင့်ရှိပါ၏လော' ဟုလျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'ဆုပန်နိုင်ကြောင်း၊ ပိုင်ခြင်း အကြောင်း' ကို မိန့်မြွက်တော်မူလိုက်ပေသည်။ '၎င်းတို့သည် 'ကေယာမသ်' နေ့၌ သီးသန့်အဖွဲ့အုပ်စု တစ်အုပ်စုအဖြစ် ပြန်လည်ရှင်ပြန်ထရမည်' ဖြစ်ကြောင်းကိုလည်း တစ်ပါးတည်း မိန့်တော်မူလိုက်ပေသည်။ */ ရူးဟ် /*

ဤကဲ့သို့ပင် ဝရ်ကားဟ်ဗင်န် နောင်ဖလ်သခင်ကြီးသည် တမန်တော်မြတ် ﷺ နဗီဖြစ်ခါစနှင့် ကုရ်အာန်ကျမ်းတော်မြတ် စတင်ကာ ကျရောက်သည့် ကာလ၌ 'သောင်ဟီးဒ်' ဟူသော တစ်ပါးတည်း တည်ရှိခြင်း၏ တရားပေါ်၌ တည်ရှိပေသည်။ တမန်တော်မြတ် ﷺ အား အကူအညီပေးရန် မိမိ၏ နိုင်မာသော ရည်ရွယ်ချက်ကို ထုတ်ဖော်ပြသခဲ့ပေသည်။ သို့ရာတွင် ၎င်းသည် ချက်ချင်းလက်ငင်းဆိုသလိုပင် ကွယ်လွန်သေဆုံးခဲ့ပေသည်။ ဤအထက်ဖော်ပြပါ ဖြစ်အင်များသည် 'အာရဗ်မျိုးနွယ်ဝင်များသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်ခြင်းနှင့် အီမာန်နှင့် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်တော်သို့ ဖိတ်ခေါ်ခြင်းခံရခြင်းမှ လက်မဲ့မှု မဖြစ်ရှိခဲ့ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်၏ အတွင်းဝယ် နဗီတမန်တော်တစ်ပါးပါးမျှ မကြွရောက်ခဲ့ကြောင်းကို အတည်ပြု၍ ရရှိပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

ထိုအာယသ်တော် (၃) ပိုဒ်အတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်ခြင်းနှင့် တမန်တော်မြတ် ﷺ မှန်ကန်ကြောင်းကို အတည်ပြုထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ٱللَّهُ ٱلَّذِى خَلَقَ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ وَمَا بَيْنَهُمَا فِى سِتَّةِ أَيَّامٍ

ثُمَّ ٱسْتَوَىٰ عَلَى ٱلْعَرْشِ ۖ مَا لَكُم مِّن دُونِهِۦ مِن وَلِىٍّ وَلَا شَفِيعٍ ۚ أَفَلَا تَتَذَكَّرُونَ ④

၃၂ : ၄ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏ နှစ်ခုအကြား၌ ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်းတော်မူပြီးနောက် 'အရ်ရှ်' ပလ္လင်

တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ အသင်တို့အဖို့ ထိုအသျှင်မြတ်မှတစ်ပါး ကူညီစောင်မတော်မူမည့်သူ၊ ကြားဝင် အသနားခံပေးမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ သို့ပါလျက် အသင်တို့သည် (သတိမမူ) နားမလည်ကြလေသလော။

يُدَبِّرُ الْأَمْرَ مِنَ السَّمَاءِ إِلَى الْأَرْضِ ثُمَّ
يَعْرُجُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ أَلْفَ سَنَةٍ مِّمَّا تَعُدُّونَ ⑤

၃၂ : ၅ ။ ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ ပထဝီမြေအထိ (လောကတစ်ခုလုံး၏) အမှုကိစ္စအရပ်ရပ်တို့ကို စီမံခန့်ခွဲတော်မူ၏။ ထို့နောက် ယင်းအမှုကိစ္စတို့ (၏ မှတ်တမ်း) မှာ အသင်တို့ ရေတွက်ကြကုန်သော အရေအတွက်အားဖြင့် နှစ်ပေါင်းတစ်ထောင် အတိုင်းအတာရှိသည့် နေ့တစ်နေ့တွင် ထိုအသျှင်မြတ်ထံတော်သို့ တက်သွားပေမည်။

ذَٰلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ ⑥

၃၂ : ၆ ။ ။ ထိုအသျှင်မြတ်သည်ပင် ဖုံးကွယ်လျက် ရှိသည်တို့နှင့် ထင်ရှားစွာ ရှိသည်တို့ကို သိရှိတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

الَّذِي أَحْسَنَ كُلَّ شَيْءٍ خَلَقَهُ وَبَدَأَ خَلْقَ الْإِنسَانِ مِن طِينٍ ⑦

၃၂ : ၇ ။ ။ အကြင်အသျှင်မြတ်သည် မိမိဖန်ဆင်းထားတော်မူခဲ့သော အရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် လူသားအား ရွှံ့ညွန်ဖြင့် အစပြု၍ ဖန်ဆင်းတော်မူခဲ့၏။

ثُمَّ جَعَلَ نَسْلَهُ مِن سُلَالَةٍ مِّن مَّاءٍ مَّهِينٍ ⑧

၃၂ : ၈ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းလူသား၏ အဆက်အနွယ်တို့ကို ညှစ်ထုတ်ထားသော၊ အဖိုးမတန်သော အရည် (အဆီအနှစ်) ဖြင့် ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။

ثُمَّ سَوَّاهُ وَنَفَخَ فِيهِ مِن رُّوحِهِ
وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ ⑨

၃၂ : ၉ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းအား အနေအထားကျနစွာ ပြုလုပ်တော်မူပြီး၊ ၎င်း (၏ ခန္ဓာကိုယ်အတွင်း) ၌ မိမိ၏ ထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ နား၊ မျက်စိနှင့် စိတ်နှလုံးတို့ကို ပြုလုပ်ပေးသနားတော်မူခဲ့၏။ (သို့ပါလျက်) အသင်တို့သည် အနည်းငယ်မျှသာလျှင် ကျေးဇူးတင်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ (တည်) ရှိသမျှတို့ကို ခြောက်ရက် (အတိုင်းအတာ) တွင် ဖန်ဆင်းတော်မူပြီးနောက် (ရာဇပလ္လင်နှင့်တူသော) 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် (ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်နှင့် ထိုက်သင့်လျောက်ပတ်သော ပုံစံမျိုးဖြင့်) စံမြန်းတော်မူခဲ့၏။ (ထိုအသျှင်မြတ်သည် ဤမျှခန့် ကြီးကျယ်မြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ) အသင်တို့အဖို့ ထိုအသျှင်မြတ်မှ တစ်ပါး (ထိုအသျှင်မြတ်၏ သဘောတူညီချက်နှင့် ခွင့်ပြုချက်မရှိဘဲ) ကူညီစောင်မတော်မူမည့်သူ၊ ကြားဝင် အသနားခံပေးမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ (သို့သာမက ခွင့်ပြုချက်ဖြင့်သာ အသနား ခံခွင့်ကို ရရှိပေလိမ့်မည်။ ကူညီမှုနှင့်အတူ ခွင့်ပြုချက်သည်ပင်လျှင် ပတ်သက်နေလိမ့်မည်မဟုတ်။) သို့ပါလျက် အသင်တို့သည် (သတိမမူ) နားမလည်ကြလေသလော။ (ဤကဲ့သို့သော 'ဇားသ်' (ပင်ကိုယ်တော်) နှင့် ဖက်စပ်ကိုးကွယ်ခွင့်ရှိသူ တစ်စုံတစ်ရာမျှ မရှိနိုင်ပေ။)

ထိုအသျှင်မြတ်သည် (ဤသို့သော အသျှင်မြတ် ဖြစ်တော်မူသည်မှာ) မိုးကောင်းကင်မှ ပထဝီမြေ အထိ (လောကတစ်ခုလုံး၏ ရှိရှိသမျှသော) အမှုကိစ္စအရပ်ရပ်တို့ကို (ထိုအသျှင်မြတ်သည်သာလျှင်) စီမံ ခန့်ခွဲတော်မူ၏။ ထို့နောက် ယင်းအမှုကိစ္စတို့ (၏ မှတ်တမ်း) မှာ အသင်တို့ ရေတွက်ကြကုန်သော အရေ အတွက်အားဖြင့် နှစ်ပေါင်း (၁၀၀၀) အတိုင်းအတာ ရှိသည့် နေ့တစ်နေ့တွင် ထိုအသျှင်မြတ်ထံတော်သို့ တက်သွားပေသည်။ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ အမှုကိစ္စအလုံးစုံနှင့် ၎င်းအမှုကိစ္စနှင့် စပ်လျဉ်း လျက်ရှိသော အချက်အလုံးစုံတို့သည် ထိုအသျှင်မြတ်၏ အပါးတော်သို့ တင်ဆက်ပြသရပေလိမ့်မည်။ ပမာ ဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

وَإِلَيْهِ يُرْجَعُ الْأَمْرُ كُلُّهُ

ထို့ပြင် ခပ်သိမ်းကုန်သော အရေးကိစ္စတို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိ ခြင်းကို ခံကြရပေမည်။ *[၁၁ : ၁၂၃]*

ဟူ၍ မိန့်တော်မူထားပေသည်။

ထိုအသျှင်မြတ်သည်ပင် ဖုံးကွယ်လျက်ရှိသည်တို့နှင့် ထင်ရှားစွာ ရှိသည်တို့ကို သိရှိတော်မူသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

အကြင်အသျှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သော အရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။ (အကြင်အကျိုးပြုမှုအတွက် ထိုအရာအား ဖန်ဆင်းထားပေသည်။ ထိုအကျိုးပြု မှုနှင့် ကိုက်ညီစွာ ဖန်ဆင်းထားတော်မူပေသည်။) ၎င်းပြင် ထိုအသျှင်မြတ်သည် လူသား (အာဒမ် عليه السلام) အား ရွှံ့ညွန်ဖြင့် အစပြု၍ ဖန်ဆင်းတော်မူခဲ့၏။

ထို့နောက် ထိုအသျှင်မြတ်သည် ၎င်း (အာဒမ် عليه السلام) လူသား၏ အဆက်အနွယ်တို့ကို ညှစ်ထုတ်ထားသော အဖိုးမတန်သည့် (အဆီအနှစ်) ဖြင့် ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။ (ဆိုလိုသည်မှာ မနီသုက်ရည်ဖြင့် ဖန်ဆင်းထားတော်မူ၏။ အကြင်မနီသုက်ရည်သည် ချေဖျက်ထားပြီးဖြစ်သော အစာအဟာရ၏ လေးပုံတစ်ပုံ၏ ပိုနေသော အရည်ဖြစ်သည်။ အကြင်အစာအဟာရအတွင်း၌ သွေး၊ သလိပ်၊ သွေးသလိပ်ရည်နှင့် ခါးသော အဝါရောင်အရည်ကျဲတို့သည် ရောနှောကာ ပေါင်းစပ်နေပေသည်။)

ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းအား (မိခင်၏ သားအိမ်အတွင်း၌) အနေအထားကျနစွာ ပြုလုပ်တော်မူပြီး ၎င်း (၏ ခန္ဓာကိုယ်အတွင်း) ၌ မိမိထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် (အသင်လူသား မွေးဖွားပြီးနောက်) အသင်တို့အဖို့ နား၊ မျက်စိနှင့် နှလုံးတို့ကို ပြုလုပ်ပေးသနားတော်မူခဲ့၏။ (ဆိုလိုသည်မှာ အပြင်ပိုင်းဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာတို့၏ ခံစားသိမြင်နိုင်သော အစိတ်အပိုင်းအာရုံများကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေ၏။ ယခုအထက်တင်ပြပါ အချက်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်နိုင်မှု တန်ခိုးတော်များနှင့် ရက်ရောစွာ ချီးမြှင့်ပေးသနားမှုတို့အပေါ် ညွှန်ပြလျက်ရှိနေပေသည်။ ထိုအချက်များက လိုလားလျက်ရှိနေသော အချက်မှာ ထိုအသျှင်မြတ်၏ ကျေးဇူးတရားကို သိရှိရပေမည်။ ကျေးဇူးတရား သိတတ်ခြင်း၏ အကြီးမား၊ အကြီးကျယ်ဆုံးသော အချက်တစ်ရပ်မှာ 'သောင်ဟီးဒ်'ဟု ခေါ်ဆိုသော တစ်ပါးတည်း တည်ရှိခြင်း၏ တရားဖြစ်သည်။ သို့ရာတွင်) အသင်တို့သည် အနည်းငယ်မျှသာလျှင် ကျေးဇူးတင်ကြကုန်သည်။ (ဆိုလိုသည်မှာ ကျေးဇူးမတင်ကြပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ကေယာမသ်' နေ့၏ ရှည်လျားမှု

فِي يَوْمٍ كَانَ مِقْدَارُهُ أَلْفَ سَنَةٍ مِّمَّا تَعُدُّونَ

(အသင်တို့ ရေတွက်ကြကုန်သော အရေအတွက်အားဖြင့် နှစ်ပေါင်းတစ်ထောင် အတိုင်းအတာရှိသည့် နေ့တစ်နေ့) *[၃၂ : ၅]*

ဟူသော စူရာဟ်မအာရိဂ်ျ၏ အာယသ်တော်အတွင်း၌

فِي يَوْمٍ كَانَ مِقْدَارُهُ خَمْسِينَ أَلْفَ سَنَةٍ

အကြင်နေ့တွင် ယင်းနေ့၏ အတိုင်းအတာသည် ဤပစ္စုပ္ပန်မျက်မှောက်၏ နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။ *[၇၀ : ၃]*

ထိုအထက်တင်ပြပါ အချက်နှစ်ရပ်နှင့် စပ်လျဉ်း၍ ရိုးရှင်းသော အဖြေတစ်ရပ်ကို ဗယားနုလ်ကုရ်အာန်အတွင်း၌ ရွေးချယ်တင်ပြထားပေသည်။ ယင်းနေ့၏ ကြောက်မက်ဖွယ်ကောင်းခြင်း၏ အကြောင်းကြောင့်

၎င်းတို့သည် အလွန်ရှည်လျားကြာမြင့်သည်ဟု ခံစားမှတ်ယူကြပေလိမ့်မည်။ ဤကြာမြင့်မှုသည် မိမိတို့၏ အီမာန်နှင့် 'အအ်မာလ်' (ကျင့်ကြံပြုမူဆောင်ရွက်ချက်) တို့နှင့်အညီ ကြာမြင့်ပေလိမ့်မည်။ အပြစ်ကြီးသော သူတို့သည် ကြာမြင့်သည်ဟု မှတ်ယူကြပြီး နည်းသောသူတို့သည် နည်းပါးသောအချိန် ဖြစ်သည်' ဟူ၍ မှတ်ယူကြပေလိမ့်မည်။ အချို့သော သူတို့သည် ယင်းနေ့ကို နှစ်ပေါင်း (၁၀၀၀) ခန့်ဟူ၍ မှတ်ယူကာ အချို့သည်မူ နှစ်ပေါင်း (၅၀၀၀) ခန့် ကြာမြင့်သည်ဟူ၍ မှတ်ယူရလောက်သည့် အတိုင်းအတာခန့်ရှိပေသည်။

သဖ်စီးရေရှဟုလ်မအာနီကျမ်း၌ နောက်ထပ် အခြားသော ဖြစ်နိုင်ချေအချက်များကို အာလင်မ် သာသနာ့ပညာရှင်များနှင့် သူတော်စင်ကြီးများထဲမှ ဆင့်ဆိုချက်များ လာရှိထားပေသည်။ သို့ရာတွင် ထိုအချက်များအားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အကိုးအကားဖြင့် ညွှန်ပြခြင်း ခံထားရသောအချက်နှင့် လုံး၀ ယုံကြည်မှုရှိနိုင်သည့်အချက်ဟူ၍ မဆိုနိုင်၊ တွေးခေါ်မျှော်မှန်းထားသော အချက်များပင် ဖြစ်ပေသည်။ ထို့ကြောင့် အငြိမ်းချမ်းဆုံးသော လမ်းစဉ်မှာ အတိတ်ခေတ်ရှိ ဆွဟာဗာကြီးများနှင့် သာဗေအီးန်ကြီးများ ရွေးချယ်ကျင့်သုံးလေ့ရှိသော အချက်ကိုသာ ကျင့်သုံးရပေမည်။ ယင်းအချက်မှာ ထိုတစ်စနှင့် အဆ (၅၀) ကြား ကွာခြားမှုကို အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိတော်) အတွင်းသို့ အပ်နှင်း၍ ကိုယ်တိုင် 'ကျွန်ုပ်တို့ မသိရှိပေ' ဟူ၍သာ ပြောဆိုခြင်းအပေါ် တင်းတိမ်လိုက်ရပေမည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ယင်းအချက်နှင့် စပ်လျဉ်း၍ ဤသို့ အောက်ဖော်ပြပါ အတိုင်း အမိန့်ရှိတော်မူလိုက်ပေသည်။

هما يومان ذكرهما الله تعالى فى كتابه الله تعا لى اعلم بهما

واكره ان اقول فى كتاب الله مالا اعلم

အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြသော ရက်နှစ်ရက်၏ အခြေခံ ဇစ်မြစ်အချက်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိထားသော ကျွန်ုပ်မသိရှိသည့် အချက်ကို မိမိဘက်မှ ပြောဆိုခြင်းကို မနှစ်မြို့ပေ။

[အဗ်ဒုရ်ရဇ်ဇာက်ကျမ်း၊ ဟာကင်မ်ကျမ်း။]

ကမ္ဘာလောက၌ရှိသော အရာများအားလုံးသည် ၎င်းတို့၏ 'ဇာသ်' (ပင်ကိုယ်) ၌ အားလုံး ကောင်းမွန်ကာ ထိုအရာအား မှားယွင်းစွာ အသုံးပြုခြင်းဖြင့် မကောင်းမှု ပေါ်ပေါက်လာ ခြင်းအကြောင်း

اَلَّذِىٓ اَحۡسَنَ كُلَّ شَىۡءٍ خَلَقَهٗ

အကြင်အသျှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သော အရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ် ဖန်ဆင်းတော်မူခဲ့၏။ [၃၂ း ၇]

ယင်းသို့ ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူထားရခြင်း၏ အကြောင်းမှာ ဤကမ္ဘာလောကကြီး အတွင်း၌ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူလိုက်သော အရာတိုင်းကို ထိုအသျှင်မြတ်သည် အမြော် အမြင်နှင့် လောကကြီးအား အကျိုးတရားပြုစေရန်တည်းဟူသော လိုလားချက်အရ ဖန်ဆင်းထားတော်မူခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အရာတိုင်းသည် ၎င်း၏ 'ဇားသ်' (ပင်ကိုယ်) ကို ထောက်ရှု၍ ကောင်းမွန်လုပ မှုတစ်ရပ် ထားရှိထားပေသည်။ ထိုအရာများအားလုံးထက် အလှအပဆုံး၊ အကောင်းမွန်ဆုံးအရာအဖြစ် လူသားအား ဖန်ဆင်းထားသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ

لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ

ဧကန်မလွဲ ငါအသျှင်မြတ်သည် လူကို အကောင်းဆုံးသော အချိုးအစား၊ အရပ်အမောင်း၊ ပုံပန်း သဏ္ဌာန်၌ ဖန်ဆင်းတော်မူ၏။ [၉၅ း ၄]

ထို့ပြင် အခြားသော အဖန်ဆင်းခံများသည် ပြင်ပသဏ္ဌာန်အားဖြင့် အဘယ်မျှခန့်ပင် မကောင်းကာ ဆိုးယုတ်နေသည်ဖြစ်ပါစေ။ ခွေး၊ ဝက်၊ မြွေ၊ ကင်း၊ ကျား၊ ဝံပုလွေ စသည့် အဆိပ်အတောက်ရှိသော တိရစ္ဆာန်သတ္တဝါများနှင့် ကုတ်ဖဲ့စားသောက်သော သတ္တဝါများသည် အများသူငှာတို့၏ အရှုအမြင်၌ မကောင်းသော၊ ဆိုးရွားသော သတ္တဝါများဟူ၍ မှတ်ယူထားနေလင့်ကစား သို့ရာတွင် စကြဝဠာကြီးတစ်ခု လုံးကို အကျိုးပြုခြင်းအား ခြုံငုံ၍ ကြည့်ရှုမည်ဆိုလျှင် ထိုတိရစ္ဆာန်၊ သတ္တဝါများအတွင်း၌ မကောင်းမှု တစ်စုံတစ်ရာမျှ မရှိပေ။ တစ်ဦးတစ်ယောက်သည် မည်ကဲ့သို့ ကောင်းမွန်စွာ ဆိုထားပေသနည်း။

نہیں ہے چیز نکمی کوئی زمانے میں ⁘ کوئی برا نہیں قدرت کے کارخانے میں ؛

မည်သည့်ခေတ်ကာလတွင်မဆို ဆိုးယုတ်ညံ့ဖျင်းသော အရာဟူ၍ မရှိပေ။

တန်ခိုးတော်အသျှင်မြတ်၏ လက်ရာတော်များအတွင်းဝယ် မည်သည့်အရာတစ်စုံတစ်ရာမျှ မကောင်းသည်ဟူ၍ မရှိပေ။

ဟာဇရ်ဟာကီမုလ်အွမ္မသ်သခင်ကြီးက အမိန့်ရှိထားသည်မှာ كل شيء အရာဝတ္ထုတိုင်းအတွင်း၌ ရုပ်ပိုင်းဆိုင်ရာ နာမ်ဝတ္ထုပစ္စည်းနှင့် နာမ်ပိုင်းဆိုင်ရာ အချက်များအားလုံး ပါဝင်ပေသည်။ ဆိုလိုသည်မှာ ရုပ်နှင့် ခန္ဓာကိုယ် တည်ရှိသည့် အရာများ ဖြစ်သော ဥပမာ- သတ္တဝါများ၊ ပေါက်ပင်များ၊ ကျောက်သား များ အစရှိသော အရာများနှင့် စာရိတ္တနှင့် ကျင့်ကြံမှု နာမ်ပိုင်းဆိုင်ရာ အချက်များဖြစ်သော နောက်ဆုံး အဆင့်အနေဖြင့် ဆိုးရွားသော စာရိတ္တများဟူ၍ သတ်မှတ်ထားသော ဒေါသ၊ လောဘ၊ စိတ်ရိုင်း အစရှိ သော အချက်များသည်လည်း မိမိတို့၏ ပင်ကိုယ်အရ ဆိုးရွားသော အကျင့်အမူများ မဟုတ်ပေ။ ထိုအကျင့် များ ဆိုးရွားခြင်းသည် မသုံးစွဲသင့်သည့် နေရာ၌ သုံးစွဲခြင်းနှင့် နေရာမဲ့ အသုံးပြုသော နေရာတို့၌ ဖြစ်ပေါ် လာပေသည်။ မိမိ၏ သုံးစွဲသင့်၊ သုံးစွဲထိုက်သော နေရာ၌ အသုံးပြုမည်ဆိုလျှင်မူ ဆိုးရွားမှုတစ်စုံတစ်ရာမျှ

မရှိချေ။ သို့ရာတွင် ထိုအရာများအား ဖန်ဆင်းခြင်း၏ ရှုထောင့်အချက်မှာ အကောင်းချည်းဖြစ်စေရန်အတွက်သာ ဖြစ်ပေသည်။ ထိုအကျင့်အမူများ၏ ဒုတိယရှုထောင့်ကို လူသားတို့က ရှာဖွေကျင့်ကြံထားခြင်းသာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ မိမိ၏ ပင်ကိုယ်ရွေးချယ်မှုဖြင့် အလုပ်တစ်ခုအား ပြုလုပ်ခြင်းအတွင်း၌ အသုံးချလိုက်လျှင်မူ ယင်းရှုထောင့်ဖြင့် ကြည့်ရှုမည်ဆိုပါက အားလုံးသည် ကောင်းသောအရာ မဟုတ်တော့ပေ။ သို့သာမက ထိုအချက်များအတွင်း ထပ်မံ ရှင်းလင်းစွာ ပြောဆိုရသည့် အချက်မှာ အလ္လာဟ်အသျှင်မြတ် ပြုလုပ်ရန် ခွင့်မပြုထားသော အရာများမှာ မကောင်း၍ ဆိုးရွားသော အချက်များ ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

وَبَدَأَ خَلْقَ الْإِنْسَانِ مِنْ طِينٍ

ငင်းပြင် ထိုအသျှင်မြတ်သည် လူသားအား ရွှံ့ညွှန်ဖြင့် အစပြု၍ ဖန်ဆင်းတော်မူခဲ့သည်။

[၃၂ ÷ ၇]

ဤအာယသ်တော်၏ အလျင်တွင် အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာ၌ရှိသော အရာတိုင်းကို ကောင်းမွန်သော အရာများအဖြစ် ပြုလုပ်ဖန်ဆင်းထားတော်မူကြောင်း' ကို တင်ပြထားပေသည်။ ထို့နောက် ယင်းအရာများအတွင်း၌ သာပို၍ အလှအပ အကောင်းမွန်ဆုံးသော အရာအဖြစ် လူသားတို့အား ဖန်ဆင်းထားကြောင်းကို ပြဆိုထားပေသည်။ ထိုသို့ ဖန်ဆင်းတော်မူခြင်းနှင့်အတူ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်ကို ပြသရန်အတွက် 'အကြင်လူသားကို ငါအသျှင်မြတ်သည် ကျန်ရှိသော အဖန်ဆင်းခံများအားလုံးထက် အကောင်းဆုံးအဖြစ် ဖန်ဆင်းထားပေရာ ယင်းသို့ ဖန်ဆင်းခြင်း၌ အခြေခံ ဒြပ်ဝတ္ထုပစ္စည်းသည် အကောင်းဆုံးသော အရာဖြင့် ဖန်ဆင်းထားသည့်အတွက်ကြောင့် အကောင်းဆုံး၊ အမွန်မြတ်ဆုံး ဖြစ်နေခြင်းမဟုတ်ဘဲ အလွန် အဆင့်အတန်းနိမ့်ကျသော သေးသိမ်သော မနီ (သုက်ရည်) ဖြင့် ဖန်ဆင်းထားတော်မူပေသည်။ တစ်ဖန် ပြည့်စုံကုံလုံလှစွာသော တန်ခိုးတော်နှင့် ပြီးပြည့်စုံလှစွာသော အမြော်အမြင်တော်ဖြင့် ထိုအသေးသိမ်ဆုံးသောအရာကို မည်သည့်အဆင့်ထိတိုင် ပို့ဆောင်တော်မူလိုက်ပေသနည်း။ အမွန်မြတ်ဆုံး အဖန်ဆင်းခံအဖြစ် သတ်မှတ်ခြင်းခံရသည့် အဆင့်ထိတိုင် ပို့ဆောင်ပေးတော်မူလိုက်ပေသည်' ဟူသော အကြောင်းကို ပြဆိုထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَقَالُوا أَءِذَا ضَلَلْنَا فِي الْأَرْضِ أَءِنَّا لَفِي

خَلْقٍ جَدِيدٍ بَلْ هُمْ بِلِقَاءِ رَبِّهِمْ كَافِرُونَ ⑩

၃၂ း ၁၀ ။ ။ စင်စစ် ၎င်းတို့က 'မည်သို့ပါနည်း။ ကျွန်ုပ်တို့သည် (သေးမြေ့ကာ) မြေကြီးထဲ၌ ပျောက်ပျက်သွားခဲ့ကြပြီးသောအခါ၊ အသစ်ပြန်လည်၍ ဖန်ဆင်းခြင်းကို ခံကြရဦးမည်လော' ဟု ဆိုကြကုန်၏။ အမှန်စင်စစ် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံခြင်းကိုပင် ငြင်းပယ်သူများ ဖြစ်ကြကုန်၏။

قُلْ يَتَوَفّٰىكُمْ مَّلَكُ الْمَوْتِ الَّذِىْ وُكِّلَ بِكُمْ ثُمَّ اِلٰى رَبِّكُمْ تُرْجَعُوْنَ ⑪

၃၂ : ၁၁။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့နှင့် ပတ်သက်၍ ခန့်အပ်ထားခြင်း ခံရလေသော သေမင်းတမန်သည် အသင်တို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းလေသည်။ ထို့နောက် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ပင် ပြန်ရောက်စေခြင်းကို ခံကြရပေလိမ့်မည်။

وَلَوْ تَرٰٓى اِذِ الْمُجْرِمُوْنَ نَاكِسُوْا رُءُوْسِهِمْ عِنْدَ رَبِّهِمْ
رَبَّنَآ اَبْصَرْنَا وَسَمِعْنَا فَارْجِعْنَا نَعْمَلْ صَالِحًا اِنَّا مُوْقِنُوْنَ ⑫

၃၂ : ၁၂။ ။ (အို၊ နဗီတမန်တော်) အကြင်အခါဝယ် အပြစ်ရှိသူတို့သည် (လွန်စွာ ရှက်ကြောက်၍) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မိမိတို့၏ ဦးခေါင်းများကို စိုက်ချလျက် (ရပ်ကြစဉ်) အသင်သည် တွေ့မြင်ရပါလျှင် ထူးဆန်းစွာ တွေ့မြင်ရပေမည်။ (ထိုအခါဝယ် ၎င်းတို့သည်) 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (ယခုသော်) ကျွန်တော်မျိုးတို့သည် မြင်လည်းမြင်ကြပါပြီ။ ကြားလည်း ကြားကြပါပြီ။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ကမ္ဘာလောကသို့) ပြန်လည်၍ ပို့ပေးတော်မူပါ။ (ယခုတစ်ကြိမ်) ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ကြပါတော့မည်။ (ယခုသော်) ကျွန်တော်မျိုးတို့သည် ဧကန်မလွဲ ကောင်းစွာ ယုံကြည်သူများပင် ဖြစ်ကြပါပြီ' (ဟု လျှောက်ထား အသနားခံကြပေမည်။)

وَلَوْ شِئْنَا لَاٰتَيْنَا كُلَّ نَفْسٍ هُدٰىهَا وَلٰكِنْ حَقَّ الْقَوْلُ مِنِّىْ
لَاَمْلَئَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ اَجْمَعِيْنَ ⑬

၃၂ : ၁၃။ ။ (ထိုအခါ အသျှင်မြတ်က မိန့်ကြားတော်မူမည်။) စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင်၊ (အစကနဦးကပင်) လူတိုင်းလူတိုင်းအား ၎င်းတို့၏ တရားလမ်းမှန်ကို ပြပေးတော်မူခဲ့ပြီး ဖြစ်၏။ သို့ရာတွင် ဧကန်မုချ ငါအသျှင်မြတ်သည် 'ဂျင်န်'သတ္တဝါများဖြင့်လည်းကောင်း၊ လူသတ္တဝါများဖြင့်လည်းကောင်း တစ်ပြိုင်နက်တည်း 'ဂျဟန္နမ်'ငရဲဘုံကိုဖြည့်တော်မူမည်ဟူသော အမိန့်တော်သည် ငါအသျှင်မြတ်ထံတော်မှ အတည်ပြုပြီးဖြစ်၏။

فَذُوْقُوْا بِمَا نَسِيْتُمْ لِقَآءَ يَوْمِكُمْ هٰذَا
اِنَّا نَسِيْنٰكُمْ وَذُوْقُوْا عَذَابَ الْخُلْدِ بِمَا كُنْتُمْ تَعْمَلُوْنَ ⑭

၃၂ : ၁၄။ ။ (သို့ဖြစ်ပေရာ ၎င်းတို့သည် 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) ယခုသော် အသင်တို့သည် မိမိတို့၏ ဤနေ့ ဤရက်နှင့် တွေ့ဆုံကြရမည်ကို မေ့ပစ်ခဲ့ကြသောကြောင့် (ယင်း၏) အရသာကို မြည်းစမ်းကြကုန်လော့။ (ယခုသော်) ငါအသျှင်မြတ်သည်လည်း အသင်တို့အား မေ့ထားတော်မူလေပြီ။ ၎င်းပြင်

အသင်တို့သည် မိမိတို့ကျင့်မူလျက် ရှိခဲ့ကြကုန်သော အကျင့်အမူများကြောင့် ထာဝရအပြစ်ဒဏ်၏ အရသာကို (မြိန်ယှက်စွာ) မြည်းစမ်းကြကုန်လော့။

إِنَّمَا يُؤْمِنُ بِآيَاتِنَا الَّذِينَ إِذَا ذُكِّرُوا بِهَا خَرُّوا
سُجَّدًا وَسَبَّحُوا بِحَمْدِ رَبِّهِمْ وَهُمْ لَا يَسْتَكْبِرُونَ ۩ ﴿١٥﴾

၃၂ : ၁၅ ။ ။ စင်စစ် ငါအသျှင်မြတ်၏ အာယသ်တော်များကို အကြင်သူတို့သည်သာလျှင် သက်ဝင် ယုံကြည်ကြကုန်၏။ ထိုသူတို့သည် ယင်းအာယသ်တော်များဖြင့် သတိပေးခြင်းကို ခံခဲ့ကြရသောအခါ၊ ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေ၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အသျှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြသည့်အပြင် ၎င်းတို့သည် မာန်မာန ထောင်လွှားခြင်းလည်း မရှိကြပေ။

تَتَجَافَىٰ جُنُوبُهُمْ عَنِ الْمَضَاجِعِ يَدْعُونَ رَبَّهُمْ خَوْفًا وَطَمَعًا وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿١٦﴾

၃၂ : ၁၆ ။ ။ ထိုသူတို့၏ နံဘေးများသည် (တစ်နည်း) ကျောများသည် အိပ်ရာများမှ ခွဲခွာလျက် ရှိကြပေသည်။ ထိုသူတို့သည် မိမိတို့၏ အသျှင်မြတ်အား (ပြစ်ဒဏ်ကို) ကြောက်ရွံ့သောအားဖြင့်လည်းကောင်း၊ (အကျိုးစဝါးဇ်ကို) မျှော်လင့်သောအားဖြင့်လည်းကောင်း ဟစ်ခေါ်တသကြကုန်၏။ ထို့ပြင် ၎င်းတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးတော်မူခဲ့သည်များအနက်မှ သုံးစွဲလှူဒါန်းခြင်းကိုလည်း ပြုလုပ်ကြကုန်သည်။

فَلَا تَعْلَمُ نَفْسٌ مَّا أُخْفِيَ لَهُم مِّن قُرَّةِ أَعْيُنٍ جَزَاءً بِمَا كَانُوا يَعْمَلُونَ ﴿١٧﴾

၃၂ : ၁၇ ။ ။ စင်စစ် မိမိတို့အဖို့၊ မိမိတို့ ကျင့်မူလျက် ရှိခဲ့ကြသည်များ၏ အကျိုးကျေးဇူးအဖြစ်၊ လျှို့ဝှက်စွာ ထားရှိပြီးဖြစ်သော ('ဂျန္နသ်' သုခဘုံတွင် ရှိမည့်) မျက်စိအေးမြ ကြည်လင်မှုကို မည်သူတစ်ဦးတစ်ယောက်မျှပင် မသိကြပေ။

أَفَمَن كَانَ مُؤْمِنًا كَمَن كَانَ فَاسِقًا ۚ لَّا يَسْتَوُونَ ﴿١٨﴾

၃၂ : ၁၈ ။ ။ သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင် ယုံကြည်သူသည် အမိန့်တော်ကို ဖီဆန်သောသူကဲ့သို့ ဖြစ်နိုင်ပါသလော။ (အလျှင်းမဖြစ်နိုင်ပေ။) ၎င်းတို့သည် (တစ်ဦးနှင့်တစ်ဦး) မတူကြပေ။

أَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ جَنَّاتُ الْمَأْوَىٰ نُزُلًا بِمَا كَانُوا يَعْمَلُونَ ﴿١٩﴾

၃၂ : ၁၉ ။ ။ မည်သို့ပင်ဖြစ်စေ အီမာန်သက်ဝင်ယုံကြည်မှု ထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့အဖို့ (အမြဲထာဝရ) ခိုလှုံ (စံမြန်း) နေထိုင်ရာ ဥယျာဉ်များ ရှိကြပေမည်။ (၎င်းသည်) ၎င်းတို့ ကျင့်မူလျက် ရှိခဲ့ကြသည့် (ကောင်းမြတ်သည့်) အကျင့်အမူများကြောင့် ဧည့်ခံခြင်းပင် ဖြစ်ပေသည်။

وَأَمَّا الَّذِينَ فَسَقُوا
فَمَأْوَاهُمُ النَّارُ كُلَّمَا أَرَادُوا أَنْ يَخْرُجُوا مِنْهَا أُعِيدُوا فِيهَا وَ
قِيلَ لَهُمْ ذُوقُوا عَذَابَ النَّارِ الَّذِي كُنْتُمْ بِهِ تُكَذِّبُونَ ۝٢٠

၃၂ း ၂၀ ။ ။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အမိန့်တော်ကို ဖီဆန်ခဲ့ကြကုန်သော သူတို့၏ ခိုလှုံရာ နေရာထိုင်ခင်းမှာမူ ငရဲဘုံပင် ဖြစ်လေ၏။ ၎င်းတို့သည် မည်သည့်အခါမျိုးမဆို ယင်းငရဲဘုံမှ (လွတ်မြောက်) ထွက် (ပြေး) ရန် ကြံရွယ်တိုင်း ယင်းငရဲဘုံသို့ပင် ပြန်လည်တွန်းပို့ခြင်းကို ခံကြရပေမည်။ ထို့ပြင် ၎င်းတို့မှာ 'အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လျက် ရှိခဲ့ကြကုန်သော ငရဲမီး၏ အပြစ်ဒဏ်ကိုပင် မြည်းစမ်းကြလေကုန်' ဟု ပြောဆိုခြင်းကိုလည်း ၎င်းတို့သည် ခံကြရပေမည်။

وَلَنُذِيقَنَّهُمْ مِنَ الْعَذَابِ الْأَدْنَىٰ دُونَ الْعَذَابِ
الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ ۝٢١

၃၂ း ၂၁ ။ ။ ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်မှု၊ တုဖက်နိုင်းယှဉ် ကိုးကွယ်မှုများကို စွန့်ပြီး) ပြန်လှည့်၍ လာကြရန်အလို့ငှာ၊ မုချစင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ထိုကြီးစွာသော ပြစ်ဒဏ်အပြင် ဤမျက်မှောက်ပစ္စုပ္ပန်၌ပင် သေးငယ်သော ပြစ်ဒဏ်ကိုလည်း မြည်းစမ်းစေတော်မူဦးမည်။

وَمَنْ أَظْلَمُ مِمَّنْ ذُكِّرَ
بِآيَاتِ رَبِّهِ ثُمَّ أَعْرَضَ عَنْهَا إِنَّا مِنَ الْمُجْرِمِينَ مُنْتَقِمُونَ ۝٢٢

၃၂ း ၂၂ ။ ။ အကြင်သူထက် ပို၍ မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များဖြင့် သတိပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ထိုသူသည် ယင်းအာယသ်တော်များမှ မျက်နှာလွှဲခဲ့၏။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အပြစ်ရှိသူတို့အား တုံ့ပြန်လက်စားချေတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ၎င်း (ကာဖိရ်) တို့က မည်သို့ပါနည်း။ ကျွန်ုပ်တို့သည် (ဆွေးမြေ့စရာ ထွေးကာ) မြေကြီးအတွင်း၌ ပျောက်ပျက်သွားခဲ့ကြပြီးသောအခါ ('ကေယာမသ်' နေ့၌) အသစ်ပြန်လည်၍ ဖန်ဆင်းခြင်းကို ခံကြရဦးမည်လော' ဟု ဆိုကြကုန်၏။ (ဤသူတို့သည် ပြန်လည် ရှင်ပြန်ထရမည့်အပေါ် အံ့သြနေကြရုံသာမက 'ပမာဆိုရသော် ပြင်သဏ္ဍာန်အားဖြင့် ၎င်းတို့၏ ပြောဆိုမှုအသွင်သဏ္ဍာန်မှ သိရှိရပေသည်။ သို့သာမက) အမှန်စင်စစ် ၎င်းတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံ

ခြင်းကိုပင် ငြင်းပယ်သောသူများ ဖြစ်ကြကုန်၏။ (၎င်းတို့၏ ဤမေးခွန်းဝါကျသည် ငြင်းဆိုခြင်းသာ ဖြစ်ပေသည်။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား တုန့်ပြန်) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့နှင့်ပတ်သက်၍ (အလ္လဟ်အသျှင်မြတ်၏ ဘက်တော်မှ) ခန့်အပ်ထားခြင်းခံရလေသော သေမင်းတမန်သည် အသင်တို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းလေသည်။ ထို့နောက် အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ပင် ပြန်ရောက်စေခြင်းကို ခံကြရပေလိမ့်မည်။ (တုန့်ပြန် ဖြေကြားရာ၌ အဓိကမူရင်းအချက်သည် ဤ تُرْجَعُوْنَ 'ပြန်ရောက်စေခြင်းကို ခံကြရပေလိမ့်မည်' ပင် ဖြစ်သည်။ ထို့ပြင် ကြား၌ يَتَوَفّٰكُمْ '(အသက်ဇီဝိန်ကို နှုတ်သိမ်းလေသည်) ဟူသော စကားလုံးတို့ကို တိုးထည့်ပေးထားခြင်းသည် ကြောက်ရွံ့စေရန်အတွက် ဖြစ်ပေသည်။ အကြောင်းမှာ သေခြင်းတရားသည်လည်း ကောင်းကင်တမန်တော်ကို အကြောင်းခံ၍ ရောက်ရှိလာပေလိမ့်မည်။ အကြင်ကောင်းကင်တမန်သည် အသက်ကို နှုတ်သိမ်းချိန်၌ အသင်တို့အား ထုထောင်းရိုက်နှက်မှုကိုလည်း ပြုကြပေလိမ့်မည်။ ပမာဆိုရသော် အခြားသော အာယသ်တော်အတွင်း၌

يَتَوَفَّى الَّذِيْنَ كَفَرُوا الْمَلٰئِكَةُ يَضْرِبُوْنَ وَجُوْهَهُمْ وَاَدْبَارَهُمْ

အကယ်၍ ကောင်းကင်တမန်တော်များသည် ကာဖိရ် (သွေဖည်ငြင်းပယ်သောသူ) တို့၏ အသက်ဝိညာဉ်ကိုနှုတ်ယူစဉ် ၎င်းတို့၏မျက်နှာများနှင့် ကျောကုန်းများကို ရိုက်နှက်ကြသည့်အပြင်။) / ၈ : ၅၀ /

ဟူ၍ မိန့်တော်မူထားပေသည်။ သို့ရှိရာ သေဆုံးပြီးနောက် နောက်ဆုံးအဖြစ်သည် မြေကြီးအဖြစ်သို့ ရောက်ရှိသွားခြင်းသာ မဟုတ်ပေ။ ပမာပြောရမည်သော် အသင်တို့ ပြောဆိုသော

ءَاِذَا ضَلَلْنَا (မြေကြီးအတွင်း၌ ပျောက်ပျက်သွားခဲ့ကြပြီးသောအခါ) [၃၂ : ၁၀]

ဟူသော အာယသ်တော်မှ သိရှိရလေသည်။

تُرْجَعُوْنَ (ပြန်လည်ရောက်ရှိစေခြင်းကို ခံကြရပေလိမ်မည်။) [၃၂ : ၁၁]

ဟူသော အာယသ်တော်မှ ညွှန်ပြနေသော ပြန်လည်ရောက်ရှိချိန်၌ (အို၊ နဗီတမန်တော်) အကြင်အခါဝယ် အပြစ်ရှိသူ (၏ အခြေအနေ) သည် (လွန်စွာ ရှက်ကြောက်၍) မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် မိမိတို့၏ ဦးခေါင်းများကို ရိုက်ချလျက် (ရပ်ကြစဉ်) အသင်သည် တွေ့မြင်ရပါလျှင် ထူးဆန်းစွာ တွေ့မြင်ရပေမည်။ (ထိုအခါဝယ် ၎င်းတို့သည် 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ (ယခုသော်) ကျွန်တော်မျိုးတို့သည် မြင်လည်း မြင်ကြပါပြီ။ ကြားလည်း ကြားကြပါပြီ။ (နဗီတမန်တော်များ ပြောကြားခဲ့သော တရားဒေသနာများအားလုံးသည် မှန်ကန်ကြောင်းကို သိရှိရပါပြီ။) သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ကမ္ဘာလောကသို့) ပြန်လည်

၍ ပို့ပေးတော်မူပါ။ (ယခုအကြိမ် ကမ္ဘာလောကသို့ ပြန်လည်ရောက်ရှိမည်ဆိုပါက) ကျွန်တော်မျိုးတို့သည် (ကောင်းစွာ) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှု ဆောက်တည်ကြပါတော့မည်။ (ယခုသော်) ကျွန်တော်မျိုးတို့သည် ဧကန်မလွဲ ကောင်းစွာ ယုံကြည်သူများပင် ဖြစ်ကြပါပြီ။ (ဟု လျှောက်ထားအသနားခံကြပေမည်။)

(၄င်းတို့၏ ဤသို့ ပြောဆိုမှုသည် လုံး၀ အချည်းနှီး အလဟဿ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါ ထိုအသျှင်မြတ်က မိန့်ကြားတော်မူပေမည်။) စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် (ဤသည်ကို) အလိုရှိတော်မူခဲ့ပါလျှင် (အစကနဦးကပင်) လူတိုင်းလူတိုင်းအား ၄င်းတို့၏ (မှန်ကန်သော လွတ်မြောက်ကြောင်း) တရားလမ်းမှန်ကို ပြပေးတော်မူခဲ့ပြီး ဖြစ်၏။ (အဓိကရည်ရွယ်ချက်ပန်းတိုင်ထိတိုင် မုချ ပို့ဆောင်ပေးတော်မူမည် ဖြစ်ပေသည်။ ပမာဆိုရသော် 'ဟေဒါယသ်'၏ အဓိပ္ပာယ်သည် အဓိကရည်ရွယ်ချက် လမ်းခရီးပန်းတိုင်ကို ပြသခြင်းပင် ဖြစ်ပေသည်။ ထိုခရီးပန်းတိုင်ကို ၄င်းတို့အား ချီးမြှင့်ပြသပေးတော်မူမည် ဖြစ်ပေသည်။) သို့ရာတွင် ဧကန်မုချ ငါအသျှင်မြတ်သည် (ကာဖိရ်) ဂျင်န်သတ္တ၀ါများဖြင့်လည်းကောင်း၊ (ကာဖိရ်) လူသတ္တ၀ါများဖြင့်လည်းကောင်း တစ်ပြိုင်နက်တည်း 'ဂျဟန္နမ်'ငရဲဘုံကို ဖြည့်တော်မူမည်ဟူသော (ငါအသျှင်မြတ်၏ များစွာသော အမြော်အမြင်တော်များဖြင့် ပြည့်နှက်နေသည့် ကမ္ဘာ့ကနဦး) အမိန့်တော်သည် ငါအသျှင်မြတ်ထံတော်မှ အတည်ပြုပြီး ဖြစ်၏။ (အချို့သော အမြော်အမြင်တော်များအကြောင်းကို 'စူရာဟ်ဟူးဒ်'၏ အဆုံးပိုင်းရှိ ဤအာယသ်တော်ကဲ့သို့သော ဆင်တူယိုးမှား အာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။)

(သို့ဖြစ်ပေရာ ၄င်းတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) ယခုသော် အသင်တို့သည် မိမိတို့၏ ဤနေ့ဤရက်နှင့် တွေ့ဆုံကြရမည်ကို မေ့ပစ်ခဲ့ကြသောကြောင့် (ယင်း၏) အရသာကို မြည်းစမ်းကြကုန်လော့။ (ယခုသော်) ငါအသျှင်မြတ်သည်လည်း အသင်တို့အား မေ့ထားတော်မူလေပြီ။ (ဆိုလိုသည်မှာ ကရုဏာတော်မှ ကင်းဝေးစေတော်မူလိုက်လေသည်။ အကြောင်းအချက်ကို သွယ်ဝိုက်သောနည်းဖြင့် မေ့ထားတော်မူသည်ဟု မိန့်ဆိုလိုက်ခြင်း ဖြစ်ပေသည်။) ၄င်းပြင် (ငါအသျှင်မြတ်သည် မြည်းစမ်းကုန်ဟူ၍ မိန့်ထားတော်မူပေသည်။ ဤသို့ မိန့်ထားတော်မူခြင်းသည်လည်း တစ်ရက်၊ နှစ်ရက်တာအတွက် မဟုတ်ဘဲ ၄င်း၏ ဇစ်မြစ်အချက်မှာ) အသင်တို့သည် မိမိတို့ ကျင့်မူလျက်ရှိခဲ့ကြကုန်သော (မကောင်းသော) အကျင့်အမူများကြောင့် ထာဝရအပြစ်ဒဏ်၏ အရသာကို (မြိန်ရှက်စွာ) မြည်းစမ်းကြကုန်လော့။ (ဤသည် ကာဖိရ်တို့၏ အခြေအနေနှင့် အဆုံးရလဒ်ပင် ဖြစ်ပေသည်။)

(ရှေ့၌ မုအ်မင်န်တို့၏ အခြေအနေနှင့် နောက်ဆုံးအကျိုးဆက်တရားကို မိန့်မြွက်ထားပေသည်။) စင်စစ် ငါအသျှင်မြတ်၏ အာယသ်တော်များကို အကြင်သူတို့သည်သာလျှင် သက်ဝင်ယုံကြည်ကြကုန်၏။ ထိုသူတို့သည် ယင်းအာယသ်တော်များဖြင့် သတိပေးခြင်းကို ခံခဲ့ကြရသောအခါ ၄င်းတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေ၏။ (အကြောင်းအချက်၏ စီစစ်သုတေသန

ပြုခြင်း အချက်ကို 'စူရာဟ်မရ်ယမ်'၏ 'ရုကူအ်'နံပါတ် (၄) ၌ တင်ပြပြီးဖြစ်ပေသည်။) ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အသျှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြသည့်အပြင် ၎င်းတို့သည် (အီမာန်ယုံကြည်ခြင်းတရားနှင့် စပ်လျဉ်း၍) မာန်မာနထောင်လွှားခြင်းလည်း မရှိကြချေ။ (ပမာဆိုရသော် ကာဖိရ်တို့၏ အခြေအနေနှင့် စပ်လျဉ်း၍

وَلَّى مُسْتَكْبِرًا

(မာန်မာနထောင်လွှားကာ မျက်နှာလွှဲ၍ သွားလေတော့၏။) [၃၁း၇]

ဟူသော အခြေအနေမျိုးဖြစ်ရှိနေကြပေသည်။ ဤအချက်သည်မူ မုအ်မင်န်တို့၏ ထောက်ခံ၊ ဝန်ခံခြင်းနှင့် အကျင့်စာရိတ္တတို့၏ အခြေအနေပင် ဖြစ်ပေသည်။ ၎င်းတို့ ကျင့်ကြံ ပြုမူဆောင်ရွက်ချက်၏ ညပိုင်းအခြေအနေမှာ) ထိုသူတို့၏ နံဘေးများသည် (တစ်နည်း) ကျောများသည် အိပ်ယာများမှ ခွဲခွာလျက် ရှိကြပေသည်။

('အေရှာဟ်ဖွရ်ဇ်') နမာဇ်ဝတ်ပြုရန်အတွက်ဖြစ်စေ၊ 'သဟဂျ်ဂျုဒ်နမာဇ်' ဝတ်ပြုရန်အတွက်ဖြစ်စေ၊ ထိုအချက်ကြောင့် ဆင့်ပြန်ချက်များအားလုံး စုစည်းသွားပေသည်။ ခွဲခွာခြင်းသည်လည်း အခြေအနေမဲ့ ပုံစံမျိုးဖြင့်မဟုတ်ဘဲ ဤဖော်ပြပါပုံစံမျိုးဖြင့် ခွဲခွာလျက် ရှိကြပေသည်။) ထိုသူတို့သည် မိမိတို့၏ အသျှင်မြတ်အား (ပြစ်ဒဏ်ကို) ကြောက်ရွံ့သောအားဖြင့်လည်းကောင်း (အကျိုးစဝါးဗ်) ကို မျှော်လင့်သောအားဖြင့်လည်းကောင်း ဟစ်ခေါ်တသကြကုန်၏။ (ထိုအချက်များတွင် နမာဇ်၊ ဒိုအာနှင့် 'ဇိကိရ်' အလ္လာဟ်အသျှင်မြတ်အား တသ သတိရခြင်း' များ ပါဝင်သွားပေသည်။) ထို့ပြင် ၎င်းတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးတော်မူခဲ့သည်များအနက်မှ သုံးစွဲလှူဒါန်းခြင်းကိုလည်း ပြုလုပ်ကြကုန်သည်။ (အလိုသဘောမှာ အီမာန်ရှင်များ၏ အရည်အချင်းများသည် ဤအထက်ဖော်ပြပါ အရည်အချင်းများ ဖြစ်ပေသည်။ အကြင်အရည်အချင်းများအတွင်းမှ အချို့သော အရည်အချင်းများသည်မူ ပင်ကိုယ်အီမာန်အဖို့ မူတည်နေသော အချက်များဖြစ်၍ အချို့သည် အီမာန်ကို ပြည့်ဝစေသော အချက်များ ဖြစ်ပေသည်။)

စင်စစ် မိမိတို့အဖို့ မိမိတို့ (ကောင်းစွာ) ကျင့်မူလျက် ရှိခဲ့ကြသည်များ၏ (အကျိုးကျေးဇူးအဖြစ် လျှို့ဝှက်စွာ ထားရှိပြီးဖြစ်သော ('ဂျန္နသ်' သုခဘုံတွင် ရှိမည့်) မျက်စိအေးမြ ကြည်လင်မှုကို မည်သူတစ်ဦးတစ်ယောက်မျှပင် မသိကြပေ။

(အဖွဲ့နှစ်ရပ်စလုံး၏ အခြေအနေနှင့် အချုပ်ဇာတ်လမ်းကို သိရှိပြီးဖြစ်မူ) သို့ဖြစ်ပေရာ (ယခု ပြောဆိုပြသကြကုန်) မုအ်မင်န်သက်ဝင်ယုံကြည်သူသည် အမိန့်တော်ကို ဖီဆန်သောသူ (ကာဖိရ်) ကဲ့သို့ ဖြစ်နိုင်ပါသလော။ (အလျှဉ်းမဖြစ်နိုင်ပေ။) ၎င်းတို့သည် (တစ်ဦးနှင့်တစ်ဦး အခြေအနေများအရသော်လည်းကောင်း၊ နိဂုံးချုပ်အရသော်လည်းကောင်း) မတူကြပေ။ (သို့ရာ ယခု သိရှိပြီလည်း ဖြစ်ပေသည်။ နိဂုံးချုပ်ဇာတ်သိမ်းတန်းတူ မဖြစ်ရှိနိုင်ခြင်းကို လေးနက်စွာ အကျယ်ချဲ့ဖြစ်စေရန် တစ်ဖန် ထပ်ဆင့် နားထောင်ကြကုန်။)

မည်သို့ပင်ဖြစ်စေ အီမာန်သက်ဝင်ယုံကြည်မှု ထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှု ဆောက်တည်ခဲ့ကြကုန်သော သူတို့အဖို့ (အမြဲထာဝရ) ခိုလှုံ (စံမြန်း) နေထိုင်ရာ ဥယျာဉ်များ ရှိကြပေမည်။ (ဤသည် ၎င်းတို့ ကျင့်မှုလျက် ရှိခဲ့ကြသော (ကောင်းမြတ်သည်) အကျင့်အမူများကြောင့် ဧည့်ခံခြင်းပင် ဖြစ်ပေသည်။ ဤအရာများသည် ၎င်းတို့အဖို့ ဂုဏ်ရှိစွာဖြင့် ရရှိပေလိမ့်မည်။ လိုလားတောင့်တလျက် ရှိနေသော တောင်းရမ်းသူပမာ ဂုဏ်မဲ့၊ တန်ဖိုးမဲ့စွာဖြင့် ရရှိလိမ့်မည်မဟုတ်ပေ။)

သို့ရာတွင် မည်သို့ပင်ဖြစ်စေ အမိန့်တော်ကို ဖီဆန်ခဲ့ကြကုန်သော သူတို့၏ ခိုလှုံရာနေရာထိုင်ခင်းမှာမူ ငရဲဘုံပင် ဖြစ်လေ၏။ ၎င်းတို့သည် မည်သည့်အခါမျိုး၌မဆို ယင်းငရဲဘုံမှ (လွတ်မြောက်) ထွက် (ပြေး) ရန် ကြံရွယ်တိုင်း (နက်ရှိုင်းသည့်အတွက်ကြောင့်သော်လည်းကောင်း၊ တံခါးများ သော့ခတ်ထားသည့်အတွက်ကြောင့်သော်လည်းကောင်း အစပ်ရှိရာဆီသို့ တိုးထွက်သွားနေလင့်ကစား မထွက်နိုင်ဘဲ ရှိကာ၊ သို့ရာတွင် ဤကဲ့သို့သော အချိန်အခါ၌ ဤအပြုအမူ၊ လှုပ်ရှားမှုသည် ဗီဇသဘောအရသာ ဖြစ်ပေသည်) ယင်းငရဲဘုံသို့ပင် ပြန်လည်တွန်းပို့ခြင်းကို ခံကြရပေမည်။ ထို့ပြင် ၎င်းတို့မှာ 'အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လျက် ရှိခဲ့ကြကုန်သော ငရဲမီး၏ အပြစ်ဒဏ်ကိုပင် မြည်းစမ်းကြလေကုန်' ဟု ပြောဆိုခြင်းကိုလည်း ၎င်းတို့သည် ခံကြရပေမည်။ (ထိုချိန်းဆိုထားသော ပြစ်ဒဏ်သည် နောင်တမလွန် 'အာခေရသ်' ၌ ဖြစ်ပေသည်။)

ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်မှု၊ တုဖက်နိုင်းယှဉ် ကိုးကွယ်မှုများကို စွန့်ပြီး) ပြန်လှည့်၍ လာကြရန်အလို့ငှာ မုချစင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ထိုကြီးစွာသော (တမလွန် 'အာခေရသ်' ၏) ပြစ်ဒဏ်အပြင် ဤမျက်မှောက်ပစ္စုပ္ပန်၌ပင် (ဆိုက်ရောက်လာမည်ဖြစ်သော) သေးငယ်သည့် ပြစ်ဒဏ်ကိုလည်း မြည်းစမ်းစေတော်မူဦးမည်။ (ဥပမာ- ရောဂါများနှင့် ဘေးဒုက္ခများပင် ဖြစ်ပေသည်။ ဒုရ်ရေမန်စူးကျမ်း၌ တမန်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက်သော်လည်းကောင်း၊ ဆွဟာဗာကြီးတစ်ပါးပါးထံမှ တစ်ဆင့်ခံ၍သော်လည်းကောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။ အဘယ်ကြောင့်ဆိုသော် ရောဂါများနှင့် ဘေးဒုက္ခများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းလှစွာသော မိန့်မြွက်ချက်နှင့်အညီ များသောအားဖြင့် မကောင်းမှုတို့၏ အကြောင်းခံကြောင့် ရောက်ရှိလာခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ اَيْدِى النَّاسِ

لِيُذِيْقَهُمْ بَعْضَ الَّذِىْ عَمِلُوْا لَعَلَّهُمْ يَرْجِعُوْنَ

(လူတို့၏ လက်များသည် မကောင်းမှုဒုစရိုက်များကို ရှာဖွေဆည်းပူးခဲ့ကြသောကြောင့် ကုန်းမြေ၌လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၌လည်းကောင်း ပျက်စီးမှု ဘေးဒုက္ခများသည် ဖြစ်ပေါ်နေချေပြီ။ နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ၎င်းတို့ ကျင့်မူခဲ့ကြသော ပြစ်မှုအချို့၏ အရသာကို ၎င်းတို့အား မြည်းစမ်း

စေတော်မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၄င်းတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များမှ ကောင်းမှုသုစရိုက်သို့ ပြန်လှည့်ကြပေမည်။) *[၃၀ း ၄၁]*

သို့ရှိရာ တစ်ဖန် ရပ်တန့်က မရပ်တန့်သော သူတို့အဖို့ ကြီးကျယ်လှစွာသော 'အဇားဗ်'အပြစ်ဒဏ်သည် ရှိ၍နေမည်သာ ဖြစ်ပေသည်။

(ဤကဲ့သို့သော ပြစ်ဒဏ်ကျရောက်ခြင်းအပေါ် အံ့သြမှုတစ်စုံတစ်ရာ မဖြစ်သင့်ပေ။ အဘယ်ကြောင့် ဆိုသော်) အကြင်သူထက် ပို၍ မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် ၄င်းအား မွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များဖြင့် သတိပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ထိုသူသည် ယင်းအာယသ်တော်များမှ မျက်နှာလွှဲခဲ့၏။ (သို့ဆိုလျှင် ၄င်းအဖို့ ပြစ်ဒဏ်ထိုက်ခြင်း၌ မည်ကဲ့သို့ သံသယရှိနိုင်အံ့နည်း။ ထို့ကြောင့်) စေကန်မလွဲ ငါအသျှင်မြတ်သည် အပြစ်ရှိသူတို့အား တုန့်ပြန်လက်စားချေတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُلْ يَتَوَفَّـٰكُم مَّلَكُ ٱلْمَوْتِ ٱلَّذِى وُكِّلَ بِكُمْ

အသင်သည် ပြောဆိုပါလေ။ အသင်တို့နှင့် ပတ်သက်၍ ခန့်အပ်ထားခြင်း ခံရလေသော သေမင်းတမန်သည် အသင်တို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းလေသည်။ *[၃၂ း ၁၁]*

ဤအာယသ်တော်၏အလျှင် အာယသ်တော်အတွင်း၌ 'ကေယာမသ်'နေ့ကို ငြင်းဆိုသောသူများအား သတိပေးခြင်းနှင့် 'သေပြီးကား မြေကြီးဖြစ်သွားကာ ထို့နောက်တစ်ဖန် မည်ကဲ့သို့ အသက်ရှင်ပြန်ထရမည်' ဟူသော အံ့အားသင့်နေသော အချက်အား တုန့်ပြန်ဖြေကြားထားပေသည်။ ဤအာယသ်တော်အတွင်း၌ 'မိမိ၏ သေခြင်းတရားအပေါ် သေချာကျနစွာ စမ်းစစ်လေ့ကြည့်ရှုမည်ဆိုလျှင် ထိုအချက်ကိုယ်တိုင်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်၏ အကြီးစားဆုံးသော ပြယုဂ်တစ်ရပ်ဖြစ်ကြောင်း၊ အသင်တို့သည် မိမိတို့၏ မသိမိုက်မဲမှုကြောင့် 'လူသားတို့အဖို့ သေခြင်းတရားသည် အလိုအလျောက် ဆိုက်ရောက်လာခြင်း ဖြစ်ကြောင်း'၊ စင်စစ် ဤသို့မဟုတ်ကြောင်း၊ သို့သာမက အလ္လာဟ် အသျှင်မြတ်၏ ထံတော်ပါး၌ အသင်တို့ ကွယ်လွန်သေဆုံးရန် အချိန်တစ်ချိန်သည် သတ်မှတ်ထားကြောင်း၊ ထိုကိစ္စရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကောင်းကင်တမန်တော်များအား သီးသန့် စီမံကိန်းတစ်ရပ်အဖြစ် ထားရှိထားကြောင်း၊ အကြင်ကောင်းကင်တမန်တော်များအတွင်း၌ ဟဇရသ် အိဇ္ဇရာအီးလ် ﷺ သည် အကြီးကျယ်ဆုံးသော ကောင်းကင်တမန်တော်တစ်ပါးဖြစ်ကြောင်း၊ အကြောင်းမှာ ကမ္ဘာတစ်ခွင်လုံးရှိ သေခြင်းတရား၏ စီမံကိန်းကို ၄င်း၏လက်ဝယ်အတွင်းသို့ အပ်နှင်းထားခြင်းဖြစ်ကြောင်း၊ အကြင်သူတစ်ဦးတစ်ယောက်အဖို့ ကွယ်လွန်သေဆုံးရမည့်အချိန်နှင့် နေရာကို သတ်မှတ်ထားပေရာ ထိုအချိန်

ကတိ၌ ၎င်း၏ 'ရူးဟ်' (ဝိညာဉ်) ကို နှုတ်သိမ်းမည်ဖြစ်ကြောင်း' ဟူသော အကြောင်းကို တင်ပြထားပေးသည်။ တင်ပြလျက်ရှိသော အာယသ်တော်သည် ဤအထက်တင်ပြပါ အကြောင်းအရာများကို တင်ပြထားပေးသည်။ ဤအာယသ်တော်အတွင်း၌ مَلَكُ الْمَوْتِ (ဟူ၍) ကောင်းကင်တမန်ကို တစ်ခုကိန်းအဖြစ် အသုံးပြုထား၍ အလိုသဘောမှာ ဟဇရသ်အီဇ္ဇရာအီးလ်ဖြစ်ကြောင်း၊ အခြားသောအာယသ်တော်အတွင်း၌

اَلَّذِيْنَ تَتَوَفّٰهُمُ الْمَلٰٓئِكَةُ

အကြင်သူတို့အား ကောင်းကင်တမန်တော်တို့သည် ၎င်းတို့၏ အသက်ဇီဝိန်ကို နှုတ်ယူကြသည်။
[၁၆ : ၃၁]

ဟူ၍ ကောင်းကင်တမန်တော်များကို အများကိန်းအဖြစ် အသုံးပြုထားပေးသည်။ ထိုသို့ မိန့်မြွက်ရာ၌ 'ဟဇရသ်အီဇ္ဇရာအီးလ် ﷺ သည် တစ်ပါးတည်း ဤသတ်မှတ်ထားပေးသော ကိစ္စရပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ၎င်း၏ လက်အောက်ခံ၌ များစွာသော ကောင်းကင်တမန်တော်များသည် ၎င်းနှင့် အတူတကွ တွဲဖက်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း' ကို ရည်ညွှန်း ဖော်ထုတ်ထားဟန် တူပေသည်။

'ရူးဟ်' (ဝိညာဉ်) နှုတ်သိမ်းခြင်းနှင့် သေမင်းတမန်နှင့် စပ်လျဉ်းသော အချို့သိမှတ်ဖွယ်ရာ အကျယ်ချဲ့ ရှင်းလင်းချက်များ

သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော မုဂျာဟိဒ်သခင်ကြီးက ဤသို့ အမိန့်ရှိထားပေးသည်။ စကြဝဠာလောကတစ်ခုလုံးသည် 'မာလကုလ်မောက်သ်' (သေမင်းတမန်) ၏ ရှေ့၌ 'လူတစ်ဦး၏ရှေ့ဝယ် သီးနှံမျိုးစေ့များ ထည့်ထားသော လင်ပန်းတစ်ချပ်ပမာပင် ဖြစ်ပေသည်။ အကြင်မည်သည့်မျိုးစေ့ကိုမဆို ကောက်ယူလိုသည်ဆိုလျှင် ကောက်ယူ၍ ရရှိပေသည်။' ဤစာစဉ်အကြောင်းအရာသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ တိုက်ရိုက် ဆင့်ပြန်ချက်အတွင်း၌ လာရှိထားသော ဟဒီးစ်တော်တစ်ရပ်၌လည်း ပါရှိထားပေးသည်။ *[ကုရ်သုဗီသခင်ကြီး၏ သဖ်ဆေးရကျမ်း]*

အခြားသော ဟဒီးစ်တော်တစ်ရပ်အတွင်း၌ တမန်တော်မြတ် ﷺ သည် တစ်ကြိမ်တစ်ခါက အန်စွာရီဆွဟာဗာတစ်ပါး၏ ခေါင်းရင်း၌ သေမင်းတမန်ကို တွေ့မြင်ရာ 'ငါကိုယ်တော်၏ ဆွဟာဗာကို နူးညံ့သိမ်မွေ့စွာ ဆက်ဆံ' ဟူ၍မိန့်တော်မူရာ ၎င်းက 'ကျွန်ုပ်သည် မုအ်မင်နတိုင်းအား နူးညံ့သိမ်မွေ့စွာ ဆက်ဆံပေသည်။ မြို့များ၊ ရွာများ၊ တောများ၊ တောင်များနှင့် မြစ်ပင်လယ်များအတွင်း၌ ရှိသူ တစ်ဦးချင်းကို ကျွန်ုပ်သည် တစ်နေ့လျှင် (၅) ကြိမ် ကြည့်ရှုပေသည်။ ထို့ကြောင့် လူကြီး၊ လူငယ် မည်သည့် တစ်ဦးတစ်ယောက်ကိုမဆို ကျွန်ုပ်သည် တိုက်ရိုက် သိရှိပေသည်။ အို့, ကိုယ်တော် (မိုဟမ္မဒ် ﷺ)၊ ဤအချက်အကြောင်းအရာများအား သိမြင်၊ နှုတ်သိမ်းနိုင်မှု ရရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရသာ

ဖြစ်ပေသည်။ သို့တည်းမဟုတ်က ကျွန်ုပ်သည် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမိန့်အင်အားတော် တစ်စုံတစ်ရာမျှ မရှိပါက ကျွန်ုပ်သည် ခြင်တစ်ကောင်၏ ဝိညာဉ်ကိုပင် နှုတ်သိမ်းနိုင်စွမ်း မရှိပေ'ဟူ၍ ပြန်လည်ဖြေကြား လျှောက်ထားလိုက်ပေသည်။

တိရစ္ဆာန်များ၏ အသက်ဇီဝိန်ကိုလည်း 'မလ်ကုလ်မောက်သ်' (သေမင်းတမန်) သည်ပင်လျှင် နှုတ်သိမ်းပါ၏လော၊

အထက်တင်ပြပါ ဟဒီးစ်တော်မှ 'ခြင်ကောင်၏ ဝိညာဉ်ကိုလည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'မလ်ကုလ်မောက်သ်' (သေမင်းတမန်) သည်ပင်လျှင် နှုတ်သိမ်းတော်မူကြောင်း' ကို သိရှိရပေသည်။ ဟဇရတ်အေမာမ်မာလစ်က်သခင်ကြီးသည် မေးခွန်းတစ်ရပ်၏ အဖြေ၌ ဤအထက်ဖော်ပြပါ အဖြေကိုသာလျှင် ဖြေကြားတော်မူပေသည်။ သို့ရာတွင် အချို့သော ဆင့်ပြန်ချက်များမှ 'လူသားတို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းရန် ကောင်းကင်တမန်တော်များ၏ အမှီသဟဲဖြင့်သာ သီးသန့်ဖြစ်ကြောင်း' ကို သိရှိရ ပေသည်။ ထိုသို့ ကောင်းကင်တမန်တော်များ နှုတ်သိမ်းခြင်းမှာ လူသားတို့အား ဂုဏ်ပေးလေးစားခြင်းအတွက်ကြောင့် ဖြစ်ပြီး ကျန်ရှိသော သတ္တဝါများသည် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်အမိန့်တော်ဖြင့် ကောင်းကင်တမန်၏ ကြားခံ မပါရှိဘဲ သေဆုံးကြပေလိမ့်မည်။ *[အိဗ်နေအဿိယား၏ တင်ပြချက်၊ ကုရ်သုဗီကျမ်း။]*

ဤအထက်တင်ပြပါ စာစဉ်အကြောင်းအရာကိုပင် အဗုရှိုင်ခ်၊ အိုကိုက်လီးနှင့် ဒိုက်လမီး အစရှိသော သခင်ကြီးများသည် ဟဇရတ်အနတ်စ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက်ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ ကျင်လည်စားသောက်သော၊ ကုတ်ဖွဲ့စားသောက်သော သတ္တဝါများနှင့် ပိုးမွှားတိရစ္ဆာန်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်အား 'သပ်စ်ဗီး' ဘာဝနာ စီးဖြန်းခြင်း၌ နစ်မွန်း၍ နေကြပေသည်။ (ဤသည်သာလျှင် ၎င်းတို့၏ အသက်ရှင်သန်မှု ဖြစ်ပေသည်။) ၎င်းတို့သည် ဘာဝနာစီးဖြန်းခြင်း ပြီးမြောက်ကုန်ဆုံးသွားသောအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဝိညာဉ်ကို နှုတ်သိမ်းတော်မူလိုက်ပေသည်။ တိရစ္ဆာန်များ၏ အသက်ဇီဝိန်နှုတ်သိမ်းခြင်းကို သေမင်းတမန်အား တာဝန်မပေးထားပေ။ ဤဖော်ပြပါ စာစဉ်အကြောင်းအရာမျိုး ဟဇရတ်အိဗ်နေအုမရ် ﷺ ၏ ဆင့်ပြန်ချက်တစ်ရပ်မှာလည်း လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့လည်း လာရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်အိဇ္ဇရာအီးလ် ﷺ အား ကမ္ဘာလောကတစ်ခွင်လုံး၌ရှိသော သေခြင်းတရား၏ အမှုကိစ္စကို အပ်နှင်းလိုက်သောအခါဝယ် ၎င်းက 'အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ပေးအပ်သော တာဝန်ကြောင့် တစ်လောကလုံး၌ရှိသော အရာများနှင့် လူသားတို့သည် ကျွန်ုပ်အား မကောင်းပြောဆိုကြပေလိမ့်မည်။ ကျွန်ုပ်အား သတိရကြလျှင်မူ မကောင်းသော ပုံစံ

မျိုးဖြင့် သတိရကြပေလိမ့်မည်'ဟူ၍ လျှောက်ထားရာ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် ယင်းအချက်အား ပိတ်ပင်တားဆီး၊ ဖြည့်ဆည်းပေးရန် ဤသို့ စီမံတော်မူပေမည်။ အကြောင်းမှာ ကမ္ဘာလောကအတွင်း၀ယ် သေခြင်းတရား၏ အပေါ်ယံအချို့အကြောင်းခံများနှင့် ရောဂါဝေဒနာများကို ထားရှိထားပေမည်။ အကြင်ရောဂါဝေဒနာများ၏ အကြောင်းခံများကြောင့် အားလုံးသော သူတို့သည် သေခြင်းတရားကို ထိုအကြောင်းခံများဘက်သို့ ဆက်နွယ်ပြောဆိုကြပေလိမ့်မည်။ အသင်သည် ၄င်းတို့၏ မကောင်းပြောဆိုခြင်းမှ လွတ်ကင်းနေမည် ဖြစ်ပေသည်'ဟူ၍ ပြန်လည် မိန့်မြွက်တော်မူလိုက်ပေသည်။ *[ကုရ်သုတ်ဗီ]*

အေမာမ်ဗဂဝီးသခင်ကြီးသည် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူလိုက်ပေသည်။ နာကျင်၊ ကိုက်ခဲမှုနှင့် ရောဂါအလုံးစုံတို့သည် သေခြင်းတရားဘက်မှ ရှေ့ပြေး စာချွန်လွှာများ ဖြစ်ပေသည်။ လူသားတို့အား သေခြင်းတရားကို သတိရစေသော အရာများ ဖြစ်ပေသည်။ ကွယ်လွန်သေဆုံးခါနီးအချိန်သို့ ရောက်ရှိလာသောအခါ၀ယ် 'မလ်ကုလ်မောက်သ်' (သေမင်းတမန်) သည် ကွယ်လွန်ခါနီးသူအား 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ကျွန်၊ ကျွန်ုပ်သည် မိမိမလာမီအလျင် အသင့်အား သတိပေးရန်အတွက်သော်လည်းကောင်း၊ သေခြင်းတရားနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန်အတွက်သော်လည်းကောင်း ရောဂါနှင့် ဘေးဆိုးဒဏ်ဆိုးအသွင်ဖြင့် သတင်းပါးသူများနှင့် စာချွန်တော်ပါးသူများအဖြစ်နှင့် ဆက်တိုက်ဆက်တိုက် ပို့ပေးခဲ့ပေသည်။ ယခုကျွန်ုပ် ရောက်ရှိလာခဲ့ချေပြီ။ အကြင်အချက်၏ နောက် အခြားသတင်းပေးမည့်သူနှင့် သံတမန်တစ်ဦးတစ်ယောက်မျှ လာရောက်လိမ့်မည်မဟုတ်။ ယခုမူ အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်ကို လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ နာခံလေကုန်'ဟူ၍ ပြောဆိုပေမည်။

[မဇ္ဇဟရီး]

ဓမ္မသတ် ။ ။ 'မလ်ကုလ်မောက်သ်' (သေမင်းတမန်) သည် 'မည်သူ၊ မည်ဝါ၏ ဝိညာဉ်ကို နုတ်သိမ်းကုန်'ဟူ၍ အမိန့်မရရှိသရွေ့ ကာလပတ်လုံး ၄င်းသည် မည်သူတစ်ဦးတစ်ယောက်၏ ကွယ်လွန်သေဆုံးချိန်ကို သတ်မှတ်ထားချိန် မရောက်ရှိမီအလျင် မသိရှိနိုင်ပေ။ *[အဟ်မဒ်၊ အိဗ်နေအဗီဒ္ဒုနယား]*

تَتَجَافَىٰ جُنُوبُهُمْ عَنِ الْمَضَاجِعِ يَدْعُونَ رَبَّهُمْ خَوْفًا وَطَمَعًا

(ထိုသူတို့၏ နံဘေးများသည် (တစ်နည်း) ကျောများသည် အိပ်ယာများမှ ခွဲခွာလျက်ရှိကြပေသည်။ ထိုသူတို့သည် မိမိတို့၏ အသျှင်မြတ်အား ပြစ်ဒဏ်ကို ကြောက်ရွံ့သောအားဖြင့်လည်းကောင်း၊ အကျိုး 'စဝါးဗ်'ကို မျှော်လင့်သောအားဖြင့်လည်းကောင်း ဟစ်ခေါ်တသကြကုန်၏။) *[၃၂ : ၁၆]*

လွန်လေပြီးသော အာယသ်တော်အတွင်း၌ ကာဖိရ်၊ မုရှ်ရစ်ကနှင့် 'ကေယာမသ်'နေ့အား ငြင်းဆိုသောသူများအား သတိပေးနိုးဆော်ချက်များ လာရှိထားပေသည်။ ထို့နောက်

إِنَّمَا يُؤْمِنُ بِاٰيٰتِنَا

မှစ၍ စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏ သီးသန့်ဂုဏ်အင်များနှင့် ၄င်းတို့ ရရှိမည်ဖြစ်သော မြင့်မြတ်ကြီးမားသော အဆင့်အတန်းများအကြောင်းကို တင်ပြထားပေသည်။ ထိုဂုဏ်အင်အရည်အချင်းများထဲမှ အရည်အချင်းတစ်ရပ်ကို ယခု တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ဤသို့ မိန့်တော်မူထားပေသည်။ ၄င်းတို့၏ နံဘေးများသည် မိမိတို့၏ အိပ်ယာများမှ ခွဲခွာလျက်ရှိနေကြပေသည်။ အိပ်ယာများမှ ထကာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် ဆုမွန်ဒိုအာတောင်းခံမှုအတွင်း၌ နစ်မွန်းနေကြပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်ရှမှုနှင့် ပြစ်ဒဏ်အား ကြောက်ရွံ့ကြပေသည်။ ထိုအသျှင်မြတ်၏ ကရုဏာတော်နှင့် အကျိုးစဝါးဗ်ကို မျှော်ကိုးကြပေသည်။ ဤသို့ မျှော်လင့်မှုနှင့် ကြောက်ရွံ့မှုတို့ ပူးပေါင်းယှက်နွယ်သွားခြင်း၏ အခြေအနေကပင် ၄င်းတို့အား 'ဇိကိရ်' (အလ္လာဟ်အသျှင်မြတ်အား သတိရစေခြင်း) နှင့် ဆုမွန်ဒိုအာ တောင်းခံရန်အတွက် နေမထိ၊ ထိုင်မသာ ဖြစ်အောင် ပြုလိုက်ပေသည်။

'သဟဂျ်ဂျုးဒ်နမာဇ်'

အိပ်ယာများမှ ထကာ အသျှင်မြတ်အား သတိရတသခြင်းနှင့် ဒိုအာတောင်းခံခြင်း၏ အတွင်း၌ နစ်မွန်းနေခြင်း၏ အလိုသဘောကို နှောင်းပိုင်းခေတ် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များအားလုံးတို့ထဲတွင် 'အိပ်ပြီးနောက် နိုးထကာ ဝတ်ပြုသော 'သဟဂျ်ဂျုးဒ်' နှင့် အခြားသော 'နဖိလ်နမာဇ်' များဖြစ်ကြောင်း' ကို ကောက်ချက်ချကြပေသည်။ (ထိုအဆိုသည် ဟဇရသ်ဟစန် (ရဟ) ၊ မုဂျာဟိဒ် (ရဟ)၊ မာလိက် (ရဟ) နှင့် အောင်ဇာအီတို့၏ အဆိုများ ဖြစ်ပေသည်။) ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှလည်း အထက်ပါ အချက်အား အထောက်အကူပြု ထောက်ခံလျက် ရှိနေပေသည်။

မွတ်စ်နဒ်အဟ်မဒ်၊ သိရ်မေဇီနှင့် နစအီအစရှိသော ကျမ်းများ၌ ဟဇရသ်မအားဇ်အိဗ်နေဂျဗလ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါက တမန်တော်မြတ် ﷺ နှင့် အတူ ခရီး၌ ရှိနေပေသည်။ ခရီးစဉ်၏ တစ်နေ့နံနက်အချိန်အခါဝယ် တမန်တော်မြတ် ﷺ ၏ အပါးသို့ ချဉ်းကပ်ကာ ကျွန်ုပ်သည် 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကျွန်တော်မျိုးအား 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်ရန်နှင့် 'ဂျဟန္နမ်' ၏ အပါယ်ငရဲမီးပုံ ဘေးမှ လွတ်ကင်း ဝေးကွာမှုကို ရရှိမည်ဖြစ်သော ကျင့်ကြံ ပြုမူဆောင်ရွက်ချက်ကို ပြသတော်မူပါ' ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'အသင်သည် အလွန်ကြီးကျယ်သော မေးခွန်းကို မေးမြန်းလိုက်ပေသည်။ သို့ရာတွင် အကြင်သူအဖို့ အလ္လာဟ်အသျှင်မြတ်သည် လွယ်ကူမှု ပြုပေးထားသည်ဆိုပါက လွယ်ကူသွားပေမည်။' ဆက်လက်၍ မိန့်တော်မူသည်မှာ 'ထိုကျင့်ကြံဆောင်ရွက်ချက်မှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှု ပြုကြကုန်။ ထိုအသျှင်မြတ်နှင့်အတူ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ 'ရှရစ်က်' ဖက်နှိုင်းယှဉ် ဖက်စပ်ကိုးကွယ်မှုကို မပြု

လေနှင့်။ နမာဇ်ကို တည်တံ့မြဲမြံစွာ ဆောက်တည်ပါလေ။ 'ဇကား' ဒါနကြေးကို ပေးဆောင်ပါ။ 'ရမ်သွာန်'လမြတ်၏ 'ရိုဇာဟ်'ကို စောင့်ထိန်းပါ။ 'ကအ်ဗာဟ်'ကျောင်းတော်အား 'ဟဂျ်'ပြုမူ ဆောင်ရွက်ပါ။ မှတ်သားနာယူကြကုန်။ ယခု ငါကိုယ်တော်သည် အသင့်အား ကုသိုလ်ကောင်းမှု၏ တံခါးများကို ပြသမည်ဖြစ်သည်။ (ထိုအချက်များမှာ ဤသို့ပင်) 'ရိုဇာဟ်'စောင့်ထိန်းခြင်းသည် ဒိုင်းသဖွယ် ဖြစ်သည်။ (အကြင် 'ရိုဇာဟ်'သည် 'အဇာဗ်'ပြစ်ဒဏ်တော်မှ ကယ်တင်ပေးပေမည်။) 'ဆွဒ်ကာဟ်'အလှူဒါနသည် လူသားတို့၏ ပြစ်မှုဒုစရိုက်၏ မီးကို ငြိမ်းသတ်ပေးစေသည်။ ဤကဲ့သို့နည်းတူ လူသား၏ ညဉ့်၏ အလယ်ယံ၌ ဆောက်တည်သော နမာဇ်ဖြစ်သည်။' ဤသို့ မိန့်မြွက်ကာ ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်ကို ရွတ်ဖတ်တော်မူပေသည်။

تَتَجَافَىٰ جُنُوبُهُمْ عَنِ الْمَضَاجِعِ

ထိုသူတို့၏ နံဘေးများသည် (တစ်နည်း) ကျောများသည် အိပ်ယာများထဲမှ ခွဲခွာလျက် ရှိကြပေသည်။ *[၃၂ : ၁၆]*

ဟဇရသ်အဗုဒ်ဒရ်ဒါးအ် ﷺ၊ ကသာဒါး ﷺ နှင့် သွဟ်ဟာက် ﷺ သခင်ကြီးတို့က အမိန့်ရှိကြသည်မှာ 'နံဘေး၊ ကျောများကို အိပ်ယာများမှ ခွဲခွာစွာ ထားလျက်ရှိကြကုန်သော သူတို့၏ ဂုဏ်အင်အရည်အချင်းသည် 'အေရှာနမာဇ်'ကို 'ဂျမာအသ်'ဖြင့်သော်လည်းကောင်း၊ ထို့နောက် 'ဖွဂျရ်နမာဇ်'ကို 'ဂျမာအသ်'ဖြင့်သော်လည်းကောင်း ဆောက်တည်ကြကုန်သော သူတို့အပေါ် မှန်ကန်စွာ ပတ်သက်နေပေသည်။ သိရ်မေဇီကျမ်းတော်၌ မှန်ကန်သော 'စနဒ်' (အထောက်အထား) ဆင့်ကဲ ဆင့်ပြန်မှုနှင့်အတူ ဟဇရသ်အနတ်စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ဤ (၃၂ : ၁၆) ပါ အာယသ်တော်၌ အကျုံးဝင်သော သူတို့သည် 'အေရှာနမာဇ်'၏အလျင် မအိပ်စက်ဘဲ 'အေရှာနမာဇ်'ကို 'ဂျမာအသ်' ဖြင့် ဝတ်ပြုရန် စောင့်ဆိုင်းလျက် ရှိနေသောသူတို့နှင့် စပ်လျဉ်း၍ ကျရောက်လာပေသည်။

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ 'ဤအာယသ်တော်သည် 'မဂ်ရိဗ်'နှင့် 'အေရှာ'ကြား၌ 'နဖိလ်နမာဇ်' ဝတ်ပြုသော သူတို့နှင့် စပ်လျဉ်းလျက်ရှိနေကြောင်း' လာရှိထားပေသည်။ (ယင်းဆင့်ပြန်ချက်ကို မိုဟမ္မဒ်ဗင်နဲနစ္စ်ရ် (ရဟ) သခင်ဆိုသော သူက ဆင့်ပြန်ထားပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤအာယသ်တော်မြတ်နှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ 'အကြင်သူတို့သည် ဖြတ်ကန်နိုးလာကာ မျက်လုံးပွင့်သွားပြီး လဲလျောင်းလျက်သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း၊ တစောင်းပုံစံဖြင့်သော်လည်းကောင်း အကြင်မည်သည့်ပုံစံဖြင့်မဆို အလ္လာဟ်အသျှင်မြတ်အား သတိရတသသူတိုင်း ပါဝင်ကြောင်း'ဟူ၍ ဖြစ်သည်။ အေမာမ်အိဗ်နေကစီးရ် (ရဟ) နှင့် အခြားသော အကျယ်ဖွင့်ပညာရှင်ကြီးများက ဤအဆိုများကြားတွင် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေခြင်း မရှိ။ အမှန်၌ ဤအာယသ်တော်သည် အထက်ဖော်ပြခဲ့သော အချက်အလက်အားလုံးကို ပါဝင်နေ၍ ဖြစ်သည်ဟု အမိန့်ရှိကြသည်။

ညဦး၏ နောက်ဆုံးယံ၌ ဝတ်ပြုသော "နမာဇ်သည် အမွန်မြတ်ဆုံး၊ အမြင့်မြတ်ဆုံးပင် ဖြစ်ပေသည်" ဟူ၍ မိန့်ဆိုထားကြပေသည်။ ဗယာနုလ်ကုရ်အာန်ကျမ်းအတွင်း၌လည်း ထိုအဆိုကိုသာလျှင် ရွေးချယ်ထားပေသည်။

ဟဇရသ်အစ်မာအ်ဗင်န်သေ့ယဇီးဒ်သခင်မကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာ့အတိတ်ခေတ် လူသားများနှင့် နောင်းပိုင်း (ခေတ်လူသားများအားလုံးကို "ကေယာမသ်" နေ့၌ စုရုံးစေတော်မူရာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကြွေးကြော်သူတစ်ဦးသည် ထ၍ ကြွေးကြော်ပေလိမ့်မည်။ အကြင်ကြွေးကြော်သူ၏ ကြွေးကြော်သံကို အဖန်ဆင်းခံများအားလုံး ကြားကြပေလိမ့်မည်။ စုရုံးရောက်ရှိနေသူအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မည်သို့သော သူသည် သိက္ခာပေးခြင်း၊ ဂုဏ်ပေးခြင်းကို ခံထိုက်သင့်ပေသနည်းဆိုသည်ကို ခွဲခွဲခြားခြား သိရှိသွားပေလိမ့်မည်။ ၎င်းက "အို၊ စုရုံးရောက်ရှိနေသူ "ဟရှရ်" ကွင်းပြင်အတွင်း ရှိနေသူများအနက်မှ

تَتَجَافَىٰ جُنُوبُهُمْ عَنِ الْمَضَاجِعِ

ထိုသူတို့၏ နံဘေးများသည် (တစ်နည်း) ကျောများသည် အိပ်ယာများမှ ခွဲခွာလျက် ရှိကြပေမည်။ [၃၂ : ၁၆]

ဟူသော ဂုဏ်ရည်၊ အရည်အချင်းရှိသူတို့ မတ်တတ်ရပ်ကြကုန်" ဟူ၍ ကြွေးကြော် အသံပြုမည်။ ထိုအသံပြုမှုအပေါ် အလွန်နည်းပါးစွာသော အရေအတွက်ရှိသူတို့သာ ထ၍ ရပ်ကြပေမည်။ *[အိဗ်နေကဆီးရ်]*

ထိုဆင့်ပြန်ချက်၏ အချို့သော စကားလုံးတော်များအတွင်း၌ "၎င်းတို့သည် စာရင်းစစ်ဆေးခြင်း မခံရဘဲ "ဂျန္နသ်" သို့ ပို့ဆောင်ပေးခြင်းကို ခံရပေမည်။ ထို့နောက် ကျန်ရှိသောသူများအားလုံး ရပ်ကြကာ ၎င်းတို့အား စစ်ကြောမေးမြန်းခြင်းကို ပြုတော်မူပေလိမ့်မည်" ဟူ၍လည်း လာရှိထားပေသည်။

[မဇ္ဇဟရီး]

وَلَنُذِيقَنَّهُم مِّنَ الْعَذَابِ الْأَدْنَىٰ دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ

(ထို့ပြင် ၎င်းတို့သည် မိမိတို့၏ သွေဖည်မှု၊ တုဖက်နိုင်းယှဉ် ကိုးကွယ်မှုများကို စွန့်ပြီး ပြန်လှည့်၍ လာကြရန်အလို့ငှာ မုချစင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ထိုကြီးစွာသော ပြစ်ဒဏ်အပြင်၊ ဤမျက်မှောက်ပစ္စုပ္ပန်၌ပင် သေးငယ်သော ပြစ်ဒဏ်ကိုလည်း မြည်းစမ်းစေတော်မူဦးမည်။) [၃၂ : ၂၁]

أَدْنَىٰ ဟူသော စကားလုံးသည် **أَقْرَبُ** (နီးကပ်ခြင်း) ၏အနက်ကို ဟောကာ အလိုသဘောမှာ ကမ္ဘာလောက၌ ရင်ဆိုင်တွေ့ကြုံနေရသည့် ဘေးဗလာ၊ ဒုက္ခများနှင့် ရောဂါများ အစရှိသည်တို့ ဖြစ်ပေသည်။ ကြီးစွာသော ပြစ်ဒဏ်သည် နောင်တမလွန် "အာခေရသ်" ၌ ခံစားရမည့်ပြစ်ဒဏ် ဖြစ်ပေသည်။

လောကီရေးရာဒုက္ခတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ပြန် အာရုံပြုသော သူတို့ အဖို့ ကရုဏာတော်ဖြစ်ကြောင်း

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် များစွာသော သူတို့ကို ၄င်းတို့၏ ပြစ်မှုဒုစရိုက်များအား သတိပေးရန်အတွက် ကမ္ဘာလောကတွင် ၄င်းတို့အပေါ် ဘေးဗလာဒုက္ခများနှင့် ရောဂါများအား လွှမ်းမိုးစေတော်မူလိုက်ပေသည်။ သို့မှသာ ဤသူတို့သည် သတိမူကာ မိမိတို့၏ ပြစ်မှုဒုစရိုက်များမှ ရှောင်ရှားရပ်တန့်ကာ တမလွန်၏ ကြီးစွာသော ပြစ်ဒဏ်မှ လွတ်မြောက်မှုကို ရရှိပေလိမ့်မည်။

ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'ပြစ်မှုဒုစရိုက် ကျူးလွန်သောသူတို့အဖို့ ကမ္ဘာလောက၏ ဘေးဗလာဒုက္ခများနှင့် ရောဂါဝေဒနာများသည်လည်း ကရုဏာတော်၏ အမျိုးအစားတစ်ရပ်သာ ဖြစ်ကြောင်း၊ အကြောင်းမှာ မေ့လျော့မှုမှ တုံ့ဆိုင်းကာ နောင်တမလွန်၏ ပြစ်ဒဏ်တော်မှ ရှောင်ရှားနိုင်ကြောင်း' ကို သိရှိရပေသည်။ သို့သာမက အကြင်သူတို့သည် ဘေးဒုက္ခနှင့် ရင်ဆိုင်နေရသော အချိန်၌လည်း အလ္လာဟ် အသျှင်မြတ်ဘက်တော်သို့ နာခံစူးစိုက်မှု မရှိမူ ၄င်းတို့အဖို့ ဤသည် ပြစ်ဒဏ်တော် နှစ်ထပ်ကွမ်း ဖြစ်ပေသည်။ တစ်မျိုးသည် ဤကမ္ဘာလောက၌မှာပင် လက်ငင်းခံစားရမည်ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ နောင်တမလွန်၌ ကြီးကျယ်လှစွာသော ပြစ်ဒဏ်ကို ခံစားရပေဦးမည်။ နဗီတမန်တော်များနှင့် သူတော်စင်များအပေါ် ကျရောက်လာသော ဘေးဒုက္ခတို့နှင့် စပ်လျဉ်းသော အမှုကိစ္စတို့သည် အထက်ဖော်ပြပါ သူတို့၏ အမှုကိစ္စတို့နှင့် သီးခြားစွာ ဖြစ်ပေသည်။ ထိုဒုက္ခများသည် ယင်းသခင်ကြီးများအဖို့ စမ်းစစ်မှုဖြစ်၍ ယင်းစမ်းစစ်မှုကို အကြောင်းခံကာ အဆင့်အတန်းများ မြင့်မားစေရန်အတွက် ဖြစ်ပေသည်။ ကွဲပြားခြားနားမှုကို သိရှိနိုင်ရန် အချက်မှာ '၄င်းသခင်ကြီးအများအပေါ် ဘေးဒုက္ခနှင့် ရောဂါဝေဒနာများ ဆိုက်ရောက်ချိန်လည်း အလ္လာဟ် အသျှင်မြတ်အပေါ် စိတ်နှလုံး အေးချမ်းသာယာမှုသည် ရှိမြဲရှိနေပေသည်' ဟူ၍ ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

အချို့သော ပြစ်မှုများ၏အစားကို နောင်တမလွန်၏အလျှင် ကမ္ဘာလောက၌မှာပင် ရရှိမည် ဖြစ်ကြောင်း

إِنَّا مِنَ الْمُجْرِمِينَ مُنْتَقِمُونَ

စကန်မလွဲ ငါအသျှင်မြတ်သည် အပြစ်ရှိသူတို့အား တုန့်ပြန်လက်စားချေတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ [၃၂ း ၂၂]

ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် 'မုဂ်ရိမီးန်' (အပြစ်ရှိသူများ) ဟူသော စကားလုံး အတွင်း၌ မည်သည့်ပြစ်မှုအမျိုးစားကိုမဆို ကျူးလွန်သောသူတို့ ပါဝင်ပေသည်။ ကလဲ့စားချေ တုန့်ပြန်

ခြင်းသည်လည်း 'လောက၌ ဖြစ်စေ၊ နောင်တမလွန်၌ ဖြစ်စေ၊ နှစ်လောကစလုံး၌ဖြစ်စေ' ဟူ၍ ကျယ်ဝန်းလှပေသည်။ သို့ရာတွင် အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ 'ပြစ်မှုဒုစရိုက် (၃) မျိုး (၃) စားသည် ဤသို့ ဖြစ်သည်။ ၎င်းပြစ်မှု၏ ပြစ်ဒဏ်သည် နောင်တလွန်၏အလျင် ကမ္ဘာလောက၌မှာပင် ခံစားရပေမည်။ ပထမတစ်မျိုးမှာ အမှန်တရားကို ဆန့်ကျင်ကာ တံစဉ်ထောင်၍ ပေါ်လွင်ထင်ရှားစွာ ကြိုးပမ်းမှုကို ပြုနေခြင်း၊ ဒုတိယအမျိုးအစားမှာ မိဘနှစ်ပါး၏ အမိန့်ကို ဖီဆန်ခြင်းနှင့် တတိယအမျိုးအစားမှာ မတရားသောသူကို ကူညီရိုင်းပင်းခြင်းပင် ဖြစ်သည်' ဟူသော အချက် (၃) ချက် ဖြစ်ပေသည်။ ယင်းဆင့်ပြန်ချက်ကို အိဗ်နေအဂျရီးရ် ﷺ သခင်ကြီးသည် ဟဇရသ်မအားဇ်အိဗ်နေဂျဗလ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَلَا تَكُنْ فِىْ مِرْيَةٍ مِّنْ لِّقَآئِهٖ وَجَعَلْنٰهُ هُدًى لِّبَنِىْٓ اِسْرَآءِيْلَ ﴿٢٣﴾

၃၂ : ၂၃။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် (ရှေးယခင်က နဗီတမန်တော်) မူစာအားလည်း (အသင့်နည်းတူ) တရားဒေသနာတော် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ရာ၊ အသင်သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို ရရှိခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ သံသယမရှိလေနှင့်။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်မူစာအား ချီးမြှင့်တော်မူခဲ့သော) ယင်းတရားကျမ်းဂန်ကို အီစ်ရာအီလ်မျိုးနွယ်တို့အဖို့ တရားလမ်းညွှန် ပြုလုပ်တော်မူခဲ့၏။

وَجَعَلْنَا مِنْهُمْ اَئِمَّةً يَّهْدُوْنَ بِاَمْرِنَا لَمَّا صَبَرُوْا ۗ وَكَانُوْا بِاٰيٰتِنَا يُوْقِنُوْنَ ﴿٢٤﴾

၃၂ : ၂၄။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုအီစ်ရာအီလ်အမျိုးသားတို့အနက်မှ ၎င်းတို့သည် သည်းခံခဲ့ကြသောအခါ၊ ရှေ့ဆောင်ရှေ့ရပ်များ ပြုလုပ်ခန့်အပ်တော်မူခဲ့၏။ ထိုရှေ့ဆောင်ရှေ့ရပ်တို့သည် ငါအသျှင်မြတ်၏ အမိန့်တော်နှင့် တရားလမ်းညွှန်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်သူများလည်း ဖြစ်ခဲ့ကြကုန်၏။

اِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿٢٥﴾

၃၂ : ၂၅။ ။ (အို၊ နဗီတမန်တော်) ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ၎င်း (မုအ်မင်န်နှင့် မုရှ်ရစ်က်) သူတို့၏ အကြားဝယ် ၎င်းတို့ သဘောကွဲလွဲလျက်ရှိခဲ့ကြကုန်သော အရေးကိစ္စများနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။

أَوَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا مِن قَبْلِهِم
مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ ۖ أَفَلَا يَسْمَعُونَ ﴿٢٦﴾

၃၂ : ၂၆ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသော မျိုးနွယ်တို့ကို (သွေဖည်၊ တုဖက်နိုင်းယှဉ် ကိုးကွယ်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့၍ ၎င်းတို့သည် ယင်း (ဖျက်ဆီးခြင်းခံခဲ့ကြရသော) သူတို့၏ နေထိုင်ရာဒေသများ၌ (မြတ်သန်း) သွားလာလျက် ရှိကြသည်။ ဤ (အဖြစ်အပျက်များ) သည် ၎င်းတို့အဖို့ တရားလမ်းညွှန် မဖြစ်လေသလော။ ဧကန်စင်စစ် ဤ (ဖြစ်ရပ်များ) ၌ အမှန်ပင် သက်သေအထောက်အထားများသည် ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် မကြားကြလေသလော။

أَوَلَمْ يَرَوْا أَنَّا نَسُوقُ الْمَاءَ إِلَى الْأَرْضِ الْجُرُزِ
فَنُخْرِجُ بِهِ زَرْعًا تَأْكُلُ مِنْهُ أَنْعَامُهُمْ وَأَنفُسُهُمْ ۖ أَفَلَا يُبْصِرُونَ ﴿٢٧﴾

၃၂ : ၂၇ ။ ။ ၎င်းတို့သည် စဉ်းစားဆင်ခြင် တွေ့မြင်ကြသည် မဟုတ်လော။ ဧကန်အမှန် ငါအသျှင်မြတ်သည် (မိုး) ရေကို ခြောက်သွေ့လျက် ရှိသော မြေယာသို့ မောင်းနှင်ပို့ပေးတော်မူ၏။ ထို့နောက် ငါအသျှင်မြတ်သည် ထို (မိုး) ရေဖြင့် ကောက်ပဲသီးနှံများကို ထွက်စေတော်မူ၏။ ထို (ပေါက်ရောက်သော) ကောက်ပဲသီးနှံတို့မှ ၎င်းတို့၏ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း စားသုံးကြကုန်၏။ ၎င်းတို့ကိုယ်တိုင်လည်း စားသုံးကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် မမြင်ကြလေသလော။

وَيَقُولُونَ مَتَىٰ هَٰذَا الْفَتْحُ إِن كُنتُمْ صَادِقِينَ ﴿٢٨﴾

၃၂ : ၂၈ ။ ။ ထို့ပြင် ၎င်းတို့က 'အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ဤစီရင်ဆုံးဖြတ်မှုသည် မည်သည့်အခါ၌ ဖြစ်မည်နည်း' ဟု ပြောဆို (မေးမြန်း) ကြကုန်၏။

قُلْ يَوْمَ الْفَتْحِ لَا يَنفَعُ الَّذِينَ كَفَرُوا إِيمَانُهُمْ وَلَا هُمْ يُنظَرُونَ ﴿٢٩﴾

၃၂ : ၂၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ထိုစီရင်ဆုံးဖြတ်ကြမည့်နေ့တွင် ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့၏ ယုံကြည်မှုသည် ၎င်းတို့အား အကျိုးပေးမည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ရွှေ့ဆိုင်းခွင့်ကိုလည်း ခံကြရမည်မဟုတ်ပေ။

فَأَعْرِضْ عَنْهُمْ وَانتَظِرْ إِنَّهُم مُّنتَظِرُونَ ﴿٣٠﴾

၃၂ : ၃၀ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ (၏ ပြောဆိုမှု) ကို လျစ်လျူရှု၍ (အလ္လာဟ်အသျှင်မြတ် ချိန်းချက်ထားတော်မူသော အဆုံးအဖြတ်ကိုသာ) စောင့်ဆိုင်းလျက် ရှိပါလေ။ ၎င်းတို့သည်လည်း (မိမိတို့၏ ယူဆချက်အရ အသင့်အား အန္တရာယ်ပြုရန်) စောင့်ဆိုင်း၍ နေကြသူများပင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် (ရှေးယခင်က နဗီတမန်တော်) မူစာအားလည်း (အသင့်နည်းတူ) တရားဒေသနာတော် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ရာ (အကြင် တရားဒေသနာတော်ကို ထုတ်ပြန်ပို့ချရာ၌ ၄င်း (မူစာ) သည် ဒုက္ခများကို ခံစားခဲ့ရပေသည်။ ဤသို့ရှိခဲ့ရာ အသင်သည်လည်း ခံစားသင့်ပေသည်။ ဖြေသိမ့်မှုတစ်ရပ်ကို ဤသို့ ပေးထားပေသည်။ တစ်ဖန် ဤကဲ့သို့ပင် အသင့်အားလည်း ကျမ်းဂန်ကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ သို့ဖြစ်ပေရာ) အသင်သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို ရရှိခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ သံသယ မရှိလေနှင့်။ (ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

وَاِنَّكَ لَتُلَقَّى الْقُرْاٰنَ

(၄င်းပြင် စင်စစ် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရရှိနေပေသည်။) အလိုသဘောမှာ အသင်သည် ကျမ်းရပုဂ္ဂိုလ်နှင့် မြွက်ကြားတရားပြခွင့်ရှိသောသူ ဖြစ်ပေသည်။ သို့ရှိရာ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဤသို့ လက်ခံခြင်းခံထားရသောသူဖြစ်ရာ အကယ်၍ လက်တစ်ဆုပ်ခန့်မျှသာ ရှိသော အချို့အသိဉာဏ် အလိမ္မာခေါင်းပါးသော သူတို့ လက်မခံပါကလည်း ဤသည် ဝမ်းနည်းစရာ အကြောင်းမဟုတ်ပေ။ ဖြေသိမ့်မှုတစ်ရပ်သည် ဤသို့လည်း ဖြစ်ပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်မူစာအား ချီးမြှင့်တော်မူခဲ့သော) ယင်းတရားကျမ်းဂန်ကို အီစ္စရာအီးလ်မျိုးနွယ်တို့အဖို့ တရားလမ်းညွှန် ပြုလုပ်တော်မူခဲ့၏။ (ဤနည်းနှင်နှင် အသင်၏ ကျမ်းစာအုပ်ဖြင့်လည်း များစွာသော သူတို့သည် လမ်းမှန်တရားကို ရရှိကြမည်။ အသင်သည် ဝမ်းမြောက်စွာဖြင့် နေထိုင်တော်မူပါ။ ဖြေသိမ့်မှု တစ်ရပ်ကို ဤသို့လည်း ထပ်မံပေးထားပြန်ပေသည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ထိုအီစ္စရာအီးလ်အမျိုးသားတို့အနက်မှ (များစွာသော) သူတို့သည် (ဒီးန်သာသာရေးရာနှင့် စပ်လျဉ်း၍ ဒုက္ခဆိုက်ရောက်ချိန်) သည်းခံခဲ့ကြသောအခါ ရှေ့ဆောင်ရှေ့ရပ်များ ပြုလုပ်ခန့်အပ်တော်မူခဲ့၏။ ထိုရှေ့ဆောင်ရှေ့ရပ်တို့သည် ငါအသျှင်မြတ်၏ အမိန့်တော်နှင့် တရားလမ်းညွှန်ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်သူများလည်း ဖြစ်ခဲ့ကြကုန်၏။ (ထို့ကြောင့် ထိုတရားကျမ်းဂန်အား ပို့ချခြင်းနှင့် အဖန်ဆင်းခံများ တရားလမ်းမှန် ရရှိရန် ဆောင်ရွက်ရာ၌ ရင်ဆိုင်တွေ့ကြုံလာရသော ဘေးဒုက္ခများကို လိုလားစွာ ခံယူလေ့ရှိခဲ့ကြပေသည်။ ဤသည် မုအ်မင်န်တို့အဖို့ ဤသို့ အောက်ပါအတိုင်း ဖြေသိမ့်မှုပေးခြင်းပင် ဖြစ်ပေသည်။)

'အသင်တို့သည် သည်းခံမှုတရား ထားကြလေကုန်။ အသင်တို့သည် အသျှင်မြတ်၏ အာယသ်တော်များကို ယုံကြည်သောသူများ ဖြစ်ကြသည်။ သို့ဆိုလျှင် ထိုကဲ့သို့ ယုံကြည်ခြင်း၏ လိုလားချက်မှာ သည်းခံမှုတရား ထားရှိခြင်းပင် ဖြစ်ပေသည်။ သို့ရှိရာ အသင်တို့အဖို့ သည်းခံမှုတရား ထားရှိရန်သည် အရေးကြီးပေသည်။ ထိုသို့သော အချိန်အခါမျိုးတွင် ငါအသျှင်မြတ်သည် အသင်တို့အားလည်း သာသနာ၏

ဦးစီးနာယကများအဖြစ် ခန့်အပ်တော်မူပေမည်။' ဤဖြေသိမ့်မှုပေးခြင်းသည် လောကီရေးရာကို ထောက်ရှု၍ ပေးခြင်း ဖြစ်ပေသည်။ 'အာခေရသ်'ကို ထောက်ရှု၍ ဖြေသိမ့်မှုတစ်ရပ်ကိုလည်း အသင်တို့ ထားသင့်ပေသည်။ ထိုအချက်သည် ဖြေသိမ့်မှု သဘောတရားကို မုချ သက်ရောက်စေသော အချက်ပင် ဖြစ်ပေသည်'

(အို, နဗီတမန်တော်) ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် ၎င်း (မုအ်မင်န်နှင့် မုရှ်ရစ်က်) တို့၏ ကြားဝယ် ၎င်းတို့ သဘောထားကွဲလွဲလျက် ရှိခဲ့ကြကုန်သော အရေးကိစ္စများနှင့် စပ်လျဉ်း၍ (လက်တွေ့ကျကျ) စီရင်ဆုံးဖြတ်တော်မူပေမည်။ (ဆိုလိုသည်မှာ မုအ်မင်န်များကို 'ဂျန္နသ်'သုခဘုံသို့ သွတ်သွင်း၍ ကာဖိရ်များကို 'ဂျဟန္နမ်'သို့ ပို့ဆောင်တော်မူပေလိမ့်မည်။) 'ကေယာမသ်'နေ့သည်လည်း ဝေးကွာလှသည် မဟုတ်တော့ပေ။ ထိုအချက်မှလည်း ဖြေသိမ့်မှုတရား ရသင့်ပေသည်။ ထိုစာစဉ်အကြောင်းအရာကို ကြားကာ ကာဖိရ်တို့သည် သံသယနှစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သံသယတစ်ရပ်မှာ ကျွန်ုပ်တို့သည် (အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ 'ကုဖ္ဖရ်'(သွေဖည်ငြင်းဆိုမှု) ကို မနှစ်မြို့ပေ။) ထိုအချက်ကို မယုံကြည်ပေ။ ပမာဆိုရသော် يَفْصِلُ (စီရင်ဆုံးဖြတ်တော်မူပေမည်။) ဟူသော စကားလုံး၏ အလိုသဘောသည် ဤသို့သော သဘောကို ဆောင်နေပေသည်။ ဒုတိယသံသယဖြစ်ထိုက်ဖွယ်အချက်မှာ 'ကျွန်ုပ်တို့သည် 'ကေယာမသ်'ဖြစ်ပေါ် တည်ရှိလာခြင်းသည်ပင်လျှင် မဖြစ်နိုင်သောအချက် ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။

ရှေ့၌ ထိုအချက်နှစ်ရပ်စလုံးအား အဖြေပေးရန်အတွက် စာစဉ်အကြောင်းအရာ (၂) ရပ်ကို တင်ပြထားပေသည်။ ပထမအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှုပြုခြင်း) အား မုန်းတီးမှုတရား ထားရှိခြင်းနှင့်စပ်လျဉ်း၍ သံသယဖြစ်ရှိနေပါမူ) ငါအသျှင်မြတ်သည် ၎င်းတို့အလျှင် မြောက်မြားစွာသော မျိုးနွယ်တို့ကို (သွေဖည်ငြင်းဆို၊ တုဖက်နိူင်းယှဉ် ကိုးကွယ်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့၍ (၎င်းတို့ ဖျက်ဆီးခံခဲ့ရခြင်း၏ ပုံစံအနေအထားမှသော်လည်းကောင်း၊ ထို့ပြင်တဝ နဗီ၏ ကြိုတင်ဟောကိန်းထုတ်ပြီးသည့်နောက် သဘာဝလွန်ဖြစ်အင် အသွင်မျိုးဖြင့် ဖြစ်ပေါ်တည်ရှိသွားခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသတော် ထွက်ခဲ့ခြင်းတို့မှသော်လည်းကောင်း၊ ယင်းအချက်တို့မှာ 'ကုဖ္ဖရ်'ပြုခြင်းကို မုန်းတီးမှုတရား ထားရှိကြောင်းကို ရှင်းလင်းစွာ သိရှိရပေသည်။) ဤအဖြစ်အပျက်များသည် ၎င်းတို့အဖို့ တရားလမ်းညွှန် မဖြစ်လေသလော။ ၎င်းတို့သည် ယင်း (ဖျက်ဆီးခြင်းခံခဲ့ကြရသော) သူတို့၏ နေထိုင်ရာဒေသများ (ဆီးရီးယားနိုင်ငံ လမ်းခုလတ်) ၌ (ဖြတ်သန်း) သွားလာလျက် ရှိကြသည်။ ဤ (အဖြစ်အပျက်များ) တွင် (မူ) ၎င်းတို့အဖို့ ဧကန်စင်စစ် ('ကုဖ္ဖရ်'ပြုခြင်းဖြင့် မုန်းတီးခြင်းခံရကြောင်း တည်ရှိနေခြင်း၏ ရှင်းလင်းလှစွာသော) သက်သေအထောက်အထားများသည် ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် (ထိုအတိတ်ခေတ် မျိုးနွယ်အုပ်စုများ၏ ဖြစ်အင်များကို) မကြားကြလေသလော။ (အကြောင်းမှာ ယင်းဖြစ်အင်များသည် လူပြောများ၍ ကျော်ကြားသော ဖြစ်အင်များ ဖြစ်ပေသည်။)

(ဒုတိယစာစဉ်အကြောင်းအရာမှာ 'ကေယာမသ်'ဖြစ်ပေါ်လာခြင်း၊ မဖြစ်နိုင်ခြင်းနှင့် စပ်လျဉ်းသော သံသယဖြစ်ပေသည်။ သို့ရှိရာ) ၎င်းတို့သည် စဉ်းစားဆင်ခြင် တွေ့မြင်ကြသည် မဟုတ်လော။ ဧကန်အမှန်

ငါအသျှင်မြတ်သည် (မိုးတိမ်တိုက်များ သို့မဟုတ် ချောင်း၊ မြောင်း အစရှိသော အရာများ၏ အကြောင်းခံဖြင့် မိုး) ရေကို ခြောက်သွေ့လျက်ရှိသော မြေယာသို့ မောင်းနှင်ပို့ပေးတော်မူ၏။ ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုး) ရေဖြင့် ကောက်ပဲသီးနှံများကို ထွက်စေတော်မူ၏။ ထို (ပေါက်ရောက်သော) ကောက်ပဲသီးနှံတို့မှ ၎င်းတို့၏ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း စားသုံးကြကုန်၏။ ၎င်းတို့ကိုယ်တိုင်လည်း စားသုံးကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် (ထိုအချင်းအရာများကို နေ့ရောညပါ တွေ့မြင်နေသည် မဟုတ်ပါသလော။ (ဤသည် သေပြီးနောက်တစ်ဖန် ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလှစွာသော အထောက်အထားဖြစ်ပေသည်။ ဤကဲ့သို့သော ပမာများ နေရာများစွာ၌ ထိုအချက်နှင့်စပ်လျဉ်းသော အချက်အလက်များကို တင်ပြထားပြီးဖြစ်ပေသည်။ သို့ဆိုလျှင် သံသယနှစ်ရပ်စလုံး ရှင်းလင်းသွားပေသည်။)

ထို့ပြင် ၎င်းတို့က ('ကေယာမသ်'နေ့နှင့် စီရင်ဆုံးဖြတ်ချက် ချရမည့်အကြောင်း ကြားနာကာ အလျင်စလိုနှင့် နောက်ပြောင်သော အသွင်ဟန်မျိုးဖြင့် ဤသို့) အကယ်၍ အသင်တို့သည် (ယင်းအချက်နှင့် စပ်လျဉ်း၍) မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများ ဖြစ်ကြပါလျှင် (ပြောပြကြကုန်။) ဤစီရင်ဆုံးဖြတ်မှုသည် မည်သည့်အခါ၌ ဖြစ်မည်နည်းဟု ပြောဆို (မေးမြန်း) ကြကုန်၏။

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊ အသင်တို့သည် ယင်းအချက်အား အကျိုးမဲ့ တောင်းဆိုမှုကို ပြုနေကြပေသည်။ အသင်တို့အဖို့မူ ယင်းနေ့သည် ဒုက္ခအတိနှင့် ရင်ဆိုင်ရမည့်နေ့ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) ထိုစီရင်ဆုံးဖြတ်ကြမည့်နေ့တွင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အီမာန်ယူလာမှုသည် ၎င်းတို့အား (လုံးဝ) အကျိုးပေးမည်မဟုတ်ပေ။ (ဤပုံပန်းသဏ္ဌာန်သည်သာလျှင် ၎င်းတို့အား ကယ်တင်ရန် နည်းလမ်းတစ်ရပ် ကျန်နေပေသည်။ ထိုနည်းလမ်းသည်ပင်လျှင် ပပျောက်နေပေသည်။) ထို့ပြင် (အကျိုးပြုကာ လွတ်မြောက်ရရှိမည်ကို မဆိုထားဘိဦး။) ၎င်းတို့သည် (မူ) ရွှေ့ဆိုင်းခွင့်ကိုလည်း ခံကြရမည်မဟုတ်။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ (၏ ပြောဆိုမှု) ကို လျစ်လျူရှု၍ (အကြင်ကဲ့သို့ ပြောဆိုမှုကြောင့် အသင်သည် ဝမ်းနည်းကြေကွဲ၍နေပေသည်။ အလ္လာဟ်အသျှင်မြတ် ချိန်းချက်ထားတော်မူသော အဆုံးအဖြတ်ကိုသာ) စောင့်ဆိုင်းလျက်ရှိပါလေ။ ၎င်းတို့သည်လည်း (မိမိတို့၏ ယူဆချက်အရ အသင့်အား အန္တရာယ်ပြုရန်) စောင့်ဆိုင်းလျက်ရှိပါလေ။ ၎င်းတို့သည်လည်း (မိမိတို့၏ ယူဆချက်အရ အသင့်အား အန္တရာယ်ပြုရန်) စောင့်ဆိုင်းနေကြသူများပင် ဖြစ်ကြကုန်သည်။ (၎င်းတို့၏ ဤပြောဆိုမှုအရ ဖြစ်သည်။

نَتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ

(ကျွန်ုပ်တို့သည် ၎င်းနှင့် ပတ်သက်၍ ကံအားလျော်စွာ လာမည်ဖြစ်သော ခေတ်ကာလ၏ ဘေးအန္တရာယ်၊ သေဘေးကို စောင့်ဆိုင်း၍ နေကြပေသည်။) [၅၂ း ၃၀]

သို့ရာတွင် မည်သူတို့၏ စောင့်ဆိုင်းမှုသည် အမှန်တကယ် ဖြစ်ပေါ်လာမည့် အမှုကိစ္စနှင့် ကိုက်ညီ လျက် ရှိနေမည်။ သို့မဟုတ် ကိုက်ညီမှုမရှိသည်ကို သိရှိရပေလိမ့်မည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ ၎င်းတို့အား တုန့်ပြန်ဖြေကြားထားသည့် မိန့်မြွက်ချက်ဖြစ်သော

قُلْ تَرَبَّصُوْا فَاِنِّىْ مَعَكُمْ مِّنَ الْمُتَرَبِّصِيْنَ

(အို့, နဗီမန်တော်၊ အသင် ပြောဆိုပါလေ။ အသင်တို့သည် စောင့်ဆိုင်းနေကြလေကုန်။ သို့ဖြစ်လျှင် ဧကန်အမှန် ငါသည်လည်း အသင်တို့နှင့် စောင့်ဆိုင်းသူတို့) *[၅၂ : ၃၁]*

ဟူသော အာယသ်တော်ကြောင့် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

فَلَا تَكُنْ فِىْ مِرْيَةٍ مِّنْ لِّقَآئِهٖ

အသင်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ရရှိခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ သံသယ မရှိလေနှင့်။ *[၃၂ : ၂၃]*

لقاء 'လေကားအ်'၏ အဓိပ္ပာယ်မှာ တွေ့ဆုံနှုတ်ဆက်ခြင်း ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ မည်သူမှ 'မည်သူနှင့် တွေ့ဆုံနှုတ်ဆက်ခြင်း ဖြစ်ပါသနည်း'၏ အလိုသဘော ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များအတွင်း၌ အဆိုအမျိုးမျိုး ရှိပေသည်။ အဆိုတစ်ရပ်ကို စကားပြေ အကျဉ်းချုပ်အတွင်း၌ ရွေးချယ်ကောက်နှုတ် တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် **لِقَائِهٖ** ဟူသော စကားလုံးအတွင်း၌ ပါရှိသော ه (ထို) ဟူသော နာမ်စားကို ကုရ်အာန်ကျမ်းတော်မြတ်၏ ဘက်တော်သို့ လှည့်နေသည်ဟူ၍ ကောက်ချက်ချကာ အလိုသဘောကို ကောက်ယူမည်ဆိုလျှင် ဟဇရသ်မူစာ عليه السلام အား တရား ဒေသနာတော်ကျမ်းဂန် ချီးမြှင့်ထားသကဲ့သို့ အသင့်ထံသို့လည်း မိမိ၏ ကျမ်းမြတ်ရောက်ရှိလာခြင်းနှင့် စပ်လျဉ်း၍ သံသယတစ်စုံတစ်ရာ မဖြစ်ရှိလေနှင့်'ဟူ၍ ဖြစ်သည်။ ပမာဆိုရသော် အခြားသောအာယသ်တော်အတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍

وَاِنَّكَ لَتُلَقَّى الْقُرْاٰنَ

၎င်းပြင် စင်စစ် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလ္လာဟ်အသျှင်မြတ်ထံတော်မှ ရရှိနေပေသည်။

ဟူသော စကားလုံးတော်များ လာရှိထားပေသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه နှင့် ကသာဒါးဟ် رحمه الله သခင်ကြီးနှစ်ပါးထံမှ ထိုအချက်၏ ဖွင့်ဆိုချက်

ကို ဤသို့ ဆင့်ပြန်ထားပေသည်။ **لِقَائِهِ** ဟူသော စကားလုံးအတွင်း၌ ပါရှိသော ہ (ထို) ဟူသော အညွှန်းနာမ်စားကို ဟဇရသ်မူစာ عليه السلام ဘက်သို့ ညွှန်ပြထားပေမည်။ ဤအာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ ၏ တွေ့ဆုံနှုတ်ဆက်မှုသည် ဟဇရသ်မူစာ ﷺ နှင့်အတူ ဖြစ်ရှိခဲ့သည်ကို သတင်းပေးထားတော်မူပေသည်။ မိန့်တော်မူထားသည်မှာ 'အသင်သည် ဤကိစ္စနှင့် စပ်လျဉ်း၍ သံသယမဖြစ်ရှိလေနှင့်။ အကြောင်းမှာ အသင်သည် ဟဇရသ်မူစာ عليه السلام နှင့် တွေ့ဆုံနှုတ်ဆက်ခွင့်ကို ရရှိပေလိမ့်မည်။' သို့ရှိရာ 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်း ခရီးကြွမြန်းခြင်းည) ၌ တွေ့ဆုံနှုတ်ဆက်ခွင့် ရရှိကြောင်း မှန်ကန်သော ဟဒီးစ်တော်များဖြင့် အတည်ပြုထားပေသည်။ တစ်ဖန် 'ကေယာမသ်' နေ့၌ တွေ့ဆုံနှုတ်ဆက်ခွင့် ရရှိခြင်းကိုလည်း အတည်ပြုနိုင်ပေသည်။

ဟဇရသ်ဟစန်းဗစ္စရီ رحمه الله သခင်ကြီးထံမှ ယင်းအချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ဖွင့်ဆိုချက်သည် ဤသို့ လာရှိထားပေသည်။ ဟဇရသ်မူစာ عليه السلام ကို ကျမ်းဂန်တစ်စောင် ချီးမြှင့်ခြင်းခံထားရပေရာ လူတို့သည် ထိုကျမ်းဂန်အား မဟုတ်မမှန်မှုသားပြောဆို၍ ၎င်းအား ဒုက္ခပေးသကဲ့သို့ အသင်သည်လည်း အထက်ဖော်ပြပါ အချက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းကို ယုံကြည်ရမည်ဖြစ်ကြောင်း (ထို့ကြောင့် အသင်သည် ကာဖိရ်များပေးသော ဒုက္ခတို့ကြောင့် စိတ်ရှုပ်ထွေးမှု မဖြစ်ရှိဘဲ နဗီတမန်တော်များ၏ စွန္နသ်ဖြစ်သည်ဟူ၍ မှတ်ယူ ခံယူပါလေ ဟူ၍ ဖြစ်သည်။

မျိုးနွယ်အုပ်စုတစ်အုပ်စု၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်ရန်အတွက် စည်းကမ်းချက် (၂) ရပ်

وَجَعَلْنَا مِنْهُمْ أَئِمَّةً يَّهْدُوْنَ بِاَمْرِ نَالَمَّا صَبَرُوْا وَكَانُوْا بِاٰيٰتِنَا يُوْقِنُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ဗနီအီစ်ရာအီးလ် မျိုးနွယ်အုပ်စုထဲမှ အချို့သော သူတို့ကို ဦးစီးခေါင်းဆောင်အဖြစ် ပြုလုပ်ခန့်အပ်ပေးတော်မူခဲ့သည်။ အကြင်သူတို့သည် မိမိ၏ နဗီတမန်တော်၏ ကိုယ်စားလှယ်ဖြစ်ခြင်း၏ အသွင်မျိုးဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်အတူ လူတို့အား လမ်းမှန်တရားကို ညွှန်ပြပေသည်။ အကြင်အခါဝယ် ၎င်းတို့သည် သည်းခံမှုတရားကို ထားရှိကာ ငါအသျှင်မြတ်၏ တရားဒေသနာများကိုလည်း ယုံကြည်လေးစား လိုက်နာကြကုန်၏။

ဤအာယသ်တော်အတွင်း၌ ဗနီအီစ်ရာအီးလ် အာလင်မ်သာသနာ့ပညာရှင်များထဲမှ အချို့သော သူများကို ဦးစီးဦးရွက်ပြုပေးခြင်း၏ အဆင့်ကို ချီးမြှင့်ပေးခြင်း၏ အကြောင်းခံနှစ်ရပ်ကို တင်ပြထားပေသည်။ ပထမအချက်မှာ သည်းခံမှုတရား ထားရှိခြင်းနှင့် ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တန်ခိုးတော် တရားဒေသနာတော်အား ယုံကြည်မှုထားရှိခြင်းတို့ ဖြစ်ပေသည်။ သည်းခံမှုတရား ထားရှိခြင်း၏ အလိုသဘောသည် အာရဗီစာပေဘာသာစကားကို ထောက်ရှု၍ ခြုံငုံကာ အလွန်ကျယ်ဝန်းလှပေသည်။ ၎င်း၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ချည်နှောင်ခြင်းနှင့် တည်တံ့မြဲမြံခြင်းတို့ ဖြစ်ပေသည်။

ဤနေရာ၌ သည်းခံမှုတရား ထားရှိခြင်း၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာတော်များအပေါ် တည်တံ့မြဲမြံစွာ နေထိုင်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ် 'ဟရာမ်' သို့မဟုတ် 'မက္ကရူးဟ်'အဖြစ် တားမြစ်ထားသော အရာများမှ မိမိတို့၏ စိတ်ကို ထိန်းချုပ်ထားခြင်းတို့ ဖြစ်ပေသည်။ အကြင်အချက်အတွင်း၌ တရားတော်၏ ပညတ်ချက်များကို တည်တံ့စွာ လိုက်နာခြင်းတို့ ပါဝင်ပေသည်။ ဤသည် 'အမလ်' ကျင့်ကြံဆောက်တည်မှုအရ အလွန် ပြည့်ဝလှစွာသော အချက်ဖြစ်ပေသည်။ ဒုတိယအကြောင်းခံမှာ ၄င်းတို့အနေဖြင့် အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာတော်များအပေါ် ယုံကြည်မှုထားရှိခြင်း ဖြစ်ပေသည်။ ထိုအချက်အတွင်း၌ အာယသ်တော်များ၏ အလိုသဘောကို သဘောပေါက်နားလည်ကာ သဘောပေါက်နားလည်သည့် အချက်အပေါ် ယုံကြည်ခြင်းအချက်နှစ်ချက်စလုံး ပါဝင်ပေသည်။ ဤသည် 'အိလ်မ်' (အသိပညာ) အရ အလွန်ပြည့်ဝလှစွာသော အချက် ဖြစ်ပေသည်။

အချုပ်သဘောတရားမှာ ဦးစီးခေါင်းဆောင်မှုပြုရန် ထိုက်တန်သော သူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ကျင့်ကြံဆောက်တည်မှု ('အမလ်) အရသော်လည်းကောင်း၊ 'အိလ်မ်' (အသိပညာ) အရသော်လည်းကောင်း ပြည့်ဝသောသူ ဖြစ်ပေသည်။ ကျင့်ကြံဆောက်တည်မှု (အမလ်) အရ ပြီးပြည့်စုံခြင်းအချက်ကို 'အိလ်မ်' (အသိပညာ) အရ ပြီးပြည့်စုံခြင်း၏ အချက်အပေါ် ဦးစားပေး တင်ပြထားပေသည်။ သို့သော် သဘာဝအနေအထားအရ 'အိလ်မ်' (အသိပညာ) သည် 'အမလ်' (ကျင့်ကြံပြုမူဆောင်ရွက်မှု) ထက် ဦးစားပေးရမည်သာ ဖြစ်ပေသည်။ အထက်ပါပုံစံမျိုးဖြင့် တင်ပြခြင်း၌ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ကျင့်ကြံဆောင်ရွက်မှုမရှိသော 'အိလ်မ်' (အသိပညာ) သည် အတည်ပြုခြင်း မခံရကြောင်း' ဟူသောစကားကို ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

အိဗ်နေကစီးရ်သခင်ကြီးသည် ဤအာယသ်တော်ကို အကျယ်ချဲ့ဖွင့်ဆိုရင်း အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများ၏ အဆိုကို ဆင့်ဆို ရေးသားထားပေသည်။

بالصبر واليقين تنال الامامة فى الدين

သည်းခံမှုနှင့် ယုံကြည်မှုတို့ကိုသာ အကြောင်းခံ၍ ဒီးန်သာသနာ၌ တစ်ဦးတစ်ယောက်အဖို့ ဦးစီးဦးဆောင်မှုအဆင့်ကို ရရှိနိုင်ပေသည်။)

اَوَلَمْ يَرَوْا اَنَّا نَسُوْقُ الْمَآءَ اِلَى الْاَرْضِ الْجُرُزِ فَنُخْرِجُ بِهٖ زَرْعًا

၄င်းတို့သည် မစဉ်းစားမဆင်ခြင် မတွေ့မြင်ကြလေသလော။ စကန်အမှန် ငါအသျှင်မြတ်သည် မိုးရေကို ခြောက်သွေ့လျက်ရှိသော မြေယာသို့ မောင်းနှင် ပို့ဆောင်ပေးတော်မူ၏။ ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုးရေဖြင့် ကောက်ပဲသီးနှံများကို ထွက်စေတော်မူ၏။ [၃၂ : ၂၇]

جُرُزٌ 'ဂျုရုဇုန်' ဟူသော စကားလုံးသည် ပျိုးပင်၊ ပေါက်ပင်၊ သစ်ပင်တို့ မပေါက်ရောက်သည့် ခြောက်သွေ့သော မြေပြင်ကို ခေါ်ဆိုသည်။

မြေပြင်လယ်ယာသို့ ရေသွင်းပေးခြင်း၏ အမြော်အမြင်နှင့် ပြည့်စုံတော်မူလှသော စီမံကိန်းတစ်ရပ်

ခြောက်သွေ့လျက်ရှိသော မြေပြင်ကို စိုစွတ်စေရန်နှင့် ထိုမြေပြင်မှ ပျိုးပင်၊ ပေါက်ပင်၊ သစ်ပင်တို့ ပေါက်ရောက်စေခြင်း၏ အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ 'ထိုမြေပေါ်သို့ မိုးရွာသွန်းစေကာ ထိုသို့ ရွာချလိုက်သည့်အတွက်ကြောင့် ကမ္ဘာမြေပထဝီသည် စိုစွတ်သွားကာ ပေါက်ရောက်ရန် ထိုက်တန်သော မြေဖြစ်သွားပေသည်'ဟူ၍ လာရှိထားပေသည်။ သို့သော် ဤအာယသ်တော်အတွင်း၌ မိုးရွာချပေးခြင်းဟူသော အသုံးအနှုန်းကို မသုံးနှုန်းထားဘဲ ရေကို မြေပြင်ထက်ဝယ် စီးတွေ၊ စီးဆင်းစေကာ ခြောက်သွေ့သော မြေပြင်ရှိရာဆီသို့ ခေါ်ဆောင်သွားကာ ထိုသို့ စိုစွတ်သွားခြင်းဖြင့် ပေါက်ပင်၊ သစ်ပင်များ ပေါက်ရောက်ရန် ထိုက်တန်သော မြေဖြစ်သွားခြင်းအကြောင်းကို အမိန့်ရှိ တင်ပြထားတော်မူပေသည်။ ဆိုလိုသည်မှာ မိုးရေသည် အခြားသော နေရာတစ်ခုအပေါ်၌ ရွာချပြီး ထိုနေရာမှ ချောင်း၊ မြောင်းများ၏ အကြောင်းခံဖြင့် မြေပထဝီအပေါ် စီးတွေစေကာ မိုးရွာသွန်းဖြိုးမှု မရှိသော ခြောက်သွေ့သည့် မြေပထဝီထိတိုင် ရောက်ရှိသွားပေသည်။

ယင်းသို့ မိန့်မြွက်ရာ၌ 'အချို့သော မြေများသည် မိုးရေကို လက်ခံနိုင်စွမ်း မရှိလောက်အောင် နူးညံ့လွန်းလှပေသည်။ အကယ်၍ ထိုမြေနေရာ အရပ်ဒေသများ၌ မိုးကို ပြည့်ပြည့်ဝဝ ရွာသွန်းစေလိုက်မည်ဆိုလျှင် အဆောက်အဦးများ ပြိုကျပျက်စီးကာ သစ်ပင်များ ပြိုလဲ ကျွတ်ထွက်သွားပေလိမ့်မည်။ ထို့ကြောင့် တန်ခိုးတော် အသျှင်မြတ်သည် ဤကဲ့သို့သော မြေအမျိုးအစားများအတွက် 'မိုးရေကိုမူ ခံနိုင်စွမ်းရှိသော မြေပထဝီအပေါ်သို့ ရွာသွန်းစေကာ ထိုနေရာမှ မိုးရေကို ခံနိုင်စွမ်း မရှိသော မြေနေရာထိတိုင် ပို့ဆောင်ပေးလိုက်ပေသည်'ဟူသော စီမံကိန်းမျိုးကို ချမှတ်ပေးထားပေသည်။ ဥပမာ- 'အီဂျစ်နိုင်ငံ၏ မြေကဲ့သို့' ဟူသော အရပ်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များသည် ဆီရီးယားနိုင်ငံနှင့် ယမာန်နိုင်ငံ၏ မြေကြီးများကို ယင်းမိန့်ခွန်းချက်၏ အခြေခံမူတည်ချက်အဖြစ် သတ်မှတ်ပေးထားပေသည်။ (ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးနှင့် ဟဇရတ် ဟစန်းသခင်ကြီးတို့ထံမှ အထက်ပါအတိုင်း ဆင့်ပြန်ချက် လာရှိထားပေသည်။)

မှန်ကန်သောအချက်မှာ ဤအထက်ဖော်ပြပါ စာစဉ်အကြောင်းအရာသည် ဤကဲ့သို့သော မြေကြီးအမျိုးအစားဖြစ်သော မြေကြီးများအားလုံး ပါဝင်ပေသည်။ အီဂျစ်မြေသည် အထူးသဖြင့် ထိုအချက်အတွင်း၌ ပါဝင်ပေသည်။ အကြင်အရပ်ဒေသတို့၌ မိုးသည် အလွန်နည်းပါးစွာ ရွာသွန်းပေသည်။ သို့ရာတွင် အာဖရိကတိုက်ရှိ ကပ္ပလီ နီးဂရိုးလူမျိုးတို့ နေထိုင်ရာ အရပ်ဒေသများ၌ မိုးရေသည် 'ရှင်သန်တိုးတက်ဖွံ့ဖြိုးမှုများစွာ ကောင်းသော ဓါတ်များရှိသည့် မြေနီတို့နှင့်အတူ' နိုင်းမြစ်၏ အကြောင်းခံဖြင့် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာပေသည်။ ထို့ကြောင့် အီဂျစ်နိုင်ငံသားတို့သည် မိမိတို့တိုင်းပြည်၌ မိုးမရွာသွန်းသည့်တိုင်အောင် နှစ်စဉ်နှစ်တိုင်း ရေသစ်၊ မြေသစ်တို့၏ အကျိုး ရယူခံစားကြပေသည်။

فَتَبَارَكَ اللّٰهُ اَحۡسَنُ الۡخَالِقِيۡنَ ،

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။ [၂၃ : ၁၄]

وَيَقُوۡلُوۡنَ مَتٰى هٰذَا الۡفَتۡحُ

ထို့ပြင် ၄င်းတို့က 'ဤစီရင်ဆုံးဖြတ်မှုသည် မည်သည့်အခါ၌ ဖြစ်မည်နည်း' ဟု ပြောဆိုမေးမြန်းကြကုန်၏။ [၃၂ : ၂၈]

ဆိုလိုသည်မှာ ကာဖိရ်တို့သည် ဤသို့ဆိုလေ့ ရှိကြပေသည်။ အသင်တို့၏ မုအ်မင်န်တို့သည် ကာဖိရ်များအပေါ် လွှမ်းမိုးအောင်နိုင်မှု ရရှိမည်ဟူ၍ ပြောဆိုကြွေးကြော်နေသည့် အောင်နိုင်မှုသည် မည်သည့်အချိန်၌ ရရှိမည်နည်း။ ယင်းအချက်၏ အရိပ်အယောင်ကိုမျှပင် ကျွန်ုပ်တို့သည် မမြင်တွေ့ရပေ။ ကျွန်ုပ်တို့သည် မုအ်မင်န်များကို ကြောက်ရွံ့စွာ ပုန်းရှောင်နေကြသည်ကိုသာ တွေ့မြင်ရပေသည်။

ထိုအချက်အား တုန့်ပြန်ဖြေကြားရာ၌ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ အမိန့်ရှိထားပေသည်။

قُلۡ يَوۡمَ الۡفَتۡحِ لَا يَنۡفَعُ الَّذِيۡنَ كَفَرُوۡۤا اِيۡمَانُهُمۡ

အို၊ နဗီတမန်တော်၊ အသင်သည် ၄င်းတို့အား ပြောကြားပါလေ။ အချင်းတို့၊ ထိုစီရင်ဆုံးဖြတ်ကြမည့်နေ့တွင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ ယုံကြည်မှုသည် ၄င်းတို့အား အကျိုးပေးမည်မဟုတ်ပေ။ [၃၂ : ၂၉]

ဆိုလိုသည်မှာ အသင်သည် ၄င်းတို့အား တုန့်ပြန်ဖြေကြားရာ၌ ဤသို့ ဆိုလေကုန်။ အသင်တို့သည် 'ကျွန်ုပ်တို့ အောင်မြင်မည့်နေ့အား ကျွန်ုပ်တို့အား အဘယ်အကြောင်းကြောင့် မေးနေပေသနည်း။ ထိုနေ့သည်မူ အသင်တို့ ဘေးဒုက္ခဆိုက်ရောက်မည့်နေ့ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အောင်မြင်မှု ရရှိသော အချိန်၌ အသင်တို့သည် ပြစ်ဒဏ်အတွင်း၌ ခံစားရမည့်အချိန် ဖြစ်ပေသည်။ 'ဗဒရ်'စစ်ပွဲ၌ကဲ့သို့ လောကီရေးရာ၌ဖြစ်စေ၊ နောင်တမလွန် 'အာခိရသ်'၌ဖြစ်စေ ပြစ်ဒဏ်ခံစားရမည့်အချိန် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်တော်က ဖမ်းဆီးလိုက်သောသူ၏ အီမာန်သည် ယုံကြည်လက်ခံခြင်းခံရလိမ့်မည်မဟုတ်။ [အိဗ်နေကစီးရ်]

အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် ဤ مَتٰى هٰذَا الۡفَتۡحُ (စီရင်ဆုံးဖြတ်မှုသည် မည်သည့်အခါ၌ ဖြစ်မည်နည်း' ဟူသော နေရာ၌ အဓိပ္ပာယ်ကို 'ကေယာမသ်'နေ့အဖို့ ဖြစ်ကြောင်း' ဟူ၍ မိန့်ဆိုထားကြပေသည်။ စကားပြေအကျဉ်းချုပ်၌ ဤအချက်ကိုသာလျှင် ရွေးချယ် အတည်ပြုထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် အဟ်ဇာဗ်

မဟာမိတ်များကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يَا أَيُّهَا النَّبِيُّ اتَّقِ اللَّهَ وَلَا تُطِعِ الْكَافِرِينَ وَالْمُنَافِقِينَ ۗ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا ①

၃၃ : ၁ ။ ။ အို၊ နဗီတမန်တော်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ပင် နေပါလေ။ ထို့ပြင် အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့နှင့် မုနာဖစ်က်မွတ်စွလင်မ်အယောင်ဆောင်သော သူတို့၏ ပြောဆိုချက်ကို မလိုက်နာပါလေနှင့်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَاتَّبِعْ مَا يُوحَىٰ إِلَيْكَ مِن رَّبِّكَ ۚ إِنَّ اللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ②

၃၃ : ၂ ။ ။ သို့ရာတွင် အသင်သည် မိမိထံသို့ မိမိ၏ အသျှင်မြတ်ထံတော်မှ (ဝဟီအားဖြင့်) ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကိုသာလျှင် လိုက်နာဆောင်ရွက်ပါလေ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက်ရှိကြသည်များကို ကောင်းစွာ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَتَوَكَّلْ عَلَى اللَّهِ ۚ وَكَفَىٰ بِاللَّهِ وَكِيلًا ③

၃၃ : ၃ ။ ။ ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ပါလေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ နဗီတမန်တော်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ပင် နေပါလေ။ (အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မကြောက်ရွံ့လေနှင့်။ ထိုသူတို့၏ ခြိမ်းခြောက်မှုများကို အနည်းငယ်မျှ

ဂရုမမူလေနှင့်။) ထို့ပြင် အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့ (အကြင်သူတို့သည် ပေါ်လွင်ထင်ရှားစွာ သာသနာတော်နှင့် ဆန့်ကျင်စွာ အကြံဉာဏ်များကို ပေးကြပေသည်။) နှင့် 'မုနာဖစ်က်' (အယောင်ဆောင်သောသူ) တို့ (အကြင်သူတို့သည် နောက်ကွယ်၌ ၎င်းကာဖိရ်တို့နှင့် အတူတူပင် ဖြစ်ကြပေသည်) ၏ ပြောဆိုချက်ကို မလိုက်နာပါလေနှင့်။ (အလ္လာဟ်အသျှင်မြတ်၏ ပြောဆိုချက်ကိုသာ လိုက်နာကုန်။) စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်၏ အမိန့်တော်တိုင်းသည် အကျိုးတရား၊ ကျေးဇူးတော်များ ပါဝင်လျက်သာ ရှိနေပေသည်။)

၎င်းနောက် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အား နာခံခြင်းမှာ) သို့ရာတွင် အသင်သည် မိမိထံသို့ မိမိ၏ အသျှင်မြတ်ထံတော်မှ (ဝဟီအားဖြင့်) ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကိုသာလျှင် လိုက်နာဆောင်ရွက်ပါလေ။ (အို၊ လူသားအပေါင်းတို့) စင်စစ်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်များကို ကောင်းစွာ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (အသင်တို့ထံမှ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်ကို အဟန့်အတား၊ အနှောင့်အယှက်နှင့် ဆန့်ကျင်ဘက်ပြုနေသောသူများ၏ ဆန့်ကျင်ဘက်ပြုနေသည့် အချက်များအားလုံးကို သိရှိတော်မူပေသည်။)

ထို့ပြင် (အို၊ နဗီ) အသင်သည် (၎င်းတို့ ခြိမ်းခြောက်မှုများ ပြုသည့် အမှုကိစ္စနှင့် စပ်လျဉ်း၍) အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံလွှဲအပ်ပါလေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူ၏။ (ထိုအသျှင်မြတ်အား ယုံကြည်ပြိုင်အံ့တုရာ၌ ၎င်းတို့၏ အကြံအစည်တစ်စုံတစ်ရာသည် အထမြောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သောကတစ်စုံတစ်ရာ မဖြစ်လေနှင့်။ သို့သာမက အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်အရ စမ်းစစ်မှုတစ်ရပ်အတွင်း စမ်းစစ်မှုပြုရန် လိုလားနေပေသည်။ ထို့ကြောင့် ယာယီဘေးဒုက္ခ တစ်စုံတစ်ရာ ရောက်ရှိလာခြင်းသည် အန္တရာယ်မဟုတ်ပေ။ သို့သာမက အကျိုးချည်းသာ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တော်သည် မဒီနာမြို့၌ ကျရောက်လာသော စူရာဟ်တော်ပင် ဖြစ်သည်။ ထိုစူရာဟ်တော်၏ များစွာသော စာစဉ်အကြောင်းအရာများတွင် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အထူးချစ်ခင်ခြင်းခံရခြင်းအကြောင်းတို့ ပါဝင်နေပေသည်။ အကြင်နေရာများအတွင်း၌ တမန်တော်မြတ် ﷺ အား အရိုအသေပေးရန် 'ဝါဂျိဗ်' ဖြစ်ခြင်းအကြောင်းနှင့် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းသည် 'ဟရာမ်' ဖြစ်ကြောင်းကို ခေါင်းစဉ်အမျိုးမျိုးဖြင့် တင်ပြထားပေသည်။ စူရာဟ်တော်၏ ကျန်ရှိသော စာစဉ်အကြောင်းအရာများသည်လည်း ထိုအထက်တင်ပြပါ အချက်ကို ပြည့်ဝအဆုံးသတ်ပေးသော ဆက်စပ်မှုမျိုးဖြင့် ပါရှိထားပေသည်။

စူရာဟ်တော်ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း

ထိုစူရာဟ်တော် ကျရောက်လာခြင်း၏ အကြောင်းခံနှင့် စပ်လျဉ်း၍ အချို့သော ဆင့်ပြန်ချက်များ ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ ဆင့်ပြန်ချက်တစ်ရပ်မှာ ဤသို့ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် 'ဟီဂျ်ရည်' (ပြောင်းရွှေ့မှု) ပြုကာ မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာချိန်ဝယ် မဒီနာမြို့ ဘေးဝန်းကျင် အရပ်ဒေသတို့၌ ဗနူကုရိုက်ဇွားဟ်၊ ဗနူနဇ္ဇီးရ်နှင့် ဗနူကိုက်ကားအ် အစရှိသော ယဟူဒီများ နေထိုင်ကြပေသည်။ 'မည်သည့်နည်းနှင့်မဆို ဤယဟူဒီများ မွတ်စ္စလင်မ်ဖြစ်သွားရန်' သည် စကြဝဠာတစ်ဝှမ်းလုံး၏ ကရုဏာတော်ရှင် (တမန်တော်မြတ် ﷺ) ၏ လိုလား၍ စွမ်းစွမ်းတမံ ကြိုးပမ်းမှုပင် ဖြစ်သည်။ ကြုံကြိုက်စွာနှင့်ပင် ထိုယဟူဒီများထဲမှ အချို့သောသူတို့သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ရောက်ရှိလာကြပေသည်။ မွတ်စ္စလင်မ်အသွင်ဆောင်သည့် ပုံစံမျိုးဖြင့် မိမိတို့ကိုယ်ကိုမိမိ မွတ်စ္စလင်မ်များဟူ၍ ကြွေးကြော်ကာ စိတ်နှလုံးသားများအတွင်း၌မူ အီမာန်မရှိဘဲ ရောက်ရှိ အခစားဝင်ကြ၏။ တမန်တော်မြတ် ﷺ သည် 'လူအချို့ မွတ်စ္စလင်မ်ဖြစ်သွားမှု အခြားသူများကိုလည်း ဖိတ်ခေါ်ရန် လွယ်ကူသွားပေမည်'ဟူသော အချက်ကို တန်ဖိုးထားပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ၎င်းတို့အား အထူးပျူငှာစွာ ဆက်ဆံမှုကို ပြုပေသည်။ လာရောက်ကြကုန်သော လူကြီး၊ လူငယ်များကို ဂုဏ်ပေးလေးစားစွာ ဆက်ဆံပေသည်။ မဖြစ်တန်ကောင်းရာသော အချက်တစ်ချက်သည် ၎င်းတို့အနေဖြင့် ပြုမိသွားသည် ဆိုပါကလည်း သာသနာရေးဆိုင်ရာ ကြောင်းကျိုးတရားကို ထောက်ရှု၍ မသိဟန်ပြုကာ နေတော်မူလိုက်ပေသည်။ ထိုဖြစ်အင်အပေါ် စပ်လျဉ်း၍ 'စူရာဟ်အဟ်ဇာဗ်'၏ ကနဦးပိုင်း အာယသ်တော်များ ကျရောက်လာပေသည်။ *[ကုရ်သုဗီး]*

အခြားဖြစ်အင်တစ်ရပ်ကို အိဗ်နေဂျရီးရ်သခင်ကြီးသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဟီဂျ်ရည်ပြု ပြောင်းရွှေ့ပြီးနောက် မက္ကာဟ်မြို့သား ကာဖိရ်များထဲမှ ဝလီးဒ်ဗင်န်မုဂီရားဟ်နှင့် ရှိက်ဗားဗင်န်ရဗီအားဟ်တို့သည် မဒီနာရွှေမြို့တော်သို့ လာရောက်ကြပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကြကာ 'အကယ်၍ အသင်သည် မိမိကြွေးကြော်မှုအား စွန့်လွှတ်လိုက်မူ ကျွန်ုပ်တို့သည် မက္ကာဟ်မြို့သား ကုရိုက်ရှ်လူမျိုးများ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများထဲမှ တစ်ဝက်ကို အသင့်အား ပေးပေမည်'ဟု ပြောဆိုကြပေသည်။ မဒီနာမြို့၌ ရှိကြကုန်သော 'မုနာဖစ်က်' (မွတ်စ္စလင်မ်အယောင်ဆောင်သောသူများ) နှင့် ယဟူဒီတို့သည် 'အကယ်၍ အသင်သည် မိမိ၏ ကြွေးကြော်မှုနှင့် ဖိတ်ခေါ်မှုတို့မှ ရပ်တန့်က မရပ်ပါမူ ကျွန်ုပ်တို့သည် အသင့်အား သတ်ပစ်မည်'ဟူ၍ ခြိမ်းခြောက်ပေသည်။ ထိုအချက်များအပေါ် ထောက်ရှု၍ ဤအထက်ဖော်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။

တတိယဖြစ်အင်တစ်ရပ်ကို စအ်လဗီး (ရဟ) နှင့် ဝါဟိဒီး (ရဟ) သခင်ကြီးတို့သည် ကွင်းဆက်အထောက်အထား (စနဒ်) မပါဘဲ ဆင့်ပြန်ထားပေသည်။ 'ဟုဒိုင်ဗီယာ'ဖြစ်အင်၌ မက္ကာဟ်မြို့ရှိ ကာဖိရ်

များနှင့် တမန်တော်မြတ် ﷺ တို့၏ ကြားဝယ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုထားချိန်ဝယ် အဗူစွဖ်ယားန်၊ အိက်ရိမားဗင်န်အဗူဂျဟလ်နှင့် အဗူအအ်ဝရ်စုလမီးတို့သည် မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာကြပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ အား 'အသင်သည် ကျွန်ုပ်တို့၏ ရုပ်တု၊ ဆင်းတုများကို မကောင်းပြောဆိုခြင်းမှ စွန့်လွှတ်ကုန်။ ဤရုပ်တု၊ ဆင်းတုများသည်လည်း ကြားဝင်အသနားခံပေးမှုကို ပြုကာ အကျိုးပြုပေးလိမ့်မည်ဟူ၍သာ ပြောဆိုကုန်။ အသင်သည် ဤမျှခန့် အတိုင်းအတာလေးကို ပြောဆိုမည်ဆိုလျှင် ကျွန်ုပ်တို့သည် အသင်နှင့် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ချမ်းသာပေးလိုက်မည်ဖြစ်ကာ ပြဿနာအပေါင်း ချုပ်ငြိမ်းသွားမည်ဖြစ်သည်' ဟူ၍ လာရောက်ပြောဆိုကြပေသည်။

ထိုအချက်ကို တမန်တော်မြတ် ﷺ နှင့် မွတ်စလင်မ်အပေါင်းတို့သည် လွန်စွာ မနှစ်မြို့ ဖြစ်သွားပေသည်။ မွတ်စလင်မ်တို့သည် ၎င်းတို့အား သတ်ဖြတ်ရန် ရည်ရွယ်လိုက်ကြပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်သည် ၎င်းတို့ဖြင့် စစ်ပြေငြိမ်းရေးစာချုပ်ကို ချုပ်ဆိုပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဤသို့မပြုနိုင်' ဟူ၍ ဖြေကြား မိန့်မြွက်လိုက်ပေသည်။ ထိုအချက်အပေါ် ဤအာယသ်တော်များ ကျရောက်လာပေသည်။ *[ရူးဟ်]*

ဤအထက်ဖော်ပြပါ ဆင့်ပြန်ချက်များသည် တစ်ခုနှင့် တစ်ခု ကွဲပြားနေလင့်ကစား သို့ရာတွင် စင်စစ်၌ ၎င်းတို့အတွင်းဝယ် တစ်စုံတစ်ရာ ဆန့်ကျင်ဘက် မရှိပေ။ ဤဖြစ်အင်များ အားလုံးသည် တင်ပြလျက်ရှိနေသော အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံ ဖြစ်နိုင်ပေသည်။

ဤအာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ အား အမိန့်တော် (၂) ရပ် ပေးထားပေသည်။

ပထမအမိန့်တော်မှာ- اِتَّقِ اللهَ (အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ပင် နေပါလေ။)

[၃၃ : ၁]

နှင့် ဒုတိယအမိန့်တော်မှာ- لَا تُطِعِ الْكٰفِرِيْنَ (ထို့ပြင် အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့နှင့် မုနာဖစ်က် အသွင်ဆောင်သောသူတို့၏ ပြောဆိုချက်ကို မလိုက်နာလေနှင့်။) *[၃၃ : ၁]*

အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ နေစေရန် အမိန့်တော်အား ပေးထားရခြင်းအကြောင်းမှာ ၎င်းတို့အား သတ်ဖြတ်ခြင်းသည် ပဋိညာဉ်ကို ချိုးဖောက်သည့်အတွက်ကြောင့် 'ဟရာမ်' ဖြစ်ပေသည်။ ကာဖိရ်များ၏ စကားကို နာခံရန် ပေးထားရခြင်း၏ အကြောင်းမှာ '၎င်းကာဖိရ်များဘက်မှ ပြောဆိုတင်ပြလာသော အခက်များအားလုံးသည် လက်ခံထိုက်ဖွယ် အချက်တစ်စုံတစ်ရာမျှ မရှိခြင်းကြောင့် ဖြစ်ပေသည်။ အကျယ်ချဲ့အကြောင်းကို ရှေ့၌ တင်ပြပေအံ့။

يٰۤاَيُّهَا النَّبِىُّ اتَّقِ اللهَ

အို၊ နဗီတမန်တော်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ပင် နေပါလေ။

[၃၃ : ၁]

ဤသည် တမန်တော်မြတ် ﷺ အား အထူးဂုဏ်ပေးကာဖြင့် ခေါ်ဝေါ် မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးအတွင်း၌ မည်သည့်နေရာ တစ်နေရာ၌မှာပင်မဆို တမန်တော်မြတ် ﷺ ၏အမည်ကို ကိုင်ကာ မခေါ်ဝေါ်ထားပေ။ ပမာဆိုရသော် အခြားသော နဗီတမန်တော်များအား 'ယာအာဒမ်၊ ယာနူးဟ်၊ ယာအိဗ်ရာဟီးမ်နှင့် ယာမူစာ' အစရှိသည်ဖြင့် အကြိမ်ကြိမ်အခါခါ လာရောက်ထားပေသည်။ သို့သာမက နောက်ဆုံးနဗီတမန်တော်မြတ် ﷺ အား ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးအတွင်း၌ နဗီ သို့မဟုတ် ရစူလ်၏ ဂုဏ်ပုဒ်ဖြင့်သာ မိန့်မြွက်ထားပေသည်။ နေရာ (၄) နေရာ၌မှာပင် အရေးကြီးသည့်အတွက်ကြောင့် 'ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း' ကို ထုတ်ဖော်ပြသချင်သည့်အတွက်ကြောင့် အမည်ကို ကိုင်ကာ အမိန့်ရှိထားပေသည်။

ထိုအထက်ပါ မိန့်မြွက်ချက်အတွင်း၌ တမန်တော်မြတ် ﷺ အား အမိန့်နှစ်ရပ် မိန့်မြွက်ထားပေသည်။ အမိန့်တစ်ရပ်မှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန် ဖြစ်သည်။ အကြောင်းမှာ မက္ကာဟ်မြို့နေ မုရှ်ရိစ်က်များဖြင့် ပဋိညာဉ်ကို ချုပ်ဆိုထားပြီးဖြစ်သည့်အတွက်ကြောင့် ၎င်းစာချုပ်နှင့် စပ်လျဉ်းသော သစ္စာကို မဖောက်သင့်ပေ။ ဒုတိယအမိန့်မှာ မုရှ်ရိစ်က်များ၊ မုနာဖစ်က်များနှင့် ယဟူဒီတို့၏ စကားကို မနာခံရန် ဖြစ်ပေသည်။

တမန်တော်မြတ် ﷺ သည် ပြစ်မှုဒုစရိုက်တိုင်းမှ ကင်းစင်သန့်ရှင်းပေရာ ပဋိညာဉ်ကို ချိုးဖောက်ခြင်းသည်လည်း ကြီးလေးသော ပြစ်မှုဖြစ်ပေသည်။ အာယသ်တော်မြတ် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်းအတွင်း၌ ပါရှိထားသကဲ့သို့ ကာဖိရ်၊ မုရှ်ရိစ်က်များ၏ ပြောဆိုသော အချက်များကို ယုံကြည်လက်ခံခြင်းသည်လည်း ကြီးလေးသော ပြစ်မှု ဖြစ်ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်သည် 'ထိုပြစ်မှုများမှ လွတ်ကင်း၊ ကင်းစင်နေပေရာ ထိုအမိန့်တော်ကို ထုတ်ပြန်ရန် မည်သည့်အကြောင်းကြောင့် လိုအပ်နေပေသနည်း' ဟူ၍ မေးစရာမေးခွန်းတစ်ရပ် ပေါ်ပေါက်လာပေသည်။ ရူးဟူလ်မအာနီကျမ်းအတွင်း၌ လာရှိထားသည်မှာ ယင်းသို့ အမိန့်တော် ထုတ်ပြန်ထားရခြင်း၏ အကြောင်းမှာ နောက်နောင်လည်း ထိုအချက်အပေါ် တည်တံ့မြဲမြံစွာ နေထိုင်ရန် လမ်းညွှန်ထားခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ဤဖြစ်အင်အတွင်း၌ တမန်တော်မြတ်သည် ထိုအချက်အပေါ် တည်တံ့စွာဖြင့် ရပ်တည်ပြသခဲ့ပေသည်။

اِتَّقِ اللّٰهَ (အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့လျက် ရှိကြကုန်) ဟူသော အမိန့်ကို ဦးစားပေး တင်ပြထားရခြင်းအကြောင်းမှာ 'မွတ်စ္စလင်မ်တို့သည် ပဋိညာဉ်အရ စာချုပ်ချုပ်ဆိုပြီးဖြစ်သော မက္ကာဟ်မြို့နေ 'မုရှ်ရိစ်က်'များအား သတ်ဖြတ်ရန် ရည်ရွယ်ခဲ့ကြလေသည်။ ထို့ကြောင့် စာချုပ်အား ချိုးဖောက်ခြင်းမှ ရှောင်ရှားရန် လမ်းညွှန်ချက်ကို اِتَّقِ اللّٰهَ ဟူသော စကားလုံးဖြင့် အကြောင်းခံကာ ဦးစားပေး တင်ပြထားပေသည်။ ယင်းအချက်နှင့် ဆန့်ကျင်ကာရှိသော အချက်မှာ ကာဖိရ်များနှင့် မုရှ်ရိစ်က်များ၏ အဆိုအမိန့်

ကို နာခံခြင်းဖြစ်သည်။ ထိုအချက်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ရည်ရွယ်၍ မနေကြသောကြောင့် နှောင့်ဆိုင်းကာ တင်ပြထားခြင်း ဖြစ်ပေသည်။

အချို့သော အဖွင့်ရှင်များက ဆိုထားကြသည်မှာ ဤအာယသ်တော်၌ တမန်တော်မြတ် ﷺ ကို အမိန့်ရှိထားနေလင့်ကစား အလိုသဘောမှာ အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးကို ကြားနာစေခြင်း ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည်မူ အပြစ်ကင်းစင်သောသူ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်သမှု ပြုရန်ကို တမန်တော်မြတ် ﷺ အနေဖြင့် တစ်စုံတစ်ရာ လုံးဝ မဖြစ်တန် ကောင်းသော အရာ ဖြစ်ပေသည်။ သို့ရာတွင် ဥပဒေသသည် အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးအတွက် ဖြစ်ပေသည်။ ၎င်းတို့အား ကြားနာစေရန် အသွင်ခေါင်းစဉ်ကို 'တမန်တော်မြတ် ﷺ အား ရည်ညွှန်း မိန့် မြွက်၍ ယင်းသို့ မိန့်မြွက်လိုက်ခြင်းဖြင့် အမိန့်၏ အရေးပါမှုသည် ပိုမို၍ လေးနက်သွားပေသည်' ဟူသော ပုံစံမျိုးကို ရွေးချယ်ထားပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည်ပင်လျှင် ထိုမိန့်မြွက်ချက်အား ကြားနာ နာခံစေရသည်ဆိုလျှင် အုမ္မသ် (နောက်လိုက်ထု) အတွင်းရှိ မည်သူတစ်ဦး တစ်ယောက်သည် ချွင်းချက်အဖြစ် ကင်းလွတ်ရနိုင်ပေမည်နည်း။

အိဗ်နေကစီးရ်သခင်ကြီးက မိန့်ဆိုသည်မှာ ဤအာယသ်တော်အတွင်း၌ ကာဖိရ်များနှင့် မုနာဖိက် တို့၏ အမိန့်ကို နာခံခြင်းမှ တားမြစ်ထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ 'အသင်သည် ၎င်းတို့နှင့် အကြံဉာဏ် တောင်း တိုင်ပင်မှုကိုပင် မပြုရန်နှင့် ၎င်းတို့အား များစွာ ရောနှောထိုင်ခွင့်၊ နီးစပ်ခွင့် အခြေအနေ၊ အခွင့်အလမ်း' ကို မပေးရန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ညှိနှိုင်းတိုင်ပင်မှုများ နှင့် အချင်းချင်းကြား ပတ်သက်၊ ဆက်နွယ်မှုတို့သည် များသောအားဖြင့် '၎င်းတို့၏ စကားရပ်များကို ယုံကြည်မိသွားခြင်း' ၏ အကြောင်းခံမျိုးများ ဖြစ်ပေါ်သွားတတ်ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ အဖို့ ၎င်းတို့၏ စကားကို ယုံကြည်လက်ခံရန် တစ်စုံတစ်ရာ မဖြစ်နိုင်နေလင့်ကစား သို့ရာတွင် ဤကဲ့သို့ ဆက်နွယ်မှုထားရှိခြင်းနှင့် ၎င်းတို့နှင့် ညှိနှိုင်းတိုင်ပင်မှုအတွင်း၌ အတူတကွ ပါဝင်နေခြင်းမှ တားမြစ်ထား တော်မူပေသည်။ ထိုအချက်ကို 'အေသွာအ်သ်' (နာခံခြင်း) ဟူသော စကားလုံးဖြင့် သုံးနှုန်းဖွဲ့ဆိုထားရ ခြင်းအကြောင်းမှာ ဤကဲ့သို့သော ညှိနှိုင်းတိုင်ပင်မှုများနှင့် အချင်းချင်းကြား ဆက်နွယ်မှုတို့သည် ဓလေ့ သဘောအရ ယုံကြည်သွားခြင်း၏ အကြောင်းခံတို့ ဖြစ်တတ်ပေသည်။ သို့ရှိရာ ဤနေရာတွင် စင်စစ် တမန်တော်မြတ် ﷺ ကို နာခံခြင်း၏ အကြောင်းခံများ ဖြစ်သွားတတ်သော အချက်များမှ တားမြစ်ထားခြင်း ဖြစ်ပေသည်။ မူရင်းအခြေခံသဘောအရ နာခံခြင်းသည်မူ တမန်တော်မြတ် ﷺ အဖို့ လုံးဝ မဖြစ်တန်ကောင်းရာ။

'တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်အတွင်း၌ ကာဖိရ်များဘက်မှ သာသနာနှင့် အမှန် တရားအား ဆန့်ကျင်ဘက်ပြုမှုကို ထုတ်ဖော်ခြင်းသည်မူ မဖြစ်နိုင်သော အချက်တစ်စုံတစ်ရာ မဟုတ်ပေ။ ၎င်းတို့၏ ပြောဆိုချက်အပေါ် နာခံခြင်းကိုလည်း တားမြစ်ထားပေသည်။ သို့ရာတွင် မွတ်စ္စလင်မ်အသွင် ဆောင်သော 'မုနာဖစ်က်' တို့သည် အကယ်၍ အစ္စလာမ်သာသနာနှင့် ဆန့်ကျင်စွာ စကားရပ်တစ်စုံတစ်ရာ

အသင့်အား ပြောဆိုပါမူ တစ်ဖန် ၎င်းတို့သည် 'မုနာဖစ်က်'အဖြစ်နှင့် တည်ရှိနေမည်မဟုတ်ဘဲ ထင်ရှားသော ကာဖိရ်များ ဖြစ်သွားပေမည်။ ထိုမုနာဖစ်က်တို့ကို သီးခြားစွာ တင်ပြရန် အဘယ်အကြောင်းကြောင့် လိုအပ်နေပေသနည်း' ဟူသော မေးခွန်းကို မေးနိုင်ချေ ရှိနေပေသည်။ အဖြေမှာ 'မုနာဖစ်က်တို့သည် အစ္စလာမ်သာသနာနှင့် ဆန့်ကျင်စွာ စကားရပ်တစ်စုံတစ်ရာကို လုံး၀ ရှင်းလင်းစွာ ပြောဆိုခြင်း မဖြစ်နိုင်ပေ။ သို့ရာတွင် အခြားသော ကာဖိရ်များအား ကူညီယိုင်းပင်းမှုပြုသည့် အနေဖြင့် စကားရပ်တစ်စုံတစ်ရာ ပြောဆိုခြင်းမျိုး ဖြစ်ပေသည်။

မုနာဖစ်က်တို့၏ အကြင်အခြေအနေကို ကျောထောက်နောက်ခံ သမိုင်းအတွင်း၀ယ် အထက်၌ တင်ပြခဲ့ပေသည်။ အကယ်၍ ထိုအချက်ကို စူရာဟ်၏ အာယသ်တော် ကျရောက်လာခြင်း၏ အကြောင်းခံအဖြစ် သတ်မှတ်ပေးပါမူ ယင်းကဲ့သို့ သတ်မှတ်ရာ၌ စောဒကတက်ဖွယ်ရာအကြောင်း တစ်စုံတစ်ရာမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းဖြစ်အင်ကို ထောက်ရှု၍ တမန်တော်မြတ် ﷺ အား 'မိမိတို့ကိုယ်ကို မိမိ မွတ်စ္စလင်မ်ဟူ၍ ပြောဆိုနေကြသော ယဟူဒီတို့အား သာပို၍ ပျူငှာစွာ ဆက်ဆံခြင်းကို မပြုရန်' တားမြစ်ထားတော်မူလိုက်ပေသည်။

ဤအာယသ်တော်၏ နောက်ဆုံးပိုင်း၌

اِنَّ اللّٰهَ كَانَ عَلِيۡمًا حَكِيۡمًا

ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ [၃၃ း ၁]

ဟူ၍ မိန့်တော်မူကာ ယင်းအမိန့်အား ထုတ်ပြန် ချမှတ်ပေးတော်မူရခြင်း၏ အမြော်အမြင်တော်ကို တင်ပြလိုက်ပေသည်။

'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်နှင့် ကာဖိရ်များနှင့် မုနာဖစ်က်တို့၏ ပြောဆိုမှုကို မနာခံရန်' ဟူ၍ အထက်၌ တင်ပြခဲ့ပေပြီ။ အဘယ်ကြောင့်ဆိုသော် အမှုကိစ္စ အလုံးစုံ၏ နောက်ဆုံးအကျိုးဆက်တရားကို သိရှိတော်မူသော အသျှင်မြတ်သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည်သာလျှင် ကျေးကျွန်တို့၏ ကြောင်းကျိုးတရားကို သိနားလည်တော်မူပေသည်။ ဤအထက်ပါ အမိန့်တော်ကို ထုတ်ပြန်ထားရခြင်းအကြောင်းမှာ 'ကာဖိရ်များ သို့မဟုတ် မုနာဖစ်က်တို့၏ အချို့သော စကားအကြောင်းအရာများကြောင့် ပြဿနာရှုပ်ထွေး ပွေလီမှုသည် နည်းပါးလာ၍ အချင်းချင်း ကြား၌ရှိသော အားနာစွာဖြင့် ဆက်ဆံခြင်း၏ ပြေလည်မှု၏ ရှင်သန်တည်ရှိမှုသည် မြဲမြဲနေခြင်း စသော အကျိုးများ ရရှိနိုင်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် '၎င်းတို့ဖြင့် ဤသို့ အားနာစွာဖြင့် လိုက်လျောညီထွေစွာ ဆက်ဆံခြင်းသည်လည်း ကြောင်းကျိုးတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေကာ၊ ၎င်း၏ အချုပ်တရားသည်လည်း မကောင်းခြင်း' ဖြစ်သည့်အတွက်ကြောင့် တားမြစ်လိုက်ရကြောင်း'ဟူ၍ ဖြစ်သည်။

وَاتَّبِعْ مَا يُوحَىٰ إِلَيْكَ مِن رَّبِّكَ إِنَّ اللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا

သို့ရာတွင် အသင်သည် မိမိထံသို့ မိမိ၏ အသျှင်မြတ်ထံတော်မှ 'ဝဟီ'အားဖြင့် ထုတ်ပြန်ခြင်း ခံရသော အမိန့်တော်များကိုသာလျှင် လိုက်နာဆောင်ရွက်ပါလေ။ စေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက်ရှိကြသည်များကို ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ [၃၃ : ၂]

'အသင်သည် ကာဖိရ်များနှင့် မုနာဖစ်က်တို့၏ ပြောဆိုသည့် စကားကို နားမယောင်လေနှင့်' ဟူ၍ မိန့်တော်မူထားခြင်း၏ မိန့်မြွက်ချက်သည် ပထမအမိန့်တော်ကို သာပို၍ ပြည့်စုံစွာ အဆုံးသတ် ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပေသည်။ 'ငင်းတို့၏ ပြောဆိုသော စကားရပ်များကိုလည်း မနာခံလေနှင့်။' သို့ရှိရာ အသင်နှင့် ဆွဟာဗာတို့သည် ထိုအသျှင်မြတ် ထုတ်ပြန်ပို့ချပေးတော်မူသော 'ဝဟီ'ဗျာဒိတ်တော် တို့ကိုသာလျှင် နောက်လိုက်သမှုပြုရန် ဖြစ်သည်။ သို့ရှိရာ ထိုမိန့်မြွက်ချက်အတွင်း၌ ဆွဟာဗာကြီးများ နှင့် အများမွတ်စ္စလင်မ်တို့ ပါဝင်သည့်အတွက်ကြောင့် နောက်ဆုံးတွင် بِمَا تَعْمَلُونَ ဟူ၍ အများကိန်းကို အသုံးပြုကာ သတိပေးတော်မူလိုက်ပေသည်။

وَتَوَكَّلْ عَلَى اللَّهِ وَكَفَىٰ بِاللَّهِ وَكِيلًا

ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံလွှဲအပ်ပါလေ။ စင်စစ် အလ္လာဟ်အသျှင် မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ်အဖြစ် လုံလောက် တော်မူပေ၏။ [၃၃ : ၃]

ဤသည်လည်း အထက်ပါအမိန့်တော်ကို အဆုံးသတ်ပေးခြင်း၏ ကဏ္ဍရပ်အာယသ်တော် ဖြစ်ပေ သည်။ ထိုအာယသ်တော်အတွင်း၌ 'အသင်သည် ငင်းတို့ ပြောဆိုသည့် အချက်များအပေါ် လက်ခံကျင့်သုံး မှုကို မပြုလေနှင့်။ မိမိ၏ ရည်ရွယ်ချက် အောင်မြင်အထမြောက်ရန် အလ္လာဟ်အသျှင်မြတ်သည် ကိစ္စအဝဝ ကို ပြီးစီးအောင် ဆောင်ရွက်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုကဲ့သို့သော အသျှင် မြတ် တည်ရှိနေသည့် ကြားကပင် အသင်သည် အခြားတစ်ဦးတစ်ယောက်အား ထောက်ထားညှာတာနေ စေရန်အကြောင်း တစ်စုံတစ်ရာမျှ မရှိပေ'ဟူသော အချက်တို့ကို မိန့်တော်မူထားပေသည်။

ဓမ္မသတ် ။ ။ အထက်တင်ပြပါ အာယသ်တော်များမှ ဒီန်းသာသနာရေးဆိုင်ရာ အမှုကိစ္စများအတွက် ကာဖိရ်များနှင့် အကြံဉာဏ်တောင်းခံခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းသည် မပိုင်ကြောင်း။ အခြားရောင်းဝယ်ဖောက် ကားမှုဆိုင်ရာ အတွေ့အကြုံပေါ် မူတည်သည့် ကဏ္ဍရပ်များ၌ အကြံဉာဏ်ရယူခြင်းသည် အကြောင်း မဟုတ်ပေဟူ၍ အတည်ဖြစ် သိရှိရသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

مَا جَعَلَ اللّٰهُ لِرَجُلٍ مِّنْ قَلْبَيْنِ فِيْ جَوْفِهٖ ۚ وَمَا جَعَلَ
أَزْوَاجَكُمُ الّٰٓـِٔيْ تُظٰهِرُوْنَ مِنْهُنَّ أُمَّهٰتِكُمْ ۚ وَمَا جَعَلَ أَدْعِيَآءَكُمْ
أَبْنَآءَكُمْ ۗ ذٰلِكُمْ قَوْلُكُمْ بِأَفْوَاهِكُمْ ۗ وَاللّٰهُ يَقُوْلُ الْحَقَّ وَهُوَ
يَهْدِي السَّبِيْلَ ④

၃၃ : ၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူတစ်ဦးတစ်ယောက်အဖို့မျှ ၎င်း၏ ခန္ဓာကိုယ်၌ စိတ်နှလုံးနှစ်ခုကို ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့၏ အကြင် ဇနီးကြင်ရာများကို အသင်တို့၏ မိခင် (အရင်းအခြာ) များ ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ အသင်တို့ ထိုဇနီးမိန်းမတို့အား 'အသင်မသည် ကျွန်ုပ်အပေါ်၌ မိခင်ကဲ့သို့ 'ဟရာမ်'ဖြစ်သည်'ဟု ပြောဆို (၍ 'ဇိဟာရ်' မိခင်နှင့် နှိုင်းယှဉ်ပြုလုပ်) ကြကုန်၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့၏ သား (အရင်းအခြာ) များ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ ဤသည်တို့မှာ အသင်တို့သည် မိမိတို့၏ နှုတ်များဖြင့် ပြောဆိုကြသော အသင်တို့၏ ပြောဆိုချက်မျှပင် ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာမူ အမှန်ကို မိန့်ကြားတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် (ဖြောင့်မတ်မှန်ကန်သော) လမ်းကို ညွှန်ပြတော်မူ၏။

اُدْعُوْهُمْ لِاٰبَآئِهِمْ هُوَ أَقْسَطُ عِنْدَ اللّٰهِ ۚ
فَإِنْ لَّمْ تَعْلَمُوْٓا اٰبَآءَهُمْ فَإِخْوَانُكُمْ فِي الدِّيْنِ وَمَوَالِيْكُمْ ۗ وَ
لَيْسَ عَلَيْكُمْ جُنَاحٌ فِيْمَآ أَخْطَأْتُمْ بِهٖ وَلٰكِنْ مَّا تَعَمَّدَتْ قُلُوْبُكُمْ ۗ
وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ⑤

၃၃ : ၅ ။ ။ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ ဖခင်များနှင့် ဆက်စပ်ကာ (မည်သူမည်ဝါ၏ သားဖြစ်သည်) ဟု ခေါ်ဝေါ်ကြလေကုန်။ ဤသည်သာလျှင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ တရားအမျှတဆုံး ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် ၎င်းတို့၏ ဖခင်များကို မသိခဲ့ကြပါလျှင် ၎င်းတို့သည် အသင်တို့၏ သာသနာဝင် ညီအစ်ကိုများ ဖြစ်ကြသည့်အပြင် အသင်တို့၏ အဆွေခင်ပွန်းများလည်း ဖြစ်ကြကုန်၏။ စင်စစ် အသင်တို့အပေါ်၌ အသင်တို့ မေ့မှား၍ ပြုမူခဲ့ကြကုန်သော အမှုကိစ္စနှင့် စပ်လျဉ်း၍ မည်သို့မျှ အပြစ်တစ်စုံတစ်ရာ မရှိချေ။ သို့ရာတွင် အသင်တို့၏ စိတ်က ကြံရွယ်ပြုလုပ်ခဲ့ကြကုန်သော အမှုကိစ္စ၌မူ (အပြစ်) ရှိသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူတစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏ ခန္ဓာကိုယ်၌ စိတ်နှလုံးနှစ်ခုကို ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ (ထိုနည်းတူစွာ) ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့၏ အကြင်ဇနီးကြင်ယာများကို အသင်တို့၏ မိခင် (အရင်းအချာ) များ ပြုလုပ်တော်မူခဲ့သည်မဟုတ်။ အသင်တို့သည် ထိုဇနီးမိန်းမအား 'အသင်မသည် ကျွန်ုပ်အပေါ်၌ မိခင်ကဲ့သို့ 'ဟရာမ်'ဖြစ်သည်ဟု ပြောဆို (၍ 'ဇိဟားရ်' မိခင်နှင့် နှိုင်းယှဉ် (ပြုလုပ်) ကြကုန်၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့၏ မွေးစားသားများကိုလည်း အသင်တို့၏ သား (အရင်းအချာ) များ ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ ဤသည်တို့မှာ အသင်တို့သည် မိမိတို့၏ နှုတ်များဖြင့် ပြောဆိုကြကုန်သော အသင်တို့၏ ပြောဆိုချက်မျှပင် ဖြစ်ပေသည်။ (အမှန်တကယ် ဖြစ်ရပ်နှင့် ကိုက်ညီမှု မရှိသည့်အတွက်ကြောင့် မှားယွင်းပေသည်။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာမူ အမှန်ကို မိန့်ကြားတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် (ဖြောင့်မတ်မှန်ကန်သော) လမ်းကို ညွှန်ပြတော်မူ၏။

(မွေးစားသားများသည် အသင်တို့၏ သားအရင်းအချာများ မဟုတ်ပါမူ) အသင်တို့သည် ၎င်းတို့အား (မွေးစားသောသူတို့၏ သားများဟူ၍ မခေါ်ဝေါ်ကြဘဲ သို့သာမက) ၎င်းတို့၏ ဖခင် (အရင်း) များနှင့် ဆက်စပ်ကာ (မည်သူမည်ဝါ၏ သားဖြစ်သည်) ဟု ခေါ်ဝေါ်ကြလေကုန်။ ဤသည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ တရားမျှတဆုံး ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် ၎င်းတို့၏ ဖခင်များကို မသိခဲ့ကြပါလျှင် (၎င်းတို့ကို မိမိတို့၏ ညီနောင်များ သို့မဟုတ် မိတ်ဆွေများဟူ၍ ခေါ်ဝေါ်တမ်းတကြကုန်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးအဆင့်အနေဖြင့်) ၎င်းတို့သည် အသင်တို့၏ သာသနာဝင်ညီအစ်ကိုများ ဖြစ်ကြသည့်အပြင် အသင်တို့၏ အဆွေခင်ပွန်းများလည်း ဖြစ်ကြကုန်၏။ စင်စစ် အသင်တို့အပေါ်၌ အသင်တို့ မေ့မှား၍ ပြုမူခဲ့ကြကုန်သော အမှုကိစ္စနှင့် စပ်လျဉ်း၍ မည်သို့မျှ အပြစ်တစ်စုံတစ်ရာမရှိချေ။ သို့ရာတွင် အသင်တို့၏ စိတ်က ကြံရွယ်ပြုလုပ်ခဲ့ကြကုန်သော အမှုကိစ္စ၌မူ (အပြစ်) ရှိသည်။ (ထိုအပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံလျှင်မူ ချမ်းသာပလပ်ခွင့်ကို ပေးခြင်း ခံရပေမည်။ အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသောအသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ ကို ကာဖိရ်များနှင့် မုနာဖစ်က်တို့၏ အကြံဉာဏ်ပေးမှုများနှင့် ညှိနှိုင်းတိုင်ပင်ချက်များအပေါ် ကျင့်ကြံမှုမပြုရန်နှင့် ၎င်းတို့၏ စကားကိုမနာခံရန် လမ်းညွှန်ထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ကာဖိရ်များ၏ ကြားဝယ် တွင်ကျယ်လျက်ရှိသော ဓလေ့ (၃) ရပ်နှင့် ၎င်းတို့၏ မှားယွင်းသော တွေးခေါ်ချက်များကို

ချေပထားပေသည်။ ပထမအချက်မှာ မသိမိုက်မဲသော 'ဂျာဟိလိယသ်'၏ ခေတ်ကာလ၌ အာရဗ်နိုင်ငံရှိ သူတို့သည် အလွန် ဉာဏ်အရည်အသွေး ထက်မြက်သောသူကို 'ငင်း၏ ရင်ဘတ်အတွင်းဝယ် စိတ်နှလုံးသား (၂) ခုရှိသည်'ဟူ၍ ပြောဆိုလေ့ ရှိကြပေသည်။ ဒုတိယအချက်မှာ ၎င်းတို့၏ ကြားဝယ် ဇနီးကြင်ယာများ နှင့်စပ်လျဉ်း၍ ဤသို့သော ထုံးစံဓလေ့တစ်ရပ် ရှိပေသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏ ဇနီးကို မိမိ၏ မိခင်၏ ကျောကုန်း သို့မဟုတ် အခြားသော အစိတ်အပိုင်းတစ်ခုဖြင့် ပမာခိုင်းနှိုင်းကာ 'အသင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်မိခင်၏ ကျောကုန်းပမာ'ဖြစ်သည်ဟူ၍ ပြောဆိုပေမည်။ ယင်းသို့ ပြောဆိုခြင်းကို ၎င်းတို့၏ သုံးနှုန်းမှုဝေါဟာရ၌ 'ဇွေဟားရ်'ဟူ၍ ခေါ်ဆိုပေသည်။ အကြင်စကားလုံး သည် ظَهْر (ဇွာဟ်ရှုန်) 'ကျောကုန်း'ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ ၎င်းတို့ တွေးထင်မျှော်မှန်းထားသော အချက်မှာ 'အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏ ဇနီးသည်အား 'ဇွေဟားရ်' ပြုလိုက်သည်ဆိုပါက ထိုဇနီးသည်သည် ၎င်းအဖို့ အမြဲတမ်းအတွက် 'ဟရာမ်' ဖြစ်သွားပေ သည်'ဟူ၍ ဖြစ်သည်။

တတိယအချက်မှာ ၎င်းတို့အတွင်း၌ ဓလေ့တစ်ရပ်ရှိသည်မှာ တစ်ဦးတစ်ယောက်သည် အခြား သောသူတစ်ဦးတစ်ယောက်၏ သားကို မိမိ၏ မွေးစားသားအဖြစ် ပြုလုပ်လိုက်ပါက ၎င်းမွေးစားသားသည် မိမိ၏ သားအရင်းကဲ့သို့ပင် ထင်ရှားသွားပေသည်။ ထိုသူ၏ သားဟူ၍ပင် ခေါ်ဆိုကြသည်။ ၎င်းတို့၏ ထံဝယ် ဤမွေးစားသားသည် ပညတ်ချက်အလုံးစုံ၌ သားအရင်းအချာကဲ့သို့ပင် ဖြစ်သည်ဟု သတ်မှတ် ကြပေသည်။ ဥပမာ- အမွေကဏ္ဍရပ်၌လည်း ၎င်း၏ သားအရင်းအချာများကဲ့သို့ပင် ဖက်စပ်ပါဝင်ကာ ရရှိသွားကြပေသည်။ ဆွေမျိုးသားချင်းတော်စပ်မှုအရ အကြင်အမျိုးသမီးများနှင့်အတူ သားအရင်းအချာ တို့သည် 'နေကာဟ်'ပြုလုပ်ခြင်း 'ဟရာမ်'ဖြစ်သကဲ့သို့ ဤမွေးစားသားများကိုလည်း ယင်းကဲ့သို့ တော်စပ် သည်ဟု မှတ်ယူကြပေသည်။ ဥပမာ- မိမိ၏ ချွေးမအရင်းအား သားမှ 'သွလားက်'ပေးပြီးနောက် မိမိ အဖို့လည်း ထိုချွေးမဖြင့် 'နေကာဟ်'ပြုလုပ်ခြင်း 'ဟရာမ်'ဖြစ်သလို မွေးစားသား၏ ချွေးမကိုလည်း မွေးစားသားမှ 'သွလားက်'ပေးပြီးနောက် မိမိအဖို့ 'နေကာဟ်'ထပ်မံပြုလုပ်ခြင်းကို 'ဟရာမ်'ဟူ၍ မှတ်ယူ ထားကြပေသည်။

အတိတ်အမိုက်၊ အမှောင်ခေတ်၏ ယို့ယွင်းပျက်စီး များယွင်းသော ဓလေ့ဆိုး (၃) ရပ် ဖြစ်ပေသည်။ အကြင်ဓလေ့ (၃) ရပ်အတွင်းမှ ပထမဓလေ့သည် သာသနာရေးဆိုင်ရာ ယုံကြည်ချက်ကဏ္ဍ သို့မဟုတ် ကျင့်ကြံဆောင်ရွက်ချက်တို့ဖြင့် မပတ်သက်နေလင့်ကစား ယင်းသို့ မပတ်သက်သည့်အတွက်ကြောင့် အစ္စလာမ် သာသနာသည် ထိုဓလေ့အား ချေပရန် မလိုအပ်ပေ။ လူသားတို့၏ ရင်ဘတ်ပိုင်းအတွင်း၌ 'နှလုံးသားတစ်ခု ရှိပါ၏လော။ သို့မဟုတ် နှစ်ခု ရှိပါ၏လော'ဟူသည် ဆေးပညာရပ်ပိုင်းဆိုင်ရာ အသိပညာတစ်ရပ်သာ ဖြစ်ပေသည်။ ယင်းအချက် (စိတ်နှလုံးသားနှစ်ခုရှိခြင်း) သည် ထင်ရှားစွာ မှားယွင်းကြောင်း အားလုံး သိရှိကြပေသည်။ ထို့ကြောင့် ယင်းအချက် မှားယွင်းကြောင်း တင်ပြခြင်းကိုလည်း ကျန်ရှိသော မွေ့သတ် (၂) ရပ်၏ အဖွင့်၊ အကူသဘောပုံစံမျိုးဖြင့် တင်ပြထားဟန် တူပေသည်။ 'လူသားတစ်ဦး၏ နှလုံးသား

အတွင်း၌ စိတ်နှလုံးသားနှစ်ခု 'ရှိခြင်း' ဟူ၍ အမိုက်ခေတ်ကာလ၌ ရှိသော သူတို့ ပြောဆိုခြင်း မှားယွင်းကြောင်းနှင့် ယင်းအချက်သည် ယုတ္တိမရှိ။ အဓိပ္ပာယ်မရှိသည့် အချက်ဖြစ်ကြောင်း အများသူငှာတို့ သိရှိကြသကဲ့သို့ 'ဇွေဟားရ်' (မိမိ၏ ဇနီးသည်အား မိမိ၏ မိခင်နှင့်တူကြောင်း) နှင့် မွေးစားသားနှင့် စပ်လျဉ်းသော ဓမ္မသတ်များ၌လည်း ၎င်းတို့၏ တွေးခေါ်မှုများသည် မှားယွင်းပေသည်။

ကျန်ရှိသော ဓမ္မသတ်နှစ်ရပ်ဖြစ်သည့် 'ဇွေဟားရ်'၏ ဓမ္မသတ်နှင့် မွေးစားသားတို့နှင့် စပ်လျဉ်းသော ပညတ်ချက်များသည် အစ္စလာမ်သာသနာအတွင်း၌ အထူးအရေးကြီးသော ဓမ္မသတ်များအတွင်းထဲမှ ဖြစ်ပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် ထိုကဏ္ဍာရပ်များ၏ အသေးစိတ်အချက်အလက်များနှင့် အကျယ်ချဲ့ဖွင့်ဆိုချက်များကိုလည်း အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ မိန့်မြွက်ထားတော်မူပေသည်။ အခြားသော အမှုကိစ္စကဏ္ဍာရပ်များကဲ့သို့ အခြေခံအုတ်မြစ်အချက်များကို တင်ပြကာ အကျယ်ချဲ့သောတရားကို နဗီတမန်တော်၏ လက်ဝယ်အတွင်းသို့ မအပ်နှင်းထားပေ။ ထိုအထက်တင်ပြပါ ဓမ္မသတ်ကဏ္ဍာရပ်နှစ်ခုစလုံးအတွင်း၌ အမိုက်ခေတ်၌ရှိသော သူတို့သည် မိမိတို့၏ အခြေအမြစ်မရှိသော စိတ်ရိုင်း၏ အလိုလိုက်မှုတို့ဖြင့် 'ဟလာလ်'၊ 'ဟရာမ်' နှင့် ပိုင်ခြင်း၊ မပိုင်ခြင်းတို့၏ ကိုယ်ပိုင် ဖန်တီးထားသော ဥပဒေများကို ရေးဆွဲ အတည်ပြုထားပေသည်။ 'ထိုမှားယွင်းသော ဓလေ့ဆိုးများနှင့် တွေးခေါ်မှုများအား တိုက်ဖျက်၊ ချေမှုန်း၍ အမှန်တရားကို ရှင်းလင်းကာ ဖော်ထုတ်ခြင်း' သည် မှန်ကန်သေ ဒီးန်သာသနာတော်၏ 'ဖွရဇ်' တာဝန်ပင် ဖြစ်သည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ-

وَمَا جَعَلَ اَزْوَاجَكُمُ الّٰٓئِيْ تُظٰهِرُوْنَ مِنْهُنَّ اُمَّهٰتِكُمْ

၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့၏ အကြင်ဇနီးကြင်ယာများကို အသင်တို့၏ မိခင်အရင်းအချာများ ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ အသင်တို့သည် ထိုဇနီးမိန်းမတို့အား 'အသင်မတို့သည် ကျွန်ုပ်အပေါ်၌ မိခင်ကဲ့သို့ 'ဟရာမ်' ဖြစ်သည်' ဟု ပြောဆို (၍ 'ဇိဟားရ်' မိခင်နှင့် နှိုင်းယှဉ်ပြုလုပ်) ကြကုန်၏။

[၃၃ : ၄]

ဆိုလိုသည်မှာ 'အကယ်၍ တစ်ဦးတစ်ယောက်သည် ဇနီးသည်အား မိခင်နှင့် တန်းတူ (သို့မဟုတ်) မိခင်ကဲ့သို့ ဖြစ်သည်' ဟူ၍ ပြောဆိုလိုက်မှု ထိုဇနီးသည်သည် မိခင်အရင်းကဲ့သို့ အမြဲတမ်း 'အသင့်အဖို့ 'ဟရာမ်' ဖြစ်သွားသည်' ဟူသော အတွေးအခေါ်မျိုးသည် မှားယွင်းပေသည်။ အသင့်အနေနှင့် ပြောဆိုလိုက်ရုံဖြင့် အသင်၏ ဇနီးသည်သည် အသင်၏ မိခင်အရင်းမဖြစ်သွားပေ။ အသင်၏ မိခင်သည်မှု အသင့်အား မွေးထုတ်ပေးလိုက်သော မိခင်ဖြစ်ပေသည်။ ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'ဇေဟားရ်' ပြုလုပ်လိုက်ခြင်းဖြင့် အမြဲတမ်းအဖို့ 'ဟရာမ်' မဖြစ်ကြောင်း' ဟူ၍ အမိုက်ခေတ်၏ ထိုတွေးခေါ်မှုကို ချေပလိုက်ပေသည်။ ရှေ့၌ 'ဤသို့ ပြောဆိုလိုက်ခြင်းဖြင့် သာသနာရေးဆိုင်ရာ ကြောင်းကျိုးသက်ရောက်မှု တစ်စုံတစ်ရာ သက်ရောက်ပါ၏လော။ သို့မဟုတ် မသက်ရောက်ပါ၏လော' ဟူသော အချက်ဖြစ်ပေသည်။ ထိုအကြောင်းအရာ၏ အချက်အလက် အမိန့်ကို ယင်းအမှုကိစ္စသည် 'ဂိုနာဟ်' ဖြစ်ကြောင်း၊ ရှောင်ရှားရန်

'ဝါဂျိဗ်'ဖြစ်ကြောင်းနှင့် 'ဇေဟာ်းရ်'၏ 'ကဖ္ဖာရဟ်' (အစား) ပေးဆောင်လိုက်ခြင်းဖြင့် ဇနီးသည်သည် မိမိအဖို့ ပြန်လည် 'ဟလာလ်' (ပေါင်းသင်းနေထိုင် ဆက်ဆံပိုင်ခွင့်ရှိကြောင်း) ဟူ၍ 'စူရာဟ်မုဂျာဒလာဟ်' သီးသန့်တင်ပြထားပေသည်။ 'ဇေဟာ်းရ်'၏ 'ကဖ္ဖာရဟ်' (အစား) နှင့် စပ်လျဉ်းသော အကျယ်ချဲ့အကြောင်း 'စူရာဟ်မုဂျာဒလာဟ်'၌ တင်ပြပေးမည်ဖြစ်သည်။

ဒုတိယမေ့သတ်အချက်သည် မွေးစားသားနှင့် စပ်လျဉ်းသော အချက်ဖြစ်ပေသည်။ ၎င်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ-

وَمَاجَعَلَ اَدْعِيَآءَ كُمْ اَبْنَاءَ كُمْ

ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့၏ မွေးစားသားများကိုလည်း အသင်တို့၏ သားအရင်းအချာများ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ /၃၃:၄/

اَدْعِيَاء 'အဒ်ဒိယားအ်' ဟူသော ပုဒ်သည် **دَعِىٌّ** 'ဒအီယူးန်'၏ အများကိန်းဖြစ်၍ 'မွေးစားသား' ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'လူသားတစ်ဦးတစ်ယောက်၏ နံဘေးရင်ဘတ် ပိုင်းအတွင်း၌ စိတ်နှလုံးသားနှစ်ခု မရှိသလိုနှင့် ဇနီးသည်အား မိခင်ကဲ့သို့ဟူ၍ ပြောဆိုလိုက်ခြင်းဖြင့် ဇနီးသည်သည် မိခင်အရင်း မဖြစ်သွားသကဲ့သို့ မွေးစားသားသည်လည်း သားအရင်းအချာ မဟုတ်ပေ။' ဆိုလိုသည်မှာ 'အခြားသော သားအရင်းအချာများနှင့်အတူ အမွေပစ္စည်း၌ ဖက်စပ်ကာ ရရှိမည်မဟုတ်။ သားအရင်းက 'သွလားက်'ပေးထားပြီးဖြစ်သော ချွေးမသည် ဖခင်အဖို့ အမြဲတမ်းအတွက် 'ဟရာမ်'ဖြစ်သကဲ့သို့ မွေးစားသား၏ ဇနီးသည်လည်း ဖခင်အဖို့ 'ဟရာမ်'ဖြစ်ကြောင်း'ဟူသော 'နေကာဟ်ဟရာမ်' ဖြစ်ခြင်း၏ မေ့သတ်များသည် ၎င်းမွေးစားသားအပေါ် သက်ရောက်နေမည်မဟုတ်ပေ'ဟူ၍ ဖြစ်ပေသည်။

သို့ရှိရာ ထိုနောက်ဆုံးအမှုကိစ္စ၏ စူးရှသက်ရောက်မှုသည် များစွာသော ကိစ္စရပ်များအပေါ် ဖြစ်ပေါ်တည်ရှိနေပေသည်။ ထို့ကြောင့် 'မွေးစားသားကို ခေါ်ဝေါ်တမ်းတလျှင်သော်လည်းကောင်း၊ သို့မဟုတ် ၎င်း၏ အကြောင်းကို တင်ပြလျှင်သော်လည်းကောင်း ၎င်း၏ မူရင်းဖခင်ဘက်သို့ ဆက်နွယ်ကာ တင်ပြကြကုန်။ သားအဖြစ် မွေးစားထားသော သူ၏ သားအဖြစ် ပြောဆိုကာ မခေါ်ဝေါ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ မွေးစားထားသောသူ၏ သားအဖြစ် ခေါ်ဝေါ်လိုက်သည်ဆိုပါက များစွာသော အမှုကိစ္စများ အတွင်းဝယ် ရှုပ်ထွေးမှုများ ပေါ်ပေါက်လာ၏' ဟူသော အမိန့်တော်ကို အတည်ပြု သတ်မှတ်ပြဋ္ဌာန်းထားပေသည်။

ဘိုခါရီနှင့် မွတ်စ္စလင်မ် အစရှိသော ကျမ်းအတွင်း၌ ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်ကြီး၏ ဟဒီးစ်တော်တစ်ရပ် လာရှိထားပေသည်။ ထိုဟဒီးစ်တော်အတွင်း၌ ပါရှိသည်မှာ 'ယင်းအာယသ်တော်မြတ် မကျရောက်မီအလျှင် ကျွန်ုပ်တို့သည် ဇိုက်ဒ်ဗင်န်ဟာရေစားဟ်ကို ဇိုက်ဒ်ဗင်န်မိုဟမ္မဒ်ဟူ၍ ခေါ်လေ့ ရှိကြသော် (အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် ၎င်းအား မွေးစားထားပေသည်။) ထို အာယသ်တော်မြတ် ကျရောက်လာပြီးသည့်နက် ကျွန်ုပ်တို့သည် ဤအကျင့်ကို စွန့်လွှတ်လိုက်ပေသည်။

ဓမ္မသတ် ။ ။ အထက်ပါရှင်းလင်းချက်တို့မှ 'များစွာသော သူတို့သည် အခြားသောသူများ၏ ကလေးများကို သားဟူ၍ ခေါ်ဆိုကြပေသည်။ ကရုဏာသနား ချစ်ခင်မှုကြောင့်ဖြစ်ပြီး မွေးစားသားအဖြစ်မျိုး မဟုတ်သည်ဆိုပါကလည်း ပိုင်နေလင့်ကစား ပြင်ပသဏ္ဌာန်အားဖြင့် တားမြစ်ခြင်းအတွင်းတွင် ပါဝင်နေခြင်းကြောင့် မကောင်းပေ' ဟူသော အချက်တို့ကို သိရှိရပေသည်။ */ ရှုးဟ် /*

ငှင်းအမှုကိစ္စသည်ပင်လျှင် အာရေဗီယာနိုင်ငံရှိ ကုရိုက်ရှ်မျိုးနွယ်ဝင်တို့အား နားလည်လွဲမှားမှုအတွင်း သွတ်သွင်းရန် အလွန်ကြီးမားသော အပြစ်ကြီးအား ကျူးလွန်စေလိုက်၏။ ငှင်းတို့သည် တမန်တော်မြတ် ﷺ အပေါ် မိမိသား၏ 'သွလာက်' ပေး ကွာထားသော ဇနီးသည်အား (ချွေးမအား) 'နေကာဟ်' ပြုသူဟူ၍ စွပ်စွဲသမုတ်ခဲ့ကြ၏။ အမှန်စင်စစ် ငှင်း (ဟဇရသ်ဇိုက်ဒ် ؓ သခင်) သည် တမန်တော်မြတ် ﷺ ၏ သားအရင်းမဟုတ်။ မွေးစားသားသာ ဖြစ်၏။ ဤကိစ္စနှင့် ပတ်သက်၍ ဤစူရာဟ်၌ပင် အရှေ့၌ အကျယ်တဝင့် လာရှိပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَلنَّبِيُّ اَوْلٰى بِالْمُؤْمِنِيْنَ مِنْ
اَنْفُسِهِمْ وَاَزْوَاجُهٗٓ اُمَّهٰتُهُمْ ۗ وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى
بِبَعْضٍ فِيْ كِتٰبِ اللّٰهِ مِنَ الْمُؤْمِنِيْنَ وَالْمُهٰجِرِيْنَ اِلَّآ اَنْ
تَفْعَلُوْٓا اِلٰٓى اَوْلِيٰٓئِكُمْ مَّعْرُوْفًا ۗ كَانَ ذٰلِكَ فِي الْكِتٰبِ مَسْطُوْرًا ⑥

၃၃ : ၆ ။ ။ နဗီတမန်တော်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့နှင့် ငှင်းတို့ကိုယ်တိုင်ထက်ပင် ပိုမို၍ နီးစပ်၏။ ငှင်းပြင် ထိုတမန်တော်မြတ်၏ ကြင်ရာတော်များသည် ငှင်းမုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ မိခင်များပင် ဖြစ်ကြကုန်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန်၌ သွေးရင်းသားရင်း တော်စပ်သူတို့မှာ အချင်းချင်း တစ်ဦးနှင့်တစ်ဦး အခြား မုအ်မင်န်သက်ဝင် ယုံကြည်သူတို့ထက်လည်းကောင်း၊ 'မုဟာဂျိရီန်' မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်ကာ (မက္ကာဟ်မြို့မှ) ရွှေ့ပြောင်းခဲ့ကြသော သူတို့ထက်လည်းကောင်း ပိုမို၍ နီးစပ်သူများ ဖြစ်ကြကုန်၏။ သို့ရာတွင် အသင်တို့သည် မိမိတို့၏ အဆွေခင်ပွန်းများအား တစ်စုံတစ်ရာ ကျေးဇူးပြုလိုကြသည်ရှိသော် (ပြုနိုင်ခွင့် ရှိ၏။) ဤသည် အလ္လာဟ်အသျှင်မြတ်၏ မှတ်တမ်းတော်၌ ရေးသားပြီးဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နဗီတမန်တော်မြတ် ﷺ သည် မုအ်မင်န်များနှင့် ငှင်းတို့၏ စိတ်နှလုံးသား (ကိုယ်ခန္ဓာ) ထက်ပင် သာပို၍ နီးကပ်လျက်ရှိသည်။ (အကြောင်းမှာ လူသား၏ 'နဖ်စ်' (စိတ်နှလုံးသား) သည်ပင် လူသားအား တစ်ခါတစ်ရံ အကျိုးဖြစ်ထွန်းစေပြီး တစ်ခါတစ်ရံ ဒုက္ခရောက် ဆုံးရှုံးနစ်နာစေသည်။ အဘယ်ကြောင့်ဆို

သော် အကယ်၍ 'နဖ်စ်' (စိတ်နှလုံးသား) သည် ကောင်းမွန်သည်ဆိုပါက ကောင်းသော လုပ်ငန်းများကို လုပ်စေ၍ အကျိုးဖြစ်ထွန်းစေသည်။ အကယ်၍ မကောင်းသော လုပ်ရပ်များဘက်သို့ တိမ်းညွတ်သွားသည် ဆိုပါက ထိုလူသား၏ 'နဖ်စ်' (စိတ်နှလုံးသား) သည်ပင် ၎င်းအတွက် ဒုက္ခဖြစ်စေမည် ဖြစ်၏။ သို့သော် တမန်တော်မြတ် ﷺ ကမူ ၎င်းနှင့် ဆန့်ကျင်၏။ တမန်တော်မြတ် ﷺ ၏ လမ်းညွှန်သင်ကြားပေးမှုတိုင်းတွင် ကောင်းကျိုးချည်းသာ ရှိ၏။ အကောင်းချည်းသာ ဖြစ်၏။ လူသားက 'နဖ်စ်' (စိတ်နှလုံးသား) သည် ကောင်းမွန်၍ ကောင်းမှုကုသိုလ်များဘက်သို့သာ ခေါ်ဆောင်လမ်းညွှန်နေမည်ဟု ဆိုလျှင်လည်း ၎င်း၏ ကောင်းကျိုးသည် တမန်တော်မြတ် ﷺ ၏ ကောင်းကျိုးပြုခြင်းအား မှီနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် လူသား၏ 'နဖ်စ်' (စိတ်နှလုံးသား) သည် အဆိုး၊ အကောင်း၊ လုပ်သင်၊ မလုပ်သင့်၏ ကိစ္စများ၌ မှားယွင်းစွာ ဆုံးဖြတ်နိုင်ချေရှိ၏။ ထို့ပြင် ၎င်းသည် ကောင်းကျိုး၊ ဆိုးကျိုးများအားလုံးကိုလည်း သိရှိထားသည်မဟုတ်။ သို့သော်လည်း တမန်တော်မြတ် ﷺ ၏ လမ်းညွှန်သင်ကြားပြသပေးမှုတွင် စိုးစဉ်းမျှပင် မှားယွင်းနိုင်ချေ မရှိ။ ဤသို့ဖြင့် အကျိုးဖြစ်ထွန်းစေခြင်း၌ တမန်တော်မြတ် ﷺ သည် လူသား၏ 'နဖ်စ်' (စိတ်နှလုံးသား) ထက် ပိုမို အကျိုးဖြစ်ထွန်းစေသည်ဖြစ်ရာ တမန်တော်မြတ် ﷺ နှင့် ပတ်သက်သော တာဝန်ဝတ္တရားသည်လည်း ကျွန်ုပ်တို့၏ အသက်ခန္ဓာကိုယ်ထက်ပင် သာပိုရမည်သာဖြစ်၏။ ၎င်းတာဝန်ဝတ္တရားများမှာ တမန်တော်မြတ် ﷺ ၏ အမိန့်ကို လုပ်ငန်းတိုင်းတွင် နာခံလိုက်နာ ဆောက်တည်ခြင်းနှင့် အဖန်ဆင်းခံအပေါင်းထက် လေးမြတ်သာပိုသော လေးစားဂုဏ်ပေး အရှိအသေထားရှိခြင်းပင် ဖြစ်သည်) ထို့နောက် ၎င်း (တမန်တော်မြတ် ﷺ) ၏ ဇနီးကြင်ရာတော်များသည် ထို (မုအ်မင်န်များ) ၏ မိခင်မွန်များ ဖြစ်ကြ၏။ (အလိုသဘောမှာ အထက်၌ တင်ပြခဲ့သော တင်ပြချက်မှ တမန်တော်မြတ် ﷺ သည် မုအ်မင်န်များအတွက် ဝိညာဉ်အရ ဖခင်ဖြစ်ကြောင်းနှင့် တမန်တော်မြတ် ﷺ သည် မိမိအသက် ခန္ဓာကိုယ်ထက် သာပို၍ ဂရုစိုက်ကြင်နာသူဖြစ်ကြောင်း သိရှိခဲ့ပြီး ဖြစ်သည်။ ထိုအပ်စပ်မှုကြောင့်ပင် တမန်တော်မြတ် ﷺ ၏ ကြင်ရာတော်များသည် အုမ္မသ်ထုတစ်ရပ်လုံး၏ မိခင်မွန်များ ဖြစ်သွားခြင်း ဖြစ်သည်။ သို့ရှိရာ ၎င်းတို့နှင့် ပတ်သက်၍ လေးစားကြည်ညို ဂုဏ်ပေးရမည့် တာဝန်ဝတ္တရားမှ မိမိ မိခင်များသဖွယ် ဖြစ်၏။

ဤအာယသ်တော်၌ တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ရာတော်များကို အုမ္မသ်၏ မိခင်မွန်များ ဖြစ်သည်ဟု ရှင်းလင်းစွာ တင်ပြထားပြီး၊ တမန်တော်မြတ် ﷺ အား အုမ္မသ်၏ ဝိညာဉ်အရ ဖခင်ဖြစ်သည်ဟု အရိပ်အမြွက်ဖြင့် တင်ပြထား၏။ ဤသည်မှာ မွေးစားသားအား မွေးစားဖခင်၏ အမည်ဖြင့် တွဲခေါ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော ရှုပ်ထွေးမှု သံသယမျိုး သံသယတစ်ခုကို ဖြစ်ပေါ်စေ၏။ အကြောင်းမှာ ရလဒ်ကို ဤသို့ ထုတ်ယူနိုင်၍ ဖြစ်သည်။ ၎င်းမှာ အုမ္မသ်အတွင်းရှိ မွတ်စ္စလင်မ်များ အချင်းချင်းတွင် မောင်နှမ အရင်းအချာများ ဖြစ်သွားပေပြီ။ သို့ဆိုလျှင် ၎င်းတို့ကြား 'နေကာဟ်ဟရာမ်' ဖြစ်သင့်ပေသည်'ဟူ၍ ဖြစ်သည်။ ၎င်းနောက် အမွေကဏ္ဍရပ်၌လည်း တစ်ဦးတစ်ယောက် သေဆုံးကွယ်လွန်ခဲ့သော ကျန်မွတ်စ္စလင်မ် အားလုံးသည် ဝေစုရရှိပေမည်ဟူသော စောဒကသံသယများ ဖြစ်နိုင်ရာ ၎င်းအား ချေပဖယ်ရှားရန်အတွက် အာယသ်တော်၏ နောက်ဆုံး၌ အမိန့်ရှိသည်မှာ-

وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِىْ كِتَابِ اللّٰهِ

ဟူ၍ ဖြစ်သည်။ (အလိုသဘောမှာ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန် (သာသနာ့အမိန့်တော်) ၌ သွေးရင်း၊ သားရင်း တော်စပ်သူတို့မှာ အချင်းချင်း တစ်ဦးနှင့်တစ်ဦး (အမွေဆက်ခံရာ၌) အခြားမုအ်မင်န်သက်ဝင် ယုံကြည်သူတို့ထက်လည်းကောင်း၊ 'မုဟာဂျိရီးန်' မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်ကာ မက္ကာဟ်မြို့မှ ရွှေ့ပြောင်းခဲ့ကြသော သူတို့ထက်လည်းကောင်း ပိုမို၍ နီးစပ်သူများ ဖြစ်ကြကုန်၏။ သို့ရာတွင် အသင်တို့သည် မိမိတို့၏ (ထို) အဆွေခင်ပွန်းများအား သေတမ်းစာမှာကြားသော ပုံပန်းသဏ္ဍာန်မျိုးဖြင့်) တစ်စုံတစ်ရာ ကျေးဇူးပြုလိုကြသည်ရှိသော် (ပြုနိုင်ခွင့်ရှိ၏။) ဤသည် အလ္လာဟ်အသျှင်မြတ်၏ မှတ်တမ်းတော်၌ ရေးသားပြီး ဖြစ်ချေသည်။ (ဟိဂျ်ရသ်ပြုပြီးဖြစ်သော အစောပိုင်းကာလ၌ အိမ်မာန်ရေးဆိုင်ရာ ညီနောင်ဖွဲ့ပေးမှုအပေါ် 'မုဟာဂျိရ်' (မက္ကာဟ်မြို့မှ ပြောင်းရွှေ့လာသူများ) ကို အန်ဆွာရီများ၏ အမွေများကို ဆက်ခံထိုက်သူများအဖြစ် ပြုလုပ်ပေးထားတော်မူပေသည်။ သို့ရာတွင် နောက်ဆုံး၌ အမွေခွဲဝေခြင်းကို သွေးရင်း၊ သားရင်း ဆက်စပ်သူများအပေါ်၌သာ မူတည်ချမှတ်ခဲ့ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်အဟ်ဇာဗ်' အတွင်း၌ ပါရှိသည့် စာစဉ်အကြောင်းအရာ အများစုမှာ တမန်တော်မြတ် ﷺ အား အရိုအသေပေး ဂုဏ်ပေးလေးစားရန်နှင့် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းသည် 'ဟရာမ်' ဖြစ်ခြင်းနှင့် စပ်လျဉ်းနေကြောင်းကို တင်ပြခဲ့ပြီးဖြစ်ပေသည်။ စူရာဟ်တော်၏ အစ၌ မုရှ်ရစ်ကိတို့နှင့် မုနာဖစ်ကတို့ ဒုက္ခပေးခြင်း၏ အကြောင်းကို တင်ပြ၍ တမန်တော်မြတ် ﷺ အား လမ်းညွှန်မှာကြားထားပေသည်။ ထို့နောက် အမိုက်ခေတ်၏ ဓလေ့ထုံးစံ (၃) ရပ်မှာ မှားယွင်းသော အယူအဆဖြစ်ကြောင်း ချေဖျက်တင်ပြထားသည်။ နောက်ဆုံးဓလေ့ထုံးသည် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းနှင့် ဆက်နွယ်နေသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များသည် ဟဇရသ်ဇိုက်ဒ်က 'သွလားက်' ပေးထားပြီးဖြစ်သော ဇိုင်နဗ်သခင်မအား တမန်တော်မြတ် ﷺ သည် 'နေကာဟ်' ပြုလုပ်သော အချိန်၌ မိမိတို့၏ အရိုးစွဲနေသော အမိုက်ခေတ်၏ ထုံးဓလေ့ဖြစ်သည့် မွေးစားသားဖြစ်ခြင်း၏ အချက်ကို အခြေခံမူတည်၍ 'တမန်တော်မြတ် ﷺ သည် မိမိ၏သားမှ 'သွလားက်' ပေးထားပြီးဖြစ်သော ဇနီးဖြင့် 'နေကာဟ်' ပြုလုပ်လိုက်သည်' ဟူ၍ စွဲချက်တင်ကာ စွပ်စွဲပြောဆိုကြပေသည်။ ဤနည်းဖြင့် စူရာဟ်၏အစမှ ဤနေရာထိတိုင် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းနှင့် စပ်လျဉ်းသော စာစဉ်အကြောင်းအရာများသာ ဖြစ်ပေသည်။ ဤတင်ပြလျက်ရှိနေသော အာယသ်တော်မြတ်အတွင်း၌ တမန်တော်မြတ် ﷺ အား အရိုအသေပေးခြင်းနှင့် ၎င်း၏ အမိန့်ကို နာခံခြင်းသည် ကျန်ရှိသော အဖန်ဆင်းခံများ အားလုံးထက် သာပိုကာ 'ဝါဂျိဗ်' (အရေးကြီးခြင်း) ဖြစ်ကြောင်းကို တင်ပြထားပေသည်။

اَلنَّبِىُّ اَوْلٰى بِالْمُؤْمِنِيْنَ

နဗီတမန်တော်မြတ် ﷺ သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့နှင့် ၎င်းတို့ကိုယ်တိုင်ထက်ပင် ပိုမို၍ နီးစပ်၏။ [၃၃ : ၆]

اَوْلٰى بِا لْمُؤْ مِنِيْنَ ၏ စကားပြေအကျဉ်း၌ တင်ပြထားသော အလိုသဘော ဖွင့်ဆိုချက်သည် အိဗ်နေအဿိယ်ား (ရဟ) နှင့် အစရှိသော ပညာရှင်ကြီးများ၏ အဆိုဖြစ်ပေသည်။ အကြင်အဆိုကို ကုရ်သုဗီး သခင်ကြီးနှင့် များစွာသော အဖွင့်ရှင်များက လက်ခံရွေးချယ်ထားပေသည်။ ထိုသို့ ရွေးချယ်ကောက်နုတ် ထားချက်၏ အချုပ်သဘောတရားမှာ 'တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံရန်သည် မွတ်စ္စလင်မ်တိုင်းအဖို့ မိမိတို့၏ မိဘနှစ်ပါး၏ အမိန့်ကို လိုက်နာရန်ထက် သာပို၍ အရေးကြီးပေသည်။ အကယ်၍ မိဘနှစ်ပါး၏ စေခိုင်းချက်အမိန့်သည် တမန်တော်မြတ် ﷺ မှ စေခိုင်းထားသော အမိန့်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေ လျှင်မူ ၎င်းတို့၏ ပြောဆိုမှုကို မနာခံလေနှင့်။ ဤကဲ့သို့ပင် မိမိ၏ စိတ်ကိုယ်တိုင်၏ တပ်မက်မှုအလုံးစုံ အပေါ်၌လည်း တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံရန် အချက်အား ဦးစားပေးရပေမည်ဟူ၍ ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် အစရှိသော ကျမ်းများအတွင်း၌ ဟဇရသ်အဗူဟူရိုင်ရားဟ် ؓ သခင် ကြီး၏ ဆင့်ပြန်ချက် လာရှိထားပေသည်။ အကြင်ဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။

مامن مّؤمن الاوانا اولٰى النّاس به فى الدّنيا والاٰخرة اقرءوا ان شئتم اَلنَّبِىُّ اَوْلٰى بِالْمُؤْمِنِيْنَ مِنْ اَنْفُسِهِمْ

(မည်သည့်မုအ်မင်န်တစ်ဦးတစ်ယောက်မဆို ဤသို့ မရှိပေ။ အကြင်သူအဖို့ ငါကိုယ်တော်သည် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံး၌ အားလုံးသော လူသားတို့ထက် သာပို၍ မနီးစပ်သူဟူ၍ မရှိပေ။ အကယ်၍ အသင်တို့သည် စိတ်နှလုံးသားအတွင်းမှ လိုလားနှစ်သက်ပါမူ ထိုအချက်အား ထောက်ခံအတည် ပြုမှု ပြုရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်၏

اَلنَّبِىُّ اَوْلٰى بِالْمُؤْمِنِيْنَ

နဗီတမန်တော်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့နှင့် ၎င်းတို့ကိုယ်တိုင်ထက်ပင် ပိုမို၍ နီးစပ်၏။ [၃၃ : ၆]

ဟူသော အာယသ်တော်ကို ဖတ်ရွတ်ကြကုန်။)

အထက်တင်ပြပါ ဟဒီးစ်တော်၏ အချုပ်သဘောတရားမှ 'ငါကိုယ်တော်သည် မုအ်မင်န်၊ မွတ်စ္စလင်မ် တိုင်းအပေါ် စကြဝဠာတစ်ခွင်လုံး၌ ရှိသော အရာများအားလုံးထက် သာပို၍ သနားကြင်နာ ကရုဏာထား သောသူ ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။ ထိုအချုပ်သဘောတရား၏ မုချသက်ရောက်စေသော အချက်

အကျိုးတရားမှာ 'မုအ်မင်န်တိုင်းအဖို့ တမန်တော်မြတ် ﷺ ၏ ချစ်စိတ်သည် အားလုံးသော အရာများထက် သာပို၍ နေရမည်' မှာ ထင်ရှားလှပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်၌ ဤအောက်ဖော်ပြပါ မိန့်မြွက်ချက်ကိုလည်း မိန့်မြွက်ထားတော်မူပေသည်။

لايؤمن احد كم حتّىاكون احبّ اليه من وّالده و ولده والنّاس اجمعين

အသင်တို့ထဲမှ မည်သူတစ်ဦးတစ်ယောက်မဆို ၎င်း၏ နှလုံးသားအတွင်း၌ ရှိသော ငါကိုယ်တော်အား ချစ်သည့် ချစ်စိတ်သည် မိမိ၏ ဖခင်၊ သားသမီးများနှင့် အခြားသောသူများ အားလုံးထက် မပိုနေသရွေ့ ကာလပတ်လုံး ပြည့်ဝစစ်မှန်သော မုအ်မင်န်တစ်ဦး မဖြစ်နိုင်ပေ။ *[ဘုခါရီ၊ မွတ်စ္စလင်မ်၊ မဇ္ဇဟရီး။]*

وَاَزْوَاجُهٗمْ اُمَّهٰتُهُمْ

ထို့ပြင် ၎င်းနဗီတမန်တော်မြတ်၏ ကြင်ရာတော်များသည် ၎င်းမုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ မိခင်များပင် ဖြစ်ကြကုန်၏။ *[၃၃ : ၆]*

တမန်တော်မြတ် ﷺ ၏ ဇနီးယာင်ကြင်ရာတော်များကို အွမ္မသ် (နောက်လိုက်ထု) ၏ မိခင်များ ဖြစ်သည်ဟူ၍ မိန့်တော်မူထားရခြင်း၏ အကြောင်းမှာ အရိုအသေပေး၊ ဂုဏ်ပေးလေးစားခြင်း အချက်ကို ထောက်ရှု၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ မိခင်နှင့် သားသမီးများ၏ ကြား၌ ထားရှိသော အခြားသော ပညတ်ချက်များဖြစ်သည့် 'နေကာဟ်' ပြုခြင်း 'ဟရာမ်' ဖြစ်ခြင်း၊ **محرم** 'မဲဟ်ရမ်' (နေကာဟ်' ပြုခြင်း 'ဟရာမ်' ဖြစ်သူ) ဖြစ်သည့်အတွက်ကြောင့် အချင်းချင်းကြား၌ 'ပရ်ဒါ' မထားရှိရခြင်းနှင့် အမွေဆက်ခံထိုက်သူဖြစ်ခြင်း အစရှိသော ပညတ်ချက်များသည် ယင်းအချက်နှင့် ပတ်သက်မှုမရှိပေ။ ပမာဆိုရသော် အာယသ်တော်၏ နောက်ဆုံးပိုင်း၌ ယင်းအချက်အား ရှင်းလင်းစွာဖြင့် မိန့်တော်မူထားပေသည်။ တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ရာတော်များဖြင့် အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ တစ်ဦးတစ်ယောက် 'နေကာဟ်' ပြုခြင်း 'ဟရာမ်' ဖြစ်ကြောင်းကို သီးသန့်အာယသ်တော် တစ်အာယသ်အတွင်း၌ သီးခြားစွာ မိန့်တော်မူထားပေသည်။ ထို့ကြောင့် 'ဤသို့' 'နေကာဟ်' ပြုခြင်း 'ဟရာမ်' ဖြစ်ကြောင်းသည် မိခင်များ ဖြစ်သည့်အတွက်ကြောင့် ဖြစ်ခြင်း' ဟူသော အချက်ဘက်သို့ မရည်ညွှန်းပေ။

ဓမ္မသတိ ။ ။ တင်ပြလျက်ရှိနေသော အာယသ်တော်မှ တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ရာတော်များထဲမှ တစ်ပါးပါး၏ ဂုဏ်သိက္ခာအရှိန်အဝါကို အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ သူတစ်ဦးတစ်ယောက်မှ အနည်းငယ် စိုးစဉ်းမျှပင် ထိခိုက်စေခြင်းသည် '၎င်းကြင်ယာတော်များသည် အွမ္မသ် (နောက်လိုက် ထု) တစ်ရပ်လုံး၏ မိခင်များဖြစ်သည့် အကြောင်းက တစ်ကြောင်း' ကြောင့် 'ဟရာမ်' ဖြစ်ရှိနေခြင်း၊ '၎င်းကြင်ရာတော်များအား ဒုက္ခပေးခြင်းသည် တမန်တော်မြတ် ﷺ အား ဒုက္ခပေးရာရောက်သည့် အကြောင်းက တစ်ကြောင်း' ကြောင့် သာပိုလေးနက်သော 'ဟရာမ်' ဖြစ်ရှိနေခြင်းတို့အား အတည်ပြု၍ ရရှိပေသည်။

وَاُولُوالْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ

(အုလုလ်အရ်ဟားမ်) ၏ လုံးချင်းကောက်အဓိပ္ပာယ်တွင် သွေးရင်း၊ သားရင်း၊ ဆွေမျိုးသားချင်း နီးစပ်သော သူများအားလုံး ပါဝင်ပေသည်။ ထိုသူတို့သည် ဓမ္မသတ်ပညာရှင်များအား 'အစ္စဗားသ်' (ဖခင်ဘက်မှ ဆွေမျိုးတော်စပ်သူများ) ဟူသော အမည်ဖြင့် ဖော်ထုတ် ပြဆိုထားသောသူများ ဖြစ်သည် ဖြစ်စေ၊ သို့မဟုတ် သီးသန့်သုံးနှုန်းမှု ဝေါဟာရကို ထောက်ရှု၍ 'အစ္စဗားသ်'တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော 'အုလုလ်အရ်ဟားမ်' (မိခင်ဘက်မှ အနွယ်ဝင်များ) ဟူ၍ ခေါ်ဆိုခြင်း ခံရသောသူများ ဖြစ်သည် ဖြစ်စေ ပါဝင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်းဝယ် နောက်ပိုင်း၌ စီစစ်ရွေးချယ်ထားတော်မူသော ဓမ္မသတ်ဆိုင်ရာ အသုံးအနှုန်း ဝေါဟာရများကို ဆိုလိုထားခြင်းမဟုတ်ပေ။

အလိုသဘောမှာ တမန်တော်မြတ် ﷺ နှင့် ၎င်း၏ ဇနီးကြင်ရာတော်များနှင့် အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ မုအ်မင်န်တို့၏ ပတ်သက်မှုသည် မိဘနှစ်ပါး၏ အဆင့်အတန်းထက် ဦးစားပေးနေရလင့်ကစား သို့ရာတွင် အမွေပိုင်းဆိုင်ရာ ဓမ္မသတ်ကဏ္ဍရပ်တို့၌ ၎င်းတို့သည် ဝင်ရောက်ပတ်သက်နေရခြင်း မရှိပေ။ သို့သာမက အမွေဆက်ခံပိုင်ခွင့် ရှိခြင်းသည် သွေးရင်းသားရင်း၊ ဆွေမျိုးအရင်းအချာများ တော်စပ်သည့် အပေါ် အခြေခံ မူတည်၍ ခွဲဝေရပေလိမ့်မည်ဟူ၍ ဖြစ်သည်။

အမွေဆက်ခံပိုင်ခွင့် ရှိသူသည် အစ္စလာမ်သာသနာ ထွန်းကားခါစကာလ၌ အီမာန်နှင့် ဝိညာဉ် ပိုင်းဆိုင်ရာ (နာမ်ပိုင်းဆိုင်ရာ) တော်စပ်မှုအပေါ် အခြေခံကာ မူတည်ထားပေသည်။ နောက်ပိုင်း၌ ယင်း အမိန့်ကို ရုပ်သိမ်းကာ သွေးရင်းသားရင်း တော်စပ်ခြင်းအပေါ် မူတည်၍ ထားရှိလိုက်ပေသည်။ ယင်း အကြောင်းအရာ၏ အကျယ်ချဲ့သဘောတရားကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရှင်းလင်းပြဆိုထားပေသည်။ နာစစ်ခ် (အတည်ပြုထားခြင်း) နှင့် 'မန်စူးခ်' (ရုပ်သိမ်းထားခြင်း) ၏ ပြည့်ဝစုံလင်လှစွာသော အာယသ် တော်များ၏ အကျယ်ချဲ့သဘောတရားကို 'စူရာဟ်အန်ဖားလ်'၌ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပေသည်။

مِنَ الْمُؤْمِنِيْنَ (မုအ်မင်န်သက်ဝင် ယုံကြည်သူတို့ထက်လည်းကောင်း) / ၃၃ : ၆ /

ဟူသော အာယသ်တော်၏ နောက် وَالْمُهٰجِرِيْنَ (မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်ကာ မက္ကာဟ်မြို့မှ ရွှေ့ပြောင်းခဲ့ကြသော သူတို့ထက်လည်းကောင်း) / ၃၃ : ၆ /

ကို တင်ပြခြင်း၏ ပုံစံ၌ ထိုရွှေ့ပြောင်းနေထိုင်ကြသော 'မုဟာဂျိရ်'များ၏ ထူးမြတ်မှုနှင့် သီးသန့် ဂုဏ်ပြုခြင်းခံရခြင်းကို ပြသရန်အတွက် ဖြစ်ပေသည်။

အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'ဤနေရာ၌ မုအ်မင်န်သက်ဝင်ယုံကြည်ကြသော သူများ၏ အလိုသဘောမှာ အန်စွာရီ (မဒီနာရွှေမြို့တော်၌ နေထိုင်သောသူများ) ဖြစ်ပြီး 'မုဟာဂျိရ်'များ သည် ကုရိုက်ရှ်များ ဖြစ်သည်'ဟူ၍ မိန့်ဆိုထားကြပေသည်။ 'မုဟာဂျိရီးန်'ဟူသော စကားလုံးဖြင့် နှိုင်းယှဉ်ကာ မုအ်မင်န်များဟူ၍ မိန့်ဆိုထားခြင်းသည် အန်စွာရီများအဖို့သာ ဖြစ်ကြောင်းကို သိရှိရပေသည်။ ထိုပုံပန်း သဏ္ဍာန်၌ ဤအာယသ်တော်သည် ဟီဂျ်ရသ်ပြုလုပ်ခြင်းဖြင့် အမွေဆက်ခံပိုင်ခွင့်ရှိကြောင်းကို အဆုံးသတ် ပေးလိုက်သည့် အာယသ်တော်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဟီဂျ်ရသ်ပြုခါစ၌ တမန်တော်မြတ်

ﷺ သည် 'မုဟာဂျိရ်' (ပြောင်းရွှေ့လာသူ) နှင့် အန်စွာရီ (မဒီနာရွှေမြို့တော်ရှိ တည့်ခင်းဧည့်ခံ ကူညီသူ) တို့၏ ကြားဝယ် ညီနောင်များဖွဲ့ပေးကာ ၎င်းတို့အချင်းချင်းကြား၌ အမွေဆက်ခံပိုင်ခွင့်ရှိခြင်း၏ အမိန့်ကိုလည်း ပေးထားပေသည်။ ဤအာယသ်တော်မြတ်သည် ထိုသို့ ဟိဂျ်ရသ်ပြုခြင်းကြောင့် အမွေဆက်ခံပိုင်ခွင့်ရှိခြင်း၏ အမိန့်ကိုလည်း ရုပ်သိမ်းချေဖျက်လိုက်ပေသည်။

اِلَّآ اَنْ تَفْعَلُوْٓا اِلٰٓى اَوْلِيَاۤىِٕكُمْ مَّعْرُوْفًا

သို့ရာတွင် အသင်တို့သည် မိမိတို့၏ အဆွေခင်ပွန်းများအား တစ်စုံတစ်ရာ ကျေးဇူးပြုလိုကြသည် ရှိသော် ပြုနိုင်ခွင့်ရှိ၏။ [၃၃ : ၆]

ဆိုလိုသည်မှာ အမွေဆက်ခံပိုင်ခွင့်ရှိခြင်းသည် သွေးရင်း၊ သားရင်း တော်စပ်မှုတို့ကြောင်နှင့် ပတ်သက်နေပေသည်။ သွေးရင်းသားရင်း တော်စပ်မှုမရှိသော သူတို့သည် အမွေဆက်ခံပိုင်ခွင့် ရှိမည်မဟုတ်။ သို့ရာတွင် အီမာန်ရေးဆိုင်ရာ အဆွေခင်ပွန်းဖြစ်ခြင်း အချက်အပေါ်မူတည်၍ မိမိနှင့် ဆက်နွယ်ပတ်သက်လျက် ရှိသောသူတို့ကို တစ်စုံတစ်ရာ ပေးကမ်းချီးမြှင့်လိုပါက ပေးပိုင်ခွင့် ရှိပေသည်။ မိမိအသက်ရှင်သန် နေစဉ်ကာလ၌မှာပင် ၎င်းအား လက်ဆောင်ပုံစံမျိုးဖြင့် ပေးကမ်းနိုင်သကဲ့သို့ သေဆုံးပြီးနောက်လည်း ၎င်းအတွက် သေတမ်းစာအဖြစ် မှာတမ်းပေးပိုင်ခွင့် ရှိပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاِذْ اَخَذْنَا مِنَ النَّبِيّٖنَ مِيْثَاقَهُمْ وَمِنْكَ وَمِنْ نُّوْحٍ وَّاِبْرٰهِيْمَ
وَمُوْسٰى وَعِيْسَى ابْنِ مَرْيَمَ ۖ وَاَخَذْنَا مِنْهُمْ مِّيْثَاقًا غَلِيْظًا ۙ﴿٧﴾

၃၃ : ၇ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ ပြန်လည်သတိရပါလေ။) တစ်ရံရောအခါဝယ် (ငါအသျှင်မြတ်သည် နဗီတမန်တော်အပေါင်းတို့ထံမှ ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့၏။ (ထိုတမန်တော်များတွင်) အသင့် (မိုဟမ္မဒ်) ထံမှလည်းကောင်း၊ နူးဟ်၊ အီဗ်ရာဟီမ်၊ မူစာနှင့် မရ်ယမ်၏ သား အီစာထံမှလည်းကောင်း၊ (ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့၏။) စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အားလုံးထံမှ ခိုင်မာသော ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့၏။

لِّيَسْـَٔلَ الصّٰدِقِيْنَ عَنْ صِدْقِهِمْ ۚ وَاَعَدَّ لِلْكٰفِرِيْنَ عَذَابًا اَلِيْمًا ﴿٨﴾

၃၃ : ၈ ။ ။ (ယင်းကဲ့သို့ ပဋိညာဉ်ဝန်ခံချက် ယူတော်မူခဲ့ခြင်းမှာ) ထိုအသျှင်မြတ်သည် သစ္စာဝါဒီတို့အား ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင်) ၎င်းတို့၏ သစ္စာရှိမှုနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းတော်မူရန် အလို့ငှာ ဖြစ်ပေသည်။ စင်စစ် ထိုအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းပြင် (အို, နဗီတမန်တော်၊ ပြန်လည် သတိရပါလေ။) တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် နဗီတမန်တော်အပေါင်းတို့ထံမှ ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။ (အသျှင်မြတ်၏ အမိန့်ပညတ်တော်များအား နောက်လိုက်သမှု ပြုရန် ဖြစ်သည်။ အကြင်ပညတ်ချက်များအတွင်း၌ အဖန်ဆင်းခံများအား ဖိတ်ခေါ်မှုပြုရန်နှင့် မိမိတို့အချင်းချင်းကြားဝယ် ကူညီရိုင်းပင်းမှုပြုရန်လည်း ပါဝင်ပေသည်။ ထိုတမန်တော်များတွင်) အသင် (မိုဟမ္မဒ် ﷺ) ထံမှလည်းကောင်း၊ (ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။) နူးဟ် عليه السلام ၊ အီဗ်ရာဟီးမ် عليه السلام ၊ မူစာ عليه السلام နှင့် မရ်ယမ်၏ သား အီစာ عليه السلام ထံမှလည်းကောင်း (ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။ စင်စစ် (ဤပဋိညာဉ်ခံဝန်ချက်သည် သာမန် ပဋိညာဉ်ခံဝန်ချက်မျိုး မဟုတ်ဘဲ သို့သာမက) ငါအသျှင်မြတ်သည် ၄င်းတို့အားလုံးထံမှ ခိုင်မာသော ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။

(ယင်းကဲ့သို့ ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့ခြင်းမှာ) ထိုအသျှင်မြတ်သည် ၄င်းသစ္စာဝါဒီတို့အား (နဗီတမန်တော်များအား 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင်) ၄င်းတို့၏ သစ္စာရှိမှုနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းတော်မူရန်အလို့ငှာ (၄င်းတို့အား မှန်မြတ်ထူးကဲမှုများ ချီးမြှင့်ပေးသနားရန်နှင့် မယုံကြည်သော သူတို့အပေါ် အထောက်အထား ပြည့်ဝသွားစေရန်) ဖြစ်ပေသည်။ (ထိုပဋိညာဉ်နှင့် ၄င်းအား စစ်ဆေးမေးမြန်းမည်ဆိုသည်မှ အချက်နှစ်ရပ်ကို မုချ အတည်ပြု၍ ရရှိပေသည်။ 'ဝဟီ'ထုတ်ပြန်ပို့ချခြင်းခံရသူသည် မိမိအပေါ် ထုတ်ပြန်ပို့ချပေးခြင်းခံရသော 'ဝဟီ'ဒေသနာတော်များအား နောက်လိုက်သမှုပြုရန် အရေးကြီး၏။ 'ဝဟီ'ထုတ်ပြန်ပို့ချခြင်း မခံရသော အခြားသူတို့သည် 'ဝဟီ'ထုတ်ပြန်ပို့ချခြင်း ခံရသော နဗီရစူလ်၏ လမ်းစဉ်ကို နောက်လိုက်သမှုပြုခြင်းသည် မုချ အရေးကြီးပေသည်။) ထိုအသျှင်မြတ်သည် ကာဖိရ် ('ဝဟီ' ထုတ်ပြန်ပို့ချခြင်းခံရသောသူ၏ လမ်းစဉ်ကို နောက်လိုက်သမှုပြုခြင်းမှ လွှဲဖယ်ရှောင်ရှားကာ နေထိုင်သော သူများ) သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

စူရာဟ်တော်၏ အစ၌ တမန်တော်မြတ် ﷺ အား

وَاتَّبِعْ مَا يُوحَىٰ إِلَيْكَ

သို့ရာတွင် အသင်သည် မိမိ၏ထံသို့ မိမိ၏ အသျှင်မြတ်ထံတော်မှ 'ဝဟီ'အားဖြင့် ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကိုသာလျှင် လိုက်နာဆောင်ရွက်ပါလေ။ [၃၃ : ၂]

ဟူ၍ မိမိ၏အပေါ် ထုတ်ပြန်ပို့ချခြင်းခံရသော တရားဒေသနာတော်ကို နောက်လိုက်သမှုပြုရန် မိန့်တော်မူထားပေသည်။ လွန်ခဲ့သော အာယသ်တော်ဖြစ်သည့်

اَلنَّبِىُّ اَوْلٰى بِالْمُؤْمِنِيْنَ

နဗီတမန်တော်မြတ်သည် မုအ်မင်သက်ဝင် ယုံကြည်သူတို့နှင့် ၎င်းတို့ကိုယ်တိုင်ထက်ပင် ပိုမို၍ နီးကပ်၏။ [၃၃ : ၆]

ဟူသော အာယသ်တော်အတွင်း၌ မုအ်မင်န်များအား 'ဝဟီ' ထုတ်ပြန် ပို့ချခြင်းခံရသော ရစူလ်တမန်တော်၏ အမိန့်ကို နာခံရန် 'ဝါဂျိဗ်' အဖြစ် ပြုထားတော်မူပေသည်။

အထက်တင်ပြပါ အချက်နှစ်ရပ်စလုံးကိုပင် သာပို၍ လေးနက်စွာ အတည်ပြုစေရန်အတွက် ယခုတင်ပြလျက်ရှိနေသော အာယသ်တော်နှစ်ပိုဒ်စလုံးတွင် 'ဝဟီ' ထုတ်ပြန်ပို့ချခြင်းခံရသော ကာယကံရှင်ကိုယ်တိုင် မိမိ၏ ဝဟီ၏ အမိန့်ကို နောက်လိုက်သမှုပြုရန်နှင့် 'ဝဟီ' ထုတ်ပြန်ပို့ချခြင်း မခံရသော သူတို့သည် 'ဝဟီ' ပို့ချခြင်း ခံရသူတို့၏ လမ်းစဉ်ကို နောက်လိုက်သမှုပြုရန် 'ဝါဂျိဗ်' ဖြစ်ကြောင်းဟူသော အကြောင်းအရာကို တင်ပြထားပေသည်။

နဗီတမန်တော်များ၏ ပဋိညာဉ်

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ နဗီတမန်တော်များထံမှ ပဋိညာဉ်ခံဝန်ကတိကို ရယူထားကြောင်း တင်ပြထားပေသည်။ အကြင်ပဋိညာဉ်ခံဝန်ကတိသည် အဖန်ဆင်းခံများအားလုံးထံမှ ရယူထားသော ပဋိညာဉ်အပြင် အခြားသော ပဋိညာဉ်ခံဝန်ကတိပင် ဖြစ်ပေသည်။ ပမာဆိုရသော် မိရ်ကားသ်ကျမ်းအတွင်း၌ ဟဇရသ်အေမာမ်အဟ်မဒ်သခင်၏ ဆင့်ပြန်ချက်ဖြင့် တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်တင်ပြထားပေသည်။

خصّو ابميثاق الرّسالة والنّبوّة وهوقوله تعالىوَاِذْ اَخَذْنَا مِنَ النَّبِيّنَ مِيْثَاقَهُمْ

ဤသို့ နဗီတမန်တော်များထံမှ ရယူထားသော ပဋိညာဉ်ခံဝန်ချက်သည် နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း၏ 'ဖွရဒ်' တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်နှင့် မိမိတို့အချင်းချင်း ကြား၌ တစ်ဦးသည် အခြားတစ်ဦးအား ထောက်ခံအတည်ပြုမှုနှင့် ကူညီရိုင်းပင်မှုပြုရန် ခံဝန်ကတိသာ ဖြစ်ပေသည်။ ပမာဆိုရသော် အိဗ်နေဂျရီးရ်သခင်ကြီးနှင့် အိဗ်နေအာဗီဟာသင်မ် အစရှိသောသူတို့သည် ဟဇရသ်ကသာဒဟ်သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဆင့်ပြန်ချက်တစ်ရပ်အတွင်း၌ ထိုသို့ နဗီတမန်တော်များထံမှ ရယူထားသော ပဋိညာဉ်ခံဝန်ချက်အတွင်းတွင်

مُحَمَّدٌ رَّسُوْلُ اللّٰهِ لَانَبِىَّ بَعْدَهٗ

'မိုဟမ္မဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်၏။ နောက်ဆုံးနဗီလည်း ဖြစ်တော်မူ၏။ တမန်တော်မြတ် ﷺ ၏ နောက် အခြားမည်သည့်နဗီတမန်တော်တစ်ပါးပါးမှ ပွင့်ပေါ်လာလိမ့်မည် မဟုတ်' ဟူသော အချက်သည်လည်း ပါဝင်ပေသည်။

ဤသို့ နဗီတမန်တော်များထံမှ ပဋိညာဉ်ကို ရယူသောအချိန်သည် အခြားသော အဖန်ဆင်းခံများ အားလုံးထံမှ

اَلَسْتُ بِرَبِّكُمْ

(ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသော အသျှင် မဟုတ်ပါလော။) [၇ : ၁၇၂]
ဟူသော ပဋိညာဉ်ကို ခံယူသည့် ရှေးအတိတ်ခေတ် ပဝေသဏီအချိန်ကတည်းက ဖြစ်ပေသည်။

[ရှုးဟ်၊ မဇ္ဇဟရီး။]

وَمِنْكَ وَمِنْ نُوحٍ

အသင်မိုဟမ္မဒ် ﷺ ထံမှလည်းကောင်း၊ နဗီတမန်တော်နူးဟ် ﷺ ထံမှလည်းကောင်း။

[၃၃ : ၇]

နဗီတမန်တော်များဟူ၍ ခြုံငုံတင်ပြပြီးနောက် ၎င်းတို့အတွင်းမှ သီးသန့် နဗီတမန်တော် (၅) ပါးအား တင်ပြရခြင်းအကြောင်းမှာ 'နဗီတမန်တော်များအတွင်းဝယ် တစ်မူထူးသော အကျိုးကျေးဇူးများအဖြစ် သီးသန့် ချီးမြှင့်ခြင်းခံထားရခြင်းကြောင့်' ဖြစ်ပေသည်။ ၎င်းတို့အတွင်းမှလည်း **مِنْكَ** (အသင့်ထံမှလည်းကောင်း) ဟူသော စကားလုံးတော်ဖြင့် 'တမန်တော်မြတ်မိုဟမ္မဒ် ﷺ ၏ ကြွမြန်းရောက်ရှိ လာခြင်းသည် နောက်ဆုံးအချိန်၌ ဖြစ်နေလင့်ကစား တမန်တော်မြတ် ﷺ ၏ အကြောင်းကို အားလုံးထက် ဦးစားပေးကာ တင်ပြထားပေသည်။ ထိုအချင်းအရာ၏ အကြောင်းကို တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော် အတွင်း၌မှာပင် ဤသို့ တင်ပြထားပေသည်။

كنت اوّل النّاس في الخلق واٰخرهم في البعث

ငါကိုယ်တော်သည် ဖန်ဆင်းခံရခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာ့လူသားထုအားလုံးတို့ထက် ကနဦးဆုံး ဖြစ်၍ ပွင့်ပေါ်ခြင်း၊ နဗီဖြစ်ခြင်း၏ အရာ၌ အားလုံးထက် နောက်ဆုံး ဖြစ်ပေသည်။ *[မဇ္ဇဟရီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ جَآءَتْكُمْ جُنُوْدٌ
فَاَرْسَلْنَا عَلَيْهِمْ رِيْحًا وَّجُنُوْدًا لَّمْ تَرَوْهَا ۚ وَكَانَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرًا ۝

၃၃ : ၉ ။ ။ အို့၊ မုအ်မင်နဲသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ် (ပြုတော်မူခဲ့သော) ကျေးဇူးတော်ကို ပြန်လည်သတိရရှိကြလေကုန်။ အခါတစ်ပါး၌ အသင်တို့ထံသို့ များစွာသော စစ်တပ်များသည် (တိုက်ခိုက်ရန်) ချီတက်၍ လာခဲ့ကြကုန်၏။ ထို့နောက် ငါအသျှင်မြတ်သည် စစ်တပ်များအပေါ်၌ လေပြင်းတစ်ခုကို လည်းကောင်း၊ အသင်တို့ မမြင်ကြရသော စစ်တပ်များ (ကောင်းကင်တမန်များ) ကိုလည်းကောင်း စေလွှတ်တော်မူခဲ့၏။

အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုလုပ်လျက် ရှိခဲ့ကြသည်တို့ကို ကောင်းစွာ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

إِذْ جَآءُوكُم مِّن فَوْقِكُمْ وَمِنْ أَسْفَلَ مِنكُمْ وَإِذْ
زَاغَتِ ٱلْأَبْصَٰرُ وَبَلَغَتِ ٱلْقُلُوبُ ٱلْحَنَاجِرَ وَتَظُنُّونَ بِٱللَّهِ ٱلظُّنُونَا۠ ١٠

၃၃ : ၁၀ ။ ။ အကြင်အခါဝယ် ၄င်း (စစ်တပ်) တို့သည် အသင်တို့၏ အထက်ဘက်မှလည်းကောင်း၊ အသင်တို့၏ အောက်ဘက်မှလည်းကောင်း (စုရုံး) ချီတက်လာခဲ့ကြကုန်၏။ ထို့ပြင် အကြင်အခါဝယ် (အသင်တို့၏) မျက်စိများသည် (ကြောက်ရွံ့ထိတ်လန့်မှုကြောင့်) ပြူး (ကြောင်) လျက် ရှိခဲ့ကြကုန်၏။ ထို့ပြင် နှလုံးသားများမှာလည်း လည်မျိုသို့ ရောက် (၍ ထွက်ကျလုမတတ် ဖြစ်) သွားခဲ့ကြ၏။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ အမျိုးမျိုးသော ထင်မြင်ယူဆချက်များကို ထင်မြင်ယူဆခဲ့ကြကုန်၏။

هُنَالِكَ ٱبْتُلِىَ ٱلْمُؤْمِنُونَ وَزُلْزِلُوا۟ زِلْزَالًا شَدِيدًا ١١

၃၃ : ၁၁ ။ ။ ထိုအခါ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် (ကောင်းစွာ) စမ်းသပ်ခြင်းကို ခံခဲ့ကြရသည်သာမက၊ အပြင်းအထန် တုန်လှုပ်ချောက်ခြားစေခြင်းကိုလည်း ခံခဲ့ကြရကုန်၏။

وَإِذْ يَقُولُ ٱلْمُنَٰفِقُونَ وَٱلَّذِينَ فِى قُلُوبِهِم مَّرَضٌ مَّا وَعَدَنَا
ٱللَّهُ وَرَسُولُهُۥٓ إِلَّا غُرُورًا ١٢

၃၃ : ၁၂ ။ ။ ထို့ပြင် (ပြန်လည်သတိရကြလေကုန်။) အကြင်အခါဝယ် မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်များနှင့် စိတ်နှလုံးများတွင် ရောဂါရှိသူတို့က 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ကျွန်ုပ်တို့အား ဖြားယောင်းခြင်းမှအပ၊ မှန်ကန်သော ကတိကို ပေးတော်မူခဲ့သည်မဟုတ်' ဟု ပြောဆိုလျက် ရှိခဲ့ကြကုန်၏။

وَإِذْ قَالَت طَّآئِفَةٌ مِّنْهُمْ يَٰٓأَهْلَ
يَثْرِبَ لَا مُقَامَ لَكُمْ فَٱرْجِعُوا۟ ۚ وَيَسْتَـْٔذِنُ فَرِيقٌ مِّنْهُمُ ٱلنَّبِىَّ
يَقُولُونَ إِنَّ بُيُوتَنَا عَوْرَةٌ وَمَا هِىَ بِعَوْرَةٍ ۖ إِن يُرِيدُونَ إِلَّا فِرَارًا ١٣

၃၃ : ၁၃ ။ ။ ထို့ပြင် အကြင်အခါဝယ် ၄င်းသူတို့အနက်မှ လူတစ်စုက 'အို၊ ယဿရစ်ဗ် (မဒီနာ) မြို့သားတို့၊ အသင်တို့အား ရပ်တည်ရာ ဌာနဟူ၍ အလျှင်းမရှိတော့ပြီဖြစ်ရာ အသင်တို့သည် ပြန်သွားကြကုန်လော့' ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့အနက် လူတစ်စုသည် 'ကေန်အမှန် ကျွန်တော်မျိုးတို့၏ နေအိမ်များမှာ လုံခြုံမှုမရှိ' ဟု ပြောဆိုကာ နဗီတမန်

တော်မြတ်ထံမှ ခွင့်ပန်လျက် ရှိကြကုန်၏။ စင်စစ် ယင်းအိမ်များမှာ လုံခြုံမှုကင်းမဲ့စွာ ရှိနေခဲ့ကြသည် မဟုတ်ပေ။ စင်စစ် ၎င်းတို့မှု ထွက်ပြေးရန်သာ ကြံရွယ်နေကြကုန်၏။

وَلَوْ دُخِلَتْ عَلَيْهِم مِّنْ أَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ لَآتَوْهَا وَمَا تَلَبَّثُوا بِهَا إِلَّا يَسِيرًا ﴿١٤﴾

၃၃ : ၁၄ ။ ။ စင်စစ် ၎င်းတို့သည် ယင်း 'ယပ်စ်ရစ်ဗ်' (မဒီနာ) မြို့၏ ဘေးပတ်ဝန်းကျင်များမှ (ကာဖိရ်စစ်သည်တို့သည်) ဝင်ရောက်ခဲ့ကြသော်၊ ထို့နောက် ၎င်းတို့သည် ဖျက်ဆီးမှုကို ပြုရန် (မွတ်စ္စလင်မ်များနှင့် တိုက်ခိုက်ရန်) တောင်းဆိုခြင်းကို ခံခဲ့ကြရသော် ၎င်းတို့သည် ထိုအိမ်များ၌ အနည်းငယ်မျှသာ ဆိုင်းငံ့ပြီး ရုတ်တရက် ချက်ချင်းပင်လျှင် ယင်းဖျက်ဆီး (တိုက်ခိုက်) မှုကို အမှန်ပင် လက်ခံပြုလုပ်ကြမည်သာ ဖြစ်၏။

وَلَقَدْ كَانُوا عَاهَدُوا اللَّهَ مِن قَبْلُ لَا يُوَلُّونَ الْأَدْبَارَ ۚ وَكَانَ عَهْدُ اللَّهِ مَسْئُولًا ﴿١٥﴾

၃၃ : ၁၅ ။ ။ ဧကန်စင်စစ် ၎င်းတို့သည် ရှေးဦးမဆွကပင် (ရန်သူများနှင့် တိုက်ခိုက်ရာမှ) 'ကျောခိုင်း၍ ထွက်ပြေးကြမည် မဟုတ်ပါ' ဟု အလ္လာဟ်အသျှင်မြတ်နှင့် ကတိထားခဲ့ပြီး ဖြစ်ကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ထားခဲ့သော ကတိဝန်ခံချက်မှာ စစ်ဆေးမေးမြန်းခြင်းကို ခံရမည်ဖြစ်သော ကတိဝန်ခံချက်ပင် ဖြစ်ချေသည်။

قُل لَّن يَنفَعَكُمُ الْفِرَارُ إِن فَرَرْتُم مِّنَ الْمَوْتِ أَوِ الْقَتْلِ وَإِذًا لَّا تُمَتَّعُونَ إِلَّا قَلِيلًا ﴿١٦﴾

၃၃ : ၁၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍သာ အသင်တို့သည် သေဘေးမှသော်လည်းကောင်း၊ အသတ်ခံရခြင်းမှသော်လည်းကောင်း ထွက်ပြေးခဲ့ကြလေသော် ယင်းသို့ ထွက်ပြေးခြင်းသည် အသင်တို့အား အလျှင်းအကျိုးရှိစေမည် မဟုတ်ပေ။ ၎င်းပြင် ထိုအခါ အသင်တို့သည် (ထွက်ပြေးခြင်းဖြင့်) အနည်းငယ်မျှ (အသက်ရှင်ခြင်း) မှအပ အကျိုးခံစားရမည်လည်း မဟုတ်ပေ။

قُلْ مَن ذَا الَّذِي يَعْصِمُكُم مِّنَ اللَّهِ إِنْ
أَرَادَ بِكُمْ سُوءًا أَوْ أَرَادَ بِكُمْ رَحْمَةً ۚ وَلَا يَجِدُونَ لَهُم مِّن دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا ﴿١٧﴾

၃၃ : ၁၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ဘေးအန္တရာယ်တစ်စုံတစ်ရာကို ရည်စူးတော်မူခဲ့သည်ရှိသော်၊ မည်သူသည် အသင်တို့အား ထိုအသျှင်မြတ် (၏ အပြစ်ဒဏ်) မှ ကာကွယ်စောင့်ရှောက်နိုင်မည်နည်း။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ကျေးဇူးတစ်စုံတစ်ရာကို ရည်စူးတော်မူခဲ့ပါလျှင် (မည်သူသည် ပိတ်ပင်တားဆီးနိုင်မည်နည်း။) ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပြင် မိမိတို့အဖို့ ကူညီအားပေးသူ တစ်ဦးတစ်ယောက်ကိုမျှလည်း တွေ့ရှိကြမည်မဟုတ်ပေ။ ကာကွယ်စောင့်ရှောက်သူ တစ်ဦးတစ်ယောက်ကိုမျှလည်း တွေ့ရှိကြမည်မဟုတ်ပေ။

قَدْ يَعْلَمُ ٱللَّهُ ٱلْمُعَوِّقِينَ مِنكُمْ وَٱلْقَآئِلِينَ لِإِخْوَٰنِهِمْ هَلُمَّ إِلَيْنَا ۖ وَلَا يَأْتُونَ ٱلْبَأْسَ إِلَّا قَلِيلًا ﴿١٨﴾

၃၃ : ၁၈ ။ ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက်မှ (စစ်ထဲသို့ မပါဝင်ကြရန်) နှောင့်ယှက်ဟန့်တား တားဆီးကြသော သူတို့အားလည်းကောင်း၊ မိမိတို့၏ ညီအစ်ကိုများအား 'အသင်တို့သည် ကျွန်ုပ်တို့ထံ လာကြကုန်လော့'ဟု ပြောဆိုသောသူတို့အားလည်းကောင်း ကောင်းစွာ သိရှိတော်မူ၏။ စင်စစ် ၎င်းတို့သည် အမည်ခံအားဖြင့်သာလျှင် စစ်တိုက်ရာသို့ လာကြကုန်၏။

أَشِحَّةً عَلَيْكُمْ ۖ فَإِذَا جَآءَ ٱلْخَوْفُ رَأَيْتَهُمْ يَنظُرُونَ إِلَيْكَ تَدُورُ
أَعْيُنُهُمْ كَٱلَّذِى يُغْشَىٰ عَلَيْهِ مِنَ ٱلْمَوْتِ ۖ فَإِذَا ذَهَبَ ٱلْخَوْفُ
سَلَقُوكُم بِأَلْسِنَةٍ حِدَادٍ أَشِحَّةً عَلَى ٱلْخَيْرِ ۚ أُو۟لَٰٓئِكَ لَمْ يُؤْمِنُوا۟
فَأَحْبَطَ ٱللَّهُ أَعْمَٰلَهُمْ ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿١٩﴾

၃၃ : ၁၉ ။ ။ အသင်တို့နှင့် ပတ်သက်၍ လွန်စွာ တွန့်တိုလျက် (ရှိကြ၏။) ထို့နောက် (အို၊ နဗီတမန်တော်) စိုးရိမ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့သောအခါ၊ အသင်သည် ၎င်းတို့အား သေခြင်းတရား ဆိုက်ရောက်လာသဖြင့် မေ့မျောနေသောသူကဲ့သို့ မျက်စိများ မှုးဝေလျက်ရှိပြီး၊ အသင့်ဘက်သို့ ကြည့်ရှုနေကြသည်ကို တွေ့မြင်ရပေမည်။ တစ်ဖန် စိုးရိမ်မှု ပပျောက်၍ သွားလေသောအခါ ၎င်းတို့သည် (လက်ရ) ပစ္စည်းများအပေါ်၌ လောဘရမ္မက် ထားရှိကြလျက် ထက်မြက်သော နှုတ်သီးများဖြင့် အသင်တို့အား နာကြည်းစေရန် စောင်းမြောင်းပြောဆိုကြကုန်၏။ ထိုသူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ (ကောင်းမြတ်သော အကျင့်သီလ) ဆောင်ရွက်ချက်များကို အချည်းနှီးဖြစ်စေတော်မူခဲ့၏။ စင်စစ် ဤ (သို့ ပြုလုပ်ခြင်း) သည် အလ္လာဟ်အသျှင်မြတ်အဖို့ (လွန်စွာ) လွယ်ကူလှပေသည်။

يَحْسَبُونَ ٱلْأَحْزَابَ لَمْ يَذْهَبُوا۟ ۖ وَإِن يَأْتِ ٱلْأَحْزَابُ يَوَدُّوا۟ لَوْ أَنَّهُم
بَادُونَ فِى ٱلْأَعْرَابِ يَسْـَٔلُونَ عَنْ أَنۢبَآئِكُمْ ۖ وَلَوْ كَانُوا۟ فِيكُم مَّا قَٰتَلُوٓا۟ إِلَّا قَلِيلًا ﴿٢٠﴾

၃၃ : ၂၀ ။ ။ ၎င်းတို့သည် 'သွေးစည်းထားသော (ကာဖိရ်မဟာမိတ်) အုပ်စုတို့မှာ (ယခုတိုင်အောင်) မသွားကြသေး'ဟု ယူဆ ထင်မှတ်နေကြကုန်၏။ သို့ရာတွင် အကယ်၍ 'ထိုသွေးစည်းထားသော အုပ်စုများ (ပြန်လည်) ရောက်ရှိ၍ (တိုက်ခိုက်) လာကြလျှင်၊ ၎င်း (မုနာဖစ်က်) တို့မှာ 'အကယ်၍ ကျွန်ုပ်တို့သည် ကျေးလက်၊ တောရွာများ၌ နေထိုင်ခဲ့ကြပြီး အသင်တို့၏ (စစ်) သတင်းများကို စုံစမ်းမေးမြန်းလျက်ရှိကြသော် ကောင်းလေစွ'ဟု နှစ်သက်လိုလား (ပြီး စစ်ရေးသာသည့်ဘက်သို့ ယိမ်း) ကြပေမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်နှင့်အတူ ရှိနေခဲ့ကြလျှင်လည်း အနည်းငယ်မျှသာလျှင် တိုက်ခိုက်ကြပေမည်။

لَقَدْ كَانَ لَكُمْ فِي رَسُولِ اللَّهِ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَذَكَرَ اللَّهَ كَثِيرًا ﴿٢١﴾

၃၃ : ၂၁။ ။ အသင်တို့အဖို့ (သို့မဟုတ်) အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ကြောက်ရွံ့သည့်အပြင် အလ္လာဟ်အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရသူ၏အဖို့ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။

وَلَمَّا رَأَى الْمُؤْمِنُونَ الْأَحْزَابَ قَالُوا هَٰذَا مَا وَعَدَنَا اللَّهُ وَرَسُولُهُ وَصَدَقَ اللَّهُ وَرَسُولُهُ ۚ وَمَا زَادَهُمْ إِلَّا إِيمَانًا وَتَسْلِيمًا ﴿٢٢﴾

၃၃ : ၂၂။ ။ အမှန်စင်စစ် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့သည် သွေးစည်းထားသော (ကာဖိရ် မဟာမိတ်) အုပ်စုတို့အား တွေ့မြင်ခဲ့ကြသောအခါ၊ 'ဤသည်ပင်လျှင် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ချိန်းချက် (ကတိပေး) တော်မူခဲ့သော ကိစ္စပင် ဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် (ကျွန်ုပ်တို့အား) မှန်ကန်စွာ (သတင်းပေး) မိန့်ကြားတော်မူခဲ့သည်' ဟု ပြောဆိုကြကုန်၏။ ထို့ပြင် ယင်းကိစ္စသည် ၎င်းတို့၌ အီမာန်ယုံကြည်မှုနှင့် လိုက်နာမှုကိုသာ တိုးပွားများပြားစေခဲ့လေသည်။

مِّنَ الْمُؤْمِنِينَ رِجَالٌ صَدَقُوا مَا عَاهَدُوا اللَّهَ عَلَيْهِ ۖ فَمِنْهُم مَّن قَضَىٰ نَحْبَهُ وَمِنْهُم مَّن يَنتَظِرُ ۖ وَمَا بَدَّلُوا تَبْدِيلًا ﴿٢٣﴾

၃၃ : ၂၃။ ။ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အနက် အလ္လာဟ်အသျှင်မြတ်နှင့် မိမိတို့ ထားရှိခဲ့ကြသော ပဋိညာဉ် (ကတိတော်) နှင့်အညီ မှန်ကန်စွာ ပြုလုပ်ခဲ့ကြသူများလည်း ရှိကြကုန်၏။ သို့ဖြစ်ပေရာ ၎င်း (မုအ်မင်န်) တို့အနက် (မိမိတို့၏ အဓိဋ္ဌာန် (တာဝန်) ကို ပြီးစီးအောင် ဆောင်ရွက်သူများလည်း ရှိကြ၏။ ထို့ပြင် ၎င်း (မုအ်မင်န်) တို့အနက် (မိမိတို့၏ အဓိဋ္ဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ရန်) စောင့်စားနေသူများလည်း ရှိကြကုန်၏။ ၎င်းတို့သည် (မိမိတို့၏ စိတ်ပြဋ္ဌာန်းချက်ကို) အနည်းငယ် စိုးစဉ်းမျှပင် ပြောင်းလဲခဲ့ကြသည် မရှိချေ။

لِّيَجْزِيَ اللَّهُ الصَّادِقِينَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنَافِقِينَ إِن شَاءَ أَوْ يَتُوبَ عَلَيْهِمْ ۚ إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا ﴿٢٤﴾

၃၃ : ၂၄။ ။ (ဤကဲ့သို့ဖြစ်ရခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် သစ္စာဝါဒီတို့အား ထိုသူတို့၏ သစ္စာရှိမှုကြောင့် အစားပေးတော်မူရန်နှင့် အကယ်၍ 'မုနာဖစ်က်' မွတ်စ္စလင်မ်အယောင်ဆောင်သူတို့အား အလိုရှိတော်မူပါလျှင်၊ ပြစ်ဒဏ်ပေးတော်မူရန် သို့မဟုတ် (အလိုရှိတော်မူပါလျှင်) ထိုသူတို့၏ ဝန်ချတောင်းပန်ချက်ကို သဘောတူလက်ခံတော်မူရန် အလို့ငှာ

ဖြစ်ပေသည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَرَدَّ اللَّهُ الَّذِينَ كَفَرُوا بِغَيْظِهِمْ لَمْ يَنَالُوا خَيْرًا ۚ وَكَفَى اللَّهُ
الْمُؤْمِنِينَ الْقِتَالَ ۚ وَكَانَ اللَّهُ قَوِيًّا عَزِيزًا ﴿٢٥﴾

၃၃ : ၂၅ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား ၎င်းတို့သည် (စစ်သည် အင်အားကြီးမားစွာဖြင့် ရက်ပေါင်းများစွာ မွတ်စ္စလင်မ်တို့အား ဝိုင်းဝန်းတိုင်ခိုက်ကြသော်လည်း နောက်ဆုံးတွင် အရေးမသာ သည့်အပြင်) မည်သည့်ကောင်းကျိုးကိုမျှ မရရှိခဲ့ကြဘဲ ၎င်းတို့၏ အမျက်ဒေါသနှင့်တကွ ပြန်သွားစေတော်မူခဲ့၏။ ၎င်းပြင် စစ်မက်တိုက်ခိုက်ရာတွင် အလ္လာဟ်အသျှင်မြတ်သည်ပင် မုအ်မင်န်သက်ဝင်ယုံကြည်သူအဖို့ လုံလောက်တော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ အားအင်ပြည့်စုံတော်မူသော၊ အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَأَنْزَلَ الَّذِينَ ظَاهَرُوهُمْ مِنْ أَهْلِ
الْكِتَابِ مِنْ صَيَاصِيهِمْ وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ فَرِيقًا
تَقْتُلُونَ وَتَأْسِرُونَ فَرِيقًا ﴿٢٦﴾

၃၃ : ၂၆ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ကူညီထောက်မခဲ့ကြကုန်သော (ရှေး) ကျမ်းဂန် ရရှိသူတို့ အား၊ ၎င်းတို့၏ ခံတပ်များမှ ထွက်စေတော်မူခဲ့သည့်အပြင်၊ ၎င်းတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့ထိတ်လန့်မှုကို ထည့်သွင်း တော်မူခဲ့ရာ၊ အသင်တို့သည် ၎င်း (မုနာဖစ်က်) တို့အနက် လူတစ်စုကို သတ်ဖြတ်လျက် ရှိကြပြီး၊ လူတစ်စုကိုမူ (သုံ့ပန်း အဖြစ်) ဖမ်းဆီးချုပ်နှောင်ကြကုန်၏။

[ကုရိုက်ဇွာဟ်မျိုးနွယ်ဝင်များသည် မဒီနာမြို့၏ အရှေ့ဘက်တွင် ခိုင်ခံ့သော ခံတပ်များ၌ နေထိုင်ပြီး မွတ်စ္စလင်မ် များနှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုထားပါလျက် 'အဟ်ဇာဗ်' စစ်ပွဲတွင် ကာဖိရ်မဟာမိတ် စစ်သည်များနှင့် ပူးပေါင်းသွား ခဲ့သည်။ ၎င်းတို့သည် အကြံအစည် မအောင်မြင်ဘဲ တပ်လှန့်ပြန်ကြရသောအခါ ကုရိုက်ဇွာဟ်မျိုးနွယ်ဝင်များသည် မိမိခံတပ် များတွင် ခိုအောင်းနေခဲ့ကြလေသည်။ မွတ်စ္စလင်မ်စစ်သည်တို့သည် ၎င်းအား ဆက်လက် ချီတက်ဝိုင်းရံ တိုက်ခိုက်ခဲ့လေသည်]

وَأَوْرَثَكُمْ أَرْضَهُمْ وَدِيَارَهُمْ وَ
أَمْوَالَهُمْ وَأَرْضًا لَمْ تَطَئُوهَا ۚ وَكَانَ اللَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرًا ﴿٢٧﴾

၃၃ : ၂၇ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူတို့၏ မြေယာ၊ ထိုသူတို့၏ နေအိမ်၊ ထိုသူတို့၏ ဥစ္စာပစ္စည်းများ အပြင် (ယခုတိုင်အောင်) အသင်တို့ ခြေမချကြရသေးသော မြေကို (ခိုင်ဗရ် သို့မဟုတ် မက္ကာဟ်မြေ အစရှိသည်တို့ကို ဖွင့်ဆို

ထားသည်။) အသင်တို့အား အမွေဆက်ခံစေတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ် (ပြုတော်မူခဲ့သော) ကျေးဇူးတော်ကို ပြန်လည်သတိရကြလေကုန်။ အခါတစ်ပါး၌ အသင်တို့ထံသို့ များစွာသော စစ်တပ်များသည် (တိုက်ခိုက်ရန်) ချီတတ်၍ လာခဲ့ကြကုန်၏။ ('အုယိုက်နား' စစ်တပ်၊ အဗူစွဖ်ယာန်၏ စစ်တပ်နှင့် ယဟူဒီမျိုးနွယ်စု၏ ဗနူကုရိုက်ဇွာဟ်စစ်တပ်တို့ ဖြစ်ပေသည်။ ထို့နောက် ငါအသျှင်မြတ်သည် စစ်တပ်များအပေါ်၌ လေပြင်းတစ်ခုကိုသော်လည်းကောင်း၊ (အကြင်လေပြင်းသည် ၎င်းတို့အား စိတ်သောကရောက်ရှိအောင် ပြုကာ ၎င်းတို့၏ ရွက်ဖျဉ်တဲများကို အမြစ်အခြေမှ နုတ်ပစ်လိုက်ပေ၏။) အသင်တို့ (အပေါ်ယံအမြင်အားဖြင့်) မမြင်ကြရသော စစ်တပ်များ (ကောင်းကင်တမန်တော်များ) ကိုလည်းကောင်း စေလွှတ်တော်မူခဲ့၏။ (အချို့သော ဆွဟာဗာများဖြစ်သည့် ဥပမာ- ဟုဇရည်ဖာဗိုက်ဖား ﷺ သခင်ကြီးသည် အချို့သော ကောင်းကင်တမန်တော်များကို လူအသွင်ဖြင့် မြင်တွေ့ဖူးနေလင့်ကာစား ၎င်းအပြင်ကာဖိရ်များ၏ စစ်တပ်အတွင်းသို့ ဤသခင်ကြီးမှ စုံစမ်းထောက်လှမ်းမှုပြုရန် သွားရာ ထိုနေရာတွင် ဆွဟာဗာကြီးသည် 'ပြေး၊ ပြေး' ဟူသော ကောင်းကင်တမန်များ၏ အသံကိုလည်း ကြားခဲ့ရပေသည်။ သို့သော် ထိုဖြစ်အင်၌ ကောင်းကင်တမန်များသည် စစ်ဆင်နွှဲရန်အတွက် ကြွမြန်းသွားကြခြင်း မဟုတ်ဘဲ ကာဖိရ်များ၏ စိတ်နှလုံးသားများ အတွင်းဝယ် ကြောက်ရွံ့မှု စိတ်ဖြစ်ပေါ်ရန်အတွက် သွားရောက်ကြခြင်းဖြစ်ပေသည်။ စေလွှတ်ခြင်းခံရခြင်း ဖြစ်ပေသည်။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ထိုအချိန်၌) အသင်တို့ ပြုလုပ်လျက်ရှိခဲ့ကြသည်တို့ကို ကောင်းစွာ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (အကြောင်းမှာ အသင်တို့သည် အလျား၊ အနံ၊ ထုထည်၊ အနက်ရှိသော ခံတပ်ကြွင်းကို တူးဖော်ရာ၌ စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့ကြသည်။ တစ်ဖန် ကာဖိရ်များနှင့် စစ်ဆင်နွှဲရာ၌လည်း အလွန် တည်တံ့မြဲမြံစွာဖြင့် ရပ်တည်ခဲ့ကြသည်။ ယင်းအချက်အပေါ် ကျေနပ်နှစ်သက်တော်မူကာ အသင်တို့အား ကူညီစောင်မတော်မူခြင်း ဖြစ်ပေသည်။

(ယင်းဖြစ်အင် ဖြစ်ခဲ့သော အချိန်တွင်) အကြင်အခါဝယ် ၎င်း (ရန်သူစစ်တပ်) သည် အသင်တို့၏ အဘက်ဘက်မှလည်းကောင်း၊ အောက်ဘက်မှလည်းကောင်း၊ (ဆိုလိုသည်မှာ အချို့သော မျိုးနွယ်အုပ်စုသည် မဒီနာမြို့၏ ကုန်းနိမ့်ပိုင်းမှသော်လည်းကောင်း၊ အချို့သော မျိုးနွယ်အုပ်စုသည် တောင်ကုန်းအရပ်ဒေသမှသော်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းရံစုရုံးကာ) ချီတက်လာခဲ့ကြကုန်၏။ ထို့ပြင် အကြင်အခါဝယ် (အသင်တို့၏) မျက်စိများသည် (ကြောက်ရွံ့ထိတ်လန့်မှုကြောင့်) ပြူး (ကြောင်) လျက် ရှိခဲ့ကြကုန်၏။ ထို့ပြင် နှလုံးသားများသည်လည်း လည်မျိုသို့ ရောက် (၍ ထွက်ကျလုမတတ် ဖြစ်) သွားခဲ့ကြ၏။

ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ အမျိုးမျိုးသော ထင်မြင်ယူဆချက်များကို ထင်မြင်ယူဆခဲ့ကြကုန်၏။ (ပမာဆိုရသော် ခက်ခဲပြင်းထန်မှုနှင့် ရင်ဆိုင်ရသော အချိန်များ၌ ပင်ကိုယ်ဗီဇသဘောများအရ အမျိုးမျိုးသော ဒွိဟစိတ်များ လာရောက်တတ်ပေသည်။ ဤသည် မိမိကိုယ်တိုင် ရွေးချယ်မှုမပြုထားသည့်အတွက်ကြောင့် အပြစ်ငရဲ တစ်စုံတစ်ရာမျှ မရှိချေ။ ရှေ့၌ မုအ်မင်န်များ ပြောဆိုမည်ဖြစ်သော

هٰذَا مَاوَعَدَنَا اللّٰهُ وَرَسُوْ لُهٗ وَصَدَقَ اللّٰهُ وَرَسُوْلُهٗ

ဤသည်ပင်လျှင် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ချိန်းချက်ကတိပေးတော်မူခဲ့သော ကိစ္စပင် ဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ကျွန်ုပ်တို့အား မှန်ကန်စွာ သတင်းပေး မိန့်ကြားတော်မူခဲ့သည်။

[၃၃ : ၂၂]

ဟူသော ပြောဆိုမှုနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်ရှိနေမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အထက်ပါ အာယသ်တော်မြတ်အတွင်း၌ ပါရှိသော (ဤသည်) ဟူသော အညွှန်းနာမ်စားသည် ရန်သူများ ချီတက်လာမည်ဖြစ်ခြင်း၏ ဘက်သို့ ညွှန်ပြနေပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအချက်၏ သတင်းအား အလ္လာဟ်အသျှင်မြတ်သည် ပေးတော်မူခဲ့ပေသည်။ ထို့ကြောင့် ယင်းအချက်သည် မုချ ဖြစ်ပေါ်လာမည်ဟူ၍ ယုံကြည်ထားကြပေသည်။ သို့ရာတွင် ယင်းဖြစ်အင်၏ နောက်ဆုံးဖြစ်ပေါ်လာမည့် အခြေအနေကိုမူ မတင်ပြထားပေ။ ထို့ကြောင့် ယင်းဖြစ်အင်နှင့် စပ်လျဉ်း၍ အောင်နိုင်မည်။ သို့မဟုတ် ရှုံးနိမ့်မည်ဟူသော ဒွိဟအချက်များ များစွာ ပေါ်ပေါက်နေပေသည်။)

ထိုအခါ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် ပြည့်ပြည့်ဝဝ (ကောင်းစွာ) စမ်းသပ်ခြင်းကို ခံခဲ့ကြရသည်။ (အကြင်စမ်းစစ်မှုအတွင်းသို့ ၎င်းတို့သည် ပြီးပြည့်စုံစွာ ဆင်းသက်ခဲ့ကြပေသည်) သာမက အပြင်းအထန် တုန်လှုပ်ချောက်ချားစေခြင်းကိုလည်း ခံခဲ့ကြရကုန်၏။

(ဤဖြစ်အင်သည် ထိုအချိန်အခါမျိုး၌ ဖြစ်ပေါ်ခဲ့ပေသည်။) အကြင်အခါဝယ် မုနာဖစ်က် (အယောင်ဆောင်မွတ်စ္စလင်မ်) များနှင့် စိတ်နှလုံးသားများတွင် ရောဂါရှိသူတို့က (အသွင်ဆောင်မှုနှင့် ဒွိဟသံသယရှိသော သူတို့က) 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်သည် ကျွန်ုပ်တို့အား ဖြားယောင်းခြင်းမှအပ မှန်ကန်သော ကတိကို ပေးတော်မူခဲ့သည်မဟုတ်' ဟု ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ (ပမာဆိုရသော် မအ်သဗ်ဗင်န်ကုရိက်ရ်နှင့် ၎င်း၏ အပေါင်းအဖော်များသည် ခံတပ်ကြွင်းကို တူးဖော်ချိန် ပေါက်တူးဖြင့် မြေကြီးကို ပေါက်ရာ ကြိမ်ဖန်များစွာ မီးပွင့်ထွက်လာသောအချိန်၌ ပြောဆိုခဲ့သည့် ပြောဆိုမှုမျိုး ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည်လည်း အကြိမ်ကြိမ်အခါခါ 'ငါကိုယ်တော်သည် ပါးရှားန်၊ ရောမနှင့် ဆီးရီးယားနိုင်ငံတို့၏ နန်းအဆောင်ကို ထိုပွင့်ထွက်လာသော မီးအလင်းရောင်ဖြင့် မြင်တွေ့ရပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုနိုင်ငံအရပ်ဒေသများအား အောင်နိုင်မှုရရှိမည်' ဟူ၍ ကတိပြုထားတော်မူပေသည်' ဟု ပြောဆိုနေလေရာ ၎င်းတို့က ရန်သူများ စုရုံးရောက်ရှိလာချိန်ဝယ် သောက

ဝေဖြာမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေ၌ 'ဤကဲ့သို့သော အခြေအနေအတွင်း ကျရောက်နေပါလျက် ပါရှားန်နိုင်ငံနှင့် ရောမနိုင်ငံအား အောင်နိုင်မည်ဟူ၍ သတင်းကောင်းများ ပေးနေပေသည်။ ဤသည် ဖြားယောင်းသွေးဆောင်မှု သက်သက်သာ ဖြစ်ပေသည်' ဟူ၍ ပြောဆိုခဲ့ကြသည်။ ၎င်းတို့သည် ထိုအချက်ကို အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ဟူ၍သော်လည်းကောင်း၊ တမန်တော်မြတ် ﷺ ကိုလည်း အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဟူ၍လည်းကောင်း မမှတ်ယူလေလင့်ကစား

مَاوَعَدَنَا اللّٰهُ وَرَسُوْلُهٗ

ဤသည်ပင်လျှင် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ သည် ချိန်းချက်ကတိပေးတော်မူခဲ့သော ကိစ္စပင် ဖြစ်သည်။ [၃၃ : ၁၂]

ဟူ၍ ပြောဆိုကြပေသည်။ ဤသို့ ပြောဆိုခြင်းသည် မွတ်စ္စလင်မ်များ၏ ပြောဆိုမှုအတိုင်း ပြန်လည်တင်ပြသည့်သဘောဖြင့် ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။ သို့မဟုတ် နောက်ဆုံးအဆင့်အနေဖြင့် ဖန်တီးသတ်မှတ်ပေး၍သော်လည်းကောင်း၊ ထို့နောက် နောက်ပြောင်သည့် အနေအထားမျိုးဖြင့်သော်လည်းကောင်း ပြောဆိုခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

ထို့ပြင် (ဤဖြစ်အင်သည် ထိုအချိန်၌ ဖြစ်ပေါ်ခဲ့ပေသည်။) အကြင်အခါဝယ် (ထိုမွတ်စ္စလင်မ်အသွင်ဆောင်သော) မုနာဖစ်က်များအနက်မှ လူတစ်စုက (စစ်မြေပြင်၌ ရှိသော အခြားသူတို့အား) 'အို၊ 'ယပ်စ်ရပ်' (မဒီနာ) မြို့သားတို့၊ အသင်တို့အဖို့ (ဤနေရာ၌) ရပ်တည်ရာဌာနဟူ၍ အလျှင်းမရှိတော့ပြီဖြစ်ရာ (အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ နေထိုင်ခြင်းသည် သေမင်း၏ ပါးစပ်အတွင်းသို့ ဆင်းသက်ခြင်းပင်ဖြစ်ပေသည်။) အသင်တို့သည် (မိမိတို့အိမ်များရှိရာဆီသို့) ပြန်သွားကြကုန်လော' ဟု ပြောဆိုခဲ့ကြကုန်၏။ (ဤအဆိုကို အောက်စ်ဗင်န်ကီသွီးက ပြောဆိုခဲ့ခြင်း ဖြစ်သည်။ အခြားပုဂ္ဂိုလ်အချို့သည်လည်း ယင်းပြောဆိုမှု၌ ပါဝင်ပေသည်။) ထို့ပြင် ၎င်း (မုနာဖစ်က်) တို့အနက် အချို့သောသူတို့သည် 'ကေန်အမှန် ကျွန်တော်မျိုးတို့၏ နေအိမ်များမှာ လုံခြုံမှုမရှိ' ဟု ပြောဆိုကာ နဗီတမန်တော်မြတ် ﷺ ထံမှ (မိမိတို့အိမ်များ ရှိရာသို့ ပြန်ကြရန်) ခွင့်ပန်လျက် ရှိကြကုန်၏။ (အမျိုးသမီးများနှင့် ကလေးများသာလျှင် ကျန်ရစ်နေပေသည်။ တစ်ခါတစ်ရံ သူခိုးများ ဝင်ရောက်ကောင်း၊ ဝင်ရောက်နိုင်သည်။ တံတိုင်း၊ နံရံအကာများသည် စိတ်မချရကာ လုံခြုံမှုမရှိပေ။ ဤအဆိုကို အဗူအရဗားနှင့် ဗနူဟာရေစားမျိုးနွယ်အုပ်စု၌ ရှိသော အချို့သော သူတို့က ပြောဆိုခြင်း ဖြစ်ပေသည်။) စင်စစ် ယင်းအိမ်များမှာ (၎င်းတို့၏ တွေးခေါ်ထင်မြင်မှုများအတွင်း၌) လုံခြုံမှုကင်းမဲ့စွာ ရှိနေခဲ့ကြသည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ၎င်းတို့သည် ခိုးယူခြင်းခံရခြင်းနှင့် စပ်လျဉ်း၍ သံသယစိတ် တစ်စုံတစ်ရာမျှ မရှိပေ။ အိမ်သို့ ပြန်လိုခြင်း၏ 'နီယသ်' ရည်ရွယ်ချက်မှာလည်း 'အိမ်များကို လုံခြုံစိတ်ချရအောင် အစီအမံများ ပြုလုပ်ပေးပြီး ပြန်လာမည်ဟူသော ရည်ရွယ်ချက်မျိုးဖြင့် မဟုတ်။) စင်စစ် ၎င်းတို့မှု ထွက်ပြေးရန်သာ ကြံရွယ်နေကြကုန်၏။

စင်စစ် (၄င်းတို့၏ အခြေအနေမှာ) အကယ်၍ မဒီနာမြို့၌ ၄င်းတို့ထံ ယင်း 'ယပ်စ်ရစ်' (မဒီနာ) မြို့၏ ဘေးပတ်ဝန်းကျင်များမှ ကာဖိရ်စစ်သည်တို့သည် (၄င်းတို့ မိမိတို့၏ အိမ်များအတွင်းဝယ် ရှိနေခိုက်) ဝင်ရောက်ခဲ့ကြသော် ထို့နောက် ၄င်းတို့သည် ဖျက်ဆီးမှုကို ပြုရန် (မွတ်စ္စလင်မ်များနှင့် တိုက်ခိုက်ရန်) တောင်းဆိုခြင်းကို ခံခဲ့ကြရသော် ၄င်းတို့သည် ထိုအိမ်များ၌ အနည်းငယ်သာ ဆိုင်းငံ့ပြီး ရုတ်တရက် (ချက်ချင်း) ပင်လျှင် ယင်းဖျက်ဆီး (တိုက်ခိုက်) မှုကို အမှန်ပင် လက်ခံပြုလုပ်ကြမည်သာဖြစ်၏။ (တစ်ဦးတစ်ယောက်သည် ၄င်းတို့အား လျှောက်ထားပန်ကြားကာ ၄င်းတို့သည် မိမိတို့ဘက်မှ လက်ခံကြောင်းကို ပြန်လည်အဖြေပေးသည့်အချိန် ခန့်မျှသာလျှင် ကြာညောင်းပေမည်။ ထို့နောက် ၄င်းတို့သည် ချက်ချင်း အသင့်ပြင်ကာ မွတ်စ္စလင်မ်တို့နှင့် တိုက်ခိုက်ရန် ရောက်ရှိသွားကြပေလိမ့်မည်။ 'ကျွန်ုပ်တို့သည်မူ အခြားသော သူများအား လုယက်တိုက်ခိုက်မှုပြုရန် သွားရောက်နေပေရာ အချို့သော သူတို့သည် ကျွန်ုပ်တို့၏ အိမ်များမှလည်း လုယက်ကောင်း လုယက်တိုက်ခိုက်နိုင်မည်' ဟူသော မိမိတို့အိမ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု တစ်စုံတစ်ရာမျှ မရှိပေ။ သို့ရှိရာ အကယ်၍ အမှန်တကယ် ၄င်းတို့၏ ရည်စူးချက်သည် အိမ်များ၊ မိသားစု၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်မူ၊ ယခု အိမ်များ၌ အဘယ်ကြောင့် မနေကြပေသနည်း။ အထက်ပါ ရှင်းလင်းချက်များမှ 'စင်စစ်၌ ၄င်းတို့သည် မွတ်စ္စလင်မ်များနှင့် ရန်ငြိုးထား၍ ကာဖိရ်များအား ချစ်ခင်ကြောင်း' ကို ရှင်းလင်းစွာဖြင့် သိရှိရပေသည်။ ထို့ကြောင့် ဟာန်ပြအင်အား တောင့်တင်း များပြားခြင်းဖြင့်လည်း မွတ်စ္စလင်မ်တို့အား ကူညီခြင်းကို မလိုလား၍ ဖြစ်သည်။ ၄င်းမှာ အိမ်များနှင့် စပ်လျဉ်း၍ အကြောင်းပြချက်သာ ဖြစ်ပေသည်။

စကန်စင်စစ် ၄င်းတို့သည် (ဤဖြစ်အင်ထက်) ရှေးဦးမဆွကပင် (ရန်သူများနှင့် တိုက်ခိုက်ရာမှ) ကျောခိုင်း၍ ထွက်ပြေးကြမည် မဟုတ်ပါ' ဟု အလ္လာဟ်အသျှင်မြတ်နှင့် ကတိထားခဲ့ပြီး ဖြစ်ကြကုန်၏။ (ဤကတိသည် 'ဗဒရ်' စစ်ပွဲ ဖြစ်သွားချိန်၌ ဖြစ်သည်။ 'ဗဒရ်' စစ်ပွဲ၌ အချို့သော သူတို့သည် ပါဝင်ခြင်းမှ ကျန်ရစ်ခဲ့ပေရာ အချို့သော မုနာဖစ်က်များသည်လည်း 'ဝမ်းနည်းရလေခြင်း။ ကျွန်ုပ်တို့သည် မပါဝင်ခဲ့ရပေ။ ပါဝင်ရမည်ဆိုလျှင် 'ဤသို့ ပြုလိုက်မည်။ ထိုသို့ ပြုလိုက်မည်' ဟူ၍ အလျင်စလို ဂုဏ်ဖော်လိုသော ပုံစံမျိုးဖြင့် ပြောဆိုနေကြပေသည်။ တကယ်အချိန် ကျရောက်သည်ဆိုလျှင် ကလိမ်ဉာဏ်ဆင်သည့် အထုပ်များအားလုံး ပြေသွားပေသည်။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ထားခဲ့သော (ဤကဲ့သို့သော) ကတိဝန်ခံချက်မှာ စစ်ဆေးမေးမြန်းခြင်းကို ခံရမည်ဖြစ်သော ကတိဝန်ခံချက်ပင် ဖြစ်ပေသည်။

(အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊ အသင်တို့သည် နောက်လှည့် ထွက်ပြေးလျက် ရှိကြကုန်သည်။) ပမာဆိုရသော အလ္လာဟ်အသျှင်မြတ်သည်

اِنْ يُّرِيْدُوْنَ اِلَّا فِرَارًا

စင်စစ် ၄င်းတို့ ထွက်ပြေးရန်သာ ကြံရွယ်လျက် ရှိကြကုန်၏။ [၃၃ : ၁၃]

ဟူ၍ မိန့်တော်မူထားပေသည်။ အကယ်၍ အသင်တို့သည် သေဘေးမှသော်လည်းကောင်း၊ အသက်ဆုံးခြင်းမှသော်လည်းကောင်း ထွက်ပြေးခဲ့ကြလေသော် ယင်းသို့ ထွက်ပြေးခြင်းသည် အသင်တို့အား အလျဉ်း အကျိုးရှိစေမည်မဟုတ်ပေ။ ထိုအခါ အသင်တို့သည် (ထွက်ပြေးခြင်းဖြင့် ကျန်ရှိသော သက်တမ်း၏) အနည်းငယ်မျှ (အသက်ရှင်ခြင်း) မှအပ အကျိုးခံစားရမည်လည်း မဟုတ်ပေ။ (ဆိုလိုသည်မှာ ထွက်ပြေးသွားခြင်းဖြင့် သက်တမ်းသည် တိုးလာမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ သက်တမ်းအချိန်အား သတ်မှတ်ထားပြီးဖြစ်ပေသည်။ အကြင်ကဲ့သို့ သတ်မှတ်ထားပြီးဖြစ်ရာ အကယ်၍ မထွက်ပြေးလျှင်လည်း သတ်မှတ်ထားသည့် အချိန်၏အလျင် ကွယ်လွန်သေဆုံးမည် မဟုတ်ပေ။ သို့ရှိရာ ဆက်လက်နေထိုင်ခြင်းဖြင့်လည်း တစ်စုံတစ်ရာ ဆိုးကျိုးမရှိနိုင်သကဲ့သို့ ထွက်ပြေးသွားခြင်းဖြင့်လည်း တစ်စုံတစ်ရာ ကောင်းကျိုးချမ်းသာ မရရှိနိုင်ပေ။ သို့ရှိရာ ပြေးသွားခြင်းသည် ဦးနှောက်အသိဉာဏ် ကင်းမဲ့ခြင်း၏ အချုပ်သည်သာလျှင် ဖြစ်ပေသည်။)

(ထို နဖူးစာကာ်၏ ဓမ္မသတ်ကိစ္စရပ်အား အသေအချာ သိရှိစေရန်အတွက် ၎င်းတို့အား အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ဘေးအန္တရာယ်တစ်စုံတစ်ရာကို ရည်စူးတော်မူခဲ့သည်ရှိသော် မည်သူသည် အသင်တို့အား ထိုအသျှင်မြတ် (၏ ပြစ်ဒဏ်တော်) မှ ကာကွယ် စောင့်ရှောက်နိုင်မည်နည်း။ (ဥပမာ– အသင်တို့အား ဖျက်ဆီးလိုတော်မူရန်ရှိမူ အသင်တို့အား မည်သူ ကယ်တင်နိုင်အံ့နည်း။ ပမာဆိုရသော်– အသင်တို့သည် ထွက်ပြေး တိမ်းရှောင်သွားကြသည်ကို မိမိတို့အဖို့ အကျိုးရှိသည်ဟူ၍ မှတ်ယူနေကြပေသည်။) သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ကျေးဇူးတစ်စုံတစ်ရာကို ရည်စူးတော်မူခဲ့ပါလျှင် (မည်သူသည် ပိတ်ပင်တားဆီးနိုင်မည်နည်း။ ဥပမာ– ထိုအသျှင်မြတ်သည် လောကီရေးရာ၏ ကရုဏာတော်ဖြစ်သော အသက်ရှင်စွာထားရန်ရှိပါမူ မည်သူ တားဆီးနိုင်အံ့နည်း။ ပမာဆိုရသော် အသင်တို့သည် စစ်မြေပြင်၌ မြဲမြံစွာ နေထိုင်ခြင်းကို လောကီသက်တမ်းအား ဖြတ်တောက်ပစ်လိုက်သော အရာဟူ၍ မှတ်ယူထားကြပေသည်။) ထို့ပြင် ၎င်းတို့သည် (ကြားနာထားပါလေ။) အလ္လာဟ်အသျှင်မြတ်အပြင် မိမိတို့အဖို့ ကူညီအားပေး သူ (အကျိုးပြုမည့်သူ) တစ်ဦးတစ်ယောက်ကိုမျှလည်း တွေ့ရှိကြမည်မဟုတ်ပေ။ (အကျိုးယုတ်စေခြင်းမှ) ကာကွယ်စောင့်ရှောက်သူ တစ်ဦးတစ်ယောက်ကိုမျှလည်း တွေ့ရှိကြမည်မဟုတ်ပေ။

(ယခု နဖူးစာကာ် 'သက္ကဒီးရ်'၏ ဓမ္မသတ်ကို တင်ပြပြီးသည့်နောက် တစ်ဖန် မုနာဖစ်က်တို့အား ရှုတ်ချပြစ်တင်ခြင်း၏ ကွင်းဆက်ဇယားပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက်မှ (စစ်ထဲသို့ မပါဝင်ကြရန်) နှောင့်ယှက်ဟန့်တား တားဆီးကြသောသူတို့အားလည်းကောင်း၊ မိမိတို့၏ (သွေးရင်းသားရင်းအရသော်လည်းကောင်း၊ ဌာနေတူဖြစ်ခြင်းအရသော်လည်းကောင်း) ညီအစ်ကိုများအား 'အသင်တို့သည် ကျွန်ုပ်တို့ထံ လာကြကုန်လော့။ (ထိုအရပ်ဒေသ၌ အဘယ်ကြောင့် မိမိတို့၏ အသက်ကို ပေးကမ်းလျှဒါန်းနေကြသနည်း။' ဤစကားရပ်ကို တစ်ဦးတစ်ယောက်သည် မိမိ၏ ညီအစ်ကိုအရင်း တော်စပ်သူတစ်ဦးအား ပြောဆိုခဲ့ပေသည်။ ပြောဆိုသူသည် ယင်းသို့ ပြောဆို

ချိန်၌ အစားကောင်း၊ အသောက်ကောင်း စားသောက်ကာ ပြောဆိုလျက် ရှိနေပေသည်။ မွတ်စ္စလင်မ် ညီနောင်က 'ဝမ်းနည်းရလေခြင်း။ အသင်သည် ဤသို့သော သာယာ (ငြိမ်းချမ်းမှုအတွင်း၌ ရှိနေပေသည်။ တမန်တော်မြတ် ﷺ သည်မူ ဒုက္ခတွင်း၌ ရှိနေပေသည်'ဟူ၍ ပြန်လည်ပြောကြားသောအခါ ၎င်းက 'မိတ်ဆွေ၊ အသင်သည်လည်း ဤအရပ်ဒေသကိုသာလျှင် ပြန်လည် လာရောက်ကုန်'ဟူ၍သာ ပြေဆိုနေပေသည်' ဟု ပြောဆိုသော သူတို့အားလည်း ကောင်းစွာ သိရှိတော်မူ၏။ စင်စစ် (၎င်းတို့၏ သူရဲဘောကြောင်မှု၊ ရမ္မက်နှင့် စေးနဲမှု၏ အခြေအနေမှာ ဤသို့တည်း။) ၎င်းတို့အနက် အနည်းငယ်မျှ (အမည်ခံအားဖြင့်) သာလျှင် စစ်တိုက်ရာသို့ လာကြကုန်၏။ (ဤသည်ပင် သူရဲဘောကြောင်မှု ဖြစ်၏။)

(စစ်တိုက်ရာသို့ လာကြလျှင်မူလည်း) အသင်တို့နှင့် ပတ်သက်၍ လွန်စွာ တွန့်တိုလျက် (ရှိကြ၏။ ဆိုလိုသည်မှာ လာရောက်ကြချိန်၌လည်း 'သုံ့ပန်းပစ္စည်းများ မွတ်စ္စလင်မ်များအားလုံး မရရှိရန်'ဟူသော ကြီးမားသည့် 'နီယသ်'ကို ပြုကာ ရောက်ရှိလာကြပေသည်။ အမည်ခံအားဖြင့် လာရောက်ကြလျှင်လည်း မည်သည့်အဆင့်အမျိုးအစား၊ အနေအထား၌မှာပင်မဆို သုံ့ပန်းပစ္စည်း ရထိုက်ခြင်းအား ကြွေးကြော်နိုင် ပေသည်။) ထို့နောက် (အို၊ နဗီတမန်တော်၊ ၎င်းတို့၏ စေးနဲ တွန့်တိုမှုနှင့် သူရဲဘောကြောင်ခြင်း၏ အမှု ကိစ္စနှစ်ရပ်စလုံးတို့အား အတည်ပြု၍ ရရှိသွားပါမူ ထိုအမှုကိစ္စ နှစ်ရပ်ပေါင်း၏ စူးရှ သက်ရောက်မှုမှာ) စိုးရိမ်မှု၏ (အခြေအနေ) တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့သောအခါ အသင်သည် ၎င်းတို့အား သေခြင်း တရား ဆိုက်ရောက်လာသဖြင့် မေ့မျောနေသောသူကဲ့သို့ မျက်စိများ မူးဝေလျက်ရှိပြီး အသင့်ဘက်သို့ ကြည့်ရှုနေကြသည်ကို တွေ့မြင်ရပေမည်။ (ဤသည် သူရဲဘောကြောင်ခြင်း၏ အကြောင်းဆက်တရား ပင် ဖြစ်သည်။) တစ်ဖန် စိုးရိမ်မှု ပပျောက်၍ သွားလေသောအခါ ၎င်းတို့သည် (လက်ရ) ပစ္စည်းများ အပေါ်၌ လောဘရမ္မက် ထားရှိကြလျက် ထက်မြက်သော နှုတ်သီးများဖြင့် အသင်တို့အား နာကြည်းစေ ရန် စောင်းမြောင်း ပြောဆိုကြကုန်၏။ (ဆိုလိုသည်မှာ သုံ့ပန်းပစ္စည်းများ ရယူရန်အတွက် 'ကျွန်ုပ်တို့ အဘယ်ကြောင့် ဝေစုမရရှိရမည်နည်း။ ကျွန်ုပ်တို့၏ အကူအညီများကြောင့်ပင် အသင်တို့သည် အောင်မြင် မှုကို ဆွတ်ခူးနိုင်ခဲ့ခြင်း မဟုတ်ပါ၏လော'ဟူ၍ စိတ်နှလုံး ထိခိုက်နာကျင်စေမည့် ထိုးနှက်သော စကား များကို ဆိုကြပေသည်။ ဤသည် စေးနဲခြင်းနှင့် သူရဲဘောကြောင်ခြင်းတို့၏ အကြောင်းဆက်တရားများ ပင် ဖြစ်သည်။ ဤအချက်သည် ၎င်းတို့မှ အသင်တို့နှင့် ပြုမူဆက်ဆံကြသော အမှုကိစ္စများပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ ၎င်းတို့ ပြုမူဆက်ဆံသော အမှုကိစ္စမှာ) ထိုသူတို့သည် (အစကတည်း ကပင်) သက်ဝင်ယုံကြည်ခဲ့ကြသည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ (ကောင်း မြတ်သော အကျင့်သီလ) ဆောင်ရွက်ချက်များကို (ကနဦးကတည်းက) အချည်းနှီး ဖြစ်စေတော်မူခဲ့၏။ (နောင်တမလွန် 'အာခိရသ်'၌ အကျိုးစဝါးဗ် တစ်စုံတစ်ရာကိုမျှ ရရှိမည်မဟုတ်ပေ။) စင်စစ် ဤ (သို့ ပြုလုပ်ခြင်း) သည် အလ္လာဟ်အသျှင်မြတ်အဖို့ (လွန်စွာ) လွယ်ကူလှပေသည်။ ('ကျွန်ုပ်တို့သည် ထိုဆောင် ရွက်မှု၏ အစားထိုးပေးမည်' ဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ အဟန့်အတား၊ အနှောင့်အယှက် မဖြစ် ရှိနိုင်ပေ။)

(ဤအခြေအနေသည် ၄င်းတို့၏ စစ်တပ်များ စုစည်းပြီးထားသော အချိန်၌ ဖြစ်ပေသည်။ သို့ရာတွင် ၄င်းတို့၏ သူရဲဘောကြောင်မှုသည် 'စစ်ပွဲများရှိရာဆီသို့ သွားရောက်ပြီး နောက်ပိုင်းများ၌လည်း' ၄င်းတို့သည် ဤအခြေအနေထိတိုင် ဖြစ်ပေါ်တည်ရှိနေသည်မှာ) ၄င်းတို့သည် သွေးစည်းထားသော (ကာဖိရ်မဟာမိတ်) အုပ်စုတို့မှာ (ယခုတိုင်အောင်) မသွားကြသေး'ဟု ယူဆ ထင်မှတ်နေကြကုန်၏။ (အစွန်ဆုံးသော သူရဲ ဘောကြောင်မှုကြောင့် ၄င်းတို့၏ အခြေအနေမှာ) သို့ရာတွင် အကယ်၍ (ဆိုကြပါစို့) ထိုသွေးစည်းထားသော အုပ်စုများ (သွားပြီးနောက် ပြန်လှည့်) ရောက်ရှိ၍ (တိုက်ခိုက်) လာကြလျှင် (တစ်ဖန်) ၄င်း (မုနာဖစ်က်) တို့မှာ အကယ်၍ ကျွန်ုပ်တို့သည် ကျေးလက်၊ တောရွာများ၌ နေထိုင်ခဲ့ကြပြီး၊ ထိုအရပ်ဒေသများ၌ နေထိုင်ကာ သွားလာကြလျက် ရှိကြကုန်သော သူတို့အား) အသင်တို့၏ (စစ်) သတင်းများကို စုံစမ်းမေးမြန်းလျက် ရှိကြသော် (၄င်းနောက် ထိုသူတို့သည် တုန်လှုပ်ချောက်ချားဖွယ် ကောင်းသော စစ်ပွဲကို မိမိတို့၏ မျက်လုံးများဖြင့် မရှုမြင်ကြဘဲ) ကောင်းလေစွ'ဟု နှစ်သက်လိုလား (ပြီး စစ်ရေးသာသည့်ဘက်သို့ ယိမ်း) ကြပေမည်။ သို့ရာတွင် အကယ်၍ (တိုက်ဆိုင်လှစွာဖြင့် အားလုံးသော်လည်းကောင်း၊ သို့မဟုတ် အချို့သည်လည်းကောင်း ကျေးလက်တောရွာများ ရှိရာဆီသို့ မသွားနိုင်ကြပါမူ) ၄င်းတို့သည် အသင်နှင့်အတူ ရှိနေခဲ့ကြပါလျှင်လည်း ('ထိုအချိန်၌ ဖြစ်ရှိနေသော ပေးခြင်း၊ ယူခြင်း၏ သတင်းကို ကြားနာကာ မည်သည့်အခါမျှ အရှက်တရား ထားရှိကြမည် မဟုတ်'ဟူသော အမည်ခံ) အနည်းငယ်မျှသာလျှင် တိုက်ခိုက်ကြပေမည်။

(ရှေ့၌ စစ်မြေပြင်တွင် တည်တံ့မြဲမြံစွာ နေထိုင်ရန်နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ အမိန့်ကို အနွံအတာခံခြင်းနှင့် နောက်လိုက်သမှုပြုခြင်းသည် အီမာန်တရားက လိုလားလျက် ရှိနေသော အကြောင်းဖြစ်ခြင်းကို တင်ပြထားပေသည်။ သို့မှသာ အီမာန်ရယူထားကြောင်း ကြေညာ၍ ထားသည့် ကြားကပင်ယင်းအီမာန်၏ လိုလားချက်အပေါ် ဆန့်ကျင်မှုပြုလုပ်သော မုနာဖစ်က်တို့အား အရှက်တရား ရရှိစေရန်ဖြစ်ပေသည်။ စိတ်စေတနာဖြူစင်စွာ အမိန့်နာခံသူတို့အတွက် သတင်းကောင်းရရှိရန် ဖြစ်သည်။ အကြောင်းမှာ ဤသူတို့သည် (၃၃း၂၁) အာယသ်တော်ပါ အချက်အပေါ် အခြေခံမှု တည်ရှိနေသောသူများ ဖြစ်သွားကြပေမည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) အသင်တို့အဖို့ (သို့မဟုတ်) အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ကြောက်ရွံ့သည့်အပြင် အလ္လာဟ်အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရသူ၏အဖို့ (ပြည့်ဝသော အီမာန်ရှင်အဖို့) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ (တမန်တော်မြတ် ﷺ သည်ပင်လျှင် ပါဝင်ဆင်နွှဲ နေသည်ဆိုရာ မိမိ၏ အသက်ကို ကယ်တင်၍ အနွံအတာမခံနိုင်ရလောက်အောင် တမန်တော်မြတ် ﷺ ထက် သာပို၍ ချစ်စရာကောင်းသူ မည်သူ ရှိပေသနည်း။)

(ရှေ့၌ မုနာဖစ်က်များနှင့် ဆန့်ကျင်ဘက် စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏ အကြောင်းကို တင်ပြထားပေသည်။) အမှန်စင်စစ် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့သည် သွေးစည်းထားသော (ကာဖိရ်မဟာမိတ်) အုပ်စုတို့အား တွေ့မြင်ခဲ့ကြသောအခါ 'ဤသည်ပင်လျှင် ကျွန်ုပ်တို့အား အလ္လာဟ်

အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ သည် ချိန်းချက် (ကတိပေး) တော်မူခဲ့သော ကိစ္စ (၏ နေရာ) ပင် ဖြစ်သည်။ (သို့ရှိရာ 'စူရာဟ်ဗကရာ' ၏ အာယသ်တော်အတွင်း၌ ထိုအချက်အား နီးကပ်စွာ ညွှန်ပြမှုသည် ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။

أَمْ حَسِبْتُمْ أَنْ تَدْخُلُوا الْجَنَّةَ ﴿الى قوله﴾ وَزُلْزِلُوا

(အို၊ မုအ်မင်န်အပေါင်းတို့၊ အသင်တို့သည် 'ဂျန္နသ်' သုခဘုံသို့ မိမိတို့ လွယ်ကူစွာ ဝင်ရောက်ကြရမည်ဟု ထင်မှတ်ကြလေသလော။ အမှန်စင်စစ် အသင်တို့၌ မိမိတို့အလျင် လွန်လေပြီးဖြစ်သော သူမွန်သူမြတ်တို့ထံသို့ ဆိုက်ရောက်ခဲ့သော အဖြစ်အပျက်များကဲ့သို့ အခြေအနေများသည် ယခုတိုင် ဆိုက်ရောက်ခဲ့ခြင်း မရှိပေ။ ထိုလွန်လေပြီးသော သူတို့၌ ဆင်းရဲဒုက္ခသည်လည်းကောင်း၊ ဘေးအန္တရာယ်သည်လည်းကောင်း သက်ရောက်ခဲ့၏။ ထို့ပြင် ၎င်းသူတို့သည် အဘာယ်မျှလောက် တုန်လှုပ်စေခြင်း ခံခဲ့ကြရသည်ဟူမူ။) *[၂ : ၂၁၄]*

အာယသ်ကြောင့်ဆိုသော် 'စူရာဟ်ဗကရာဟ်' သည် 'စူရာဟ်အဟ်ဇာဗ်' ထက် အလျင် ကျရောက်ခဲ့ပေသည်။ 'အသ်ကာန်' ကျမ်း၌ ဤအတိုင်းပင် လာရှိထားပေ၏။

စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် (ကျွန်ုပ်တို့အား) မှန်ကန်စွာ (သတင်းပေး) မိန့်ကြားတော်မူခဲ့သည်ဟု ပြောဆိုကြကုန်၏။ ထို့ပြင် (စစ်ပွဲများကို မြင်တွေ့သွားခြင်းဖြင့် အကြင်ကဲ့သို့ မြင်တွေ့ခြင်းသည် ကြိုတင်ဟောကိန်း မှန်ကန်ကြောင်း ထောက်ခံမှုပြုရာ ရောက်သည့်အတွက်ကြောင့်) ယင်းကိစ္စသည် ၎င်းတို့၌ အီမာန်ယုံကြည်မှုနှင့် လိုက်နာမှုကိုသာ တိုးပွားများပြားစေခဲ့လေသည်။ (ဤအရည်အချင်းသည်မူ မုအ်မင်န်များအားလုံး၏ ကြားဝယ် သာတူညီမျှစွာ အနည်းနှင့်အများမဆို တည်ရှိနေသော အချက်ဖြစ်ပေသည်။ သီးသန့်အချို့သော အရည်အချင်းများလည်း ရှိနေပေသည်။ အကြင်သီးသန့် ဂုဏ်အင်အရည်အချင်းများမှာ) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အနက် အလ္လာဟ်အသျှင်မြတ်နှင့် မိမိတို့ ထားရှိခဲ့ကြသော ပဋိညာဉ် (ကတိတော်) နှင့်အညီ မှန်ကန်စွာ ပြုလုပ်ခဲ့ကြသူများလည်း ရှိကြကုန်၏။ (ယင်းသို့ ခွဲခြားစိတ်ဖြာကာ မိန့်တော်မူရခြင်းအကြောင်းမှာ 'အချို့သော မွတ်စ္စလင်မ်တို့သည် ပဋိညာဉ်ကတိတော်ကို သစ္စာဆိုပြီးနောက် မှန်ကန်စွာ မပြုမူပေ' ဟူသော အလိုသဘောမျိုး မဟုတ်ဘဲ 'အချို့သည် ကနဦးကတည်းက ပဋိညာဉ်ကို မဆိုထားဘဲ ထိုသို့ ပဋိညဉ်ခံဝန်ကတိ မထားရှိဘဲနှင့် တည်တံ့မြဲမြံစွာ နေထိုင်ခြင်း' အချက်ကို အခြေခံမှုတည်၍ ခွဲခြားမိန့်ဆိုထားခြင်း ဖြစ်ပေသည်။ ထိုပဋိညာဉ်အပေါ် မှန်ကန်စွာ သက်ရောက်သောသူတို့၏ အကြောင်းကို ရှင်းလင်းစွာဖြင့် 'မုနာဖစ်က်တို့နှင့် စပ်လျဉ်းသော အခြေအနေကို အထက်ပါ လွန်လေပြီးသော (၃၃:၁၅) အာယသ်တော်၏ မိန့်ခွန်းချက်ဖြင့် နှိုင်းယှဉ်ကာ တင်ပြထားပေသည်။

ထိုသို့ ပဋိညာဉ်ခံဝန်ချက်အပေါ် မှန်ကန်စွာ သက်ရောက်သောသူများ၏ အလိုသဘောမှာ ဟဇရသ် အနတ်စ်ဗင်န်နသွာရ် ﷺ နှင့် ၎င်း၏ မိတ်ဆွေများဖြစ်ကြပေသည်။ ဤသူများသည် အကြောင်းတိုက်ဆိုင်

လှစွာဖြင့် 'ဗဒရ်' စစ်ပွဲ၌ ပါဝင်ခွင့်ကို မရရှိခဲ့ပေ။ သို့ရှိရာ ၎င်းတို့သည် ဝမ်းနည်းစွာဖြင့် 'အကယ်၍ ယခု နောက်ထပ်အချိန် တစ်ချိန်တွင် စစ်ပွဲဆင်နွှဲရန် အချိန်သို့ ရောက်ရှိလာလျှင်မူ ထိုစစ်ပွဲ၌ မိမိတို့၏ အသက် ဇီဝိန်များကိုပင် ပဓါနမထားဘဲ ရှဲရှဲချွဲချွဲ တိုက်ပွဲဝင်မည်' ဟူ၍ ပဋိညာဉ်ခံဝန်ချက်ကို ပြုလိုက်ကြပေသည်။ အလိုသဘောမှာ 'အသတ်ခံရနေလင့်ကစား နောက်သို့ တွန့်ဆုတ်မည်မဟုတ်' ဟူ၍ ဖြစ်သည်။)

သို့ဖြစ်ပေရာ (ပဋိညာဉ်ခံဝန်ကတိကို ပြုထားသော မုအ်မင်န်တို့သည် နှစ်မျိုးနှစ်စား ပြန်လည်၍ ကွဲသွားကြပြန်ရာ) ၎င်းတို့အနက် (မိမိတို့၏ အဓိဋ္ဌာန် (တာဝန်) ကို ပြီးစီးအောင် ဆောင်ရွက်သူများ လည်း ရှိကြ၏။ (ထိုပဋိညာဉ်ခံဝန်ချက်၏ အလိုသဘောမှာ 'ကိုးထား' သကဲ့သို့ပင် ဆောင်ရွက်ရန် တာဝန် မှာ 'ဝါဂျိဗ်' ဖြစ်ပေသည်။ 'နောက်ဆုံးထွက်သက်ထိတိုင် စစ်မြေပြင်မှ နောက်သို့ မတွန့်ဆုတ်ဘဲ 'ရှဟီးဒ်' (ကွယ်လွန်သေဆုံးခြင်း ဖြစ်သွားမည်) ထိတိုင်' ဟူ၍ အလိုသဘောမျိုး ဖြစ်ပေသည်။ သို့ရှိရာ အနတ်စ်ဗင်န် နသ္ဗာရ်သခင်ကြီးသည် 'အုဟုဒ်' စစ်ပွဲ၌ 'ရှဟီးဒ်' (ကွယ်လွန်သေဆုံး) သွားပေသည်။ ဤကဲ့သို့ပင် ဟာဇရသ် မုစ္စ်အဗ်သခင်ကြီးသည်လည်း 'ရှဟီးဒ်' ဖြစ်သွားပေသည်။) ထို့ပြင် ၎င်း (မုအ်မင်န်) တို့အနက် (မိမိတို့ ၏ အဓိဋ္ဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ရန် 'ရှဟီးဒ်' အဖြစ် ကွယ်လွန်သေဆုံးရန်) စောင့်စားနေသူများ လည်း ရှိကြကုန်၏။ (ယခုအချိန်အထိတိုင် 'ရှဟီးဒ်' မဖြစ်သေးပေ။) ၎င်းတို့သည် (ယခုအချိန်ထိတိုင် မိမိတို့၏ စိတ်ပြဋ္ဌာန်းချက်ကို) အနည်းငယ်စိုးစဉ်းမျှပင် ပြောင်းလဲခဲ့ကြသည်မရှိချေ။ (ဆိုလိုသည်မှာ မိမိ တို့၏ ခိုင်မာသော ယတိပြတ်ဆုံးဖြတ်ချက်အပေါ် တည်ရှိနေကြပေသည်။ သို့ရှိရာ မျိုးနွယ်အုပ်စု တစ်ရပ် လုံးသည် ဒုတိယအမျိုးအစားအပေါ်၌သာ တည်ရှိနေကြပေသည်။ တစ်မျိုးမှာ အထက်၌ တင်ပြထားသော မုနာဖစ်က်များဖြစ်၍ ဒုတိယအမျိုးအစားမှာ မုအ်မင်န်များ ဖြစ်ကြပေသည်။ တစ်ဖန် မုအ်မင်န်များအတွင်း ၌လည်း နှစ်မျိုး ကွဲသွားပြန်ပေသည်၊ ပဋိညာဉ်ပြုထားသောသူများနှင့် မပြုထားသောသူများဟူ၍ ဖြစ်သည်။ ယင်းမုအ်မင်န်နှစ်မျိုးနှစ်စားဖြစ်သော အဖွဲ့နှစ်ရပ်စလုံး၌ တည်တံ့ရပ်တည်မှုသည် အသီးသီး ရှိကြပေသည်။ အာယယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်

لَمَّارَاَى الْمُؤْمِنُوْنَ

(အမှန်စင်စစ် မုအ်မင်န်သက်ဝင် ယုံကြည်ကြသော သူတို့သည် သွေးစည်းထားသော ကာဖိရ် မဟာမိတ်အုပ်စုတို့အား တွေ့မြင်ခဲ့ကြသောအခါ) ဟူ၍ မိန့်တော် မူထားပေသည်။ တစ်ဖန် ပဋိညည်ခံထားသော သူများအတွင်း၌လည်း 'ရှဟီးဒ်' ဖြစ်သွားသူများနှင့် 'ရှဟီးဒ်' ဖြစ်ရန် စောင့်ဆိုင်းနေသူများဟူ၍ နှစ်မျိုးနှစ်စား ကွဲသွားပြန်ပေသည်။ စုစုပေါင်း (၄) မျိုးကို ထိုအာယသ်တော်များအတွင်း၌ တင်ပြထားပေသည်။)

(ရှေ့၌ ထိုစစ်ပွဲ၏ အမြော်အမြင်တော်တစ်ရပ်ကို တင်ပြထားပေသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် သစ္စာဝါဒီတို့အား ထိုသူတို့၏ သစ္စာရှိမှုကြောင့် အစားပေးတော်မူရန်နှင့် အကယ်၍ မုနာဖစ်က် (မွတ်စ္စလင်မ်အသွင်ဆောင်သော သူ) တို့အား အလိုရှိတော်မူပါလျှင် ပြစ်ဒဏ်ပေးတော်မူရန် သို့မဟုတ် (အလိုရှိတော်မူပါလျှင်) ထိုသူတို့၏ (အယောင်ဆောင် အသွင်ဆောင်ခြင်း) မှ ဝန်ချတောင်းပန်

ချက်ကို သဘောတူ လက်ခံတော်မူရန်အလို့ငှာ ဖြစ်ပေသည်။ (အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ဘေးဒုက္ခများနှင့် အမှုကိစ္စများ ကြုံကြိုက်လာရသော အချိန်များတွင် စိတ်စေတနာဖြူစင်သူနှင့် အယောင်ဆောင်သူတို့မှာ ခွဲခြားပြီးသား ဖြစ်သွားပေမည်။ တစ်ခါတစ်ရံ ပြစ်တင်ပြောဆိုခြင်း ခံရခြင်းတို့ကြောင့် အချို့ အယောင်ဆောင်သူတို့သည်လည်း စူးရှသက်ရောက်ကာ စိတ်စေတနာဖြူစင်သောသူများ ဖြစ်သွားတတ်ပေသည်။ အချို့သော သူတို့သည် ရှိရင်းစွဲ အခြေအနေမျိုးဖြင့်သာ နေထိုင်ကြပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာတော် ပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထို့ကြောင့် 'သောင်ဗာဟ်'တရား လက်ခံရခြင်းမှာ ဝေးကွာလှစွာသော အချက်မျိုး မဟုတ်ပေ။ ထိုအာယသ်တော်အတွင်း၌ 'သောင်ဗာဟ်' ပြုရန် နှိုးဆော်မှုကို ပြုထားပေသည်။

စင်စစ် (ဤနေရာထိတိုင် မွတ်စ္စလင်မ်) လူထု၏ အမျိုးမျိုးသော အမျိုးအစားများ၏ အခြေအနေများကို တင်ပြထားပေသည်။ (ရှေ့၌ ငြင်းဆိုမှုကို ပြုကြသော ကာဖိရ်များ၏ အခြေအနေများကို တင်ပြထားပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူ (မုရှ်ရစ်က်) တို့အား ၄င်းတို့သည် စစ်သည်အင်အား ကြီးမားစွာဖြင့် ရက်ပေါင်းများစွာ မွတ်စ္စလင်မ်တို့အား ဝိုင်းဝန်းတိုက်ခိုက်ကြသော်လည်း နောက်ဆုံးတွင် အရေးမသာသည့်အပြင်) မည်သည့်ကောင်းကျိုးကိုမျှ မရရှိခဲ့ကြဘဲ၊ ၄င်းတို့၏ အမျက်ဒေါသနှင့်တကွ (မဒီနာရွှေမြို့တော်မှ) ပြန်သွားစေတော်မူခဲ့၏။ (၄င်းတို့၏ အမျက်ဒေါသသည် ချောင်းချောင်းထွက်၍ နေပေသည်။) ၄င်းပြင် စစ်မက်တိုက်ခိုက်ရာတွင် အလ္လာဟ်အသျှင်မြတ်သည်ပင် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ လုံလောက်တော်မူခဲ့၏။ (ဆိုလိုသည်မှာ ကာဖိရ်တို့အဖို့ ရှဲရှဲချွဲချွဲ တိုက်ခိုက်ရန် အခွင့်အရေးအခြေအနေကို မရရှိဘဲ မောင်းထုတ်ခံရခြင်းကို (ကနဦးကတည်းကပင်) ခံခဲ့ကြရကုန်၏။ ကြိုကြားကြိုကြား အပေါ်ယံ စစ်ဆင်ရေးဆင်နွှဲရခြင်းကိုမူ မငြင်းဆိုပေ။) စင်စစ် (ဤကဲ့သို့ ကာဖိရ်များကို ဖယ်ရှားမောင်းထုတ်ပစ်ခြင်းသည် အံ့ဩဖွယ်ရာ တစ်စုံတစ်ရာ ရှိသည်ဟူ၍ မမှတ်ယူလိုက် လေနှင့်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ အားအင်ပြည့်စုံတော်မူသော၊ အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်အဖို့ တစ်စုံတစ်ရာ ခက်ခဲသော အမှုကိစ္စဟူ၍ တစ်စုံတစ်ရာမျှ မရှိပေ။ ဤသည်မူ မုရှ်ရစ်က်တို့၏ အခြေအနေ ဖြစ်ပေသည်။)

(ရှေ့၌ ဆန့်ကျင်ရေးသမားများဖြစ်သည့် ကုရိုက်ဇာဟ်မျိုးနွယ်ဝင် ယဟူဒီများ၏ အကြောင်း ဖြစ်ပေသည်။) ၄င်းပြင် ထိုအသျှင်မြတ်သည် ၄င်း (မုရှ်ရစ်က်) တို့အား ကူညီထောက်မခဲ့ကြကုန်သော (ရှေး) ကျမ်းဂန် ရရှိသူတို့အား ၄င်းတို့၏ ခံတပ်များမှ ထွက်စေတော်မူခဲ့သည့်အပြင် (အကြင်ခံတပ်များအတွင်း၌ ၄င်းတို့သည် ဝိုင်းရံခြင်း ခံခဲ့ရပေသည်။) ၄င်းတို့၏ စိတ်နှလုံးသားများတွင် ကြောက်ရွံ့ထိတ်လန့်မှုကို ထည့်သွင်းတော်မူခဲ့ရာ (အကြင်ကြောက်ရွံ့မှုစိတ်ကြောင့် ၄င်းတို့သည် ဆင်းသက်လာခဲ့ပေသည်။ ထို့နောက်တစ်ဖန်) အသင်တို့သည် ၄င်းတို့အနက် လူတစ်စုကို သတ်ဖြတ်လျက်ရှိကြပြီး လူတစ်စုကိုမူ

(သုံ့ပန်းအဖြစ်) ဖမ်းဆီးချုပ်နှောင်ကြကုန်၏။ (ကုရိုက်ဇွာမျိုးနွယ်ဝင်များသည် မဒီနာမြို့တော်၏ အရှေ့ဘက်တွင် ခိုင်ခန့်သော ခံတပ်များ၌ နေထိုင်ပြီး၊ မွတ်စ္စလင်မ်များနှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုထားပါလျက် 'အဟ်ဇာဗ်' စစ်ပွဲတွင် ကာဖိရ်မဟာမိတ်စစ်သည်များနှင့် ပူးပေါင်းသွားခဲ့သည်။ ၎င်းတို့သည် အကြံအစည်မအောင်မြင်ဘဲ တပ်လှန့် ပြန်ကြရသောအခါ 'ကုရိုက်ဇွာဟ်' မျိုးနွယ်ဝင်များသည် မိမိခံတပ်များတွင် ခိုအောင်းနေခဲ့ကြလေသည်။ မွတ်စ္စလင်မ်စစ်သည်တော်တို့သည် ၎င်းအား ဆက်လက် ချီတက် ဝိုင်းရံတိုက်ခိုက်ခဲ့လေသည်။)

၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူတို့၏ မြေယာ၊ နေအိမ်၊ ဥစ္စာပစ္စည်းများကို အသင်တို့အား ပိုင်ရှင်အဖြစ် ထားရှိလိုက်သည်။ ထို့ပြင် (ယခုတိုင်အောင်) အသင်တို့ ခြေမချကြရသေးသော မြေကို (အထူးသဖြင့် 'ခိုင်ဗရ်'ကို ၎င်းသည် ယခု စစ်ပွဲ နောက်မကြာမီပင် ဖြစ်ပေါ်ခဲ့သည်။) သို့မဟုတ် (နောင်လာမည့် အောင်မြင်မှုများအတွက် သတင်းကောင်းပေးထားခြင်းပင် ဖြစ်သည်။) မိမိ၏ ကနဦး 'အိလ်မ်' (အသိပညာ) တော်အတွင်းမှာပင် ပိုင်ရှင်အဖြစ် ထားရှိထားပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ထို့ကြောင့် ဤအထက်ဖော်ပြပါ အမှုကိစ္စတို့သည် ထိုအသျှင်မြတ်အဖို့ တစ်စုံတစ်ရာ မဖြစ်နိုင်သော အချက်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ ၏ ကြီးကျယ်လှစွာသော ဂုဏ်ရှိန်ဂုဏ်ဝါနှင့် မွတ်စ္စလင်မ်များအား တမန်တော်မြတ် ﷺ ၏ လမ်းစဉ်ကျင့်ထုံးအား ပြည့်ပြည့်ဝဝ နာခံလိုက်နာရန် လမ်းညွှန်ချက်များ ပါရှိထားပေသည်။ ယင်းအချက်နှင့် လျော်ကန် ကိုက်ညီစွာဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤပြည့်ဝလှစွာသော ရှုကူအ်နှစ်ပိုဒ်သည် 'အဟ်ဇာဗ်' စစ်ပွဲ၏ ဖြစ်အင်နှင့် စပ်လျဉ်း၍ ကျရောက်တော်မူလာပေသည်။ အကြင်စစ်ပွဲအတွင်း၌ ကာဖိရ်၊ မုရှ်ရစ်က်တို့၏ များစွာသော အုပ်စု၊ အဖွဲ့များသည် မွတ်စ္စလင်မ်များအပေါ် တစ်ပြိုင်နက်တည်း တိုက်ခိုက်ခြင်းနှင့် ပြင်းထန်စွာ ဝိုင်းရံထားပြီးသည့်နောက် မွတ်စ္စလင်မ်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ရက်ရောစွာ ပေးကမ်းချီးမြှင့်မှုများနှင့် တမန်တော်မြတ် ﷺ ၏ များစွာသော 'မုအ်ဂျေဇဟ်' (တန်ခိုးတော်) များအား တင်ပြထားပေသည်။ တစ်ဆက်တည်းမှာပင် သက်တမ်း၏ ရှုထောင့်အမျိုးမျိုးနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်များနှင့် ပညတ်ချက်များကို တင်ပြထားပေသည်။ ထိုအဖိုးမဖြတ်နိုင်သော လမ်းညွှန်ချက်များကြောင့် အထူးသဖြင့် ကုရ်သုဗီသခင်ကြီးနှင့် မဇ္ဇဟရီသခင်ကြီးတို့သည်လည်းကောင်း၊ အကျယ်ဖွင့်ဆိုသော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည်လည်းကောင်း ဤနေရာ၌ 'အဟ်ဇာဗ်' စစ်ပွဲအကြောင်းကို သီးသန့် အကျယ်တဝင့် ရှင်းလင်းရေးသားထားပေသည်။ ထို့ကြောင့် 'အဟ်ဇာဗ်' စစ်ပွဲဖြစ်အင်၏ အချို့အကျယ်ချဲ့သဘောတရားများကို ယင်းလမ်းညွှန်ချက်များနှင့်အတူ ရေးသားအပ်ပေသည်။ အကြင်အချက်များ၏ များစွာသော အစိတ်အပိုင်း

ကဏ္ဍရပ်များကို ကုရ်သုဗီးကျမ်းနှင့် မဇ္ဇဟရီကျမ်းမှ ရယူထားပေသည်။ မဇ္ဇဟရီကျမ်းနှင့် ကုရ်သုဗီး ကျမ်းတို့အပြင် အခြားကျမ်းမှ ကိုးကားတင်ပြထားသော နေရာများ၌ ၎င်းကျမ်းညွှန်းများကို ရေးသား ထားပေသည်။

'အဟ်ဇားဗ်' စစ်ပွဲ၏ ဖြစ်အင်

احزاب 'အဟ်ဇားဗ်'သည် حزب 'ဟစ်ဇ်ဗ်'၏ အများကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ အသင်းအဖွဲ့ဟူ၍ ရ၏။ ထိုစစ်ပွဲ၌ ကာဖိရ်များ၏ အဖွဲ့အမျိုးမျိုးသည် ပူးပေါင်းကာ မွတ်စ္စလင်မ်များကို အမြစ်ဖြုတ် ချေမှုန်းရန် ပဋိညာဉ်ခံ၍ မဒီနာရွှေမြို့တော်ရှိရာဆီသို့ ချီတက်လာကြပေသည်။ ထို့ကြောင့် ယင်းစစ်ပွဲ၏ အမည်ကို 'အဟ်ဇားဗ်'စစ်ပွဲဟူ၍ အမည်ပေးထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ ထိုစစ်ပွဲ ၌ ရန်သူများလာရောက်ရာ လမ်းကြောင်း၌ တမန်တော်မြတ် ﷺ ၏ အမိန့်ဖြင့် ခံတပ်၊ ကတုတ်ကျင်းများ ကို တူးဖော်ကြပေသည်။ ထို့ကြောင့် ယင်းစစ်ပွဲကို غزوہ خندق 'ခံတပ်၊ ကတုတ်ကျင်းစစ်ပွဲ' ဟူ၍လည်း ခေါ်ဆိုပေသည်။ غزوہ بنی قریظة ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စုနှင့် ဖြစ်ပေါ်သော စစ်ပွဲသည်လည်း 'အဟ်ဇားဗ်'စစ်ပွဲ၏နောက် တစ်ဆက်တည်း ဖြစ်ပေါ်ခဲ့သည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များ အတွင်း၌ ယင်းစစ်ပွဲအကြောင်းကိုလည်း တင်ပြထားပေသည်။ စင်စစ်၌ ထိုစစ်ပွဲသည်လည်း 'အဟ်ဇားဗ်' စစ်ပွဲ၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်ပေသည်။ ပမာဆိုရသော် ဖြစ်အင်၏ အကျယ်ချဲ့ရှင်းလင်းချက်မှ သိရှိရပေလိမ့်မည်။

တမန်တော်မြတ် ﷺ သည် မက္ကာဟ်ရွှေမြို့တော်မှ ပြောင်းရွှေ့ပြီး မဒီနာမြို့တော်သို့ ပြောင်းရွှေ့ လာပြီး ဒုတိယမြောက်သော နှစ်၌ 'ဗဒရ်'စစ်ပွဲ ဖြစ်ပွားခဲ့ပေသည်။ တတိယမြောက်နှစ်၌ 'အုဟုဒ်' စစ်ပွဲ ဖြစ်ပွားခဲ့ပေသည်။ စတုတ္ထမြောက်နှစ်တွင် 'အဟ်ဇားဗ်'စစ်ပွဲ ဖြစ်ပွားခဲ့ပေသည်။ အချို့သော ဆင့်ပြန် ချက်များ၌ ယင်းစစ်ပွဲကို ပဉ္စမမြောက်နှစ်၌ ဖြစ်ပွားခဲ့သည်ဟူ၍လည်း လာရှိထားပေသည်။ မည်သို့ပင် ဖြစ်စေကာမူ 'ဟိဂျ်ရဟ်' (ရွှေ့ပြောင်းမှု) စသည့်အချိန်မှစ၍ ဤအချိန်ထိတိုင် ကာဖိရ်များ၏ တိုက်ခိုက်မှု သည် မွတ်စ္စလင်မ်များအပေါ် ဆက်တိုက် ဖြစ်ပေါ်တည်ရှိနေပေသည်။ 'အဟ်ဇားဗ်'စစ်ပွဲ၏ တိုက်ခိုက်မှု သည် အလွန်အင်အားကြီးမားစွာ ခိုင်မာသော ယတိပြတ် ဆုံးဖြတ်မှုနှင့် ပဋိညာဉ်ခံဝန်ကတိဖြင့် ပြုခဲ့ကြ ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများအပေါ် ဤစစ်ပွဲသည် အခြားသော စစ်ပွဲများထက် သာပို ပြင်းထန်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစစ်ပွဲ၌ တိုက်ရည်၊ ခိုက်ရည် ကောင်းမွန်သော ကာဖိရ်စစ်သည်အင်အားစု (၁၂၀၀၀) မှ (၁၅၀၀၀) ထိ ပြဆိုထားပေသည်။ ဤဘက်မှ မွတ်စ္စလင်မ်စစ်သည်တော်၏ စုစုပေါင်းအရေအတွက်သည် (၃၀၀၀) ဖြစ်ပြီး လက်နက်မဲ့များ ဖြစ်ကြကာ ရာသီဥတုမှာလည်း အလွန်ချမ်းအေးသော ရာသီဥတုဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည်မူ ထိုစစ်ပွဲ ဖြစ်အင်၏ ပြင်းထန်ခက်ခဲမှုကို အလွန်ကြောက်မက်ဖွယ်ကောင်းသော အသွင်မျိုးဖြင့် ဖော်ပြထားပေသည်။

زَاغَتِ الْاَبْصَارُ 'အသင်တို့၏ မျက်စိများသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ပြူးကြောင်လျက် ရှိခဲ့ကြကုန်၏' ဟူ၍လည်းကောင်း၊

بَلَغَتِ الْقُلُوْبُ الْحَنَاجِرَ 'ထို့ပြင် နှလုံးသားများမှာလည်း လည်မျိုသို့ ရောက်၍ ထွက်ကျလုမတတ် ဖြစ်သွားခဲ့ကြ၏' ဟူ၍လည်းကောင်း၊

وَزُلْزِلُوْا زِلْزَالًا شَدِيْدًا 'အပြင်းအထန် တုန်လှုပ်ချောက်ချားစေခြင်းကိုလည်း ခံခဲ့ကြရကုန်၏' ဟူ၍လည်းကောင်း မိန့်ဆို တင်ပြထားပေသည်။

သို့ရာတွင် အထက်တင်ပြပါအတိုင်း ဤအချိန်သည် မွတ်စ္စလင်မ်များအဖို့ အပြင်းထန်ဆုံးသော အချိန် ဖြစ်ပေသည်။ ထိုနည်းတူ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မတော်မူခြင်းသည်လည်း ၎င်းတို့၏ အချုပ်ဇာတ်လမ်းအား မွတ်စ္စလင်မ်များအဖို့ 'ဆန့်ကျင်ဘက်ပြုကြသော အဖွဲ့အစည်းများဖြစ်သည့် မုရှ်ရစ်က်များ၊ ယဟူဒီများနှင့် မုနာဖစ်ကဲတို့ကို အမြစ်ပြတ်ချေမှုန်းခြင်း ခံရသည့်အသွင်မျိုး' အထိ ရောက်ရှိသည့်တိုင် အောင် ကြီးမားလှစွာသော အောင်မြင်မှု၏ ပြယုဂ်ကို ပြသလိုက်ပေသည်။ နောင်လာမည့် ကာလအချိန် တစ်ချိန်ချိန်၌လည်း ၎င်းတို့သည် မွတ်စ္စလင်မ်များအား တိုက်ခိုက်ရန် တစ်စုံတစ်ရာ ရည်ရွယ်နိုင်ဖွယ် မရှိသည့် အတိုင်းအတာထိတိုင်အောင် ကူညီမှုကို ပေးတော်မူလိုက်ပေသည်။ ယင်းအချက်ကို ထောက်ရှု၍ ထိုစစ်ပွဲသည် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) နှင့် အစ္စလာမ်တို့ ဖြစ်ပွားခဲ့သော နောက်ဆုံးစစ်ပွဲ ဖြစ်ပေသည်။ အကြင်စစ်ပွဲသည် မဒီနာမြို့၏ မြေပြင်အပေါ်၌ ဟီဂျ်ရီ (၄) ခုနှစ် သို့မဟုတ် (၅) ခုနှစ်၌ ဖြစ်ပွားခဲ့သော စစ်ပွဲဖြစ်ပေသည်။

ယင်းစစ်ပွဲ၏ အစအဖြစ်အပျက်မှာ ယဟူဒီမျိုးနွယ်အုပ်စု၏ လူမျိုးစု နှစ်စုဖြစ်သော ဗနုနသွီးရ်နှင့် အဗူဝါအစ်လ်တို့မှ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့အား လွန်စွာ ရန်ငြိုးထားကြသော ခန့်မှန်းခြေအားဖြင့် လူ (၂၀) ဦးသည် မက္ကာဟ်ရွှေမြို့တော်သို့ သွားရောက်ခဲ့ကြသည်။ ကုရိုက်ရှ်ခေါင်းဆောင်များအား တွေ့ဆုံနှုတ်ဆက်၍ ၎င်းတို့အား မွတ်စ္စလင်မ်တို့ဖြင့် တိုက်ခိုက်မှုပြုရန် နှိုးဆော်ကြပေသည်။ 'မွတ်စ္စလင်မ်တို့သည် ကျွန်ုပ်တို့၏ ရုပ်တု၊ ဆင်းတု ကိုးကွယ်ခြင်းကို 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) ဖြစ်သည်ဟု ပြောဆိုကာ ယင်းသို့ ခဝပ်ကိုးကွယ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့၏ ဘာသာ၊ သာသနာကို မကောင်းဟူ၍ မှတ်ယူထားကြသကဲ့သို့ ယဟူဒီတို့၏ အတွေးအခေါ်သည်လည်း ဤအတိုင်းပင် ဖြစ်သည်' ဟူ၍ ကုရိုက်ရှ်အမျိုးသားတို့၏ ခေါင်းဆောင်တို့သည် တွေးခေါ်စဉ်းစားကြပေသည်။ သို့ရှိရာ ၎င်းယဟူဒီတို့ဖြင့် တစ်သွေးတစ်သံတည်း ဖြစ်သွားစေရန် မည်သို့ မျှော်လင့်မှု ထားရှိနိုင်အံ့နည်း။ ထို့ကြောင့် ၎င်းတို့သည် ယဟူဒီတို့အား 'ကျွန်ုပ်တို့နှင့် မိုဟမ္မဒ် ﷺ တို့၏ ကြား၌ ဒီးန်သာသနာအရ ကွဲပြားခြားနားခြင်း ဖြစ်နေခြင်းကို အသင်တို့သည် သိရှိကြပေသည်။ အသင်တို့ ကျမ်းရပုဂ္ဂိုလ်များနှင့် အာလင်မ်သာသနာ့ပညာရှင်များ ဖြစ်ကြပေသည်။ အသင်တို့ထံ၌ ကျွန်ုပ်တို့၏ သာသနာသည် ကောင်းမွန်ပါ၏လော။ သို့မဟုတ် ၎င်းတို့၏ သာသနာသည် ကောင်းမွန်ပါ၏လောဟူသော အချက်ကို ပြသကုန်' ဟူ၍ မေးမြန်းပေသည်။

စိုးမိုးအုပ်ချုပ်မှုကို အမြစ်ပြတ် ချေမှုန်းရာ၌ လိမ်လည်မှုသားသည် တစ်စုံတစ်ရာ အသစ်အဆန်း ဖြစ်သည့်အရာ မဟုတ်ခြင်းအကြောင်း

ထိုယဟူဒီတို့သည် မိမိတို့၏ အသိနှင့် နှလုံးသားအတွင်း၌ရှိသော အချက်နှင့် ဆန့်ကျင်စွာ ၎င်းတို့အား 'အသင်တို့၏ ဒီးန်သာသနာသည် မိုဟမ္မဒ် ﷺ ၏ ဒီးန်သာသနာထက် သာပို၍ ကောင်းမွန်ပေသည်' ဟု အဖြေပေးပေသည်။ ထိုဖြေကြားချက်အပေါ် ဤသူတို့သည် အနည်းနှင့်အများမဆို စိတ်နှလုံးအေးချမ်းမှု ရရှိသွားပေသည်။ သို့ရာတွင် ယင်းအချက်အပေါ်၌လည်း 'ဤလာရောက်သောသူ (၂၀) ဦးနှင့် ကုရိုက်ရှ်၏ ခေါင်းဆောင် လူ (၅၀) ဦး၏ ကြား၌ 'မတ်စ်ဂျိဒ်ဟရာမ်' သို့ သွားရောက်ကာ 'ကအ်ဗာဟ်' ကျောင်းတော်၏ တံတိုင်းနံရံများဖြင့် ရင်ဘတ်ကိုအပ်ကာ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ 'ကျွန်ုပ်တို့အထဲမှ တစ်ဦးတစ်ယောက်သည် အသက်ထင်ရှားရှိနေသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့သည် မိုဟမ္မဒ်နှင့် ဆန့်ကျင်စွာ စစ်မက်တိုက်ခိုက်ကြပါမည်'ဟူ၍ ပဋိညာဉ်ခံဝန်ချက်ကို ပြုကြပေသည်'ဟူ၍ အမှုကိစ္စကို အတည်ပြုလိုက်ကြပေသည်။

အလ္လာဟ်အသျှင်မြတ်၏ သည်းခံမှု၊ ရက်ရောမှု၏ အံ့သြဖွယ်ကောင်းသော အခြေအနေ၊ အကြောင်းအရာ

အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်အတွင်း၌ အိမ်တော်၏ တံတိုင်းနံရံများဖြင့် တွယ်ကပ်ကာ အလ္လာဟ်အသျှင်မြတ်၏ ရန်သူများသည် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်နှင့် ဆန့်ကျင်စွာ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် ပဋိညာဉ် ခံဝန်ကတိကို ပြုလျက်ရှိနေကြပေသည်။ စိတ်နှလုံးသား တည်ငြိမ်အေးချမ်းမှုကို ရရှိကာ စစ်မက်ယှဉ်ပြိုင် တိုက်ခိုက်ရန် ဖွဲ့စိတ်၊ ဖွဲ့မာန် တစ်ဖန် တက်ကြွစွာဖြင့် ပြန်လှည့်လာကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ သည်းခံမှုနှင့် ရက်ရောမှု၏ အံ့ဖွယ်ကောင်းသော အချက်ကို ထုတ်ဖော်ပြဆိုထားခြင်းဖြစ်သည်။ တစ်ဖန် ၎င်းတို့၏ ပဋိညာဉ်၏ အချုပ်ဇာတ်လမ်းကိုလည်း ဖြစ်အင်အဆုံးအတွင်း၌ '၎င်းတို့အားလုံးသည် ထိုစစ်ပွဲမှ ကျောခိုင်းကာ ထွက်ပြေးသွားကြကြောင်း' ကို သိရှိရပေလိမ့်မည်။

ဤယဟူဒီတို့သည် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်များနှင့်အတူ ပဋိညာဉ်ကို ချုပ်ဆိုပြီးနောက် အာရဗ်နိုင်ငံ၏ ကြီးမားလှစွာသော စစ်ရေးစစ်ရာ၌ ကျွမ်းကျင်သော သွေးသောက်အုပ်စုတစ်စု ဖြစ်သည့် 'ဂသ္ဖ်ဖာန်' မျိုးနွယ်အုပ်စု၏ထံသို့ ရောက်ရှိသွားပေသည်။ ထို့နောက် ၎င်းတို့ကို 'ကျွန်ုပ်တို့ မက္ကာဟ်မြို့၏ ကုရိုက်ရှ်တို့၏ ကြား၌ 'ထိုသာသနာသစ်ဖြစ်သော အစ္စလာမ်သာသနာအား ဖြန့်ဖြူးကြွေးကြော်နေသော သူများအား တစ်ကြိမ်တစ်ခါတည်းအားလုံး ပူးပေါင်းကာ အမြစ်မှ ဖြုတ်တောက်ချေမှုန်းပစ်ရန် အချက်အပေါ် 'တစ်ညီတစ်ညွတ်တည်း တည်ရှိမည်ဟု ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်း၊ အသင်တို့သည်လည်း ယင်းအချက်အပေါ် ကျွန်ုပ်တို့ဖြင့် ခံဝန်ကတိပြုရန်ဖြစ်ကြောင်း' ကို တင်ပြ ပြောဆိုကြပေသည်။ ၎င်းတို့ကို 'ခိုင်ဗရ်'

အရပ်ဒေသမှ ထွက်သော တစ်နှစ်ရာ စွန်ပလွံသီးများ၊ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ တစ်ဝက် အတိုင်းအတာကို 'ဂသ္ဖာန်' မျိုးနွယ်အုပ်စုတို့အား ပေးရန် ကတိပေးလိုက်သည်' ဟူသော သဘောမျိုးဖြင့် လာဘ်ပေးမှုကိုလည်း ပြုလိုက်ပေသည်။ 'ဂသ္ဖာန်' မျိုးနွယ်အုပ်စု၏ ခေါင်းဆောင် အုရိုင်ရ်နားဟ်ဗင်န် ဟစ္စ်န်သည် ဤအထက်ဖော်ပြပါ စည်းကမ်းချက်ကို အကောင်အထည်ဖော်မှသာ ၄င်းတို့နှင့်အတူ ပါဝင် ခြင်းကို လက်ခံ၍ စစ်ပွဲ၌လည်း အတူ ပါဝင်ယှဉ်နွှဲမည်ဖြစ်ကြောင်း'ကို ပြောဆိုလာပေသည်။ ထို့နောက် ၄င်းတို့လည်း စစ်ပွဲအတွင်း ပါဝင်လာကြ၏။

အချင်းချင်းကြား ထားရှိထားကြသော ခံဝန်ကတိနှင့်အညီ မက္ကာဟ်မြို့မှ ကုရိုက်ရှ်စစ်သည် လူပျို အရွယ် (၄၀၀၀)၊ မြင်းကောင်ရေ (၃၀၀) နှင့် ကုလားအုတ်အကောင်ပေါင်း (၁၀၀၀) လက်နက်ပစ္စည်း များနှင့်အတူ အဗူစွဖ်ယာန်၏ ထိန်းချုပ်ကွပ်ကဲမှုအောက်၌ မက္ကာဟ်မြို့မှ ထွက်ခွာလာပေသည်။ 'မရ်ရေ ဇ္ဇာဟ်ရာန်' အရပ်ဒေသ၌ ရပ်နား တည်းခိုနေကြပေသည်။ ဤအရပ်ဒေသ၌ အပ်စ်လာမ်၊ အရှ်ဂျာအ်၊ ဗနူ မုရ်ရာဟ်၊ ဗနူကေနာနာဟ်၊ ဖဇာရာနှင့် ဂသ္ဖာန်စသော မျိုးနွယ်အုပ်စုဝင်များအားလုံးသည် စုရုံးကာ ရောက်ရှိလာကြကုန်၏။ အကြင်စစ်သည်တို့၏ စုစုပေါင်း အရေအတွက်မှာ အချို့သော ဆင့်ပြန်ချက်များ တွင် (၁၀၀၀၀) ဟူ၍လည်းကောင်း၊ အချို့သော ဆင့်ပြန်ချက်များတွင် (၁၂၀၀၀) ဟူ၍လည်းကောင်း၊ အချို့သော ဆင့်ပြန်ချက်များတွင် (၁၅၀၀၀) ဟူ၍လည်းကောင်း တင်ပြထားပေသည်။

မဒီနာ ရွှေမြို့တော် အပေါ် အကြီးမားဆုံးသော တိုက်ခိုက်မှု

'ဗဒရ်' စစ်ပွဲ၌ မွတ်စ္စလင်မ်များအား တိုက်ခိုက်လာသော စစ်တပ်၏ တပ်သားအရေအတွက်မှာ (၁၀၀၀) ဖြစ်ပေသည်။ တစ်ဖန် 'အုဟုဒ်' စစ်ပွဲတွင် ပါဝင်တိုက်ခိုက်လာသော စစ်သည်၏ အရေအတွက်မှာ (၃၀၀၀) ဖြစ်ပေသည်။ ဤအကြိမ်အခါ၌ ပါဝင်တိုက်ခိုက်လာသော စစ်သား၏ အရေအတွက်မှာ ပထမ အကြိမ်တိုင်းထက် သာပိုများပြားကာ စစ်လက်နက်ပစ္စည်း ကိရိယာများသည်လည်း များပြား၍ အာရပ် နှင့် ယဟူဒီမျိုးနွယ်ဝင်များအားလုံး ပေါင်းစည်းထားသော အင်အားဖြစ်ပေသည်။

မွတ်စ္စလင်မ်တို့၏ စစ်ရေးစစ်ရာ ပြင်ဆင်မှုများ

မွတ်စ္စလင်မ်တို့၏ စစ်ရေးစစ်ရာ ပြင်ဆင်မှုများမှာ-

(၁) အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားကိုး၊ အားထားခြင်း

(၂) အချင်းချင်းကြား၌ ညှိနှိုင်းတိုင်ပင်မှု ရှိခြင်း

(၃) လိုအပ်သည့် အတိုင်းအတာခန့် အကြောင်းခံ ဒြပ်ဝတ္ထုပစ္စည်းများအား စီမံမှု ထားရှိခြင်း တို့ ဖြစ်သည်။

တမန်တော်မြတ် ﷺ သည် ယင်းကဲ့သို့ ပူးပေါင်း စစ်ဆင်ရေးလှုပ်ရှားမှုသတင်းကို ကြားလိုက်ရသောအခါဝယ် ဦးစွာပထမ မင်္ဂလာရွှေနှုတ်တော်မှ

حَسْبُنَا اللّٰهُ وَنِعْمَ الْوَكِيْلُ

အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အဖို့ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံး အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ /၃ း ၁၇၃/

ဟူသော အာယသ်တော်ကို ရွတ်ဖတ်တော်မူလိုက်ပေသည်။ ထို့နောက် စုစည်းလျက်သော်လည်းကောင်း၊ ဖြန့်ကျက်လျက်သော်လည်းကောင်း ရှိနေကြသော အန်စွာရီများနှင့် မုဟာဂျီရ်များကို ခေါ်ဆောင်ကာ စင်စစ် 'ဝဟီ' ထုတ်ပြန်ပို့ချခြင်း ခံနေရသောသူအဖို့ 'မရှ်ဝါရာ' ရယူရန် မလိုအပ်ပေ။ ထိုနဗီရစူလ်သည် အလ္လာဟ်အသျှင်မြတ် ခွင့်ပြုချက်ဖြင့် ပြုမူဆောင်ရွက်ချက်များကို ပြုလုပ်နေလင့်ကစား' ၎င်းတို့ဖြင့် ညှိနှိုင်းတိုင်ပင်မှုကို ပြုပေသည်။ သို့ရာတွင် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှု၌ အကျိုးနှစ်ရပ်ရှိပေသည်။ ပထမအမျိုးတစ်ရပ်မှာ အွမ္မသ် (နောက်လိုက်ထု) တို့အဖို့ 'မရှ်ဝါရာ' (ညှိနှိုင်းတိုင်ပင်မှု) သည် စွန္နသ်ဖြစ်ခြင်းအကြောင်းကို အတည်ပြုစေရန်နှင့် ဒုတိယအချက်မှာ မုအ်မင်န်တို့၏ နှလုံးသားများအတွင်းဝယ် အချင်းချင်း ပူးပေါင်းကာ ညီညွတ်မှုကို ရရှိပြီး ကူညီယိုင်းပင်းမှု၏ ဖွဲ့စိတ်၊ ဖွဲ့မာန် တက်ကြွလာစေရန် ဖြစ်ပေသည်။ ထို့နောက် ခုခံကာကွယ်ရန်နှင့် စစ်ရေးစစ်ရာ လက်နက်ပစ္စည်းများနှင့် အကြောင်းခံများအပေါ် တွေးခေါ်စဉ်းစားကြပြန်ပေသည်။ ညှိနှိုင်းတိုင်ပင်မှုပြုနေကြသော ထိုင်ဝိုင်းအတွင်းတွင် ဟဇရသ် စလ်မာန်းဖာရ်စီသခင်ကြီးလည်း ပါဝင်ပေသည်။ အကြင်သူသည် ယခုအချိန်အတောအတွင်းမှာပင် ယဟူဒီတစ်ဦး၏ ကျွန်ဖြစ်ခြင်း၏ လက်အောက်ခံဘဝမှ လွတ်မြောက်လာကာ အစ္စလာမ်သာသာသနာရေးရာ အမှုကိစ္စများအား အလုပ်အကျွေးပြုစုရန်အတွက် အသင့်ပြင်လျက် ရှိနေပေသည်။ ၎င်းစလ်မာန်က ကျွန်ုပ်တို့ ပါးရှားန်နိုင်ငံမြို့များရှိ ဘုရင်များသည် ဤကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်တွေ့ကြုံလာကြသည်ဆိုလျှင် ရန်သူများအား ခုခံကာကွယ် တိုက်ခိုက်ရန်အတွက် ခံတပ်၊ ကတုတ်ကျင်းများကို တူးကာ ၎င်းတို့ လာရောက်ရာ လမ်းကြောင်းကို ပိတ်ဆို့ထားလေ့ ရှိပေသည်'ဟူ၍ အကြံပြုပေသည်။ တမန်တော်မြတ် ﷺ သည် ဤအကြံပြုချက်ကို လက်ခံတော်မူကာ ခံတပ် (ကတုတ်ကျင်းတူးရန် မိန့်တော်မူလိုက်ပေသည်။ မိမိကိုယ်တော်တိုင်လည်း အူလိုက်အသည်းလှိုက် ထိုအလုပ်၌ ပါဝင်ကာ လုပ်ဆောင်လျက်ရှိတော်မူပေသည်။

ကတုတ်ကျင်းအား တူးဖော်ခြင်း

ဤကတုတ်ကျင်းကို 'စေလအ်' တောင်၏ အောက်ခြေ မဒီနာရွှေမြို့တော်၏ မြောက်ဘက်အရပ်မှ ရန်သူများ လာရောက်ချေရှိသော လမ်းတစ်လျှောက်လုံး၌ တူးဖော်ရန် ဆုံးဖြတ်ထားကြပေသည်။ ကတုတ်

ကျင်း၏ အလျား၊ အနံ၏ တည်နေရာ ပုံစံကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် စီမံ ပြသတော်မူပေသည်။ ဤကတုတ်ကျင်းသည် ရှိက်ခိုင်းအရပ်ဒေသမှ စကာ 'စေလာအ်' တောင်၏ အနောက်ဘက်အဆုံးထိတိုင်ဖြစ်ပြီး နောက်ပိုင်း၌ ထပ်မံတိုးချဲ့ကာ 'ဗုသွ်ဟား' နှင့် 'ရာသူနား' တောင်ကြား အရပ်ဒေသထိတိုင် ရောက်ရှိအောင် တူးဖော်ကြပေသည်။ ထိုကတုတ်ကျင်း၏ စုစုပေါင်း အလျားအတိုင်းအတာသည် အနီးစပ်ဆုံးအားဖြင့် (၃) မိုင်ခွဲ ရှည်ကာ အကျယ်နှင့် အနက်၏ အတိုင်းအတာကိုမူ မည်သည့်စစ်မှန်သော ဆင့်ပြန်ချက်တစ်ရပ်ရပ်မှပင် မသိရှိရပေ။ သို့ရာတွင် စစ်မှန်သော အနံနှင့် အနက်သည်လည်း ရန်သူများ ဖြတ်ကျော်ရန်အတွက် မလွယ်ကူလှသော အတိုင်းအတာတစ်ရပ်ဖြင့် ရှိနေမည်မှာလည်း' ထင်ရှားလှသော အချက်ပင် ဖြစ်ပေသည်။

ဟာဇရသ်စလ်မာန်သခင်ကြီးသည် ကတုတ်ကျင်းတူးသည့် အခြေအနေဖြစ်အင်၌ 'ငှင်းသည် နေ့စဉ် အလျား (၅) ကိုက်နှင့် အနက် (၅) ကိုက် တူးဖော်လေ့ရှိသည်' ဟူ၍ လာရှိထားပေသည်။ */ မဇ္ဇ်ဟာရီး /*

ထိုအချက်မှ ကတုတ်ကျင်း၏ အနက်သည် (၅) ကိုက်ရှိကြောင်းကို ပြောဆိုနိုင်ပေသည်။

အစ္စလာမ့်စစ်တပ်၏ တပ်သားများ၏ အရအတွက်

ထိုအချိန်၌ မွတ်စ္စလင်မ်စစ်သည်တော်တို့၏ စုစုပေါင်းအရေအတွက်မှာ (၃၀၀၀) ဖြစ်ပေသည် မြင်းသည် စုစုပေါင်း (၃၆) ကောင် ဖြစ်ပေသည်။

အရွယ်ရောက်ခြင်းအား (၁၅) နှစ်၌ သတ်မှတ်ထားခြင်းအကြောင်း

အစ္စလာမ့်စစ်တပ်အတွင်း၌ အရွယ်မရောက်သေးသော ကလေးငယ်များသည်လည်း မိမိတို့၏ အိမာန်ရေးရာ ဖွဲ့စိတ်၊ ဖွဲ့မာန် တက်ကြွစွာဖြင့် ထွက်လာကြပေသည်။ တမန်တော်မြတ် ﷺ သည် (၁၅) နှစ်ထက်ငယ်သော ကလေးငယ်များကို ပြန်လည် လွှတ်လိုက်ပေသည်။ (၁၅) နှစ် ပြည့်ပြီးသူများကိုသာလျှင် လက်ခံ ခေါ်ဆောင်သွားပေသည်။ အကြင်သူများအတွင်း၌ ဟာဇရသ်အဗ်ဒုလ္လာဟ်ဗင်နို အုမရ်၊ ဇိုက်ဒ်ဗင်နို စာဗိသ်၊ အဗူစအီးဒ်ခွုဒ်ရီနှင့် ဗရာအ်အိဗ်နေအာဇိဗ် စသောသူများ ပါဝင်ကြပေသည်။ အစ္စလာမ့်စစ်တပ်သည် တိုက်ခိုက်ရန်အတွက် ထွက်ခွာလာသောအချိန်၌ မွတ်စ္စလင်မ်တို့နှင့် အတူတကွ ပေါင်းစည်းကာ နေထိုင်လာကြကုန်သော မုနာဖစ်က်တို့သည် စတင်လမ်းခွဲကြလေ့တော့သည်။ အချို့သော ပုန်းလျှိုးခွက်လျှိုး ထွက်ခွာသွားကြ၍ အချို့သည် မဟုတ်မမှန်သော အကြောင်းပြချက်များကို ပြဆိုကြကာ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ပြန်ရန်အတွက် ခွင့်ပန်လေသည်။ ဤသည် မိမိတို့၏ အတွင်းပိုင်းမှ ထွက်ပေါ်လာသော ဒုက္ခ၊ သစ္စာဖောက်မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ယခု တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ ကနဦးပိုင်း အာယသ်တော်များတွင် ထိုကဲ့သို့သော မုနာဖစ်က်များနှင့် စပ်လျဉ်း၍ အာယသ်တော်များ ကျရောက်လာပေသည်။ */ ကုရ်သုဗီး /*

ဆွေမျိုးမကင်းကြသော ဘာသာတော် အုပ်စုမျိုးနွယ် အုပ်စုများ ကွဲပြားမှုကြောင့် အသွင်မတူစွာ စိမ်ခန့်ခွဲမှု ပေးရခြင်းသည် အစ္စလာမ်သာသနာရေးရာနှင့် စပ်လျဉ်း၍ တစ်သွေးတစ်သားတည်း ဖြစ်နေခြင်းနှင့် အစ္စလာမ့်ညီနောင်ဖြစ်ခြင်းအား အဟန့်အတား မဖြစ်ရှိခြင်းအကြောင်း

တမန်တော်မြတ် ﷺ သည် ထိုစစ်ဆင်ရေးကို ဆင်နွှဲရန်အတွက် မုဟာဂျိရ်များ၏ အလံကို ဟဇရတ်ဇိုက်ဒ်ဗင်န်ဟာရေစား၏ လက်ဝယ်အတွင်းသို့ အပ်နှင်း၍ အန်ဆွာရီများ၏ အလံကို ဟဇရတ်စအဒ်ဗင်န်အိုဗာဒါ၏ လက်ဝယ်အတွင်းသို့ အပ်နှင်းလိုက်ပေသည်။ ထိုအချိန်၌ မုဟာဂျိရ်များနှင့် အန်ဆွာရီများ၏ကြားဝယ် ညီနောင်ဖွဲ့ပေးထားခြင်း၏ ဆက်နွှယ်မှုသည် အလွန်ခိုင်မာသော အုတ်မြစ်မဏ္ဍိုင်များအတိုင်း တည်ရှိနေပေသည်။ အားလုံးသည် ညီရင်းအစ်ကိုများကဲ့သို့ပင် ဖြစ်ကြပေသည်။ သို့ရာတွင် စီမံကွပ်ကဲထိန်းချုပ်မှုရေးရာ၌ လွယ်ကူမှုကို ထောက်ရှု၍ မုဟာဂျိရ်များကို သီးသန့် အန်ဆွာရီများကိုလည်း သီးသန့်ပြုလိုက်ခြင်းဖြစ်ပေသည်။ အထက်ပါအချက်များမှ အစ္စလာမ်သာသနာအရ အနွှယ်ဝင် တော်စပ်ခြင်းနှင့်တစ်သွေးတစ်သားတည်း တည်ရှိနေခြင်းသည် စီမံ၊ ဆက်ဆံမှုကဏ္ဍာရပ်တို့အား ခွဲဝေပေးလိုက်ခြင်းအချက်အတွက် အဟန့်အတား အနှောင့်အယှက် ဆန့်ကျင်ဘက် မဖြစ်ရှိကြောင်း'ကို သိရှိရပေသည်။ သို့သာမကအဖွဲ့အစည်းတိုင်းအပေါ် တာဝန်ခံတစ်ယောက်အား ခန့်အပ်ပေးလိုက်ခြင်းဖြင့် အချင်းချင်းကြား၌ ရှိသောယုံကြည်မှုနှင့် ယိုင်းပင်းကူညီမှုတို့၏ ဖွဲ့စိတ်၊ ဖွဲ့မာန်တို့သည် သာပို၍ပင် တက်ကြွလာပေသည်။ ယင်းစစ်ပွဲ၏ ပထမဦးဆုံး အလုပ်ဖြစ်သော ကတုတ်ကျင်းတူးရာ၌ ထိုကူညီယိုင်းပင်းမှုကို ဤသို့ ရှုမြင်နိုင်ပေသည်။

ကတုတ်ကျင်းတူးဖော်ရန် တာဝန်ကို တစ်တပ်လုံးရှိသူများအပေါ် ခွဲဝေပေးထားခြင်းအကြောင်း

တမန်တော်မြတ် ﷺ သည် တပ်တစ်တပ်လုံးရှိ မုဟာဂျိရ်များနှင့် အန်ဆွာရီတို့၏ (၁၀) ပါးချင်းစီကို အဖွဲ့တစ်ဖွဲ့စီ ဖွဲ့ပေးကာ ယင်းအဖွဲ့တစ်ဖွဲ့ခြင်းစီကို ကိုက် (၄၀) စီ တူးရန် တာဝန်ပေးလိုက်ပေသည်။ကတုတ်ကျင်းတူးရန် အကြံဉာဏ်ပေးသော ဟဇရတ်စလ်မာန်းဖာရစီသခင်ကြီးသည် ထိုကျင်းတူးခြင်း၏အလုပ်ကို ကောင်းစွာ သိရှိနားလည်ပြီး ခိုင်မာတောင့်တင်းသောသူတစ်ဦး ဖြစ်ပေသည်။ ၎င်းသည် အန်ဆွာရီအမျိုးသားများအတွင်း၌လည်း မပါဝင်သကဲ့သို့ မုဟာဂျိရ်အမျိုးသားများအတွင်း၌လည်း မပါဝင်ပေ။ ၎င်းနှင့်စပ်လျဉ်း၍ မုဟာဂျိရ်များနှင့် အန်ဆွာရီများ၏ ကြားဝယ် 'သူရလို၏၊ ငါရလို၏' ဟူ၍ အပေါ်ယံ အားပြိုင်ပွဲအသွင်တစ်ရပ် ပေါ်ပေါက်လာပေသည်။ အန်ဆွာရီတို့သည်လည်း ၎င်းအား မိမိတို့အတွင်း ပါဝင်စေခြင်းသကဲ့သို့ မုဟာဂျိရ်တို့သည်လည်း ထိုနည်းအတိုင်း ဖြစ်ပေသည်။ နောက်ဆုံး တမန်တော်မြတ် ﷺ သည်ပြဿနာအား ဝေးကွာစေရန်အတွက် ကိုယ်တော်တိုင် ဝင်ရောက်ဖြေရှင်းပေးရသည့် ကိန်းမျိုးသို့ ဆိုက်ရောက်လာပေသည်။ တမန်တော်မြတ် ﷺ သည် سَلْمَانُ مِنَّا أَهْلَ الْبَيْتِ (စလ်မာန်သည် ငါကိုယ်တော်၏'အဲဟ်လေ့ဗိုက်သ်' အိမ်သူအိမ်သားအတွင်း၌ ပါဝင်သည်) ဟု မိန့်ဆိုတော်မူလိုက်ပေသည်။

အသုံးဝင် အကျိုးပြုသော ကိစ္စရပ်လုပ်ငန်းတွင် နိုင်ငံသား၊ နိုင်ငံခြားသား ပြည်တွင်းသား၊ ပြည်ပသားတို့အား ခွဲခြားမှု

ယနေ့ မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် ပြည်ပတိုင်းတစ်ပါးသားတို့အား မိမိတို့နှင့် တန်းတူ အဆင့်အတန်းပေးခြင်းကို မနှစ်မြို့ကြချေ။ ထိုအတိတ်ခေတ်ကာလ၌ အဖွဲ့အစည်းတိုင်းသည် အရည်အချင်း ရှိသော သူများကို မိမိတို့နှင့်အတူ ဝင်ရောက်ပါဝင်လာခြင်းကို ဂုဏ်ယူထိုက်သော အချက်ဟူ၍ မှတ်ယူ ထားကြပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထိုစလ်မာန်သခင်ကြီးကို 'အဲဟ်လေ့ဗိုက်သ်' မိမိ၏ အိမ်သူ၊ အိမ်သားအတွင်း၌ ကိုယ်တိုင် သွတ်သွင်းကာ ပြဿနာကို အဆုံးသတ်ပေးလိုက်သည်။ လက်တွေ့ကျကျပင် အချို့သော မုဟာဂျိရ်များနှင့် အန်စွာရီများကို ပါဝင်ရောယှက်စေကာ ၎င်းနှင့်အတူ (၁၀) ယောက်ရှိသော အဖွဲ့အစည်းဖြင့် ဖွဲ့ပေးလိုက်ပေသည်။ အကြင်အဖွဲ့အတွင်း၌ ဟဇရသ်အမရ်ဗင်နိ အောက်ဖ်နှင့် ဟုဇိုက်ဖား အစရှိသော သူတို့သည် မုဟာဂျိရ်အမျိုးသားများထဲမှ ဖြစ်ပေသည်။

ကြီးမားသော 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) တစ်ရပ်

တိုက်ဆိုင်လှစွာဖြင့် ဟဇရသ်စလ်မာန်နှင့် ၎င်း၏ အပေါင်းပါများ တူးဖော်ရမည့် နေရာအစိတ်အပိုင်း တွင် အလွန်မာကျောထူထဲသည့် ကျောက်တုံး၏ ကျောက်ပြားကြီးတစ်ချပ် ထွက်ပေါ်လာပေသည်။ ဟဇရသ် စလ်မာန်၏ မိတ်ဆွေဖြစ်သော အမရ်ဗင်နိအောက်ဖ်သခင်ကြီးက 'ထိုကျောက်တုံးပြားကြီးသည် ကျွန်ုပ် တို့၏ လက်နက်ပစ္စည်း ကြိယာများကို ချိုးဖျက်လိုက်ပေသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အား ထုထောင်း ရိုက်နှက်ခြင်းမှ မစွမ်းသာဘဲ ရှိနေ၇ပေသည်'ဟူ၍ ပြောဆိုကာ စလ်မာန်သခင်ကြီးအား 'ကျွန်ုပ်တို့သည် ဤနေရာမှ အနည်းငယ်ရွှေ့၍ ကွေ့စောင်းကာ ကတုတ်ကျင်းကို တူး၍ မူရင်းကတုတ်ကျင်းလိုင်းဖြင့် ဆက်သွားအောင် တူးနိုင်ရလင့်ကစား သို့ရာတွင် တမန်တော်မြတ် ﷺ ဆွဲပေးထားသော မျဉ်းကြောင်းဖြင့် ကောက်သွားရလောက်အောင် 'ကျွန်ုပ်တို့သည် မိမိတို့၏ အကြံဉာဏ်ဖြင့် မပြုသင့်ပေ။' အသင်သည် တမန်တော်မြတ် ﷺ အား ဤဖြစ်အင်ကို တင်ပြ၍ 'ကျွန်ုပ်တို့ မည်ကဲ့သို့ ပြုသင့်သည်ကို' အမိန့်ရယူခဲ့ပါလေ' ဟု ပြောဆိုလွှတ်လိုက်ပေသည်။

တန်ခိုးတော်အသျှင်မြတ်၏ သတိပေးချက်များ

ထို (၃) မိုင်ခွဲရှိသော ကွင်းပြင်၌ ကတုတ်ကျင်းတူးသောသူများ အတွင်း၌ မည်သည့်အဖွဲ့တစ်ဖွဲ့ သည်ပင် 'မစွမ်းဆောင်နိုင်သည်' ဟူ၍ မရှိပေ။ မစွမ်းနိုင်သောအချက်နှင့် ရင်ဆိုင်လာရပါမူ ဟဇရသ် စလ်မာန်သခင်ကြီး၏ အဖွဲ့နှင့် ရင်ဆိုင်လာရပေသည်။ အကြင်သူသည် ကတုတ်ကျင်းတူးရန် အကြံပြုခဲ့သူ ဖြစ်သည်။ ၎င်း၏ တင်ပြချက်ကို လက်ခံ၍ ဤလုပ်ငန်းကွင်းဆက်ကို စတင် အကောင်အထည်ဖော်နေခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'ကတုတ်ကျင်းတူးခြင်းနှင့် ပြုလုပ်ဖန်တီးရာ၌လည်း

အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မတော်မူခြင်း၏ ဘက်သို့ အာရုံစူးစိုက်မှု ထားရှိခြင်းမှအပ အခြားမည်သည့်အချက် တစ်စုံတစ်ရာမျှ မရှိပေ။ ကိရိယာတန်ဆာပလာများအားလုံးသည်လည်း မိမိတို့၏အစွမ်းကို ပြသပြီးဖြစ်ပေသည်' ဟူသော အကြောင်းကို ပြသတော်မူလိုက်ပေသည်။ အကြင်အချက် အကြောင်းအရာအတွင်း၌ 'အပေါ်ယံ ရုပ်ဝတ္ထုပစ္စည်းအကြောင်းခံများကို လိုအပ်သည့် အတိုင်းအတာခန့် စုဆောင်းထားခြင်းသည် 'ဖွရ်ဇ်'ဖြစ်ကြောင်း၊ သို့ရာတွင် ထိုအကြောင်းခံ အချက်အလက်များအပေါ် အားကိုးအားထားမှုပြုခြင်းသည် မပိုင်ကြောင်းနှင့် မုအ်မင်န်အဖို့ အားကိုးအားထားမှုပြုရမည့် အချက်သည် ရုပ်ဝတ္ထုပစ္စည်းအကြောင်းခံအားလုံးကို စုဆောင်းထားပြီးသည့် နောက်ပိုင်း၌လည်း အလ္လာဟ်အသျှင်မြတ်အပေါ်သို့သာလျှင်ထားသင့်ကြောင်း'ဟူသော လမ်းညွှန်ချက်ကို ၄င်းတို့အား သင်ကြားပြသပေးထားခြင်း ဖြစ်ပေသည်။

ဟဇရသ်စလ်မာန်း (ဖာရစီ) သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ခဲ့ပေသည်။ ဖြစ်အင်ကို တင်ပြ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်သည်လည်း မိမိကျသော ဝေစုအတွက် ကတုတ်ကျင်း တူးဖော်သည့် အလုပ်ကို ဆောင်ရွက်တော်မူလျက် ရှိနေပေသည်။ ကျင်းအတွင်းမှ တူးလိုက်သော မြေကြီးကို ရွှေ့ပြောင်းသယ်ယူခြင်းအလုပ်၌ နစ်မွန်းနေပေသည်။ ဟဇရသ်ဗရာအိဗ်နေအာဇိဗ်သခင်ကြီးက မိန့်တော်မူသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား ဝမ်းဗိုက်တော်နှင့် ကျောကုန်းတော်၏ အရေခွံကို မမြင်ရလောက်အောင် တစ်ကိုယ်လုံး ဖုံ၊ သဲများသည် လွှမ်းခြုံထားလျက် အနေအထားဖြင့် တွေ့မြင်ခဲ့ပါသည်'ဟူ၍ ဖြစ်သည်။ ထိုစလ်မာန်သခင်ကြီးအား အကြံ (သို့မဟုတ်) အမိန့်တစ်စုံတစ်ရာ ပေးရမည့်အစား ကိုယ်တော်တိုင် ၄င်းနှင့်အတူ အမှုကိစ္စရှိရာ နေရာသို့ ကြွမြန်းပေသည်။ ဆွဟာဗာ (၁၀) ပါး ဟဇရသ်စလ်မာန်သခင်ကြီးနှင့် အပါအဝင် ကျင်းတူးခြင်းအလုပ်၌ နစ်မွန်းလျက် ရှိနေပေရာ ကျင်းအတွင်းသို့ ဆင်းသက်ကာ ကိုယ်တော်မြတ် ﷺ သည်လည်း အတူပါဝင်လိုက်ပေသည်။ ထို့နောက် ပေါက်ချွန်ကို မင်္ဂလာလက်တော်ဖြင့် ကိုင်တော်မူကာ

تَمَّتْ كَلِمَةُ رَبِّكَ صِدْقًا

၄င်းပြင် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဤအာယသ်တော်သည် မှန်ကန်ခြင်းနှင့် တရားမျှတခြင်းတို့၌ ပြည့်ဝ စုံလင်လှပေသည်။ [၆ : ၁၁၅]

ဟူသော အာယသ်တော်ကို ဖတ်၍ တစ်ချက်ပေါက်လိုက်ပေသည်။ ယင်းသို့ တစ်ချက်ပေါက်လိုက်ခြင်းဖြင့် ကျောက်တုံးပြားကြီး၏ (၃) ပုံ (၁) ပုံ ကွဲသွားပေသည်။ ထိုသို့ ကွဲသွားခြင်းနှင့်အတူ ကျောက်တုံးပြားမှ အလင်းရောင်တစ်ခု ထွက်ပေါ်လာပေသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ဒုတိယအကြိမ် အထက်ပါအာယသ်တော်ဖြစ်သော

تَمَّتْ كَلِمَةُ رَبِّكَ صِدْقًا وَّعَدْلًا

ကို အဆုံးထိတိုင် ဖတ်ရွတ်တော်မူပြီးနောက် တစ်ကြိမ် ထပ်မံပေါက်လိုက်ရာ နောက်သုံးပုံတစ်ပုံ ထပ်မံကွဲသွား၏။ အထက်ပါနည်းတူ အလင်းရောင်တစ်ခု ထပ်မံ ပေါ်ထွက်လာ၏။ ထို့နောက် တတိယ

အကြိမ် အာယသ်တော်၏ အဆုံးထိတိုင် ထပ်မံဖတ်ရွတ်ကာ ပေါက်လိုက်ရာ ကျန်ရှိသော အပိုင်းသည်လည်း အားလုံး ကွဲသွားပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ကတုတ်ကျင်း၏ အပြင်ဘက်သို့ ကြွမြန်းတော်မူလာပေသည်။ ကတုတ်ကျင်း၏ အနားတစ်ဘက်၌ တင်ထားသော ခြုံထည်ကို မ,ယူကာ တစ်ဘက်သို့ ကြွမြန်းထိုင်ချလိုက်တော်မူပေသည်။ ထိုအချိန်၌ ဟဇရသ်စလ်မားန် (ဖာရ်စီ) သခင်ကြီးသည် 'အို, အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ကိုယ်တော်မြတ်သည် ကျောက်တုံးကြီးကို ရိုက်လိုက်သည့် အချိန်တိုင်း၌ ကျွန်တော်မျိုးသည် ကျောက်တုံးအတွင်းမှ လင်းရောင်ခြည်တစ်ခု ထွက်ပေါ်လာသည်ကို မြင်တွေ့ရပေသည်'ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'အမှန်တကယ် အသင် တွေ့မြင်ပါ၏လော'ဟူ၍ မေးမြန်းရာ ၄င်းက 'ကျွန်ုပ်၏ မျက်လုံးဖြင့် မြင်တွေ့ခဲ့ပါသည်'ဟူ၍ လျှောက်ထားလိုက်ပေသည်။

သို့ရှိရာ တမန်တော်မြတ် ﷺ က ဤသို့ မိန့်တော်မူလိုက်ပေသည်။ ပထမရိုက်ချက်ကြောင့် ထွက်ပေါ်လာသော အလင်းရောင်အတွင်းဝယ် ငါကိုယ်တော်သည် ယမာန်နှင့် ကိစ်ရာမြို့များ၏ နန်းဆောင်များကို မြင်တွေ့ရပေသည်။ ဂျိဗ်ရာအီးလ် عليه السلام သခင်ကြီးက 'အသင်၏ အွမ္မသ် (နောက်လိုက်ထု) တို့သည် ထိုမြို့များကို တိုက်ခိုက်သိမ်းပိုက်နိုင်မည်'ဟူ၍ ပြသ ပြောဆိုသွားပေသည်။ ဒုတိယရိုက်ချက်မှ ထွက်ပေါ်လာသော အလင်းရောင်အတွင်းဝယ် ရောမသားတို့၏ အနီရောင်နန်းဆောင်များကို ပြသခဲ့သည်။ ဂျိဗ်ရာအီးလ် عليه السلام သခင်ကြီးက 'အသင် တမန်တော်၏ အွမ္မသ် (နောက်လိုက်ထု) သည် ထိုမြို့များကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်မည်'ဟူ၍ သတင်းကောင်းပေးခဲ့ပေသည်။ ထိုမိန့်မြွက်ချက်ကို ကြားနာကာ မွတ်စ္စလင်မ်များအားလုံး စိတ်နှလုံး တည်ငြိမ်အေးချမ်းမှု ရရှိသွားပေသည်။ နောင်လာမည့် ကာလတွင် ကြီးကျယ်လှစွာသော အောင်မြင်မှုများ ရရှိမည်ကို ယုံကြည်သွားပေသည်။

မုနာဖစ်က်တို့၏ စောင်းချိတ်ကဲ့ရဲ့ ပြစ်တင်မှုနှင့် မွတ်စ္စလင်မ်တို့၏ အနှိုင်းမဲ့ အီမာန်ရေးဆိုင်ရာ ယုံကြည်ချက်

ထိုအချိန်၌ မုနာဖစ်က်တို့သည် ကတုတ်ကျင်းတူဖော်ရာ၌ ပါဝင်ကြပေသည်။ ၄င်းမုနာဖစ်က်တို့က 'အသင်တို့သည် မုဟမ္မဒ် ﷺ ပြောဆိုသော စကားရပ်အပေါ် မအံ့သြကြပေသလော။ ၄င်းသည် အသင်တို့အား 'မဒီနာမြို့မြေ၏ ကတုတ်ကျင်းအတွင်းထဲတွင် 'ဟီရာ'နှင့် 'မဒါအင်န်' အရပ်ဒေသ၏ 'ကစ်ရာ'၏ နန်းဆောင်များကို မြင်တွေ့နေရပေသည်။ အသင်တို့သည် ယင်းအရပ်ဒေသတို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်မည်' ဟူ၍ ပြောဆိုနေပေသည်။ အနည်းငယ် မိမိတို့၏ အခြေအနေကို ပြန်လည် စမ်းစစ် လေ့လာ ကြည့်ရှုကြကုန်။ အသင်တို့သည် မိမိတို့၏ ကိုယ်ခန္ဓာနှင့် စပ်လျဉ်း၍ပင် အသိနှင့် သတိ မရှိကြပေ။ အပေါ့၊ အလေးသွားရန် လိုအပ်ချက်ကိုပင် ပြည့်ဝစွာ အချိန်မပေးနိုင်ပေ။ အသင်တို့သည် 'ကစ်ရာ'အစရှိသော နိုင်ငံများကို တိုက်ခိုက်

သိမ်းပိုက်မည်ဟူ၍ ပြောဆိုနေကြပေသည်' ဟူ၍ ပြောဆိုကြပေသည်။ ထိုဖြစ်ရပ်အပေါ် တင်ပြလျက်ရှိသော အာယသ်တော်၏ အစပိုင်း အာယသ်တော်များ ကျရောက်လာပေသည်။

اِذْ يَقُوْلُ الْمُنٰفِقُوْنَ وَالَّذِيْنَ فِىْ قُلُوْبِهِمْ مَّرَضٌ مَّا وَعَدَنَا اللّٰهُ وَرَسُوْلُهٗٓ اِلَّا غُرُوْرًا

ထို့ပြင် ပြန်လည်သတိရကြလေကုန်။ အကြင်အခါဝယ် မုနာဖစ်က် (အယောင်ဆောင်မွတ်စ္စလင်မ်) များနှင့် စိတ်နှလုံးသားများတွင် ရောဂါရှိသူတို့က အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ကျွန်ုပ်တို့အား ဖြားယောင်းခြင်းမှအပ မှန်ကန်သော ကတိတော်ကို ပေးခဲ့သည်မဟုတ် ဟူ၍ ပြောဆိုကြ၏။ [၃၃ း ၁၂]

ဤအာယသ်တော်အတွင်း၌ ပါရှိသော

اَلَّذِيْنَ فِىْ قُلُوْبِهِمْ مَّرَضٌ

စိတ်နှလုံးသားများတွင် ရောဂါရှိသူများ [၃၃ း ၁၂]

ဟူသော အာယသ်တော်အတွင်း၌လည်း ထိုမုနာဖစ်က်တို့၏ အခြေအနေကိုသာ တင်ပြထားပေသည်။ အကြင်သူတို့၏ နှလုံးသားများအတွင်းဝယ် အသွင်ဆောင်ခြင်း၏ ရောဂါသည် ပုန်းအောင်းလျက်ရှိနေပေသည်။

စဉ်းစားတွေးခေါ်ကြည့်ကြပါစို့။ ထိုအချိန်၌ မွတ်စ္စလင်မ်တို့၏ အီမာန်နှင့် တမန်တော်မြတ် ﷺ အသိပေးသော သတင်းအပေါ် မည်ကဲ့သို့ ပြည့်ဝစွာ ယုံကြည်နေခြင်းသည် အဘယ်မျှခန့် ပြင်းထန်လေးနက်သော စမ်းစစ်မှုဖြစ်ပေသနည်း။ အဘက်ဘက်မှ ကာဖိရ်တို့၏ ဝိုင်းရံမှုများနှင့် စိုးရိမ်မှု အန္တရာယ်များအတွင်း၌ ရှိနေချိန် ဖြစ်ပေသည်။ ကတုတ်ကျင်းအား တူးရန်အတွက် အလုပ်သမားများနှင့် အခိုင်းအစေများ မရှိချိန် ဖြစ်ပေသည်။ ဤကဲ့သို့သော အချိန်အခါမျိုး၌ ဤပင်ပန်းဆင်းရဲမှု ဒုက္ခကို ကိုယ်တိုင် ခံစားနေကြပေသည်။ ရာသီဥတု၏ လွန်စွာ အေးမြမှုသည်လည်း အားလုံးသောသူတို့ကို သောကအဖြစ် ထားရှိထားပေသည်။ အဘက်ဘက်မှ ကြောက်ရွံ့ခြင်းတရားချည်းသာ ဖြစ်ပေါ်တည်ရှိနေပေသည်။ အပေါ်ယံအကြောင်းခံများသည်လည်း မိမိတို့ ကယ်တင်ရှောင်ရှားပေးရန်နှင့် တည်တံ့မြဲမြံစေရန်အပေါ် ယုံကြည်ရလောက်အောင်လည်း မလွယ်ကူလှသော အချက်ဖြစ်ပေသည်။ ကမ္ဘာလောက၏ ရောမအစိုးရဖြစ်သော ရောမနိုင်ငံနှင့် 'ကစ်ရာ'နိုင်ငံတို့အား အောင်မြင်စွာ တိုက်ခိုက်နိုင်မည့် သတင်းကောင်းအပေါ် မည်ကဲ့သို့ ယုံကြည်ရပေမည်နည်း။ သို့ရာတွင် အီမာန်၏ တန်ဖိုးသည် အားလုံးသော ကျင့်ကြံပြုမူဆောင်ရွက်ချက်များထက် သာပိုမြင့်မားခြင်းမှာ အကြောင်းခံများနှင့် အခြေအနေများ လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေသည့် အချိန်၌လည်း ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ မြွက်ကြားချက်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဒွိဟ သံသယ မပေါ်ပေါက်လာခြင်း' အပေါ် အခြေခံမှုတည်၍ပင် ဖြစ်ပေသည်။

တင်ပြပါဖြစ်အင်အတွင်း၌ အွမ္မသ် (နောက်လိုက်ထု) တို့အဖို့ ကြီးရင့်သူများသည် ငယ်ရွယ်သူတို့၏ အခက်အခဲ ဒုက္ခတိုင်းတွင် ပါဝင်သင့်ကြောင်းဟူသော အထူးလမ်းညွှန်ချက်

ဆွဟာဗာကြီးများသည် တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်းလာလျှင် အသက်ပေး စွန့်လှူဝံ့သော သူများ ဖြစ်ပေသည်။ ၎င်းတို့သည် 'မည်သည့်အခြေအနေ၌မှာမဆို 'တမန်တော်မြတ် ﷺ အလွန် ပင်ပန်းဆင်းရဲသော အလုပ်အတွင်း၌ ပါဝင်ကာ လုပ်ကိုင်ဆောင်ရွက်နေခြင်း' ကို မလိုလားကြကြောင်း' အချက်ကို မည်သူ မသိရှိပေသနည်း။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများ စိတ်ဖြေသိမ့်မှုပေးရန်နှင့် အွမ္မသ် (နောက်လိုက်ထု) တို့အား သင်ကြားပေးရန်အတွက် ထိုပင်ပန်းဆင်းရဲလှစွာသော အလုပ်အတွင်း၌ တန်းတူ တာဝန်ယူကာ လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ ဆွဟာဗာကြီးများ၏ အသက်ပေးစွန့်လှူမှု၊ တမန်တော်မြတ် ﷺ ၏ ပြီးပြည့်စုံလှစွာသော အရည်အချင်းများနှင့် နဗီဖြစ်ခြင်း၊ ရစူလ်ဖြစ်ခြင်းတို့၏ အခြေခံအချက်သည် သူ့နေရာသူ တည်ရှိနေလင့်ကစား သို့ရာတွင် အပေါ်ယံအကြောင်းခံများအတွင်း အကြီးမားဆုံးသော အကြောင်းခံတစ်ရပ်မှာ 'ခက်ခဲကျပ်တည်း ပင်ပန်းဆင်းရဲမှုရှိသော လုပ်ငန်းရပ်များအတွင်း၌ တမန်တော်မြတ် ﷺ သည် အများသူငှာတို့အတိုင်းပင် ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်ပေးလေ့ ရှိပေသည်' ဟူသော အချက်ပင် ဖြစ်ပေသည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခြင်းခံရသူ၊ ဘုရင်နှင့် တိုင်းသူပြည်သား၊ အာဏာရှင်နှင့် ပြည်သူဟူ၍ ခွဲခြားဆက်ဆံခြင်း၏ အရိပ်အယောက်မျှပင် မပေါ်ပေါက်ခဲ့ပေ။ အစ္စလာမ့်ဘုရင်များသည် ထိုအထက်တင်ပြပါ စွန္နသ် (ဓလေ့) တော်ကို စွန့်လွှတ်လိုက်သည့် အချိန်မှစ၍ ဤသို့ စိတ်ဝမ်းကွဲ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားခြင်းများနှင့် အမျိုးမျိုးသော ပြဿနာများ ပေါ်ပေါက်လာပေသည်။

ခက်ခဲမှုများအပေါ် ကျော်ဖြတ်ရန် လမ်းညွှန်တစ်ရပ်

တင်ပြလျက်ရှိနေသော ဖြစ်အင်အတွင်း၌ ချိုးဖျက်ရန် မလွယ်ကူလှသော ကျောက်တုံးကြီးအား ထုရိုက်ခြင်းနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်၏

تَمَّتْ كَلِمَةُ رَبِّكَ صِدْقًا وَّعَدْلًا

၎င်းပြင် အသင့်အား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဤအာယသ်တော်သည် မှန်ကန်ခြင်းနှင့် တရားမျှတခြင်းတို့၌ ပြည့်စုံ စုံလင်လှပေသည်။ *[၆ း ၁၁၅]*

ဟူသော အာယသ်တော်မြတ်ကို ရွတ်ဖတ်တော်မူလိုက်ပေသည်။ ယင်းအချက်မှ 'ခက်ခဲသော လုပ်ရပ် တစ်စုံတစ်ရာအား ရှင်းလင်းသွားစေရန်အတွက် ထိုအာယသ်တော်ကို ရွတ်ဖတ်ခြင်းသည် စမ်းသပ်ပြီးသား၊ ထိရောက်မှုရှိသော ကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း' ကို သိရှိရပေသည်။

ဆွဟာဗာကြီးများ၏ ကိုယ်ကျိုးချန်ကာ ရက်ရောစွာ ပေးကမ်းလှူဒါန်းမှုနှင့် အချင်းချင်း ယိုင်းပင်းကူညီမှု

အထက်၌ သိရှိခဲ့ပြီး ဖြစ်သည်မှာ ကတုတ်ကျင်းအား တူးဖော်ရန်အတွက် (၁၀) ကိုက်တိုင်း၌ လူ (၁၀) ဦးကို သတ်မှတ်ထားပေသည်။ သို့ရာတွင် 'အချို့သောသူတို့သည် အားအင်ပြည့်ဖြိုးကာ လျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်တတ်သော သူများ ဖြစ်ပေသည်။ ဆွဟာဗာကြီးများထဲမှ အချို့သောသူတို့သည် မိမိတို့၏ ဝေစုများကို ပြည့်ဝစွာ တူးဖော်ပြီးနောက် 'ကျွန်ုပ်တို့၏ တာဝန် ပြည့်ဝစွာ ပြီးဆုံးသွားပြီ' ဟူ၍ မှတ်ယူကာ သက်တောင့်သက်သာ ထိုင်နေခြင်းမျိုးများ မပြုဘဲ သို့သာမက မပြီးဆုံးသေးသော သူများ၏ တာဝန်ကိုပါ ပြည့်ဝသွားစေရန် ကူညီလုပ်ကိုင် ဆောင်ရွက်ခဲ့ကြပေသည်။ *[ကုရ်သုဗီး၊ မဇ္ဇဟရီး။]*

(၃) မိုင်ခွဲရှည်သော ကတုတ်ကျင်းသည် (၆) ရက်နှင့် ပြီးဆုံးသွားခြင်းအကြောင်း

ဆွဟာဗာကြီးများအားလုံး၏ စုပေါင်းညီညာစွာ ကူညီလုပ်ကိုင် ဆောင်ရွက်မှုသည် (၆) ရက်မြောက်သောနေ့၌ မျက်ဝါးထင်ထင် မြင်တွေ့ရပေသည်။ အကြောင်းမှာ ဤမျှခန့် ရှည်လျား၊ ကျယ်ဝန်း၊ နက်ရှိုင်းသော ကတုတ်ကျင်းသည် (၆) ရက်နှင့် အပြီးသတ် အထမြောက် အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပေသည်။ *[မဇ္ဇဟရီး]*

ဟဇရသ်ဂျာဗိရ်သခင်ကြီး၏ 'ဒအ်ဝသ်' (ဖိတ်ခေါ် ကျွေးမွေးညှော်ခံခြင်း) ၌ ထင်ရှားလှစွာသော 'မုအ်ဂျိဇာဟ်' တန်ခိုးတော်တစ်ရပ်

ထိုကတုတ်ကျင်းတူးဖော်နေချိန်၌ ဤအောက်ဖော်ပြပါ ထင်ရှားသော ဖြစ်အင်သည် ဖြစ်ပေါ်လာခဲ့ပေသည်။ တစ်နေ့ ဟဇရသ်ဂျာဗိရ်သခင်ကြီးသည် တမန်တော်မြတ် ﷺ ကို 'ဆာလောင်မွတ်သိပ်မှု၏ ဒဏ်' ခံစားလျက်ရှိနေရကြောင်းကို ခံစားသိမြင်ကာ မိမိ၏ ဇနီးသည်အား 'အသင်မ၏ ထံ၌ တစ်စုံတစ်ရာ ရှိပါမူ ချက်ပြုတ်ပါ။ တမန်တော်မြတ် ﷺ အပေါ် ဆာလောင်မှု၏ အရိပ်လက္ခဏာတော်ကို မကြည့်ရက်ပေ' ဟူ၍ ပြောဆိုလိုက်ပေသည်။ ဇနီးသည်က 'မိမိတို့၏ အိမ်၌ ဂျုံကြမ်း ၁ စွာအ်ရှိကြောင်း၊ ၄င်းကို ကြိတ်ကာ မုန့်ပြုလုပ်လိုက်မည်'ဖြစ်ကြောင်းကို ပြောဆိုလိုက်ပေသည်။ ၁ စွာအ်သည် ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံ၏ အလေးချိန်ကို ကြည့်ရှုနိုင်းယှဉ်မည်ဆိုပါက အနီးစပ်ဆုံးအားဖြင့် (၃) စိုင်ရ်ခွဲလောက် ရှိပေမည်။ ဇနီးသည်သည် ချက်ပြုတ်ခြင်းအလုပ်တွင်း၌ နှစ်မွန်းနေစဉ် အိမ်၌ ရှိသော ဆိတ်ငယ်တစ်ကောင်ကို ဟဇရသ်ဂျာဗိရ်သခင်ကြီးသည် 'ဇဗာဟ်'ပြုကာ အသားဟင်းအဖြစ် ပြုပြီးသည့်နောက် တမန်တော်မြတ် ﷺ ကို ခေါ်ဆောင်ရန်အတွက် ထွက်လာခိုက်ဝယ် ဇနီးသည်က 'တမန်တော်မြတ် ﷺ နှင့်အတူ ဆွဟာဗာကြီးများသည် များစွာ ရှိနေပေသည်။ တမန်တော်မြတ် ﷺ တစ်ပါးတည်းကိုသာလျှင် တစ်နည်းနည်းဖြင့် ခေါ်ဆောင်

လာကုန်။ ဆွဟာဗာကြီးများ များစွာကို ခေါ်ဆောင်လာကာ ကျွန်ုပ်မအား သေးသိမ်အောင် မပြုလေနှင့်' ဟူ၍ သတိပေးပြောဆိုလိုက်ပေသည်။ ဟဇရသ်ဂျာဗိရ်သခင်ကြီးသည် တမန်တော်မြတ် ﷺ အား 'အစားအစာ အနည်းငယ်သာရှိကြောင်း' ဟူသော အခြေအနေအလုံးစုံကို တင်ပြကာ လျှောက်ထားလိုက်ပေသည်။ သို့ရာတွင် တမန်တော်မြတ်သည် 'ဂျာဗိရ်၏ အိမ်၌ 'ဒအ်ဝသ်' ရှိပေသည်' ဟူ၍ တစ်တပ်လုံးအတွင်းဝယ် ကြေညာတော်မူလိုက်ပေသည်။ ဟဇရသ်ဂျာဗိရ်သခင်ကြီးသည် စိုးရိမ်ထိတ်လန့်သွားပေသည်။ အိမ်သို့ ရောက်ရှိချိန်ဝယ် ဇနီးသည်ကလည်း လွန်စွာ သောကဝေဖြာသွားကြောင်းကို ဖွင့်ဟပေတော့သည်။ ထို့နောက် 'အသင်သည် တမန်တော်မြတ် ﷺ အား အခြေအနေ အစစ်အမှန် အစားအစာ၏ အတိုင်းအတာကို ပြဆိုထားပါ၏လော' ဟူ၍ မေးမြန်းရာ ၎င်းက ပြဆိုထားကြောင်းကို ပြောပြလေသည်။ သို့ရှိရာ ဇနီးသည်သည် 'တစ်ဖန် ကျွန်တော်မျိုးမတို့အဖို့ တစ်စုံတစ်ရာ သောကထားစရာ မလို' ဟူ၍ စိတ်တည်ငြိမ်စွာဖြင့် ဆိုလေသည်။ ဆက်လက်၍ 'တမန်တော်မြတ် ﷺ ၏ တာဝန်သာ ဖြစ်သွားပေပြီ။ ဆန္ဒရှိသည့်အတိုင်း ပြုလိုသကဲ့သို့ ပြုပါစေ။ (ကျွန်ုပ်မတို့အတွက် အခက်အခဲမရှိနိုင်တော့ပါ)' ဟု ပြောဆိုလေသည်။

ဖြစ်အင်၏ အကျယ်ချဲ့အကြောင်းအတရာအကြောင်းတရားသည် ဤနေရာ၌ မလိုအပ်ပေ။ ဤအောက်ဖော်ပြပါ အတိုင်းအတာခန့်မျှသာ အဓိကအချက်ကို ထုတ်နှုတ်ဖော်ပြခြင်းကို လုံလောက်သည်ဟု မှတ်ယူနိုင်ပေမည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်သည် မိမိ၏ လက်တော်ဖြင့် မုန့်နှင့် ဟင်းကို အားလုံးအား ပေးကမ်းကျွေးမွေးပေးခြင်း၏ စီမံမှုကို ပြုပေးတော်မူပေသည်။ တစ်တပ်လုံးအတွင်းရှိသူတို့သည် ဝမ်းဝအောင် စားသုံးလိုက်ကြပေသည်။ ဟဇရသ်ဂျာဗိရ်သခင်ကြီးက မိန့်ဆိုသည်မှာ 'အားလုံးသောသူများ စားသုံးပြီးနောက်လည်း ကျွန်ုပ်တို့၏ အိုးထဲမှ အသားနည်းသွားခြင်း မမြင်တွေ့ရသကဲ့သို့ ဂျုံနယ်ကာ ဖုတ်လုပ်ထားသော မုန့်များ နည်းသွားသည်ဟုလည်း မထင်ရပေ။ အိမ်ရှိသူများအားလုံးလည်း ဝမ်းဝအောင် စားသုံးကာ ပို၍ ကျန်နေသော အရာများအားလုံးကိုလည်း ပတ်ဝန်းကျင်များအား ဝေငှပေးလိုက်ပေသည်' ဟူ၍ ဖြစ်သည်။

ဤသို့ (၆) ရက်တာမြောက်သွားသည့် နေ့၌ ကတုတ်ကျင်း တူးဖော်ပြီးစီးသွားပြီးနောက် 'အဟ်ဇာဗ်' ၏ စစ်တပ်သည် ဆိုက်ရောက်လာပေသည်။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာသခင်ကြီးများသည် 'စေလာအ်' တောင်တော်ကို မိမိတို့၏ ကျောဘက်၌ ထားရှိကာ တပ်တွင်းရှိသူများအား စီတန်းကာ နေရာချထားပေးမှုကို ပြုပေသည်။

ယဟူဒီဗနူကုရိုက်ဇွာ မျိုးနွယ်အုပ်စုများ ပဋိညာဉ်ကို ချိုးဖောက်ခြင်းနှင့် 'အဟ်ဇာဗ်' (ရန်သူစစ်တပ်) များနှင့်အတူ ရောယှက် ပါဝင်လာခြင်းအကြောင်း

ထိုအချိန်၌ စစ်လက်နက်ပစ္စည်း ကိရိယာစုံလင်လှစွာသော စစ်သားပေါင်း တစ်သောင်း၊ သို့မဟုတ် တစ်သောင်းနှစ်ထောင်နှင့် လက်နက်မဲ့ (၃၀၀၀) တို့၏ ရင်ဆိုင်ယှဉ်ပြိုင်မှုသည် ဦးနှောက်အသိဉာဏ်

အတွင်းသို့ ဝင်ဆံ့နိုင်သော အချက်ပင် မဟုတ်ပေ။ ထိုကာဖိရ်တို့၏ စစ်သားဦးရေအပေါ် နောက်ထပ် မဟာမိတ်စစ်တပ်၊ စစ်ကူများ ဝင်ရောက်လာပြန်ပေသည်။ ရန်သူ့စစ်တပ်အတွင်းရှိ ဗနူနသွိရ်မျိုးနွယ် အုပ်စု၏ ခေါင်းဆောင်အမည်မှာ ဟုယိုက်ယ်ဗင်န်အခ်သွာဗ်ဖြစ်ပေသည်။ အကြင်သူသည် အားလုံးသော သူတို့ကို တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်များအား ရန်ငြိုးထားခြင်းအပေါ် စစ်အင်အား စုရုံးခြင်းနှင့် စပ်လျဉ်း၍ လွန်စွာ အလုပ်လုပ်ခဲ့သူ ဖြစ်ပေသည်။ မဒီနာမြို့သို့ ရောက်ရှိကာ ယဟူဒီများဖြစ်သော ဗနူကုရိုက်ဇွာ မျိုးနွယ်အုပ်စုကိုလည်း မိမိတို့နှင့်အတူ ပူးပေါင်းရန် စီမံကိန်းကို ရေးဆွဲပေသည်။ ဗနူကုရိုက်ဇွာ မျိုးနွယ်အုပ်စုနှင့် တမန်တော်မြတ် ﷺ တို့၏ ကြား၌ ငြိမ်းချမ်းရေးစာချုပ်ပေါ်ဝယ် လက်မှတ်ရေးထိုးပြီး ဖြစ်ပေသည်။ စစ်ပြေငြိမ်းရေးစာချုပ် ပြည့်ဝစွာ ချုပ်ဆိုပြီးနောက် တစ်ဘက်နှင့်တစ်ဘက် လုံးဝ သောက ကင်းမဲ့စွာဖြင့် တည်ရှိနေပေသည်။ ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်မှာ ကအဗ်ဗင်န်အစပ်ဒ် ဖြစ်ပေသည်။ ဟုယိုက်ယ်ဗင်န်အခ်သွာဗ်သည် ၎င်းထံသို့ ရောက်ရှိသွားပေသည်။ ကအဗ်သည် ၎င်းလာရောက် သည့် သတင်းကို ရရှိပါမူ ‘မိမိ၏ထံသို့ ၎င်းမရောက်ရှိရန်’ ခံတပ် တံခါးကို ပိတ်ထားလိုက်ပေသည်။ သို့ရာတွင် ဟုယိုက်ယ်ဗင်န်အခ်သွာဗ်သည် အသံပြုကာ တံခါးဖွင့်ရန်ကို ဖွတ်အတင်းအကြပ် ပြောဆိုပေသည်။ ကအဗ်သည် အတွင်းမှပင် ‘ကျွန်ုပ်တို့သည် မိုဟမ္မဒ် ﷺ တို့နှင့်အတူ စာချုပ်ချုပ်ဆိုထားပြီး ဖြစ်သည်’ ဟု အဖြေပေးပေသည်။ ‘ကျွန်ုပ်တို့သည် ယနေ့ထိတိုင် ၎င်းတို့ဘက်မှ ပဋိညာဉ်ကို တည်တံ့ထားမှုနှင့် မှန်ကန်မှု တို့မှအပ အခြားမည်သည့်အချက် တစ်စုံတစ်ရာကိုမျှ မတွေ့ရကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း မိမိတို့ဘက်မှ ပဋိညာဉ်ဆက်လက် မြဲမြံစွာ ရပ်တည်ထားရမည်ဖြစ်ကြောင်းနှင့် အသင်တို့နှင့်အတူ လက်တွဲ ၍ မရနိုင်ကြောင်း’ ကို ဆက်လက်ဖြေကြားပေသည်။ အချိန်ကြာညောင်းစွာထိတိုင် ဟုယိုက်ဗင်န်အခ်သွာဗ် သည် တံခါးဖွင့်ခိုင်းခြင်းနှင့် ကအဗ်ဖြင့် စကားပြောဆိုရန် အတင်းအကြပ်စေခိုင်းလျက်ရှိပေရာ ဤသူသည် လည်း အတွင်းမှပင် အဖြေပေးလျက် ရှိနေပေသည်။

သို့ရာတွင် နောက်ဆုံးကအဗ်ကို လွန်စွာ ရက်ကြောက်စိတ် ပေါ်ပေါက်လာအောင် နှိုးဆော်မှုကို ပြုလာသောအခါ ၎င်းသည် တံခါးဖွင့်ပေး၍ ဟုယိုက်ယ်ကို အတွင်းသို့ ခေါ်ဆောင်လိုက်ပေသည်။ ၎င်းက ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စုအား ထိုအစီမံရောင်ဥယျာဉ်ကို ပြသလိုက်ပေသည်။ နောက်ဆုံး ကအဗ်သည် ၎င်းဟုယိုက်ဗ်၏ စကားကို နားယောင်မိသွားပေသည်။ စစ်ပွဲ၌ အတူတကွ ဝင်ရောက်ဆင်နွှဲရန် ကတိပြု လိုက်ပေသည်။ ကအဗ်သည် မိမိ၏ မျိုးနွယ်အုပ်စုအတွင်း၌ ရှိသော အခြားသော ခေါင်းဆောင်ပိုင်းများ အား ပြောဆိုလိုက်သောအခါဝယ် ၎င်းတို့အားလုံးက တစ်ပြိုင်နက်တည်း ညီညွတ်စွာဖြင့် ‘အသင်သည် အလွန်ကြီးကျယ်သော အလုပ်ကို ပြုလိုက်ပေသည်။ အကြောင်းမှာ မွတ်စ္စလင်မ်တို့ဖြင့် ချုပ်ဆိုထားသော ပဋိညာဉ်ကို ချိုးဖောက်၍ ၎င်းတို့၏ ရန်သူတို့ဖြင့် ပူးပေါင်းကာ မိမိတို့၏ အသက်ကိုလည်း အန္တရာယ် အတွင်းသို့ ရောက်အောင် ပြုလိုက်ပေသည်’ ဟူ၍ ပြောဆိုလာကြပေသည်။ ကအဗ်သည်လည်း မိမိမျိုးနွယ် အုပ်စုတို့မှ ပြောဆိုလာသော စကားရပ်ကြောင့် ရူးရှူးဖြစ်ကာ မိမိပြောဆို ပြုကျင့်ခဲ့သော အချက်အပေါ် ရှက်ရွံ့မှုဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်ပေသည်။ သို့ရာတွင် ယခု ကတိပြုချက်၏ စကားသည်

နှုတ်ကျွံသွားလေပြီ။ နောက်ဆုံး ဤပဋိညာဉ်ကို ချိုးဖောက်လိုက်ခြင်းသည်ပင်လျှင် ဗနူကုရိုက်ဇွာမျိုးနွယ် အုပ်စု ပျက်စီးသွားရန် အကြောင်းခံ ဖြစ်သွားပေသည်။ အကြင်အချက်အား ရှေ့၌ တင်ပြပေအံ့။

၄င်းဗနူကုရိုက်ဇွာ မျိုးနွယ်အုပ်စုဘက်မှ ပဋိညာဉ်ပါအချက်ကို ချိုးဖောက်လိုက်ကြောင်းကို တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများ ကြားသိသွားချိန်ဝယ် လွန်စွာ စိတ်ဒုက္ခဖြစ်ရှိသွားပေသည်။ လွန်စွာသောကဖြစ်သွားရခြင်းအကြောင်းမှာ ရန်သူ့စစ်တပ်များ ဝင်ရောက်လာရန် လမ်းကြောင်း၌ ကတုတ်ကျင်းကို တူးဖော်၍ တားဆီးထားပြီး ဖြစ်ပါသော်လည်း ဤဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စုသည် မဒီနာမြို့အတွင်း၌ နေထိုင်သူများ ဖြစ်သည့်အတွက်ကြောင့် ၄င်းတို့၏ ရန်အား မည်ကဲ့သို့ ကာကွယ်ရပေမည်နည်းဟူသော အချက်အပေါ်၌ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော် မြတ်အတွင်းဝယ် အကြင်အချက်နှင့် စပ်လျဉ်း၍ တင်ပြထားသော ဝါကျမှာ 'ကာဖိရ် ရန်သူ့စစ်တပ်သည် အသင်တို့အပေါ် ဝင်ရောက်ကာ တိုက်ခိုက်လာပေတော့သည်' ဟူ၍ ဖြစ်သည်။

مِنْ فَوْقِكُمْ وَمِنْ اَسْفَلَ مِنْكُمْ

(အသင်တို့၏ အထက်ဘက်မှလည်းကောင်း၊ အသင်တို့၏ အောက်ဘက်မှလည်းကောင်း။)

[၃၃ : ၁၀]

ဟူသော အာယသ်တော်ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ အချို့အကျယ်ချဲ့ဖွင့်ဆိုသော အေမာမ်ကြီးများသည် ကုန်းမြင့်ပိုင်း၏ အလိုသဘောသည် ဗနူကုရိုက်ဇွာမျိုးနွယ်များ ဖြစ်ကြောင်းဟူ၍ မိန့်ဆိုကြပြီး၊ ကုန်းနိမ့်ပိုင်းသည် ကျန်ရှိသော ရန်သူ့စစ်တပ်များဖြစ်ကြောင်းဟူ၍ မိန့်ဆိုကြပေသည်။

တမန်တော်မြတ် ﷺ သည် ပဋိညာဉ်ချိုးဖောက်ခြင်း၏ အခြေအနေအစစ်အမှန်နှင့် မှန်ကန်သော ပုံပန်းသဏ္ဍာန်ကို သိလိုသည့်အတွက် အန်စွာရီအောက်စ်မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ဟဇရသ် စအဒ်ဗင်န်မအားဇ်နှင့် ခဇ်ရာဂျ်မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ဟဇရသ်စအဒ်ဗင်န်အိုဗာဒါးတို့ကို ကိုယ်စားလှယ်အဖွဲ့ပုံစံဖြင့် 'ကအ်ဗ်ဖြင့် စကားပြောဆိုရန်' ၄င်းထံသို့ စေလွှတ်လိုက်ပေသည်။ 'အကယ်၍ ပဋိညာဉ် ချိုးဖောက်ခြင်း၏ ဖြစ်အင် မှားယွင်းကြောင်း အတည်ပြုရသည်ဆိုလျှင် ဆွဟာဗာကြီးများ၏ ရှေ့၌ ရှင်းလင်းစွာ ပြန်လည်တင်ပြရန်နှင့် အမှန်တကယ် ဖြစ်လျှင်မူ လာရောက်ကာ 'ငါကိုယ်တော်သာ သိသာရုံလောက်နှင့် ဆွဟာဗာသခင်ကြီးများ မသိရှိ၊ သောက မရောက်သွားစေရန်' စကားကို လုံး၍ တင်ပြရန်' ဟူ၍ တစ်ဆက်တည်း လမ်းညွှန်မှုကို ပြုလိုက်ပေသည်။

ဤသို့ စအဒ်အမည်ရှိသော ဆွဟာဗာနှစ်ပါးသည် ထိုနေရာသို့ ရောက်ရှိကာ ပဋိညာဉ်ကို ချိုးဖောက်ခြင်း၏ အချက်အလက်များကို တွေ့မြင်သွားပေသည်။ ၄င်းတို့နှင့် ကအ်ဗ်၏ ကြား၌ စကားအကြီးအကျယ်များ အခြေအတင် ပြောဆိုမှုဖြစ်ပေါ်ခဲ့သည်။ ပြန်လည်၍ လာသောအခါဝယ် လမ်းညွှန်ချက်နှင့်အညီ လုံးထွေးစွာဖြင့် တမန်တော်မြတ် ﷺ အား ပဋိညာဉ်ချိုးဖောက်ခြင်း၏ ဖြစ်အင် မှန်ကန်ကြောင်းကို ပြောဆိုသတင်းပေးလိုက်ပေသည်။

ထိုအချိန်၌ မွတ်စ္စလင်မ်တို့နှင့် ပဋိညာဉ်ချုပ်ဆိုထားသော ယဟူဒီမျိုးနွယ်ဝင် ဗနူကုရိုက်ဇွာတို့သည် ပေါ်ပေါ်ထင်ထင် စစ်မျက်နှာပြင်သို့ ထွက်လာကြသောခါ မွတ်စ္စလင်မ်အသွင်ဆောင်ကာ မွတ်စ္စလင်မ်များအတွင်းဝယ် ပါဝင်ကာ ရောယှက်နေသော ကတိသစ္စာဆိုထားသော မုနာဖစ်က် (အယောင်ဆောင်မွတ်စ္စလင်မ်) တို့သည်လည်း စစ်တိုက်ခိုက်ရန် အချိန်သို့ ရောက်ရှိလာချိန်ဝယ် ၎င်းတို့၏ အသွင်ဆောင်မှုသည်လည်း ဘူးပေါ်သလို ပေါ်လာပေသည်။ အချို့သော သူများသည်မူ ပေါ်လွင်ထင်ရှားစွာ တမန်တော်မြတ် ﷺ နှင့် ဆန့်ကျင်ဘက်စကားများကို ပြောဆိုလာပေတော့သည်။ ပမာဆိုရသော် အထက်၌

وَاِذۡ يَقُوۡلُ الۡمُنٰفِقُوۡنَ

(အကြင်အခါဝယ် အယောင်ဆောင်မွတ်စ္စလင်မ်တို့က ပြောဆိုကြကုန်၏။) /၃၃ : ၁၂ /

တွင် တင်ပြခဲ့ပြီးဖြစ်သည်။ အချို့သောသူတို့သည် ဉာဏ်နီဉာဏ်နက်များကို အသုံးပြုကာ စစ်မြေပြင်မှ နောက်ကြောင်းပြန်လှည့်ရန်အတွက် တမန်တော်မြတ် ﷺ ထံမှ ခွင့်ကို ပန်ကြားလေသည်။ အကြင်အချက်အား တင်ပြလျက်ရှိနေသော အာယသ်တော်များဖြစ်သည့်

اِنَّ بُيُوۡتَنَا عَوۡرَةٌ

(စကန်အမှန် ကျွန်တော်မျိုးတို့၏ နေအိမ်များမှာ လုံခြုံမှုမရှိ။) /၃၃ : ၁၃ /

ဟူ၍ အာယသ်တော်အတွင်း၌ လာရှိထားပေသည်။

ယခု ရှေ့တမ်းစစ်မြေပြင်၏ ပြယုဂ်မှာ ဤသို့ပင် ဖြစ်သည်။ ကတုတ်ကျင်း တူးဖော်ထားသည့်အတွက်ကြောင့် ရန်သူ့စစ်တပ်များသည် အတွင်းဘက်ပိုင်းသို့ မဝင်ရောက်နိုင်ဘဲ အခြားတစ်ဖက်အစွန်း၌လည်း မွတ်စ္စလင်မ်တို့၏ စစ်တပ်သည် တည်ရှိနေပေသည်။ အချိန်တိုင်း၌ နှစ်ဖွဲ့စလုံးသည် မြှားဖြင့်သာပစ်နေကြပေသည်။ 'သူအဖွဲ့နိုင်သည်။ ငါ့အဖွဲ့ နိုင်သည်' ဟူ၍ ရှင်းလင်းလှစွာ ဆုံးဖြတ်ပေးမည့် စစ်ပွဲမျိုးလည်း မဟုတ်။ မည်သည့်အချိန်တစ်ချိန်၌မှာပင် သောကကင်းမဲ့စွာဖြင့် နေထိုင်၍လည်း မရ' ဟူသောပုံစံမျိုးဖြင့် အနီးစပ်ဆုံး ၁ လခန့်မျှ ကြာမြင့်ခဲ့ပေသည်။ နေ့ရောညပါ ဆွဟာဗာကြီးများနှင့် တမန်တော်မြတ် ﷺ သည် ကတုတ်ကျင်း၏ အစွန်ဖျား၌ ရန်သူ့စစ်တပ်အား စောင့်ကြပ် ကြည့်ရှုတော်မူနေပေသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်လည်း အာလိုက်သည်းလိုက် ထိုကြိုးပမ်းမှုအတွင်း၌ ပါဝင်နေလင့်ကစားသို့ရာတွင် တမန်တော်မြတ် ﷺ အတွက် ဆွဟာဗာကြီးများ၏ လွန်စွာ မခံစားနိုင်လောက်အောင်နေမထိထိုင်မသာ ဖြစ်နေသည့် အချက်သည် ပို၍ ပင်ပန်းဒုက္ခ ဖြစ်စေနေလေသည်။

တမန်တော်မြတ် ﷺ ၏ စစ်ပရိယာယ်တစ်ရပ်

တမန်တော်မြတ် ﷺ ၏ 'အိလ်မ်' (အသိပညာတော်) အတွင်း၌ 'ဂသွ်ဖားန်' မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်သည် 'ခိုင်ဗရ်' စစ်ပွဲ၌ ယဟူဒီများနှင့်အတူ ပူးပေါင်းခြင်းသည် သစ်သီးဝလံများနှင့် စွန့်ပလွှ

သီးများကို တာပ်မက်ခြင်းကြောင့်ဖြစ်ကြောင်း' ဟူသော အချက်သည် ရောက်ရှိလာပြီးဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် 'ဂသွ်ဖာန်' မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်နှစ်ဦးဖြစ်သော အုယိုက်နာဗင်န်ဟစ္စာန်နှင့် အဇုလ်ဟာရစ်ဗင်န်အမရ်တို့ထံ 'အကယ်၍ အသင်တို့သည် မိမိတို့၏ မိတ်ဆွေများအား စစ်မြေပြင်မှ ပြန်လည်၍ ခေါ်ဆောင်သွားပါမူ ကျွန်ုပ်တို့သည် အသင်တို့အား မဒီနာမြို့မှ ထွက်သော သစ်သီးဝလ် (၃) ပုံ (၁) ပုံ ပေးပေမည်' ဟူ၍ သံတမန်ကို စေလွှတ်လိုက်ပေသည်။ ဤပြောဆိုမှုသည် ကြားဒေသဒ္ဒဖြစ်ပေသည်။ ခေါင်းဆောင်နှစ်ဦးစလုံးသည် သဘောတူလက်ခံလိုက်ပေသည်။ တင်ပြပါအချက်အပေါ် လက်မှတ်ထိုးလုနီးပါး ဖြစ်ရှိသွားပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် ယင်းအမှုကိစ္စနှင့်စပ်လျဉ်း၍ ခေလေ့တော်နှင့်အညီ ဆွဟာဗာများနှင့် ညှိနှိုင်းတိုင်ပင်ရန် သဘောဆန္ဒကို ထားတော်မူလိုက်ပေသည်။ အောက်စ်နှင့် ခဇ်ရာဂျ်မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်နှစ်ဦးဖြစ်သော စအဒ်သခင်နှစ်ပါးဖြစ်သည့် စအဒ်ဗင်န်အိုဗာဒါးနှင့် စအဒ်ဗင်န်မအားဇ်တို့ကို ခေါ်ယူကာ ညှိနှိုင်းတိုင်ပင်မှုကို ပြုပေသည်။

ဟဇရတ်စအဒ်သခင်ကြီး၏ အီမာန်၏ စွဲစိတ်၊ စွဲမာန်ထကြွမှုနှင့် ခိုင်မာပြတ်သားသော ယတိပြတ် ဆုံးဖြတ်ချက်

၎င်းဆွဟာဗာနှစ်ပါးက 'အို၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ အကယ်၍ ကိုယ်တော်မြတ် ﷺ သည် ထိုအမှုကိစ္စအတွက် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ အမိန့်တော် ရောက်ရှိလာပါမူ ကျွန်ုပ်တို့သည် မည်သည့်အရာတစ်စုံတစ်ရာကို မလျှောက်ထားဝံ့ပေ။ ကျွန်ုပ်တို့သည် လက်ခံမည်သာဖြစ်ပေသည်။ သို့တည်းမဟုတ်က ဤသည် 'ကိုယ်တော်မြတ်၏ ပင်ကိုယ် အကြံဉာဏ်ဖြစ်ပါ၏လော့။' သို့မဟုတ် ကျွန်ုပ်တို့အား ဘေးဒုက္ခမှ ကယ်တင်ရန် ကြံစည်လိုက်ခြင်းသာ ဖြစ်ပါ၏လော'ဆိုသည်ကို မိန့်ခြွေတော်မူပါဟူ၍ လျှောက်တင်လိုက်သည်။

တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဤသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်လည်းမဟုတ်။ ငါကိုယ်တော်၏ သီးသန့်အကြံဉာဏ် ဆုံးဖြတ်ချက်လည်း မဟုတ်။ သို့သာမက အသင်တို့ တွေ့ကြုံနေရသော ဘေးဒုက္ခကို တွေ့မြင်ကာ ဤပုံစံကို ရွေးချယ်လိုက်ခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အဘက်ဘက်မှ ဝိုင်းရံခြင်း ခံထားရပေသည်။ တစ်ဘက်အဖွဲ့၏ အင်အားကို ဤကဲ့သို့သောနည်းဖြင့် ချက်ချင်း ချိုးဖျက်လိုတော်မူပေသည်' ဟူ၍ ဖြစ်သည်။ ဟဇရတ်စအဒ်ဗင်န်မအားဇ်သခင်ကြီးက 'အို၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကို မသိဘဲ ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်မှုလည်း မရှိဘဲ ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်သော အချိန်၌မှာပင် ၎င်းတို့ သည် ကျွန်ုပ်တို့၏ မြို့ထွက်အသီးတစ်လုံးကိုပင် တပ်မက်မှု မထားရဲကြပေ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ မြို့၌ ဧည့်သည်အဖြစ် ရောက်ရှိနေချိန်' မှအပ ဧည့်သည့်အသွင်မျိုးဖြင့် ၎င်းတို့အား ကျွေးမွေးမှုမျိုးတော့ ရှိပေသည်။ သို့မဟုတ် တစ်ဖန် ၎င်းတို့သည် ကျွန်ုပ်တို့ထံ၌ ဝယ်ယူသွားမှုမျိုးလည်း ရှိပေသည်။

ယနေ့ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား မိမိအပေါ် သိရှိခြင်း၏ 'မအ်ရေဖသ်'နှင့် အစ္စလာမ်သာသနာရေးရာ ဂုဏ်သိက္ခာကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ယနေ့ ကျွန်ုပ်တို့သည် ၎င်းတို့အား မိမိတို့၏ သစ်သီးဝလံနှင့် ပစ္စည်းဥစ္စာများကို ပေးကမ်းရမည်လော့။ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ပြေငြိမ်းရန် တစ်စုံတစ်ရာကိုမျှ မလိုအပ်ပေ။ ကျွန်ုပ်တို့သည် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့နှင့် ၎င်းတို့ကြားဝယ် ဆုံးဖြတ်ချက်ကို မချပေးသရွေ့ကာလထိတိုင် ဓါးမှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ ပေးမည်မဟုတ်။

တမန်တော်မြတ် ﷺ သည် စအဒ်သခင်ကြီး၏ ခိုင်မာသော ဆုံးဖြတ်ချက်နှင့် အီမာန်၏ ဖွဲ့စိတ်၊ ဖွဲ့မာန် ထကြွမှုကို ရှုမြင်ကာ မိမိ၏ အလိုသဘောဆန္ဒတော်ကို စွန့်လွှတ်လိုက်၍ 'အသင်တို့ ပြုလိုသကဲ့သို့ ပြုနိုင်ခွင့်ရှိပေသည်'ဟူ၍ ပြန်လည် မိန့်ကြားတော်မူလိုက်ပေသည်။ စအဒ်သခင်ကြီးသည် အပေးအယူစာချုပ်ကို ၎င်းတို့၏ လက်ဝယ်အတွင်းမှ ရယူကာ ရေးသားထားမှုကို ဖျက်ပစ်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာချုပ်အပေါ်၌ ယခုအချိန်ထိတိုင် လက်မှတ်မထိုးထားရသေးပေ။ ထိုညှိနှိုင်းအပေးအယူပြုရာ ထိုင်ဝိုင်းတွင် အသင့်ရောက်ရှိနေသော 'ဂသ္ဖာန်'ဒေသ၏ ခေါင်းဆောင်ဖြစ်သော အုယိုက်နားနှင့် ဟာရစ်တို့သည် ဆွဟာဗာသခင်ကြီးများ၏ ဤသို့ ပြင်းထန်၊ ခက်ထန်မှုနှင့် အင်အားကို တွေ့မြင်ကာ ၎င်းတို့ကိုယ်တိုင်၏ စိတ်နှလုံးသားများအတွင်းဝယ် တုန်လှုပ်ခြောက်ခြားသွားပေသည်။

ဟဇရသ်စအဒ်ဗင်နိမအားဇ်သခင်ကြီး ဒဏ်ရာရရှိသွားခြင်းနှင့် ၎င်း၏ ဒိုအာ

ကတုတ်ကျင်း၏ ဘက်နှစ်ဘက်စလုံးမှ မြှားများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်လျက် ရှိနေပေသည်။ ဟဇရသ်စအဒ်ဗင်နိမအားဇ်သခင်ကြီးသည် အမျိုးသမီးများကို ထားရှိထားသော 'ဟာရေဇား'ခံတပ်တွင် ရှိသော မိမိ၏ မိခင်ရှိရာဆီသို့ သွားရောက်ခဲ့ပေသည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးက မိန့်ဆိုသည်မှာ 'ထိုအချိန်၌ ကျွန်တော်မျိုးမသည်လည်း ယင်းခံတပ်အတွင်း၌ ရှိနေပေသည်။ အမျိုးသမီးများနှင့် စပ်လျဉ်းသော 'ပရ်ဒါ'၏အမိန့်သည် ထိုအချိန်ထိတိုင် မကျရောက်သေးပေ။ ကျွန်တော်မျိုးမသည် စအဒ်ဗင်နိမအားဇ်သခင်ကြီးအား သေးငယ်သော သံချပ်အင်္ကျီ ဝတ်ဆင်ထားသည်ကို တွေ့မြင်ရပေသည်။ အကြင်အင်္ကျီအတွင်းမှ ၎င်း၏ လက်သည် အပြင်သို့ ထွက်နေပေသည်။ ၎င်း၏ မိခင်သည် ၎င်းအား 'တမန်တော်မြတ် ﷺ နှင့်အတူ စစ်တပ်အတွင်း ပါဝင်ရန် အမြန်သွား'ဟူ၍ ပြောဆိုနေသည်ကို ကြားမိရပေသည်။ ကျွန်တော်မျိုးမသည် ၎င်း၏မိခင်အား '၎င်းအဖို့ သံချပ်ကာအင်္ကျီအကြီးရှိလျှင်မူ သာပို၍ ကောင်းမွန်ပေမည်။ ကျွန်တော်မျိုးမသည် ၎င်း၏ ခြေထောက်နှင့် လက်ကို စိုးရိမ်မကင်း ဖြစ်မိသည်'ဟူ၍ ဆိုရာ 'တစ်စုံတစ်ရာအကြောင်းမဟုတ်။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသည့်အတိုင်းသာ ဖြစ်ပေါ်သွားပေမည်' ဟူ၍ ပြန်လည်ပြောဆိုပေသည်' ဟူ၍ ဖြစ်သည်။

ဟဇရသ်စအဒ်ဗင်နိမအားဇ်သခင်ကြီးသည် စစ်ပွဲအတွင်းသို့ ရောက်ရှိသွားချိန်ဝယ် ၎င်းအား မြှားထိသွားပေသည်။ အကြင်မြှားသည် ၎င်း၏ လက်မောင်းကြောကို ဖြတ်တောက်ပစ်လိုက်ပေသည်။ ထိုအချိန်၌

ဟာဇရေသ်စအဒ်သည် ဤသို့ ဆုမွန်ဒိုအာ ပြုပေသည်။ 'အိုး, အလ္လာဟ်အသျှင်မြတ်၊ အကယ်၍ နောင်လာမည့် အနာဂတ်ကာလ၌လည်း တမန်တော်မြတ် ﷺ အား ကုရိုက်ရှ်တို့ဘက်မှ လာရောက်တိုက်ခိုက်ရန် သတ်မှတ်ထားပါက ကျွန်တော်မျိုးအား ထိုကိစ္စရပ်အတွက် အသက်ရှင်ခွင့်ကို ပေးသနားတော်မူပါ။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်မျိုး အတပ်မက်ဆုံး၊ အဖြစ်ချင်ဆုံးသော ဆန္ဒသည် ၎င်းတို့နှင့်အတူ တိုက်ခိုက် ယှဉ်ပြိုင်ရန် ဖြစ်ပေသည်။ အကြင်သူတို့သည် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခဲ့ပေသည်။ မွေးရပ်ဌာနေမှ နှင်ထုတ်ခဲ့ကြပေသည်။ တမန်တော်မြတ် ﷺ အား မဟုတ်မမှန်ဟူ၍ မတရား စွပ်စွဲ ပြောဆိုခဲ့ပေသည်။ အကယ်၍ အသျှင်မြတ်၏ 'အီလ်မ်' (အသိပညာတော်) အတွင်း၌ စစ်ပွဲ၏ ကွင်းဆက်တရား ပြီးဆုံးသွားပြီ ဆိုပါက ကျွန်တော်မျိုးအား 'ရှဟာဒသ်'၏ သေခြင်းတရားကို ချီးမြှင့်ပေးသနားတော်မူပါ။ သို့ရာတွင် ဗနူကုရိုက်ဇွာတို့ထံမှ ၎င်းတို့၏ သစ္စာဖောက်မှုအား ကလဲ့စားရယူကာ ကျွန်တော်မျိုး၏ မျက်ဝန်းအစုံ မအေးမြသရွေ့ကာလပတ်လုံး ကျွန်တော်မျိုးအား သေခြင်းတရားကို ချီးမြှင့်တော်မမူပါနှင့်။

အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဤဒိုအာနှစ်ရပ်စလုံးကို လက်ခံတော်မူလိုက်သည်။ 'အဟ်ဇာဗ်' စစ်ပွဲကို ကာဖိရ်များဘက်မှ စတင်တိုက်ခိုက် ထိုးစစ်ဆင်သော နောက်ဆုံးစစ်ပွဲအဖြစ် သတ်မှတ်ပေးလိုက်ပေသည်။ ထို့နောက် မွတ်စ္လင်မ်များ အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်း၏ ခေတ်သည် စတင်လာပေသည်။ ပထမ 'ခိုက်ဗရ်'၊ တဖန် မက္ကာဟ်ရွှေမြို့တော်နှင့် တစ်ဖန် အခြားသောမြို့များကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပေသည်။ ဗနူကုရိုက်ဇွာတို့၏ ဖြစ်အင်သည် ရှေ့၌ လာနေပေသည်။ ၎င်းတို့သည် ဖမ်းဆီးခံရပြီး ခေါ်ဆောင်လာခြင်းခံရကာ ၎င်းတို့နှင့် စပ်လျဉ်းသော အမှုကိစ္စကိုလည်း ဟာဇရေသ်စအဒ်ဗင်နံမအားဇ်သခင်ကြီး၏ လက်ဝယ်သို့ပင် အပ်နှင်းပေးလိုက်ပေသည်။ ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း 'သူပုန်များကို သတ်ဖြတ်ခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ်များကို ချုပ်နှောင်ခဲ့သည်။'

ထို 'အဟ်ဇာဗ်'စစ်ပွဲ၏ ဖြစ်အင်၌ ဆွဟာဗာသခင်ကြီးများနှင့် တမန်တော်မြတ် ﷺ သည် တစ်ညတာလုံး ကတုတ်ကျင်းအား စောင့်ကြည့်နေရပေသည်။ အကယ်၍ အချိန်တစ်ချိန်၌ အနားယူရန်အတွက် လှဲလိုက်သည်ဆိုလျှင်၊ တစ်ဘက်ဘက်မှ အနည်းငယ် ဆူညံသံကို ကြားလိုက်သည်ဆိုလျှင်ပင် တမန်တော်မြတ် ﷺ သည် လက်နက်ကို ဆွဲကိုင်လျက် စစ်မြေပြင်သို့ ကြွမြန်းလာတော်မူပေသည်။ ဟာဇရေသ်အွမ္မေ့စလ်မား သခင်မကြီးက အမိန့်ရှိသည်မှာ 'တစ်ညအတွင်း၌ ဤကဲ့သို့သော ဖြစ်အင်များ မကြာခဏ ဆိုသလို ဖြစ်ပေါ်လေ့ ရှိနေပေသည်။ တမန်တော်မြတ် ﷺ သည် အနည်းငယ် အနားယူရန်အတွက် ကြွရောက်လာတော်မူကာ အသံတစ်စုံတစ်ရာ ကြားလိုက်ရုံဖြင့် ချက်ချင်း အပြင်ဘက်သို့ ကြွမြန်းသွားတော်မူပေသည်။ အနားယူရန်အတွက် အနည်းငယ် ခါးဆန့်တော်မူရာ တစ်ဖန် အသံတစ်စုံတစ်ရာ ကြားတော်မူလိုက်သည်နှင့် အပြင်သို့ တစ်ဖန် ပြန်ကြွသွားတော်မူပေသည်'ဟူ၍ ဖြစ်သည်။

မုအ်မင်န်တို့၏ မိခင်ကြီးဖြစ်သော အွမ္မေ့စလ်မားသခင်မကြီးက မိန့်ဆိုသည်မှာ 'ကျွန်တော်မျိုးမသည် များစွာသော စစ်ပွဲများဖြစ်သည့် 'မုရိုက်စီးအ်'စစ်ပွဲ၊ 'ခိုက်ဗရ်'စစ်ပွဲ၊ 'ဟုဒိုက်ဗီယာ'စစ်ပွဲ၊ မက္ကာဟ်

မြို့တော်ကို အောင်နိုင်ခြင်းနှင့် 'ဟုနိုင်း' စစ်ပွဲများ၌ တမန်တော်မြတ် ﷺ နှင့် အတူတကွ ရှိတော်မူနေပေသည်။ တမန်တော်မြတ် ﷺ အဖို့ 'ခန်ဒက်' စစ်ပွဲထက် သာပို၍ ပင်ပန်းခက်ခဲ ဒုက္ခရောက်သော စစ်ပွဲမည်သည့်စစ်ပွဲမှ မရှိခဲ့ဘူးပေ။ ထိုစစ်ပွဲ၌ မွတ်စ္စလင်မ်များသည် ဒဏ်ရာလည်း များစွာရရှိခဲ့သည်။ လွန်စွာအေးချမ်းခြင်း၏ ဒုက္ခနှင့်အတူ စားသောက်မှု၏ လိုအပ်ချက်ရေးရာများနှင့် စပ်လျဉ်း၍ ကျပ်တည်း ကျဉ်းမြောင်းမှု ရှိကြပေသည်။ *[မဇ္ဇဟရီး]*

တမန်တော်မြတ် ﷺ သည် ထိုစစ်ပွဲ၌ နမာဇ် (၄) ကြိမ် 'ကဇ္ဇာ' ဖြစ်သွားခြင်းအကြောင်း

တစ်နေ့ ယှဉ်ပြိုင်တိုက်ခိုက်ရန် ကာဖိရ်များသည် 'မိမိတို့သည် ပူးပေါင်းကာ တစ်ပြိုင်နက်တည်း တိုက်ခိုက်ရန်နှင့် မည်သည့်နည်းတစ်နည်းနည်းဖြင့် ကတုတ်ကျင်းကို ကျော်ဖြတ်ကာ ထိုးဖောက် ဝင်ရောက်ကြရန်' ဆုံးဖြတ်ချက် ချလိုက်ကြပေသည်။ ဤသို့ ဆုံးဖြတ်ချက်ချပြီးသည့်နောက် လွန်စွာ ရွံ့ရွံ့ချံ့ချံ့ဖြင့် မွတ်စ္စလင်မ်တို့ဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် ရောက်ရှိလာကြသည်။ မြှားများဖြင့် လွန်စွာ ပစ်ကြပေသည်။ ထိုစစ်ဆင်ရေး၌ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများသည် 'အေရှာ' အချိန်၌ နမာဇ် (၄) ကြိမ်ကို စုပေါင်းကာ ဖတ်ရွတ်လိုက်ရလောက်အောင် မအားလပ်ဘဲ တိုက်ခိုက်မှုအတွင်း၌ နစ်မွန်းနေပေသည်။

တမန်တော်မြတ် ﷺ ၏ ဒိုအာ

မွတ်စ္စလင်မ်များအပေါ် ခက်ခဲပြင်းထန်မှု အဆုံးစွန်အထိ ရောက်ရှိလာသောအခါ တမန်တော်မြတ် ﷺ သည် ကာဖိရ်ရန်သူ့စစ်တပ်များအတွက် ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးရန် ဆုပန်ပေသည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး (၃) ရက် ဆက်တိုက် ဗလီဝတ်ကျောင်းတော်အတွင်း၌ ကာဖိရ်စစ်တပ်များ ရှုံးနိမ့်ထွက်ပြေးရန်နှင့် မွတ်စ္စလင်မ်များ အောင်နိုင်မှုရရှိရန်အတွက် ဆုမွန်ဒိုအာပြုလျက် ရှိနေပေသည်။ တတိယမြောက် ဗုဒ္ဓဟူးနေ့ 'ဇိုဟိုရ်' နှင့် 'အဆွရ်' ကြား အချိန်၌ ဒိုအာလက်ခံတော်မူခြင်းကို ခံရပေသည်။ တမန်တော်မြတ် ﷺ သည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဆွဟာဗာသခင်ကြီးများရှိရာ ထံတော်ပါးသို့ ကြွရောက်လာတော်မူကာ အောင်မြင်မှု၏ သတင်းကောင်းကို ပေးပေသည်။ ဆွဟာဗာသခင်ကြီးက ဆိုစမှတ်ပြုကြသည်မှာ 'ထိုအချိန်၏ နောက်ပိုင်းမှ စ၍ မည်သည့်မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်မျှ မည်သည့်ဘေးဒုက္ခ တစ်စုံတစ်ရာနှင့်မျှ ရင်မဆိုင်ရတော့ပေ' ဟူ၍ ဖြစ်သည်။ *[မဇ္ဇဟရီး]*

အောင်နိုင်မှု၏ အကြောင်းခံများ၏အစ

ရန်သူ့တပ်အတွင်း၌ 'ဂသ္ဖားန်' မျိုးနွယ်အုပ်စု၏ ကြီးမားသော အင်အားတစ်ရပ်ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်သည် ၎င်းတို့၏ အတွင်းထဲမှပင် နို့အိုင်းမ်ဗင်န်မတ်စ်အုဒ်အမည်ရှိသော သူ၏ နှလုံးသားအတွင်းဝယ် အီမာန်ကို ထည့်သွင်းပေးလိုက်ပေသည်။ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ မိမိ အစ္စလာမ်သာသနာတော် လက်ခံထားကြောင်းကို ထုတ်ဖော်

ပြောဆိုပေသည်။ 'ယခုအချိန်ထိထိုင် ကျွန်ုပ်၏ မျိုးနွယ်အုပ်စုအတွင်း၌ ရှိသော မည်သူတစ်ဦးတစ်ယောက်မျှပင် မိမိအနေဖြင့် မွတ်စလင်မ်ဖြစ်ကောင်းကို မသိရှိပေ'ဟူ၍ တစ်ပါးတည်း ပြောဆိုလိုက်ပေသည်။ 'ယခုကိုယ်တော်မြတ်အနေဖြင့် ကျွန်တော်မျိုး အစ္စလာမ်သာသနာအား မည်ကဲ့သို့ အလုပ်အကျွေးပြုစုရမည်ကို မိန့်တော်မူပါ'ဟု ပြောဆိုလေသည်။ တမန်တော်မြတ် ﷺ က 'အသင် တစ်ဦးတစ်ယောက်တည်း ဤနေရာ၌ မည်သည့် သီးသန့်အလုပ်တစ်ရပ်ကိုမဆို ဆောင်ရွက်နိုင်မည်မဟုတ်။ မိမိ၏ မျိုးနွယ်အုပ်စု ရှိရာဆီသို့ သွားရောက်ကာ ၎င်းတို့နှင့် ပူးပေါင်း၍ အစ္စလာမ်သာသနာဘက်မှ ကာကွယ်ရန် ကိစ္စတစ်စုံတစ်ရာကို ဆောင်ရွက်နိုင်မည်ဆိုလျှင် ဆောင်ရွက်ပါ'ဟူ၍ မိန့်တော်မူလိုက်ပေသည်။ နို့အိုင်းမ်ဗင်န်မတ်စ်အူးဒ်သည် အလွန် အသိဉာဏ်ရှိသောသူတစ်ဦး ဖြစ်ပေသည်။ နှလုံးသားအတွင်းမှ စီမံကိန်းတစ်ရပ်ကို ရေးဆွဲကာ တမန်တော်မြတ် ﷺ ထံမှ 'ကျွန်ုပ်သည် ၎င်းတို့ထံသို့ သွားရောက်ကာ မိမိအနေဖြင့် ကြောင်း၊ ကျိုး အခြေအနေကို ကြည့်ကာ ပြောဆိုမည့် မည်သည့်စကားကိုမဆို ပြောဆိုခွင့်ပေးပါ'ဟူ၍ လျှောက်ထားရာ တမန်တော်မြတ် ﷺ က ခွင့်ပြုတော်မူလိုက်ပေသည်။

နို့အိုင်းမ်ဗင်န်မတ်စ်အူးဒ်သည် ဤအစ္စလာမ်သာသနာ တပ်ရှိရာမှ ဗနူကုရိုက်ဇွာတို့ထံသို့ သွားရောက်ခဲ့သည်။ အကြင်သူတို့နှင့်အတူ အတိတ်ခေတ်ကာလကတည်းက ၎င်းသည် အလွန်အကျွမ်းတဝင် ရင်းနှီးခဲ့ပေသည်။ ၎င်းတို့အား 'အို၊ ဗနူကုရိုက်ဇွာမျိုးနွယ်အပေါင်းတို့၊ ကျွန်ုပ်သည် အသင်တို့နှင့်အတူ အဆွေခင်ပွန်းဟောင်း ဖြစ်သည်ကို အသင်တို့ သိရှိပါ၏လော့'ဟု ပြောဆိုရာ ၎င်းတို့က 'အသင်နှင့် ခင်မင်ရင်းနှီးရာ၌ သံသယတစ်စုံတစ်ရာမျှ မရှိ'ဟူ၍ ပြန်လည်ဖြေကြားလိုက်ပေသည်။ ထို့နောက် နို့အိုင်းမ်ဗင်န်မတ်စ်အူးဒ်သခင်ကြီးသည် ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ပိုင်းများအား ကောင်းကျိုးကို လိုလားကာ ဆုံးမသော အသွင်ဟန်မျိုးဖြင့် 'အသင်တို့သည် ကောင်းစွာ သိရှိကြပါသည်။ ၎င်းမှာ မက္ကာဟ်မြို့သားများဖြစ်သော ကုရိုက်ရှ်လူမျိုးတို့သည်လည်းကောင်း၊ သို့မဟုတ် ကျွန်ုပ်တို့၏ 'ဂသွ်ဖာန်'မျိုးနွယ်ဝင်များသည်လည်းကောင်း၊ သို့မဟုတ် အခြားသော ယဟူဒီမျိုးနွယ်ဝင်များသည်လည်းကောင်း ၎င်းတို့၏ ဌာနေသည် ဤအရပ်ဒေသ မဟုတ်ပေ။ ဤသူတို့သည် အကယ်၍ ရှုံးနိမ့်ကာ ထွက်ပြေးသွားမည် ဆိုပါကလည်း ဆုံးရှုံးမှုတစ်စုံတစ်ရာမျှရှိမည် မဟုတ်ပေ။ အသင်တို့၏ အမှုကိစ္စသည် ၎င်းတို့အားလုံးဖြင့် ကွဲပြားနေပေသည်။ မဒီနာမြို့သည် အသင်တို့၏ ဌာနေဖြစ်ပေသည်။ အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် ဇနီးသည်များသည် ဤမဒီနာမြို့၌ ရှိပေသည်။ အကယ်၍ အသင်တို့သည် ထိုသူတို့နှင့် ပူးပေါင်းကာ စစ်တိုက်ခိုက်ရာ နောက်ပိုင်း၌ ဤသူတို့ ရှုံးနိမ့်ကာ ထွက်ပြေးသွားမည်ဆိုပါက အသင်တို့ မည်ကဲ့သို့ ဖြစ်သွားပေမည်နည်း။ အသင်တို့ တစ်အုပ်စုတည်းအနေဖြင့် မွတ်စလင်မ်များကို တိုက်ခိုက်နိုင်ပါ၏လော့။

ထို့ကြောင့် ကျွန်ုပ်သည် အသင်တို့၏အဖို့သာ ကောင်းရာကောင်းကျိုးကို မျှော်တွေး၍ အကြံပြုလိုသည်မှာ အသင်တို့သည် ၎င်းတို့ဘက်မှ ရှိသော သီးသန့်ခေါင်းဆောင်ပိုင်းများ၏ အရေအတွက်တစ်ရပ်ကို အသင်တို့ထံပါးမှ ပေါင်နှံမှုအဖြစ် မထားရှိသရွေ့ ကာလပတ်လုံး အသင်တို့သည် ၎င်းတို့နှင့် စစ်ဆင်နွှဲမှုကို မပြုလေနှင့်။ အကြောင်းမှာ ၎င်းတို့သည် အသင်တို့အား မွတ်စလင်မ်တို့၏ လက်ဝယ် အပ်နှင်း၍

ထွက်ပြေးမသွားစေရန် ဖြစ်သည်’ဟူ၍ ပြောဆိုပေသည်။ ဗနူကုရိုက်ဇွာတို့သည် ၎င်းဘက်မှ အကြံပြုလာသော တင်ပြချက်ကို ကောင်းမွန်သည်ဟု မှတ်ယူထားကြပေသည်။ တန်ဖိုးလည်း ထားကြကာ ‘အသင်သည် အလွန်ကောင်းသော တင်ပြချက်ကို ပြောဆိုခဲ့သည်’ဟု ဆိုစမှတ် ပြုကြပေသည်။

ထို့နောက် နုအိုင်းမ်ဗင်နမတ်စ်အူးဒ်သည် ကုရိုက်ရှ်တို့၏ ခေါင်းဆောင်ပိုင်းများထံ ရောက်ရှိသွားကာ ဤသို့ ပြောဆိုပေသည်။ ‘ကျွန်ုပ်သည် အသင်တို့၏ မိတ်ဆွေဖြစ်ကြောင်းနှင့် မိုဟမ္မဒ် ﷺ နှင့် မပတ်သက်ကြောင်းကို အသင်တို့သည် သိရှိကြပေသည်။ ကျွန်ုပ်တို့ထံသို့ သတင်းတစ်ရပ် ရောက်ရှိလာပေသည်။ အသင်တို့အဖို့ ကောင်းကျိုးဖြစ်မည်ဟူ၍ တွေးထင်ထားခြင်းကြောင့် ထိုသတင်းကို အသင်တို့အား ပြောပြမည်ဖြစ်သည်။ သို့ရာတွင် စည်းကမ်းချက်မှာ အသင်တို့သည် ကျွန်ုပ်၏ အမည်ကို မဖော်ထုတ်ရန် ဖြစ်သည်။ ထိုသတင်းမှာ ဤသို့တည်း။ ဗနူကုရိုက်ဇွာတို့သည် အသင်တို့နှင့် ပဋိညာဉ်ကို ခံဝန်မှုပြုပြီးနောက် မိမိတို့၏ ဆုံးဖြတ်ချက်အပေါ် နောင်တရ၍နေပေသည်။ ထိုသို့ အရှက်တရား၊ နောင်တရခြင်းကို မိုဟမ္မဒ် ﷺ ထံသို့ ဤသို့ ပြောဆိုကာ အသိပေးလိုက်သည်။ ‘ကျွန်ုပ်တို့သည် ကုရိုက်ရှ်နှင့် ‘ဂဿဖာန်’မျိုးနွယ်၏ အချို့သော ခေါင်းဆောင်ပိုင်းများကို အသင့်လက်ဝယ် အပ်နှံပါမည်။ ၎င်းတို့အား သတ်ဖြတ်လိုက သတ်ပစ်လိုက်ပါ။ ထို့နောက် ကျွန်ုပ်တို့သည် အသင်တို့နှင့် ပြန်လည်ပူးပေါင်းကာ စစ်တိုက်ရာ၌ ကူညီတိုက်ကြပါမည်။ အသင် လက်ခံနိုင်ပါ၏လော။ မိုဟမ္မဒ် ﷺ သည် ထိုအချက်ကို သဘောတူလက်ခံလိုက်ပြီး၊ ‘ယခုမူ ဗနူကုရိုက်ဇွာတို့သည် အသင်တို့ထံမှ ပေါင်နှံသည့်သဘောမျိုးဖြင့် အချို့သော ခေါင်းဆောင်ပိုင်းများကို အသင်တို့ထံမှ တောင်းဆိုပေလိမ့်မည်။ ယခု အသင်တို့သည် မိမိတို့၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ကိုယ်တိုင် စဉ်းစားတွေးခေါ်ရန် ဖြစ်ပေသည်’ ဟူ၍ ပြောကြားခဲ့သည်။

ထို့နောက် နုအိုင်းမ်ဗင်နမတ်စ်အူးဒ်သည် မိမိ၏ မျိုးနွယ်အုပ်စုဖြစ်သော ‘ဂဿဖာန်’အုပ်စုရှိရာဆီသို့ ပြန်လည်သွားရောက်ကာ ဤသတင်းကိုသာလျှင် ထပ်မံ အသိပေးလိုက်ပြန်ပေသည်။ ထိုသို့ သတင်းပေးလိုက်ခြင်းနှင့်အတူ အဗူစွဖ်ယားန်သည် ကုရိုက်ရှ်တို့၏ဘက်မှ အိက်ရိမားဗင်နအဘူဂျဟလ်ကိုသော်လည်းကောင်း၊ ‘ဂဿဖာန်’မျိုးနွယ်ဘက်မှ ဝရ်ကဟ်ဗင်နဂဿဖာန်ကိုသော်လည်းကောင်း ဤသို့ အောက်ဖော်ပြပါကိစ္စရပ်ကို ပြုလုပ်ရန်အတွက် ရွေးချယ်သတ်မှတ်လိုက်ပေသည်။ ၎င်းတို့သည် ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စုထံသို့ သွားရောက်ကာ ‘ယခု ကျွန်ုပ်တို့၏ စစ်လက်နက်ပစ္စည်း ကိရိယာများသည် ကုန်ဆုံး၍သွားပေသည်။ ကျွန်ုပ်တို့၏ လူများသည်လည်း စစ်ပွဲများကို ဆက်တိုက်ဆက်တိုက် တိုက်ခိုက်နေရခြင်းကြောင့် မောပမ်းလျက် ရှိနေကြပေသည်။ ကျွန်ုပ်တို့သည် အသင်တို့ဘက်မှ ပြုထားသော ခံဝန်ချက်နှင့်အညီ အသင်တို့ဘက်မှ ပူးပေါင်းကူညီမှုကို စောင့်မျှော်လျက် ရှိနေပေသည်’ဟူ၍ ပြောဆိုရန်ဖြစ်ပေသည်။ ဗနူကုရိုက်ဇွာတို့သည် ၎င်းတို့အား မိမိတို့၏ ခံဝန်ချက်နှင့်အညီ ‘ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ စစ်ပွဲ၌ အသင်တို့၏ မျိုးနွယ်အုပ်စု (၂) အုပ်စုအတွင်း၌ရှိသော ခေါင်းဆောင်ပိုင်းအချို့ကို ကျွန်ုပ်တို့ထံ၌ ပေါင်နှံသည့် ပုံစံမျိုးဖြင့် မပို့ပေးသရွေ့ ကာလပတ်လုံး အတူတကွ ယှဉ်နွဲမည်မဟုတ်’ဟူ၍ အဖြေပေးလိုက်ပေသည်။ အိက်ရိမားနှင့် ဝရ်ကားဟ်သည် ဤသတင်းကို အဗူစွဖ်ယာန်အား အသိပေးလိုက်ပေသည်။

သို့ရှိရာ ကုရိုက်ရှ်နှင့် 'ဂသ်ဖားန်' မျိုးနွယ်အုပ်စု၌ ရှိသော ခေါင်းဆောင်များသည် နဗီအိုင်းမ်ဗင်န်မတ်စ်အုး၃် လာရောက်ပို့ပေးသော သတင်းသည် မှန်ကန်သည်'ဟု ယုံကြည်လိုက်ကြပေသည်။ ထို့နောက် ဗနူကုရိုက်ဇွာ တို့အား 'ကျွန်ုပ်တို့သည် မိမိတို့၏ လူတစ်ဦးကိုမျှ အသင်တို့ထံသို့ အပ်နှင်းမည်မဟုတ်။ တစ်ဖန် အသင်တို့ သည် ကျွန်ုပ်တို့နှင့်တွဲ၍ တိုက်ခိုက်လိုပါက တိုက်ခိုက်ခွင့် ရှိပေသည်။ မတိုက်ခိုက်လိုပါက မတိုက်ခိုက်ခွင့် ရှိပေသည်'ဟူ၍ ပြောဆို မှာကြားလိုက်ပေသည်။ ဗနူကုရိုက်ဇွာတို့သည် ဤအခြေအနေကို တွေ့မြင်ကာ နဗီအိုင်းမ်ဗင်န်မတ်စ်အုး၃် ပြောဆိုသော စကားအပေါ် သာပို၍ ယုံကြည်သွားပေသည်။ ဤကဲ့သို့ဖြင့် အလ္လာဟ် အသျှင်မြတ်သည် ရန်သူ့အုပ်စုအတွင်းမှ လူတစ်ဦး၏ အမှီသဟဲဖြင့် ၎င်းတို့၏ အချင်းချင်းကြားဝယ် ကစဉ့် ကလျား၊ အကွဲကွဲအပြားပြားဖြစ်မှုကို ထည့်သွင်းပေးကာ ၎င်းတို့၏ တည်တံ့မြဲမြံစွာ ရပ်တည်မှုကို ချိုးဖျက် ပစ်လိုက်ပေသည်။

ထိုအချက်နှင့်အတူ ဒုတိယမိုးကောင်းကင်ကျ ပြစ်ဒဏ်သည် ၎င်းတို့အပေါ် ဤသို့ ကျရောက် လာပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်ပြင်းထန်သော လေအေးတစ်ခုကို ၎င်းတို့အပေါ် လွှမ်းမိုး ကျရောက်စေတော်မူလိုက်ပေသည်။ အကြင်လေသည် ၎င်းတို့၏ ရွက်ဖျဉ်တဲများကို အောက်ခြေမှ တွန်းလှန် ပစ်၍ အိုးများသည် မီးဖိုများမှ လွင့်ပျံသွားပေသည်။ ဤအပေါ်ယံ အပြစ်ဒဏ်အကြောင်းခံများကိုမူ အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့၏ တည်တံ့မြဲမြံ၊ ရပ်တည်မှုကို ဖြိုဖျက်ရန်အတွက် ပေါ်ပေါက်စေတော်မူလိုက် ခြင်း ဖြစ်ပေသည်။ ထို့ထက်သာပို၍ မိမိ၏ ကောင်းကင်တမန်တော်များကို စေလွှတ်လိုက်ပေသည်။ အကြင် ကောင်းကင်တမန်တော်များသည် နာမ်ပိုင်းဆိုင်ရာ ၎င်းတို့၏ စိတ်နှလုံးသားများအပေါ် ကြောက်ရွံ့မှုကို လွှမ်းမိုးစေလိုက်ပေသည်။ ထိုအချက်နှစ်ရပ်စလုံး၏ အကြောင်းကို တင်ပြလျက်ရှိနေသော အာယသ်တော် များ၏ အစ၌ ဤသို့ တင်ပြထားပေသည်။

فَأَرْسَلْنَا عَلَيْهِمْ رِيحًا وَّجُنُودًا لَّمْ تَرَوْهَا

ထို့နောက် ငါအသျှင်မြတ်သည် စစ်တပ်များအပေါ်၌ လေပြင်းတစ်ခုကိုသော်လည်းကောင်း၊ အသင် တို့ မမြင်ကြရသော စစ်တပ်များ၊ ကောင်းကင်တမန်များကိုလည်းကောင်း စေလွှတ်တော်မူခဲ့၏။

[၃၃ : ၉]

အထက်တင်ပြပါ အချက်များ၏ အကြောင်းဆက်တရားမှာ '၎င်းတို့သည် နောက်ကြောင်းပြန်လှည့် ရခြင်းမှအပ အခြားမည်သည့်အချက်တစ်ချက်မှ မကျန်ရှိတော့ပေ' ဟူ၍ ဖြစ်ပေသည်။

ဟဇရသ်ဟုဇိုက်ဖားသခင်ကြီးသည် ရန်သူ့စစ်တပ်အတွင်းသို့ သွားရောက်ခြင်းနှင့် သတင်း ရယူလာခြင်း

ဒုတိယတစ်ဘက်၌ တမန်တော်မြတ် ﷺ သည် နဗီအိုင်းမ်ဗင်န်မတ်စ်အုး၃်သခင်ကြီး၏ ပြုမူဆောင်ရွက် ချက်နှင့် ရန်သူ့စစ်တပ်များကြားအတွင်းဝယ် ကသောင်းကနင်း ဖြစ်သွားခြင်း၏ ဖြစ်အင်များကို သတင်း

ကြားတော်မူသောအခါဝယ် 'မိမိတို့၏ ဘက်မှ လူတစ်ဦးကို ရန်သူ့စစ်တပ်ရှိရာဆီသို့ စေလွှတ်၍ ၎င်းတို့၏ ဆုံးဖြတ်ချက်ဆန္ဒများ မည်သို့ ရှိသည်ကို' သိရှိလိုတော်မူပေသည်။ သို့ရာတွင် ရန်သူများရှိရာဆီသို့ စေလွှတ်ထားသော အလွန်အေးမြသော လေထုအေးသည် မဒီနာရွှေမြို့တော်တစ်မြို့လုံးအပေါ် လွှမ်းခြုံ၍ နေပေသည်။ မွတ်စ္လင်မ်တို့သည်လည်း ထိုရာသီဥတုအေးမြမှုကြောင့် အအေးဒဏ်ကို ခံနေရသည့် ညဥ့်အချိန် ဖြစ်ပေသည်။ ဆွဟာဗာသခင်ကြီးများသည်လည်း တစ်နေ့တာလုံး စွမ်းစွမ်းတမံ ကြိုးစားတိုက်ခိုက်မှုကြောင့် မောပန်းနွမ်းလျကြကာ လွန်စွာ အေးမြသည့်အတွက်ကြောင့် ကျုံ့ကာကျုံ့ကာ ထိုင်နေကြပေသည်။ တမန်တော်မြတ် ﷺ သည် အသင့်ရှိနေသော ဆွဟာဗာပရိသတ်ကြီးများအား 'ရန်သူ့စစ်တပ်အတွင်းသို့ သွားရောက်ကာ ၎င်းတို့၏ သတင်းကို ရယူပေးမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'ဂျန္နသ်'သုခဘုံသို့ ရောက်စေမည်ဖြစ်သည်။ သို့ရှိရာ မည်သူရှိပေသနည်း။ ရပ်၍ ပြသကုန်'ဟူ၍ မိန့်မြွက်တော်မူလိုက်ပေသည်။ အသက်ကိုပဓါနမထားဘဲ အသက်ပေးစွန့်လှူဝံ့သော ဆွဟာဗာကြီးများ ဖြစ်ပေသည်။ သို့ရာတွင် 'မည်သူမျှ ထ၍ မရပ်ပြနိုင်လောက်အောင်' အခြေအနေများက အကြပ်ကိုင်ထားပေသည်။ တမန်တော်မြတ် ﷺ သည် နမာဇ်ဝတ်ပြုမှုအတွင်း၌ နစ်မွန်းသွားပေသည်။ အချိန်အနည်းငယ်ထိ ကြာမြင့်အောင် နမာဇ်ဝတ်ပြုပြီးနောက်တစ်ဖန် ဆွဟာဗာကြီးများ အစုအဝေးရှိရာဆီသို့ 'မည်သူသည် ရန်သူ၏ စစ်တပ်ရှိရာဆီသို့ သွားရောက်ကာ ငါကိုယ်တော်အား သတင်းပေးမည့်သူ ရှိပါ၏လော။ ထိုလုပ်ရပ်၏ အစား၌ ၎င်းသည် 'ဂျန္နသ်'သုခဘုံကို ရရှိပေလိမ့်မည်'ဟူ၍ မိန့်တော်မူရာ ဤအကြိမ်အခါ၌လည်း အားလုံးသောသူတို့၏ အပေါ် တိတ်ဆိတ်မှုသည် လွှမ်းမိုးနေပေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထ၍ မရပ်ကြပေ။ တမန်တော်မြတ် ﷺ သည် တစ်ဖန် နမာဇ်ဝတ်ပြုမှုအတွင်း၌ မွေ့လျော်သွားပြန်လေသည်။ အချိန်အနည်းငယ် ကြာမြင့်ပြီးနောက် တစ်ဖန်တတိယအကြိမ် 'အကြင်သူသည် ဤကဲ့သို့ ဆောင်ရွက်ပေးမည်ဆိုပါက ထိုသူသည် 'ဂျန္နသ်'သုခဘုံအတွင်း၌ ငါကိုယ်တော်နှင့်အတူ စံမြန်းရပေလိမ့်မည်'ဟူ၍ ထပ်မံ မိန့်မြွက်တော်မူပြန်လေသည်။ သို့ရာတွင် မျိုးနွယ်အုပ်စုတစ်အုပ်စုလုံးသည် တစ်နေ့တာလုံး လွန်စွာပင် ပင်ပန်းမှုကြောင့်သော်လည်းကောင်း၊ အချိန်များစွာ ဆာလောင်ငတ်မွတ်မှုကြောင့်သော်လည်းကောင်း၊ အထက်မှ ရာသီဥတု၏ လွန်စွာ အေးမြမှုကြောင့်သော်လည်းကောင်း မည်သူမျှ ထ၍ မရပ်နိုင်ရလောက်အောင် အားအင်ကုန်ခမ်း မောပန်းနွမ်းလျ၍ နေပေသည်။

ဟဒီးစ်တော်ကို ဆင့်ပြန်သော ဟဇရသ်ဟုဇိုက်ဖဟ်ဗင်နယမာန်းသခင်က ဤသို့ မိန့်ဆိုပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် ကျွန်ုပ်၏ အမည်ကို ကိုင်ကာ 'ဟုဇိုက်ဖား၊ အသင် သွားပါ'ဟု မိန့်တော်မူလိုက်ပေသည်။ ကျွန်ုပ်၏ အခြေအနေမှာလည်း အားလုံးသောသူတို့၏ အခြေအနေကဲ့သို့ပင် ဖြစ်ပေသည်။ သို့ရာတွင် အမည်ကို ကိုင်ကာ အမိန့်ပေးတော်မူလိုက်သည့်အပေါ် အမိန့်နာခံရန်မှတစ်ပါး အခြားမည်သည့်အချက် တစ်စုံတစ်ရာမျှ မရှိတော့ပေ။ ကျွန်ုပ်သည် ထ၍ ရပ်လိုက်ပေသည်။ ရာသီဥတု အေးမြမှုကြောင့် ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ခိုက်ခိုက်တုန်ပေသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏ မင်္ဂလာရှိတော်မူသော လက်တော်ဖြင့် ကျွန်ုပ်၏ ဦးခေါင်းနှင့် မျက်နှာကို ပွတ်သပ်ပေး၍ 'ရန်သူ့စစ်တပ်ရှိရာဆီသို့ သွားကုန်။ ငါကိုယ်တော်ထံ သတင်းကိုသာ လာရောက်ပို့ဆောင်ကုန်။ ငါကိုယ်တော်ထံ ပြန်လည်

မရောက်ရှိလာသရွေ့ ကာလပတ်လုံး မည်သည့်ကိစ္စရပ် တစ်စုံတစ်ရာကိုမျှ မပြုလုပ်လေနှင့်'ဟူ၍ မိန့်တော်မူပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ကျွန်ုပ်အဖို့ ထိန်းသိမ်းစောင့်ရှောက်မှု ရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဒိုအာပြုပေသည်။ ကျွန်ုပ်သည် မိမိ၏ မြှားတံနှင့် မြှားကိုင်းကို မ,ယူ၍ မိမိ၏ အင်္ကျီကို မိမိ၏ ခန္ဓာကိုယ်ပေါ် တင်၍ ချီကာ ရန်သူများရှိရာဆီသို့ ထွက်လာခဲ့လေသည်။

ကျွန်ုပ်တည်ရှိရာ နေရာမှ စတင်ထွက်ခွာလာပါမူ အံ့ဖွယ်ကောင်းသော ဖြစ်အင်ကို ဤသို့ တွေ့မြင်ရပေသည်။ ကျွန်ုပ်တို့၏ တဲများအတွင်း ထိုင်နေစဉ်ကာလ၌ ခိုက်ခိုက်တုန်၍ ချမ်းစိမ့်ချမ်းစိမ့် ဖြစ်နေမှုသည် ပပျောက်သွားပေသည်။ ကျွန်ုပ်သည် နေပူ၊ လေပူအတွင်း၌ လျှောက်နေသကဲ့သို့ ခံစားမိလေသည်။ နောက်ဆုံး ကျွန်ုပ်သည် ရန်သူ့စစ်တပ်အတွင်းသို့ ရောက်ရှိသွားခဲ့ပေသည်။ ကျွန်ုပ်သည် 'လေမုန်တိုင်းက ၎င်းတို့၏ ရွက်ဖျင်တဲများကို အမြစ်မှ ဆွဲလှန်ကာ အိုးများ ဇောက်ထိုးပြောင်းပြန် ဖြစ်နေသည်'ကို တွေ့မြင်ရပေသည်။ အဗူစွဖ်ယားန်သည် မီးပုံဘေး၌ ထိုင်ကာ မီးလှုံနေပေသည်။ ကျွန်ုပ်သည် ဤအချင်းအရာကို တွေ့မြင်ကာ မြှားတံကို မြှားကိုင်း၌ တပ်ဆင်ကာ အဗူစွဖ်ယားန်အား ပစ်တော့မည့်အခိုက် 'ထိုနေရာမှ ငါကိုယ်တော်ထံ ပြန်မရောက်သေးသရွေ့ ကာလပတ်လုံး မည်သည့်အမှုကိစ္စ တစ်စုံတစ်ရာကိုမျှ မဆောင်ရွက်လေနှင့်'ဟူသော တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်ကို ပြန်လည် သတိရလာကာ လုံး၀ ပစ်ကွင်းအတွင်းသို့ ရောက်ရှိနေသော အဗူစွဖ်ယားန်ကို မပစ်တော့ဘဲ ထိုမိန့်မြွက်ချက်ကို မှတည်၍ မြှားတံကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

အဗူစွဖ်ယားန်သည် ရာသီဥတု အခြေအနေများကြောင့် သောကဝေဖြာကာ ပြန်ရန် ကြေညာလိုပေသည်။ သို့ရာတွင် ထိုကိစ္စရပ်အတွက် 'မျိုးနွယ်အုပ်စုရှိရာ တာဝန်ရှိသူများဖြင့် စကားပြောဆိုရန်' အရေးကြီးပေသည်။ ညဉ့်၏ အမှောင်ထုနှင့် တိတ်ဆိတ်မှုအတွင်း၌ 'စုံထောက်တစ်ဦးတစ်ယောက် ရှိကောင်း ရှိမည်ဖြစ်ပြီး ၎င်းတို့ ပြောဆိုမည့်စကားကို ကြားသွားမိမည်'ကိုလည်း စိုးရိမ်မိပေသည်။ ထို့ကြောင့် အဗူစွဖ်ယားန်သည် ပါးနပ်စွာဖြင့် ဤသို့ ပြုလုပ်လိုက်ပေသည်။ စကားမပြောမီအလျင် လူထုတစ်ရပ်လုံး အား 'လူတိုင်းသည် မိမိ၏ နံဘေး၌ ရှိသော သူကို ကြည့်ရှုပါလေ။ သို့မှသာ အခြားသူစိမ်းတစ်ဦးတစ်ယောက် သည် ကျွန်ုပ်တို့၏ စကားကို မကြားနာမိစေရန်'ဟူ၍ ကြေညာလိုက်ပေသည်။

ဟာဇရသ်ဟုဇိုက်ဖဟ်သခင်ကြီးက အမိန့်ရှိပေသည်။ ယခု ကျွန်ုပ်သည် မိမိနှင့် တန်းတူယှဉ်တွဲ ထိုင်လျက် ရှိနေသူက ကျွန်ုပ်အား 'အသင် မည်သူနည်း'ဟု မေးလာမည့် မေးခွန်းကို စိုးရိမ်မိပေသည်။ သို့ဆိုလျှင် ကျွန်ုပ်၏ လျှို့ဝှက်အကြံအစည်သည် ပေါ်သွားမည်ဖြစ်ပေသည်။ ၎င်း (ဟုဇိုက်ဖား) သည် အလွန် ရဲရင့်ပါးနပ်စွာဖြင့် ကိုယ်တိုင် လက်ဦးမှုကို ရယူ၍ မိမိနှင့် ယှဉ်လျက် ရှိနေသော သူအား လက်ဖြင့် ပုတ်ကာ 'အသင်မည်သူနည်း'ဟူ၍ မေးမြန်းလိုက်ပေသည်။ ၎င်းက 'အံ့သြရလေခြင်း၊ အသင် ကျွန်ုပ်ကို မသိရှိပါ၏လော။ ကျွန်ုပ်သည် မည်သူ၏ သား မည်သူဖြစ်သည်'ဟူ၍ ပြောဆိုပေသည်။ ၎င်းသည် ဟာဝါဇင်းန်မျိုးနွယ်အုပ်စု၌ နေထိုင်သောသူဖြစ်ပေသည်။ ဤကဲ့သို့သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဟာဇရသ်ဟုဇိုက်ဖဟ်သခင်ကြီးကို အဖမ်းခံရခြင်းမှ ကယ်တင်ပေးလိုက်ပေသည်။

အဟ္ဇာဗ်ဖွဲ့ဖယားန်သည် လူထုအတွင်း၌ မိမိ၏လူများသာ ရှိပြီး အခြားသူစိမ်းတစ်ယောက်မျှ မရှိကြောင်းကို စိတ်ချသွားသောအခါ ၎င်းသည် သောကရောက်ရှိနေရသည့် အခြေအနေများ၊ ဗနူကုရိုက်ဇာမျိုးနွယ်အုပ်စုတို့၏ ကတိမတည်ကြည်မှုနှင့် စစ်အသုံးအဆောင်ပစ္စည်း စားရိက္ခာများ ကုန်ခမ်းသွားနေခြင်း၏ဖြစ်အင်များကို တင်ပြကာ ဤသို့ဆိုလေသည်။ ကျွန်ုပ်၏ သဘောမှာ 'အသင်တို့အားလုံး နောက်ကြောင်းပြန်လှည့်ရန် ဖြစ်သည်။ ကျွန်ုပ်လည်း ပြန်မည်ဖြစ်သည်' ဟူ၍ ပြောဆိုလိုက်ရာ ထိုအချိန်၌ပင် စစ်တပ်အတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်ကာ အားလုံးပြန်သွားကြပေသည်။

ဟဇရသ်ဟုဇိုက်ဖဟ်သခင်ကြီးက အမိန့်ရှိပေသည်။ ကျွန်ုပ်သည် ရန်သူများရှိရာ နေရာမှ ပြန်လာပါမှု 'မိမိ၏ ဘေးဝန်းကျင်း၌ အအေးဒဏ်မှ ရှောင်ရှားပေးစေရန် လေပူများ ဝိုင်းရံလျက် ရှိနေကြောင်း' ကို ခံစားမိပေသည်။ ပြန်လည်ရောက်ရှိလာသောအခါဝယ် တမန်တော်မြတ် ﷺ သည် နမာဇ်ဝတ်ပြုမှုအတွင်း၌ နစ်မွန်းနေပေသည်။ စလာမ်လှည့်တော်မူလိုက်သောအခါဝယ် ကျွန်ုပ်သည် တွေ့ကြုံခဲ့ရသော ဖြစ်အင်ကို တင်ပြလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် ထိုဝမ်းမြောက်ဖွယ် သတင်းကို ကြားတော်မူသောအခါ ပျော်ရွှင်တော်မူသွား၍ 'ညဥ့်အမှောင်ထုအတွင်းဝယ် မင်္ဂလာရှိတော်မူသော သွားတော်များ၏ တောက်ပမှုကိုပင် မြင်တွေ့လိုက်ရလောက်အောင်' ပြုံးရယ်တော်မူလိုက်ပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ကျွန်ုပ်အား မိမိ၏ ခြေထောက်အောက်၌ နေရာပေးတော်မူပေသည်။ ကိုယ်တော်မြတ် ﷺ သည် မိမိခြုံထားသည့် စောင်တော်၏ အစိတ်အပိုင်းတစ်ရပ်ကို ခြုံပေးတော်မူရာ ကျွန်ုပ်သည် နောက်ဆုံး အိပ်ပျော်သွားပေသည်။ နံနက် မိုးသောက်ယံအချိန်သို့ ရောက်ရှိလာရာ တမန်တော်မြတ် ﷺ သည် **قم يانومان** (အို၊ အလွန်အိပ်သူ၊ ထလော့) ဟူ၍ပင် ဆိုကာ နှိုးတော်မူလိုက်ပေသည်။

နောင်လာမည့်ကာလ၌လည်း ကာဖိရ်များ၏ သတ္တိ၊ ဝီရိယ၊ ဇွဲများ ကျဆင်းသွားမည် ဖြစ်ကြောင်း၏ သတင်းကောင်း

ဆွဟီးဟ်ဘိုခါရီကျမ်းအတွင်း၌ ဟဇရသ်စုလိုင်မာန်ဗင်နစ္စရ်ဒ်သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ 'အဟ်ဇာဗ်' စစ်ပွဲမှ ပြန်လည်ကြွမြန်းလာသောအချိန်၌ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူပေသည်။

الآن نغزوهم ولا يغزوننا نحن نسير اليهم

ယခုအချိန်မှစ၍ ၎င်းတို့သည် ကျွန်ုပ်တို့အား လာရောက်တိုက်ခိုက်တော့မည် မဟုတ်ပေ။ သို့သာမက ကျွန်ုပ်တို့သည်သာလျှင် ၎င်းတို့အား သွားရောက် တိုက်ခိုက်မည်ဖြစ်ကာ ၎င်းတို့၏ တိုင်းပြည်နိုင်ငံများကို ချီတက်တိုက်ခိုက်ကြမည် ဖြစ်သည်။ *[မဇ္ဈဟရီ]*

ဤသို့ မိန့်မြွက်ပြီးနောက် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများသည် မဒီနာမြို့တော် အတွင်းသို့ ပြန်လည်ကြွမြန်းသွားကြပေသည်။ နောက်ထပ် တစ်လကြာမြင့်ပြီးသည့် နောက်မှသာ မွတ်စ္စလင်မ်များသည် မိမိတို့၏ လက်နက်များကို ပြန်လည် သိမ်းလိုက်ကြပေသည်။

သတိပေးချက် ။ ။ ဟဇရသ်ဟုဇိုက်ဖား ﷺ သခင်ကြီး၏ ဤဖြစ်အင်သည် မှန်ကန်သော မွတ်စ္စလင်မ် ကျမ်းအတွင်း၌ ပါရှိပေသည်။ ဤသည် သီးသန့်သံဝေဂတရားကို ပေးသော သင်ခန်းစာတစ်ရပ် ဖြစ်ပေသည်။ အကြောင်းဖြစ်အင်အတွင်း၌ များစွာသော လမ်းညွှန်ချက်များနှင့် တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇဟ်' (တန်ခိုးတော်များ) ပါဝင်ထားပေသည်။ စဉ်းစားတွေးတောသောသူများအဖို့ ၄င်းတို့ကိုယ်တိုင် သိနားလည် သွားပေလိမ့်မည်။ အကျယ်ချဲ့အချက်အနေဖြင့် ရေးသားရန် မလိုအပ်ပေ။

ဗနူကုရိုက်ဇွာ စစ်ပွဲ

ယခုပင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများသည် မဒီနာရွှေမြို့တော်သို့ ရောက်ခိုက်ပင် ရှိပေသေးသည်။ ရုတ်တရက် ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် ဟဇရသ်ဒဟ်ယာကလ်ဗီ၏ အသွင်ဖြင့် ကြွရောက်လာတော်မူကာ 'ကိုယ်တော်တို့သည် လက်နက်များကို သိမ်းနေလင့်ကစား ကောင်းကင် တမန်တော်များသည် မိမိတို့၏ လက်နက်များကို မသိမ်းကြသေးပေ။ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော် မြတ် ﷺ အား ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စုတို့အား သွားရောက်တိုက်ခိုက်ရန် အမိန့်ပေးတော်မူလိုက်ပေသည်။ ကျွန်တော်မျိုးသည် ယင်းအရပ်ဒေသရှိရာဆီသို့ ရှေ့မှသွားနှင့်မည် ဖြစ်သည်' ဟူ၍ လျှောက်ထားပေသည်။

တမန်တော်မြတ် ﷺ သည် မဒီနာရွှေမြို့တော်အတွင်း၌ အသံပြု သတင်းပေး ပြောဆိုရန်အတွက် အသံပြု သတင်းပေးမည့်သူတစ်ဦးကို စေလွှတ်လိုက်ပေသည်။ အကြင်သူသည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်ဖြစ်သော

لايصلين احد العصر الا فى بنى قريظة

('မည်သူတစ်ဦးတစ်ယောက်မျှ ဗနူကုရိုက်ဇွာ အရပ်ဒေသထိတိုင် မရောက်ရှိသရွေ့ ကာလပတ်လုံး 'အစွရ်နမာဇ်' ကို ဝတ်မပြုလေနှင့်) ကို လူတို့အား လိုက်လံပြောကြား သတင်းပေးစုရုံးပေသည်။

ဆွဟာဗာသခင်ကြီးများအားလုံးသည် ထိုဒုတိယစစ်ရေးအတွက် ချက်ချင်း အသင့်ပြင်ကာ ဗနူ ကုရိုက်ဇွာ အရပ်ဒေသရှိရာဘက်သို့ ကြွမြန်းသွားကြပေသည်။ လမ်း၌ 'အစွရ်' အချိန် ရောက်ရှိလာသောအခါ အချို့သော သူများသည် တမန်တော်မြတ် ﷺ ၏ အမိန့် အပေါ်ယံရှုထောင့်ကို ကြည့်ရှုကာ လမ်း၌ 'အဆွရ် နမာဇ်' ကို ဝတ်မပြုဘဲ လမ်းခရီးပန်းတိုင်ဖြစ်သည့် ဗနူကုရိုက်ဇွာအရပ်ဒေသသို့ ရောက်ရှိကာမှ ဝတ်ပြုလိုက် ကြပေသည်။ အချို့သောသူများသည် 'တမန်တော်မြတ် ﷺ ၏ ရည်ရွယ်ချက်တော်သည် 'အဆွရ်' အချိန်၌ ဗနူကုရိုက်ဇွာအရပ်ဒေသသို့ ရောက်ရှိပေမည်။ အကယ်၍ ကျွန်ုပ်တို့သည် လမ်း၌ 'အဆွရ်နမာဇ်' ကို ဝတ်ပြု၍

'အဆွဂ်'အချိန်၌ ထိုအရပ်ဒေသသို့ ရောက်ရှိသွားမည်ဆိုပါကလည်း တမန်တော်မြတ် ﷺ ၏ အမိန့်နှင့် ဆန့်ကျင်ဘက် ဖြစ်နေမည်မဟုတ်ပေ'ဟူ၍ သဘောပေါက်ကြပြီး ၎င်းတို့သည် 'အဆွဂ်နမာဇ်'ကို အချိန်ရောက်သည်နှင့် လမ်း၌မှာပင် ဝတ်ပြုလိုက်ပေသည်။

ထိုထွင်းကြံဆသော အာလင်မ်ပညာရှင်များ၏ အကွဲအလွဲအချက်များအပေါ် မည်သည့် အဖွဲ့ ကိုမှ ပြစ်တင် ရှုတ်ချရလောက်အောင် ပြစ်မှုဒုစရိုက် သို့မဟုတ် သာသနာနှင့် ဆန့်ကျင်သည်ဟူ၍ မဆိုနိုင်ကြောင်း

တမန်တော်မြတ် ﷺ အား ဆွဟာဗာသခင်ကြီးများ၏ ထိုကွဲပြားခြားနားလှစွာသော ပြုမူဆောင်ရွက်ချက်တို့၏ သတင်းကို ပေးတော်မူလိုက်ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် နှစ်ဖွဲ့စလုံးမှ မည်သည့်အဖွဲ့တစ်ဖွဲ့ကိုမှ ပြစ်တင်ရှုတ်ချမှုမျိုးများ ပြုတော်မမူခဲ့ပေ။ သို့သာမက နှစ်ဖွဲ့စလုံးအား မှန်ကန်ကြောင်းကို မိန့်တော်မူလိုက်ပေသည်။ ဤအထက်တင်ပြပါ အချက်များမှ အွမ္မသ် (နောက်လိုက်ထု) အတွင်း၌ ရှိသော အာလင်မ်သာသနာ့ပညာရှင်များသည် ဤအောက်ဖော်ပြပါ ပုံသေနည်းကို ထုတ်နုတ်တင်ပြကြပေသည်။ အမှန်တကယ် ထိုးထွင်းကြံဆမှုပြုကြ၍ ထိုက်တန်သော အရည်အချင်းများရှိကြသည့် အာလင်မ်သာသနာ့ပညာရှင်ကြီးများ၏ အဆိုအမိန့်အမျိုးမျိုး ကွဲပြားမှုများတွင် မည်သည့်အဖွဲ့တစ်ဖွဲ့ကိုမှ ပြစ်မှုဒုစရိုက် (ဂိုနာဟ်) ဖြစ်ခြင်းနှင့် သာသနာနှင့် ဆန့်ကျင်သည်ဟူ၍ မပြောဆိုနိုင်ပေသည်။ နှစ်ဖွဲ့စလုံးအဖို့ မိမိတို့၏ သက်ဆိုင်ရာ ထိုးထွင်းကြံဆ ကောက်နုတ်ထားသော အချက်အပေါ် ကျင့်ကြံပြုမူ ဆောင်ရွက်ပါက အကျိုးစဝါးဗ် ရရှိမည်ဖြစ်ကြောင်းကို ရေးသားထားပေသည်။

ဗနူကုရိုက်ဇာမျိုးနွယ်အုပ်စုဖြင့် စစ်ဆင်နွှဲရန်အတွက် ထွက်ခွာချိန်တွင် တမန်တော်မြတ် ﷺ သည် အလီတော်အား ဟဇရသ်အလီ ﷵ ထံသို့ အပ်နှင်းလိုက်ပေသည်။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများ လာရောက်သည့် သတင်းကို ကြားသောအခါ ဗနူကုရိုက်ဇာမျိုးနွယ်အုပ်စုတို့သည် မြို့ရိုးခံတပ်တံခါးကို ပိတ်ထားကြပေသည်။ အစ္စလာမ့်စစ်တပ်သည် ခံတပ်တံခါးအား ဝိုင်းရံထားလိုက်ကြပေသည်။

ဗနူကုရိုက်ဇာမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ကအ်ဗ်၏ မိန့်ခွန်း

တမန်တော်မြတ် ﷺ နှင့် ချုပ်ဆိုထားသော ပဋိညာဉ်ကို ချိုးဖောက်၍ ကာဖိရ်စစ်တပ်များနှင့် ခံဝန်ကတိကို ပြုခဲ့သောဗနူကုရိုက်ဇာမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ကအဗ်သည် မိမိမျိုးနွယ်အုပ်စု၌ရှိသော သူများကို စုရုံးကာ အခြေအနေများ ကျပ်တည်းသည့်အကြောင်းကို ပြောပြရင်း ဆောင်ရွက်ချက် (၃) ရပ်ကို ပြုမူရန် တင်ပြခဲ့သည်။

(၁) အသင်တို့အားလုံး အစ္စလာမ်သာသနာကို လက်ခံ၍ မိုဟမ္မဒ် ﷺ ၏ နောက်လိုက်သမူကို ပြုကြကုန်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အမှန်တရားပေါ်၌ တည်ရှိကြောင်း အသင်တို့အားလုံး

သိရှိသည်ကို ကျွန်ုပ်သည် ကုစမ်ကျိန်ဆို၍ ပြောဆိုဝံ့သည်။ အသင်တို့၏ ကျမ်းစာအုပ်ဖြစ်သော 'သောင်ရားသ်' ကျမ်းအတွင်းတွင် ၄င်းနှင့် စပ်လျဉ်းသော ကြိုတင်ဟောကိန်းများ ပါရှိထားပေသည်။ အကြင်အကြောင်းအရာကို အသင်တို့ ဖတ်လည်း ဖတ်ထားပေသည်။ အကယ်၍ အသင်တို့သည် ဤသို့ ပြုမူလိုက်ပါမူ ဤကမ္ဘာလောက၌လည်း အသင်တို့၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် သားသမီးတို့သည် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ခံရပေလိမ့်မည်။ နောင်တမလွန် 'အာခေရသ်'၌လည်း ဖြောင့်မတ်မှန်ကန်နေပေလိမ့်မည်။

(၂) အသင်တို့သည် ဦးစွာပထမ မိမိတို့၏ သားသမီးများနှင့် ဇနီးမိန်းမများကို မိမိတို့၏ လက်များဖြင့် ကိုယ်တိုင် သုတ်သင်ရှင်းလင်းကြကုန်။ ထို့နောက်တစ်ဖန် အသင်တို့အားလုံး ကွယ်လွန်သေဆုံးမည်အထိတိုင်အောင် ၄င်းတို့နှင့် တိုက်ခိုက်ကြကုန်။

(၃) စနေနေ့တွင် အသင်တို့အားလုံး တစ်ပြိုင်နက်တည်း အလုံးအရင်းဖြင့် မွတ်စ္စလင်မ်တို့အား တိုက်ခိုက်ကြကုန်။ အဘယ်ကြောင့်ဆိုသော် 'ကျွန်ုပ်တို့၏ သာသနာ၌ စနေနေ့တွင် တိုက်ခိုက်ခြင်း မပိုင်ကြောင်း'ကို မွတ်စ္စလင်မ်တို့သည် သိရှိကြပေသည်။ ထို့ကြောင့် ၄င်းတို့သည် ယင်းနေ့တွင် ကျွန်ုပ်တို့၏ ဘက်မှ ဝင်ရောက်တိုက်ခိုက်လာခြင်းနှင့် စပ်လျဉ်း၍ သောကကင်းမဲ့စွာ နေထိုင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မည်ဆိုလျှင် အောင်မြင်ကောင်း အောင်မြင်နိုင်ပေသည်။

မျိုးနွယ်အုပ်စုခေါင်းဆောင်ဖြစ်သော ကအဗ်၏ ဤပြောကြားချက်ကို ကြားနာကာ မျိုးနွယ်အုပ်စုဝင်များသည် ဤသို့ အဖြေပေးပေသည်။ ပထမအချက်ဖြစ်သော မွတ်စ္စလင်မ်ဖြစ်သွားစေရန်ဟူသော အချက်ကို ကျွန်ုပ်တို့သည် လုံးဝ လက်ခံမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် 'သောင်ရားသ်' ကျမ်းကို လွှတ်ကာ အခြားသော ကျမ်းစာအုပ်တစ်အုပ်အုပ်ကို လက်ခံမည် မဟုတ်။ ဒုတိယအချက်နှင့် စပ်လျဉ်း၍ အမျိုးသမီးများနှင့် ကလေးများအား သတ်ဖြတ်ရန်ဖြစ်သည်။ သို့ဆိုလျှင် ၄င်းတို့၌ မည်သည့် အပြစ်ရှိပေသနည်း။ တတိယအချက်ကိုယ်တိုင်သည် 'သောင်ရားသ်'ကျမ်း၏ အမိန့်နှင့် ကျွန်ုပ်တို့၏ သာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ယင်းအချက်ကိုလည်း ကျွန်ုပ်တို့ ပြုလုပ်နိုင်ကြမည်မဟုတ်ပေ။

ထို့နောက် အားလုံးသည် 'တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်၌ လက်နက်ချကာ တမန်တော်မြတ် ﷺ ဆုံးဖြတ်ချက်ချပေးမည့် အချက်ကို သဘောတူမည်'ဟူသော အချက်ကို တစ်ညီတစ်ညွတ်တည်း လက်ခံ သဘောတူလိုက်ကြပေသည်။ အောက်စ်မျိုးနွယ်ဝင် အန်စွာရီသာဝကများနှင့် ဗနူကုရိုက်ဇွာတို့၏ ကြားဝယ် အတိတ်ခေတ်ကာလကတည်းက ပဋိညာဉ်ခံဝန်ချက်များ ရှိခဲ့ပေသည်။ သို့ရှိရာ အောက်စ်မျိုးနွယ်ဝင် ဆွဟာဗာကြီးများသည် တမန်တော်မြတ် ﷺ အား 'အို၊ ကိုယ်တော်၊ ၄င်းတို့အား ကျွန်တော်မျိုးတို့၏ လက်ဝယ်အတွင်း အပ်နှင်းတော်မူပါ'ဟူ၍ လျှောက်ထားကြပေသည်။ 'ငါကိုယ်တော်သည် ၄င်းတို့နှင့် စပ်လျဉ်းသော အမှုကိစ္စကို အသင်တို့မျိုးနွယ်အတွင်းရှိ ခေါင်းဆောင်တစ်ဦးအား အပ်နှင်းပေးမည်ဆိုလျှင် အသင်တို့သည် ယင်းအချက်ကို သဘောတူလက်ခံနိုင်ပါ၏လော'ဟူ၍ တမန်တော်မြတ် ﷺ က မိန့်မြွက်တော်မူရာ ၄င်းတို့သည် ထိုအချက်ကို သဘောတူ လက်ခံလိုက်ကြပေသည်။ တမန်တော်မြတ် ﷺ သည် ထိုသူမှာ အသင်တို့၏ ခေါင်းဆောင် စအဒ်ဗင်နိမအားဇ်ပင် ဖြစ်ပေသည်။ ကုရိုက်ဇွာမျိုးနွယ်အုပ်စု၏

ဆုံးဖြတ်ချက်ကို ငါကိုယ်တော်သည် ၄င်း၏ လက်ဝယ်အတွင်း အပ်နှင်းပေးလိုက်ပေမည်'ဟူ၍ မိန့်တော်မူရာ အားလုံး သဘောတူသွားကြပေသည်။

ဟဇရသ်စအဒ်ဗင်န်မအားဇ်သခင်ကြီးသည် 'ခန်ဒပ်က်'စစ်ပွဲ၌ မြားဒဏ်ရာပြင်းထန်စွာ ရခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ၄င်းအား ကြည့်ရှုစောင့်ရှောက်မှုပြုရန်အတွက် 'မတ်စ်ဂျိဒ်ဒ္ဒေနဗဝီ'၏ ပရဝုဏ် အတွင်း၌ ရွက်ဖျဉ်တဲတစ်ခုကို ထိုးခိုင်းကာ ထိုအတွင်း၌ နေထိုင်စေလေသည်။ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်နှင့်အညီ ဖမ်းဆီးခြင်း ခံထားရသည့် ဗနူကုရိုက်ဇာတို့ကို ဆုံးဖြတ်ချက်ချရန် ကိစ္စအား ၄င်း၏ အပေါ် လွှဲအပ်လိုက်ပေသည်။ ၄င်းက ဤသို့ အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ချက်ချလိုက်ပေသည်။ ၄င်းတို့အတွင်းမှ တိုက်ခိုက်နိုင်စွမ်းရှိသော သူပုံမျိုးအားလုံးကို သတ်ပစ်ရန်နှင့် အမျိုးသမီးများ၊ ကလေးများ နှင့် အသိုးအိုများကို အစ္စလာမ်သာသနာအတွင်း၌ ကျော်ကြားလျက်ရှိနေသော အချက်ဖြစ်သည့် စစ်သုံ့ပန်းများ အဖြစ် ပြုမူရန် ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်ချက်ချပြီးသည့်နောက် ချက်ချင်းပင် ဟဇရသ်စအဒ်ဗင်န် မအားဇ်၏ ဒဏ်ရာမှ သွေးများ ယိုစီးလာကာ ထိုရောဂါနှင့်ပင် ကွယ်လွန်သွားတော်မူပေသည်။ အလ္လာဟ် အသျှင်မြတ်သည် ၄င်း၏ ဒိုအာ နှစ်ခုစလုံးအား လက်ခံတော်မူလိုက်ပေသည်။ ပထမဒိုအာမှာ နောင်ကာလ၌ ကုရိုက်ရှ်တို့သည် တမန်တော်မြတ် ﷺ အပေါ် ဝင်ရောက်မတိုက်ခိုက်ရန်နှင့် ဒုတိယဒိုအာမှာ ဗနူကုရိုက်ဇာ တို့၏ သစ္စာဖောက်ခြင်း၏ အပြစ်ဒဏ်ကို ခံစားရန်ဖြစ်သည်။ ထိုအချက်ကို အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ အမှိသဟဲဖြင့် အကောင်အထည်ပေါ်စေလိုက်ပေသည်။

သတ်ဖြတ်ခြင်းခံရရန် ဆုံးဖြတ်ချက်ချထားသောသူများအတွင်းမှ အချို့သော သူတို့သည် မွတ်စ္စလင်မ် ဖြစ်သွားသည့်အတွက်ကြောင့် ၄င်းတို့အား သူကောင်းပြုလိုက်၍ လွတ်လပ်ခွင့်ပေးလိုက်ပေသည်။ ဆွဟာဗာ ကြီးများအတွင်း၌ ထင်ရှားကျော်ကြားသော အသွိယာကုရှိဗ်သခင်ကြီးသည် ထိုအထဲမှပင် ဖြစ်ပေသည်။ ထိုအထဲ၌ ဇိုဗိုက်ရ်ဗင်န်ဗာသွာမည်သော ဆွဟာဗာလည်း ပါဝင်ပေသည်။ ၄င်းအား ဟဇရသ်ဟာဗိသ် ဗင်န်ကိုက်စ်ဗင်န်ရှမ်မားစ်ဟူသော ဆွဟာဗီကြီးသည် တမန်တော်မြတ် ﷺ အား လျှောက်တင်တော်မူ၍ သူကောင်းပြုလိုက်သည်။ ထိုကဲ့သို့ ပြုရခြင်းအကြောင်းမှာ ဤသို့တည်း။ ဇိုဗိုက်ရ်ဗင်န်ဗာသွားသည် ၄င်း ဟာဗိသ်အား အတိတ်ခေတ်ကာလက ကျေးဇူးတရားတစ်ခု ပြုခဲ့ဘူးပေသည်။ ထိုကျေးဇူးတရားမှာ အတိတ် ခေတ်ကာလ၏ 'ဗို့အားစ်'စစ်ပွဲ၌ ဟာဗိသ်ဗင်န်ကိုက်စ်သည် ဇိုဗိုက်ရ်ဗင်န်ဗာသွာ၏ လက်ဝယ် အဖမ်းခံခဲ့ ရသည်။ ဇိုဗိုက်ရ်ဗင်န်ဗာသွာသည် ၄င်း၏ ဦးခေါင်းမှ ဆံပင်များကိုသာ ညှပ်ယူလိုက်ကာ မသတ်ဘဲ သူကောင်းပြု လွတ်လပ်ခွင့်ပေးလိုက်ပေသည်။

ကျေးဇူးတရားအား တုန့်ပြန်ကျေးဇူးဆပ်ခြင်းနှင့် မျိုးချစ်စိတ်ဓါတ် ရှိခြင်း၏ အံ့ဖွယ်ကောင်းသော စံနမူနာ နှစ်ရပ်

ဟာဇရသ်ဟာဗိသ်ဗင်န်ကိုက်စ်သည် ဇိုဗိုက်ရ်ဗင်န်ဗာသွားအား လွတ်မြောက်မှုပေးခြင်း အမိန့်ကို ရရှိကာ ၄င်း၏ထံသို့ သွားရောက်လေသည်။ ထို့နောက် 'ကျွန်ုပ် ဤသို့ပြုလုပ်ရခြင်းမှာ 'ဗို့အားစ်' စစ်ပွဲ၌ အသင်သည်

ကျွန်ုပ်အား ပြုခဲ့သော ကျေးဇူးတရား၏ တုန့်ပြန်မှုသာ ဖြစ်ပေသည်'ဟူ၍ ပြောဆိုလိုက်သည်။ ဇိုဗိုက်ရ်ဗင်န်ဗာသွားသည် 'မုချ မွန်မြတ်သောသူသည် အခြားမွန်မြတ်သော သူတစ်ဦးနှင့်အတူ ဤကဲ့သို့သာလျှင် ပြုမူဆောင်ရွက်ပေမည်။ သို့ရာတွင် 'သားသမီးနှင့် ဇနီးကြင်ယာမရှိဘဲ လူသားသည် အကယ်၍ အသက်ရှင်နေမည်ဆိုပါကလည်း မည်ကဲ့သို့သော ရှင်သန်မှုမျိုးဖြစ်ကြောင်း'ကို ပြောပြပါ'ဟူ၍ မေးမြန်းပြောဆိုလိုက်ပေသည်။ ဤစကားကို ကြားကာ စာဗိသ်ဗင်န်ကိုက်စ်သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'င်း၏ အိမ်သူဇနီးမယားနှင့် သားသမီးတို့၏ အသက်ကိုလည်း ကင်းလွတ်ခွင့်ကို တောင်းခံရာ တမန်တော်မြတ် ﷺ သည် လက်ခံတော်မူလိုက်ပေသည်။ ဇိုဗိုက်ရ်ဗင်န်ဗာသွားကို ထိုအချက်အား အသိပေးလိုက်ရာ ဤသူသည် ရှေ့သို့ နောက်တစ်ဆင့်တက်၍ 'အို, စာဗိသ်၊ ဥစ္စာ အရင်းနှီးမဲ့သော သူသည် သားသမီးကြင်ယာတို့နှင့်အတူ မည်ကဲ့သို့ အသက်ရှင်သန်နိုင်အံ့နည်း'ဟူသော အချက်ကိုလည်း ပြလေကုန်'ဟူ၍ ပြောဆိုမေးမြန်းရာ စာဗိသ်ဗင်န်ကိုက်စ်သည် တစ်ဖန် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ ၎င်းအား ၎င်း၏ ဥစ္စာပစ္စည်းများကို ပြန်ပေးရန် တောင်းဆိုပေးလိုက်ပေသည်။ ဤနေရာထိတိုင်မူ ဟာဇရသ်စာဗိသ်ဗင်န်ကိုက်စ်ဘက်မှ ပြုကျင့်ပေးထားသော မုအ်မင်န်တစ်ဦး၏ မွန်ရည်မှုနှင့် ကျေးဇူးတရား သိတတ်ခြင်း၏ အမှုကိစ္စပင် ဖြစ်ပေသည်။

ယခု တစ်ဘက်သို့လည်း ကြည့်ကြပါစို့။ ဇိုဗိုက်ရ်ဗင်န်ဗာသွားသခင်ကြီးသည် မိမိနှင့် မိမိ၏ အိမ်သူအိမ်သားတို့၏ လွတ်မြောက်မှုနှင့် ပစ္စည်းဥစ္စာတို့ ပြန်လည်ရရှိခြင်းကြောင်း စိတ်နှလုံးချမ်းသာသွားပြီးဖြစ်သည်။ ၎င်းသည် ဟာဇရသ်စာဗိသ်ဗင်န်ကိုက်စ်သခင်ကြီးအား ယဟူဒီမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ပိုင်းများနှင့် စပ်လျဉ်း၍ မေးမြန်းတော်မူပေသည်။ ဖန်သား၊ မှန်သားပြင်ကဲ့သို့ ပြောင်လက်သော မျက်နှာရှိသည့် အိဗ်နေအာဘီဟိုကိုက်၏ အခြေအနေသည် မည်ကဲ့သို့ ရှိပေသနည်း'ဟူ၍ မေးမြန်းရာ သတ်ဖြတ်ခြင်းခံရကြောင်းကို တင်ပြလိုက်ပေသည်။ တစ်ဖန် ဆက်လက်၍ 'ဗနူကုရိုက်ဇွာ၏ ခေါင်းဆောင်ဖြစ်သော ကအ်ဗ်ဗင်န် ကုရိုက်ဇွာနှင့် အမရ်ဗင်န်ကုရိုက်ဇွာတို့၏ နောက်ဆုံးဇာတ်သိမ်းသည် မည်ကဲ့သို့နည်း' ဟူ၍ မေးမြန်းရာ ၎င်းတို့နှစ်ဦးစလုံးသည်လည်း သတ်ဖြတ်ခြင်း ခံလိုက်ရကြောင်းကို တင်ပြလိုက်ပြန်ပေသည်။ တစ်ဖန် နောက်ထပ် အဖွဲ့အစည်းနှစ်ရပ်နှင့် စပ်လျဉ်း၍ ထပ်မံမေးမြန်းရာ '၎င်းတို့အားလုံးသည်လည်း သတ်ဖြတ်ခြင်းခံရကြောင်း' ကို သတင်းပေးလိုက်ပြန်ပေသည်။

ဤစကားကို ကြားကာ ဇိုဗိုက်ရ်ဗင်န်ဗာသွားသည် ဟာဇရသ်စာဗိသ်ဗင်န်ကိုက်စ်သခင်ကြီးအား 'အသင်သည် မိမိ၏ ကျေးဇူးတရား၏ တုန့်ပြန်မှုကို ပြည့်ဝစွာ တုန့်ပြန်မှုကို ပြုခဲ့ပြီး မိမိအပေါ်၌ ရှိသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပေပြီ။ သို့ရာတွင် ယခု ကျွန်ုပ်သည် မိမိပိုင် လယ်ယာမြေကို ၎င်းတို့ ရရှိပြီးသည့်နောက် ၎င်းတို့အား စည်ကားသာယာအောင် ပြုမည်မဟုတ်။ ကျွန်ုပ်အားလည်း ၎င်းတို့နှင့်အတူ ရောယှက်လိုက်ကုန်။ (ဝါ) သတ်ပစ်လိုက်ကုန်'ဟူ၍ ပြောဆိုလိုက်ပေသည်။ စာဗိသ်ဗင်န်ကိုက်စ်သည် ၎င်းအား သတ်ဖြတ်ရန် ငြင်းဆိုလျက်ရှိနေပေသည်။ တစ်ဖန် ၎င်း၏ ဇွတ်အတင်းတိုက်တွန်းမှုအပေါ် အခြားသော မွတ်စ္စလင်မ်တစ်ဦးသည် ၎င်းအား သတ်ဖြတ်လိုက်ပေသည်။ *[ကုရ်သုဗီး]*

ဤသည် ကာဖိရ်တစ်ဦး၏ မျိုးချစ်စိတ်ရှိခြင်းပင် ဖြစ်သည်။ အကြင်သူသည် အရာအားလုံး ရရှိပြီးနောက် မိမိ၏ မိတ်ဆွေရင်းများ မရှိသည့်အတွက်ကြောင့် အသက်ရှင်နေထိုင်ရခြင်းကို မနှစ်မြို့တော့ပေ။ မုအ်မင်နိတစ်ဦးနှင့် ကာဖိရ်တစ်ဦး၏ ဤဆောင်ရွက်ချက်နှစ်ရပ်စလုံးသည် ရာဇဝင်သမိုင်းတွင် စံတင်ရလောက်သည့် အဆင့်အခြေအနေ၌ ရှိပေသည်။ ဗနူကုရိုက်ဇွာတို့အား အောင်နိုင်မှုသည် ဟီဂျ်ရီ (၅) ခုနှစ် ဇိလ်ကာအ်ဒါလ၏ နောက်ဆုံးပိုင်းနှင့် ဇိလ်ဟာဂျ်၏ အစောပိုင်းကာလ၌ ဖြစ်ပေသည်။

[ကုရ်သုဗီး]

မှတ်ချက် ။ ။ 'အဟ်ဇာဗ်'စစ်ပွဲနှင့် 'ဗနူကုရိုက်ရိုက်ဇွာ'စစ်ပွဲကို ဤနေရာ၌ အနည်းငယ် အကျယ်ချဲ့၍ တင်ပြရခြင်း အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်အတွင်းမှာပင် ထိုဖြစ်အင်ကို အကျယ်ချဲ့စွာဖြင့် (၂) ရူကုအ်အထိတိုင် တင်ပြထားသောကြောင့် ဖြစ်ပေသည်။ ဒုတိယအကြောင်းမှာ ထိုဖြစ်အင်များ၌ သက်တမ်း၏ ရှုထောင့် အမျိုးမျိုးနှင့် စပ်လျဉ်း၍ များစွာသော လမ်းညွှန်ချက်များ၊ တမန်တော်မြတ် ﷺ ၏ ရှင်းလင်းလှစွာသော 'မုအ်ဂျေဇာဟ်'(တန်ခိုး) တော်များနှင့် များစွာသော သံဝေဂရဖွယ်ရာအချက်များ ပါဝင်သောကြောင့် ဖြစ်သည်။ အကြင်အချက်အလက်များကို ထိုဖြစ်အင်များ၌ ခေါင်းစဉ်အမျိုးမျိုး တပ်ပေးကာ ရှင်းလင်းတင်ပြထားပေသည်။ ထို့ပြည့်ဝသော ဖြစ်အင်ကို သိရှိပြီးနောက် တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ အကျယ်ချဲ့ဖွင့်ဆိုချက်အတွက် တင်ပြထားပြီးဖြစ်သော စကားပြေအကျယ်ချဲ့ကို ကြည့်ရှုခြင်း လုံလောက်ပေသည်။ ထပ်မံ၍ ရှင်းလင်းတင်ပြရန် မလိုအပ်ပေ။ အချို့အချက်ကိုသာလျှင် ကြည့်ရှုထိုက်ပေသည်။

ပထမအချက်မှာ ထိုစစ်ပွဲတွင် မွတ်စ္စလင်မ်များအပေါ် ခက်ခဲပြင်းထန်မှုနှင့် အမျိုးမျိုးသော ဒုက္ခများအတွင်း၌ နစ်မွန်းနေရခြင်း၏ အကြောင်းကို တင်ပြကာ ထိုနေမထိထိုင်မသာ ဖြစ်ခြင်း၏ အတွင်းဝယ် မုအ်မင်နိတို့၏ အခြေအနေတစ်ရပ်ကိုလည်း ပြဆိုထားသည်မှာ-

تَظُنُّوْنَ بِاللّٰهِ الظُّنُوْنَا

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ အမျိုးမျိုးသော ထင်မြင်ယူဆချက်များကို ထင်မြင်ယူဆခဲ့ကြကုန်၏။)

[၃၃ : ၁၀]

ထိုတွေးထင်မှုများ၏ အလိုသဘောသည် အလိုအလျောက် ဝင်ရောက်လာသော သို့လော၊ သို့လော စိတ်များပင် ဖြစ်ပေသည်။ အကြင်စိတ်များသည် နေမထိထိုင်မသာ ဖြစ်ခြင်းနှင့် အကျပ်ရိုက်လာသော အချိန်၌ လူသားတို့၏ နှလုံးသားအတွင်းဝယ် 'သေခြင်းတရားသည် ယခုပင် ရောက်ရှိလာလေပြီ။ ယခု လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၏ မည်သည့်ပုံပန်းသဏ္ဍာန်တစ်ရပ်မှ မကျန်ရှိတော့ပေ။ အစရှိသော အချက်များ' ဝင်ရောက်တတ်လေ့ ရှိပေသည်။ ဤသို့ အလိုအလျောက် ဝင်ရောက်လာသော စိုးရိမ်ပူပန်

ချက်များနှင့် သို့လော၊ သို့လော စိတ်များသည် အီမာန်ပြည့်ဝခြင်း၏ အချက်ကို ဆန့်ကျင်မှု မပြုထားသကဲ့သို့ ပြည့်ဝသေ 'ဝေလာယသ်' (ဝလီဖြစ်ခြင်း) ၏ အချက်နှင့်လည်း ဆန့်ကျင်ဘက်မဖြစ်နေပေ။ အကြောင်းမှာ ထိုဖြစ်အင်စစ်ပွဲများမှ ဆွဟာဗာသာဝကကြီးတို့ကဲ့သို့ တောင်ကဲ့သို့ စိတ်ဓါတ်ခိုင်မာကြသူတို့၏ နှလုံးသားများအတွင်း၌မှာပင် သို့လော၊ သို့လော စိတ်များ ဝင်ရောက်သည့်အတွက်ကြောင့် ဖြစ်သည်။

ဒုတိယအခြေအနေမှာမူ မုနာဖစ်က်တို့၏ အကြောင်းကို မိန့်တော်မူထားပေသည်။ ၄င်းတို့သည် ပေါ်လွင်ထင်ရှားစွာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တော်မြတ်၏ ကတိတော်များကို 'ဖြားယောင်းသွေးဆောင်မှုများ' ဟူ၍ ပြောဆိုခဲ့ကြကုန်သည်။

وَاِذۡ يَقُوۡلُ الۡمُنٰفِقُوۡنَ وَالَّذِيۡنَ فِىۡ قُلُوۡبِهِمۡ مَّرَضٌ مَّا وَعَدَنَا اللّٰهُ وَرَسُوۡلُهٗۤ اِلَّا غُرُوۡرًا

ထို့ပြင် ပြန်လည်သတိရကြလေကုန်။ အကြင်အခါဝယ် မုနာဖစ်က် (အယောင်ဆောင်မွတ်စလင်မ်)များနှင့် စိတ်နှလုံးများတွင် ရောဂါရှိသူတို့က 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ကျွန်ုပ်တို့အား ဖြားယောင်းခြင်းမှအပ၊ မှန်ကန်သော ကတိကို ပေးတော်မူခဲ့သည်မဟုတ်' ဟု ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ /၃၃ : ၁၂/

ဤသည် ၄င်းတို့၏ အတွင်းပိုင်းဆိုင်ရာ ဖီဆန်ငြင်းဆိုမှုကို ထုတ်ဖော်ထားခြင်း ဖြစ်ပေသည်။ ရှေ့၌ လက်တွေ့ကျကျ တင်ပြထားသည်မှာ ထိုမုနာဖစ်က်တို့သည် ပြင်ပသဏ္ဌာန်အားဖြင့် မွတ်စလင်မ်များနှင့်အတူ "ဂျေဟားဒ်" ၌ အတူပါဝင်ကြပေသည်။ ထိုအထဲ၌ အဖွဲ့နှစ်ရပ်အကြောင်းအား တင်ပြထားပေသည်။ အဖွဲ့တစ်ရပ်သည်မူ မေးမြန်းခွင့်ပြုချက် မရယူဘဲနှင့် ထွက်ပြေးသွားကြပေသည်။ အကြင်အဖွဲ့က

يٰۤاَهۡلَ يَثۡرِبَ لَا مُقَامَ لَـكُمۡ فَارۡجِعُوۡا

'အို၊ 'ယပ်စ်ရပ်' (မဒီနာမြို့သား) တို့၊ အသင်တို့အဖို့ ရပ်တည်ရာဌာနဟူ၍ အလျဉ်းမရှိတော့ပြီ ဖြစ်ရာ အသင်တို့သည် ပြန်သွားကြကုန်လော့' ဟူ၍ ပြောဆိုကြပေသည်။ /၃၃ : ၁၀/

ဒုတိယအဖွဲ့သည် ဉာဏ်နီဉာဏ်နက်များကို သုံး၍ အကြောင်းပြချက် ရှာကာ တမန်တော်မြတ် ﷺ အား ပြန်ရန် လျှောက်ထားမှုကို ပြုကြပေသည်။ အကြင်သူတို့၏ အခြေအနေကို ဤသို့ တင်ပြထားပေသည်။

وَيَسۡتَاۡذِنُ فَرِيۡقٌ مِّنۡهُمُ النَّبِىَّ يَقُوۡلُوۡنَ اِنَّ بُيُوۡتَنَا عَوۡرَةٌ

ထို့ပြင် ၄င်းတို့အနက် လူတစ်စုသည် ကောန်အမှန် ကျွန်တော်မျိုးတို့၏ နေအိမ်များမှာ လုံခြုံမှုမရှိဟု ပြောဆိုကာ နဗီတမန်တော်မြတ်ထံတော်မှ ခွင့်ပန်လျက် ရှိကြကုန်၏။ /၃၃ : ၁၃/

ကုရ်အာန်ကျမ်းတော်မြတ်သည် ၄င်းတို့၏ ဉာဏ်နီဉာဏ်နက်များ 'အားလုံး မုသားဖြစ်ကြောင်း' ကို ရှင်းလင်းစွာ ထုတ်ဖော်ပြဆိုထားပေသည်။ စင်စစ် ၄င်းတို့သည် 'စစ်မြေပြင်မှ ပြေးရန်မှအပ' အခြားမည်သည့် အချက်တစ်စုံတစ်ရာကိုမျှ မရှိပေ။

اِنْ يُّرِيْدُوْنَ اِلَّا فِرَارًا

စင်စစ် ၎င်းတို့မှ ထွက်ပြေးရန်သာ ကြံရွယ်နေကြကုန်၏။ [၃၃ : ၁၃]

ရှေ့၌ တင်ပြလျက် ရှိနေသော အာယသ်တော်များ၌ ၎င်းတို့၏ ဆိုးသွမ်းယုတ်မာမှုနှင့် မွတ်စ္စလင်မ်တို့နှင့် ရန်ငြိုးထားခြင်းအကြောင်း တစ်ဖန် ၎င်းတို့၏ ဇာတ်သိမ်းမလှကြောင်းကို တင်ပြမိန့်မြွက်ထားတော်မူပေသည်။

ထို့နောက် စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏ အကြောင်းကို တင်ပြကာ ၎င်းတို့၏ ကြံ့ကြံ့ခံမှုနှင့် မြဲမြံမှုတို့ကို ချီးကျူးမှု ပြုထားပေသည်။ တစ်ဆက်တည်းမှာပင် တမန်တော်မြတ် ﷺ ၏ နောက်လိုက်သမှုကို ပြုရန် လေးနက်စွာ ပုံသေနည်းအသွင်မျိုးဖြင့် တင်ပြထားပေသည်။

كَانَ لَكُمْ فِيْ رَسُوْلِ اللّٰهِ اُسْوَةٌ حَسَنَةٌ

အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ [၃၃ : ၂၁]

ထိုအာယသ်တော်မြတ်မှ တမန်တော်မြတ် ﷺ ၏ ပြောဆို ကျင့်ကြံမှုများအားလုံးကို လိုက်နာသမှုပြုရန် အမိန့်ကို အတည်ပြု၍ ရပေသည်။ သို့ရာတွင် အကျယ်ချဲ့ဖွင့်ဆိုသော သုတေသီ အေမာမ်ကြီးများ၏ ထံ၌ ယင်းအချက်၏ လက်တွေ့ကျသော ပုံစံမှာ 'တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ရှောင်ရန်၊ ဆောင်ရန် အချက်များသည် 'ဝါဂျိဗ်'အဆင့်မျိုးဖြင့် အတည်ပြုထားသည်' ဆိုပါက ထိုအချက်အား လိုက်နာဆောက်တည်သမှုပြုခြင်းသည် 'ဝါဂျိဗ်' (အရေးကြီး) ပေသည်။ ရှောင်ရန်၊ ဆောင်ရန်အချက်သည် 'မွတ်စ်သဟဗ်' အဆင့်မျိုးဖြင့် အတည်ပြုထားသည်ဆိုပါက 'ကျွန်ုပ်တို့အပေါ်၌လည်း 'ယင်းအချက်ကို ပြုကျင့်ခြင်း စွန့်လွှတ်ခြင်းမှာ 'မွတ်စ်သဟဗ်'အဆင့်ဖြင့်သာ တည်ရှိနေပေမည်။' ၎င်းနှင့် ဆန့်ကျင်သမှု ပြုမှုအပေါ် အပြစ်တစ်စုံတစ်ရာမျှ ဖြစ်မည်မဟုတ်။ [အလ်ဂျာစ္စ်ွာ။ဇွ်၊ အဟ်ကာမွလ်ကုရ်အာန်။]

တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ နောက်ဆုံး (၃) အာယသ်တော်အတွင်းတွင် ဗနူကုရိုက်ဇာတို့၏ ဖြစ်အင်ကို တင်ပြထားပေသည်။

وَاَنْزَلَ الَّذِيْنَ ظَاهَرُوْهُمْ مِنْ اَهْلِ الْكِتَابِ مِنْ صَيَاصِيْهِمْ

၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အား ကူညီထောက်ခံခဲ့ကြကုန်သော (ရှေး) ကျမ်းဂန် ရရှိသူတို့အား ၎င်းတို့၏ ခံတပ်များမှ ထွက်စေတော်မူခဲ့သည့်အပြင် ၎င်းတို့၏ စိတ်နှလုံးသားများတွင် ကြောက်ရွံ့ထိတ်လန့်မှုကို ထည့်သွင်းတော်မူခဲ့ရာ အသင်တို့သည် ၎င်းမုနာဖစ်က်တို့အနက် လူတစ်စုကို သတ်ဖြတ်လျက်ရှိကြပြီး လူတစ်စုကိုမူ သုံ့ပန်းအဖြစ် ဖမ်းဆီးချုပ်နှောင်ကြကုန်၏။ [၃၃ : ၂၆]

အလိုသဘောမှာ ကာဖိရ်မဟာမိတ်တပ်များအား ကူညီထောက်ခံခဲ့ကြသော ရှေးကျမ်းဂန်ရရှိထားသူတို့အား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏နှလုံးသားဝယ် တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ် (ဆွဟာဗာ)

များ၏ အရိုန်အဝါကို ထည့်သွင်းပေးခဲ့ပြီး ၄င်းတို့ကို ၄င်းတို့၏ ခိုင်ခံ့လှသော ခံတပ်များမှ ဆင်းသက်စေခဲ့သည်။ ၄င်းတို့၏ အိုးအိမ်ခြံမြေ ပစ္စည်းပစ္စယများကို မွတ်စ္စလင်မ်များအား ပိုင်ဆိုင်စေလိုက်သည်။

နောက်ဆုံးအာယသ်တော်အတွင်း၌ 'ယခုအချိန်မှစ၍ ကာဖိရ်များဘက်မှ စတင်တိုက်ခိုက်ခြင်း ပပျောက်သွားမည်' ဟူသော နောင်အနာဂတ်ကာလ၏ အောင်မြင်မှုများ ရှိမည်ဖြစ်ကြောင်း သတင်းကောင်းများ လာရှိထားပေသည်။ ယခု မွတ်စ္စလင်မ်များ အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်မည့် ခေတ်သည် စတင်လာပေသည်။ ယခုအချိန်အထိ ၄င်းတို့ ခြေလှမ်းများ မရောက်ရှိသေးသည့် နယ်ပယ်အရပ်ဒေသများ ထိတိုင် ခြယ်လှယ်ဆုပ်ကိုင်နိုင်ခွင့်ကို ရရှိပေမည်ဟူသော သတင်းကောင်းများ ဖြစ်သည်။ ၄င်းအချက်အလက်များ ဖြစ်ပေါ်လာမှုကို ဆွဟာဗာကြီးများ၏ ခေတ်ကာလတွင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။ အကြောင်းမှာ 'ကစ်ရာ' နှင့် 'ကိုက်စွာရ်' ဟူသော ရာဇ အစိုးရကြီးများပင် ၄င်းတို့၏ လက်ဝယ်အတွင်းသို့ ရောက်ရှိခဲ့ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلنَّبِيُّ قُل لِّأَزْوَٰجِكَ إِن كُنتُنَّ تُرِدْنَ ٱلْحَيَوٰةَ ٱلدُّنْيَا
وَزِينَتَهَا فَتَعَالَيْنَ أُمَتِّعْكُنَّ وَأُسَرِّحْكُنَّ سَرَاحًا جَمِيلًا ﴿٢٨﴾

၃၃ : ၂၈ ။ ။ အို့, နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များအား ပြောကြားပါလေ။ 'အကယ်၍ အသင်မတို့သည် လောကီဘဝနှင့် ယင်းလောကီဘဝ၏ လှပတင့်တယ်မှုကို အလိုရှိကြပါလျှင် အသင်မတို့ လာကြပါကုန်။ ငါသည် အသင်မတို့အား ကျေနပ်အောင် (လောကီပစ္စည်းအချို့ကို ပေးပြီး) အကျိုးခံစားစေ၍ ကောင်းမွန်စွာ စွန့်လွှတ်လိုက်မည်။

وَإِن كُنتُنَّ تُرِدْنَ ٱللَّهَ وَرَسُولَهُۥ وَٱلدَّارَ ٱلْءَاخِرَةَ فَإِنَّ
ٱللَّهَ أَعَدَّ لِلْمُحْسِنَٰتِ مِنكُنَّ أَجْرًا عَظِيمًا ﴿٢٩﴾

၃၃ : ၂၉ ။ ။ သို့ရာတွင် အကယ်၍ အသင်မတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရဆူလ်တမန်တော်မြတ်အားလည်းကောင်း၊ တမလွန်ဘဝကိုလည်းကောင်း လိုလားရည်စူးကြပါလျှင် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်မတို့အနက် ကောင်းမြတ်သည့် အကျင့်သီလကို ဆောက်တည်ကြကုန်သော သူမတို့အဖို့ ကြီးကျယ်လှစွာသော အကျိုးကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူသည်။

يَٰنِسَآءَ ٱلنَّبِيِّ مَن يَأْتِ مِنكُنَّ بِفَٰحِشَةٍ مُّبَيِّنَةٍ يُضَٰعَفْ
لَهَا ٱلْعَذَابُ ضِعْفَيْنِ ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿٣٠﴾

၃၃ : ၃၀ ။ ။ အို့, နဗီတမန်တော်မြတ်၏ ကြင်ရာတော်အပေါင်းတို့၊ အသင်မတို့အနက်မှ မည်သူမဆို ထင်ရှားစွာသော မဖွယ်မရာ အမှုကိစ္စ တစ်စုံတစ်ခုကို ပြုလုပ်ခဲ့သည်ရှိသော်၊ ၄င်း (သူမ) သည် နှစ်ဆတိုး၍ ပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၌ ယင်းကဲ့သို့ ပြုလုပ်ရန် လွယ်ကူလှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် မိမိ၏ ကြွင်ရာတော်များအား ပြောကြားပါလေ။ (အသင်မတို့အား အချက်နှစ်ရပ် ပြောဆိုပေမည်။ သို့မှသာ အမြဲတမ်းအတွက် အမှုကိစ္စရပ်တည်မှုသည် တစ်ဘက်တည်း၌ တည်ရှိနေစေရန်ဖြစ်သည်။ ထိုအချက်မှာ ဤသို့တည်း။) အကယ်၍ အသင်မတို့သည် လောကီဘ၀ (၏ စည်းစိမ်) နှင့် ယင်းလောကီဘ၀၏ လှပတင့်တယ်မှုကို အလိုရှိကြပါလျှင် အသင်မတို့ လာကြပါကုန်။ (ရယူရန်အတွက် အာရုံစူးစိုက်မှုကို ပြုကြကုန်။) ငါသည် အသင်မတို့အား ကျေနပ်အောင် (လောကီပစ္စည်းအချို့ကို ပေးပြီး (အလိုသဘောမှာ ပေါင်းသင်းဆက်ဆံခြင်းခံရပြီး 'သွလားက်' ပေးခြင်းခံရသော အမျိုးသမီးအား 'သွလားက်' ပေးချိန်၌ ပေးရန် 'မွတ်စ်သဟာဗ်' ဖြစ်သော ပစ္စည်းဖြစ်မည်။ သို့တည်းမဟုတ်ပါက အလိုသဘောမှာ 'အိဒ်ဒသ်' ရက်အတွင်း၌ စားသုံးနေထိုင်ရန် စားသုံးစရိတ်ဖြစ်ပေမည်။ သို့မဟုတ် ယင်းအချက်နှစ်ရပ်စလုံး ပါ၀င်ပေမည်။) အကျိုးခံစားစေ၍ ကောင်းမွန်စွာ စွန့်လွှတ်လိုက်မည်။ (အလိုသဘောမှာ စွန္နသ်လမ်းစဉ်နှင့်အညီ 'သွလားက်' ပေးလိုက်မည်။ သွားလိုရာနေရာသို့ သွား၍ ဒုန္နယာတို့၏ စည်းစိမ်ကို ရှာဖွေကုန်။)

သို့ရာတွင် အကယ်၍ အသင်မတို့သည် အလ္လာဟ်အသျှင်မြတ်ကို လိုလားရည်စူးပါလျှင် (ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်အား လိုလားရည်စူးခြင်းသည်) ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လိုလားရည်စူး (ခြင်းပင် ဖြစ်ပေ၏။ ဆိုလိုသည်မှာ ဆင်းရဲငတ်မွတ်လျက် ရှိနေသော အခြေအနေနှင့်အတူ တမန်တော်မြတ် ﷺ ၏ 'နေကာဟ်' တော်အတွင်း၌ နေထိုင်လို) လျှင် တမလွန်ဘ၀ကို (၎င်း၏ အဆင့်အတန်း မြင့်မားစွာ ရယူရန်) လိုလားရည်စူးကြပါလျှင် (ထိုအချက်သည် တမန်တော်မြတ် ﷺ ဇနီးကြွင်ရာတော်များ ဖြစ်နေခြင်းအပေါ် သက်ရောက်လာမည့် အကျိုးဆက်တရားပင် ဖြစ်ပေသည်။ ဤသည် အသင်မတို့သည် မွန်ရည်သော ပြုမူဆောင်ရွက်ချက်သာ ဖြစ်ပေသည်။) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်မတို့အနက် ကောင်းမြတ်သည့် အကျင့်သီလကို ဆောက်တည်ကြကုန်သော သူမတို့အဖို့ ကြီးကျယ်လှစွာသော အကျိုးကို (နောင်တမလွန် 'အာခေရသ်' ၌) အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသည်။ (ထိုသီးသန့်သတ်မှတ်ထားခြင်း ခံထားရသော အကျိုးစ၀ါးဗ်သည် တမန်တော်မြတ် ﷺ ဇနီးကြွင်ရာတော်များအဖို့သာလျှင် ဖြစ်ပေသည်။ အခြားမွန်မြတ်သော အမျိုးသမီးများ ရရှိမည့် အကျိုးစ၀ါးဗ်ထက် သာပို ကြီးမားသော အကျိုးစ၀ါးဗ်ကို ရရှိပေမည်။ အကြင်အချက်မှ ခြုံငုံလှစွာသော အထောက်အထားများကို ထောက်ရှု၍ အီမာန်လုံး၀ တည်ရှိကာ ကောင်းသော အကျင့်သီလများ ဆောက်တည်ခြင်း၏ အကျိုးဆက်တရားသည် (နဗီ၏ ဇနီးမဖြစ်ခြင်း) ၏ ပုံစံ၌လည်း ရရှိနေလင့်ကစား တမန်တော်မြတ် ﷺ ၏ ဇနီးကြွင်ရာတော်များအဖြစ် မရွေးချယ်လိုက်ပါက ထိုအလွန်ကြီးမားသော အကျိုးစ၀ါးဗ်ကို ရရှိခြင်းမှ လက်မဲ့ဖြစ်နေပေမည်။ ဤနေရာထိတိုင် တမန်တော်မြတ် ﷺ ၏ဘက်တော်မှ ဇနီးသည်များအား ရွေးချယ်ခွင့် ပေးထားခြင်း၏ စာစဉ်အကြောင်းအရာ ဖြစ်ပေသည်။ လက်ရှိအခြေအနေ၌မှာပင် တင်းတိမ်စွာဖြင့် တမန်တော်မြတ် ﷺ ၏

ကြင်ရာတော်များအဖြစ် တည်ရှိနေခြင်းကို နှစ်မြို့စွာဖြင့် နေထိုင်စေရန်ဖြစ်သည်။ သို့တည်းမဟုတ်ပါက တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ 'သွလားက်'ကို ရယူကြရန်) ဟူ၍ ဖြစ်သည်။

(ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်သည် ၎င်းဇနီးသည်များအား ကြင်ရာတော်များအဖြစ်သာ နေထိုင်ရန် ရွေးချယ်လိုက်သည်ဆိုပါက အရေးကြီးလေးနက်သော ပညတ်ချက်များ တစ်ပါတည်း တည်ရှိကြောင်း၏ မိန့်မြွက်ချက်များကို မိန့်မြွက်ထားတော်မူပေသည်။) အို၊ နဗီတမန်တော်မြတ်၏ ကြင်ရာတော်အပေါင်းတို့၊ အသင်မတို့အနက်မှ မည်သူမဆို ထင်ရှားစွာသော မဖွယ်မရာ အမှုကိစ္စတစ်စုံတစ်ရာကို ပြုလုပ်ခဲ့သည်ရှိသော (တမန်တော်မြတ် ﷺ အဖို့ ကျပ်တည်း၊ သောကရောက်ရှိသွားစေသော အမှုကိစ္စမျိုးကို ဆိုလိုပေသည်။) ၎င်း (သူမ) သည် (ယင်းသို့ ပြုသည့်အပေါ် နောင်တမလွန်၌) နှစ်ဆတိုး၍ ပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်။ (အခြားသူမများ တစ်ဆခံရမည့်နေရာ၌ အသင်မတို့သည် နှစ်ဆ ခံရပေလိမ့်မည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်၌ ယင်းကဲ့သို့ ပြုလုပ်ရန် လွယ်ကူလှပေသည်။ (လောကီရေးရာ တရားသူကြီးများအား တစ်ခါတစ်ရံ ပြစ်ဒဏ်ကို ပို၍ သတ်မှတ်ပေးရန်အတွက် တစ်ဦးတစ်ယောက်၏ ကြီးကျယ်မှုသည် ၎င်းအား အဟန့်အတား အနှောင့်အယှက် ဖြစ်သွားစေသည်။ ဤသို့ ဖြစ်မည်မဟုတ်။ အပြစ်ဒဏ် နှစ်ဆတိုးပေးရခြင်း၏ အကြောင်းသည် အကျိုးစဝါးဗ်ပေးရာ၌ အခြားသော အမျိုးသမီးများထက် နှစ်ဆ သာပို၍ တိုးပေးခြင်းကြောင့် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ထိုစူရာဟ်တော်၏ ရည်ရွယ်ချက်များထဲမှ အဓိကအရေးပါဆုံးသော ရည်ရွယ်ချက်မှာ တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းမှသော်လည်းကောင်း၊ စိတ်သောကနှင့် ဒုက္ခရောက်ရှိစေသော အချက်များ အားလုံးမှ ရှောင်ရှားရန်၊ အလေးအနက် သတိပေးရန်အတွက် ဖြစ်ပေသည်။ ထို့ပြင် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခြင်းနှင့် သဘောတူနှစ်မြို့မှု ရယူခြင်းသည် သာပို၍ လေးနက်အရေးကြီးသော ပညတ်ချက်များ ဖြစ်ကြောင်းကို တင်ပြရန်အတွက် ဖြစ်ပေသည်။ အထက်၌ တင်ပြခဲ့ပြီးဖြစ်သည့် 'အဟ်ဇာဗ်'စစ်ပွဲ၏ အကျယ်ချဲ့ဖြစ်အင်တွင် ကာဖိရ်များနှင့် မုနာဖစ်က် များဘက်မှ တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်း အကြောင်း၊ ထိုသို့ ဒုက္ခပေးခြင်းနှင့်အတူ နောက်ဆုံး၌ ထိုမုနာဖစ်က်တို့နှင့် ကာဖိရ်များသည်သာလျှင် သေးသိမ်မှုဖြစ်ရှိသွားခြင်းအကြောင်းနှင့် တမန်တော်မြတ် ﷺ သည် နေရာတိုင်း၌ အောင်မြင်မှုရရှိသည့် အကြောင်းတို့ကို တင်ပြထားပေသည်။ တစ်ဆက်တည်းမှာပင် စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏ အကြောင်းကို တင်ပြထားပေသည်။ အကြင်သူတို့သည် တမန်တော်မြတ် ﷺ ၏ အမိန့်နှင့် အရိပ်အမြွက်ပြသည့်အပေါ် မိမိတို့၏ အရာများအားလုံးကို ပေးကမ်းစွန့်လှူ လိုက်ကြပေသည်။ ၎င်းတို့အား ချီးကျူးထားခြင်းများနှင့် နောင်တမလွန် 'အာခိရသ်'၌ အဆင့်အတန်း မြင့်မားစွာ ရရှိမည့်အကြောင်းကို တင်ပြထားပေသည်။

ယခု လက်ရှိတင်ပြလျက်ရှိနေသော ကနဦးပိုင်း အာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ရာတော်များအဖို့သာ သီးသန့်လမ်းညွှန်ချက်များ ပါရှိထားပေသည်။ ၎င်းတို့သည် အထူးသဖြင့်

တမန်တော်မြတ် ﷺ ကို ၄င်းတို့၏ ပြောဆိုမှု လုပ်ရပ်တစ်ခုဖြင့် ဒုက္ခမရောက်ရှိစေရန်' အထူး ဂရုမူ၍ နေထိုင်ရပေမည်။ ဤအချက်သည် ၄င်းတို့အနေဖြင့် 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်ကို ပြည့်ဝစွာ လိုက်နာကျင့်သုံးနိုင်' ချိန်မှသာ ဖြစ်နိုင်ပေသည်။ ဤကွင်းဆက် အခြေအနေနှင့် စပ်လျဉ်း၍ ဇနီးကြင်ရာတော်များအား မိန့်တော်မူထားသော အမိန့်အချို့ကို မိန့်မြွက်ကာ ပြဆိုထားတော်မူပေသည်။

အာယသ်တော်များ၏ အစပိုင်း၌ ဇနီးကြင်ရာတော်များအဖို့ 'သွလားက်' တောင်းဆိုနိုင်ရန် ရွေးချယ်ခွင့်ကို ပေးထားတော်မူပေသည်။ ထိုသို့ ရွေးချယ်ခွင့်ပေးထားကြောင်းမှာ ဇနီးကြင်ရာတော်များ၏ ဘက်မှ ဖြစ်အင်တစ်ရပ်၊ သို့မဟုတ် အချို့သော ဖြစ်အင်များ ပေါ်ပေါက်လာသည့်အတွက်ကြောင့် ဖြစ်ပေသည်။ အကြင်ပေါ်ပေါက်လာချက်သည် တမန်တော်မြတ် ﷺ ဖြစ်လိုတော်မူသည့် အချက်နှင့် ဆန့်ကျင်နေပေသည်။ အကြင်အကြောင်းအရာကြောင့် တမန်တော်မြတ် ﷺ ကို အလိုအလျောက် ဒုက္ခပေးသကဲ့သို့ ဖြစ်သွားပေသည်။

ထိုဖြစ်အင်များထဲမှ ဖြစ်အင်တစ်ရပ်သည် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း အစရှိသော ကျမ်းများအတွင်း၌ ဟဇရသ်ဂျာဗိရ ؓ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် အကျယ်ချဲ့အချက်အနေဖြင့် လာရှိထားပေသည်။ ထို တင်ပြချက်၌ ဤသို့ ဖော်ပြထားပေသည်။ ကြင်ရာတော်အပေါင်းသည် စုရုံးကာ တမန်တော်မြတ် ﷺ အား 'စျေးသုံးစရိတ်ကို တိုး၍' တောင်းခံမှုကို ပြုကြပေသည်။ 'ဖဲဟ်ရေမုဟီးသွ်အမည်ရှိသော အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်း၌ အဗူဟိုက်ယားန်သခင်ကြီးသည် ထိုအချက်အား အောက်ပါအတိုင်း ထပ်မံ ရှင်းလင်းဖော်ထုတ်ပေးလိုက်ပြန်ပေသည်။

'အဟ်ဇားဗ်' စစ်ပွဲပြီးသည့်နောက် ဗနူနသွီးရ်နှင့် ဗနူကုရိုက်ဇ္ဇာတို့အား အောင်မြင်စွာ သိမ်းပိုက်နိုင်ကာ စစ်သုံ့ပန်းပစ္စည်းများ ခွဲဝေလိုက်ခြင်းသည် အများပြည်သူ မွတ်စ္စလင်မ်များကြားဝယ် ရှုထောင့်တစ်ရပ်အရ ကြည့်ရှုမည်ဆိုပါက သာယာဝပြောမှုကို ဖန်တီးပေးလိုက်သကဲ့သို့ ဖြစ်ပေသည်။ ကြင်ရာတော်များသည် ထိုအချိန်၌ 'ထိုသုံ့ပန်းပစ္စည်းများထဲမှ တမန်တော်မြတ် ﷺ သည်လည်း မိမိအဖို့ ဝေစုဝေပုံထားရှိမည်'ဟူ၍ မှတ်ယူထားလိုက်ကြပေသည်။ ထို့ကြောင့် ၄င်းတို့သည် စုရုံးကာ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ဤ 'ကိုင်စ္စာရ်'နှင့် 'ကစ်ရာ'ဘုရင်တို့၏ ဇနီးသည်များသည် အမျိုးမျိုးသော လက်ဝတ်တန်ဆာပလာများနှင့် တန်ဖိုးအလွန်ရှိသော အဝတ်အစားများကို ဝတ်ဆင်ကြပေသည်။ ၄င်းတို့အား အထွေထွေ အလုပ်အကျွေးပြုစုရန်အတွက်လည်း ကျွန်မများကို ထားရှိကြပေသည်။ ကျွန်တော်မျိုးမတို့၏ ငတ်မွတ်ကျပ်တည်းသော အခြေအနေကို ကိုယ်တော်မြတ်အမြင် ဖြစ်ပေသည်။ ထို့ကြောင့် ယခုအနည်းငယ် သာပို၍ ချောင်ချိစွာ သုံးစွဲခွင့်ကို ပြုပါလေ' ဟူ၍ လျှောက်ထားကြလေသည်။

တမန်တော်မြတ် ﷺ သည် မိမိ၏ ကြင်ရာတော်များဘက်မှ 'မိမိတို့အားလည်း အခြားသော လောကီရေးရာဘုရင်များ၏ မိဖုရားများကဲ့သို့ ပြုမူပေးရန်'ဟူသော တောင့်တချက်ကို ကြားတော်မူသောအခါဝယ် 'ထိုသူမတို့သည် နဗီ၏ အိမ်၌ နေထိုင်ရခြင်း၏ တန်ဖိုးတရားကို မသိနားမလည်ရလေခြင်း' ဟူ၍ လွန်စွာ သောကဝေဖြာသွားပေသည်။ ဇနီးကြင်ရာတော်များသည်လည်း 'ယင်းသို့သော လျှောက်ထားမှုကြောင့်

တမန်တော်မြတ် ﷺ စိတ်ထိခိုက်နိုင်သည်'ဟူ၍ မတွေးမိခဲ့ကြပေ။ အခြားသော အများပြည်သူ မွတ်စ္စလင်မ်များ သာယာဝပြောနေသော အခြေအနေကို တွေ့မြင်ကာ မိမိတို့၏ စိတ်နှလုံးသားများ၌ သက်သာချောင်ချိစွာ သုံးစွဲရန် ဆန္ဒများ ပေါ်ပေါက်လာခြင်းသာ ဖြစ်ပေသည်။ အဗူဟိုက်ယားန်သခင်ကြီးက ဆက်လက်၍ မိန့်တော်မူထားပေသည်။ ဤဖြစ်အင်ကို 'အဟ်ဇားဗ်'စစ်ပွဲ၏ နောက်မှ တင်ပြလိုက်ရခြင်းသည် 'ကြင်ရာတော်များ၏ဘက်မှ ဤသို့ လျှောက်ထားပန်ကြားခြင်းသည်သာ 'သွလားက်'ကို ရယူရန် ရွေးချယ်ခွင့်ပေးခြင်း၏ အကြောင်းခံဖြစ်သွားကြောင်း'ကို အထောက်အကူပြုနေပေသည်။ အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအတွင်း၌ ဟဇရတ်ဇိုင်နဗ်သခင်မကြီး၏ အိမ်၌ ပျားရည်သောက်သုံးခြင်း၏ ဖြစ်အင်တစ်ရပ် ဖြစ်ခဲ့သည်။ အကြင်ဖြစ်အင်အား ရှေ့၌ လာရှိမည်ဖြစ်သော 'စူရာဟ်သဟ်ရီးမ်'၌ အကျယ်တဝင့် လာရှိပေမည်။ ထိုဖြစ်အင်အတွင်း၌ ကြင်ရာတော်များကြား၌ ထားရှိသော ချစ်စိတ် တက်ကြွလာခြင်း၏ အကြောင်းခံကြောင့် ပုံစံတစ်ရပ် ပေါ်ပေါက်သွားခဲ့ပေသည်။ ထိုပုံစံသည်လည်း 'သွလားက်'ကို ရယူနိုင်ခြင်း၏ အကြောင်းခံအဖြစ် ဖြစ်ပေါ်သွားနိုင်ပေသည်။ အကယ်၍ ဤဖြစ်အင်နှစ်ရပ်စလုံးသည် မခြားမနားသော ကာလအတွင်း၌ ဖြစ်ပေါ်လေရာ ယင်းဖြစ်အင်နှစ်ရပ်စလုံး၏ အကြောင်းခံကြောင့် ဖြစ်ပေါ်သွားသည်'ဟူ၍ ယူဆမည်ဆိုပါကလည်း လွန်စွာ အတွေးဆန်နေရမည့် အချက်မဟုတ်ပေ။ သို့ရာတွင် 'သွလားက်' ရယူပိုင်ခွင့် ရှိကြောင်းကို ရွေးချယ်ခိုင်းထားသော စကားလုံးတော်များထက် 'ကြင်ရာတော်များ၏ ဘက်မှ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာ တောင်းခံခြင်းသည် ဤသို့ 'သွလားက်'ကို ရွေးချယ်ခိုင်းလိုက်ရခြင်း၏ အကြောင်းခံဖြစ်သွားခြင်း'ဟူသော အချက်အား သာပို၍ အထောက်အကူပြုစေသော အချက်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်အတွင်း၌ ဤသို့ မိန့်တော်မူထားပေသည်။

اِنْ كُنْتُنَّ تُرِدْنَ الْحَيٰوةَ الدُّنْيَا وَزِيْنَتَهَا

အကယ်၍ အသင်မတို့သည် လောကီဘဝနှင့် ယင်းလောကီဘဝ၏ လှပတင့်တယ်မှုကို အလိုရှိကြပါလျှင်။) [၃၃ : ၂၈]

ဤအထက်ဖော်ပြပါ အာယသ်တော်မြတ်သည် ဇနီးကြင်ရာတော်များအားလုံးကို 'ၚင်းတို့သည် လက်ရှိအခြေအနေဖြစ်သော (ဝါ) ကျပ်တည်းကျဉ်းမြောင်းစွာနှင့်အတူ တမန်တော်မြတ် ﷺ ၏ အိမ်သူဇနီးများအဖြစ် နေထိုင်ရန်၊ လက်ခံရန်၊ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ 'သွလားက်'ပေးခြင်း ခံရခြင်းနှင့်အတူ လွတ်လပ်မှုကို ရယူရန်'ဟူ၍ ရွေးချယ်ခွင့်ကို ပေးထားပေသည်။ ပထမပုံစံနှင့် စပ်လျဉ်း၍ ၚင်းသူမများအဖို့ အခြားသော အမျိုးသမီးများထက် နှိုင်းယှဉ်လျှင် သာပို၍ အကျိုးစဝါးဗ် ရရှိမည်ဖြစ်ကြောင်းနှင့် နောင်တမလွန်တွင် သီးသန့် မြင့်မားသော အဆင့်အတန်းများကို ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ ဒုတိယပုံစံဖြစ်သော 'သွလားက်'ရယူခြင်း၏ အသွင်သဏ္ဍာန်၌လည်း ၚင်းသူမတို့အဖို့ ကမ္ဘာသူကမ္ဘာသားများကဲ့သို့ ခါးသီး၊ ကျပ်တည်းလှစွာသော ဒုက္ခကိန်းဆိုက်ရောက်လာမည်မဟုတ်ဘဲ စွန္နသ်တော်နှင့်အညီ အင်္ကျီအစုံလိုက်၊ အစုံလိုက် ပေးကာ သိက္ခာရှိစွာနှင့်အတူ စွန့်လွှတ်လိုက်မည်ဖြစ်သည်။

သိရ်မိဇီကျမ်းတွင် ဟဇရသ်အာအေရှာဟ် ﷽ သခင်မကြီးထံမှ ဆင့်ပြန်ချက်လာရှိပေသည်။ ဤသို့ ရွေးချယ်ခွင့်ပေးထားသော အာယသ်တော်မြတ် ကျရောက်လာသောအခါဝယ် တမန်တော်မြတ် ﷺ သည် ထိုအချက်အား ထုတ်ဖော်မှုအစကို ကျွန်တော်မျိုးမှ စတင်ထုတ်ဖော်မှုကို ပြုပေသည်။ အာယသ်တော်မြတ်ကို မဖတ်ပြမီအလျင် 'ငါကိုယ်တော်သည် အသင်မအား စကားတစ်ရပ်ကို မိန့်မြွက်မည်ဖြစ်သည်။ သို့ရာတွင် အသင်မသည် ထိုစကားရပ်၏ အဖြေကို အလျင်စလို မပေးလိုက်လေနှင့်။ သို့သာမက မိမိ၏ မိဘနှစ်ပါးနှင့် ညှိနှိုင်းတိုင်ပင်ကာ အဖြေပေးရန်ဖြစ်သည်'ဟု မိန့်ဆိုလိုက်ပေသည်။ စွစ်ဒီကားဟ်အာအေရှာဟ် ﷽ သခင်မကြီးက မိန့်ဆိုသည်မှာ 'ကျွန်တော်မျိုးအား မိဘနှစ်ပါးနှင့် ညှိနှိုင်းတိုင်ပင်မှု မပြုဘဲ မိမိသဘောကို တင်ပြခြင်းမှာ တမန်တော်မြတ် ﷺ အနေဖြင့် တားမြစ်ထားခြင်းသည် ကျွန်တော်မျိုးမအပေါ် အထူးထားရှိတော်မူသော ကရုဏာတရားပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် ကျွန်တော်မျိုးမ၏ မိဘနှစ်ပါးသည် 'ကျွန်တော်မျိုးမအနေဖြင့် တမန်တော်မြတ် ﷺ ထံတော်ပါးမှ ခွဲခွာခွင့်'ကို မည်သည့်အခါမျှ ပေးမည်မဟုတ်ကြောင်း'ကို ယုံကြည်ထားတော်မူပေသည်။ ကျွန်တော်မျိုးမသည် ဤအာယသ်တော်မြတ်ကို ကြားတော်မူသောအခါဝယ် ချက်ချင်း 'ကျွန်တော်မျိုးမသည် ဤအမှုကိစ္စနှင့် စပ်လျဉ်း၍ မိဘနှစ်ပါးထံမှ ညှိနှိုင်းတိုင်ပင်မှုကို ရယူရမည်၏လော။ ကျွန်တော်မျိုးမသည်မူ အလ္လာဟ်အသျှင်မြတ်ကိုသော်လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ကိုသော်လည်းကောင်း၊ 'အာခေရသ်' နောင်တမလွန်ကိုသော်လည်းကောင်း ရွေးချယ်လိုက်ပါ၏' ဟူ၍ လျှောက်ထားတော်မူလိုက်ပေသည်။ တစ်ဖန် 'ကျွန်တော်မျိုးမ၏နောက် အားလုံးသော ကြင်ရာတော်များအား ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအမိန့်ကို ကြားနာစေလေသည်။ အားလုံးသော ကြင်ရာတော်များမှလည်း ကျွန်တော်မျိုးမ ဦးစွာပထမ တင်လျှောက်သည့်အတိုင်း၊ မည်သည့်ကြင်ရာတော်တစ်ပါးပါးကမှ လောကီရေးရာ၏ ချောင်လည်ကျယ်ဝန်းမှုကို တမန်တော်မြတ် ﷺ ကြင်ရာတော်ဖြစ်နေခြင်းနှင့် နှိုင်းယှဉ်လျှင် လောကီရေးရာ၏ ကျယ်ဝန်းမှုကို လက်မခံကြပေ' ဟု တင်လျှောက်ကြပေသည်။

အကျိုးထူး ။ ။ 'သွလားက်'ကို ရွေးချယ်ခြင်း၏ ပုံစံနှစ်ရပ် ရှိပေသည်။ ပထမပုံစံတစ်ရပ်မှာ 'သွလားက်' အား ရွေးချယ်ခွင့်ကို အမျိုးသမီး၏ လက်ဝယ်သို့ အပ်နှင်းလိုက်ရန် ဖြစ်သည်။ အကယ်၍ ထိုအမျိုးသမီးသည် လိုလားသည်ဆိုပါက မိမိကိုယ်တိုင် မိမိ၏ ကိုယ်ကို 'သွလားက်'ပေးကာ လွတ်လပ်ခွင့်ကို ရယူနိုင်ပေသည်။ ဒုတိယပုံစံမှာ 'သွလားက်'သည် ခင်ပွန်းသည်၏ လက်ဝယ်၌သာ ထားရှိ၍ အကယ်၍ အမျိုးသမီးဘက်မှ 'သွလားက်'ကို လိုလားလာသည်ဆိုပါက 'သွလားက်'ကို ပေးလိုက်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်နှင့် စပ်လျဉ်း၍ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များသည် ပထမပုံစံကို ကောက်နုတ်ရွေးချယ်၍ အချို့သည် ဒုတိယပုံစံကို ကောက်နုတ်ရွေးချယ်ကြပေသည်။ ဟဇရသ်ဟကီမွလ်အွမ္မသ် (ထာနဝီ) သခင်ကြီးသည် ဗယာနုလ်ကုရ်အာန်ကျမ်း၌ ဤသို့ မိန့်တော်

မှုထားပေသည်။ မှန်ကန်သော အချက်မှာ 'အာယသ်တော်၏ စကားလုံးများကို ကြည့်ရှုမည်ဆိုပါက နှစ်မျိုးစလုံး ဖြစ်နိုင်ပေသည်။ ရှင်းလင်းလှစွာသော 'နစ်စ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျ) တစ်ခုဖြင့် ပုံစံတစ်ရပ်ကို အတိအကျသတ်မှတ်၍ မရနိုင်သရွေ့ ကာလပတ်လုံး မိမိ၏ဘက်မှ ပုံစံတစ်ရပ်ရပ်ကို သတ်မှတ်ရန် မလိုအပ်ပေ။

ဓမ္မသတ် ။ ။ ဤအထက်တင်ပြပါအာယသ်တော်မှ အောက်ဖော်ပြပါ အချက်အလက်တို့ကို သိရှိရပေသည်။ ဇနီးမောင်နှံ နှစ်ဦးစလုံး၏ စိတ်နေသဘောထားအတွင်းဝယ် လိုက်ဖက်မှု မရှိလာသောအခါဝယ် 'မွတ်စ်သဟာဗ်'ဖြစ်သော အချက်မှာ 'ခင်ပွန်းသည်၏ လက်ရှိအခြေအနေပေါ် ရောင့်ရဲတင်းတိမ်ကာ အတူတကွ နေလိုသည်ဆိုပါက နေထိုင်ခွင့်ရှိပြီး၊ သို့တည်းမဟုတ်က စွန့်သည်တော်နှင့်အညီ 'သွလာက်'ပေးကာ အဝတ်အစား အစုံလိုက်ပေး၍ သိက္ခာရှိစွာနှင့်အတူ စွန့်လွှတ်လိုက်ရပေမည်'ဟူ၍ ပုံစံနှစ်ရပ်ထဲမှ တစ်ရပ်ရပ်ကို ရွေးချယ်ခွင့် ရှိပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်မှ ဤကိစ္စရပ်သည် 'မွတ်စ်သဟာဗ်'ဖြစ်ကြောင်းကိုသာ အတည်ပြုနိုင်ပြီး 'ဝါဂျိဗ်'ဖြစ်ခြင်းအပေါ် အထောက်အထား တစ်စုံတစ်ရာမျှ မရှိပေ။ အချို့ဓမ္မသတ် ပညာရှင်အေမာမ်ကြီးများသည် ဤအာယသ်တော်ဖြင့် 'ဝါဂျိဗ်'ဖြစ်ခြင်းအပေါ် အထောက်အထားကို ရယူကောက်နုတ်တင်ပြထားကြပေသည်။ ယင်းအချက်ကို အခြေခံမှုတည်၍ 'ဇနီးသည်အား ကျွေးမွေးပေးရန် မစွမ်းနိုင်သော ဆင်းရဲသောသူ၏ ဇနီးသည် တရားရုံး၏ ဘက်မှ 'သွလာက်'ရယူရန် အခွင့်အရေးရှိပေသည်'ဟူသော အချက်ကို တင်ပြထားကြပေသည်။ ယင်းဓမ္မသတ်နှင့် စပ်လျဉ်းသော အကျယ်ချဲ့အမိန့်ကို 'အဟ်ကာမုလ်ကုရ်အာန်'ကျမ်း၏ အတွဲ (၅) တွင် ထိုအာယသ်တော်အောက်၌ အာရဗီစာပေဘာသာစကားဖြင့် ရေးသားတင်ပြထားပေသည်။

ကြင်ရာတော်များ၏ ဂုဏ်ထူးဝိသေသတစ်ရပ်နှင့် ထိုဝိသေသ အကျိုးထူးကြောင့် ၄င်းသူမတို့အပေါ် ပြင်းထန်စွာ ကြပ်မတ်ထားခြင်းအကြောင်း

يَٰنِسَآءَ ٱلنَّبِيِّ مَن يَأۡتِ مِنكُنَّ بِفَٰحِشَةٖ مُّبَيِّنَةٖ يُضَٰعَفۡ

لَهَا ٱلۡعَذَابُ ضِعۡفَيۡنِۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرٗا ۝ وَمَن يَقۡنُتۡ مِنكُنَّ لِلَّهِ وَرَسُولِهِۦ (الاية)

အို့၊ နဗီတမန်တော်၏ ကြင်ရာတော်အပေါင်းတို့၊ အသင်မတို့အနက်မှ မည်သူမဆို ထင်ရှားစွာသော မဖွယ်မရာ အမှုကိစ္စတစ်စုံတစ်ခုကို ပြုလုပ်ခဲ့သည်ရှိသော် ၄င်းသူမသည် နှစ်ဆတိုး၍ ပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၌ ယင်းကဲ့သို့ ပြုလုပ်ရန် လွယ်ကူလှပေသည်။

ထိုနည်းတူစွာ မည်သူမဆို အသင်မတို့အနက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာသည်ရှိသော်၊ ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်သော် ငါအသျှင်မြတ်သည် ၎င်းအား ထိုအကျိုး၏ နှစ်ဆ ချီးမြှင့်ပေးသနားတော်မူပေမည်။ [၃၃ း ၃၀-၃၁]

ဤအထက်တင်ပြပါ အာယသ်တော် နှစ်ပိုဒ်အတွင်း၌ ကြင်ရာတော်များ၏ ဂုဏ်ထူးဝိသေသအချက်ကို ဤသို့ တင်ပြထားပေသည်။ အကယ်၍ ထိုသူမတို့သည် ပြစ်မှုဒုစရိုက်တစ်စုံတစ်ရာကို ပြုကျင့်လိုက်ပါမူ အခြားသော အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် ၎င်းသူမတို့သည် ပြစ်ဒဏ်ကို နှစ်ဆပေးခြင်း ခံရပေမည်။ ဆိုလိုသည်မှာ ပြစ်မှုဒုစရိုက်တစ်ခုသည် နှစ်ခု၏ ကိုယ်စားပုံစံမျိုးကဲ့သို့ ဖြစ်ပေသည်။ ဤကဲ့သို့ပင် အကယ်၍ ၎င်းသူမတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်လျှင်လည်း အခြားသော အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် အကျိုးစဝါးဖ်ကိုလည်း နှစ်ဆ ရေးမှတ်ပေးခြင်း ခံရပေမည်။ ၎င်းသူမတို့၏ ကောင်းမှုကုသိုလ်တစ်ခုသည် နှစ်ခုကဲ့သို့ ဖြစ်ပေသည်။

ဤအာယသ်တော်မြတ်သည် ရှုထောင့်တစ်ရပ်ဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် ဇနီးကြင်ရာတော်များအဖို့ ၎င်းတို့၏ 'ထိုသူမတို့အား 'သွလားက်' ရယူရန် ရွေးချယ်ခွင့်ပေးသော အာယသ်တော် ကျရောက်သောအခါဝယ် တမန်တော်မြတ် ﷺ ၏ ဇနီးဘဝကို လောကီရေးရာ၏ သာယာဝပြောမှုထက် ဦးစားပေး ရွေးချယ်လိုက်ခြင်းဖြစ်သော ကျင့်ကြံဆောင်ရွက်မှု၏ အကျိုးအစားပင် ဖြစ်ပေသည်။ ထိုရွေးချယ်လိုက်ခြင်း၏ ကျင့်ကြံမှု၏အစား၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူမတို့၏ ကုသိုလ်တစ်ရပ်ကို နှစ်ရပ်၏ အဆင့်အဖြစ် တိုးမြှင့် ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။ ပြစ်မှုဒုစရိုက် ဖြစ်ပေါ်သွားခြင်း၏ အသွင်သဏ္ဍာန်၌ နှစ်ထပ်ကွမ်းပြစ်ဒဏ်သည်လည်း ၎င်းတို့၏ သီးသန့်တစ်မူထူးသော မွန်မြတ်၊ မြင့်မြတ်မှုတို့ကြောင့် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်သည် ဦးနှောက်၏ စဉ်းစားတွေးခေါ်မှုအရသော်လည်းကောင်း၊ ဆင့်ကဲဆင့်ကဲ ရောက်ရှိလာသော 'အီလ်မ်' (အသိပညာ) အရသော်လည်းကောင်း ဖြစ်နိုင်ပေသည်။ အကြောင်းမှာ တစ်ဦးတစ်ယောက်အား မည်မျှခန့် ဂုဏ်ပေးလေးစားထားပါစေ။ အကယ်၍ ၎င်းဘက်မှ မေ့လျော့၊ ဆိုးသွမ်းမှုဖြစ်မိသွားပါကလည်း ထိုမျှခန့်ပင် ခံစားရမည်သာ ဖြစ်ပေသည်။

ကြင်ယာတော်များအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကြီးမားလှစွာသော ရက်ရောစွာ ချီးမြှင့်မှုများကို ထားရှိထားပေသည်။ အကြောင်းမှာ ၎င်းသူမတို့အား အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်များအဖြစ် ရွေးချယ်ပေးထားခြင်းပင် ဖြစ်ပေသည်။ ၎င်းတို့၏ အိမ်ဆောင်များအတွင်းဝယ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဝဟီ' ဗျာဒိတ်တော်များ ကျရောက်လျက် ရှိနေပေသည်။ သို့ရှိရာ ၎င်းသူမတို့၏ မှားယွင်း၊ ပေါ့ပျက်မှု အနည်းငယ်သည်လည်း ကြီးမားစွာဖြင့် တည်ရှိနေပေမည်။ အကယ်၍ အခြားသောသူများဘက်မှ တမန်တော်မြတ် ﷺ အား ဘေးဒုက္ခတစ်စုံတစ်ရာ ပေးသည်ဆိုပါက ထိုဒုက္ခထက် ကြင်ရာတော်များဘက်မှ ပေးသော ဒုက္ခသည် သာပို၍ ပြင်းထန်လေးနက်နေမည်သာ ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ ဤတစ်ဖက်ပါ စကားလုံးတော်များသည် ထိုအကြောင်းခံဘက်သို့ ညွှန်ပြနေပေသည်။

وَاذْكُرْنَ مَا يُتْلٰى فِىْ بُيُوْتِكُنَّ مِنْ اٰيٰتِ اللّٰهِ وَالْحِكْمَةِ

ထို့ပြင် အသင်တို့သည် မိမိတို့၏ အိမ်များတွင် ဖတ်ကြားခြင်းခံရလေသော အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း ကျက်မှတ်ကြလေကုန်။

[၃၃ : ၃၄]

အကျိုးထူး ။ ။ ကြင်ရာတော်များ၏ ဉာဏ်ထူးဝိသေသကြောင့် ၄င်းတို့ပြုကျင့်သော ကုသိုလ်ကောင်းမှု၏ အကျိုးစဝါးဗ်သည် အခြားအများပြည်သူ နောက်လိုက်ထုတို့ကို ထောက်ရှု၍ နှစ်ဆရရှိခြင်းဖြစ်ပေသည်။ ယင်းသို့ ရရှိခြင်းကြောင့် အွမ္မသ် (နောက်လိုက်ထု) အတွင်း၌ ရှိသော ပုဂ္ဂိုလ်ရေးရာတစ်ဦးတစ်ယောက်သည်သော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်သည်သော်လည်းကောင်း အခြားထူးမြတ်မှု တစ်စုံတစ်ရာကြောင့် ၄င်းတို့အဖို့လည်း အကျိုးစဝါးဗ်နှစ်ဆ ချီးမြှင့်ခြင်း မခံရကြောင်း'သည် မုချ မဖြစ်တန်ကောင်းရာ။ သို့ရှိရာ ကျမ်းရပုဂ္ဂိုလ်များထဲမှ မွတ်စ္စလင်မ်ဖြစ်သွားသောသူတို့နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤသို့ အမိန့်ရှိထားပေသည်။

اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ

ထိုသူတို့သည် မိမိတို့၏ အကျိုးကို နှစ်ဆတိုး၍ ပေးသနားတော်မူခြင်း ခံကြရပေမည်။

[၂၈ : ၅၄]

ရောမနိုင်ငံ ဘုရင်ကိုက်စရ်၏ အမည်ဖြင့် တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိတော်မူသော သဝဏ်လွှာအတွင်း၌လည်း ထိုကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်မြွက်ချက်ကြောင့် တမန်တော်မြတ် ﷺ သည် ၄င်းဘုရင်အား

يوتك الله اجرك مرّتين

(အလ္လာဟ်အသျှင်မြတ်သည် အသင့်အား အကျိုးစဝါးဗ်နှစ်ဆ ချီးမြှင့်တော်မူပေလိမ့်မည်) ဟူ၍ ရေးသားပေးပို့ခဲ့သည်။

မွတ်စ္စလင်မ်ဖြစ်လာသော ကျမ်းရပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌လည်း အကျိုးစဝါးဗ်နှစ်ဆ ရရှိမည်ဖြစ်ကြောင်းကို ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ ထို့ပြင် ဟဒီးစ်တော်တစ်ရပ်အတွင်း၌လည်း လူတန်းစား (၃) ရပ်နှင့် စပ်လျဉ်း၍ ဤကဲ့သို့ပင် အကျိုးစဝါးဗ် နှစ်ဆ ရရှိမည်ဖြစ်ကြောင်းကို တင်ပြထားပေသည်။ အကျယ်ချဲ့အချက်ကို စူရာဟ်ကစ္စာစ်၏ အာယသ်တော်ဖြစ်သော

يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ

ဟူသော အာယသ်တော်မြတ်၏ အောက်၌ ရေးသားခဲ့ပြီး ဖြစ်ပေသည်။

ကောင်းမှုကျင့်ကြံ ပြုမူဆောင်ရွက်သော အာလင်မ်ပညာရှင်၏ အကျိုးစဝါးဗ်သည်လည်း အခြားသော သူများထက် သာပိုများပြားစွာ ရရှိခြင်းအကြောင်းနှင့် ၎င်း၏ ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်သည်လည်း သာပို၍ ခံစားရမည်ဖြစ်ကြောင်း

အေမာမ်အဗူဗကရ်ဂျာစွားစ်သခင်ကြီးသည် အဟ်ကားမွလ်ကုရ်အာန်ကျမ်း၌ ဤသို့ မိန့်ဆိုထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကြင်ရာတော်များ၏ ကောင်းမြတ်သော အကျင့်သီလများ၏ အစားအကျိုးစဝါးဗ်နှစ်ဆနှင့် ၎င်းတို့၏ ပြစ်မှုဒုစရိုက်တို့၏ ပြစ်ဒဏ်အစားကိုလည်း နှစ်ထပ်ကွမ်း စီမံထားခြင်းကို ၎င်းသူမတို့သည် နဗီ၏ 'အိလ်မ်' (အသိပညာ) များနှင့် 'ဝဟီ' ဗျာဒိတ်တော်၏ သီးသန့်ထွက်ပေါ်လာရာ အရပ်ဒေသများဖြစ်သည့် အကြောင်းခံကြောင့်ဖြစ်ကြောင်း တင်ပြထားသည်။ ၎င်းအကြောင်းခံသည် အာလင်မ်သာသနာ့ပညာရှင်များအတွက်လည်း ရှိနေ၏။ ထို့ကြောင့် မိမိတတ်သိထားသော 'အိလ်မ်' (အသိပညာ) အပေါ် ကျင့်ကြံဆောင်ရွက်သော အာလင်မ်ပညာရှင်၏ ကောင်းမြတ်သော အကျင့်သီလ၏ အကျိုးစဝါးဗ်သည်လည်း အခြားသောသူများထက် သာပို များပြားစွာ ရရှိပေလိမ့်မည်။ ထို့ပြင် အကယ်၍ ၎င်းသည် ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာကို ကျူးလွန်လိုက်သည် ဆိုပါကလည်း ပြစ်ဒဏ်သည်လည်း အခြားသောသူများထက် သာပို၍ ခံစားရပေမည်။

بِفَاحِشَةٍ مُّبَيِّنَةٍ

(ထင်ရှားစွာသော မဖွယ်မရာ အမှုကိစ္စ) [၃၃ : ၃၀]

ဟူသော အာယသ်တော်တွင် **فاحشة** 'ဖာဟေရှား' ဟူသော စကားလုံးသည် အာရဗီစာပေဘာသာစကား၌ မကောင်းသော အမှုကိစ္စနှင့် ကာမေသုမိစ္ဆာစာရက် ကျူးလွန်ခြင်း၏ အနက်၌လည်း အသုံးပြုကြပေသည်။ ပြစ်မှုဒုစရိုက်အလုံးစုံတို့အဖို့လည်း ခြုံငုံလှစွာဖြင့် ဤစကားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ များစွာ အသုံးပြုထားပေသည်။ ဤအာယသ်တော်အတွင်၌ လာရှိထားသော 'ဖာဟိရှား' ဟူသော စကားလုံး၏ အလိုသဘောသည် မကောင်းသော အမှုကိစ္စနှင့် ကာမေသုမိစ္ဆာစာရက် ကျူးလွန်ခြင်း၏ အလိုသဘောမျိုး မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များအားလုံး၏ ဇနီးကြင်ရာများကို ယင်းသို့ ပြင်းထန်လှစွာသော ပြစ်ချက်မှ ကင်းစင်စွာဖြင့် ထားရှိထားပေသည်။ နဗီတမန်တော်များအားလုံး၏ ဇနီးကြင်ရာများအတွင်း၌ ရှိသော မည်သူတစ်ဦးတစ်ယောက်မဆို ဤကဲ့သို့သော လုပ်ရပ်ကို ပြုမိကြသည် မဟုတ်ပေ။ ဟဇရသ်လူးသ္ွနှင့် နူးဟ် ﷺ တို့၏ ဇနီးသည်များသည် ၎င်းတို့၏ ဒီးန်သာသနာမှ လွဲဖယ်ကာ ဆိုးသွမ်းမှုကို ရွေးချယ်လိုက်ကြပေသည်။ အကြင်အချက်၏ အစား ပြစ်ဒဏ်ကိုလည်း ၎င်းသူမနှစ်ဦးသည် ရရှိခဲ့ပေသည်။ သို့ရာတွင် မကောင်းသော လုပ်ရပ်၏ စွဲချက်ကို ၎င်းတို့အတွင်းမှ မည်သူမဆို တစ်ဦးတစ်ယောက်၏ အပေါ်ကိုပင် တင်၍ မရပေ။ တမန်တော်မြတ် ﷺ ၏ ကြင်ရာတော်များအတွင်းမှ မည်သည့်အရှက်ကင်းမဲ့သော၊ ရှက်ဖွယ်လိလိဖြစ်သော ပြစ်ချက်

ကို ကျူးလွန်မိရန်သည် မဖြစ်တန်ကောင်းသော အချက်ဖြစ်၍ တွေး၍ပင် မရရှိပေ။ ထို့ကြောင့် ဤ အာယသ်တော်အတွင်း၌ ပါရှိသော **فَاحِشَة** 'ဖာဟိရှား' ဟူသော စကားလုံး၏ အလိုသဘောမှာ အခြားသော ပြစ်မှုဒုစရိုက် သို့မဟုတ် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်း ဖြစ်ပေမည်။ ဤနေရာ၌ **فَاحِشَة** 'ဖာဟိရှား' ဟူသော စကားလုံးနှင့်အတူ **مُبَيِّنَة** 'မုဗိုက်ယိနား' (ရှင်းလင်းလှစွာသော) စကားလုံးကို တစ်ပါး တည်း မိန့်ခြွက်ထားခြင်းမှာ ယင်းအချက်အပေါ် မီးမောင်းထိုးပြလျက် ရှိနေပေသည်။ အဘယ်ကြောင့်ဆို သော် အရှက်ကင်းမဲ့သော ရှက်ဖွယ်လိလိကိစ္စကို မည်သည့်အခါမျှ ထင်ရှားစွာ ပြုကျင့်ကြမည် မဟုတ် ပေ။ ထင်ရှားစွာသော ပြစ်မှုဒုစရိုက်ကိုမူ 'ပရ်ဒါ' (အတားအဆီးမျး) ၏ အတွင်း၌ ဖုံးကွယ်စွာ ပြုကျင့်ကြ ပေမည်။ ထင်ရှားလှစွာသော မဖွယ်မရာ အမှုကိစ္စ၏ အလိုသဘောမှာ အခြားသော ပြစ်မှုဒုစရိုက်များ သို့မဟုတ် တမန်တော်မြတ် ﷺ အား ဒုက္ခပေးခြင်း ဖြစ်ပေသည်။ သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ပါး ဖြစ်သော မကာသိလ်ဗင်န်စုလိုက်မာန်သခင်ကြီးသည် ဤအာယသ်တော်အတွင်း၌ ပါရှိသော 'ဖာဟိရှား' ၏ အလိုသဘောကို 'တမန်တော်မြတ် ﷺ ၏ အမိန့်ကို မနာခံခြင်း၊ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ကိုယ်တော်မြတ် ﷺ မပြည့်ဝအောင် ဖြည့်ဆည်းပေးရန် အခက်အခဲရှိသော အရာကို တောင်းခံ ခြင်း ဖြစ်သည်ဟူ၍ တင်ပြထားသည်။ *[စုနနေဗိုင်ဟာကီးမ်ကျမ်း]*

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖ္ဖုလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၁]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''